# ထဏ္ဍာယာဗိဗိနိဍ္ဎယ

ပုသိမ်မြို့

သန္တာခရုံဆရာတော်


အရှင်ဇမ္ဗုဒ္ဓိယ မဟာထေရ်မြတ်


ရေးသားစီရင်တော်မူအပ်သော

# သက္ကာယာဒိဝိနိစ္ဆယ

---

သက္ကာယဒိဋ္ဌိဝိနိစ္ဆယ ※ အဓိမာနဝိနိစ္ဆယ

အနုဝိနိစ္ဆယ

[ တို့ကိုတွဲထားသည်။ ]


ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၂



ဤကျမ်းကို ရေးသားတော်မူသော
သန္တာရုံဆရာတော် အရှင်ဇနိန္ဒိယ
မဟာထေရ်မြတ်ပုံတော်

# သက္ကာယဒိဋ္ဌိနိဿယ နိဒါန်း

အသာရေ သာရမတိနော၊ သာရေစာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ······

**အနှစ်ကိုပယ် အကာနယ်၍**

ဟူသော ဓမ္မပဒ–၁ ယမကဝဂ်–ဂ သာရိပုတ္တ ထေရဝတ္ထု ပဥ္စမဂါထာတော်အရ သဘာဝ မှန်ကန်၍ အတန်တန်သော အကျိုးများကို တိုးပွါးထွန်းသစ် ဖြစ်စေနိုင်သောသတ္တိ မရှိ······သို့······သတ္တိမရှိသဖြင့် ထိုသတ္တိမှ ဖြစ်ပေါ်လာသော ရုပ်လုံးပေါ်=ဗျတ္တိလည်း မရှိသော, သို့······ကောင်းကြောင်း သတ္တိနှင့် ကောင်းကျိုးဗျတ္တိတို့ မရှိ မပေါ် သဖြင့် အနှစ်မဲ့ဟု ဆိုအပ်သော သဘောတရားတို့၌ အနှစ်ရှိတရား မှန်ဟု ယူဆကြပြီး······ကောင်းကြောင်းသတ္တိအလျောက်ကောင်း ကျိုးဗျတ္တိ ရုပ်လုံးပေါ်ရှိသော တရားသဘောမှန်၌မူ အနှစ် မပါ အကာချည်းသာ ဖြစ်သော သဘောတရားများဟု ယူဆကြက, သာရအမွန် အနှစ်မှန်သော နိဗ္ဗာန်ကို မရပိုင်ကြ,မရနိုင်ကြ······ဟု ဆိုလိုရာ······

**အနှစ်ကိုပယ်, အကာနယ်၍, တာတွယ်ယူငြား, ကြံမှတ်မှား က,တရားဖြူသစ်,ထိုအနှစ်နှင့်,စင်စစ်လွဲကာ,မရရာတည်း····**

ဟု အတိုချဉ်း၍ လိုရင်း မှတ်ယူရပေမည့်ဖြင်·····

သာရဉ္စ သာရတော ဉတွာ၊အသာရဉ္စအသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ······

**အနှစ် အကာ ခွဲခြားပါ**

ဟူသော ဓမ္မပဒ–၁-ယမကဝဂ် သာရိပုတ္တထေ ရ ဝတ္ထု ဒုတိယဂါထာအရ သဘာဝမှန်ကန်၍ အတန်တန်သော အကျိုးများကို တိုးပွါး=ထွန်း သစ်ဖြစ်စေနိုင်သောသတ္တိရှိ၍, သို့···ရှိသည့်အလျောက် ထိုသတ္တိမှ ဖြစ်ပေါ်လာသော ရုပ်လုံးပေါ်=ဗျတ္တိလည်းရှိသော, သို့–ကောင်း

# နိဒါန်း

ကြောင်းသတ္တိနှင့် ကောင်းကျိုးဗျတ္တိတို့ရှိသော ပေါ်လာသဖြင့် အနှစ်ရှိဟု ဆိုအပ်သော သဘောတရားတို့၌ အနှစ်ရှိ တရားမှန်ဟု မှုမှန်တိုင်းယူဆကြပြီး ကောင်းကြောင်းသတ္တိ ကင်းမဲ့သည့် အလျောက် ကောင်းကျိုးဗျတ္တိ ရုပ်လုံးမပေါ်သော တရားသဘောများ အနှစ်မဲ့ တရားတို့၌ အနှစ်မပါ အကာချည်းဖြစ်သော သဘောတရားသာဟု ယူဆကြမှ သာရအမွန်အနှစ်မှန်သော နိဗ္ဗာန်ကို ရပိုင်ကြ, ရနိုင်ကြသည် ဟု ဆိုလိုရာ......

**ဤဟာ အကာ, ဤသည်မှာကား, မှန်စွာအနှစ်, စစ်တုံလစ်၍,**
**နှစ်နှစ်-ကာကာ, ခွဲခြားစွာဖြင့်, အကာကိုပစ်, နှစ်ကိုချစ်လျက်,**
**ယူစစ်ကြံဖန်, သမ္မာမှန်က, ကေန်သာရ, နှစ်ဝမ္မကို, မုချမသွေ,**
**ရနိုင်ပေတည့်....**

ဟု အတိုချုံး၍ လိုရင်းမှတ်ယူရမည့်အတိုင်း မှတ်ယူကျင့်သုံးနိုင်တို့အရေး၌ အနှစ်,အကာတို့ကို ဆပ်ပိုင်းခွဲခြား ညွှန်ပြသော ကျမ်းစာကောင်းတို့ကို များစွာလိုအပ်သည်ဖြစ်ရာ– ထိုကျမ်းစာကောင်းတို့ကို ကျွန်ုပ်တို့ ရှာဖွေရာ၌......

**သက္ကာယာဒိ ဝိနိစ္ဆယ**

အနှစ်တို့ဖြင့်သာ လုံးဝပြည့်လျှံသည့် နိဗ္ဗာန်ကိုရကြောင်း အနှစ်အကာတို့ကို ခွဲခြားပြသကြောင်း ကျမ်းစာကောင်းတို့ရှိသည့်အနက် **သက္ကာယဒိဋ္ဌိဝိနိစ္ဆယ, အဓိမာနဝိနိစ္ဆယ, အနုဝိနိစ္ဆယ** ဟု အသီးသီး ခွဲထားအမည်များဖြင့် သီးခြားစွာရေးထားသော **သန္တာရုံဆရာတော်ဘုရား**၏စာမူများကို တအုပ်ထည်းစုပေါင်း၍ ကောင်းစွာ ရိုက်ထုတ်ပုံနှိပ်အပ်သော ဤ **သက္ကာယာဒိဝိနိစ္ဆယ**ကျမ်းစာသည် အကောင်းဆုံးကျမ်းစာ တခုအနေ ပါဝင်လျက်ရှိပေသည်ကို တွေ့ရှိရသည့် အတွက်......

**ပုံနှိပ် ထုတ်ဝေခြင်း**

အနှစ် အကာ–ခွဲခြား ယူဆနိုင်ချက်တို့ကို တင်ဆက် ထုတ်ဝေဖြန့်ဖြူးလိုသော ကျွန်ုပ်တို့သည် ထိုသက္ကာယာဒိဝိနိစ္ဆယကျမ်းစာကို ကျွန်ုပ်တို့၏

ပါဠိဆရာ – အယ်ဒီတာများ ဖြစ်ကြသော ဦးကြင်မောင်၊ ဦးစိုးဝင်း၊ ဆရာကြင်၊ ဦးစိုးမြင့်၊ ဦးသိန်း၊ ဦးသိန်းထွန်း၊ ဦးထွန်းမင်း၊ ဦးမြန့်တို့က ကောင်းစွာပြင်ဆင်ကာ ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးအပ်ပါပေသတည်း။

"ဟံသာဝတီ"

---

* [ဤစာအုပ် အတွင်းပါ အဆုံးအဖြတ် အနက်အဓိပ္ပါယ် မရှင်းလင်းသော အချက်များရှိ၍ စူးစမ်း လိုပါက ပုသိမ်မြို့ သန္တာရုံဆရာတော်ထံ မေးမြန်းစူးစမ်းနိုင်ပါကြောင်း။]

# မာတိကာ

## သက္ကာယဒိဋ္ဌိဝိနိစ္ဆယ

စာမျက်နှာ


၁။ နိဒါန်း ...... ...... ၁

၂။ ရတနတ္တယ ပဏာမ, ပဋိညာဉ် ...... ၅

၃။ သက္ကာယဒိဋ္ဌိ အရာ အချို့ဆရာတို့ ယူဆချက် ၇

၄။ သက္ကာယဒိဋ္ဌိအရနှင့် ဖြစ်ပုံမဖြစ်ပုံ အကျဉ်းပြချက် ၈

၅။ အကျယ်ဝေဘန်ပြချက် ...... ...... ၁၃

၆။ သက္ကာယဒိဋ္ဌိ ပယ်သတ်ရန်နည်းအမြွက် ..... ၅၀


## သံဝေဇနီယ ကထာ


၁။ အားထုတ်မှု လမ်းစ ...... ...... ၇၂

၂။ နှုတ်တက်ဆောင်ရာ—သံဝေဇနီယကထာ ၇၄

၃။ ဒုက္ခမျိုးကို သည်မိုးရွက်ဆောင် ...... ၇၄

၄။ အပုပ်ကောင်ကို လူယောင်ထင်မှတ် ...... ၉၃

၅။ စဉ်မပြတ်လို့ မြဲမှတ်သညာ ...... ...... ၁၀၃

၆။ တောင့်တပါလည်း လိုရာမဖြစ် ...... ၁၁၂

၇။ ဤကိုယ်ညစ်ကို-စွန့်ပစ်ပယ်ခွါ-နိဗ္ဗုတာသို့ ၁၁၆

၈။ နှေးဖင့် မရှိရာသတည်း ...... ...... ၁၁၈


## အဓိမာနဝိနိစ္ဆယ


၁။ နိဒါန်း ...... ...... ...... ၁၂၁

၂။ အလိုဆိုးရှိသူများလာခြင်း ...... ...... ၁၂၅

၃။ အဓိမာန ဖြစ်ပေါ်လာပုံ ...... ...... ၁၃၆

၄။ အဓိမာနဖြစ်တတ်သူနှင့် မဖြစ်တတ်သူ ...... ၁၅၂

၅။ အထင်ကြီးပုံ နှစ်မျိုး ...... ...... ၁၅၄

၆။ အာနာပါန ကမ္မဋ္ဌာန်း၏ ဂရုပြုရပုံ ...... ၁၅၅

စာမျက်နှာ


၇။ ဥဒယဗ္ဗယ ဉာဏ်နှင့် ဥပက္ကိလေသ ...... ၁၅၇
၈။ ကာမ-စသောတပ်ကြီး ဆယ်တန် ...... ၁၈၇
၉။ မဂ်ဖိုလ် ရသူ နည်းပါးကြောင်း ...... ၁၉၂
၁၀။ သစ္စာလေးပါး၏ နက်နဲပုံ ...... ...... ၂၀၀
၁၁။ လှည့်ပတ်တတ် တရားများ ...... ...... ၂၀၃
၁၂။ သာမည အရိယာချင်းပင် မသိနိုင်ပုံ ...... ၂၀၇
၁၃။ ပရိယတ်တရား၌လည်း အထင်ကြီးပုံ ...... ၂၀၉
၁၄။ မဂ်-ဖိုလ် မရောက်နိုင်သူနှင့် ထွက်နိုင်သူ ...... ၂၁၂
၁၅။ အပ္ပိစ္ဆစသော ဂုဏ်ကိုပြခြင်း ...... ၂၂၀
၁၆။ ကမ္မဋ္ဌာန်းယူ သင်နည်း ...... ...... ၂၂၆
၁၇။ အသင့်အတင့် နှလုံးသွင်းရန် ...... ၂၃၄
၁၈။ နိဂုံး ...... ...... ...... ၂၃၇


## အနုဝိနိစ္ဆယ


၁။ နိဒါန်း ...... ...... ၂၃၉
၂။ မှာထားချက် ...... ...... ၂၄၅
၃။ အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိတူပုံ ...... ၂၄၆
၄။ အတ္တဘာဝနှင့် သက္ကာယ သရီရ ...... ၂၄၆
၅။ သမုတိသစ္စာ ခန္ဓာအပြည့်အစုံ၌ဖြစ်ပုံ ...... ၂၅၀
၆။ ပဋိစ္စသမုပ္ပါဒ်ဖြင့် အတ္တကိုပယ်ပုံ ...... ၂၅၁
၇။ ပယ်-မပယ် ...... ...... ၂၅၄
၈။ သုညတ ၁၂-ပါး၌ အတ္တဒိဋ္ဌိကိုပယ်ကြောင်း ၂၅၅
၉။ ရှင်ပြု၍မဖြစ်ခြင်း ...... ...... ၂၅၈
၁၀။ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ...... ...... ၂၆၀
၁၁။ သမုတိသစ္စာ နိဗ္ဗာန်၏အခြေခံ ...... ၂၆၃
၁၂။ ကာမရာဂနှင့် ဒိဋ္ဌိရာဂဖြစ်ပုံ ...... ၂၆၄
၁၃။ ဝါဒကိုပယ်ချရန် ...... ...... ၂၆၅

| | | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဝိစိကိစ္ဆာနှင့် ဒိဋ္ဌိ ...... ...... | ၂၆၉ |
| ၁၅။ | ဒိဋ္ဌိဇော၏ဝိစိကိစ္ဆာကို ကျော်၍ပြီးဆုံးပုံ | ၂၇၀ |
| ၁၆။ | သညာ, စိတ္တ ဝိပလ္လာသတို့၌ ဒိဋ္ဌိမယှဉ်ပုံ | ၂၇၂ |
| ၁၇။ | ပုထုဇဉ်နှင့် သက္ကာယဒိဋ္ဌိ ...... | ၂၇၄ |
| ၁၈။ | သာသနာတွင်း ပ, ကွာခြားပုံ ...... | ၂၇၆ |
| ၁၉။ | အရိယာ၌ ရေတွက်ပုံ ...... ...... | ၂၇၈ |
| ၂၀။ | ဒါန, သီလ, ဘာဝနာချင်း ကွာခြားပုံ ...... | ၂၇၉ |
| ၂၁။ | အတ္တကုက္ကုသန, ပရဝမ္ဘန ...... ...... | ၂၈၁ |
| ၂၂။ | ဝဋ္ဋဂါမိဖြင့် နိဗ္ဗာန်ရောက်ပုံ ...... | ၂၈၅ |
| ၂၃။ | ပုညာဘိသင်္ခါရ မကြောက်ရ ...... | ၂၈၉ |
| ၂၄။ | စေတနာဟာရ၌ ယူမှားချက် ...... | ၂၉၄ |
| ၂၅။ | တဒင်္ဂပဟာန်၌ ယူမှားချက် ...... | ၂၉၅ |
| ၂၆။ | ဆုတောင်းကြောင့် ဂတိမြဲပုံ ...... | ၂၉၈ |
| ၂၇။ | သဏ္ဌာနပညတ်နှင့် ကွာခြားပုံ ...... | ၃၀၀ |
| ၂၈။ | အတ္တဒိဋ္ဌိအာရုံခွဲပြချက် ...... | ၃၀၄ |
| ၂၉။ | အနတ္တ, သုညတ၌ ယူဆရပုံ ...... | ၃၁၀ |
| ၃၀။ | ရုပ်၌ သဏ္ဌာနဒြဗ်ရှိပုံ ...... | ၃၁၄ |
| ၃၁။ | လောကီကုသိုလ်တို့၏ စွမ်းအား ...... | ၃၁၆ |
| ၃၂။ | အပါယ် ကျ, မကျ ...... ...... | ၃၁၉ |
| ၃၃။ | ဒိဋ္ဌိစွဲငါ နှင့် သညာဝိပလ္လာသ စသည် ...... | ၃၂၄ |
| ၃၄။ | ကိုယ်-ဟူသောအနက် မဖြစ်ပုံ ...... | ၃၃၁ |
| ၃၅။ | အတ္တနှင့် အနတ္တစပေါ်ပုံ ...... ...... | ၃၃၉ |
| ၃၆။ | ဝိစိကိစ္ဆာဖြစ်ပုံ ...... ...... | ၃၄၅ |
| ၃၇။ | အရိယာ၌ ဒိဋ္ဌိဝိပ္ပယုတ်တဏှာဖြစ်ပုံ ...... | ၃၅၄ |
| ၃၈။ | သမုတိသစ္စာဝါနှင့် အတ္တသစ္စာဝါ ...... | ၃၅၈ |
| ၃၉။ | အနုသယကိလေသာကို မဂ်ဖြင့်သာပယ်ပုံ | ၃၆၆ |
| ၄၀။ | နာမရူပပရိစ္ဆေဒဉာဏ်အဖွက် ...... | ၃၇၀ |

စာမျက်နှာ

၄၁။ နာမရူပပစ္စယ ပရိဂ္ဂဟာဉာဏ် ...... ၃၇၂
၄၂။ သမ္မသနဉာဏ်အမြွက် ...... ၃၇၃
၄၃။ ဥဒယဗ္ဗယဉာဏ်အမြွက် ...... ၃၇၅
၄၄။ ဘင်ဉာဏ်အမြွက် ...... ...... ၃၀၀
၄၅။ ဘယဉာဏ်အမြွက် ...... ...... ၃၀၂
၄၆။ အာဒီနဝဉာဏ်အမြွက် ...... ...... ၃၀၄
၄၇။ နိဗ္ဗိဒါ နုပဿနာဉာဏ် အမြွက် ...... ၃၀၇
၄၀။ မုဉ္စိတုကမျတာဉာဏ် အမြွက် ...... ၃၀၉
၄၉။ ပဋိသင်္ခါဉာဏ် အမြွက် ...... ...... ၃၉၀
၅၀။ သင်္ခါရုပေက္ခာဉာဏ် အမြွက် ...... ၃၉၆
၅၁။ အနုလောမဉာဏ် အမြွက် ...... ...... ၄၀၇
၅၂။ သောတာပတ္တိမဂ် ပယ်ပုံ ...... ...... ၄၁၄
၅၃။ နိဂုံး ...... ...... ...... ၄၁၉

# နိဒါန်း

ဤ**သဏ္ဍာယ ဒိဋ္ဌိ ဝိနိစ္ဆယ ကျမ်း**ကို ကြိုးပမ်းတကုတ်ရေးထုတ်ဖြန့်ဝေရခြင်း၏ အကြောင်းကား……

သက္ကာယာ ဝိယာ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟူသော ဒေသနာတော်မြတ်ကို ထောက်ထားလျက် (သဏ္ဍာယဒိဋ္ဌိ)ကို ပယ်ရှားသတ်ဖြတ်ရန် အရေးကြီးကြောင်းကို လူရောရှင်ရော မြို့တိုင်း ရွာတိုင်းမှာလိုလိုပင် အလိုင်းတကြိုး ဟောကြပြောကြရာ၌ **ငါ့ကိုယ်,ငါ့သား,ငါ့မယား,ငါ့လင်**–စသည်ဖြင့် ခေါ်ဝေါ်ပြောဆို မှတ်ထင်ကာမျှဖြစ်သော **သမ္မုတိသစ္စာ** အသုံးအနှုန်းလောက်ကိုပင် **သဏ္ဍာယဒိဋ္ဌိ**ဖြစ်၏ဟူ၍ ယူဆပြောဟောကြခြင်းသည် အမှုပြစ်သေးသေး၌ ကြီးလေးသောပုဒ်မတပ်လျက် ရုံးဂတ်မှာစွဲချက်တင်သကဲ့သို့ ဖြစ်လေသည်၊ စင်စစ်အားဖြင့်ကား (သဏ္ဍာယဒိဋ္ဌိ)မဖြစ်၊ သညာ, စိတ္တဝိပ္ပလ္လာသ, သတ္တသမ္မောဟ–စသည်တို့သာ ဖြစ်လေသည်။

**ရေးသားရန် ရှေ့ပြေးအကြံ**

ဤသို့ အမှုသွားနှင့်မမျှ,ပုဒ်မကြီး ရောတပ်လျက် ဆုံးဖြတ်ပြောဟောကြခြင်းသည် "ရေနစ်သောသူကို ဝါးကူ၍နှစ်"ဘိသကဲ့သို့ စိတ်ညစ်, ပင်ပန်းဘွယ်ကြီး ဖြစ်သည့်ပြင် ယထာဘူတ လမ်းမှန်လည်းမကျဘဲ ရှိလေသည်၊ထို့ကြောင့် ပုဒ်မနှင့်အမှုသွား တသားတည်း ညီညွတ်စေခြင်းငှါရင်း, စိတ်ညစ်ဘွယ်ကင်းပျောက်၍ ယထာဘူတ လမ်းမှန်ရောက်ကြစေခြင်းငှါရင်း "မေတ္တာ,ကရုဏာ, ရှေ့ထားလျက်" **သဏ္ဍာယဒိဋ္ဌိအဆုံးအဖြတ်ကျမ်း**ကို ကြိုးပမ်းတကုတ် ရေးထုတ်

ဖြန့်ဝေရပါမှကား ကောင်းလေစွ……ဟု စိတ်၌ အကြံအစည် ဖြစ်ပေါ်၍လာလေသည်။

**ပညာရှင်တို့အား တင်ပြပြီးမှ**

ယင်းသို့ ကြံစည်ရိုးရင်း နှလုံးသွင်းမိသည့်အားလျော်စွာ သခ္ခာနာစရိယ, သဟာဝါသီ, မဟာထေရ်ဖြစ်ကြကုန်သော သထုံမြို့ သန္တာရုံ တိုက်အုပ်ဘုန်းကြီး ဦးဇောတိက၊ ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက် စာချမွေကထိက ဦးပညာဝံသတို့နှင့် တိုင်ပင်ကြံတွေး ဆွေးနွေးနှီးနှောကာ စောဒနာ,သောဓနာပြုကြပြီးလျှင် ထိုအရှင်နှစ်ပါးတို့ တိုက်တွန်းတောင်းပန်ချက်အရ ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် ညှိနှိုင်းတိုက်ဆိုင်ကာ စိစဥ်ရေးသားပြီးနောက် စက်တင်ပုံနှိပ်ခြင်းကို မပြုမီ လင်္ကာ,ပေသလ, သိက္ခာကာမ, ပရိယတ္တိဝိသာရဒဖြစ်တော်မူကြကုန်သော ကျိုက်ထိုမြို့ ဘုရားကြီးဆရာတော်ဘုရားကြီး၊ ပုသိမ်မြို့ မန်းကျောင်းတိုက်၌ ခေတ္တ သီတင်းသုံးတော်မူသော ဝေဠုဝန်ဆရာတော်ဘုရားကြီး၊ သထုံမြို့ စန္ဒာရုံဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့-မဟာဝိသုတာရာမ အနောက်တိုက် ဆရာတော်ဘုရားကြီး၊ မော်လမြိုင်မြို့ မဟာဝေယန်ဘုံသာ ဆရာတော်ဘုရားကြီး၊ ကျုံပျော်မြို့ ဝေဠုဝန်ဆရာတော်နှင့် ငါးသိုင်းချောင်းမြို့ ဘုရားကြီးဆရာတော်တို့ထံ တင်ပြဘတ်ကြား လျှောက်ထားဆွေးနွေး၍ စစ်ဆေးပြင်ဆင်တော်မူကြရန် အပ်နှံဆက်သွင်းပြီးမှ သဘောတော်ကျ အမိန့်တော်ရသောကြောင့် ဤ"**သင်္ချာယမိုဠ်ဝိနိစ္ဆယကျမ်း**"ကို ကြီးပမ်းတကုတ်ရေးထုတ်ဖြန့်ဝေလိုက်ရပေကြောင်း။

**ကျမ်းပြုခြင်းရာ**

ယင်းကဲ့သို့ ရေးထုတ်ရာ၌ အနုသယသင်္ချာယမိုဠ်ကိလေသာကို ပယ်ရှားရန်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကိုရရန်- အားထုတ်မှု အရေးကြီး၏၊ "ငါ့သား,ငါ့မယား,ငါ့ကိုယ်" စသည့် ထင်မှတ်မှုလောဘသည်ကား အရေးမကြီးဟုပြ၏။

**အကျိုး ၇။** ဥပမာ—မှောင်မိုက်သော ညဥ့်အခါ၌ ခရီးသွားသော သူတယောက်ကို အမှတ်မရှိသော မြွေငယ်ကလေးကိုက်ခဲရာ မြွေပွေး,မြွေဟောက်ပင်တည်းဟူ၍ ထင်မှတ်လျက် သေရ မည့်အရေးကိုကြီးတွေးကြောက်လန့်ကာ မျက်စိပြာ၍နေစဉ် အသေအချာ မြင်လိုက်ရသောသူက "အို…အမောင်ယောက်ျား…သင် ထင်မှတ်သောအတိုင်း မြွေပွေး မြွေဟောက် မဟုတ်ချေ၊ အဆိပ်အတောက်မရှိသော ရေမြွေ မြက်ရှောသာဖြစ်သည်"ဟု ဟုတ်မှန်သည့်အတိုင်း ပြောပြလျှင် အားရဘွယ်, ဝမ်းသာဘွယ်သာ ဖြစ်ရဘိသကဲ့သို့ ထို့အတူ ဤကျမ်းစာအုပ်သည် "ငါသား,ငါမယား,ငါ့ကိုယ် စသည်ဖြင့် ထင်မှတ် ပြောဆိုရာ၌ သက္ကာယဒိဋ္ဌိဖြစ်၏"ဟု သက္ကာယဒိဋ္ဌိဘေးကို ကြီးတွေးကြောက်လန့်၍ နေကြကုန်သော သူတော်ကောင်းတို့အား စိတ်နှလုံး ရွှင်ပျ၍ အားရနှစ်သိမ့်ခြင်းကို ဖြစ်စေနိုင်လိမ့်မည်ဟု ကောင်းစွာယုံကြည်မြော်လင့်ကြောင်း။

**ပုံနှိပ်ထုတ်ဝေခြင်း** ထိုနောက် ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးခြင်းမပြုမီ မိမိ၏ ဆရာမထေရ် အရှင်ဖြစ်တော်မူသော ဂဏဝါစက, မဟာနာယက ကျုံပျော်မြို့ ဝေဠုဝန်တိုက် ဆရာတော်ဘုရားကြီး၊ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်တိုက် ဂဏဝါစက ဓမ္မာစရိယ စေတိယင်္ဂဏပရိယတ္တိ ဦးဝါသဝါဘိဝံသ၊ ဓမ္မာစရိယ ဦးနာရဒနှင့် ဟံသာဝတီပုံနှိပ်တိုက် ပါဠိဆရာ ဆရာညွှာတို့အား မူလ**သက္ကာယဒိဋ္ဌိဝိနိစ္ဆယ, အနုဝိနိစ္ဆယ**နှင့် **အဓိမာနဝိနိစ္ဆယ**တို့ကို ကြည့်ရှုပြင်ဆင်လိုက ပြင်ဆင်စေရန် ပေးအပ်၍……

ပုသိမ်မြို့ ဝေဠုဝန်တိုက် ဂဏဝါစက နာယကဆရာတော်ကြီးနှင့် ရန်ကုန်မြို့ အလယ်တောရ စာချကျောင်းတိုက် ပါဠိတက္ကသိုလ်ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတကျော် စေတိယင်္ဂဏ ဓမ္မာစရိယ အစိုးရဓမ္မာစရိယ ဦးသုရိယာဘိဝံသတို့အား အဓိမာန

ဝိနိစ္ဆယကို ကြည့်ရှုပြင်ဆင်လိုက ပြင်ဆင်စေရန် ပေးအပ်ပြီးလျှင် အထက်ပါအရှင်တို့၏ သဘောတူညီချက်အရ ရိုက်နှိပ်ဖြန့်ဝေလိုက်ရကြောင်း။

"သန္တာရုံဆရာတော်"



# သက္ကာယဒိဋ္ဌိဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယပဏာမ, ပဋိညာဉ်

(၁) သက္ကာယ ဘေဒနမ္ဗုဒ္ဓံ၊ တဒတ္ထဉ္စ သုဒေသကံ။
ပူဇိတံ တေန သဒ္ဓမ္မံ၊ တဉ္စ သံဃံ နိရင်္ဂဏံ။

(၂) ဝုဒ္ဓိပုဗ္ဗေက္ကာသ္မိ နိဿာယ၊ သာသနေ ဂရဝေါ ဝရေ။
တေပိ ဝန္ဒိယ ကဿာမိ၊ သက္ကာယဒိဋ္ဌိနိစ္ဆယံ။

(၃) သက္ကာယဒိဋ္ဌိမိစ္ဆတ္တာ၊ ဆိန္ဒိတုံ သဇ္ဇနာ သဒါ။
အာဒါသံ ဝိဒမိစ္ဆန္တံ၊ အာထာပိ ဆန္ဒရုဒ္ဓိကာတိ။ ။

(၁) အဟံ၊ ငါသည်။ သက္ကာယဘေဒနံ၊ "ရူပံ အတ္တတော သမနုပဿတိ" စရှိသောအား နှစ်ဆယ်ပြားသား မြင်မှားအတ္တဂါဟာစွဲယုတ် အယူနှပ်ကို ပယ်ဖြတ်ဖျက်ဆီးတော်မူထသော။ တဒတ္ထံ၊ ထိုသက္ကာယဒိဋ္ဌိပယ်သတ်ရန်အလို့ငှါ။ သုဒေသကံ၊ ဒိဋ္ဌိ ဝိနိ ဝေဌနကထာ ဒေသနာကိုလည်း ကောင်းစွာ ဟောကြားတော်မူတတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသျှင်ကိုဝင်း။ တေန၊ ထိုမြတ်စွာဘုရားသည်။ ပူဇိတံ၊ ဂေါစရသေဝန, ဘာဝနာ

သေဝန၏အစွမ်းအားဖြင့် အမြဲမပြတ် ပူဇော်တော်မူအပ်ထသော။ သက္ကာယဘေဒနံ၊(၎င်းပုဒ်ကား နှစ်ချက်ငဲ့၊)နှစ်ဆယ်အပြားရှိသော သက္ကာယဒိဋ္ဌိကို ဖျက်ဆီးကြောင်းလည်း ဖြစ်ထသော။ သဒ္ဓမ္မဉ္စ၊ ဒိဋ္ဌိဝိနိစ္ဆယကထာ ဒေသနာဖြင့် မှတ်သားအပ်သော ဆယ်ပါး အပြားရှိသော သူတော်ကောင်းတရားကို၎င်း။တဖွဲ့၊ဘုရား,တရား, ထိုနှစ်ပါးကြောင့် ဖြစ်ပွါးတော်မူထသော၊ နိရဂ်ဏံ၊ အပါယ်လား ကြောင်း မကောင်းမှုကိလေသာလည်း မရှိထသော။ သံဃဉ္စ၊ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်အပေါင်းကို၎င်း။

(၂) အဟံ၊ အကျွန်ုပ်သည်၊ သာသနေ၊ ပရိယတ္တိသာသနာတော်၌။ ဝရေ၊သီလဝန္တဲ့,ပညဝန္တဲ့-စသောဂုဏ်တို့ဖြင့် မြတ်ကုန်သော။ဝါ၊ တောင့်တအပ်ကုန်သော။ ယေ ဂရဝေါ၊ ကျောက်ထိုးတန္တဲ့၊ အလေးပြုအပ်ကုန်သော အကြင်ဆရာမြတ်တို့ကို။ နိဿာယ၊ အမှီတကဲ သဟဲပြုရသည်ဖြစ်၍။ ဝါ၊ ပြုရသောကြောင့်။ ဝုဍ္ဎိပ္ပတ္တော၊ ယထာသတ္တိ ရှိသည့်အလျောက် ကြီးပွါးခြင်းသို့ ရောက်သည်။ အသ္မိ၊ ဖြစ်ရပေ၏။ တေပိဂရဝေါ၊ ထိုဆရာသခင် ကျေးဇူးသျှင်တို့ကို၎င်း။ ဝန္ဒိယ၊ ဂန္ထာရမ္ဘ ကျမ်းအစ၌ တုပ်ကွရိုကျိုး ရှိခိုးပြီး၍။ ဝါ၊ကြည်ဖြူနှစ်သက် အင်တက်အားရမ်း ချီးမွမ်းပြီး၍။သက္ကာယဒိဋ္ဌိနိစ္ဆယံ၊သက္ကာယဒိဋ္ဌိကို ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်း ဖြစ်ခြင်းကြောင့် သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယမည်သော ကျမ်းကို၊ကဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။

(၃) အထာပိ၊ ထိုမှတပါးလည်း။ သက္ကာယဒိဋ္ဌိံ၊သက္ကာယဒိဋ္ဌိကို။ဆိန္ဒိတုံ၊သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်လှန်သုတ်သင် ခုတ်ထွင်ဖျက်ဆီးခြင်းငှါ။ဣစ္ဆန္တာ၊အလိုရှိကြကုန်သော။ ဆန္ဒဝုဍ္ဎိကာ၊ အလိုဆန္ဒ ကြီးပွါးခြင်းရှိကြကုန်သော။ သဇ္ဇနာ၊ သူတော်ကောင်းတို့သည်။သဒါ၊ အခါခပ်သိမ်း။အာဒါသံဝ၊မျက်နှာရိပ်ထင်ကြေးမုံပြင်ကဲ့သို့။ဣဒံ၊ငါသည်ရပင် ပြုပြင်စီရင်အပ်သော ဤသက္ကာယဒိဋ္ဌိ ဝိနိစ္ဆယမည်သော ကျမ်းကို။ ဣက္ခန္တု၊ ကြည့်ရှုကြပါစေကုန်

သတည်း။ ဇာတိ၊ ဤသည့်လျှင် ရတနတ္တယပဏာမစသည်ကို ဆိုရာစကားရပ် အပြီးသတ်တည်း။

ရတနတ္တယပဏာမ ပဋိညာဉ်ပြီး၏။

---

## သက္ကာယဒိဋ္ဌိအရာ
## အချို့ဆရာတို့ယူဆချက်

**ပါဠိတော်စကား**……တတ္ထ ကတမာ သက္ကာယဒိဋ္ဌိ–အစရှိသော ဓမ္မသင်္ဂဏီပါဠိတော်,ကထံနှခေါ် ဘင်္ဂေ့ သက္ကာယဒိဋ္ဌိ နပဟောတိ-အစရှိသောခန္ဓသံယုတ်ပါဠိတော်တို့၌ ရှေးဦးစွာ ကထေတုကမျတာ ပုစ္ဆာဖြင့် မေးမြန်းတော်မူပြီး၍ အန္ဓပုထုဇန်,ကလျာဏပုထုဇန်, အရိယာသာဝကပုဂ္ဂိုလ်တို့တွင် အန္ဓပုထုဇန်သည်သာ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်အရ ဟူသော ခန္ဓာငါးပါးတို့ကို အတ္တ, အတ္တနိယ–စသည်တို့ဖြင့် ယူတတ်ရှုတတ်၏၊ ကလျာဏပုထုဇန်, အရိယာသာဝကတို့သည်ကား အတ္တ,အတ္တနိယ–စသည်ဖြင့် မယူတတ်,မရှုတတ်ဟု ဟောကြားတော်မူ၏။

**အချို့ဆရာတို့ဘာသာပြန်ပုံ**……ဤသို့ ဟောကြားတော်မူရာ ပါဠိတော်ပါဌ်တို့ကို မြန်မာဘာသာအနက်အားဖြင့် ပြန်ကြား ရေးစီရင်တော်မူကြကုန်သော အချို့အချို့ဆရာတို့သည် အများအားဖြင့် ရူပံ အတ္တတော သမနုပဿတိ-စသည်၌ ''ရူပံ၊ရုပ်ကို။အတ္တတော၊ကိုယ်အားဖြင့်၊သမနုပဿတိ၊ အဘန်တလဲလဲရှုတတ်၏'' ဟုအနက်ပြန်ဆို ရေးသားတော်မူကြကုန်၏။

**ယူဆမှားချက်**……ဤသို့ ပြန်ဆိုရေးသား ထားသည်တို့ကို ဘတ်ကြား, မှတ်သားကြရကုန်သော ဗုဒ္ဓသာသနာဝင် လူရှင်,ရဟန်းတော်အချို့တို့သည် ခန္ဓာ ငါးပါးတို့

ကို "ငါ၊ကိုယ်,ငါ၊သား,ငါ၊မယား,သတ္တဝါ,ပုဂ္ဂိုလ်"ထင်မှတ်နေက မဟုတ်သည်ကို အဟုတ်ထင်မှတ်မှုကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု ယူဆကြကုန်၏။

**ယူဆတိုင်းမဖြစ်**……ထိုသို့ငါ၊ကိုယ်စသည်ထင်မှုသည် ယူဆသည့်အတိုင်းလည်း သက္ကာယဒိဋ္ဌိမဖြစ်၊ အဘယ့်ကြောင့်နည်းဟူမူ,ဒိဋ္ဌိနှင့် သတ္တသညာဟု နှစ်ပါးတို့၏ ခွဲလမ်းယူဆပုံချင်းကွာခြားနေသေးသောကြောင့်တည်း၊ဤသို့ ကွာခြားကြောင်းကို အထက်အထက် အခဏ်းတို့သို့ ရောက်သောအခါ ဆိုလတ္တံ့၊ ထိုသို့ သက္ကာယဒိဋ္ဌိဖြစ်၏ဟု ယူဆထားသောကြောင့် "ငါတို့၌ မြဲသောဂတိမရှိသေးသဖြင့် အပါယ်မှ လွတ်ပါဦးမည်လော"ဟု သံသယဖြစ်ကြရကုန်၏၊ဤသို့ သံသယ ဖြစ်တတ်သောကြောင့်သာလျှင် ရုပ်,နာမ်,ခန္ဓာစသည်တို့၌ ကောင်းမွန်စွာ နားလည်သော ကမ္မဋ္ဌာနယောဂီအချို့တို့ပင် သေခါနီး၌ ညည်းညူကြသည်တို့ကို ကိုယ်တိုင်တွေ့မြင်ရဘူး၏၊ သံသယပျောက်စေရန်လည်း ဟောပြရဘူး၏၊ ထို့ကြောင့် အောက်ပါစိစစ်ချက်တို့ကို အစ,အလယ်, အဆုံး အစဉ်အတိုင်း မမေ့မလျော့စေဘဲ အကြိမ်ကြိမ် ဘတ်ကြား,မှတ်သားကြကုန်ရာ၏။

ဤကား-သက္ကာယဒိဋ္ဌိအရာ အချို့ဆရာတို့ ယူဆချက်ကို ပြခြင်းတည်း။

## သက္ကာယဒိဋ္ဌိအရနှင့် ဖြစ်ပုံ,မဖြစ်ပုံ အကျဉ်းပြချက်

ဤ ယခုရေးလတ္တံ့သော ပါဠိတော်တို့သည်ကား ဓမ္မသင်္ဂဏီပါဠိတော်နှင့် ခန္ဓသံယုတ် ပါဠိတော်တို့တည်း။

**ဓမ္မသင်္ဂဏီပါဠိတော်၊နိက္ခေပ ကဏ္ဍ၌**……ကတမေ ဓမ္မာဒဿနေနပဟာတဗ္ဗာ၊တီဏိ သညောဇနာနိ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသော။ တတ္ထ ကတမာ သက္ကာယဒိဋ္ဌိ၊ ဣဓ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ

အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ
အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ
အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော
သမနုပဿတိ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊
ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော သမနုပဿတိ၊
ဝေဒနာဝန္တံ ဝါ အတ္တာနံ၊အတ္တနိ ဝါ ဝေဒနံ၊ဝေဒနာယ ဝါ
အတ္တာနံ၊သညံ အတ္တတော သမနုပဿတိ၊သညာဝန္တံ ဝါ
အတ္တာနံ၊အတ္တနိ ဝါ သညံ၊သညာယ ဝါ အတ္တာနံ၊ သင်္ခါရေ
အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊
အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ၊ ဝိညာဏံ
အတ္တတော သမနုပဿတိ၊ ဝိညာဏဝန္တံ ဝါ အတ္တာနံ၊
အတ္တနိ ဝါ ဝိညာဏံ၊ဝိညာဏသ္မိံ ဝါ အတ္တာနံ၊ယာ ဧဝရူပါ
ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော ဒိဋ္ဌိဝိသူကာယိကံ
ဒိဋ္ဌိဝိပ္ဖန္ဒိတံ ဒိဋ္ဌိသညောဇနံ ဂါဟော ပတိဋ္ဌာဟော
အဘိနိဝေသော ပရာမာသော ကုမ္မဂ္ဂေါ မိစ္ဆာပထော
မိစ္ဆတ္တံ တိတ္ထာယတနံ ဝိပရိယေသဂ္ဂါဟော၊ အယံ ဝုစ္စတိ
သက္ကာယဒိဋ္ဌိ—ဟူ၍လာ၏။

**ခန္ဓသံယုတ်ပါဠိတော်၊ခဇ္ဇနီယဝဂ်၌လည်း**…ကထံ
နုခေါ ဘန္တေ သက္ကာယဒိဋ္ဌိ န ဟောတီတိ၊ဣဓ ဘိက္ခု
သုတဝါ အရိယသာဝကော အရိယာနံ ဒဿာဝီ အရိယ
ဓမ္မဿ ကောဝိဒေါ အရိယဓမ္မေ သုဝိနီတော သပ္ပုရိသာနံ
ဒဿာဝီ သပ္ပုရိသဓမ္မဿ ကောဝိဒေါ သပ္ပုရိသဓမ္မေ
သုဝိနီတော န ရူပံ အတ္တတော သမနုပဿတိ၊ န ရူပဝန္တံ
ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ရူပံ၊ န ရူပသ္မိံ ဝါ အတ္တာနံ၊ န
ဝေဒနံ အတ္တတော သမနုပဿတိ၊ န ဝေဒနာဝန္တံ ဝါ
အတ္တာနံ၊န အတ္တနိ ဝါ ဝေဒနံ၊န ဝေဒနာယ ဝါ အတ္တာနံ၊ န
သညံ အတ္တတော သမနုပဿတိ၊န သညာဝန္တံ ဝါ အတ္တာနံ၊

န အတ္တနိဝါ သညံ၊ န သညာယဝါ အတ္တာနံ၊န သင်္ခါရေ
အတ္တတော သမနုပဿတိ၊ န သင်္ခါရဝန္တံဝါ အတ္တာနံ၊
န အတ္တနိဝါ သင်္ခါရေ၊ န သင်္ခါရေသုဝါ အတ္တာနံ၊ န
ဝိညာဏံ အတ္တတော သမနုပဿတိ၊ န ဝိညာဏဝန္တံဝါ
အတ္တာနံ၊န အတ္တနိဝါ ဝိညာဏံ။န ဝိညာဏသ္မိံဝါ အတ္တာနံ၊
ဧဝံ ခေါ ဘိက္ခု သက္ကာယဒိဋ္ဌိ န ဟောတီတိ–ဟူ၍
လာ၏။

ဤပါဠိတော် နှစ်ရပ်တို့၏ မြန်မာအနက်အဓိပ္ပါယ်ကို ဤသို့သိရာ၏၊အဘယ်သို့သဘောရှိကုန်သော တရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်ဖြစ်ကုန်သနည်းဟု မေးမြန်းတော်မူပြီး၍ ထိုမိမိ၏ မေးမြန်းတော်မူပြီးသောစကားကို ဖြေကြားတော်မူခြင်းငှါ ''တိဏ္ဏံ သညောဇနာနံ''အစရှိသောစကားကို မိန့်တော်မူ၏။

ထိုပါဠိ၏ အဓိပ္ပါယ်ကား ..... (၁) သက္ကာယဒိဋ္ဌိသံယောဇဉ်၊ (၂) ဝိစိကိစ္ဆာသံယောဇဉ်၊ (၃) သီလဗ္ဗတပရာမာသ သံယောဇဉ်–တည်းဟူသော သံယောဇဉ် သုံးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ဟု ဖြေကြားတော်မူ၏၊ ထို့နောက် ထိုသံယောဇဉ် သုံးပါးတို့တွင် ''သက္ကာယဒိဋ္ဌိ''ဟူသည် အဘယ်နည်းဟူ၍ မေးမြန်းတော်မူပြန်၍ တဖန် ဖြေကြားတော်မူခြင်းငှါ ''တတ္ထ ကတမာ-သက္ကာယဒိဋ္ဌိ''အစရှိသော စကားကိုမိန့်တော်မူ၏၊ထိုပါဠိ၏ အဓိပ္ပါယ်ကား...... ''ဤလောက၌ ခန္ဓာ, အာယတန, ဓာတ်,သစ္စာတရားတို့၌ အကြားအမြင်မရှိသော, အရိယာဓမ္မတို့ကို ဉာဏ်ဖြင့်မြင်လေ့မရှိသော,အရိယာဓမ္မ၌မလိမ္မာသော, အရိယာဓမ္မ၌ အဆိုအဆုံးမ ကင်းသော, ဘုရား စသော သူတော်ကောင်းတို့၏ ဓမ္မတို့ကို ဉာဏ်ဖြင့် မြင်လေ့မရှိသော, ဘုရားစသော သူတော်ကောင်းတို့၏ ဓမ္မ၌ မတတ်မြောက် မလိမ္မာသော, ဘုရားစသော သူတော်ကောင်းတို့၏ ဓမ္မ၌ အဆိုအဆုံးမ ကင်းသော အန္ဓပုထုဇန် ပုဂ္ဂိုလ်သည်......

(၁) ရုပ်တရားကိုအတ္တအားဖြင့်၊ ဝါ-အတ္တဟူ၍ **အဘန်တလဲလဲ ရှုကြည့်၏**။
(၂) ရုပ်ရှိသည်လည်းဖြစ်သော အတ္တကို ငင်း။
(၃) အတ္တ၌မူလည်း ရုပ်ကို ငင်း။
(၄) ရုပ်၌မူလည်း အတ္တကို ငင်း။
(၅) ဝေဒနာကိုအတ္တအားဖြင့်၊ ဝါ-အတ္တဟူ၍ ငင်း။
(၆) ဝေဒနာ ရှိသည်လည်းဖြစ်သော အတ္တကို ငင်း။
(၇) အတ္တ၌မူလည်း ဝေဒနာကို ငင်း။
(၈) ဝေဒနာ၌မူလည်း အတ္တကို ငင်း။
(၉) သညာကို အတ္တအားဖြင့်၊ ဝါ-အတ္တဟူ၍ ငင်း။
(၁၀) သညာရှိသည်လည်းဖြစ်သော အတ္တကို ငင်း။
(၁၁) အတ္တ၌မူလည်း သညာကို ငင်း။
(၁၂) သညာ၌မူလည်း အတ္တကို ငင်း။
(၁၃) သင်္ခါရတို့ကို အတ္တအားဖြင့်၊ ဝါ-အတ္တဟူ၍ ငင်း။
(၁၄) သင်္ခါရရှိသည်လည်းဖြစ်သော အတ္တကို ငင်း။
(၁၅) အတ္တ၌မူလည်း သင်္ခါရတို့ကို ငင်း။
(၁၆) သင်္ခါရတို့၌မူလည်း အတ္တကို ငင်း။
(၁၇) ဝိညာဏ်ကိုအတ္တအားဖြင့်၊ ဝါ-အတ္တဟူ၍ ငင်း။
(၁၈) ဝိညာဏ်ရှိသည်လည်းဖြစ်သော အတ္တကို ငင်း။
(၁၉) အတ္တ၌မူလည်း ဝိညာဏ်ကို ငင်း။
(၂၀) ဝိညာဏ်၌မူလည်း အတ္တကို **အဘန်တလဲလဲရှုကြည့်၏**။

ဤသို့ ရှုကြည့်တတ်သော သဘောရှိသော အကြင်ဒိဋ္ဌိသည်၊ အကြင်ဒိဋ္ဌိတည်းဟူသော တောအုပ်သည်၊ အကြင်ဒိဋ္ဌိတည်းဟူသော ခရီးခဲသည်၊ အကြင်ဒိဋ္ဌိတည်းဟူသော ဆန့်ကျင်ဘက်ဖြောင့်သည်၊ အကြင်ဒိဋ္ဌိတည်းဟူသောတုန်လှုပ်ခြင်းသည်၊ အကြင်ဒိဋ္ဌိတည်းဟူသော သံယောဇဉ်သည်၊ အကြင်ဒိဋ္ဌိတည်းဟူသော မြဲမြံစွာစွဲယူတတ်သော ဂါဟသည်၊ အကြင်အားကြီးစွာဖြစ်ခြင်း

ဖြင့် တည်၍ ယူခြင်းသည်၊ အကြောင်နိစ္စသောအားဖြင့် မှားသော နှလုံးသွင်းခြင်းသည်၊ အကြောင်မှားသောအားဖြင့်သုံးသပ်တတ်သော တရားသည်၊ အကြောင်စက်ဆုပ်ဘွယ်သော ခရီးသည်၊ အကြောင်မှား ယွင်းသော ခရီးသည်၊ အကြောင်ဖောက်ပြန်သော သဘောသည်၊ အကြောင်အချည်းနှီးသော တရားတို့၏ ဖြစ်ရာတည်ရာသည်၊ အကြောင် ဖောက်ပြန်သောအားဖြင့် ယူခြင်းသည်၊ ဝါ—ဖောက်ပြန်သော အားဖြင့် ရှာမှီး၍ယူခြင်းသည် ရှိ၏၊ **"ဤအလုံးစုံကို သက္ကာယဒိဋ္ဌိ ဟူ၍ ဆိုအပ်၏"**ဟု ဟောတော်မူ၏။

ထိုနောက် ခန္ဓသံယုတ်ပါဠိတော်အရ မြတ်စွာဘုရား၊ "အ ဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ပါသနည်း"ဟု ရဟန်းတပါး သည် မေးလျှောက်၏၊ထိုအခါ မြတ်စွာဘုရားသည် အထက်ပါဋ္ဌိ ရပ်နှင့် အပြန်အလှန် ခွဲခြား၍ "ဤလောက၌ ခန္ဓာ, အာယတန, ဓာတ်,သစ္စာတရားတို့၌ အကြားအမြင် ရှိသော, အရိယဓမ္မတို့ကို ဉာဏ်ဖြင့် မြင်လေ့ရှိသော, ဘုရားစသော သူတော်ကောင်းတို့၏ ဓမ္မ၌ အဆိုအဆုံးမ မကင်းသော အရိယာသာဝကသည် ရုပ်တရား ကို အတ္တအားဖြင့်၊ဝါ-အတ္တဟူ၍ အဘန်တလဲလဲ မရှုမကြည့်တတ်၊ (ပ)ဝေဒနာတရားကိုအတ္တအားဖြင့်၊ဝါ—အတ္တဟူ၍ အဘန်တလဲလဲ မရှုမကြည့်တတ်။(ပ)သညာတရားကို အတ္တအားဖြင့်၊ ဝါ-အတ္တဟူ ၍ အဘန်တလဲလဲမရှုမကြည့်တတ်၊(ပ)သင်္ခါရတရားတို့ကို အတ္တ အားဖြင့်၊ ဝါ—အတ္တဟူ၍ အဘန်တလဲလဲ မရှုမကြည့်တတ်၊ (ပ) ဝိညာဏ်တရားကို အတ္တအားဖြင့်၊ဝါ—အတ္တဟူ၍ အဘန်တလဲလဲ မရှုမကြည့်တတ်၊(ပ)ဝိညာဏ်၌မှုလည်း အတ္တကိုမရှုမကြည့်တတ်၊ ရဟန်း… စင်စစ် **"ဤသို့မရှုမကြည့်သဖြင့် သက္ကာယဒိဋ္ဌိမဖြစ်"** ဟု ဖြေကြားတော်မူ၏။

ဤကား—အကျဉ်းပြချက်တည်း။

## အကျယ်ဝေဘန်ပြချက်

ဤသို့ ဟောကြားတော်မူအပ်ကုန်သော ဓမ္မသင်္ဂဏီပါဠိတော်, ခန္ဓသံယုတ် ပါဠိတော်တို့၌ ပါဝင်ကုန်သော ဤယခု ရေးပြလတ္တံ့ ကုန်သော ပါဠိပုဒ်တို့၏အနက်ကို သိနားလည်ရန် ရှေးဦးစွာ ရှုးစမ်း ဆင်ခြင်ရာ၏။

(၁) သက္ကာယဒိဋ္ဌိ.................ဟူသောပုဒ်
(၂) အဿုတဝါပုထုဇ္ဇနော–ဟူသောပုဒ်
(၃) အတ္တ...........................ဟူသောပုဒ်
} ဤအလုံးစုံသော ပုဒ်တို့တွင် ပါသော....

(က) ''သက္ကာယ''ဟူသည် အဘယ်တရားကို ခေါ်ဆို သနည်း။

(ခ) ''ဒိဋ္ဌိ''ဟူသည် အဘယ်သို့သော အရာကို ခေါ်ဆို သနည်း။

(ဂ) ''သက္ကာယဒိဋ္ဌိ''ဟူသည် အဘယ်နည်း။

(ဃ) ''အဿုတဝါ ပုထုဇ္ဇနော'' ဟူသည် အဘယ်သို့သော သူကို ခေါ်ဆိုသနည်း။

(င) ''ပုထုဇန်ပုဂ္ဂိုလ်''အဘယ်နှစ်မျိုးရှိသနည်း။

(စ) ''အတ္တ''ဟူသည် အဘယ်နှစ်မျိုးရှိသနည်း။

(ဆ) ဤသက္ကာယဒိဋ္ဌိကို ဟောတော်မူရာ ပါဠိတော်၌ ပါဝင် သော အတ္တသည် အဘယ်အတ္တမျိုးနည်း၊ အဘယ်အတ္တကို ရည်၍ မြတ်စွာဘုရားဟောတော်မူသနည်းဟု ရှုးစမ်းရာ၏၊ ထိုသို့ရှုးစမ်း သောအခါ......

### (က) သက္ကာယ

(က) သက္ကာယဟူသည် ဥပါဒါနိတရားတို့၏ အခါရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ခေါ်ဆို၏ဟု သိအပ်၏။

**အာဂမယုတ္တိကား**......ကတမော စ ဘိက္ခဝေ သက္ကာယော၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ–ဟူသော ခန္ဓသံယုတ်ပါဠိတော် ပင်တည်း။

**အနက်ကား**……ဘိက္ခဝေ၊ရဟန်းတို့၊သဏ္ဍာယော၊သဏ္ဍာယ သည်။ကတမော၊အဘယ်တရားနည်း။ ပဥ္စုပါဒါနက္ခန္ဓာတိ၊ဥပါဒါ နက္ခန္ဓာငါးပါးတို့ဟူ၍။ ဝစနီယံ၊ဆိုအပ်သည်။အဿ၊ဖြစ်ရာ၏။

## (ခ) ဒိဋ္ဌိ

(ခ) ဒိဋ္ဌိဟူသည်-ဤအရာ၌ မိစ္ဆာအမြင်ပင်တည်း။

**အာဂမယုတ္တိကား**……မိစ္ဆာ ပဿတိတိ ဒိဋ္ဌိ-ဟူသော အတိ ဓမ္မဋ္ဌကထာဝိဘာဝနီဋီကာပါဌ်ပင်တည်း။

**အနက်ကား**…… မိစ္ဆာ၊ ချွတ်ချော်ယွင်းမှားသောအားဖြင့်။ ပဿတိ၊ မြင်တတ်, ရှုတတ်၏။ ဇာတိဟသ္မာ၊ထို့ကြောင့်။ ဒိဋ္ဌိ၊ဒိဋ္ဌိ မည်၏။

## (ဂ) သဏ္ဍာယဒိဋ္ဌိ

(ဂ) သဏ္ဍာယဒိဋ္ဌိ ဟူသည်–ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာကာယ၌ မှားသောအား ဖြင့် အတ္တဟုစွဲယူသော ဒိဋ္ဌိပင်တည်း။

**အာဂမယုတ္တိကား**……သဏ္ဍာယဒိဋ္ဌီတိ ဝိဇ္ဇမာနဋ္ဌေန သတိ ခန္ဓပဥ္စကသင်္ခါတေ ကာယေ ဒိဋ္ဌီတိ သဏ္ဍာယဒိဋ္ဌိ–ဟူသော အဋ္ဌသာလိနီအဋ္ဌကထာပါဌ်ပင်တည်း။

**အနက်ကား**…… သဏ္ဍာယဒိဋ္ဌီတိဧတ္ထ၊ သဏ္ဍာယဒိဋ္ဌိဟူသော ဤပါဌ်၌။ဝိဇ္ဇမာနဋ္ဌေန၊ထင်ရှားရှိသော အနက်အားဖြင့်။သတိ၊ထင် ရှားရှိသော။ ခန္ဓပဥ္စကသင်္ခါတေ၊ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ် သော။ ကာယေ၊ ကိုယ်၌။ ဒိဋ္ဌိ၊ မှားယွင်းချွတ်ချော်သောအားဖြင့် အတ္တဟု စွဲယူသောဒိဋ္ဌိတည်း။ သဏ္ဍာယဒိဋ္ဌိ၊ထင်ရှားရှိသော ဥပါ ဒါနက္ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော ကာယ၌ မှားသော အားဖြင့် အတ္တဟု စွဲယူသော ဒိဋ္ဌိ။

**မှတ်ချက်။** ။ဤပါဌ်ဖြင့် ဥပါဒါနက္ခန္ဓာ–ငါးပါး အပေါင်းကို ကာယဟု ခေါ်ဆို၏၊ (ထိုကာယ၌ ခေါ်ဆို

သည့်အတိုင်း ကိုယ်ဟု ထင်မှတ်ရှုမြင်ခြင်းသည် သက္ကာယဒိဋ္ဌိမဖြစ်)ပရိကပ္ပိတအတ္တအားဖြင့် နိစ္စ, ဓုဝ, သဿတ–အတ္တမျိုးဟု စွဲယူခြင်းသာ သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု ပြတော်မူ၏။ (ရှေ့၌ ထင်ရှားလတ္တံ့။)

## (ဃ) အဿုတဝါပုထုဇန်

(ဃ) အဿုတဝါ ပုထုဇ္ဇနော၊ အကြားအမြင်မရှိသောပုထုဇန် ဟူသည်-သမုဋ္ဌာန်ဒအားဖြင့် မပယ်သတ်အပ်သေးသောသက္ကာယဒိဋ္ဌိရှိသော ခန္ဓာ,ဓာတ်,အာယတန–စသည်တို့၌ သင်ခြင်း,အဘန်တလဲလဲမေးမြန်းခြင်း, ဆုံးဖြတ်ခြင်းကင်းသော မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရှိသူကို ခေါ်၏။

**အာဂမယုတ္တိကား** ..... ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ။ ။အဿုတဝါပုထုဇ္ဇနောတိဧတ္ထ ပန အာဂမာဓိဂမာဘာဝါ ဉေယျော အဿုတဝါ ဉာတိ၊ ယဿ ဟိ ခန္ဓ ဓာတု အာယတနပစ္စယာကာရ သတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာ ဝိနိစ္ဆယ ရဟိတတ္တာ ဒိဋ္ဌိ ပဋိသေဓကော နေဝ အာဂမော၊ ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ အနဓိဂတတ္တာ နေဝ အဓိဂမော အတ္ထိ၊ သော အာဂမာဓိဂမာဘာဝါ ဉေယျောအဿုတဝါဉာတိ–ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာပါဠ်ပင်တည်း။

**အနက်ကား**.....ပုထု အဝိဟတ သက္ကာယဒိဋ္ဌိကာ၊ မပယ်မသတ်အပ်ကုန်သော များစွာသော သက္ကာယဒိဋ္ဌိရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ပုထုဇ္ဇနာ၊ပုထုဇန်တို့မည်ကုန်၏။ ။အဿုတဝါပုထုဇ္ဇနောတိဧတ္ထ၊အဿုတဝါပုထုဇ္ဇနောဟူသော ဤပါဌ်၌။ အာဂမာဓိဂမာဘာဝါ၊ပရိယတ်ဟုဆိုအပ်သောအာဂမ၊ မဂ်,ဖိုလ်ဟုဆိုအပ်သော အဓိဂမ၏ မရှိခြင်းကြောင့်။အဿုတဝါဉာတိ၊ အကြားအမြင်မရှိသူဟူ၍။ ဉေယျော၊သိအပ်၏။ ဟိ၊ ချဲ့၍ဆိုဦးအံ့၊ ယဿ၊အကြင်သူအား။ခန္ဓ ဓာတု အာယတန ပစ္စယာကာရ သတိ

ပဉ္စာနာဒီသု၊ခန္ဓာ,ဓာတ်,အာယတန, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန် စသည်တို့၌။ဥဂ္ဂဟပရိပုစ္ဆာ ဝိနိစ္ဆယ ရဟိတတ္တာ၊အဘန်တလဲလဲ သင်ခြင်း,မေးခြင်း, ဆုံးဖြတ်ခြင်း ကင်းသည့်၏ အဖြစ်ကြောင့်။ ဒိဋ္ဌိပဋိသေဓကော၊ ဒိဋ္ဌိကိုတားမြစ်တတ်သော။ အာဂမော၊ ပရိယတ္တိအာဂမသည်။ နေဝအတ္ထိ၊မရှိ။ပဋိပတ္တိယာ၊ပဋိပတ်ဖြင့်။အဓိဂန္တဗ္ဗဿ။ရအပ်သော မဂ်,ဖိုလ်၏။ဝါ၊မဂ်ဖိုလ်ကို။အနဓိဂတတ္တာ၊ မရအပ်သည့်၏အဖြစ်ကြောင့်။ အဓိဂမော၊ မဂ်,ဖိုလ်ဟု ဆိုအပ်သောအဓိဂမသည်။နေဝအတ္ထိ၊မရှိ။အာဂမာဓိဂမာဘာဝါ၊ အာဂမ အဓိဂမ ဟုဆိုအပ်သော ပရိယတ်ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ မရှိခြင်းကြောင့်။အဿုတဝါတိ၊အကြားအမြင်ဉာဏ်မရှိသူဟူ၍။ သော၊ ထိုပုဂ္ဂိုလ်ကို။ဉေယျော၊သိအပ်၏။

## (င)ပုထုဇန်ပုဂ္ဂိုလ်မျိုး

(င) ဤ၌ကလျာဏ ပုထုဇန်, အန္ဓပုထုဇန်–ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်……

(၁) ခန္ဓာ,အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသော တရားတို့၌ သင်ခြင်း, မေးမြန်းခြင်း, ဆုံးဖြတ်ခြင်းရှိသော ပုထုဇန်သည်ကလျာဏပုထုဇန်မည်၏။

(၂) ခန္ဓာ,အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသော တရားတို့၌ သင်ခြင်း,မေးမြန်းခြင်း,ဆုံးဖြတ်ခြင်း ကင်းသော ပုထုဇန်သည် အန္ဓပုထုဇန်မည်၏။

## (စ) အတ္တ–မျိုး

(စ) အတ္တသဒ္ဒါသည် (၁) စိတ်ဟူသော အနက်ကို ဟောသောအတ္တ၊(၂)ကိုယ်ဟူသော အနက်ကိုဟောသောအတ္တ၊(၃)သဘာဝဓမ္မကို ဟောသော အတ္တ၊ (၄) ပရမအတ္တ, ဇီဝအတ္တ, စသော တိတ္ထိတို့ကြံဆအပ်သော အတ္တ–ဟူ၍ အတ္တသဒ္ဒါ၏ အနက်လေးမျိုးရှိ၏။

**အာဂမယုတ္တိကား**……စိတ္တေ ကာယေ သဘာဝေ စ၊ သော
အတ္တာ ပရမတ္တနိ–ဟူသော အဘိဓာန်ပါဌ်ပင်တည်း။

**အနက်ကား**……သော အတ္တာ၊ ထိုအတ္တာသည်။ စိတ္တေစ၊ စိတ်ဟူ
သောအနက်၌ရင်း။ ကာယေစ၊ ကိုယ်ဟူသောအနက်၌ရင်း။ သဘာ
ဝေစ၊ ခန္ဓာ,အာယတနစသော သဘာဝဓမ္မဟူသော အနက်၌ရင်း။
ပရမတ္တနိစ၊ ဤ၌ရ, ပရမေ၌ရဟူသော လောကကိုဘန်ဆင်း
တတ်သော်ပရမအတ္တာ၌ရင်း။ ပဝတ္တတိ၊ ဖြစ်၏။

ထိုစကားကို ချဲ၍ဆိုဦးအံ့၊ (၁)အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ–ဟူ
လာသောပါဌ်၌ စိတ်ကိုဟော၏၊ (အနက်ကား)ပဏ္ဍိတာ၊ ပညာရှိ
တို့သည်။ အတ္တာနံ၊ မိမိစိတ်ကို။ ဒမယန္တိ၊ ဆုံးမတတ်ကုန်၏။

(၂) ယာပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ
ပါစိတ္တိယံ–ဟူလာသော ပါဌ်၌ ကိုယ်ကို ဟော၏၊ (အနက်ကား)
ယာပနဘိက္ခုနီ၊ အကြင်ရဟန်းမသည်။ အတ္တာနံ၊ မိမိကိုယ်ကို။
ဝဓိတွာ၊ ထု၍။ ဝဓိတွာ၊ ထု၍။ ရောဒေယျ၊ ငိုကြွေးငြားအံ့။ တဿာ
ဘိက္ခုနိယာ၊ ထိုရဟန်းမအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။
ဟောတိ၊ ဖြစ်၏။

(၃) အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ–စသည်ဖြင့် လာသော
ပါဌ်၌ သဘာဝဓမ္မကိုဟော၏၊ (အနက်ကား)ဘိက္ခဝေ၊ ရဟန်းတို့။
အတ္တဒီပါ၊ လောကီ,လောကုတ္တရာ ဓမ္မကို မှီရာကျွန်းသဘွယ် ပြု၍။
(ကောပနေတ္ထ အတ္တာနာမ၊ လောကိယလောကုတ္တရောဓမ္မော–
သုတ်ပါထေယျအဋ္ဌကထာ)ဝိဟရထ၊ နေကြကုန်လော။

(၄) သော ခေါ မေ အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော
အဝိပရိဏာမဓမ္မော သဿတိသမံ တထေဝ ဌဿတီတိ ဣဒံ ဝုစ္စ
တိ ဘိက္ခဝေ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ–ဟူလာသော ပါဌ်၌ တိတ္ထိတို့
ကြံဆအပ်သော ပရိကပ္ပိတအတ္တကိုဟော၏၊(အနက်ကား)ခေါ၊
စင်စစ်။ မေ၊ငါ၏။ အယံ အတ္တာ၊ ဤအတ္တာသည်။ နိစ္စော၊ ဥပ္ပါဒ,ဝယ-

အဖြစ်အပျက်မှကင်း၏။ (နိစ္စောတိ ဥပ္ပါဒဝယရဟိတော– မူလ ပဏ္ဏာသအဋ္ဌကထာ)ဝရဝေါ၊ မြဲမြံခိုင်ခန့်သော အနှစ်သာရမျိုးဖြစ် ၏။ ( ဝရဝေါတိ ထိရော သာရဘူတော–ရင်းအဋ္ဌကထာ ) သဿ တော၊အခါခပ်သိမ်းတည်၏။ ( သဿတောတိ သဗ္ဗကာလိကော– ရင်းအဋ္ဌကထာ ) အဝိပရိဏာမဓမ္မော၊ မိမိ၏ ပကတိသဘောကို မစွန့်လွှတ်သော သဘာဝဓမ္မမျိုး ဖြစ်၏။ ( အဝိပရိဏာမဓမ္မောတိ အတ္တနော ပကတိသဘာဝံ အဝိဇဟနဓမ္မော– ရင်းအဋ္ဌကထာ ) သဿတိသမံ၊ အမြဲတည်သော လ,နေ, သမုဒ္ဒရာ, မဟာပထဝီ, တောင်တို့နှင့် တူ၏။တထေဝ၊ ထိုအမြဲတည်သော လ, နေ, သမုဒ္ဒ ရာ,မဟာပထဝီ,တောင်တို့အတူသာလျှင်။ ဌဿတိ၊ တည်လတ္တံ့။ (သဿတိသမန္တိ စန္ဒ သူရိယ သမုဒ္ဒ မဟာပထဝီ ပဗ္ဗတာ လော ကဝေါဟာရေန သဿတိယောတိ ဝုစ္စန္တိ၊ သဿတီတိ သမံ သဿတိသမံ၊ ယာဝ သဿတိယော တိဋ္ဌန္တိ၊ တာဝ တထေဝ ဌဿတီတိ ဂဏှတော ဧဝံဒိဋ္ဌိ ဟောတိ–ရင်းအဋ္ဌကထာ ) ဘိက္ခ ဝေ၊ရဟန်းတို့။ဣဒံ၊ ဤမိစ္ဆာအမြင်ကို။ဒိဋ္ဌိဂတံ၊ဒိဋ္ဌိဟူ၍။ ဒိဋ္ဌိဂဟ နံ၊ ဒိဋ္ဌိတည်းဟူသော တောအုပ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ( ဤပရိ ကပ္ပိတအတ္တကို ကိုယ်,စိတ်,ခန္ဓာ,အာယတနအနက် မပြန်ဆိုရဟု သိအပ်၏။ )

## (ဆ) သဏ္ဍာယဒိဋ္ဌိအရာ-အတ္တ

(ဆ) ဤသဏ္ဍာယဒိဋ္ဌိဖြစ်ခြင်းကို ဟောတော်မူရာ ပါဠိတော် တို့၌ပါဝင်သောအတ္တသည် ယခုပြဆိုအပ်ခဲ့ပြီးသော အတ္တလေးမျိုး တို့တွင် လေးခုမြောက်・ပရိကပ္ပိတအတ္တကို ရည်၍ ဟောကြား တော်မူသော အတ္တဖြစ်၏၊ ထိုစကားသည်မှန်၏……

ရုပ်၊ရုပ်တရားကို။ အတ္တတော၊ ဖြစ်ပျက်ကင်းပ သာရ ခန့်ခိုင် တည်နိုင်ခပ်သိမ်း မတိမ်းဘောက်လွဲ အမြဲ လ,နေ,သမုဒ္ဒရာ,မဟာ ပထဝီ,တောင်တို့အတူတည်ရှိသော အတ္တဟူ၍။ သမနုပဿတိ၊ အဘန်တလဲလဲရှု၏။ဝါ၊အတ္တတော၊တိတ္ထိတို့ကြံဆအပ်သော အတ္တ

အားဖြင့်။ သမန္တပဿတိ၊ အဘန်တလဲလဲရှု၏။ ။ဤသို့ အနက် ယောဇနာခြင်းကို ပြုသော်သာလျှင် သဗ္ဗာယဒိဋ္ဌိ အရာ၌ လိုအပ် သော အတ္တအနက်သို့ရောက်၏။

ရူပံ၊ရုပ်တရားကို။ အတ္တတော၊ကိုယ်အားဖြင့်။ ဝါ၊ကိုယ်ဟူ၍။ သမန္တပဿတိ၊ အဘန်တလဲလဲ ရှု၏။ ဤသို့ယောဇနာခြင်းကို ပြု ခဲ့သော် သမ္မုတိသစ္စာဒေသနာစကားမျိုးဖြစ်နေသဖြင့် မုသာ ဝါဒမျှ မဖြစ်သောကြောင့် ဒိဋ္ဌိလည်း မဖြစ်တော့ပြီ၊လိုအပ်သော အတ္တ၏ အနက်သို့လည်း မရောက်တော့ပြီ၊အဘယ်ပါဌ်တို့ဖြင့် သိ အပ်သနည်းဟူမူကား……

ကုသ္သိတာနံ ပရမဇေဂုစ္ဆာနံ သော အာယောတိပိ ကာ ယော၊အင်္ဂပစ္စင်္ဂါနံ ကေသာဒီနဉ္စ ဓမ္မာနံ သမူဟာဌေန ဟတ္ထိ ကာယ ရထကာယာဒယော ဝိယ ကာယောတိပိ အဓိပ္ပေ တော–ဟူသော သတိပဋ္ဌာနအဋ္ဌကထာ……

သင်္ကေတဝစနံ သစ္စံ၊
လောကသမ္မုတိ ကာရဏာ။
ပရမတ္ထဝစနံ သစ္စံ၊
ဓမ္မာနံ ဘူတကာရဏာ။
တသ္မာ ဝေါဟာရကုသလဿ၊
လောကနာထဿ သတ္ထုနော။
သမ္မုတိံ ဝေါဟရန္တဿ၊
မုသာဝါဒေါ န ဇာယတီတိ။ ။

ဟူသော အနင်္ဂုတ္တိုရ်အဋ္ဌကထာပါဌ်တို့ကို ထောက်၍ သိ အပ်၏။

**အနက်ကား**……သော၊ ထိုရူပကာယသည်။ကုသ္သိတာနံ၊ စက် ဆုပ်အပ်ကုန်သော။ ပရမဇေဂုစ္ဆာနံ၊ အလွန်ရွံရှာဘွယ် ဖြစ်ကုန် သော ဆံပင်စသော ကောဋ္ဌာသတို့၏။ အာယော၊ ဖြစ်ရာအရပ် တည်း။ ဣတိပိ၊ ထို့ကြောင့်လည်း။ ကာယော၊ ကိုယ်မည်၏။

အင်္ဂပစ္စင်္ဂါနဉ္စ၊ အင်္ဂါကြီးငယ်တို့၏ရင်း။ ကောသာဒိနံ၊ဆံပင် အစ ရှိကုန်သော။ ဓမ္မာနဉ္စ၊ ရုပ်တရားအပေါင်းတို့၏ရင်း။ သမူဟာဒေ့နာ၊ အပေါင်းအစုဟူသော အနက်သဘောကြောင့်။ ဟတ္ထိကာယ ရထကာယာ ဒယောဝိယ၊ ဟတ္ထိကာယ, ရထကာယ-စသော သဒ္ဒါတို့ကဲ့သို့။ ကာယောတိပိ၊ ကာယဟူ၍လည်း။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

သင်္ကေတဝစနံ၊မိန်းမ, ယောကျ်ား,လင်, မယား, သား, သမီး, ဗြဟ္မာ,နတ်,လူစသော အမှတ်သင်္ကေတ စကားသည်။သစ္စံ၊မှန်၏။ ကသ္မာ၊ အဘယ့်ကြောင့် မှန်သနည်းဟူမူကား။ လောကသမ္မုတိ ကာရဏာ၊ လောကရှိ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ သမုတ်ခေါ် ဝေါ် ပြောဆိုထားကြခြင်းအကြောင်းကြောင့်တည်း။ပရမတ္ထဝစနံ၊ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,အနိစ္စ,ဒုက္ခ,အနတ္တစသော ပရမတ္ထ စကားသည်။သစ္စံ၊မှန်၏။ကသ္မာ၊အဘယ့်ကြောင့် မှန်သနည်းဟူမူ ကား။ ဓမ္မာနံ၊ ရုပ်နာမ်စသော သဘာဝဓမ္မတို့၏။ ဘူတကာရဏာ၊ ဟုတ်မှန်သော အဖြစ်လျှင် အကြောင်းရှိသည့်၏ အဖြစ်ကြောင့် တည်း။ ဝါ၊ဟောတော်မူသည့်အတိုင်း ဟုတ်မှန်ထင်ရှားသည့်၏ အဖြစ်ဟူသောအကြောင်းကြောင့်တည်း။

တသ္မာ၊ ထိုသို့ သစ္စာစကား နှစ်ပါးလုံးပင် ဟုတ်မှန်သော ကြောင့်။ သမ္မုတိံ၊ မိန်းမ,ယောကျ်ား စသော သမ္မုတိဒေသနာ သစ္စာစကားကို။ ဝေါဟရန္တဿ၊ ခေါ်ဝေါ် ပြောဆိုတော်မူသော။ ဝေါဟာရကုသလဿ၊ အခေါ်အဝေါ် အပြောအဆို၌ သိကျွမ်း တတ်မြောက်တော်မူသော။ လောကနာထဿ၊ လူသုံးပါးတို့၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော။သတ္ထုနော၊ဆရာဖြစ်တော် မူသောမြတ်စွာဘုရားအား။ မုသာဝါဒေါ၊ ချွတ်ယွင်းဖောက်ပြန် မမှန်မုသားသည်။နဇာယတိ၊မဖြစ်။

(ဒိဋ္ဌိအရာ၌ကား ဤသို့ မဟုတ်၊ဝိရုဒ္ဓတ္တာ ဂဟဏတောဝါ ဝိတထာ ဒိဋ္ဌိ-ဟူသော စကားအရ ချွတ်ချော်ယွင်းမှားသဖြင့် သစ္စာ စကားမျိုးမဖြစ်နိုင်လေ။)

## အတ္တမျိုးများ

ဤနေရာ၌ ရပ်တန့်၍ အနတ္တသုတ် ဒေသနာတော်ဖြင့် ပယ်ရှားတော်မူသော အတ္တ၊ ပယ်ရှားဟောပြတော်မူတိုင်း မလိုက်နာမူ၍ စွဲယူသဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်နိုင်,ဖြစ်တတ်သော တိတ္ထိတို့ကြံဆ၍ ယူအပ်သော အတ္တကိုပြသင့်၏၊ သို့ရာတွင် ဗုဒ္ဓဘာသာ ပါဠိတော်, အဋ္ဌကထာ,ဋီကာတို့၌ကား ဤ**ပရိကပ္ပိတ အတ္တ ဝါဒ**မျိုးကို ဆိုင်ရာဆိုင်ရာ အခွင့်တို့၌ ပယ်ရှား၍ အနည်းငယ်မျှသာ ဟောပြခွင့်ဆိုလျက်ရှိ၏၊ ဟိန္ဒီ, သက္ကတ ကျမ်းတို့၌ကား အထူးထူးအပြားပြားရှိကုန်၏၊ထို့ကြောင့် အနောက် မဇ္ဈိမ အိန္ဒိယနိုင်ငံသို့ သွားရောက်၍ သက္ကတကျမ်းစာတို့ကို လေ့လာ တတ်မြောက်တော်မူသော မန္တလေးမြို့ ဩဃုတိုက် "**အဘယာရာမ ဆရာတော်**" ရေးသားတော်မူသည့် အဘိဓာန်နိဿယသစ်မှ အနည်းငယ်ထုတ်နုတ်လျက် ပြပေအံ့။

အတ္တသည် ဇီဝအတ္တ, ပရမအတ္တ-ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတွင် **ဝိသေသိကဒဿန, နျာယဒဿန**–ကျမ်းဆရာတို့ကမူ သရီရ ဣန္ဒြိယ(ကိုယ်) (စက္ခုန္ဒြေ) စသည်တို့ကို အစိုးရသူ၊ ခန္ဓာ အိမ်ရှင်,သာမိ,( ဇာသရအတ္တ )ကို အယူရှိကြကုန်၏။ ။( ဤအတ္တမျိုးကိုရည်၍ "အနိဿရနဋ္ဌေန အနတ္တာ" ဟုပယ်၏။)

**မိမံသာကျမ်းဆရာတို့ကမူ**... ပဲခွပ်, ပဆိန် စသည်တို့ဖြင့် ဖြတ်ခြင်း,ခွဲခြင်း စသောကြိယာကို ပုဂ္ဂိုလ်, ကတ္တာ, ပြုလုပ်တတ်သူက ပြီးစေသကဲ့သို့ မြင်ခြင်း, ကြားခြင်းစသော ကိစ္စကို ကာရက (ကတ္တာ)အတ္တ-ကပြီးစေသည်ဟု အယူရှိကြကုန်၏။ ။(ဤအတ္တမျိုးတို့ကို ရည်၍ "အသာရကဋ္ဌေနာတိ အတ္တာ၊ နိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန" ဟူ၍ ပယ်တော်မူ၏။ )

**မိမံသာသချာကျမ်းဆရာတို့က** ....သုခ, ဒုက္ခကို ခံစားတတ်သော ဝေဒက, ဘောတ္တာ--ဟူသော အတ္တကို အယူရှိကြကုန်၏။



ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

(ဤအတ္တမျိုးကိုရည်၍ "အဇ္ဈတ္တရေ ကောစိ ဘုဉ္ဇကော အတ္တာ နာမ နတ္ထိ"ဟူ၍ ပယ်တော်မူ၏။)

ကျမ်းဆရာအလုံးစုံတို့ပင် နိဝါသီ၊ ခန္ဓာအိမ် ပျက်စီးသော်လည်း မပျက်စီးဘဲ အမြဲတည်သော အတ္တ၊ သယံဝသီ၊ သရီရ ဣန္ဒြိယတည်းဟူသော ကိုယ်,စက္ခုန္ဒြေစသည်တို့ကို မိမိတည်းဟူသော အတ္တ၏ အလိုသို့ လိုက်စေ၍ မိမိကမူ တစုံတခု၏အလိုသို့ မလိုက်သော အတ္တ၊ ခန္ဓာအိမ်၏ အကြီးအကဲ စိုးမံခန့်ခွဲတတ်သော အဓိဋ္ဌာယကအတ္တဟူ၍ ထင်မှတ် ပြောဆိုကြကုန်သော အတ္တတို့သည် ဇီဝအတ္တတို့မည်၏၊ ထိုအတ္တသည် ပရမာဏုမျှ အတိုင်းအရှည်ရှိ၏၊ နှလုံးအိမ်၌ တည်၏ဟု အချို့ကျမ်းဆရာတို့က ဆိုကြ၏။

**သာသနာတော်ကျမ်းတို့၌**……နိဂဏ္ဌနာဋပုတ္တ ဟု ထင်ရှားသော ဇိန(ဂျိန်း)ကျမ်းဆရာတို့ကမူ အတ္တသည် ခန္ဓာအိမ်ပမာဏ ရှိ၏၊ ခန္ဓာအိမ်ငယ်လျှင် အတ္တငယ်၏၊ ခန္ဓာအိမ်ကြီးလျှင် အတ္တကြီး၏ ဟု ဆိုကြကုန်၏၊ "ရေဘာ"ကဲ့သို့ ဟူသတည်း။

**ဝေဒန္တကျမ်းတို့၌ကား**……ထိုအတ္တသည် အလွန် ကြီးမားသော မနှိုင်းယှဉ် မပိုင်းခြားအပ်သော ပမာဏရှိ၏၊ ခန္ဓာဟောင်းကို စွန့်၍ ခန္ဓာသစ်ကို ရှာဘွေသော အခိုက်၌ အကြောင်းအားလျော်စွာ လက်မ,အပ်နဖါးထွင်းသော ရှုငယ်၏အဖျား,ထိုအောက် အငယ်ဆုံးချည်ကို အစိတ်တရာစိတ်၍ တစိတ်အတိုင်းအရှည် ပမာဏ ဟူသော နှိုင်းယှဉ် ပိုင်းခြားအပ်သော ပမာဏ ရှိသေး၏ဟုဆို၏။သရီရ, ဣန္ဒြိယ-စသည်တို့နှင့် တကွဖြစ်သော အတ္တသည် ဇီဝအတ္တမည်၏၊၎င်းသရီရ, ဣန္ဒြိယ–စသည်တို့မှ ကင်းသော အတ္တသည် ပရမအတ္တ၊ ဗြဟ္မတ္တမည်၏။

**ဉာယကျမ်းတို့၌ကား**……ခန္ဓာအိမ်တခုလျှင် အတ္တတခုစီ ကွဲပြားသည်ဟု ဆိုကြကုန်၏။

**မိတကွရာကျမ်း၌ကား**… နှလုံးသား အရပ်မှမဒရူပန်း၏ ဝတ်မှုံ မျှင်ကဲ့သို့ ထွက်သွားကုန်သော ဟိတ, အဟိတ–မည်ကုန်သော ချနှစ်သောင်း နှစ်ထောင်ကုန်သော အကြောတို့သည် ရှိကုန်၏၊ ထို အကြောအပေါင်းတို့တွင် ဣဠာ,ပိင်္ဂလာ, သုသုမ္ဏာ, မည်ကုန် သော အကြောကြီးသုံးချ ပါဝင်၏၊သုသုမ္ဏာ အကြောမသည် ကား တောင်ဝှေးကဲ့သို့ အထက်သို့ တည့်တည့်တက်၍ ဗြဟ္မရန္ဓ မည်သော အပေါက်သို့ ဆိုက်ရောက်၏၊ အကြင် အပေါက်ဖြင့် ထွက်သွားသော အတ္တသည် ဗြဟ္မာ့ပြည်သို့ရောက်၏၊ထိုအကြော သုံးချတို့၏အလယ်၌ လရောင်ကဲ့သို့သော အရောင်အဝန်းသည် ရှိ ၏၊ ထိုအရောင်အဝန်း၏ အလယ်၌ လေပြိမ်ရာ အရပ်၌ ထွန်းငြိ ထားသော ဆီမီးကဲ့သို့(အတ္တ)သည် မတုန်မလှုပ် တောက်ပလျက် တည်၏၊ ထိုအကြောင်းကို သိသောသူသည် တဘန် ပဋိသန္ဓေ မနေရတော့ပြီဟု ဆို၏။

**ကောကာရဏဝါဒ,ပကတိကာရဏဝါဒ၌ကား**…လောက ကို ဗိသုကာမိုး ဘန်ဆင်းမည်ရှိရာ မိမိ၏မာယာမည်သော သတ္တိဖြစ် သော ပကတိနှင့် ပုရိသကို ရှေးဦးစွာ ဘန်ဆင်း၏၊ ပကတိ သည် စိတ်စေတနာမရှိ၊ တူမှုသော သုခ၏ အကြောင်းဖြစ်သော ညွန်တည်းဟူသော သတ္တဂုဏ်,ဒုက္ခ၏ အကြောင်းဖြစ်သော ရာဂ တည်းဟူသော ရဇောဂုဏ်, မောဟ၏ အကြောင်းဖြစ်သော အာဝ ရ က တ ရား တည်း ဟူ သော–တမဂုဏ်, သုံးပါးအပေါင်းလျှင် အထည်ကိုယ်ရှိ၏၊ ခပ်သိမ်းသော ဗုဒ္ဓိ တတ္တ–ဟူသော, မဟာ အဘိမာနဟူသော,အဟင်္ကာရ စသော ဝိကာရဂုဏ်တို့၏ ဖြစ် ကြောင်း မျိုးစေ့ သဘောရှိ၏၊ ပုရိသဟူသော အတ္တနှင့် ပေါင်းစပ် မိလျှင် ချောက်ချားဘောက်ပြန်ခြင်းသို့ရောက်၍မဟာအဟင်္ကာရ, သဒ္ဒ,ဖဿ,ရူပ,ရသ,ဂန္ဓ,ကဏ္ဏ,တစ,စက္ခု,ဇိဝှါ,နာသိကာ,မုခ, ဟတ္ထ,ပါဒ,အဂ်ဓာတ,ဂုယှ,(ဝစ္စမဂ္ဂ)မန, အာကာသ, ဝါယု, တေ ဇ,ဇလ,ပထဝီ တည်းဟူသော ဝိကာရဂုဏ်တို့ဖြင့် ထာဝရ,ဇင်္ဂမ

ဖြစ်သောလောကကို ဖြစ်ပွါးစေခြင်းသဘောရှိ၏၊ထိုပကတိ,ပုရိသ ဝတ္ထု နှစ်ခုလုံးပင် အစမရှိ၊အဆုံးအပိုင်းအခြား မရှိ၊ရုပ်ပုံသဏ္ဌာန် မရှိ၊မပျက်စီးဘဲ အမြဲထာဝရ တည်၏၊ ပရ, အပရ နှစ်ပါးမရှိ၊ လောကအလုံးကို ပျံ့နှံ့၏၊ ထိုသို့ အစမရှိ နိစ္စချည်းပင် ဖြစ်သော်လည်း မဟာအဟင်္ကာရ စသော ဝိကာရဂုဏ်သည် ပုရိသ၌ မရှိ၊ပကတိ၌သာရှိ၍ ပကတိသည်သာ လောကကြီး၏ဖြစ်ကြောင်း ကာရဏဟု ကြောကာရဏဝါဒီတို့ ဆိုကြ၏၊ ထိုပကတိကို ဗိသဏိုး၏ မာယာဟူ၍လည်း ခေါ်၏၊ လူတိရစ္ဆာန်တို့၏ ကိုယ်တွင်း၌ ဤပကတိဟူသော မာယာရှိသောကြောင့် အထူးထူး အထွေထွေ ဘောက်ပြန်၏၊ ပကတိဝါဒ ကြောကာရဏဝါဒကား သင်္ချာဒဿန ကျမ်းဆရာ,ကပိလရသေ့ စသည်တို့၏ ဝါဒတည်း။ ။(ဤအတွေ မျိုးကို ရည်၍ "အဏု ပကတိ ပုရိသာဒိကဿ ဝါ ပဉ္စာပနာဝိ အဝိဇ္ဇမာန ပညတ္တိယော" ဟူ၍ ပယ်တော်မူ၏။)

ထိုဝါဒတို့နှင့် တွဲစပ်၍ မာဂဓကျမ်းတို့၌ ပြအပ်သော ဝိသေသိကဒဿနကျမ်းဆရာ, ကဏာဒရသေ့စသည်တို့၏ **အဏုဝါဒ အနေကကာရဏဝါဒ** ကား ဤသို့တည်း၊ ပထဝီမဟာဘုတ်သည် နိစ္စပထဝီ, အနိစ္စပထဝီဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပရမာဏုဖြစ်သော ပထဝီသည် နိစ္စ၊ ထို့ထက်ကြီးသော ပထဝီသည် အနိစ္စ၊ပရမာဏုဟူသည်ကား အိမ်နံရံပေါက်ဖြင့် အတွင်းသို့ ဝင်လာသော နေရောင်၌ လွင့်တက်နေသော အကြွင်မှုန်ကို လူတို့၏မျက်စေ့ဖြင့် မြင်ရ၏၊ ထိုမြင်ရသော မှုန်သည် တြသရေဏု မည်၏၊ထို၏ သုံးပုံတပုံသည် ဒွိအဏုကမည်၏၊ခြောက်ပုံတပုံသည် ပရမာဏုမည်၏၊ ထိုပရမာဏုနှင့် ဒွိအဏုကတို့ကို ပကတိ လူတို့၏ မျက်စေ့ဖြင့် မမြင်နိုင်၊ ကမ္ဘာပျက်သောအခါ ကြီးကုန် ကြီးကုန်သော ပထဝီတို့သည် ဒွိအဏုကတိုင်အောင် ကြေမွ ပျက်စီးကုန်၏၊ ဒွိအဏုက၏ အစိတ်ဖြစ်သော ပရမာဏုကား ဘယ်အခါမျှ မပျက်စီးလေ၊ ပရမာဏုတို့၏လည်း ပျက်စီးခြင်းကို

အကာယ်၍ အလိုရှိပြီးအံ့၊ အကြောင်းကင်းလျက် အကျိုးဖြစ်လေရာ၏၊ အကြောင်းကင်းလျက် အကျိုးသည် ဘယ်အခါ၌မျှ မဖြစ်နိုင်၊ ထို့ကြောင့် ပရမာဏုကား နိစ္စတည်း၊ အကြင်အခါ သတ္တာတို့၏ ကံ၏အကျိုးကို ခံစားရန်အချိန်သို့ ရောက်၏၊ ထိုအခါ မဟိဿရ-ဘန်ဆင်းသူ၏ အလိုအားဖြင့် နှစ်ခုနှစ်ခုသော ပရမာဏုတို့သည် ပေါင်းစပ်ကုန်၍ ဒွိအဏုကဖြစ်ကုန်၏၊ တဘန်သုံးခုသော ဒွိအဏုကတို့သည် ပေါင်းစပ်ကုန်၍ တိအဏုက ဖြစ်ကုန်၏၊ ထိုနောက် စတုအဏုက ဖြစ်ကုန်၏၊ ဤသို့သော အစဉ်အားဖြင့် ကြီးစွာသော ပထဝီသည် ဖြစ်လေ၏။

အကြင်အခါ သတ္တာတို့၏ အကျိုးကိုခံစားရန် ကံ၏အစွမ်း သတ္တိသည် ကုန်ခန်း၏၊ ထိုအခါ မဟိဿရ၏အလိုဖြင့် ပရမာဏုတို့၏ ယှဉ်စပ်ခြင်းသည် ပျက်စီး၍ နှစ်ခုနှစ်ခုသော ပရမာဏုတို့၏ ကွဲပြားခြင်းသည် ဖြစ်လေ၏၊ ထိုနောက် ဒွိအဏုက ပျက်စီး၏၊ တဘန် တိအဏုက ပျက်စီး၏၊ ဤသို့သောနည်းဖြင့် ကြီးစွာသော ပထဝီသည် အလုံးစုံ ကြေမွပျက်စီး၍ ပရမာဏုမျှသာ ကြွင်းကျန်လေ၏၊ ထိုပရမာဏုတို့ကား မပျက်စီးဘဲ အမြဲတည်၏၊ ထိုပရမာဏုတို့၌ပင် မဟိဿရ၏ ကြံယာဖြစ်၍ ကြီးစွာသောပထဝီ ဖြစ်ရပြန်၏၊ ကြွင်းသော အာပေါ, တေဇော, ဝါယော, မဟာဘုတ်တို့၌လည်း ဤနည်းအတိုင်း သိလေ။

ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့က လောကကို ဘန်ဆင်းတတ်သူဟု ထင်မှတ်ပြောဆိုအပ်သော အရာသည် ''ပရမတ္တ'' မည်၏၊ ၎င်းကို သက္ကတဘာသာ, ဟိန္ဒီဘာသာအားဖြင့် (ဤဿွရ) ဟူ၍၎င်း, (ပရမေဿွရ) ဟူ၍၎င်း, (ပရမာတ္မာ) ဟူ၍၎င်း ခေါ်ဆို၏၊ ပါဠိဘာသာအားဖြင့် ''ဣဿရ, ပရမိဿရ, ပရမတ္တာ'' ဟု ခေါ်ဆိုအပ်၏၊ ပါရှင်ဘာသာအားဖြင့် ခုဒါ ခိုဒါ) အာရဗီဘာသာအားဖြင့် (အလ္လာဟ်) အင်္ဂလိပ်ဘာသာအားဖြင့် (ဂေါ့ဒ်) မြန်မာဘာသာအားဖြင့် ''ထာဝရဘုရား'' ဟုပြန်ဆို၏။

## ဤအတွဲမျိုးကိုခွဲခြားရေးသားရခြင်း

**လျှစ်လျူရှုထိုက်သော်လည်း**·····ဤယခု ပြဆိုအပ်ခဲ့ပြီးသော လောကီကျမ်းဆရာ အမျိုးမျိုးတို့၏ သူတပုံ ငါတခြား စိတ်ထင်ရာ ရေးသားကြသည့်တို့ကို လျှစ်လျူရှုခြင်းမှတပါး အခြားကျင့်ဆောင်ဘွယ် မရှိသဖြင့် မဟာဋီကာ၌ "ဉမ္မတ္တက ဝိပလ္လာသ သဒိသေ အသမ္ဗာသမ္ဗန္ဓပ္ပဝေဒိတေ ကာ တတ္ထ အညာ ပဋိပတ္တိ၊အညတြအဇ္ဈုပေက္ခဏတော" ဟူ၍ မိန့်တော်မူ၏။

**ထင်မှားမည်ကြောင့်**···ဤသို့ ပင်လျှစ်လျူရှုထိုက်သော်လည်း ဤအတွဲဝါဒတို့ကို မတွေ့ရက အပေါင်း တခဲနက်ဃနအားဖြင့် တည်နေသောအတ္တကိုပင် သဏ္ဍာယဒိဋ္ဌိအရာ၌ဆို၏၊ အနတ္တသုတ်ဒေသနာဖြင့်လည်း ဤအပေါင်းတခဲနက် ဃနအတ္တကိုပင် ပယ်တော်မူ၏ဟု အထင်မှားကြမည်ကြောင့် ခွဲခြား၍ ရေးသားလိုက်ရပေ၏။

**အတ္တဝါဒပျံ့နှံ့စဉ်က**······ထိုစကားကို ချဲ့၍ဆိုဦးအံ့, မြတ်စွာဘုရားသည် အိန္ဒိယနိုင်ငံ၌ မဇ္ဈိမတိုက်အဝင်အပါ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တော၌ ဝါဆိုလပြည့်နေ့ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူ၏၊ ထို့နောက် လပြည့်ကျော်ငါးရက်နေ့၌ အနတ္တသုတ်ကို ဟောကြားတော်မူ၏၊ ထို့နောက် သစ္စကနိဂဏ္ဌတို့၏ အတ္တအယူကို နှိမ်နင်းတော်မူ၏၊ ထိုအခါထိုအချိန်၌ အောက်တွင်ရေးပြခဲ့ပြီးသော တိတ္ထိတို့၏ အတ္တဝါဒ သဏ္ဍာယဒိဋ္ဌိဖြစ်နိုင်သော အယူသည် ပျံ့နှံ့လျက်တည်၏။ ထို့ကြောင့်······

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

အစရှိသော အနတ္တသုတ်ကို ဟောကြားတော်မူရ၏။

**အနက်မြန်မာပြန်ဆိုသော်ကား**……ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ရုပ်တရားသည်။အနတ္တာ၊ ဖြစ်ပျက်ကင်းပ သာရခန့်ခိုင် တည် နိုင်ခပ်သိမ်း မတိမ်းဘောက်လွဲ အမြဲ လ, နေ, သမုဒ္ဒရာ, မဟာ ပထဝီ, တောင်တို့အတူ တည်ရှိသော အတ္တဟူသည် မဟုတ်။ ဘိက္ခဝေ၊ရဟန်းတို့။ ဣဒံရူပံ၊ဤရုပ်တရားသည်။အတ္တာစ၊တိတ္ထိတို့ ကြံဆအပ်သော အမြဲထာဝရတည်သော အတ္တမျိုးသည်လည်း။ အဘဝိဿ၊ဖြစ်ငြားအံ့။ ဣဒံရူပံ၊ ဤရုပ်တရားသည်။ အာဗာဓာယ၊ နာကျင်ခြင်းငှါ၊နသံဝတ္တေယျ၊မဖြစ်ရာ။

**ပရိကပ္ပိတအတ္တကိုပယ်ကြောင်း**…ဤပါဠိဖြင့် အမြဲထာဝရ တည်၏၊ ဥပါဒ်, ဋ္ဌီ,ဘင်- မရှိဟူသော အတ္တမျိုးဖြစ်က မနာသောရုပ်မှ နာခြင်းသို့,မအိုသော ရုပ်မှ အိုသောရုပ်သို့ မရောက်ရာဟု ထိုပရိကပ္ပိတအတ္တကို ပယ် ကြောင်း ထင်ရှား၏။

**ကိုယ်ဟောအတ္တကိုပယ်က**……အကယ်၍ဤအတ္တအယူမျိုးကို မယူကုန်သော, အပေါင်းတခဲ နက်မျှကို ကိုယ်ဟုခေါ်ဆိုမှတ်ထင်ကုန်သော ဗုဒ္ဓသာသနာဝင် လူရှင်ရဟန်းတို့၏ ကိုယ်ဟောအတ္တကို ပယ်က ဆန့်ကျင်ဘက် အဓိပ္ပါယ်မရဖြစ်တော့အံ့။

**အဓိပ္ပါယ်မရ**……အဘယ်သို့ အဓိပ္ပါယ်မရသနည်းဟူမူ,ပဌမ အပိုဒ်၌ ( ၁ ) ချစ်သားတို့……ရုပ်တရားသည် ကိုယ်မဟုတ်၊ဒုတိယအပိုဒ်၌ ( ၂ ) ချစ်သားတို့……ရုပ်တရားသည် အကယ်၍ ကိုယ်ဖြစ်ငြားအံ့၊ တတိယအပိုဒ်၌( ၃ )ဤရုပ်တရားသည် နာကျင်ခြင်းငှါ မဖြစ်ရာ-ဟု အဓိပ္ပါယ်လာ၏၊ ထိုအနက်အရ လော ကဠ်ရှိသူတို့က မြတ်စွာဘုရား၏ တရားနှင့် ဆန့်ကျင်၍ (ကိုယ်ဟူ သည် အမြဲတည်၏၊ )(မပျက်မစီးတတ်)ဟု ယူဆနေကြကုန်သော် သာလျှင် ဤအနတ္တသုတ်ဖြင့် ကိုယ်မဟုတ်ဟု ပယ်ရှားဟောပြရာ

၏၊ကိုယ်ဖြစ်ရုံမျှဖြင့် ဤသို့ နိစ္စ,ဓုဝ,သဿတ သဘောဟုမယူဆကြကုန်၊ ထိုသို့မယူဆကြကုန်သောကြောင့် **ကိုယ်ဟော အတ္တကို အနတ္တသုတ်ဖြင့် မပယ်**၊ပရိကပ္ပိတအတ္တကိုသာ ပယ်တော်မူ၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, နေတ္တိအဋ္ဌကထာတို့၌······

> သဗ္ဗမ္ပိ တံ အနတ္တာ အသာရကဋ္ဌေန၊ အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ၊ကာရကော၊ဝေဒကော၊သယံဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿအဘာဝေန–ဟူ၍၎င်း, အနတ္တာတိ နတ္ထိ ဧတေသံ အတ္တာ ကာရက ဝေဒက သဘာဝေါ–ဟူ၍၎င်း မိန့်အပ်ပြီ။

**အနက်ကား**······သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။တံ၊ ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားသည်။ အသာရကဋ္ဌေန၊ထိရောသာရဘူတော-ဟုတိတ္ထိတို့ကြံဆအပ်သော အနှစ်သာရမျိုးမဟုတ်သောအနက်ကြောင့်။ အနတ္တာ၊အနတ္တမည်၏။ ဝါ၊နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ,သဿတိသမဟူသောအတ္တမျိုးမဟုတ်။အသာရကဋ္ဌေနာတိ၊အသာရကဋ္ဌေနဟူသည်ကား။အတ္တာ၊အတ္တသည်။ နိဝါသီ၊ အမြဲနေလေ့ရှိ၏။ ကာရကော၊ ပြုတတ်လုပ်တတ်၏။ ဝေဒကော၊ခံစားတတ်၏။ သယံဝသီ၊ မိမိအလိုသို့ လိုက်စေတတ်၏။ ဣတိဧဝံ၊ ဤသို့။ ပရိကပ္ပိတဿ၊ ကြံဆအပ်သော။ အတ္တသာရဿ၊နိစ္စစသော အတ္တဟူသော အနှစ်သာရ၏။ အဘာဝေန၊မရှိခြင်းကြောင့်။ ဣတိ အယံအတ္ထော၊ ဤသို့သောအနက်ကို။ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အနတ္တာတိ၊အနတ္တဟူသည်ကား။ ဧတေသံ၊ ထိုသင်္ခါရတရားတို့အား။ ကာရကဝေဒကသဘာဝေါ၊ ပြုလုပ်တတ်, ခံစားတတ်သောသဘောရှိသော။အတ္တာ၊အတ္တသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဝါ၊ တိတ္ထိတို့ကြံဆအပ်သော အတ္တမျိုး မဟုတ်ကုန်သော သင်္ခါရတရားတို့မည်ကုန်၏။

**ဝေဒက အတ္တကိုပယ်ကြောင်း**……ဝေဒက သဘောရှိသော အတ္တကိုပယ်ရှားရာ အဋ္ဌကထာပါဠ်သည်ကား-အဇ္ဈတ္တံ့ရေ အတ္တာနာမ ကောစိ ဘုဥ္စကော နတ္ထိ၊ ဝုတ္တပ္ပကာရ စိတ္တကြိယာ ဝါယောဓာတု ဝိပ္ဖါရေနေဝ ပန ပတ္တ ပဋိဂ္ဂဟာဏံနာမ ဟောတိ……စသော သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်ပင်တည်း။

**အနက်ကား**……အဇ္ဈတ္တံ့ရေ၊ ကိုယ်တွင်း၌၊ ကောစိ၊ တစုံတခု သော။ ဘုဥ္စကော၊ ခံစားတတ်သော။ အတ္တာနာမ၊ ဝေဒကအတ္တ မည်သည်။နတ္ထိ၊မရှိ။ဝုတ္တပ္ပကာရ စိတ္တကြိယာ ဝါယောဓာတု ဝိပ္ဖါ ရေနေဝ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော စိတ်ကြောင့်ဖြစ်သော လေဓာတ်၏ တုန်လှုပ်သော အခြင်းအရာဟုဆိုအပ်သော ကာယ ဝိညတ်၏ အစွမ်းဖြင့်သာလျှင်။ ပတ္တ ပဋိဂ္ဂဟာဏံနာမ၊ သပိတ်ကို ခံယူခြင်းမည်သည်၊ ဟောတိ၊ဖြစ်၏။

ဤပါဠ်ဖြင့် သမ္မုတိသစ္စာအားဖြင့် ပြောဆို ခေါ်ဝေါ်အပ်သော အပေါင်းတခဲနက်ကိုယ်၏ အတွင်း၌ "ပရိကပ္ပိတ ဝေဒက အတ္တ" မျိုး မရှိကြောင်းကို ဘွင့်ပြ ပယ်ရှားတော်မူ၏၊ ကိုယ်တွင်း၌ "ကိုယ်မရှိ"ဟူသော အနက်သဘော မဖြစ်နိုင်၊ ဆင်ခြင်ရာ၏။

**ဤရှ ရ-စသည်ကို ပယ်ကြောင်း**…… ထိုနည်းအတူ ပဋိသမ္ဘိဒါ ဝိဘင်းအဋ္ဌကထာ၌လည်း ပုရိသ, အတ္တ-နှင့်, ဘန်ဆင်းတတ်သူ ဤရှ ရ, ဇာသရ, ပရမတ္တတို့ကို ပယ်သေး၏၊ ပယ်ရှားဘွင့်ဆိုရာသာဓက ပါဠ်ကား……

သံသာရေ ဝိမုဋ္ဌော "ခန္ဓာနဥ္စ ပဋိပါဋိ၊ဓာတု အာယတ နာနစ၊အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ" တိ ဧဝံ ဝဏ္ဏိတော သံသာရော၊တံ ဧဝံ အဂဏ္ဍှနော့ အယံသတ္တော အသ္မာ လောကာ ပရံလောကံ ဂစ္ဆတိ၊

ပရသ္မာ လောကာ ဣမံ လောကံ အာဂန္တွာတိတိ အာဒီနိ ဝိကပ္ပေတိ၊ သင်္ခါရာနံ လက္ခဏော ဝိမုဠှော သင်္ခါရာနံ သဘာဝလက္ခဏံ သာမညလက္ခဏဉ္စ အဂဏှန္တော သင်္ခါရေ အတ္တတော အတ္တနိယတော ဓုဝတော သုဘတော သုခတော ဝိကပ္ပေတိ၊ ပဋိစ္စသမုပ္ပန္နေသုဓမ္မေသု ဝိမုဠှော အဝိဇ္ဇာဒီဟိ သင်္ခါရာဒီနံ ပဝတ္တိံ အဂဏှန္တော အတ္တာ ဇာနာတိ ဝါ နဇာနာတိ ဝါ သော ဧဝ ကရောတိစ ကာရေတိစ၊သော ပဋိသန္ဓိယံ ဥပပဇ္ဇတိ၊တဿ အဏု ဣဿရာဒယော ကလလာဒိဘာဝေန သရီရံ သဏ္ဌပေတွာ ဣန္ဒြိယာနိ သမ္ပာဒေန္တိ၊သော ဣန္ဒြိယသမ္ပန္နော ဖုသတိ၊ ဝေဒယတိ၊ တဏှာယတိ၊ ဥပါဒိယတိ၊ ဃဋိယတိ……(ပ)……“သံသာရေ သံသရံ ဗာလော၊တထာ အပရိဏာယကော၊ကရောတိ ဧကဒါ ပုညံ၊အပုညမပိ ဧကဒါ” ဟူသတည်း။

**အနက်ကား**……သံသာရေ၊သံသရာ၌။ဝိမုဠှော၊တွေဝေသော ပုဂ္ဂိုလ်သည်။ “ခန္ဓာနဉ္စ၊ ခန္ဓာတို့၏ရင်း။ ဓာတု အာယတနာနံစ၊ ဓာတ်,အာယတနတို့၏ရင်း။အဗ္ဗောစ္ဆိန္နာ၊မပြတ်မစဲ။ဝတ္တမာနာ၊ဖြစ်သော။ပဋိပါဋိ၊အစဉ်ကို။သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။”ဣတိဧဝံ၊ ဤသို့။ သံသာရော၊ သံသရာကို။ဝဏ္ဏိတော၊ ဘွင့်ဆိုအပ်ပြီ။ တံ၊ထိုသံသရာကို။ ဧဝံ၊ ဤသို့ဘွင့်ဆိုအပ်သည့်အတိုင်း။အဂဏှန္တော၊ မယူမူ၍။ အယံသတ္တော၊ ဤသတ္တဝါသည်။ အသ္မာလောကာ၊ဤလောက ဤဘဝမှ။ ပရံ၊တပါးသော။လောကံ၊ လောကဘဝသို့။ဂန္တွာတိ၊သွား၏။ ပရသ္မာလောကာ၊တပါးသော လောကဘဝမှ။ ဣမံလောကံ၊ဤလောကဤဘဝသို့၊ အာဂန္တွာတိ၊ လာရောက်၏။ ဣတိအာဒီနိ၊ဤသို့စသည်တို့ကို။ ဝိကပ္ပေတိ၊ ကြံဆ၏။

သင်္ခါရာနံ၊သင်္ခါရ တရားတို့၏။လက္ခဏော၊သဘော လက္ခဏာ၌။ဝိမုဠှော၊တွေဝေသော ပုဂ္ဂိုလ်သည်။သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ သဘာဝလက္ခဏဉ္စ၊ ကက္ခဠတ္တ, ဖုသန-စသော သဘောလက္ခ

ဏာကိုရင်း၊ သာမညလက္ခဏာ၌၊ ရုပ္ပန, နမန, အနိစ္စ စသော ဆက်ဆံသော လက္ခဏာကိုရင်း။ အဂဏ္ဍန္တော၊ မယူမူ၍။ သင်္ခါရေ၊ ရုပ်, နာမ် ဝမှ သင်္ခါရတရားတို့ကို။ အတ္တတော စ၊ ကာရက,ဝေဒက-စသော အတ္တအားဖြင့်ရင်း။ အတ္တနိယတော စ၊ အတ္တ၏ ဥစ္စာအားဖြင့်ရင်း။ ဓုဝတော စ၊ မြဲမြံခိုင်ခန့်သော အနှစ်သဘော ရှိသောအားဖြင့်ရင်း။ သုဘတော စ၊ တင့်တယ်သောအားဖြင့်ရင်း၊ သုခတော စ၊ ချမ်းသာသော သဘောအားဖြင့်ရင်း။ ဝိကပ္ပေတိ၊ အထူးထူး အထွေထွေ ကြံဆ၏။

ပဒိုစ္စသမုပ္ပန္နဓမ္မေသု၊ ပဒိုစ္စသမုပ္ပါဒ်တရားတို့၌။ ဝိမုဠ္ဌော၊ တွေဝေသော ပုဂ္ဂိုလ်သည်။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့်။ သင်္ခါရာဒီနံ၊ သင်္ခါရစသော အကျိုးတရားတို့၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ အဂဏ္ဍန္တော၊ မယူမူ၍။ အတ္တာ၊ ကာရကစသောအတ္တသည်။ ဇာနာတိဝါ၊ သိတတ်၏ ဟူ၍ရင်း။ န ဇာနာတိဝါ၊ မသိတတ် ဟူ၍ရင်း။ သောဧဝ၊ ထိုအတ္တသည်ပင်လျှင်။ ကရောတိ စ၊ ပြုလုပ်တတ်၏ ဟူ၍ရင်း။ ကာရေတိ စ၊ ပြုလုပ်စေတတ်၏ဟူ၍ရင်း။ ဝိကပ္ပေတိ၊ အထူးထူး အထွေထွေကြံဆ၏။ သော၊ ထိုပုရိသဟူသောအတ္တသည်။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေ၌။ ဥပပဇ္ဇတိ၊ ကပ်၍ဖြစ်တတ်၏။ တဿ၊ ထိုပုရိသအတ္တကို။ အဏုဣဿရာဒယော၊ အဏုမြူဘန်ဆင်းတတ်သူ (ဣဿရ) ဟူသော အစိုးရသော ဂုဏ်ရှိသော ပရမတ္တ စသည်တို့သည်။ ကလလာဒိဘာဝေန၊ ကလလရေကြည်စသော အဖြစ်ဖြင့်။ သရီရံ၊ ကိုယ်ကို။ သဏ္ဍပေတွာ၊ ကောင်းစွာဖြစ်စေ၍။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့ကို။ သမ္ပာဒေန္တိ၊ ပြည့်စုံစေကုန်၏။ ဣန္ဒြိယသမ္ပန္နော၊ ဣန္ဒြေတို့နှင့် ပြည့်စုံသော။ သော၊ ထိုပုရိသအတ္တသည်။ ဖုသတိ၊ တွေ့ထိတတ်၏။ ဝေဒယတိ၊ ခံစားတတ်၏။ တဏှိယတိ၊ တပ်မက်တတ်၏။ ဥပါဒိယတိ၊ စွဲလမ်းတတ်၏။ ဃဋိယတိ၊ စပ်တတ်၏။ ဝါ—အားထုတ်တတ်၏။ ......(ပ)......''သံသာရေ၊ သံသရာ၌။ သံသရံ—သသရန္တော၊ ကျင်လည်သော။ **အပရိဏာယကော၊** ဘုရားစသော အကြီးအမှူး ဦးစီးရှေ့ဆောင် လမ်းပြမှ

ကင်းသော။ဗာလော၊အန္ဓပုထုဇန် လူမိုက်သည်။ တထာ၊ ထိုမျက်ကန်း လမ်းလျှောက်သောအခါ ညီညွတ်ရာ မညီညွတ်ရာ နိမ့်ရာ မြင့်ရာကို ရံခါရံခါ နင်းမိသွားမိသည့်အတူ။ ဧကဒါ၊ တရံတခါ။ ပုညံ၊ ကောင်းမှုကို။ ကရောတိ၊ ပြုတတ်၏။ ဧကဒါ၊ တရံတခါ။ အပုညမ္ပိ၊ မကောင်းမှုကိုလည်း။ ကရောတိ၊ ပြုတတ်၏။

**သဏ္ဌာယဒိဋ္ဌိဖြစ်ရန် ခဲယဉ်းပုံ**……ဤအထက်ပါ အဋ္ဌကထာ ပါဠိ၌ အပရိဏာယကော ဟူသော ပါဠ်ဖြင့် သမ္မာသမ္ဗုဒ္ဓဘုရားအစစ် အမှန်ကို မမှီခိုရသော ပုထုဇန်ပုဂ္ဂိုလ်တို့သည် အထူးထူးအထွေထွေ ကြံဆ၍ သဏ္ဌာယဒိဋ္ဌိစသည် ဖြစ်တတ်ကြောင်းပြသဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဟု အယူရှိကုန်သော ငါတို့ မြန်မာနိုင်ငံ၌ ဗုဒ္ဓ၏တပည့် လူရှင်ရဟန်းတို့၌ ရင်းတို့ကဲ့သို့ နိစ္စ,သုခ,အတ္တဟု အယူမရှိကြသဖြင့် သဏ္ဌာယဒိဋ္ဌိစသည်ဖြစ်ရန် ခဲခက်ကြောင်း ထင်ရှား၏။

ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌……

ဧဝ မေတေဟိ အသုတဝါ ပုထုဇ္ဇနောတိ ဒွိဟိ ပဒေဟိ ယေ တေ……

> “ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊
> ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ။
> အန္ဓော ပုထုဇ္ဇနော ဧကော၊
> ကလျာဏေကော ပုထုဇ္ဇနော”။

တိဒွေ ပုထုဇ္ဇနာ ဝုတ္တာ၊ တေသု အန္ဓပုထုဇ္ဇနော ဝုတ္တော ဟောတီတိ ဝေဒိတဗ္ဗော—ဟူ၍ ဘွင့်ဆိုတော်မူပြီ။

**အနက်ကား**……ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ အသုတဝါပုထုဇ္ဇနောတိ၊အသုတဝါ,ပုထုဇ္ဇနော ဟူကုန်သော။ ဒွိဟိ၊နှစ်ခုကုန်သော။ ဧတေဟိ ပဒေဟိ၊ ထိုပုဒ်တို့ဖြင့်။ “ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ၊အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေ

ကောပုထုဇ္ဇနောတိ၊ ဒွေ ပုထုဇ္ဇနာ ဝုတ္တာ…(ပ)…ကလျာဏော ကော ပုထုဇ္ဇနော ဟူ၍။ ဒွေ၊ နှစ်ယောက်ကုန်သော။ ယေ တေ ပုထုဇ္ဇနာ အကြင် ပုထုဇန်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေသု၊ ထို အန္ဓ,ကလျာဏ-ပုထုဇန်နှစ်ယောက်တို့တွင်။ အန္ဓပုထုဇ္ဇနော၊ ဉာဏ်အမြင်ကန်းသော ပုထုဇန်ကို။ ဝုတ္တော၊ သက္ကာယဒိဋ္ဌိဖြစ်ရာ ပုဂ္ဂိုလ်ဟူ၍ ဟောတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**အဋ္ဌကထာဘွင့်ဆိုပုံ**….. ဆက်၍ဆိုဦးအံ့၊ သက္ကာယဒိဋ္ဌိ ဟူသော ပုဒ်၌ "သသဒ္ဒအတ္ထနော၊ မိမိ၏။ ကာယော၊ ခန္ဓာကာယတည်း။ သက္ကာယေ၊ မိမိ၏ခန္ဓာကာယ။ သက္ကာယေ၊ မိမိ၏ ခန္ဓာကာယ၌။ ဒိဋ္ဌိ၊ ငါ့ကိုယ်ဟု စွဲယူသော ဒိဋ္ဌိတည်း။ သက္ကာယဒိဋ္ဌိ၊ မိမိ၏ ခန္ဓာကာယ၌ ငါ့ကိုယ်ဟု စွဲယူသော ဒိဋ္ဌိ" ဟူ၍ အဋ္ဌကထာဆရာဘွင့်ဆိုတော်မမူဘဲ "သက္ကာယေ၊ ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာကာယ၌။ ဒိဋ္ဌိ၊ အတ္တဟု စွဲယူသော ဒိဋ္ဌိတည်း။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာကာယ၌ အတ္တဟု စွဲယူသောဒိဋ္ဌိ" ဟူ၍ အဘယ့်ကြောင့် ဘွင့်ဆိုသနည်း ဟူမူ, ဒိဋ္ဌိ၏ မှားသောအားဖြင့် စွဲယူသော နိစ္စ,ဓုဝစသော အတ္တ၏ ထင်ရှားမရှိခြင်း,စွဲယူရာ ရုပ်နာမ်စသော ဖောက်ပြန်တတ်သော သဘောရှိသော ခန္ဓာတို့၏သာလျှင် ထင်ရှားရှိခြင်းကို ပြတော်မူလိုသဖြင့် ကာယ–ပုဒ်ကို အတ္တဝါစက,သ–ပုဒ်ဖြင့် အထူးမပြုဘဲ ဝိဇ္ဇမာနပုဒ်ဖြင့်အထူးပြု၍ "ဝိဇ္ဇမာနော ကာယော" ဟူ၍ ဘွင့်ဆိုတော်မူရ၏။

**အထောက်အထား**…..အဘယ်ပါဠိဖြင့်ဤအနက်သဘောကို သိအပ်သနည်းဟူမူ……

ဒိဋ္ဌိယာ ဂဟိတော အတ္တာ န ဝိဇ္ဇတိ၊ ယေသု ပန ဝိပလ္လတ္ထဂ္ဂါဟော၊ တေ ဥပါဒါနက္ခန္ဓာ ဝိဇ္ဇန္တိ၊ တသ္မာ ယသ္မိံ အဝိဇ္ဇမာန နိစ္စာဒိ ဝိပရိယေသာကာရဂဟဏံ

အတ္ထိ၊ သောဝ ဥပါဒါနက္ခန္ဓပဉ္စကသင်္ခါတော ကာယော တတ္ထ နိစ္စာဒိအာကာရေသု အဝိဇ္ဇမာနတာ ဒဿနတ္ထံ ရုပ္ပနာဒိသဘာဝသော စ ဝိဇ္ဇမာနတာဒဿနတ္ထံ ဝိဇ္ဇမာနော ကာယောတိ ဝိသေသေတွာ ဝုတ္တော—ဟူသော မူလဋီကာပါဌ်ဖြင့် သိအပ်၏။

**အနက်ကား**····· ယသ္မာ၊အကြင့်ကြောင့်။ (ထည့်ပေး)ဒိဋ္ဌိယာ၊ ဒိဋ္ဌိသည်။ ဂဟိတော၊စွဲယူအပ်သော။ အတ္တာ၊နိစ္စ,ဓုဝစသော ပရိကပ္ပိတအတ္တသည်။ နဝိဇ္ဇတိ၊ ထင်ရှားမရှိ၊ ယေသု၊အကြင်ဥပါဒါနက္ခန္ဓာတို့၌။ ဝိပလ္လတ္ထဂ္ဂါဟော၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်း ဂါဟသည်။ ဟောတိ၊ဖြစ်၏။ တေဥပါဒါနက္ခန္ဓာဝ၊ဖောက်ပြန်၍ အတ္တဟု မြဲခိုင်စွာစွဲယူရာ ထိုဥပါဒါနက္ခန္ဓာတို့သည်သာလျှင်။ ဝိဇ္ဇန္တိ၊ထင်ရှားရှိကုန်၏။တသ္မာ၊ထိုသို့ဒိဋ္ဌိသည် ဖောက်ပြန်၍ စွဲယူအပ်သော ပရိကပ္ပိတအတ္တကား ထင်ရှားမရှိ၊ ဖောက်ပြန်စွဲယူရာ ဥပါဒါနက္ခန္ဓာတို့သည်သာလျှင် ထင်ရှားရှိသောကြောင့်။ ယသ္မိံ ကာယေ၊အကြင်ရုပက္ခန္ဓာစသော တခုခုသောခန္ဓာကာယ၌။အဝိဇ္ဇမာနနိစ္စာဒိ ဝိပရိယေသာကာရဂဟဏံ၊ ထင်ရှားမရှိသော နိစ္စစသော ဖောက်ပြန်သော အခြင်းအရာအားဖြင့် ယူခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဥပါဒါနက္ခန္ဓပဉ္စကသင်္ခါတော၊ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါင်းဟု ဆိုအပ်သော။သောဝ ကာယော၊ ထိုကာယကိုသာလျှင်။(ဝုတ္တော၌ စပ်)တတ္ထ၊ထိုဒိဋ္ဌိ၏မှားသောအားဖြင့်စွဲယူရာ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါင်းကာယ၌။ နိစ္စာဒိအာကာရေသု၊ နိစ္စစသော အခြင်းအရာ၏။ အဝိဇ္ဇမာနတာ ဒဿနတ္ထံစ၊ ထင်ရှားမရှိသောအဖြစ်ကို ပြခြင်း အကျိုးငှါလည်း။ ရုပ္ပနာဒိသဘာဝသော၊ ဖောက်ပြန်ပျက်စီးခြင်း အစရှိသောသဘော၏သာလျှင်။ ဝိဇ္ဇမာနတာဒဿနတ္ထံစ၊ထင်ရှားရှိသောအဖြစ်ကိုပြခြင်းအကျိုးငှါလည်း။ ဝိဇ္ဇမာနော ကာယောတိ၊ ဝိဇ္ဇမာနောကာယော ဟူ၍။ ဝိသေသေတွာ၊ ကာယပုဒ်ကို ဝိဇ္ဇမာနပုဒ်ဖြင့် အထူးပြု၍။ အဋ္ဌကထာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တော၊ဆိုအပ်၏။

## သက္ကာယဒိဋ္ဌိမဖြစ်နိုင်ပုံ

**သက္ကာယဒိဋ္ဌိမဖြစ်**……ဤမျှ အတိုင်းအရှည်ရှိသော ပါဠိတော်, အဋ္ဌကထာ, ဋီကာပါဌ်တို့ဖြင့် သမ္မုတိ သစ္စာစကားအတိုင်း သတ္တဝါ, ပုဂ္ဂိုလ်, မိန်းမ, ယောကျ်ား, သား, သမီး, ကျွဲ, နွား စသည် ခေါ်ဝေါ်ပြောဆိုမှု, ပြောဆိုသည့်အတိုင်း လည်း သတ္တဝါ,ပုဂ္ဂိုလ်, မိန်းမ, ယောကျ်ား, သား, သမီး, ကျွဲ,နွား စသည် ထင်မှတ်မှု, ၎င်းတို့၌ တပ်မက်မှုတို့သည် မုသာဝါဒမျှမ ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိမဖြစ်ကြောင်းကို ထင်ရှားသိသာ၏။

**သညာဝိပလ္လာသစသည်မျှသာ**……သိသာခဲ့သော် သန္တာန် တခဲနက်,အပေါင်းတခဲနက် ဟုဆိုအပ်သော ထိုသန္တတိဃန, သမူဟဃနကို မိန်းမ,ယောကျ်ား စသည် ထင်မှတ်တပ်မက်မှုသည် မည်သည့်အရာမျိုး ဖြစ်လေ သနည်းဟူမူ,သညာဝိပလ္လာသ,စိတ္တဝိပလ္လာသ, သတ္တသမ္မောဟ, တဏှာမညနာ, မာနမညနာ, ဝိပိက်ဗ္ဗာတို့သာ အရာ၌သာ အခွင့် အာရုံအားလျော်စွာ ဖြစ်ကုန်၏ဟု မှတ်ရာ၏။

**အထောက်အထား**……အဘယ်ပါဌ်တို့ဖြင့် ဤသညာဝိပလ္လာ သ စသည်တို့သာ ဖြစ်ကြောင်းကို သိမှတ်ရာသနည်းဟူမူ……

### သညာဝိပလ္လာသမျှ သာဓက

(က) တတ္ထ လက္ခဏပထဝီ, သသမ္ဘာရပထဝီ, အာရမ္မဏပထဝီ, သမ္မုတိပထဝီတိ စတုဗ္ဗိဓာပထဝီ၊……

(ပ)……တာသု ယံကိဉ္စိ ပထဝိံ အယံ ပုထုဇ္ဇနော ပထဝီ တော သဉ္ဇာနာတိ၊ပထဝီတိ သဉ္ဇာနာတိ၊ပထဝီဘာဂေန သဉ္ဇာနာတိ လောကဝေါဟာရံ ဂဟေတွာ သညာ ဝိပလ္လာသေန သဉ္ဇာနာတိ ပထဝီတိ၊ ဧဝံ ပထဝီဘာဂံ အမုဉ္စန္တောယေဝ ဝါဧဝံ သတ္တောတိဝါ သတ္တဿာတိဝါ အာဒိနာနယေန သဉ္ဇာနာတိ–ဟူသော မူလပရိယာယ သုတ်အဘွင့် အဋ္ဌကထာ……

(ခ) သညာဝိပလ္လာသော သဗ္ဗမုဒုကော၊ အနိစ္စာဒိကာသု ဝိသယာသု မိစ္ဆာဝသေန ဥပဋ္ဌိတာကာရဂ္ဂဟဏာ မတ္တံ၊ မိဂပေါတကာနံ တိဏပုရိသကေသု ပုရိသောတိ ဥပ္ပန္နသညာဝိယ။

ဟူသော နေတ္တိအဋ္ဌကထာပါဠိတို့ဖြင့် (သညာဝိပလ္လာသ၊ အမှတ်သညာ၏ ဖောက်ပြန်မှု)ကို သိမှတ်ရာ၏။

**အနက်ကား**……(က) တတ္ထ၊ ထိုပထဝီဟူသောပုဒ်၌။ လက္ခဏပထဝီ၊ ကက္ခဠလက္ခဏာဟုဆိုအပ်သော ပထဝီရင်း။ သသမ္ဘာရပထဝီ၊ မြေမြေ, ရွှံ့မြေ, တောင်မြေစသော သသမ္ဘာရပထဝီရင်း။ အာရမ္မဏပထဝီ၊ ကသိုဏ်းနိမိတ်ပြုလုပ်စီးဖြန်းသော အာရမ္မဏပထဝီရင်း။သမ္မုတိပထဝီ၊လူ့ပြည့်မှ ပထဝီကသိုဏ်းဖြင့် ဈာန်ရ၍ ဖြဟ္မာ့ပြည်သို့ရောက်သောအခါ အမည်အားဖြင့် ပထဝီဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော သမ္မုတိပထဝီရင်း။ ဣတိ၊ ဤသို့။ ပထဝီ၊ ပထဝီသည်။စတုဗ္ဗိဓာ၊ လေးပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။…

(ပ)…တာသု၊ထိုလေးပါးသော ပထဝီတို့တွင်။အယံပုထုဇ္ဇနော၊ ဤပုထုဇနသည်။ယံကိဉ္စိပထဝိံ၊အမှတ်မရှိတစုံတခုသော ပထဝီကို။ ပထဝိတော၊ ပထဝီအားဖြင့်။သဉ္ဇာနာတိ၊ အမှတ်ပြု၍ သိ၏။ ပထဝီတိ၊ပထဝီဟူ၍။သဉ္ဇာနာတိ၊အမှတ်ပြု၍ သိ၏။ ပထဝီဘာဂေန၊ ပထဝီဟူသောအဘို့အားဖြင့်။ သဉ္ဇာနာတိ၊အမှတ်ပြု၍ သိ၏။ လောကဝေါဟာရံ၊ လောကအခေါ်အဝေါ်ကို။ ဂဟေတွာ၊ယူ၍။ သညာဝိပလ္လာသေန၊ အမှတ်၏ဖောက်ပြန်ခြင်းဖြင့်။ ပထဝီတိ၊ ပထဝီဟူ၍။သဉ္ဇာနာတိ၊အမှတ်ပြု၍ သိ၏။ဧဝံ၊ ဤသို့။ ပထဝီဘာဂံ၊ ပထဝီဟူသောအဘို့ကို။အမုဥ္စန္တော ယေဝ၊ မလွှတ်မူ၍သာလျှင်ရင်း။ ဧဝံ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း။ သဥ္ဇာနာတိ ပါ၊ သဥ္ဇာပါဟူ၍ရင်း။သဥ္ဇာနာတိပါ၊သဉ္ဇာပါ၏ဥစ္စာဟူ၍ရင်း။ ဣတိအာဒိနာနယေန၊ဤသို့အစရှိသောနည်းဖြင့်။သဉ္ဇာနာတိ၊အမှတ်ပြု၍ သိ၏။

(ခ) သညာဝိပလ္လာသော၊ အမှတ်သညာ၏ ဖောက်ပြန်ခြင်းသည်။သဗ္ဗမုဒုကော၊အလုံးစုံသော စိတ်၏ ဖောက်ပြန်ခြင်း, ဒိဋ္ဌိ၏

ဖောက်ပြန်ခြင်းတို့အောက် သိမ်မွေ့သည်။ ဟောတိ၊ ဖြစ်၏။ အနိစ္စာနိကာသ၊ အနိစ္စအစရှိသော။ ဝိသယာသ၊ အာရုံ၏။ မိစ္ဆာဝသေန၊ မှားသောနိစ္စစသော အစွမ်းဖြင့်။ ဥပဋ္ဌိတာကာရဂ္ဂဟဏမတ္တံ၊ ထင်သောအခြင်းအရာကိုယူကာမျှသည်။ ဟောတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နိစ္စစသော အစွမ်းဖြင့် ထင်သောအခြင်းအရာ အာရုံကို ယူကာမျှ ဖြစ်သနည်းဟူမူကား။ မိဂပေါတကာနံ၊ လယ်ခင်း၌ ကောက်ပင်ကိုစားလေ့ရှိကုန်သော သမင်ပေါက်ငယ်တို့၏။ တိဏပုရိသကေသု၊ လယ်စောင့်ယောက်ျားဟန် ပြုလုပ်၍ ထားသော ယောက်ျားရုပ်တို့၌။ ပုရိသောတိ၊ ယောက်ျားစစ်ဟူ၍။ ဥပ္ပန္နသညာဝိယ၊ ဖြစ်သော အမှတ်သညာကဲ့သို့တည်း။

[ဤပါဠိတို့ဖြင့် နိစ္စဟုထင်သော အာရုံကို ယူကာမျှသည် သက္ကာယဒိဋ္ဌိမဖြစ်သေး''သညာဝိပလ္လာသ''မျှ ဖြစ်သေးကြောင်းပြ၏။]

## စိတ္တဝိပလ္လာသမျှ သာဓက

စိတ္တဝိပလ္လာသော တထော ဗလဝတရော၊ အမဏိအာဒိကေ ဝိသယေ မဏိအာဒိအာကာရေန ဥပဋ္ဌဟန္တော တထာ သန္နိဋ္ဌာနံ ဝိယ နိစ္စာဒိတော သန္နိဋ္ဌာနမတ္တံ။

ဟူသော နေတ္တိအဋ္ဌကထာပါဠိဖြင့် (စိတ္တဝိပလ္လာသ၊ အသိ၏ ဖောက်ပြန်မှု)ကို သိရာ၏။

**အနက်ကား**……စိတ္တ ဝိပလ္လာသော၊ စိတ်၏ ဖောက်ပြန်ခြင်းသည်။ တတော၊ ထိုသညာဝိပလ္လာသထက်။ ဗလဝတရော၊ သာလွန်အားကောင်းသည်။ ဟောတိ၊ ဖြစ်၏။ အမဏိအာဒိကေ၊ ပတ္တမြားစသည်မဟုတ်သော။ ဝိသယေ၊ အာရုံ၌။ မဏိအာဒိ အာကာရေန၊ ပတ္တမြားစသော အခြင်းအရာအားဖြင့်။ ဥပဋ္ဌဟန္တော၊ ထင်လတ်သည်ရှိသော်။ တထာ၊ ထိုထင်မှတ်သည့်အတိုင်း။ သန္နိဋ္ဌာနံဝိယ၊ ဆုံးဖြတ်သကဲ့သို့။ နိစ္စာဒိတော၊ နိစ္စစသောအားဖြင့်။ သန္နိဋ္ဌာနမတ္တံ၊ ဆုံးဖြတ်ကာမျှသည်။ ဟောတိ၊ ဖြစ်၏။

[ဤပါဌ်ဖြင့်လည်း နိစ္စစသောအားဖြင့် ထင်မှတ်ရုံမျှ မက, ဆုံးဖြတ်ကာမျှတိုင် ရောက်သော်လည်း ဒိဋ္ဌိဝိပလ္လာသ မဖြစ်သေး၊ "စိတ္တဝိပလ္လာသ"မျှ ဖြစ်သေးကြောင်းပြ၏။]

## သတ္တသမ္မောဟ သာဓက

နာမရူပမတ္တတာယ အဝိနိစ္ဆိတတ္တာ သန္တာနာဒိဃနဘေဒဿ စ အကတတ္တာ အဘိနိဝေသေန ဝိနာ သမူဟောကတ္တဂ္ဂဟာဇာဝသေန သတ္တောတိ ပဝတ္တော သမ္မောဟော သတ္တသမ္မောဟော၊ တဿ ဝိက္ခမ္ဘနံ့နာ အသမ္မောဟာဘူမိ။

ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်ဖြင့်(သတ္တ သမ္မောဟ၊သတ္တဝါဟုမှတ်ထင်တွေဝေမှု)ကို သိရာ၏။

**အနက်ကား**……နာမရူပမတ္တတာယ၊ နာမ်ရုပ်နှစ်ပါးမျှ၏အဖြစ်ကို။ဝါ၊ အဖြစ်၏။ အဝိနိစ္ဆိတတ္တာစ၊ မဆုံးဖြတ်အပ်သေးသည်၏ အဖြစ်ကြောင့်ရင်း။ သန္တာနာဒိဃနဘေဒဿ၊ သန္တာန်တခဲနက်, အာရုံတခဲနက်စသည်တို့ကို ဉာဏ်ဖြင့်ဖျက်ဆီးခြင်းကို။ ဝါ၊ ဖျက်ဆီးခြင်း၏။ အကတတ္တာစ၊ မပြုအပ်ဘူးသေးသည်၏ အဖြစ်ကြောင့်ရင်း။အဘိနိဝေသေန၊နိစ္စ, ရုပ—စသော မှားသော နှလုံးသွင်းခြင်းဒိဋ္ဌိနှင့်။ဝိနာ၊ကင်း၍။ဝါ၊မယှဉ်မူ၍။ သမူဟောကတ္တဂ္ဂဟာဇာဝသေန၊ အပေါင်း၏အဖြစ်,တခုတည်း၏ အဖြစ်ကို ယူသည်၏အစွမ်းအားဖြင့်။ သတ္တောတိ၊သတ္တဝါဟူ၍။ပဝတ္တော၊ဖြစ်သော။သမ္မောဟော၊ထက်ဝန်းကျင်မှ တွေဝေခြင်းသည်။ သတ္တသမ္မောဟော၊ သတ္တသမ္မောဟမည်၏။ တဿ၊ထိုသတ္တဝါဟုထင်မှတ်တွေဝေနေသော မောဟကို။ဝိက္ခမ္ဘနံ့နာ၊ခွါခြင်းသည်။ အသမ္မောဟာဘူမိ၊ ဝိပဿနာဉာဏ်၏အရာ အသမ္မောဟာဘူမိ မည်၏။

[ဤပါဌ်ဖြင့် နာမ်ရုပ်နှစ်ပါးကိုပိုင်းခြားသော နာမရူပပရိစ္ဆေဒဉာဏ်မျှကို မပွါးများရသေး, အနိစ္စစသောဉာဏ်တို့ဖြင့် သန္တာန်

အစဉ်,တခဲနက်တို့ကို ဖျက်ဆီးခြင်း, ပွါးများခြင်း မပြုလုပ်ရသေး သောကြောင့် မှားသောနှလုံးသွင်းခြင်းဒိဋ္ဌိနှင့် ကင်းလျက်လည်း ''**သတ္တသမ္မောဟ**''သတ္တဝါဟု တွေဝေခြင်းဖြစ်နိုင်ကြောင်းပြ၏၊ မောဟဟူသည် သောတာပန်စသည်တို့၌ပင် ရှိသေး၏။]

**တဏှာမညနာမျှ သာဓက**

(က) အယဉ္စ ကေသာဒိသု ဆန္ဒရာဂံ ဇနေတိ၊ ကေ သေ အဿာဒေတိ၊ အဘိနန္ဒတိ၊အဘိဝဒတိ၊ အဇ္ဈောသာ ယ တိဋ္ဌတိ၊လောမေ,နခေ,ဒန္တေ, တစံ,အညတရံဝါ ပန ရုစ္စနီယဝတ္ထုံ၊ ဇဝံ အဇ္ဈတ္တိကံ ပထဝိံ တဏှာမညနာယ မညတိ၊ဆူတိ မေ ကေသာ သိယုံ အနာဂတမဒ္ဓါနံ၊ ဆူတိ လောမာတိအာဒိနာဝါ ပန နယေန တတ္ထ နန္ဒိံ သမန္နာနေ တိ၊ဆူမိနာဟံ သီလေန ဝါ ဖြပ္ပစရိယေန ဝါ ဇဝံ သိနိဒ္ဓ မုဒု သုခုမ နီလ ကေသော ဘဝိဿာမိတိ အာဒိနာဝါ ပန နယေန အပ္ပဋိလဒ္ဓါနံ ပဋိလာဘာယ စိတ္တံ ပဏိဒဟတိ၊ ဇဝမ္ပိ အဇ္ဈတ္တိကံ ပထဝိံ တဏှာမညနာယ မညတိ– ဟူသော မူလပဏ္ဏာသဋ္ဌကထာ......

(ခ) ဆူဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော အရိ ယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယ ဓမ္မေ အဝိနီတော......(ပ)···ဘူတေ မေတိ မညတိ၊ တံ ကိဿဟေတု၊အပရိညာတံ တဿာတိ ဝဒါမိ–ဟူသော မူလပဏ္ဏာသသုတ်......

(ဂ) ယာနိဓ ဘူတာနိ သမာဂတာနိ ဇွေ့ အဓ နွှဲသော......(ပ)......သဇ္ဇဝနိက္ခိပိဿန္တိ၊ ဘူတာလော ကေ သမုဿယန္တိ ဇွေ့ သဂ္ဂြေသု......(ပ)......ဆူဓပနာယံ သဂ္ဂြေသု ဝဂ္ဂတိ။

(ဃ) ဘူတေ မေတိ မညတိတိဇွေ့ ပန ဇောာ တဏှာ မညနာဝ လဗ္ဘတိ၊ယာစာယံ မမ ပုတ္တာ, မမဓီတာ, မမအဇေဋ္ဌကာ, ကုက္ကုဋ ဒွ သူကရာ, ဟတ္ထိ,ဂဝဿ ဝဋ္ဋဝါ,

တိ ဧဝမာဒိနာနယေန၊ မမာယတော ပဝတ္တတီတိ ဝေဒိ
တဗ္ဗာ။

ဟူသော ဗင်းသုတ်အဖွင့် အဋ္ဌကထာပါဠိတို့ဖြင့် (တဏှာမညနာ၊တဏှာတည်းဟူသော မှတ်ထင်ခြင်း)ကို သိရာ၏။

**အနက်ကား**……(က) ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အယံ၊ ဤအန္ဓပုထုဇန်သည်။ ကေသာဒိသု၊ ဆံပင်အစရှိသည်တို့၌။ ဆန္ဒရာဂံ၊စုံမက်နှစ်သက်သော ဆန္ဒရာဂကို။ ဇနေတိ၊ ဖြစ်စေ၏။ ကေသေ၊ဆံပင်တို့ကို။လောမေ၊မွေးညှင်းတို့ကို။နခေ၊ခြေသည်းလက်သည်းတို့ကို။ဒန္တေ၊သွားတို့ကို။တစံ၊အရေထူအရေပါးကို။ အညတရံဝါ၊တပါးပါးလည်းဖြစ်သော။ရဇ္ဇနီယဝတ္ထုံ၊ နှစ်သက်ဘွယ်ရှိသောဝတ္ထုကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ အလွန်စုံမက်နှစ်သက်၏။အဘိဝဒတိ၊ချီးမွမ်းနှစ်လို အလွန်ပင်ပြောဆို၏။ အဇ္ဈောသာယ၊တဏှာဖြင့် မျိုသိပ်ပြီးဆုံးစေ၍။ တိဋ္ဌတိ၊ တည်၏။ ဧဝံ၊ဤသို့။အဇ္ဈတ္တိကံ၊အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ပထဝိ ၊ ပထဝီဓာတ်ကို။တဏှာမညနာယ၊ တဏှာမညနာဖြင့်။မညတိ၊ မှတ်ထင်၏။မေ၊ငါ၏။ကေသာ၊ဆံပင်တို့သည်။ဣတိ၊ဤသို့လျှင်။ အနာဂတမဒ္ဓါနံ၊ နောင်ဖြစ်လတ္တံ့သော အဓွန့်ကာလ၌။ သိယုံ၊ဖြစ်ကုန်ရာ၏။ ဣတိ၊ဤသို့လျှင်။လောမာ၊မွေးညှင်းတို့သည်။သိယုံ၊ ဖြစ်ကုန်ရာ၏။ ဣတိအာဒိနာဝါနယေန၊ ဤသို့အစရှိသောနည်းဖြင့်။ တတ္ထ၊ထိုဆံပင်စသောကောဋ္ဌာသတို့၌။နန္ဒိံ၊နန္ဒီရာဂကို။သမန္နာနေတိ၊ ကောင်းစွာဆောင်၏။အဟံ၊ငါသည်။ဣမိနာသီလေနဝါ၊ ယခုဆောက်တည်ရသောဤသီလကြောင့်ရင်း။ ဣမိနာဗြဟ္မစရိယေနဝါ၊ မြတ်သောဤအကျင့်ကြောင့်ရင်း။ ဧဝံ၊ ဤသို့သဘောရှိသော။ သိနိဒ္ဓ မုဒုသုခုမနီလကေသော၊ နူးညံ့သိမ်မွေ့ ပြော့ပျောင်း ကောင်းမြတ်ညိုလွင်သော ဆံပင်ရှိသည်။ဘဝိဿာမိ၊ဖြစ်ရလို၏။ ဣတိအာဒိနာဝါနယေန၊ဤသို့အစရှိသော နည်းဖြင့်မူလည်း။အပ္ပဋိလဒ္ဓါနံ၊ မရအပ်ကုန်သေးသောဆံပင်တို့ကို။ပဋိလာဘာယ၊ရပါစေခြင်းငှါ။ စိတ္တံ၊ စိတ်ကို။ပဏိဒဟတိ၊ဆောက်တည်၏။ ဧဝမ္ပိ၊ ဤသို့ နောင်ကာလ

အလိုဌါ တောင့်တဆောက်တည်သော်လည်း။အဇ္ဈတ္တိကံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ပထဝိံ၊ ပထဝီဓာတ်ကို။ တကဏ္ဍာမညနာယ၊ တကဏ္ဍာဟူသော ထင်မှတ်ခြင်းဖြင့်။မညတိ၊မှတ်ထင်၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။အရိယာနံ၊ အရိယဓမ္မတို့ကို။အဒဿာဝိ၊ ဉာဏ်ဖြင့်မြင်လေ့မရှိသော။ အရိယဓမ္မဿ၊ အရိယာတို့၏တရား၌။ အကောဝိဒေါ၊ မလိမ္မာမတတ်မြောက်သော။ အရိယဓမ္မေ၊ အရိယာတို့၏တရား၌။ အဝိနီတော၊ အဆိုအဆုံးမကင်းသော။ အဿုတဝါ၊ရုပ်,နာမ်,ခန္ဓာ,အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသောတရားတို့၌ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊အန္ဓပုထုဇန်သည်။......(ပ)......ဘူတေ၊သတ္တဝါတို့ကို။ မေ၊ ငါ၏။ သန္တကန္တိ၊ ဥစ္စာဟူ၍။ မညတိ၊ မှတ်ထင်၏။ တံ၊ ထိုကဲ့သို့ငါ့သား, ငါ့မယား, ငါ့ကျွဲ,နွား, သတ္တဝါတို့တည်းဟုမှတ်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ တဿ၊ ထိုအန္ဓပုထုဇန်၏။ အပရိညာတံ၊ဉာတပရိညာ, တိရဏပရိညာ, ပဟာနပရိညာ—သုံးပါးတို့ဖြင့် ပိုင်းခြား၍ မသိခြင်းသည်။ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ပိုင်းခြား၍ မသိခြင်းကြောင့်။ဘူတေ၊ကျွဲ, နွားစသော သတ္တဝါတို့ကို။ မေ၊ငါ၏။ သန္တကန္တိ၊ဥစ္စာဟူ၍။မညတိ၊မှတ်ထင်၏။ဣတိ၊ဤသို့။ဝဒါမိ၊ဟောကြားတော်မူ၏။

(ဂ) ယာနိဓဘူတာနိ သမာဂတာနိတိ ဧတ္ထ၊ ယာနိဓဘူတာနိ သမာဂတာနိ-ဟူသော ဤပါဌ်၌။အယံဘူတ သဒ္ဒေါ၊ ဤဘူတသဒ္ဒါသည်။အမနုဿေသု၊နတ်ဟူသောအနက်တို့၌။ ဝတ္တတိ၊ဖြစ်၏။......(ပ)...သဗ္ဗေဝ နိက္ခိပိဿန္တိ၊ဘူတာလောကေ သမုဿယန္တိ ဧတ္ထ၊ သဗ္ဗေဝ နိက္ခိပိဿန္တိ၊ဘူတာလောကေ သမုဿယံ ဟူသော ဤပါဌ်၌။ အယံဘူတသဒ္ဒေါ၊ ဤဘူတသဒ္ဒါသည်။ သတ္တေသု၊သတ္တဝါဟူသောအနက်တို့၌။ဝတ္တတိ၊ဖြစ်၏။......(ပ)......ဣဓပန၊ဘူတေမေတိ မညတိ ဟူ၍ ဟောတော်မူရာ ဤပါဌ်၌ကား။ သတ္တေသု၊ သတ္တဝါဟူသောအနက်တို့၌။ဝတ္တတိ၊သင့်၏။

(၈၁) ပန၊ အဘိုတပါးကိုဆိုဦးအံ့။ ဘူတေမေတိ မညတီတိ ဧတ္ထ၊ဘူတေ မေတိ မညတိ ဟူသော ဤပါဌ်၌။ ဧကာ၊ တခုသော။ တဏှာမညနာဝ-တဏှာမညနာဧဝ၊ တဏှာတည်းဟူသော မှတ်ထင်ခြင်းကိုသာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ မမ၊ ငါ၏။ ပုတ္တာ၊သားတို့တည်း။ မမ၊ငါ၏။ ဓိတာ၊ သမီးတို့တည်း။မမ၊ ငါ၏။အဇေဠကာ၊ ဆိတ်, သိုးတို့တည်း။ မမ၊ ငါ၏။ ကုက္ကုဋသူကရာ၊ကြက်ဝက်တို့တည်း။ မမ၊ငါ၏။ဟတ္ထိ၊ဆင်တို့တည်း။ မမ၊ငါ၏။ ဂဝဿဝဠဝါ၊ နွား, မြင်း, မြည်းတို့တည်း။ ဣတိ ဧဝမာဒိနာနယေန၊ဤသို့ အစရှိသောနည်းဖြင့်။ မမာယတော၊ နှစ်သက်မြတ်နိုးသောပုဂ္ဂိုလ်အား။ ယာစာယံမညနာ၊ အကြင်မှတ်ထင်ခြင်းသည်။ ပဝတ္တတိ၊ ဖြစ်၏။ သာမညနာ၊ထိုငါ့သား,ငါ့သမီး စသည် မှတ်ထင်ခြင်းကို။ တဏှာ မညနာတိ၊ တဏှာမညနာဟူ၍။ ဝေဒိတဗ္ဗာ၊သိအပ်၏။

[ဤပါဌ်၌ တဏှာမညနာကိုသာ ရအပ်၏ဟု အဋ္ဌကထာဆရာ ဘွင့်ပြသဖြင့် မာနမညနာ, ဒိဋ္ဌိမညနာတို့၏ အခါကာလ အခွင့် မဟုတ်သေးသောကြောင့် ငါ့သား, ငါ့မယား, ငါ့ကိုယ်, ငါ့ကျွဲ,နွားစသည် ထင်မှတ်မှုသည်ရင်း, "ငါ၏ ဆံပင်စသည် သည် အလွန်ကောင်းမြတ်လှပ၏၊ နောင်ဘဝ နောင်အခါ၌လည်း ဤသို့ ကောင်းမြတ်လှပပါစေသတည်း"ဟု တောင့်တမှုသည်ရင်း "**တဏှာမညနာသက်သက်**"တည်းဟု သိရာ၏။]

**ဒိဋ္ဌိဂတဝိပ္ပယုတ်တဏှာသာ**.....တဏှာမညနာ သက်သက် ဖြစ်ခဲ့သော် လောဘမူဝိပ္ပယုတ်စိတ်လေးချ၌ယှဉ်သော လောဘစေတသိက်ကိုသာ ကောက်ယူရ၏၊ သမ္ပယုတ်စိတ်လေးချ၌ ယှဉ်သော လောဘစေတသိက်သည်ကား ဒိဋ္ဌိ စေတသိက်နှင့်အတူ ဧကုပ္ပါဒစသော တကွဖြစ်ခြင်း,တကွချုပ်ခြင်း, တူသောအာရုံ, တူသောမှီရာ သမ္ပယုတ္တလက္ခဏာသဘောရှိနေ၍ မိမိချည်း ခွဲခြား၍ သက်သက် မဖြစ်နိုင်၊ ထို့ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးချ၌ ယှဉ်သောလောဘ တဏှာကို မကောက်ယူရ။

ဘဝသည် ပြတ်၏ဟူသော "ဥစ္ဆေဒဒိဋ္ဌိ" အယူကိုရင်း, ဘဝသည် မြဲ၏ဟူသော "သဿတဒိဋ္ဌိ" အယူကိုရင်း, ၎င်းဒိဋ္ဌိနှစ်ပါးတို့နှင့် စပ်ယှဉ်နေသော "အတ္တသည် သစ္စာလေးဖြာ ခန္ဓာငါးပါးမှ အလွတ် နိစ္စ, ဓုဝမျိုး ဖြစ်၏" ဟူသော အယူကိုရင်း တပ်မက်နှစ်သက်သော ဝိဘဝတဏှာ, ဘဝတဏှာတို့ ဖြစ်ပေါ်လာသော အခိုက်၌ကား လောဘမူ သမ္ပယုတ်စိတ်လေးချပ်ရှိသော တဏှာကို ကောက်ယူနိုင်၏။

ငါ၌ သား,သမီး,အခြွေအရံ,အစေခံ,ကျွဲ, နွားများ ရှိ၏၊ အခြားသူတို့ ငါကဲ့သို့ မရှိဟု မောက်မော်ထောင်လွှားသော အခိုက်အတန့်အာရုံမျိုး မဟုတ်သေး၊ တပ်မက်ကာမျှ ဖြစ်သောကြောင့်လည်း မာနစေတသိက် မယှဉ်၊ ထို့ကြောင့် **ဝိပ္ပယုတ်တဏှာသက်သက်ပင်** ဟု သိရာ၏။

**ယူဆမှားချက်**......ဤအကြောင်းတို့ကို မစုံစမ်းသောကြောင့် အချို့ ဒါယကာစသည်တို့က ဤသို့ ယူဆကြပြန်၏၊ သောတာပန် ဖြစ်ပြီး အနာထပိဏ်သူဌေးကြီးသည် သမီးငယ်သုမနသေဆုံးရာ၌ မိန်းမထင်မှုက ကျေးဇူးပြုလျက် မျက်ရည်ယို၍ ငိုရ၏၊ ညီတော် အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး, စံပြီးအခါတို့၌ ယောကျ်ားမြတ်ထင်မှုက ကျေးဇူးပြုလျက် ဒေါမနဿဖြစ်ကာ မျက်ရည်ယို၍ ငိုရသေး၏၊ ဝိသာခါစသည်တို့သည် လင်, သား, မြေး, မြစ်များစွာတို့နှင့် တပ်မက်၍ နေကြကုန်သေး၏၊ သို့ပင် မိန်းမ, ယောကျ်ား, သတ္တဝါ, ထင်မှတ်မှု သောတာပန်, ကလျာဏပုထုဇန်တို့၌ မကင်းသော်လည်း ရုပ်, နာမ်,ခန္ဓာ, အာယတန စသည်တို့ကို ပိုင်းခြား၍သိပြီး, မဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုပယ်ပြီးဖြစ်၍ သက္ကာယဒိဋ္ဌိမဖြစ်ဟု ဆိုကြကုန်၏၊ ဤအတိုင်း ယူကြကုန်၏။

**ယုတ္တိမရှိ**.....ဤသူတို့၏ ဤသို့ မိန်းမ, ယောကျ်ား, သာမည ထင်မှတ်မှုကိုပင် အန္ဓပုထုဇန်တို့၌ သက္ကာယဒိဋ္ဌိ

ဖြစ်၏၊ ကလျာဏပုထုဇ္ဇန်,သောတာပန်စသည်တို့၌ မဖြစ်ဟုယူဆ ခြင်းသည် ယခုရေးပြအပ်ခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ,တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သည့် အပြင် ယခု ဖြကြား လတ္တံ့သောစကားဖြင့်လည်း ယုတ္တိမရှိကြောင်း ထင်ရှား၏။

**ယုတ္တိမရှိဆန့်ကျင်ပုံ**...အဘယ်သို့ ဆန့်ကျင်သနည်းဟူမူကား သက္ကာယဒိဋ္ဌိကိလေသာသည် စိတ်၌ သမ္ပယုတ်အားဖြင့်ယှဉ်၍ မဖြစ်ပေါ်မီ အနုသယကိလေသာဘူမိ၌ တည်နေ၏၊စိတ်၌ဖြစ်ပေါ်လာသောအခါ ပရိယုဋ္ဌာနကိလေသာ၏ အရာ၌ တည်၏၊ ပရိယုဋ္ဌာနကိလေသာတဏှာဒိဋ္ဌိနှင့် ယှဉ်သော အကုသိုလ်စိတ်ဖြစ်ပေါ်သော အခိုက်အတန့်၌ ရုပ်, နာမ် ဟု ပိုင်း ခြားနိုင်သော ကုသိုလ်စိတ် တပြိုင်နက် မဖြစ်နိုင်၊ဤသို့ မဖြစ်နိုင်ဘဲ လျက် ကလျာဏပုထုဇ္ဇန်စသည်တို့၏ သားမယားစသည်တို့၌ တပ်မက်သော တဏှာ ပရိယုဋ္ဌာနကိလေသာကို သက္ကာယဒိဋ္ဌိ အရာ၌ မတည်အောင် အဘယ်နည်းအားဖြင့် ဖျက်ဆီးနိုင်မည် နည်း၊တဝိထိစိ, စိတ်တခုစီ ဖြစ်နေသောကြောင့် ရုပ်နာမ်ကို ပိုင်း ခြားနိုင်သော အကြောင်းအချက်ကုသိုလ်က ချစ်ခင် နှစ်သက် စုံမက် ထင်မှတ်မှုကို မဟန့်တားနိုင်၊ ထိုသို့မဟန့်တားနိုင်သည်ကို တားမြစ်နိုင်လေယောင် ပြု၍ ကလျာဏပုထုဇ္ဇန်, သောတာပန် ပုဂ္ဂိုလ်တို့၌ကား ငါ့သား,ငါ့မယား, ထင်မှတ်သော်လည်း သက္ကာ ယဒိဋ္ဌိ မဖြစ်၊ အန္ဓပုထုဇ္ဇန်၌ကား ဖြစ်၏ဟု ရှောင်သွေဖယ်ရှား ပြောကြားသဖြင့် စကားယုတ္တိ မရှိ ဖြစ်ကြကုန်၏။

ထို့ကြောင့် အန္ဓပုထုဇ္ဇန်, ကလျာဏပုထုဇ္ဇန်, သောတာ ပန်ပုဂ္ဂိုလ် အလုံးစုံတို့၌ ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ကျွဲ, နွား,စသည် **"ထင်မှတ်မှုသာမည" "တပ်မက်မှုသာမည" သည် လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ ယှဉ်သော လောဘ တဏှာတို့ချည်းသာ** တည်းဟူ၍ ပါဠိ,အဋ္ဌကထာ, ဋီကာပါဌ်တို့ အတိုင်းသာမှတ်သားရာ၏၊(တဏှာမညနာဝ ဝေဒိတဗ္ဗာ)ဟူသော ပါဌ်ဖြင့် တဏှာသက်သက်သာဖြစ်ကြောင်း ပြ၏။

## မာနမညနာမျှ သာဓက

တထာ အတ္တနော ကောသာဒိနံ သမ္ပတ္တိံ ဝါ ဝိပတ္တိံ ဝါ
နိဿာယ မာနံ ဇနေတိ၊ သေယျောဟမသ္မီတိ ဝါ၊ သဒိသော
ဟမသ္မီတိ ဝါ၊ ဟီနောဟမသ္မီတိ ဝါ၊ ဧဝံ အဇ္ဈတ္တိကံ ပထဝိံ
မာနမညနာယ မညတိ။

ဟူသော မူလပရိယာယသုတ် အဋ္ဌကထာပါဠ်ဖြင့် (မာနမည
နာ၊ထောင်လွှား ထင်မှတ်ခြင်းကို)သိရာ၏။

**အနက်ကား**·····တထာ၊ထိုမှတပါး။အတ္တနော၊မိမိ၏။ကောသာ
ဒိနံ၊ ဆံပင်, မွေးညှင်း, အရေထူ,အရေပါးစသည်တို့၏။ သမ္ပတ္တိံ
ဝါ၊ လှပပြည့်စုံခြင်းကိုရင်း။ ဝိပတ္တိံ ဝါ၊ ပျက်စီးခြင်းကိုရင်း။ နိဿာ
ယ၊ အမှီပြု၍။ အဘံ၊ငါသည်။ သေယျော၊မြတ်သည်။ အသ္မိ၊ဖြစ်၏။
ဣတိဝါ၊ဤသို့ရင်း။ အဟံ၊ငါသည်။သဒိသော၊သူတပါးတို့နှင့် တူမျှ
သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ ဝါ၊ ဤသို့ရင်း။ အဟံ၊ ငါသည်။ ဟီနော၊
ယုတ်၏။ဣတိဝါ၊ဤသို့ရင်း။ မာနံ၊မာနကို။ ဇနေတိ၊ဖြစ်စေ၏။ ဧဝံ၊
ဤသို့မိမိဆံပင်စသည်ကို အမှီပြု၍ မာနကို ဖြစ်စေသည် ရှိသော်။
အဇ္ဈတ္တိကံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ပထဝိံ၊ပထဝီဓာတ်ကို။
မာနမညနာယ၊ မာနမညနာဖြင့်။ မညတိ၊ မှတ်ထင်၏။

[ဤမာနသည်ကား ဒိဋ္ဌိဖြစ်ရာစိတ်၌ အချင်းခပ်သိမ်း မဖြစ်၊
**''ဝိပ္ပယုတ်စိတ်၌သာ''** ဖြစ်၏ဟု မှတ်ရာ၏။]

## ဝိစိကိစ္ဆာမျှ သာဓက

(က) ယထာ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိယော နိစ္စံ အနိစ္စန္တိ
အာဒိနာ ဧကံသဂ္ဂါဟာဘာဝေန ပဝတ္တန္တိ၊ န ဧဝမယံ၊ အယံ
ပန အနေကံသဂ္ဂါဟဘာဝတော နိစ္စံနုခေါ အနိစ္စံနုခေါတိ
အာဒိနာ ဝိဝိဓံ ဝိရုဒ္ဓံ ဝါ ဣစ္ဆတိ ဧသတိတိ ဝိဒိစ္ဆာ၊ဝိဝိစ္ဆာ
နာမ ဇဂ္ဂတိ ဝိစိကိစ္ဆာ–ဟူသော နေတ္တိအဋ္ဌကထာ ·····

(ခ) ဝိဂတာ ဝိကိစ္ဆာတိ ဝိစိကိစ္ဆာ၊ သဘာဝံ ဝါ ဝိစိနန္တော ဧတာယ ကိစ္ဆတိ ကိလမတီတိ ဝိစိကိစ္ဆာ၊ သာ သံသယလက္ခဏာ၊ ကမ္ပနရသာ၊ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ အနေကံသဂ္ဂါဟပစ္စုပဋ္ဌာနာ ဝါ၊ အယောနိသော မနသိကာရပဒဋ္ဌာနာ၊ ပဋိပတ္တိအန္တရာယကရာတိ ဒဋ္ဌဗ္ဗာ— ဟူသော အဋ္ဌသာလိနီအဋ္ဌကထာပါဌ်တို့ဖြင့် ဝိစိကိစ္ဆာ၏ ဒိဋ္ဌိနှင့်မတူခြင်းကို သိရာ၏။

**အနက်ကား**……(က) မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိယော၊ မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိတို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ နိစ္စံ၊ နိစ္စတည်း။ အနိစ္စံ၊အနိစ္စတည်း။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဧကံသဂ္ဂါဟဘာဝေန၊တရသောအဘို့ကို ယူသောအဖြစ်ဖြင့်။ပဝတ္တန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ဧဝံ၊ဤမိစ္ဆာဒိဋ္ဌိ,သမ္မာဒိဋ္ဌိတို့နှင့်အတူ။ အယံ၊ ဤ ဝိစိကိစ္ဆာသည်။ နပဝတ္တတိ၊မဖြစ်။ အယံပန၊ ဤဝိစိကိစ္ဆာသည်ကား။အနေကံသဂ္ဂါဟဘာဝတော၊တရသော အဘို့ကို မယူသည်၏အဖြစ်ကြောင့်။ နိစ္စံနုခေါ၊မြဲလေသလော။ အနိစ္စံနုခေါ၊မမြဲလေသလော။ဣတိအာဒိနာ၊ ဤသို့စသောနည်းဖြင့်။ ဝိဝိဓံ၊အထူးထူးအပြားပြားသောအာရုံကို။ဝါ၊တနည်း။ဝိရုဒ္ဓံ၊ဆန့်ကျင်သောအာရုံကို။ ဣစ္ဆတိ ဧသတိ၊ ရှာမှီးတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝိစိစ္ဆာ၊ ဝိစိစ္ဆာမည်၏။ ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာကို။ ဝိစိစ္ဆာနာမ၊ဝိစိစ္ဆာမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ခ) ဝိကိစ္ဆာ၊ ဉာဏ်တည်းဟူသော ကုစားခြင်းမှ။ ဝိဂတာ၊ ကင်းသည်တည်း ။ဣတိတသ္မာ၊ထို့ကြောင့်။ ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာမည်၏။ ဝါ၊တနည်းကား။ ဧတာယ၊ ဤယုံမှားခြင်းဖြင့်။ သဘာဝံ။ သဘာဝဓမ္မကို။ဝိစိနန္တော၊ရှုစမ်းဆင်ခြင်သောသူသည်။ ကိစ္ဆတိ ကိလမတိ၊ ပင်ပန်းငြိုငြင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ပင်ပန်းငြိုငြင်တတ်သောကြောင့်။ သာကင်္ခါ၊ ထိုယုံမှားခြင်းသည်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာမည်၏။ သာ၊ ထိုဝိစိကိစ္ဆာသည်။ သံသယ

လက္ခဏာ၊ ယုံမှားခြင်းသဘောရှိ၏။ ကမ္မနရသာ၊ အထူးထူးသော အာရုံ၌ စိတ်၏ တုန်လှုပ်ခြင်းကိစ္စ ရှိ၏။ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်သော သဘောဟု ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ တနည်းကား၊ အနေကံသဂ္ဂါဟပစ္စုပဋ္ဌာနာ၊ အာရုံ၌ တခုတည်း သော အဘို့ကို မယူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ အယောနိသောမနသိကာရပဒဋ္ဌာနာ၊ မသင့်မတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရင်းရှိ၏။ ပဋိပတ္တိအန္တ ရာယကရော၊ ကျင့်ဝတ်ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်၏။ ဍတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

သညာဝိပလ္လာသ အခဏ်းမှစ၍ ဤဝိစိကိစ္ဆာ၏ အခဏ်းသို့ ရောက်သည့်တိုင် ပြအပ်သော ပါဠိ,အဋ္ဌကထာ,ဋီကာပါဌ်တို့ဖြင့် သာမည ဓိန်းမ, ယောကျ်ား, ထင်မှတ်တပ်မက်မှုကို မဆိုထားဘိ, နိစ္စဟုထင်မှု,ဆုံးဖြတ်ကာမျှပြုမှု, နိစ္စလော,အနိစ္စလောဟု သံသယ ဖြစ်မှုတို့ပင် သက္ကာယဒိဋ္ဌိ မဖြစ်ကြကုန်သေးကြောင်းပြ၏။

ထို့ကြောင့် ရှေးဦးစွာ ရေးပြခဲ့သော ဓမ္မသင်္ဂဏီပါဠိတော်၌ အတ္တဟူ၍ ဒိဋ္ဌိဂါဟ,အဘိနိဝေသ,ပရာမာသ စသည်တို့ဖြင့် စွဲယူ ခြင်း, မြဲခိုင်စွာ စွဲယူခြင်းကိုသာ သက္ကာယဒိဋ္ဌိဟု ဟောတော် မူကြောင်းသိရာ၏၊ သာမည **ကိုယ်ဟု မှတ်ထင်ခြင်းကား** ဒိဋ္ဌိ ဂါဟ, အဘိနိဝေသ–စသည် မဖြစ်သောကြောင့် **သက္ကာယဒိဋ္ဌိ လည်း မဖြစ်** ဟု သိအပ်၏။

## ဒိဋ္ဌိမညနာ, ဒိဋ္ဌိဂါဟ

ယခုအခါ၌ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ,သတ္တသညာဟ, တဏှာမညနာ, မာနမညနာ, ဝိစိကိစ္ဆာ–တို့ထက် အားကောင်း သော ဒိဋ္ဌိမညနာ, ဒိဋ္ဌိဂါဟတို့ကို ဆိုဦးအံ့။

သော တံ ပထဝိံ ဇဝံ ဝိပရိတသညာယ သညာနိတွာ "သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ"တိဝစနတော အပရာဘာဂေ

ထာမပတ္တေဟိ တဏှာမာနဒိဋ္ဌိပပဉ္စေဟိ ဇွဓ မညနာနာမေန ဝုတ္တေဟိ မညတိ၊ ကပ္ပေတိ၊ ဝိကပ္ပေတိ၊ နာနပ္ပကာရတော အညထာ ဂဏှာတိ။ ။မူလပရိယာယသုတ်အဋ္ဌကထာ။

**အနက်ကား**……သော၊ ထိုအမှတ်ပြု၍ သညာဝိပလ္လာသဖြင့် သိတတ်သောပုဂ္ဂိုလ်သည်။ တံပထဝိံ၊ ထိုအလုံးစုံသော ပထဝီကို။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ဝိပရီတသညာယ၊ နိစ္စဟု ဖောက်ပြန်သော သညာဖြင့်။ သညာနိတွာ၊ အမှတ်ပြု၍ သိခြင်းကြောင့်။ သညာနိဒါနာဟိ ပပဉ္စသင်္ခါတိ ဝစနတော၊ သက္ကပဉ္စသုတ်၌ "တဏှာ, မာန, ဒိဋ္ဌိဟု ဆိုအပ်ကုန်သော ပပဉ္စအစုတို့သည် သညာလျှင် အကြောင်းရင်းရှိကုန်၏"ဟု သိကြားမင်းအား မြတ်စွာဘုရား ဟောတော်မူသောကြောင့်။ အပရဘာဂေ၊နောက်အဘို့၌။ ထာမပတ္တေဟိ၊ အားအစွမ်းသို့ ရောက်ကုန်သော။ ဇွဓ၊ ဤမူလပရိယာယသုတ်၌။ မညနာနာမေန၊ မညနာဟူသော အမည်ဖြင့်။ ဝုတ္တေဟိ၊ဟောတော်မူအပ်ကုန်သော။တဏှာ မာန ဒိဋ္ဌိ ပပဉ္စေဟိ၊ သံသရာကိုချဲ့ထွင်တတ်ကုန်သော တဏှာ,မာန,ဒိဋ္ဌိပပဉ္စတရားတို့ဖြင့်။ မညတိ၊မှတ်ထင်၏။ ကပ္ပေတိ၊ကြံစည်တတ်၏။ ဝိကပ္ပေတိ၊ အထူးထူးအထွေထွေ နိစ္စ,သုခ,သုဘ-စသောအားဖြင့် ကြံသတတ်၏။ နာနပ္ပကာရတော၊ သဿတ,သဿတိသမ- စသော အပြားရှိသော။ အညထာ၊ တပါးသော မှားသော အခြင်းအရာအားဖြင့်။ ဂဏှာတိ၊ယူတတ်၏။

သံသုမာရာဒယောဝိယ ပုရိသံ အာရမ္မဏံ ဒဠှံ ဂဏှာတိတိ ဂါဟော၊ ပတိဋ္ဌဟနတော ပတိဋ္ဌာဟော၊ အယဥ္စ ဗလဝပဝတ္တိဘာဝေန ပတိဋ္ဌဟိတွာ ဂဏှာတိ၊နိစ္စာဒိဝသေ န အဘိနိဝိသတိတိ အဘိနိဝေသော။ ။ဤကား အဋ္ဌသာ လိနီပါဠိတည်း။

**အနက်ကား**……သံသုမာရာဒယော၊ မိကျောင်းအစရှိသည်တို့သည်။ပုရိသံ၊ယောကျ်ားကို။ဒဋ္ဌံ၊မြဲခိုင်စွာ။ ဂဏှာတိဝိယ၊ ဘမ်းယူသကဲ့သို့။ အာရမ္မဏံ၊များသော နိစ္စ,သုခစသော အာရုံကို။ ဒဋ္ဌံ၊မြဲခိုင်စွာ။ဂဏှာတိ၊ယူတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဂါဟော၊ဂါဟမည်၏။ ပတိဋ္ဌဟနတော၊ များသောအာရုံ၌တည်၍ယူတတ်သောကြောင့်။ပတိဋ္ဌာဟော၊ပတိဋ္ဌာဟမည်၏။ ဟိ၊မှန်၏။ အယံ၊ဤသဘောတရားသည်။ဗလဝပဝတ္တိဘာဝေန၊ အားကြီးသော ဖြစ်ခြင်းရှိသည်၏အဖြစ်ဖြင့်။ပတိဋ္ဌဟိတွာ၊တည်၍။ ဂဏှာတိ၊ယူတတ်၏။နိစ္စာဒိဝသေန၊မြဲ၏အစရှိသော အစွမ်းအားဖြင့်။ အဘိနိဝိသတိ၊များသောအားဖြင့် နှလုံးသွင်းတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဘိနိဝေသော၊ အဘိနိဝေသမည်၏။

> ဒိဋ္ဌိဝိပလ္လာသော ပန သဗ္ဗဗလဝတရော၊ ယံ ယံ အာရမ္မဏံ ယထာ ယထာ ဥပဋ္ဌာတိ၊ တထာ တထာ နံ သဿတာဒိဝသေန ဣဒမေဝ သစ္စံ မောဃမညန္တိ အဘိနိဝိသန္တော ပဝတ္တတိ၊ တတ္ထ သညာဝိပလ္လာသော စိတ္တဝိပလ္လာသဿ ကာရဏံ၊ စိတ္တဝိပလ္လာသော ဒိဋ္ဌိဝိပလ္လာသဿ ကာရဏံ ဟောတိ။ ။ဤကား နေတ္တိအဋ္ဌကထာ ပါဌ်။

**အနက်ကား**……ဒိဋ္ဌိဝိပလ္လာသော၊ဒိဋ္ဌိ၏ဖောက်ပြန်ခြင်းသည်။ဝါ၊ ဒိဋ္ဌိတည်းဟူသော ဖောက်ပြန်ခြင်းသည်။ သဗ္ဗဗလဝတရော၊ အလုံးစုံသော သညာ၏ဖောက်ပြန်ခြင်း, စိတ်၏ဖောက်ပြန်ခြင်းထက် သာလွန်၍ အားကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ယံယံ အာရမ္မဏံ၊ အကြင်အကြင်အာရုံသည်။ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ ဥပဋ္ဌာတိ။ ထင်လာ၏။ တထာ တထာ၊ထိုထိုထင်လာတိုင်းသော အခြင်းအရာအားဖြင့်။ နံ၊ ထိုအာရုံကို။ သဿတာဒိဝသေန၊ အမြဲအချင်ခပ်သိမ်းတည်ခြင်းစသည်၏အစွမ်းဖြင့်။ ဣဒမေဝ၊ ဤငါတို့ယူသော နိစ္စ,သုခ,အတ္တ

စသော အယူသည်သာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ တပါးသော အနိစ္စ, ဒုက္ခ, အနတ္တ အယူသည်။ မောဃံ၊ အချည်းနှီးတည်း။ ဇာတိ၊ ဤသို့။ အဘိနိဝိသနေ့ ၊ များသောအားဖြင့် နှလုံးသွင်းလျက်။ ပဝတ္တတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုံးပါးကုန်သော ဒိဋ္ဌိဝိပလ္လာသ, စိတ္တဝိပလ္လာသ, သညာဝိပလ္လာသတို့တွင်။ သညာဝိပလ္လာသော၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမစသည် ထင်မှတ်, မြဲ၏ဟု ထင်မှတ်သော သညာဝိပလ္လာသသည်။ စိတ္တဝိပလ္လာသဿ၊ မြဲ၏ဟုဆုံးဖြတ်ကာမျှ ဖြစ်သော စိတ္တဝိပလ္လာသ၏။ ကာရဏံ၊ ဖြစ်ခြင်း အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တဝိပလ္လာသော၊ အနိစ္စစသည်ကို နိစ္စစသည်ဖြင့် သိမြင်ဆုံးဖြတ်ကာမျှဖြစ်သော စိတ္တဝိပလ္လာသသည်။ ဒိဋ္ဌိဝိပလ္လာသဿ၊ မြဲမြဲခိုင်ခိုင် မလွှတ်နိုင်ဘဲ အားကြီးစွာ စွဲယူဆုံးဖြတ်ခြင်း ဒိဋ္ဌိဝိပလ္လာသ၏။ ကာရဏံ၊ ဖြစ်ကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤမျှလောက် အတိုင်းအရှည်ရှိသော ပါဠိတော်, အဋ္ဌကထာ, ဋီကာပါဠ်တို့ကို ထောက်ထားဆင်ခြင်က ငါတို့ ဗုဒ္ဓသာသနာဝင်လူမျိုးတို့၌ ခဏတ္တယခဏိကမရဏကို မမြင်သေး၍ရင်း, ဓာတ်, ခန္ဓာ, အာယတနတို့ကို ကျနသေချာစွာ နားမလည်သေး၍ရင်း, သတ္တဝါ, ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း, မျက်တောင်တခပ်အတွင်းပျက်, ချုပ်, ဖြစ်ပေါ်မှုကို မမြင်ခြင်းတို့ကြောင့် ဤကိုယ်ပင် ထင်မှတ်စေကာမူ အနိစ္စ, ဒုက္ခ, အနတ္တကို အယူရှိနေသဖြင့် ဒိဋ္ဌိဂါဟတိုင် မရောက်နိုင်။

သညာ, စိတ္တဝိပလ္လာသ စသည်တို့၌သာ တည်သေးရာ၏၊ အတ္တအခဏ်း၌ ပြခဲ့သည့်အတိုင်း ခန္ဓာ သန္တာမှ လွတ်သော နိစ္စ, ဓုဝ, သဿတ, သဿတ်သမ, အတ္တမျိုးကို ကြံဆစွဲယူသော တိတ္ထိတို့၌သာ ဒိဋ္ဌိဂါဟ, ဒိဋ္ဌိဝိပလ္လာသ, ဖြစ်၏ဟု သိနိုင်ရာ၏၊ ထို့ကြောင့် အနုဋီကာ၌......

စတုသစ္စ ပစ္စက္ခနံ့ဒါဒိ ဝိနိမုတ္တံ သစ္စဘဲ့ရ ခန္ဓဘဲ့ရာဒိကံ
ပစ္စမသစ္စာဒိကံ သစေ တံ ကောစိ အတ္တိတိ ပဋိဇာနေယျ၊
အယာထာဝ ဂဟိတဿ တံ ဝါစာဝတ္ထုမတ္တမေဝဿာတိ

ဒသေဿနွှော အာဟ သာဘိနိဝေသေန……(ပ)……ဝုတ္တန္တိ ဟူ၍ မိန့်ပြီ။

**အနက်ကား**……စတုသစ္စ ပဉ္စက္ခန္ဓာဒိဝိနိမုတ္တံ၊သစ္စာလေးပါး, ခန္ဓာငါးပါး,စသည်မှ လွတ်သော။ သစ္စန္တရခန္ဓန္တရာဒိကံ၊ သစ္စာ တပါး, ခန္ဓာတပါးစသည်ဖြစ်သော။ ပဉ္စမသစ္စာဒိကံ၊ ငါးခုမြောက် သစ္စာဖြစ်သော။ တံ၊ ထိုပရိကပ္ပိတအတ္ထကို။ အတ္ထိတိ၊ ရှိ၏ဟူ၍။ ကောစိ၊ တစုံတယောက်သောသူသည်။ သစေပဋိဇာနေယျ၊ အ ကယ်၍ဝန်ခံငြားအံ့။ အယထာဝဂဟိတတ္ထ၊ မဟုတ်မမှန် ယူဆ သောပုဂ္ဂိုလ်၏။ဝါစာဝတ္ထုမတ္တမေဝ၊စကား၏တည်ရာမျှသည်သာ လျှင်။တံ၊ထိုအတ္ထသည်။အဿ၊ဖြစ်ရာ၏။ဣတိ၊ဤသို့။ဒသေဿနွှော၊ ပြလိုသည်ဖြစ်၍။ သာဘိနိဝေသေန ……(ပ)……ဝုတ္တန္တိ၊ သာဘိနိ ဝေသေန……(ပ)……ဝုတ္တံဟူ၍။အာဟ၊မိန့်ပြီ။

## ခွဲယူမှုနှစ်မျိုး

ဤ၌ (က) သစ္စာလေးပါ ခန္ဓာငါးပါးမှလွတ်သော အတ္ထကို ပုဂ္ဂိုလ်,သတ္တဝါ, ဇီဝ ထင်မှတ်ပြောဆို ခွဲယူမှုတမျိုး၊ (ခ)သစ္စာ, ခန္ဓာမှမလွတ်သော သန္တာန်တခဲနက်, အပေါင်းတခဲနက်ကိုပင် အတ္တ,ပုဂ္ဂလ,သတ္တ,ဇီဝထင်မှတ်ပြောဆို ခွဲယူမှုတမျိုးဟူ၍ နှစ်မျိုး ခွဲခြားရာ၏။

**သက္ကာယဒိဋ္ဌိဖြစ်,ခွဲယူမှု**…ထိုနှစ်မျိုးတို့တွင် အထက်အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ,အခဏ်း၌ ပြခဲ့သော အတ္တမျိုးကို ခွဲယူခြင်းသည် ခန္ဓာ,သစ္စာမှ အလွတ်မရှိသည်ကို ရှိ၏ဟု ဘောက်ပြန်ချွတ်ချော်၍ ယူသောကြောင့် သက္ကာယဒိဋ္ဌိမှ စ၍ အမျိုးမျိုးသော ဒိဋ္ဌိတို့ ဖြစ်နိုင်၏။

**ဝိပလ္လာသဖြစ်,ခွဲယူမှု**……သန္တာန်တခဲနက်,အပေါင်းတခဲနက် မျှကို အတ္တ,ပုဂ္ဂလ စသည်ထင်မှတ် ပြောဆိုခွဲယူခြင်းသည် အောက်၌ပြခဲ့သော သညာ,စိတ္တဝိပလ္လာသ, သတ္တသမ္မောဟ စသည်လောက်သာ ဖြစ်နိုင်၏။

**ဝိသုဒ္ဓိမဂ်မဟာဋီကာ၌**"(က) တတ္ထ ဇီဝေါတိအတ္တာ"ဟူ၍၎င်း......, **သီလက္ခန္ဓဋီကာပေါင်း၌** (ခ)"အဟင်္ကာ ဒိဋ္ဌိဝသေန ဝ၊ တံ ပရာမသနာကာရမာဟ"ဟူ၍၎င်း..., **အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍ၌**(ဂ)"ဓမ္မသဘာဝံ အတိက္ကမိတွာ နိစ္စာဒိဝသေန ပရတော အာမသတီတိပရာမာသော"ဟူ၍၎င်း ...., **အနုဋီကာ၌**(ဃ) "ဒိဋ္ဌိယာ ပရိကပ္ပိတပုဂ္ဂလော စ ပဋိသေဓိတော၊ န ဝေါဟာရ ပုဂ္ဂလောတိ ဒဿေန္တော ပဋိသေဓိတာ စ ပုဂ္ဂလကထာယ ပုဂ္ဂလဒိဋ္ဌိတိ အာဟ"ဟူ၍၎င်း မိန့်အပ်ပြီ။

**အနက်ကား**......(က) တတ္ထ၊ထိုစကားရပ်၌။ ဇီဝေါတိ၊ ဇီဝ ဟူသည်ကား။ အတ္တာ၊အတ္တတည်း။(ခ)အဟင်္ကာ၊အဟံ ဟူသည်ကား။ဒိဋ္ဌိဝသေန၊မိစ္ဆာအမြင်၏အစွမ်းအားဖြင့်။ ပရာမသနာကာရံ၊ ဓမ္မသဘာဝကိုလွန်၍ နိစ္စသည်ဖြင့် သုံးသပ်သော အခြင်းအရာ ရှိသော။တံ၊ထိုအတ္တကို။အာဟ၊ဆိုပြီ။(ဂ)ဓမ္မသဘာဝံ၊ ဓမ္မသဘာဝကို။ အတိက္ကမိတွာ၊လွန်၍။ နိစ္စာဒိဝသေန၊ နိစ္စသည်၏အစွမ်း အားဖြင့်။ပရတော၊ သဘာဝဓမ္မမှ တပါးသော မဟုတ်မမှန်သော အားဖြင့်။ အာမသတိ၊သုံးသပ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပရာမာသော၊ပရာမာသမည်၏။(ဃ)ဒိဋ္ဌိယာ၊ ဒိဋ္ဌိစေတသိက်ဖြင့်။ ပရိကပ္ပိတပုဂ္ဂလော၊ တိတ္ထိတို့ကြံဆအပ်သော အတ္တ, ပုဂ္ဂိုလ်ကို။ ပဋိသေဓိတော၊တားမြစ်အပ်၏။ဝေါဟာရပုဂ္ဂလော၊ ဝေါဟာရ, သမ္မုတိသစ္စာဖြစ်သောပုဂ္ဂိုလ်ကို။နစပဋိသေဓိတော၊ တားလည်း မတားမြစ်အပ်။ဣတိ၊ဤသို့။ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ပဋိသေဓိတာ စ ပုဂ္ဂလကထာယ ပုဂ္ဂလဒိဋ္ဌိတိ၊ ပဋိသေဓိတာစ ပုဂ္ဂလကထာယ ပုဂ္ဂလဒိဋ္ဌိဟူ၍။အာဟ၊မိန့်ပြီ။

**ပုဂ္ဂလပညတ်အဋ္ဌကထာ၌လည်း** .....

(က) တထာ အဝိဇ္ဇမာနဿ လောကနိရုတ္တိမတ္တသိဒ္ဓဿ ဇာတိပုရိသာဒိကဿ ပညာပနာ အဝိဇ္ဇမာနပညတ္တိ

နာမ၊သဗ္ဗာကာရေနာပိ အနုပလဗ္ဘနေယျာသာ ဝါစာဝတ္ထု မတ္တသောဝ ပဋ္ဌမသစ္စာဒိကဿ တိတ္ထိယာနံ အတ္တာ, ပကတိ ပုရိသာဒိကဿ ဝါပညာပနာပိ အဝိဇ္ဇမာနပညတ္တိ ယေဝ၊ သာ ပန သာသနာဝစရာန ဟောတိတိ ဇာဝ န ဂဟိတာ—ဟူ၍ မိန့်၏။

## ၎င်းအဘွင့်မူလဋီကာ၌လည်း .....

(ခ) အဝိဇ္ဇမာနေပိ သဘာဝေ လောကနိရုတ္တိ အနု ဂတ္တြာ အနဘိနိဝေသေန စိတ္တေန ဇာတ္တိပုရိသောတိ ဂဟဏသဒ္ဒာဝါ လောကနိရုတ္တိမတ္တ သိဒ္ဓသာတိ အာဟ၊ သာဘိနိဝေသေန ပန စိတ္တေန ဂယှမာနံ ပဋ္ဌမသစ္စာဒိကံ န သဘာဝတော၊နာပိ သင်္ကေတေန သိဒ္ဓန္တိ၊ သဗ္ဗာကာ ရေနာပိ အနုပလဗ္ဘနေယျန္တိ ဝုတ္တံ—ဟူ၍ မိန့်၏။

**အနက်ကား**.....(က)တထာ၊ ထိုမှတပါး။ အဝိဇ္ဇမာနသာ၊ ထင်ရှားမရှိသော။ လောကနိရုတ္တိမတ္တသိဒ္ဓသာ၊ လောကအခေါ် အဝေါ်မျှဖြင့်ပြီးသော။ဇာတ္တိပုရိသာဒိကဿ၊မိန်းမယောကျ်ားစသည် ကို။ပညာပနာ၊ ပညတ်ခြင်းသည်။ အဝိဇ္ဇမာနပညတ္တိနာမ၊ အဝိဇ္ဇ မာနပညတ်မည်၏။သဗ္ဗာကာရေနာပိ၊ ခပ်သိမ်းသော သင်္ကေတ အခြင်းအရာ,သဘာဝဓမ္မ အခြင်းအရာအားဖြင့်လည်း။အနုပလဗ္ဘ နေယျာသာ၊မရအပ်, မရကောင်းသော။ ဝါစာဝတ္ထုမတ္တသောဝ၊ စကား၏တည်ရာမျှသာလျှင်ဖြစ်သော။ ပဋ္ဌမသစ္စာဒိကဿဝါ၊ငါးခု မြောက်သော သစ္စာစကားစသည်ကိုရင်း။တိတ္ထိယာနံ၊တိတ္ထိတို့၏။ အတ္တာ, ပကတိပုရိသာဒိကဿဝါ၊ အတ္တဝါဒ, ပကတိပုရိသဝါဒ စသည်ကိုရင်း။ပညာပနာပိ၊ ပညတ်ခြင်းသည်လည်း။ အဝိဇ္ဇမာန ပညတ္တိယေဝ၊ ထင်ရှားမရှိသော ပညတ်သာလျှင်တည်း။ သာပန ပညတ္တိ၊ထိုအတ္တ,ပကတိပုရိသ စသည်ကိုပညတ်ခြင်းသည်ကား။ သာသနာဝစရာ၊သာသနာ၌ ဖြစ်သော စကားသည်။ နဟောတိ၊

မဖြစ်။ ဥာတိတဿ၊ထို့ကြောင့်။ဥာဓ၊ ဤအဝိဇ္ဇမာနပညတ်ကိုဘွင့်ပြသောအရာ၌။နဂဟိတာ၊မယူအပ်။

(အဏု, ပကတိ, ပုရိသ, အတ္တ, အယူသည် ငါတို့ ဗုဒ္ဓသာသနာတော်၌မရှိ၊ အောက်၌ ပြခဲ့ပြီးသော တိတ္ထိတို့၏ အတ္တဝါဒအခဏ်း၌ ပြန်၍ကြည့်လေ။)

ထင်ရှားမရှိသော မိန်းမ,ယောကျ်ား စသော ပညတ်သံသို့ အစဉ်လိုက်၍ မှားသောနှလုံးသွင်းခြင်း ဟူသော သင်္ဂါယနဒီပြဖြင့်သာ မိန်းမ, ယောကျ်ားဟူ၍ ယူတတ်သည် မဟုတ်လောဟု စောဒနာဘွယ်ရှိ၍ "အဝိဇ္ဇမာနေပိ သဘာဝေ"စသောပါဌ်ကို မူလဋီကာဆရာ ဘွင့်ဆိုတော်မူ၏။

(ခ) သဘာဝေ၊သဘာဝဓမ္မသည်။အဝိဇ္ဇမာနေပိ၊ ထင်ရှားမရှိသော်လည်း။လောကနိရုတ္တိံ၊လောကအခေါ်အဝေါ်သို့။ အနုဂတ္တွာ၊အစဉ်လိုက်၍။အနဘိနိဝေသေန၊မှားသော နှလုံးသွင်းမရှိသော။ဝါ၊နိစ္စ စသည်ဖြင့် နှလုံးမသွင်းသော။ စိတ္တေန၊ မောဟနှင့် ယှဉ်သော သတ္တသမ္မောဟစိတ်ဖြင့်။ဥာတ္တိပုရိသောတိ ဂဟဏာသဗ္ဗာဝါ၊မိန်းမ, ယောကျ်ားဟူ၍ ယူဆခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ လောကနိရုတ္တိမတ္တာသိဒ္ဓသဘာတိဝစနံ၊ လောကနိရုတ္တိမတ္တာသိဒ္ဓသဘ ဟူသော စကားကို။အာဟ၊အဋ္ဌကထာဆရာမိန့်တော်မူ၏။

ဤ၌ မတ္တ သဒ္ဒါသည် ပိစာရမတ္တာ—ဟူသော ပါဌ်၌ကဲ့သို့ အတိုင်းအရှည်ပမာဏကိုဟောကြောင်း၊ထိုလောကအခေါ်အဝေါ် သမ္မုတိသစ္စာ,သဒ္ဒါအသံထက်အလွန်မိစ္ဆာဘိနိဝေသ မရှိကြောင်းကို အဋ္ဌကထာဆိုလို၍ "လောကနိရုတ္တိမတ္တာသိဒ္ဓသဘ"ဟု မတ္တာသဒ္ဒါဖြင့် ဘွင့်ဆိုကြောင်းကို သိအပ်၏ ဟူလို။

မိန်းမ,ယောကျ်ား,ထင်မှတ်ခေါ်ဝေါ်ခြင်း၌ ထင်ရှားမရှိသော်လည်း သမ္မုတိသစ္စာဖြစ်ခဲ့သော် အဏု, ပကတိ, ပုရိသ,သဿတ,သဿတိသမ,အတ္တ,ဇီဝစသော ပညတ်

သည်လည်း ထင်ရှားမရှိစေကာမူ သမ္မုတိစကားပင် ဖြစ်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့်မရအပ်ဟူ၍ အဋ္ဌကထာဆရာဘွင့်ဆိုသနည်း ဟူသော စောဒနာကို ဖြေခြင်းငှါ "သာဘိနိဝေ သေန ပန"စသော ပါဠ်ကို မူလဋီကာဆရာဘွင့်ဆိုတော်မူအပ်၏။

သာဘိနိဝေသေနပန၊ များသော နှလုံးသွင်းခြင်းနှင့်တကွသော။ စိတ္တေန၊ စိတ်ဖြင့်။ ဂယှမာနံ၊ ယူအပ်သော။ ပဌမသစ္စာဒိကံ၊ ငါးချ ခြောက်သစ္စာစကားစသည်သည်။ သဘာဝတော၊ သစ္စာလေးပါး ကဲ့သို့ သဘာဝမွအားဖြင့်။ နသိဒ္ဓံ၊ မပြီး။ သင်္ကေတနာပိ။ မိန်းမ, ယောကျ်ားဟူ၍ ပညာရှိအများ၏ အမှတ်အသား သင်္ကေတဖြစ်သော သမ္မုတိသစ္စာအားဖြင့်လည်း။ နသိဒ္ဓံ၊ မပြီး။ ဣတိတသ္မာ၊ ထိုသို့ သဘာဝအားဖြင့်ရင်း, သင်္ကေတအားဖြင့်ရင်း မပြီးသေးသော ကြောင့်။ သဗ္ဗာကာရေနာပိအနုပလဗ္ဘနေယျန္တိ၊ သဗ္ဗာကာရေနာပိ အနုပလဗ္ဘနေယျံဟူ၍။ ဝုတ္တံ၊ ဘွင့်ဆိုတော်မူအပ်၏။

**သက္ကာယဒိဋ္ဌိဖြစ်ခြင်း**·····ထိုဆိုအပ်ခဲ့ပြီးသည့်အတိုင်း သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့တွင် တပါးပါးနှင့်တွဲစပ်လျက်ရှိသော သက္ကာယဒိဋ္ဌိ ဖြစ်ခြင်းငှါ စွမ်းနိုင်သော အတ္တအယူကို ရှေးဦးစွာယူပြီး၍ ထိုမိမိများသောအားဖြင့် ယူထားပြီးသော အတ္တကိုပင် ငါ ဟူ၍ရင်း, မိန်းမဟူ၍ရင်း, ယောကျ်ားဟူ၍ရင်း, သတ္တဝါ, ပုဂ္ဂိုလ်ဟူ၍ရင်း ထင်မှတ်ပြောဆိုသော်သာလျှင် သက္ကာယဒိဋ္ဌိဖြစ်၏။

**သဿတ,ဥစ္ဆေဒဒိဋ္ဌိတို့နှင့်စပ်ခြင်း**···သက္ကာယဒိဋ္ဌိနှစ်ဆယ်လုံးပင် သဿတဒိဋ္ဌိနှင့်ရင်း, ဥစ္ဆေဒဒိဋ္ဌိနှင့်ရင်း တွဲစပ်နေကြောင်းကိုလည်း အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ၌ အဋ္ဌကထာဆရာဘွင့်ထား၏။

**ရှင်းအဋ္ဌကထာပါဠိကား......**

တတ္ထ ရူပံ အဇ္ဈတ္တတော သမနုပဿတိ၊ ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏံ အဇ္ဈတ္တတော သမနုပဿတီတိ ပဉ္စသု ဌာနေသု ဥစ္ဆေဒဒိဋ္ဌိ ကထိတာ၊ အဝသေသေသု သဿတဒိဋ္ဌိ၊ ဧဝံ ဧတ္ထ ပန္နရသ ဘဝဒိဋ္ဌိယော ပဉ္စ ဝိဘဝဒိဋ္ဌိယော စ ဟောန္တိ၊ တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာ— ဟူသတည်း။

**အနက်ကား**......တတ္ထ၊ ထိုနှစ်ဆယ်သောသက္ကာယဒိဋ္ဌိတို့တွင်။ ရူပံ၊ ရုပ်တရားကို။ အဇ္ဈတ္တတော၊ အဇ္ဈတ္တအားဖြင့်။ သမနုပဿတိ၊ အဖန်တလဲလဲရှု၏။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဏ်ကို။ အဇ္ဈတ္တတော၊ အဇ္ဈတ္တအားဖြင့်။ သမနုပဿတိ၊ အဖန်တလဲလဲရှု၏။ ဣတိ၊ ဤသို့။ ပဉ္စသု၊ ငါးပါးကုန်သော။ ဌာနေသု၊ ဌာနတို့၌။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ကထိတာ၊ ဟောတော်မူအပ်၏။ အဝသေသေသု၊ ကြွင်းကုန်သောတဆယ့်ငါးဌာနတို့၌။ သဿတဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို။ ကထိတာ၊ ဟောတော်မူအပ်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဧတ္ထ၊ ဤသက္ကာယဒိဋ္ဌိနှစ်ဆယ်တို့၌။ ပန္နရသဘဝဒိဋ္ဌိယော စ၊ တဆယ့်ငါးပါးကုန်သောဘဝဒိဋ္ဌိတို့သည်၎င်း။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိဘဝဒိဋ္ဌိယော စ၊ ဝိဘဝဒိဋ္ဌိတို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တာဒိဋ္ဌိယော၊ ထိုသက္ကာယဒိဋ္ဌိနှစ်ဆယ်တို့သည်။ မဂ္ဂါဝရဏာ၊ မဂ်ကိုတားမြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဂ္ဂါဝရဏာ၊ နတ်ပြည်ကိုတားမြစ်တတ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

**ပညတ်တူ, အယူကွဲ**......ဤဒိဋ္ဌိတို့ကြီဆ၍ယူအပ်သော အခါ ခပ်သိမ်း မပျက်စီး သော သဘောရှိ၏ ဟူသော ပုဂ္ဂလ, ပုရိသ, အတ္တ, ဇီဝ စသော အဘူတ, အတ္ထ-စကား ဟမျိုး, မြတ်စွာဘုရား နှင့်တကွ ဟလောကလုံး သုံးစွဲ ပြောဆိုသော ပုဂ္ဂိုလ်, သတ္တဝါ, ယောကျာ်း, မိန်းမစသော သမ္မုတိသစ္စာ စကား

တမျိုးဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးလုံးပင် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် အဝိဇ္ဇမာနပညတ်ဖြစ်ကြကုန်၏၊ ထိုသို့ပင် အဝိဇ္ဇမာနပညတ်ခြင်းတူသော်လည်း အောက်ဒိဋ္ဌိအခဏ်း၌ ရေးသားခဲ့ပြီးသည့်အတိုင်း တိတ္ထိတို့ယူဆပုံနှင့် ဗုဒ္ဓသာသနာဝင်လူရှင်ရဟန်းတို့၏ ယူဆပုံသည် ကွာခြားလျက်ရှိ၏။

**ဥပမာများ**……ဥပမာ-လောက၌ မသိမလိမ္မာသူတို့ကို တဦး တယောက်သောပုဂ္ဂိုလ်က ''လိပ်၌အမွေးရှိ၏၊ ယုန်သတ္တဝါ၌ ဦးချိုရှိ၏၊ ကောင်းကင်၌ ပန်းရှိ၏'' ဟုပြောဆို၏၊ ထိုစကားရပ်၌ အမွေးဟူသောနာမသည် ပညတ်မျှဖြစ်၍ ထင်ရှား မရှိ၊လိပ်၌လည်း အမွေးဟုခေါ်ဆိုစရာ အမာခံ အမွေး၏ သဏ္ဌာန် ပုံဟန်ဒြဗ်လည်းမရှိ၊ ထို့အတူ ဦးချို့ပန်း၊ ဟူသော နာမည်တို့ သည်လည်း ပညတ်မျှဖြစ်၍ ထင်ရှားမရှိကုန်၊ ယုန်သတ္တဝါ၌ ဦးချို ဟု ခေါ်ဆိုစရာ အမာခံဦးချို၏ သဏ္ဌာန် ပုံဟန်ဒြဗ်လည်းမရှိ၊ ကောင်းကင်၌ ပန်းဟုခေါ်စရာ အမာခံ ပန်းပွင့်၏ သဏ္ဌာန်ပုံဟန် ဒြဗ်လည်း မရှိကြသဖြင့် အချည်းနှီး မဟုတ်မမှန်သော မုသာဝါဒ, သမ္ဖပ္ပလာပ ဖြစ်ကုန်သကဲ့သို့ သစ္စာ,ခန္ဓာမှ အလွတ် တစုံတခုမရှိ ပါသည်ကို တိတ္ထိတို့က ကြံဆ၍ သစ္စာ,ခန္ဓာမှ ကင်းလွတ်ရာ အတ္တ တမျိုးရှိ၏ဟု ပညတ်ခြင်းသည် အတ္တဟူသော အမည်သည်လည်း ပညတ်မျှ ဖြစ်၍ ထင်ရှားမရှိ၊အတ္တဟုခေါ်ဆိုစရာ အမာခံ သဘာဝ ဓမ္မလည်း ထင်ရှားမရှိသဖြင့် နိရတ္ထကဖြစ်၍ ကြိုက်နှစ်သက်မိ, ယုံမှားမိ, ပြောဆိုမိသူတို့၌ သဏ္ဍာယဒိဋ္ဌိစသည် ဖြစ်၏။ (ဤကား နှစ်ဘက်မရပုံတည်း။)

ဆိတ်၌ အမွေးရှိ၏၊ ဆိတ်၌ဦးချိုရှိ၏၊ ပန်းပင်၌ ပန်းပွင့်ရှိ၏ဟု ပြောဆိုသောအခါ အမွေးဟူသော နာမပညတ်ကို ခေါ်ဆိုသမုတ် ရာ အမွေး၏ ပုံဟန်သဏ္ဌာန်, ဒြဗ်, အဋ္ဌကလာပ်ရုပ် ရှိသေး၏၊ရုပ် နာဂ်မျှကို နားမလည်သေး၍ အဋ္ဌကလာပ် သမူဟ,ဃနကို မသိ ကာမျှ; အမှတ်လွဲကာမျှ ဖြစ်၏၊ ထို့အတူ ဦးချိုဟူသော နာမ

ပညတ်ကို ခေါ်ဆိုသမုတ်ရာ, ပန်းပွင့်ဟူသော နာမပညတ်ကို ခေါ်ဆိုသမုတ်ရာ ဆိတ်သဏ္ဍာဝါ,ပန်းပင်တို့၌ ဦး ချိုသဏ္ဍာန် ပုံဟာန်ဖြစ်, အဋ္ဌကလာပ်ရုပ်, ပန်းပွင့်သဏ္ဍာန် ပုံဟာန်ဖြစ် အဋ္ဌကလာပ်ရုပ် ရှိသေး၏။(ဤကား တဘာက်ရပုံတည်း။)

ဤတွင် အကျယ်ဝေဘန်ပြချက် ပြီး၏။

---

## သဏ္ဍာယဒိဋ္ဌိပယ်သတ်ရန် နည်းအမြွက်

ဤသို့ အပေါင်းစာန, သမူဟ,ခန္ဓာ, အာယတန,တို့ကို သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, သတ္တသမ္ဘောဟတို့ဖြင့် ယောက်ျား, မိန်းမ,သတ္တဝါ,ထင်မှတ်နေခြင်းမှ ကင်းကွာရန် သဏ္ဍာယဒိဋ္ဌိကို အနုသယဘူမိ၌မျှ မတည်နိုင်ဘဲ သမုစ္ဆေဒအားဖြင့်ပယ်သတ်ရန် နာမရူပပရိစ္ဆေဒ-ဉာဏ်မှစ၍ ဝိပဿနာ ဉာဏ်ဆယ်ပါးတို့ဖြင့် ပွါးများ အားထုတ်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌိဝိသုဒ္ဓိ အခွင့်နှင့် ရင်းအခွင့် မဟာဋီကာတို့၌ ဤအကြောင်းကို ခွင့်ဆိုထား၏။

(က) နာမရူပမတ္တတော ဥဋ္ဌ် အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထီတိ နိဋ္ဌံ ဂစ္ဆတိ၊ သော ဧဝံ ယာထာဝ သရသတော နာမရူပံ ဝဝတ္ထပေတွာ သုဋ္ဌုတရံ သတ္တော ပုဂ္ဂလောတိ ဆုမိသာ လောကသမညာယ ပဟာနတ္ထာယ သတ္တသမ္ဘောဟဿ သမတိက္ကမတ္ထာယ အသမ္ဘောဟဘူမိယံ စိတ္တံ ဌပနတ္ထာယ သမ္ဗဟုလ သုတ္တန္တဝသေန နာမရူပမတ္တမေဝိဒံ၊န သတ္တော န ပုဂ္ဂလော အတ္ထီတိ ဧတမတ္ထံ သံသန္ဒိတွာ ဝဝတ္ထပေတိ။ (ဤကား အဋ္ဌကထာ စကားတည်း။)

(ခ) လောကသမညာယ ပိ ပဟာနတ္ထာယ၊ ပဂေဝ သတ္တော ဇီဝေါတိ ပဝတ္တနကမိစ္ဆာဘိနိဝေသဿာတိ

အဓိပ္ပါယော၊ နာမရူပမတ္တတာယ အဝိနိဗ္ဘုတ္တတ္တာ သန္တာနဒွိ ဃနဘေဒဿ စ အကတတ္တာ အဘိနိဝေသေန ဝိနာ သမ္မူဟောကတ္တဂ္ဂဟဏဝသေန သတ္တောတိ ပဝတ္တော သမ္မောဟော သတ္တသမ္မောဟော၊ တဿ ဝိက္ခမ္ဘနာ အသမ္မောဟဘူမိ။(ဤကား ဋီကာစကားတည်း။)

**အနက်ကား**……(က) နာမရူပမတ္တတော၊ နာမ်ရုပ်နှစ်ပါးမျှမှ။ ဥဒ္ဓံ၊အလွန်။အညော၊နာမ်ရုပ်မှတပါးသော။ သတ္တောဝါ၊ သတ္တဝါသည်ရှင်း။ပုဂ္ဂလောဝါ၊ပုဂ္ဂိုလ်သည်ရှင်း။ဒေဝေါဝါ၊ နတ်သည်ရှင်း။ ဗြဟ္မာဝါ၊ဗြဟ္မာသည်ရှင်း။ နတ္ထိ၊မရှိ။ဣတိ၊ဤသို့။နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ဂန္တွာ၊ရောက်၍။သော၊ထိုယောဂါဝစရ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည်။ ယာထာဝသရသတော၊ ဟုတ်မှန်တိုင်းသော နမန,ရုပ္ပနလက္ခဏာ သဘောအားဖြင့်။ နာမရူပံ၊နာမ်ရုပ်နှစ်ပါးကို။ဝဝတ္ထပေတွာ၊ ပိုင်းခြားမှတ်သားပြီး၍။သုဋ္ဌုတရံ၊ သာလွန်ကောင်းမွန်စွာ။သတ္တော ပုဂ္ဂလောတိဣမိသာ လောကသမညာယ၊ သတ္တဝါပုဂ္ဂိုလ်, ဟူသော ဤလောကသညာ အမှတ်အသားကို။ ဝါ၊သညာဝိပလ္လာသကို။ပဟာနတ္ထာယ၊ ပယ်ခြင်းအကျိုးငှါ။ သတ္တသမ္မောဟဿ၊ သတ္တဝါဟူ၍ ထက်ဝန်းကျင်မှ တွေဝေနေသော မောဟကို။ သမတိက္ကမတ္ထာယ၊ လွန်မြောက်ရခြင်း အကျိုးငှါ။ အသမ္မောဟဘူမိယံ၊ မတွေဝေသော ဝိပဿနာဉာဏ်၏ အရာ၌။ စိတ္တံ၊ စိတ်ကို။ဌပနတ္ထာယ၊ ထားခြင်းအကျိုးငှါ။သမ္ဗဟုလသုတ္တန္တဝသေန၊ များစွာသော သုတ္တန်ဒေသနာတော်၏ အစွမ်းအားဖြင့်။ ဣဒံ၊ဤပုဂ္ဂိုလ်,သတ္တဝါ,မိန်းမ,ယောကျ်ား ဟူသည်။ နာမရူပမတ္တမေဝ၊ နာမ်,ရုပ်,နှစ်ပါးမျှသာလျှင်တည်း။ သတ္တော၊ သတ္တဝါ ဟူသည်။နအတ္ထိ၊မရှိ။ ပုဂ္ဂလော၊ပုဂ္ဂိုလ်ဟူသည်။ နအတ္ထိ၊ မရှိ။ဣတိ၊ ဤသို့။ ဧတမတ္ထံ၊ ထိုမိန်းမ,ယောကျ်ား,ပုဂ္ဂိုလ်,သတ္တဝါ မရှိ၊ ရုပ်, နာမ်နှစ်ပါးမျှ ရှိ၏ ဟူသော အနက်ကို။ သံသန္ဒိတွာ၊ နှီးနှော၍။ ဝဝတ္ထပေတိ၊ပိုင်းခြားမှတ်သား၏။

ဤအဋ္ဌကထာပါဌ်၌ } (၁) နာမရူပပရိစ္ဆေဒဉာဏ်
(၂) ဝိပဿနာဉာဏ်

တို့ဖြင့် လောက အခေါ်အဝေါ်အတိုင်း မှတ်ထင်နေသော သညာဝိပလ္လာသကိုပယ်၍ သတ္တဝါဟု တွေ့ဝေနေသော သတ္တသမ္မောဟကို လွန်မြောက်စေခြင်းငှါ၊ မတွေ့ဝေသော ဝိပဿနာဉာဏ်အရာ၌ စိတ်ကို ထားခြင်းငှါ ပိုင်းခြားအားထုတ်၏ဟု ဆိုသဖြင့် အလွန်အကဲဖြစ်သော အောက်၌ ပြဆိုအပ်ခဲ့ပြီးသော သတ္တ,ဇီဝ, အတ္တ ဟူသော မှားသောနှလုံးသွင်းခြင်းကို ပယ်ရန်,လွန်မြောက်ရန် ပိုင်းခြားအားထုတ်၏ဟုဆိုဘွယ်ပင် မရှိတော့ကြောင်း။

ဥပမာ……အလွန်သေးငယ်သော ဒုက္ကဋ်သိစသော အာပတ်ကိုမျှ မကျူးလွန်မိအောင် အားထုတ်နေ၏ဟုဆိုသဖြင့် ကြီးကျယ်သော ပါရာဇိက, သံဃာဒိသိက်အာပတ်တို့ကို ဆိုဘွယ်ရာပင်မရှိတော့ပြီဟူသကဲ့သို့ အဋ္ဌကထာဆရာဘွင့်ဆိုတော်မူ၏ဟု ပြလိုသော ဋီကာဆရာသည် (လောကသမညာယပိ) အစရှိသော ပါဌ်ကိုမိန့်တော်မူ၏။

(ခ) လောကသမညာယပိ၊ လောကအခေါ်အဝေါ် အမှတ်သညာကိုလည်း၊ပဟာနတ္ထာယ၊ပယ်ခြင်းအကျိုးငှါ။နာမရူပံ၊နာမ်, ရုပ်ကို၊ ဝဝတ္ထပေတိ၊ပိုင်းခြားမှတ်သား၏။ သတ္တောဇီဝေါတိ၊သတ္တဝါ, ဇီဝဟူ၍။ ပဝတ္တနကမိစ္ဆာဘိနိဝေသဿ၊ ဖြစ်တတ်သော မှားသော နှလုံးသွင်းခြင်းကို။ပဟာနတ္ထာယ၊ ပယ်ခြင်းအကျိုးငှါ။ ဝဝတ္ထာပနေ၊ပိုင်းခြားမှတ်သားရာ၌။ ပဂေဝ၊ အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။ဝါ၊ပဂေဝ၊မိစ္ဆာအပဒုကိုဖွင့်၍ ရှေးဦးပဌမ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်စ၌ပင်လျှင်။သတ္တောဇီဝေါတိပဝတ္တနကမိစ္ဆာဘိနိဝေသံ၊ မြဲသော သတ္တဝါ, အမြဲတည်သောဇီဝဟူ၍ ဖြစ်သောမိစ္ဆာ့နှလုံးသွင်းကို။ဝိက္ခမ္ဘေတိ၊ ခွါ၏။ဇာတိအဟံ၊ဤသည်ကား။ အဓိပ္ပါယော၊အဋ္ဌကထာဆရာ၏အလိုတည်း။ နာမရူပမတ္တ

ဟာယ၊နာမ်,ရုပ်,နှစ်ပါးမှု၏အဖြစ်ကို။ပါ၊အဖြစ်၏။အဘိနိဗ္ဗတ္တာ စ၊ မဆုံးဖြတ်အပ်သေးသည်၏အဖြစ်ကြောင့်ရင်း။ သန္တာနာဒိဃန ဘေဒသ၊ သန္တာန်, အာရုံ,အစရှိသော တခဲနက်ကို ဉာဏ်ဖြင့် ဖျက်ဆီးခြင်း၏။ အကတတ္တာစ၊ မပြုအပ်ဘူးသေးသည်၏အဖြစ် ကြောင့်ရင်း။အဘိနိဝေသေန၊များသော နှလုံးသွင်းခြင်း သက္ကာယ ဒိဋ္ဌိနှင့်။ဝိနာ၊ကင်း၍။ သမူဟကတ္တဂ္ဂဟဏဝသေန၊ အပေါင်း၏ အဖြစ်, တခုတည်းသောအဖြစ်ကို ယူသည်၏ အစွမ်းအားဖြင့်။ သတ္တောတိပဝတ္တော၊သတ္တဝါဟူ၍ဖြစ်သော။သမ္မောဟော၊ ထက် ဝန်းကျင်မှတွေဝေခြင်းသည်။သတ္တသမ္မောဟော၊ သတ္တသမ္မောဟ မည်၏။တဿ၊ထိုသတ္တသမ္မောဟကို။ ဝိက္ခမ္ဘနာ၊ ခွါခြင်းသည်။ အသမ္မောဟဘူမိ၊ ဝိပဿနာဉာဏ်၏ အရာမည်၏။

ဤပါဠိ၌(တဿ ဝိက္ခမ္ဘနာ)ဟူသောပုဒ်ဖြင့် သတ္တသမ္မောဟကို သာ ဝိပဿနာဖြင့်ခွါခြင်းကိုပြ၏၊သက္ကာယဒိဋ္ဌိကိုကား အနုသယ ဘူမိ၌ တည်ရှိနေသောကြောင့် နောင် မဂ်သို့ ဆိုက်ရောက်သောအ ခါ အရင်းပြတ် ပယ်လတ္တံ့ဟုပြ၏။

ယခုကာလ၌ဟောပြောရေးသားကြသည်ကား အများအားဖြင့် ပရိယုဋ္ဌာနဘူမိအရာ၌ တည်သော ဒိဋ္ဌိဝိပ္ပယုတ် တဏှာ, သတ္တ သမ္မောဟတို့ကိုပင် သက္ကာယဒိဋ္ဌိမည်၏၊ ၎င်းကို ပယ်သတ်ရန် အားထုတ်ရမည်ဟု ဟောပြောရေးသားကြကုန်၏၊"ဓမ္မေသု ဓမ္မာနု ပဿီ ဝိဟရန္တော အနတ္တနိ အတ္တာတိ ဝိပလ္လာသံ ပဇဟတိ" ဟူသော နေတ္တိပါဠိတော်ကိုလည်း ထောက်၍သိရာ၏။

## ဤ၌ ဆင်ခြင်ရန်ကား......

မြတ်စွာဘုရားတို့၏ ဒေသနာတော်ကို ကြားရ,နာရ, ကျင့်ကြံ ရရန် အကြောင်းအခွင့်ကို မသိထားဘဲ,လောက၌ဘုရားပွင့်တော် မူ၏ဟူသော သတင်းစကားလောက်ကိုမျှ ကမ္ဘာအသင်္ချေ လွန် လေပြားသော်လည်း ကြားရရုံပင် အလွန်ခဲယဉ်းကြောင်းကို ကျမ်းဂန်တို့၌ ပြထား၏။

**ကက္ကာယဒိဋ္ဌိဖြစ်**...ဤသို့ ဘုရားမြတ်စွာ သမ္မာသမ္ဗုဒ္ဓကို မတွေ့ရ, မကြုံရသဖြင့် လောက၌ရှိသောသူတို့ သည် အများအားဖြင့် (တော)ကို(တောင်)ကို (ရေ)ကို (မီး)ကို (ဂဟာဗိဿာဏိုး)ကို(ဗြဟ္မာ)ကို (အဝတ်အစားမရှိသူ)ကို ဘုရား ထင်မှတ် ဆည်းကပ်ကိုးကွယ်၍ နေကြကုန်၏၊ ထိုအခါ ဘုရား မဟုတ်သူဘို့ကလည်း ထင်ရာမြင်ရာကို ကြံဆဟောပြကြကုန်၏၊ ဟောပြသည့်အတိုင်း ယုံကြည်ကြလေသောကြောင့် သက္ကာယဒိဋ္ဌိ စသော ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိ, နတ္ထိက, အဟေတုက, အကြိယဒိဋ္ဌိကြီးသုံးပါးသို့ ထိုက်သည့်အားလျော်စွာ သက်ရောက် ကြလေကုန်၏။

**သက္ကာယဒိဋ္ဌိမဖြစ်**....ယခုအခါ ငါတို့မြန်မာလူမျိုးတို့၌ အများအားဖြင့် ဘုရားစစ်, ဘုရားမှန်, သမ္မာသမ္ဗုဒ္ဓကို ယုံကြည်အားထား၍ အနိစ္စ, ဒုက္ခ,အနတ္တ တရားကို ကလေးသူငယ်မှ စ၍ ရွတ်ဘတ်ပြောဆိုကြ၏၊ သို့သော် အပါ ကဍု အနိစ္စဉာဏ်,ဒုက္ခဉာဏ်, အနတ္တဉာဏ်တိုင်အောင် ပေါက် ရောက် သိမြင်နိုင်သော ပညာခံရှိသူကား နည်း၏၊ ပညာမရှိ၍ ဓာတ်,ခန္ဓာ,အာယတနတို့၏ ဥပါဒ်, ဌီ,ဘင်,အစဉ်မပြတ် ဖြစ်ချုပ် နေသည်ကို သန္တတိ,ဣရိယာပထ,ဃနတို့ ဖုံးထားသဖြင့် မသိ မမြင်နာ မလည်သေးသော်လည်း မိမိတို့အားထားကိုးကွယ်သော ဦးစီးနာယကပုဂ္ဂိုလ်သည် လောကနာထ, သတ္ထာဒေဝမနုဿာနံ, သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်နေသောကြောင့် ငါတို့မြတ်စွာဘုရားဟော တော်မူချက် မှန်မည်ဧကန်ဘဲဟု လွှဲပုံအားထား ယုံကြည်ခြင်း သဒ္ဓါတရားရှိကြကုန်၏၊ လွှဲပုံအားထားသည့်အတိုင်းလည်း သရ ဏဂုံ၏ သတ္တိ,အနိစ္စ,ဒုက္ခ, အနတ္တ တရားမှန်တို့၏ သတ္တိကြောင့် သက္ကာယဒိဋ္ဌိလည်း မဖြစ်နိုင်၊ နိဗ္ဗာန်တိုင်အောင် ပို့နိုင်သော စေ တသိက်ကံ,မဂ္ဂင်ကံ,ဥပနိဿယအမှန်ကိုလည်း ရကြကုန်၏။

**သောတာပန်၌ရေတွက်**....ထိုလောက်မျှမှ တဆင့်တက်၍ သင်ကြား, နာယူ, လေ့လာသူ,

ထိုမှ တဆင့်တက်၍ ဝိပဿနာတရားကို ကောင်းမွန်စွာ ပွါးများနေသူ ကလျာဏပုထုဇန်, ရှင်, လူ, ရဟန်းတို့၌ကား ဆိုဘွယ်ပင်မရှိ၊ သောတာပန်၌ပင် ရေတွက်၍ ထားရတော့၏။

ထိုစကားကို ချဲ့၍ ဆိုဦးအံ့၊ အကြင်ပုဂ္ဂိုလ်တယောက်သည် ဘုရား,တရား,သံဃာ,ရတနာသုံးပါးတို့၌ ယုံကြည်အားထားခြင်းကား ရှိ၏၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်ပေါ်လာသော ကိလေသာကို ကြာရှည်စွာ မခွါ မပယ်နိုင်သေးသောကြောင့် ပုထုဇန်တို့၏ အလေ့သဘောအတိုင်း ကိလေသာတို့၏သတ္တိကြောင့် ပါဏာတိပါတစသော အကုသိုလ်ကို ကျူးလွန်မိ၏၊ထိုသို့ပင် ငါးပါးသီလ ပျက်စီးနေစေကာမူ အမိ,အဘ,ရဟန္တာကို သတ်မိ,နတ္ထိကစသော မိစ္ဆာဒိဋ္ဌိတို့ကိုယူမိ, လောဟိတုပ္ပါဒက, သံဃဘေဒကကံတို့ကို ပြုမိခြင်းတို့မှ ကင်းရှင်းနေခဲ့သော် ထိုဘုရား,တရား, သံဃာဂုဏ်ကို အာရုံပြု၍ ရတေက ရင်းပုဂ္ဂိုလ်သည် နတ်ပြည်၌ ဖြစ်နိုင်ခြင်း, သရဏဂုံဆောက်တည်ခဲ့ဘူးသော ကုသိုလ်က ဥပနိဿယ အထောက်အပံ့ပြု၍ အပါယ်ငရဲသို့ ကျရောက်နေစေကာမူ တစုံတခုသော ကာလ, ဘဝ, ကပ် အခါတို့၌ ငရဲမှ လွတ်လာ၍ နိဗ္ဗာန်သို့ရောက်အောင် ပို့နိုင်ခြင်း သတ္တိတန်ခိုးတို့ကို အဋ္ဌကထာဆရာ မြင်တော်မူသောကြောင့်......

**ဒက္ခိဏာဝိဘင်္ဂသုတ်အဘွင့်၌**......

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောတိ ဧတ္တ ဟေဋ္ဌိမကောဋိယာ တိသရဏံ ဂတော ဥပါသကော ပိ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောနာမ၊ တဿ ဒိန္နဒါနမ္ပိ အသင်္ချေယျံ အပ္ပမေယျံ......စသည်ကို ဘွင့်ဆိုထားရ၏။

**အနက်ကား**......သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော တိ ဧတ္တ၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နောဟူသော

ဤပါဠိ၌။ ဟေဋ္ဌိမကောဋိယာ၊ အောက်ဆုံး အစွန်းအားဖြင့်။ ဝါ၊ အယုတ်ဆုံးအားဖြင့်။ တိသရဏဂတော၊ သရဏဂုံ သုံးပါးတည်သော။ ဥပါသကော ပိ၊ ဒါယကာသည်လည်း။ သောတာပတ္တိဖလသစ္ဆိကြိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ။ ပဋိပန္နောနာမ၊ ကျင့်သောပုဂ္ဂိုလ်မည်၏။ တသ္မိံ၊ ထိုသရဏဂုံသုံးပါးမှ တည်သောပုဂ္ဂိုလ်အား။ ဒိန္နဒါနမ္ပိ၊ ပေးလှူအပ်သော အလှူ သည်လည်း။ အသင်္ချေယျံ၊ သင်္ချာအရေအတွက်မရှိ။ အပ္ပမေယျံ၊ ပိုင်းခြားနိုင်းစာရန်ပမာဏမရှိ။

**သရဏဂုံတည်သူမျှဖြစ်ရန် ခဲယဉ်းပုံ**……ဤလောက၌ သရဏဂုံမှ တည်သူဖြစ်ရန် ခဲယဉ်းပုံကို ဒုလ္လဘတရားများကို ပြန်၍ဆင်ခြင်ကြကုန်၊ အမြွက်မျှ ဆိုဦးအံ့၊ ငရဲကြီး ရှစ်ထပ်, ၁၂၈–ရပ်သော ငရဲငယ် အသွယ်သွယ် အမျိုးမျိုးသော အသုရကာယ်, ပြိတ္တာဘုံနယ်တို့၌ အဘယ်မှာမှ မရေတွက်နိုင်သော သတ္တဝါအပေါင်းတို့ တည်ရှိကြ ဖြစ်ကြကုန်၏။

သမုဒ္ဒရာ လေးစင်း ရှိ ရေအတွင်း မြစ်ကြီး ငါးသွယ်, မြစ်ငယ် ငါးရာ, များစွာသော အင်း, အိုင်, ချောင်း, မြောင်း အတွင်းတို့၌ မရေတွက်နိုင်ကုန်သော တိရစ္ဆာန်သတ္တဝါ၊ ကျွန်းကြီး လေးကျွန်း မြင့်မိုရ်တောင်၌ မရေတွက်နိုင်ကုန်သော ကုန်းတိရစ္ဆာန်သတ္တဝါတို့ တည်ရှိကြကုန်၏၊ မိမိ၏ ခန္ဓာကိုယ်တခု အတွင်း၌ပင် မရေမတွက်နိုင်သော ပိုးကောင်ငယ်တွေ ဖြစ်ပေါ်နေကြရကား စကြဝဠာ တခုလုံးရှိ လူသတ္တဝါတို့၏ ကိုယ်အတွင်း၌ အဘယ်မျှ ပိုးကောင်တွေ ဖြစ်ပေါ်နေကြမည်နည်း။

တောင်ပို့တခု၏ အတွင်း, ပိုးပရွက်အုံတခု၏ အတွင်း၌ မရေတွက်နိုင်သော သတ္တဝါငယ်တွေ ဖြစ်ပေါ်နေကြက စကြဝဠာ တခုလုံးရှိ တောင်ပို့အကုန်၏အတွင်း, ပိုးအုံတွေ၏အတွင်း၌ သတ္တဝါပေါင်း မည်မျှ ဖြစ်ပေါ်နေကြမည်ကို စဉ်းစားက ရတနာသုံးပါး

နှင့် ဝေးကွာသော သတ္တဝါများကြောင်း,တွေ့နိုင်ကြုံနိုင်ခဲကြောင်း သိနိုင်၏၊ သတ္တဝါအတွင်း,တောင်ပို့အတွင်း,ပိုးအုံအတွင်းမှ တပါး ရေရှိသမျှ, ကုန်းရှိသမျှအတွင်း၌ မှီတင်းနေထိုင်သော တိရစ္ဆာန်, သတ္တဝါတို့၌ သရဏဂုံမရှိနိုင်ပုံကိုလည်း ဆင်ခြင်။

**ပဋိရူပဒေသ,သပ္ပုရိသနိဿယ**……တဘန် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, တို့မှလွတ်ထွက်လာပြန်ပါသော်လည်း''ပဋိရူပ-ဒေသ''တင့်အပ် လျောက်ပတ်သော ဌာနဌ်ဖြစ်ရန် အခွင့်,သူတော်သူမြတ်တို့ အဆို အဆုံးမ ''သပ္ပုရိသနိဿယ''ကိုရရန် ခဲခက်ပြန်၏။

**ခဲခက်ဟန်ကား**……ယခုအခါ မြန်မာပြည်နှင့် ဈေးတိုက်, ဥရောပတိုက်, မြောက်အမေရိကတိုက်, တောင်အမေရိကတိုက်, အာဖရိကတိုက်,ဩစတေလိယားကျွန်း ကြီးတို့၏ အတွင်း ဖြစ်ရကုန်သော လူသတ္တဝါတို့၌ သရဏဂုံမှု တည်သူအလွန်နည်းပုံ၊ မိစ္ဆာအယူရှိသူများပုံ၊ဇမ္ဗူဒီပနိုင်ငံအတွင်း ဘင်္ဂလားနယ်ကလေး အတွင်းရှိ လူသတ္တဝါအကုန်နှင့် မြန်မာတ ပြည်လုံးရှိ လူအကုန် မတူမျှဘဲ နှစ်ဆ, သုံးဆ, ထိုနယ်ကလေးက ကုလားလူမျိုး များ၍နေပုံ၊ သရဏဂုံမတည်သူ များ၍နေပုံ၊ ထို နောက် မြန်မာပြည်၏အတွင်း၌လည်း မိစ္ဆာဉာဏ်မြင် ရှိနေသူတွေ ကို ပယ်ရှားက အလွန်နည်းပါးသော သရဏဂုံတည်သူ ကျန်ရှိ တော့ကြောင်း၊ ၎င်းထက် တဘန်ရုပ်, နာမ်, ခန္ဓာ, အာယတန, သစ္စာ,ပဋိစ္စသမုပ္ပါဒ်တရားတို့ကို လေ့လာသူက သာ၍ နည်းပြန်၏။

**သဒ္ဓါနည်းပါးကြောင်း ဖြစ်ရအံ့လော**…… ဤမျှလောက် ခက်ခက် ခဲခဲ ရှေးဘုန်း ရှေးကံ နည်းသူတို့၏အတွင်း၌ ဖြစ်ရခြင်းကို ကျော်လွန် လျက် ဒုလ္လဘအဆက်ဆက်ကို လက်ရတွေ့ရှိအောင် ကံဆောင် တင်ပို့လိုက်သော ကလျာဏပုထုဇန်အဖြစ်သို့ ရောက်ရပါလျက် သဒ္ဓါယဒ္ဓိန္ဒြေ, ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိတွေနှင့် မကင်းရအောင်

ဖြစ်နေသေးလျှင် ဘုရားရှင်ကိုယ်တော်မြတ်တို့၏ ဂုဏ်သတ္တိ တန်ခိုးကို အားကိုးရန် သဒ္ဓါနည်းပါးကြောင်း ဖြစ်ရတော့အံ့။

**အကြောင်းပြ**…အဘယ့်ကြောင့်နည်းဟူမူ, ထိုကလျာဏပုထုဇန်၌လည်း ငါ့ကိုယ်,ငါ့သား,ငါ့မယား, ငါ့ဥစ္စာ,ငါ့ကျွန်စသည်ထင်မှတ်မှုက တနေ့တနေ့တွင် ဘယ်မျှ, တဘဝလုံး၌ဘယ်မျှ စိတ်သန္တာန်၌ ပေါ်နေသည်ကိုမရေတွက်နိုင်၊ ထိုသို့စိတ်သန္တာန်အစဉ်၌ ပေါ်တိုင်းပေါ်တိုင်းလည်း သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု ဆုံးဖြတ်ထားပြန်သောကြောင့် သက္ကာယဒိဋ္ဌိပေါင်းမရေ တွက်နိုင်၊သဿတဒိဋ္ဌိပေါင်း,ဥစ္ဆေဒဒိဋ္ဌိပေါင်း မရေတွက်နိုင်ဘဲ ပရိယုဋ္ဌာနကိလေသာတို့ စိတ်မှာ ထိုးကျင့်နေတော့အံ့။

**အမြင်မှန်ယူဆပါ**……ထို့ကြောင့် အောက်၌ ဆုံးဖြတ် ရေးသားတော်ပြခဲ့သည့်အတိုင်း အနုသယ ကျိန်းဝပ်နေသော သက္ကာယဒိဋ္ဌိကိလေသာကို ချန်ထား၍ ငါ့သား, ငါ့မယား, ငါ့ကိုယ်စသည်ထင်မှတ် တပ်မက်မှုတို့သည် ဒိဋ္ဌိနှင့် မယှဉ်သော ပရိယုဋ္ဌာနတဏှာ ကိလေသာ, သတ္တသမ္မောဟ ကိလေသာတို့မျှ ဖြစ်ကြကုန်၏၊ အကြင်အခါ၌ အနိစ္စ,ဒုက္ခ,အနတ္တ တရားကို ပယ်ရှားစွန့်ပစ်၍ တိတ္ထိတို့ ကြံဆအပ်သော နိစ္စ, သုခ, အတ္တ အယူကို ကြိုက်နှစ်သက်အံ့၊ နိစ္စ, သုခ, အတ္တသည် အမှန်ပင် တည်းဟုယူအံ့၊ထိုအခါ,ထိုနေ့,ထိုလ,ထိုဘဝတို့၌ အနုသယကိလေ သာ၏ အဖြစ်မှ, သည် ထာမပတ္တ=အားအစွမ်းသို့ ရောက်လာ၍ သတ္တဝါတို့စိတ်သန္တာန်၌ ပရိယုဋ္ဌာနကိလေသာ၏အဖြစ်ဖြင့် တည် ကုန်အံ့ဟု ကျမ်းဂန်လာတိုင်း ယူဆကြကုန်ရာ၏။

**သံသယဖြင့်နှိပ်စက်နိုင်ပုံ**……ဤသို့မယူဘဲ သောတာပန်နှင့် ကလျာဏပုထုဇန်တို့၏ မိန်းမ, ယောကျ်ားစသည် ထင်မှတ်မှုသည်ကား ရုပ်နာမ်ကို ပိုင်းခြားသိပြီး သောကြောင့် သက္ကာယဒိဋ္ဌိနှင့်မယှဉ်၊ အန္ဓပုထုဇန်တို့၏ မိန်းမ, ယောကျ်ားစသည် ထင်မှတ်မှုသည်ကား ရုပ်နာမ်ကိုမပိုင်းခြားနိုင်

သောကြောင့် သက္ကာယဒိဋ္ဌိနှင့်ယှဉ်၍ဟုယူခဲ့မှု,ကျမ်းဂန်နှင့်လည်း မညီ၊ယုတ္တိလည်း မရှိ၊မိမိ၏ကိုယ်ကိုလည်း မိမိစိတ်မချ၊အပါယ်မှ လွတ်ရန်ခက်ခဲကြောင်း-သံသယဖြင့် နှိပ်စက်ခြင်း ခံရတော့အံ့။

**ပရိယုဋ္ဌာနကိလေသာ**……ကျမ်းဂန်တို့၏ အသွားအလာ အဘွင့်အဆိုကို အောက်၌ ပြခဲ့ပြီးပြီ၊

ယုတ္တိကား……**ကလျာဏပုထုဇန်၌ သက္ကာယဒိဋ္ဌိမဖြစ်ဟု** အဋ္ဌကထာ၌ ဘွင့်ထား၏၊ဤသို့ဘွင့်ထားခြင်းသည် အနုသယ ကိလေသာကို ဆိုသည်မဟုတ်၊ပရိယုဋ္ဌာနကိလေသာကို ဆို၏။

**ဥပမာ**……ထိုကလျာဏပုထုဇန်၌ အမိ, အဘ, ရဟန္တာကို သတ်နိုင်သော ဒေါသကိလေသာသည် အနုသယအားဖြင့် ရှိ၏၊ ပရိယုဋ္ဌာနကိလေသာအားဖြင့်ကား စိတ်၌ မပေါ်သေး၊အကြွင်နေ့,တနေ့—လ,တလ—နှစ်, တနှစ်-ဘဝ, တဘဝ၌ အမိ,အဘ,ရဟန္တာကို သတ်နိုင်ရန် အပေါင်းအသင်း, အဟောအပြော, အဆက်အဆံအားလျော်စွာ ဒေါသစိတ် ပေါ်လာအံ့၊ သတ်မည်ဟု ကြံအံ့၊သတ်လည်းသတ်အံ့၊ထိုအခါ ထိုနေ့, ထိုလ, ထိုနှစ်,ထိုဘဝ၌ ရုပ်နာမ်ကိုပိုင်းခြားသိမှု ကုသိုလ်က တားမြစ်၍ မထားနိုင်။

သောတာပန်၏ မဂ်ကုသိုလ်သည်ကား ထိုဒေါသမျိုးကို မဂ်စိတ်တကြိမ်တချက်တည်းဖြင့် ပယ်ရှားနိုင်သောသတ္တိရှိသောကြောင့်, အရင်းပြတ် ပယ်ရှားပြီးသောကြောင့် ထိုသောတာပန် ပုဂ္ဂိုလ်၏ စိတ်၌ ထိုဒေါသမျိုး မဖြစ်ပေါ်ကောင်း။

ကလျာဏပုထုဇန်ပုဂ္ဂိုလ်သည် မိမိ၏ရန်သူကို ပျက်စီးပါစေဟု ကြံစည်သော အခိုက်အတန့်၌ ကုသိုလ်ဇောမယှဉ်၊မရှိ၊ဗျာပါဒကမ္မပထ မြောက်၏၊ထိုသို့ကံမမြောက်ရန်,မကြံစည်ရန်, ရုပ်နာမ်ကိုသိသော ရှေးအဘို့၌ဖြစ်သော ကုသိုလ်ကသော်ရင်း, ကြံပြီးမှ သတိရ၍ တားမြစ်ရန် ကြံစည်သော နောက် ကုသိုလ်စိတ်ကသော်ရင်း ပရိယုဋ္ဌာန ကိလေသာ၌တည်ပြီး,ချုပ်ပြီး,ကံမြောက်ပြီး

စိတ်ကို မတားမြစ်နိုင်၊ ကုသိုလ်နှင့် အကုသိုလ်တို့ တပြိုင်နက် မဖြစ်ကောင်းသောကြောင့်တည်း။

ထို့အတူ ဒိဋ္ဌိဖြစ်နိုင်ရန်အာရုံမျိုးနှင့် ဒိဋ္ဌိမဖြစ်ရန် အာရုံမျိုးကို မခွဲခြားဘဲ မိန်းမ,ယောက်ျား,ငါ,သူတပါး ထင်မှတ်မှုသက်သက်, တပ်မက်မှုသက်သက် အာရုံအတူတူ ဖြစ်ခဲ့လျှင် ကလျာဏပုထုဇန်၌လည်း ဖြစ်ပေါ်ခိုက်၊ ပရိယုဋ္ဌာနဘူမိ၌ တည်ခိုက်၊ ရုပ်နာမ်ကို ပိုင်းခြားနိုင်သော ကုသိုလ်စိတ်မရှိ၍ မတားနိုင်၊ ဖြစ်ပေါ်ပြီး ချုပ်ပြီးမှ သတိရ၍ မိန်းမ, ယောက်ျားမဟုတ်ဟု ဆင်ခြင်ပြန်သော်လည်း မိန်းမ,ယောက်ျား,ငါ့ကိုယ် ထင်မှတ်မှုစိတ်က ချုပ်သွား၍ မတားနိုင်။

အန္ဓပုထုဇန်၌လည်း ဤအတူ ငါ့ကိုယ်, ငါ့သား, ငါ့မယား စသည် ထင်ခိုက်၊ တပ်မက်မှုသက်သက် ဖြစ်ပေါ်ခိုက်၊ ကုသိုလ်စိတ်မရှိ၍ မတားနိုင်၊ ဖြစ်ပေါ်ပြီး၍ ချုပ်ပျက်သွားပြီးနောက်လည်း မတားမြစ်နိုင်၊ ဤသို့ အာရုံတူ, မတားမြစ်နိုင်ခြင်း တူပါလျက် ကလျာဏပုထုဇန်၌ကား ငါ့သား, ငါ့မယား, ငါ့ကိုယ် ထင်မှတ်သောစိတ်ကြောင့် သက္ကာယဒိဋ္ဌိ မဖြစ်၊ အန္ဓပုထုဇန်၌ကား ငါ့သား, ငါ့မယား,ငါ့ကိုယ် စသည် ထင်မှတ် တပ်မက်မှုကြောင့် သက္ကာယဒိဋ္ဌိဖြစ်၏ဟု ပရိကပ္ပ ကြံဆပြောဆိုခြင်းသည် ယုတ္တိမရှိ၊ သက္ကာယဒိဋ္ဌိဖြစ်နိုင်လောက်သော အယူဝါဒ, အာရုံ၊ သက္ကာယဒိဋ္ဌိမဖြစ်နိုင်လောက်သော အယူဝါဒ,အာရုံကိုသာ အောက်၌ ရေးပြခဲ့ပြီးသည့်အတိုင်း ကြံစည် ၏။

**ဆင်ခြင်ဘယ်ပါ** ..... ဤအရေး၌များစွာသော ပါဠိ,အဋ္ဌကထာ, ဋီကာ စကားတို့ကို စဉ်းစား နှိုင်းချိန်ရသောအချက်ဖြစ်၍ အစ, အလယ်,အဆုံး စကားတို့ကို ဤအဆုံးအဖြတ်၌ ရေးသားသည့်အတိုင်း အကြိမ်ကြိမ် ဘတ်ရှုမှတ်သား ဆင်ခြင်စဉ်းစားကြကုန်ရာ၏၊ သာမညာ မှတ်သားဘဲ ဘတ်သွားကာမျှဖြင့် ပါဠိဘာသာ၌ မလေ့လာရသူတို့ ဆင်ခြင်စဉ်းစား သက်ဝင်နိုင်ရန် ခဲယဉ်း၏။

ဤစာကိုရေးသားရခြင်းသည်လည်း မိမိ၏ ကိုယ်တိုင်ခံ့ပြင်အနုတ္တလက္ခဏာသုတ်ကို ကိုယ့်မဟုတ်ပဟုသောအနက်ဖြင့် ဆင်ခြင်၍ အဓိပ္ပါယ်မရခြင်း, နောက်၌ ရေးပြခဲ့သော ပါဠိ,အဋ္ဌကထာ, ဋီကာစကားတို့ဖြင့် ပယ်ရှားသော မိစ္ဆာ အတ္တနှင့်, သမ္မုတိသစ္စာ အတ္တတို့ကို ခွဲခြား၍မရခြင်း, အခြားသော ရုပ်နာမ်ဓမ္မကို ခွဲခြား သိပြီးသူ ယောဂီပုဂ္ဂိုလ်တို့သည် ကလျာဏပုထုဇန် ဖြစ်ကုန်လျက် အသက်ဆုံးခါနီး၌ သက္ကာယဒိဋ္ဌိမီးကို ကြောက်၍ မျက်ရည်ကျသည်ကိုတွေ့မြင်ရခြင်း, ပြောပြခဲ့သည်ကို ကြားရခြင်းတို့ကြောင့် ရှင်းလင်းရေးသားရပေ၏။

**ရင်ဝစိုက်လှံ နုတ်ပယ်ရန်သို့**..... သက္ကာယဒိဋ္ဌိ အနုသယ ကိလေသာကို ယခုလို အခါသာသနာဓမ္မ ရှိခိုက် အားစိုက် နုတ်ပယ်ရန် အတန်တန်သောလက်နက် မကွယ်မပျက်မီ ရင်ဝ၌စိုက်တည်သော လှံကို နုတ်ပယ်ရန် အရေးကြီးသကဲ့သို့ အနည်းနည်း အားထုတ်ကြကုန်ရာ၏၊ ဤငါ ကိုယ်, ငါသားစသည် ထင်မှတ်မှုလောက်ကား သက္ကာယဒိဋ္ဌိ မဟုတ်သဖြင့် စင်စစ် နှလုံးမသာယာခြင်း မရှိဘဲ အမြဲ ခိုအောင်းနေသော ကိလေသာအနုသယကို ကမ္မဋ္ဌာနဝိပဿနာ အဖြာဖြာတို့ဖြင့် ပယ်ခွါနုတ်သတ်ရန် ရည်သန်စိတ်ထား ပွါးများကြကုန်ရာသည်။

**သမ္မုတိသစ္စာဖြင့်လည်း အားထုတ်ပါကုန်**.....သမ္မုတိသစ္စာ ဒေသနာစကား သည်လည်း အကျွတ်တရားရကြောင်း, ပရမတ္ထသစ္စာ ဒေသနာ စကားသည်လည်း အကျွတ်တရားရကြောင်း ဖြစ်ကြကုန်၏၊တရား ကို နာခံအားထုတ်သူတို့၏ပညာဉာဏ် အခံနည်းပါးချက်များပြားမှုတို့ကြောင့်သာ ကျွတ်,မကျွတ်, ကွာခြားကြကုန်၏၊ ထို့ကြောင့် သတ္တဝါတို့၏ ပညိန္ဒြေ.....စသော ဣန္ဒြေရင့်မှု, နုမှုကိုရင်း,အလိုစရိုက် နှလုံးသွင်းကိုရင်း သိတော်မူနိုင်သော ဉာဏ်တော်သည် မြတ်စွာဘုရားသျှင်၌သာ ရှိတော်မူ၏၊ ထိုဉာဏ်တော်တို့ဖြင့် သိ၍,

ပိုင်းခြားပြီး၍ ဒေသနာအမျိုးမျိုးကိုလည်း သတ္တဝါအမျိုးမျိုးတို့၌ သင့်လျော်အောင် ဟောပြောတော်မူ၏။

ဤသို့အဋ္ဌကထာတို့၌ ဖွင့်ထားသည်ကို မစဉ်းစားဘဲ သမ္မုတိသစ္စာစကား ပညတ်တရား ချခံနေက မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ မဆိုက်ဟု အလုံးစုံပုဂ္ဂိုလ်ကို သိမ်းပိုက်ဟောကြားသဖြင့်လည်း စိတ်ထားဆုတ်ယုတ်လျက် အားထုတ်တို့ခက်သည်ဟု သဒ္ဓါမကြည် လက်လျှော့သူ များကြကုန်၏၊ ထို့ကြောင့် အောက်ပါ အဋ္ဌကထာ စကားအရ ယုံကြည်အားထားလျက် သမ္မုတိသစ္စာဒေသနာစကားဖြင့်လည်း မှတ်သား အားထုတ်ကြကုန်ရာ၏။

ဗုဒ္ဓဿ ဘဂဝတော ဒုဝိဓာ ဒေသနာ၊ သမ္မုတိ ဒေသနာ ပရမတ္ထဒေသနာစာတိ၊ တတ္ထ ပုဂ္ဂလော, သတ္တော, ဣတ္ထီ, ပုရိသော, ခတ္တိယော, ဗြာဟ္မဏော, ဒေဝေါ, မာရောတိ ဧဝရူပါ သမ္မုတိဒေသနာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ, ခန္ဓာ, ဓာတု, အာယတနာ, သတိပဋ္ဌာနာတိ ဧဝရူပါ ပရမတ္ထဒေသနာ၊ တတ္ထ ဘဂဝါ သမ္မုတိဝသေန ဒေသနံ သုတွာ အတ္ထံ ပဋိဝိဇ္ဈိတွာ မောဟံ ပဟာယ ဝိသေသ မဓိဂန္တုံ သမတ္ထာ တေသံ သမ္မုတိဒေသနံ ဒေသေတိ၊ ယေ ပန ပရမတ္ထဝသေန ဒေသနံ သုတွာ အတ္ထံ ပဋိဝိဇ္ဈိတွာ မောဟံ ပဟာယ ဝိသေသ မဓိဂန္တုံ သမတ္ထာ တေသံ ပရမတ္ထ ဒေသနံ ဒေသေတိ။

ဟူသည်ဖြင့် ဥပမာနှင့်တကွပြ၍ ဖွင့်တော်မူ၏၊ အကျယ်ကို အလိုရှိမူ **အနုင်္ဂုတ္တရ အဋ္ဌကထာ**၌ ယူလေ။

**အနက်ကား**..........ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဒေသနာ၊ ဒေသနာတော်သည်။ သမ္မုတိ ဒေသနာစ၊ သမ္မုတိ ဒေသနာဇရင်း။ ပရမတ္ထဒေသနာစ၊ ပရမတ္ထဒေသနာဇရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်။

သင္ဂဟာ၊သင်္ဂဟဝါ။ ဇာတ္တိ၊မိန်းမ။ ပုရိသော၊ယောက်ျား။ခတ္တိယော၊ မင်း။ဗြာဟ္မဏော၊ပုဏ္ဏား။ ဒေဝေါ၊နတ်။ မာရော၊မာရ်နတ်။ ဇာတိ ဝေရူပါ၊ ဤသို့သဘောရှိသော ဒေသနာသည်။ သမ္မုတိဒေသနာ၊ သမ္မုတိဒေသနာမည်၏။ အနိစ္စံ၊ အနိစ္စတည်း။ ဒုက္ခံ၊ ဒုက္ခတည်း။ အနတ္တာ၊ အနတ္တတည်း။ ခန္ဓာ၊ခန္ဓာတို့တည်း။ ဓာတု၊ဓာတ်တည်း။ အာယတနာ၊ အာယတနတို့တည်း။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ တည်း။ဇာတိဝေရူပါ၊ဤသို့သဘောရှိသောဒေသနာသည်။ပရမတ္ထ ဒေသနာ၊ ပရမတ္ထဒေသနာ မည်၏။ တတ္ထ၊ ထိုဒေသနာနှစ်ပါးတို့ တွင်။သမ္မုတိဝသေန၊သမ္မုတိဒေသနာ စကား၏အစွမ်းဖြင့်။ ဒေသ နံ၊ ဒေသနာတော်ကို။ သုတွာ၊ ကြားနာရ၍။ ယေ၊ အကြင်သူတို့ သည်။အတ္ထံ၊ အနက်ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိမြင်၍။ မောဟံ၊ မောဟကို။ ပဟာယ၊ ပယ်၍။ ဝိသေသံ၊ တရားထူးကို။အဓိဂန္တုံ၊ ရခြင်းရောက်ခြင်းငှါ။သမတ္ထာ၊စွမ်းနိုင်ကြကုန်၏။ တေသံ၊ ထိုစွမ်း နိုင်သူတို့အား။ သမ္မုတိဒေသနံ၊သမ္မုတိဒေသနာကို။ဘဂဝါ၊ဘုန်း တော်ကြီးသော မြတ်စွာဘုရားသည်။ဒေသေတိ၊ဟောကြားတော် မူ၏။ယေပန၊အကြင်သူတို့သည်ကား။ပရမတ္ထဝသေန၊နက်နဲသော ပရမတ္ထ ဒေသနာ၏ အစွမ်းဖြင့်။ဒေသနံ၊ဒေသနာတော်ကို။ သုတွာ၊ ကြားနာရ၍။ အတ္ထံ၊ အနက်ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိမြင်၍။ မောဟံ၊မောဟကို။ပဟာယ၊ ပယ်၍။ဝိသေသံ၊တရားထူးကို။ အဓိ ဂန္တုံ၊ရခြင်းရောက်ခြင်းငှါ။ သမတ္ထာ၊စွမ်းနိုင်ကြကုန်၏။ တေသံ၊ ထိုစွမ်းနိုင်သူတို့အား။ ဘဂဝါ၊မြတ်စွာဘုရားသည်။ပရမတ္ထ ဒေသ နံ၊ပရမတ္ထဒေသနာတော်ကို။ ဒေသေတိ၊ဟောကြားတော်မူ၏။

ဤမျှလောက်သော ပါဠိ၊အဋ္ဌကထာ၊ဋီကာပါဌ်တို့ကို ကိုးပြဆိုးဖြတ်ရေးသား အပ်သော ''သက္ကာယဒိဋ္ဌိဝိနိစ္ဆယကျမ်း'' သည် ၁၂၉၆–ခု ဟေမန္တဥတု တပို့တွဲလဆုတ် ၁၁–ရက်နေ့၌ ပြီးဆုံးခြင်းသို့ရောက်၏။

ဤကျင်ရွေ့ကား မှ သက္ကာယဒိဋ္ဌိဝိနိစ္ဆယ
မည်ပေသတည်း။

# သံဝေဇနီယကထာ

## ထင်မှတ်မှုနှင့် သက္ကာယဒိဋ္ဌိအနုသယကိလေသာ အရင်းပြတ်ပယ်သတ်ရန် အားထုတ်မှုလမ်းစ

အထက်“သက္ကာယဒိဋ္ဌိဝိနိစ္ဆယ” အခဏ်း၌ ပြအပ်ခဲ့ပြီးသော (၁) အဝိဇ္ဇာမာနေပိ သဘာဝေ လောကနိရုတ္တိံ အနုဂတ္တွာ အနုဘိနိဝေသေန စိတ္တေန ဇာတ္တိပုရိသောတိ ဂဟာဏာသဏ္ဍာဝါ–စသော မူလဋီကာဆရာတော်၏ စကားအရ မှားသောနှလုံးသွင်း သက္ကာယဒိဋ္ဌိနှင့်ကင်းသော သမ္မုတိသစ္စာ အခေါ်အဝေါ်မျှဖြစ်သော ဇာတ္တိ, ပုရိသ,သတ္တ,ပုဂ္ဂလ,အတ္တ,ဇီဝ,တမျိုး။

(၂) သမ္မုတိသစ္စာမျှမဖြစ်၊ မုသာဝါဒ, သမ္ဖပ္ပလာပ–စကားမျိုးဖြစ်သော သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော အတ္တကို အမြဲခံပြုလုပ်၍ ဒိဋ္ဌိပရာမာသတို့ဖြင့် ဇာတ္တိ,ပုရိသ,သတ္တ,ပုဂ္ဂလ,အတ္တ,ဇီဝဟု ခေါ်ဝေါ် စွဲယူသော စကားမျိုး တမျိုးဟူ၍ နှစ်မျိုးခွဲခြားထားရာ၏။

ထိုနှစ်မျိုးတို့တွင် သမ္မုတိသစ္စာ အခေါ်အဝေါ်အတိုင်း စိတ်၌, သညာ၌,မိန်းမ, ယောကျ်ား, သတ္တဝါ, ပုဂ္ဂိုလ် စသည် ထင်မှတ်မှုသည် သညာဝိပလ္လာသ,သတ္တသမ္မောဟ စသည်လောက်သာ ဖြစ်၏။

တိတ္ထိတို့သည် ရှေးဦးစွာ အတ္တဒိဋ္ဌိခဏ်း၌ ပြခဲ့ပြီးသည့်အတိုင်း ခန္ဓာ,သစ္စာမှတခြား ပရမတ္ထသစ္စာအတ္တ,တမျိုး ရှိ၏ဟု ကြံဆ၍ ယူကြကုန်၏၊ ယူဆပြီးသည့် အတ္တကိုပင် မိန်းမ, ယောကျ်ား, သတ္တဝါ,ပုဂ္ဂိုလ် စသည်ထင်မှတ်မှုသည် “စတုသစ္စ ပစ္စက္ခဉာဏဒိဝိနိမုတ္တံ သက္ကာယ ခန္ဓာယရာဒိကံ ပရမတ္ထသစ္စာဒိကံ သစေ တံ ကောစိ အတ္တိတိ ပဋိဇာနေယျ၊ အယာထာဝ ဂဟိတသာ တံ ဝါစာဝတ္ထု မတ္တမေဝဿာတိ ဒသေသေန္တော အာဟ သာကိနိပေသေန (ပ)·····ဝုတ္တံ။”ဟူသော အနုဋီကာနှင့်အညီ“သက္ကာယဒိဋ္ဌိ”ဖြစ်၏။

**အားထုတ်မှု**……ယခုဆက်၍ ပြလတ္တံ့သော အနိစ္စ–စသော ဝိပဿနာအစိုးချုပ်သည် မိန်းမ,ယောကျ်ား, ပုဂ္ဂိုလ်,သတ္တဝါ စသည့် **သမ္မုတိသစ္စာ စကားအတိုင်းထင်မှတ်မှုလောက်ကိုပင် ခွါ၍, သက္ကာယဒိဋ္ဌိ အနုသယကိလေသာကို အရင်းပြတ်ပယ်ရန် အားထုတ်မှုနှင့်** ဆိုင်၏။

**ဆိုဘွယ်ပင်မလို**……အတ္တဒိဋ္ဌိနှင့် အတူ စပ်ယှဉ်သော မှားသော နှလုံးသွင်းကိုကား "လောက သမညာယပိ ပဟာနတ္တာယ ပဂေဝ သဗ္ဗော ဗိဝေါတိ ပဝတ္တနက မိစ္ဆာဘိနိဝေသဿာတိ အဓိပ္ပါယော" ဟူသော မဟာဋီကာစကား အရ ဗုဒ္ဓသာသနာဝင်ဖြစ်စကပင် ခွါပြီးဖြစ်နေတော့၏။ (ခွါရန်-ဟု) ဆိုဘွယ်ပင်မရှိတော့ပြီဟူလို။

ဘုရားရဟန္တာတို့၏ စိတ်သန္တာန်အစဉ်၌ ဝိပလ္လာသ ကင်းစင်ပြီးဖြစ်သဖြင့် အမြဲအချင်းခပ်သိမ်း ရုပ်နာမ်မှု ထင်နေနိုင်သကဲ့သို့ အန္ဓပုထုဇန်,ကလျာဏပုထုဇန်, သောတာပန်စသည်တို့၌ ဘုရား, ရဟန္တာတို့၏ အတူ အမြဲအချင်းခပ်သိမ်း ရုပ်နာမ်မှုထင်၍ မနေနိုင်၊ ထို့ကြောင့် သား,မယား,စသည့်တို့နှင့်အတူ အိမ်ယာထောင်၍နေနိုင်ကြ, ငိုကြွေးနိုင်ကြကုန်၏၊ သား,မယား စသည် ထင်မှတ်တပ်မက် ငိုကြွေးကြကုန်သော်လည်း အတ္တဒိဋ္ဌိနှင့် မယှဉ်သဖြင့် သက္ကာယဒိဋ္ဌိလည်း မဖြစ်ကြကုန်။

**ဝိပဿနာဉာဏ်တဆင့်တက်**……ဤသို့ နေနိုင်ကြကုန်သော ကလျာဏပုထုဇန်, သောတာပန် စသည်တို့သည် သတ္တဝါဟူ၍ တွေဝေနေသော သတ္တသမ္မောဟကို လွှန်မြောက်ရန်, သညာဝိပလ္လာသကို ပယ်ရန် ဝိပဿနာဉာဏ်သို့ တဆင့်တက်ကြရကုန်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၌ "သတ္တော ပုဂ္ဂလောတိ ဣမိဿာ လောက သမညာယ ပဟာနတ္တာယ သတ္တသမ္မောဟဿ သမတိက္ကမတ္တာ

ယ……(ပ)……ဝဝတ္တပေတိ” ဟူ၍ မိန့်အပ်ပြီ။ ။(အနက်ကား အောက်၌ ပြခဲ့ပြီးပြီ။)

ဤကား အားထုတ်မှုလမ်းစ ဘော်ပြချက်တည်း။

---

ဤယခုဆိုလတ္တံ့သည်ကား သတ္တဝါစသည့်ဖြင့်တွေဝေနေမှုကို ခွါရန် သံဝေဇနီယကထာ ဝိပဿနာဉာဏ်အတိုချုပ်တည်း။

## နှုတ်တက်ဆောင်ရာ သံဝေဇနီယကထာ

ဒုက္ခမျိုးကို၊ သည်ပိုးရွက်ဆောင်၊
အပုပ်ကောင်ကို၊ လှူယောင်ထင်မှတ်၊
စဉ်မပြတ်၍၊ မြဲမှတ်သညာ၊
တောင့်တပါလည်း၊ လိုရာမဖြစ်၊
ဤကိုယ်ညစ်ကို၊ စွန့်ပစ်ပယ်ခွါ၊
နိဗ္ဗူတာသို့၊ လျင်စွာသွားခွင့်၊
ခုကြုံလင့်သည်၊…… နှေးဖင့်မရှိရာသတည်း။

ဤ အထက်ပါ လင်္ကာကို ရှေးဦးစွာ နှုတ်တွင်ရွရွ အရကျက် ထားပြီး၍ ၎င်းလင်္ကာ၏ အဓိပ္ပါယ်ကို ပြဆိုအပ်လတ္တံ့အတိုင်း ထင်မြင်လာအောင် အကြိမ်ကြိမ်, အထပ်ထပ် ကြည့်ရှုအပ်၏၊ ကြည့်ရှုကြကုန်လေ။

## ဒုက္ခမျိုးကို သည်ပိုးရွက်ဆောင်

မိဝမ်းတွင်းဝယ်-ဒုက္ခကြွယ်……လင်္ကာတွင်-ပဌမ “ဒုက္ခမျိုးကို သည်ပိုးရွက်ဆောင်” ဟူသော အပိုဒ်၏ အဓိပ္ပါယ်ကား-ဤငါ၏ ခန္ဓာကိုယ်ကောင်သည် အမိ၏ဝမ်း၌ ပဋိသန္ဓေ နေရစဉ်အခါက အမိသည် စားမျို၍ ချလိုက်သော ခွေးအန်ဖတ်နှင့်တူသော အစာသစ်အိမ်ကို ဦးခေါင်း

ပေါ်၌ထား၍ အမိ၏ ကျောရိုးဘက်ကို မျက်နှာမူလျက် အမိ၏ ဝမ်းဘက်ကို မိမိ၏ ကျောထားလျက် သစ်ပင်ခွကြား၌ မြောက်အို သည် ဆောင့်ကြောင့်ထိုင်ကာ,မှိုင်နေသလို အမိ၏ အစာဟောင်း ကျင်ကြီးအိမ်ပေါ်၌ ကုတ်ကွေးကာ ညောင်းညာစွာ လအားဖြင့် (၉) ကိုးလကျော်မျှ,ရက်အားဖြင့် (၂၉၄) ရက်မျှ, နာရီအားဖြင့် (၇၀၅၆)မျှ ကိန်းအောင်း၍ နေခဲ့ရ၏။

ထိုလပေါင်း-ကိုးလကျော်၊ရက်ပေါင်း-၂၉၄-ရက်၊နာရီပေါင်း ၇၀၅၆-နာရီအတွင်း ကာလပတ်လုံး ဘင်ပုပ်ငရဲ၌ခံရဘိသကဲ့သို့ လွန်စွာဆင်းရဲသည့်အပြင် မလိမ္မာသူ အမိနှင့်တွေ့ကြုံပါက ရေတ် ရည်,ဆားရည်,ရေနွေး တို့ဖြင့် ရောစပ်၍နေသော ဟင်းမျိုး တို့ကို စား သောက်၍ ချလိုက်ပြန်သောအခါ လေမတွေ့ရသော နေရာ၌ ပေါင်းနွေး၍ ထားသကဲ့သို့ရင်း, သစ်တုံး, ကျောက်တုံးတို့ဖြင့် ကြာရှည်စွာဖိ၍ထားသော မြက်နုကလေးများကဲ့သို့ရင်း အလွန် နူနယ်သော အသားအရေရှိသည့် သားသူငယ်အပေါ်သို့ ကျဆင်း ၍လာက အလွန်အကဲ ဆင်းရဲရိုးမြဲ ပင်ပန်းခြင်းနှင့် တွေ့ကြုံရ ပြန်၏။

အလွန်ဋ္ဌသောရေကိုသောက်မျိုချလိုက်ပြန်သောအခါ၌လည်း အရိုး, အရေ, အသားများ ကွဲသွားတော့မည်တမျှ,ရေအေးငရဲ၌ ကျသကဲ့သို့ ခံရပြန်လေ၏၊ အမိမလိမ္မာသူ၏ အသွား, အလာ, အကုန်း,အကွတို့၌လည်း လည်ကိုကိုင်၍နောက်ပြန်ညွတ်စေသကဲ့ သို့ရင်း၊ ဦးခေါင်းမှ,ဖိနှိပ် ညှပ်ထားသကဲ့သို့ရင်၊ အကျဉ်းအကျပ် ခံရလှလေ၏၊ မွန်းလှ, ပုပ်နံ့လှ, ကျပ်တည်း,ကျဉ်းမြောင်းလှ၏။

**မိဝမ်းမှထွက် ဒုက္ခဆက်**……အမိဝမ်းမှ မီးရှူးသန့်စင်,ဖွားမြင် လာရသော အခါတွင်လည်း တ ကိုယ်လုံး, အရေကို ဆုတ်ခွါလိုက်သကဲ့သို့ ကျိန်းစပ်ကျင်နာလှ

ဖွားမြင်ပြီးစအခါ၌လည်း မလိမ္မာသော အမိ,အဘ,လက်သည်, ဝမ်းဆွဲ စသည်တို့သည် အမိဝမ်းတွင်း၌နေရစဉ် အပူငွေ့ဖြင့် ကြာရှည်စွာ ကိန်းအောင်း၍ လာခဲ့ရသော ကလေးကို အပြင်ခေတ်နှင့် ညီမျှအောင် ခပ်နွေးနွေးရှိသော ရေနှင့် မချိုးမဆေးပါဘဲလျက် ရေအေးဖြင့် တခါတည်း လောင်းချိုး ဆေးကြောလိုက်သည်ရှိက ဝမ်းတွင်းမှပါလာသောအပူငွေ့သည် သူငယ်၏ ဝမ်းတွင်းသို့ ငုပ်ဝင်သွားသဖြင့် လျှာနာ, သူငယ်နာစသော ရောဂါမျိုးစေ့များဖြစ်၍ နှိပ်စက်ခံရခြင်း, ကိုယ်ဝန်ကိုဖျက်၍ချသော အမိရိုက်နှင့်တွေ့ကြုံရပြန်သောအခါများတွင်မူကား အလွန်ပြင်းထန်သော ဒုက္ခမျိုးတို့ကို တွေ့ကြုံရပြန်လေ၏။

မွေးဖွားပြီးစအခါမှာပင် မလိမ္မာသော ဝမ်းဆွဲသည်တို့သည် အလွန်နူနယ်လှသော ကလေးသူငယ်၏ ကိုယ်,လက်,ခြေ,ဦးခေါင်း, မျက်နှာစသည်တို့ကို ကိုင်၍,နှိပ်၍, ဆွဲ၍ ပြုပြင်လျက် အဝတ်အထည်တို့ဖြင့် သုတ်ပြီးလျှင် စင်ကြယ်သန့်ရှင်းအောင် ပြုသောအခါမျိုးတို့၌ အပ်ဖျား, သင်ဝုန်းခေါ်တို့၏ အသွားတို့ဖြင့် သွေးစုနာနူနူကို ထိုးလိုက်ခွဲလိုက်ဘိသကဲ့သို့ နာကျင်စွာ ခံနေရခြင်းကို ပြန်၍ မပြောနိုင်ဘဲလျက် ငိုကြွေး၍သာ ခံရရှာလေ၏။

**သတိပြုဆင်ခြင်**……ဤယခု ပြဆိုခဲ့ပြီးသော ဒုက္ခမျိုးတို့ကို ယခုလို မှတ်မိသောအခါ တနာရီလောက် ခံရလျှင် ဘယ်မျှလောက် ဆင်းရဲ ပင်ပန်းမည်နည်းဟု ရပ်၍, ရပ်၍ အဘန်ဘန်စဉ်းစား၊ ကမ္ဘာပေါင်း,ဘဝပေါင်း,မရေတွက်နိုင်အောင် ခံခဲ့ရသည်ကိုလည်း ပြန်၍မသိ၊ မသိ၍လည်း မကြောက်၊ ယခုမျက်မှောက်တွေ့ကြုံနေရသောဘဝမျှလောက်ကိုလည်းဒုက္ခထင်အောင် ဉာဏ်မသက်ဝင်, မဆင်ခြင်နိုင်၊ ထို့ကြောင့် ဒုက္ခ၏သဘောကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင် သတိပြု၍ ဆင်ခြင်ရာ၏။

**မျက်မှောက်ဘဝ ဤဒုက္ခ**……ထို့နောက် တလ, နှစ်လသားမှ စ၍ စကားမပြောနိုင်, မသွား

မလာနိုင်မီအတွင်း မှက်, ခြင်,ကြွပ်းပိုး,သန်းမှစ၍ ကိုက်ခဲသော အခါ, ဆာလောင်, ချမ်း,ပူသောအခါ, ရောဂါတစုံတခုအတွက် အခံရခက်၍ မသက်သာသောအခါ, တစုံတရာဖြင့် ဖုံးဖိထား၍ မွန်းအိုက်သောအခါ, ညှောင်းညာ, တောင့်တင်း, ပူပြင်းသောအခါစသည်တို့၌ မပြောတတ်မဆိုတတ်မူ၍ငိုကြွေး၍သာ ခံခဲ့ရခြင်း၊ ထို့နောက် အရွယ်ရောက်၍ သိ,ကြား,လိမ္မာလောက်သည့်အခါမှ စ၍ အတတ်ပညာသင်မှု ကိစ္စတို့ကို ဆိုင်ရာဆိုင်ရာ သင်ကြား အားထုတ်ခဲ့ရခြင်း၏ဒုက္ခ၊ ထို့နောက် သင်ကြား၍တတ်မြောက် ပြီးသော် ကုန်သွယ်, လယ်ထွန်,နွားကျောင်းမှစ၍ ဂဏန်းစသော အတတ်၊လေး,လှံ, ဓား, ပစ်ခတ်ထိုးခုတ်ရာ အတတ်များနှင့် မင်းခစား,ကူလီစသည်တို့ဖြင့် အသက်မွေးမှု လုပ်ကိုင်ကြရာ ပူမှု,အေးမှု,မှက်ခြင်ကိုက်မှု,ဆာလောင်မှုစသည်တို့ကိုတွေ့ကြုံရခြင်းဒုက္ခ လုပ်ဆောင်တိုင်း စည်းစိမ်ဥစ္စာမရ၊ဆုံးပါးပျက်စီး၍ ပူပန်ရသော ဒုက္ခ၊ပစ္စည်းဥစ္စာရပြန်သော်မူ ခိုးသား,ဓားပြ,မင်း,မီး,ရေ စသည် မဖျက်ဆီးရအောင် စောင့်ရှောက်ရသောဒုက္ခ၊ စောင့်ရှောက်ဆဲ၌ ပင်လျှင် ကံကုန်၍ တစုံတခုကြောင့် ပျက်စီးက ရင်တွင်း၌ မီး တောက်တမျှ ပူပန်ရသောဒုက္ခ၊ထို့နောက် ထိုဥစ္စာကိုအကြောင်း ပြု၍ ပြည့်ရှင်မင်းချင်း, မင်းသားအချင်းချင်း, ပုဏ္ဏားအချင်းချင်း, ကုန်သည်အချင်းချင်း, အဘနှင့်သား, သားနှင့်အမိ အချင်းချင်း ညီနှင့်အကို၊ မောင်နှင့်နှမ၊ ညီမနှင့်အမ အချင်းချင်း၊ စစ်တိုက်, ထိုးခုတ်,ဆဲဆိုသတ်ဖြတ် အရပ်ရပ် အဖုံဖုံ တွေ့ကြုံရခြင်းဟူသော ဆင်းရဲဒုက္ခ။

ထိုထက်ရိုက်မဲကတရားကို မစောင့်ရှောက်ဘဲ ခိုးတိုက်လုယူသဖြင့် ပြည်စိုးပြည်ကြပ်မင်းတို့က ဘမ်း၍ ဝါးခြမ်းစိတ်တို့ဖြင့် အဆီပေါ်အောင်ရိုက်ခြင်း၊ဆူးပါသောကြိမ်တို့ဖြင့် ရိုက်ခြင်း၊ တုတ်တို့ဖြင့် နံရိုးကျိုးအောင် ရိုက်ခြင်း၊ လက်,ခြေတို့ကိုဖြတ်ခြင်း၊ နားကိုဖြတ်ခြင်း၊နှာခေါင်းကိုဖြတ်ခြင်း၊နား, နှာခေါင်းနှစ်ခုလုံး ကိုဖြတ်ခြင်း၊

ဦးခေါင်းကို အရေခွါပြီးမှ အဆက်က ဖြတ်၍ ဦးနှောက်ထုည်းသို့ သံခဲကို ရဲရဲညီအောင် ဖုတ်ပြီးမှ ညှပ်ဖြင့်ယူ၍ ထည့်ခြင်း၊ နှုတ်ခမ်း, နားရွက်,လည်ပင်း, တိတိ-ဓားဖြင့် ရစ်လှီး၍ အရေကို အထက်သို့ လှန်ပြီး ဆံပင်ပါ ဆွဲခွါလျက် ဦးခေါင်းခွံပြူပြူပေါ်၌ ကျောက်ခဲ စသည်ဖြင့် ပွတ်တိုက်ခြင်း၊ ပါးစပ်ကို အထက်သွား၌ သံချိတ်, အောက်သွား၌ သံချိတ်ဖြင့် ဆွဲဖွင့်ခါထား၍ ခံတွင်း၌ မီးထွန်းခြင်း၊ တကိုယ်လုံးအဝတ်ပတ်၍ မီးရှို့ခြင်း၊လည်ပင်းမှ ဓားဖြင့်လှီး၍ အရေကို ဆုတ်ခွါချပြီး ခြေခုံပေါ်၌ ပုံထားခြင်း၊ ထိုနောက် လည် ပင်း၌ကြိုးချည်၍ဆွဲသောအခါ မိမိ၏အရေကိုမိမိ၏ခြေဖြင့်နင်းပြီးမှ လဲကျရခြင်း၊ တတောင်နှစ်ဘက်,ဒူးဆစ်နှစ်ဘက်တို့၌ သံတံကျင် နှက်၍ မြေကြီး၌ လေးဘက်ထောက်ထားပြီးမှ မီးဖြင့် ရှို့ခြင်း၊ ခံတွင်း၌ ငါးမျှားချိတ်ကို ကြိုးဖြင့်ချည်၍သွယ်ပြီးမှ အရေ,အသား, အကြောတို့ကို ချိတ်ဆွဲခြင်း၊ ငွေဒင်္ဂါးခန့်မျှ အကွက်အကွက် ကျအောင် ပဲခွပ်ဖြင့် အသားတို့ကို ဖောက်ခွါယူပြီးမှ ဆားရည်, ဆပ်ပြာရည်ပက်ခြင်း၊ မြေ၌တုံးလုံးလှည်း၍ နားပေါက်ထည်းသို့ ထုတ်ချင်းဖောက်ပြီး မြေ၌ စိုက်ဝင်အောင် သံတံကျင် ရိုက်နှက် သွင်းပြီးမှ ခြေနှစ်ချောင်းကို ကိုင်၍ နားအုံကွဲအောင် ချာချာလည် လှည့်ခြင်း၊ခွေးရဲတို့ကို ကိုက်စေခြင်းစသော ဘေးဒုက္ခ အပေါင်း တို့ကို ခံရကြကုန်၏။

ဤကား မျက်မှောက်ဘဝ၌ မင်းပြစ် မင်းဒဏ်ခံရသော သာ မည ဒုက္ခမျှသာ ရှိသေး၏။

(မီးတဟုန်းဟုန်းလောင်နေသော ကိုယ်ဖြင့် ဘုရား တ ဆူ,နှစ်ဆူ,သုံးဆူစပ်ကြား၌ မစားမသောက်ရခြင်းစသော ဒုက္ခရှိသူ ပြိတ္တာ,အသုရကာယ်,ငရဲ, တိရစ္ဆာန်တို့၏ ဒုက္ခ ကိုကား ရေးသားပြောဟော၍ မကုန်နိုင်ရာ။)

**စိတ်ညွှတ်လာအံ့**……ဤဒုက္ခမျိုးတွေကို ငါသည် ဘဝပေါင်း မည်မျှဟု မရေတွက်နိုင်အောင် ခံခဲ့ရ

ဘူးပေပြီ၊ မခံခဲ့ရဘူးသောဒုက္ခမျိုး မရှိပြီဟု ဆင်ခြင်၊ ပစ္စုပ္ပန်တွင် လက်တွေ့စိတ်သောကနှင့် ကိုယ်တွေ့ဒုက္ခလည်း အလွန်များသေး၏၊ ဤမျှကို ဉာဏ်၌ထင်က အတော်ပင် နိဗ္ဗာန်သို့ စိတ်ညွတ်၍ လာတော့အံ့။

ဤတွင်(ငရဲ)ဟူသော စကား၌ ရှေးဦးစွာ မဟာအဝီစိငရဲ အကြောင်းကို အဖွင့်ကို အဖြစ်မှုပြဆိုပေအံ့……။

**မဟာအဝီစိငရဲ**……မဟာအဝီစိငရဲဟူသည် အတွင်း၌ အလျားအားဖြင့် ယူဇနာတရာ, အနံအားဖြင့် ယူဇနာတရာရှိ၏၊ သံမြေ, သံအမိုး ရှိ၏၊ တရတရသော နံရံသည် ကိုးယူဇနာ,ကိုးယူဇနာ ရှိ၏၊အရှေ့နံရံမှ မီးလျှံသည် ထ၍ တောက်လောင်လျက် အနောက်ဘက် နံရံကို စွဲလောင်ပြီးလျှင် ထိုနံရံကို ထုတ်ချင်းထွင်းဖောက်၍ ယူဇနာတရာတိုင်တိုင်သွား၏၊ အနောက် နံရံမှ ထ၍ လောင်သောမီးသည် ထို့အတူ အရှေ့သို့ သွား၏၊ တောင်နံရံမှ မြောက်နံရံ, မြောက်နံရံမှ တောင်နံရံသို့ လည်း ထို့အတူ တောက်လောင်၍သွား၏။

ဤသို့ထက်ဝန်းကျင် အရပ်မျက်နှာတို့၌ ပြန့်ပြောသောမီးအလျှံ တို့နှင့်တကွ ယူဇနာတသောင်း ရှိ၏၊ အောက်အရပ်မှ အထက်အရပ်တိုင်, အထက်အရပ်မှ အောက်အရပ်တိုင် ထ၍, ထ၍ လောင်ရာ၌လည်း ဤနည်းအတူပင်တည်း။

**ကံမကုန်သမျှ ခံရဤနှယ်**……ထိုငရဲကြီးအတွင်းသို့ ကျရောက်သော သတ္တဝါအား မကောင်းမှုကံ မကုန်သေးသမျှကာလပတ်လုံး အဆုံးမရှိနိုင်သော ဆင်းရဲဒုက္ခ ထက်မြက်, ခါးစပ်, ကျဉ်းကျပ်သော ဝေဒနာကိုခံစား၍ နေရ၏၊ အမှတ်မရှိ ရှည်လျားလှစွာသော အခါကာလသို့ရောက်သောအခါ အရှေ့တံခါးပေါက်သည် ပွင့်၍သွား၏၊ ထိုငရဲသတ္တဝါသည် ပွင့်

ရာ တံခါးအရပ်သို့ လျှင်မြန်စွာပြေး၏၊ထိုငရဲခံရသူ၏ ကိုယ်အတ္တ ဘောသည် သုံးဂါဝုတ်မျှ ရှိ၏၊ ထိုသို့ပြေးထွက်စဉ် အရေပါးကို လည်း လောင်၏၊အရေထူကိုလည်း လောင်၏၊ အသားကိုလည်း လောင်၏၊ အကြောကိုလည်း လောင်၏၊ အရိုးတို့ကိုလည်း အရိုး ထောင်းထောင်းထအောင် လောင်၏၊ သံမြေကို နင်းလိုက်သော အခါ အောက်မှစ၍ လောင်၏၊ ကြွလိုက်သောအခါ အထက်မှစ၍ လောင်၏၊ များစွာသော အနှစ်, အရာ, အထောင်, အသိန်းသို့ ရောက်၏၊ ထိုအခါ တံခါးသည် ပိတ်ပြန်၏၊ ကံမကုန်သေးသမျှ ကာလပတ်လုံး မသေရသေးဘဲ ကြီးစွာသော ဆင်းရဲဒုက္ခ ထက် မြက်ခါးစပ်လှသည်ကို ခံရ၏။

ထို့အတူ အနောက်တံခါးပွင့်ရာသို့, တောင်တံခါး ပွင့်ရာသို့, မြောက်တံခါးပွင့်ရာသို့ ပြေးတိုင်းပြေးတိုင်း နှစ်လရှည်လျားစွာ မီးအလျှံ၏ အတွင်း၌သာ ကံမကုန်မခြင်း မသေရဘဲ ဆင်းရဲကြီး စွာ ခံနေရ၏။

**အဝီစိ** ....မီးအလျှံတို့၏ လွတ်ရာအကြား,သတ္တဝါတို့၏ လွတ် ရာအကြား ဆင်းရဲဒုက္ခ ခေတ္တ လွတ်လပ်ရာ အကြား မရှိသောကြောင့် အဝီစိ ဟူ၍ ခေါ်ဆို၏။

ဒေဝဒတ်သည် အရှေ့, အနောက်, တောင်, မြောက်, အောက်, အထက် မီးအလျှံ ခြောက်ခုတို့၏ အလယ်၌ ယူဇနာတရာရှိသော ကိုယ်အတ္တဘောနှင့် ခံနေရ၏၊ခြေတို့သည်ခြေဖမျက်တိုင်အောင် အောက်သံမြေ၌ မြုပ်ဝင်နေ၏၊ လက်နှစ်ဘက်တို့သည် လက် ကောက်ဝတ်တိုင်အောင် နံရံနှစ်ဘက်တို့၌ မြုပ်ဝင်နေ၏၊ဦးခေါင်း သည် မျက်ခုံးရိုးတိုင်အောင် အထက်သံအမိုးအတွင်း၌ မြုပ်ဝင်နေ ၏၊အောက်ဘက်က ရဲရဲညီးညီး တောက်နေသော သံတံကျင်သည် ကိုယ်တွင်းသို့ ထုတ်ချင်းဖောက်ဝင်၍ အထက်အမိုးတွင်းသို့ ဝင် ၏၊အရှေ့နံရံမှ ထွက်သော သံတံကျင်သည် နှလုံးသားကို ထုတ် ချင်းဖောက်၍ အနောက်နံရံသို့ဝင်၏၊ မြောက်ဘက်နံရံမှ ထွက်

လာသော သံတံကျင်သည် နံရိုးကို ထုတ်ချင်းဖောက်ထွင်း၍ တောင်ဘက်နံရံသို့ဝင်၏၊ ဤကား……မြတ်စွာဘုရား၌ အမြဲမပြတ် ပြစ်မှားလွန်ကျူးမိသောကြောင့် မရွေ့၊ မလှုပ်၊ မပြောင်းနိုင်ဘဲ လျက် ကျက်ခံနေရခြင်းတည်း။

**အမြဲပြည့်ကျပ်လျက်ရှိခြင်း**……ဤသို့ မီးအလျှံတို့၏ အကြား မရှိသောကြောင့် အဝီစိ ဟူ၍ ခေါ်၏၊ ထိုငရဲကြီး၏ ယူဇနာတရာရှိသော အတွင်း၌ ဝါး ကျည်တောက်အတွင်း ဆောင့်နှက်၍ သွတ်သွင်းထားအပ်သော မုံညှင်းစေ့ကဲ့သို့ ဤနေရာ၌ သတ္တဝါရှိ၏၊ ဤနေရာ၌ သတ္တဝါမရှိဟု မဆိုနိုင်ဘဲ အမြဲ သတ္တဝါတို့ ပြည့်ကျပ်လျက်ရှိ၏၊ သွားကုန်၊ ရပ်ကုန်၊ နေထိုင် လျောင်းအိပ်ကုန်သော သတ္တဝါတို့၏ အကြားမရှိ၊ တဦးနှင့် တဦးလည်း သွားစဉ်၊ ရပ်စဉ်၊ ထိုင်စဉ်၊ လျောင်းစဉ် မထိခိုက်ရ၊ ဤသို့ သတ္တဝါတို့၏ အကြားမရှိသောကြောင့်လည်း အဝီစိ ဟု ခေါ်သေး၏။

**ယမမင်းထံမှ**…… မွေးဖွားစ ကလေး၊ သူအို၊ သူနာ၊ သူသေ၊ မင်းဒဏ်ခံရသူတို့ကို လူ့ပြည်၌ တွေ့မြင်ရ စဉ်က မကောင်းမှုပြုသူတို့သည် လောကမျက်မြင် ဘဝတွင်ပင် ဤသို့ ဒုက္ခနှင့် တွေ့ရကြုံရသေး၏၊ နောင်ဘဝ၌လည်း မကောင်းမှု ရှိသောသူသည် ဤသို့ ပဋိသန္ဓေနေရ၊ အိုရ၊ နာရ၊ သေရ၊ ငရဲသို့ ကျရောက်ရမည့် ဒုက္ခနှင့်တွေ့ရလိမ့်မည်ဟု အသင်သည် သတိ ထား၍ မစဉ်းစားခဲ့လေသလောဟု ယမမင်းက မေးစစ်၍ သတိ မရနေခဲ့မိသောသူသည် လိပ်လည်၍မပြောနိုင်ဘဲ သံဝေဂဖြစ်စရာ တို့ကို မြင်ခဲ့သော်လည်း အခြားအာရုံ ကာမဂုဏ်တရားစသည် တို့ကို မက်မောနေ၍ ကုသိုလ်ကောင်းမှုကို မေ့လျော့ခဲ့မိပါသည် ဟုလျှောက်ရ၏။

ထိုအခါ ယမမင်းက ဆိတ်ဆိတ်နေ၏၊ တစုံတခုကို မပြောဘဲ နေခိုက် ငရဲထိန်း ငရဲသားတို့သည် ထိုသတ္တဝါကို ချုပ်နှောင်၍

ရဲရဲညီးသော သံတံကျင်ကို လက်နှစ်ဘက်၌ထည့်၍၊ ခြေနှစ်ဘက်၌ထည့်၍၊ ရင်လယ်၌ထည့်၍၊ထိုအခါ အလွန် ဆင်းရဲ ထက်မြက် ခံခက် ခါးစပ်သော ဆင်းရဲဝေဒနာကို ခံစားရ၏၊ သို့သော် **ကံမကုန်သေးသမျှမသေရ**၊ ဓားမကြီးတို့ဖြင့်လည်း ရွှေကြကုန်၏၊ ခြေထောက်မိုးမျှော် ဦးခေါင်းစောက်ထိုး ဆွဲကိုင်၍ ပဲခွပ်တို့ဖြင့် ရွှေကြ ချတ်ကြကုန်၏။

ရဲရဲညီးသော သံရထား၌ တပ်ဆင်၍ ရဲရဲပြောင်ပြောင်တောက်လောင်နေသော သံမြေ၌ မောင်းနှင်ကြကုန်၏၊ ရဲရဲပြောင်ပြောင် တောက်လောင်လျက်ရှိသော အခိုးအလျှံနှင့်တကွသော မီးကျီးရ တောင်ကြီးပေါ်သို့ တင်ကြကုန်၏၊ ခြေထောက်မိုးမျှော် ဦးခေါင်း စောက်ထိုး သံဒယ်အိုးထည်းသို့ ပစ်ချကြကုန်၏၊ အမြှုပ်ပွက် ပွက်ထလျက် ငရဲအိုး၌ကျက်ခံရ၏။

အထက်သို့ နှစ်ပေါင်းအတော်ကြာမှ တကြိမ်တကြိမ်ပေါ်ရ၏၊ နှစ်ပေါင်းများစွာ ကြာမှ အောက်အိုး အပြင်သို့ ရောက်ရ၏၊ နှစ်ပေါင်းများစွာကြာမှ အိုးအထက်နှုတ်ခမ်းသို့ ရောက်ရ၏၊ အလွန် ထက်မြက်ပူးရှ ပြင်းထန်လှသော ဒုက္ခဝေဒနာကို ကံမကုန်သေး သမျှ ကာလပတ်လုံး မသေနိုင်ဘဲခံရ၏။

**ဘင်ပုပ်ငရဲတွင်**······ထိုနောက်မှ မဟာအဝိစိ ငရဲကြီးနှင့် စပ်လျက် အတူတည်သော မစင် ဘင်ပုပ်, ငရဲထဲသို့ ပစ်ချကြပြန်၏၊ အပ်ကဲ့သို့ ထက်မြက် ပူးရှသော သွားရှိကုန်သော ပိုးလောက်သတ္တဝါတို့သည် အရေပါးကိုလည်း ကိုက်ဖြတ်ကုန်၏၊အရေထူကိုလည်း ကိုက်ဖြတ်ကုန်၏၊အသားကို လည်း ကိုက်ဖြတ်ကုန်၏၊အရိုးကိုလည်း ကိုက်ဖြတ်ကုန်၏၊ ခြင်ဆီကိုလည်း ကိုက်ဖြတ်ကုန်၏၊ နှစ်ပေါင်းများစွာ ကံမကုန်သေးသမျှ မသေနိုင်ဘဲ ကျက်ခံရ၏၊ အလွန်ထက်မြက်ပူးရှ အခံရခက်လှသော ဆင်းရဲဝေဒနာကို ခံရ၏၊

**ပြာပူငရဲတွင်**······ထိုမစင်ဘင်ပုပ်, ငရဲ၏ အခြားမဲ့၌ တစပ်တည်းတည်နေသော ပြာပူငရဲသို့ တဖန်ယူ

ဆောင်ပစ်ချကြကုန်၏၊ ထိုငရဲ၌လည်း ကြီးကျယ်သော ဆင်းရဲဒုက္ခကို ကံမကုန်သေးသမျှ မသေပျောက်နိုင်ဘဲ ခံစားရကုန်၏။

**လက်ပံတောငရဲတွင်**…ထိုပြာပူငရဲ၏အခြားမဲ့၌ စပ်လျက်တည်နေသော တယူဇနာ မြင့်သော လက်၁၆–သစ်အရှည်ရှိသော ရဲရဲညီးသော ဆူးဖြင့် တည်နေသော လက်ပံပင်သို့တက်ကြရကုန်၏၊ တက်သောအခါ ဆူးတို့သည် အောက်သို့မျက်နှာမူ၍ နေကြကုန်၏၊ ဆင်းသောအခါ အထက်သို့မျက်နှာမူ၍နေကြကုန်၏။

ထိုအခါ ငရဲထိန်းတို့က ရဲရဲညီးညီး တောက်လောင်နေသော သံတံကျင်, သံတုတ်တို့ဖြင့် ရိုက်နှက်၍ တက်ခိုင်းစေကုန်၏၊ ထိုလက်ပံတောငရဲ၌လည်း ကြီးကျယ် ထက်မြက် အခံရခက်သော ဆင်းရဲသည့်ဝေဒနာကို ရှည်စွာသောနှစ်တို့ပတ်လုံး ကံမကုန်သေးသမျှ မသေရဘဲ ကျက်ခံကြရကုန်၏။

**သန်လျက်တောငရဲတွင်**‥ထိုလက်ပံတောငရဲ၏ အခြားမဲ့၌ တကွအတူတည်နေသော ကြီးစွာသောသန်လျက်အရွက်ရှိသော တောသို့ ဝင်ကြရပြန်ကုန်၏၊ လေတိုက်၍ လှုပ်သောအခါ ထိုငရဲသူသတ္တဝါ၏ အထက်သို့ ပြုတ်၍ကျကုန်၏၊စဉ်းတုံးအပေါ်၌ ငါးအမဲကို ခုတ်စဉ်း သကဲ့သို့ မသေနိုင်ဘဲ လက်တို့လည်းပြတ်ကုန်၏၊ခြေတို့လည်း ပြတ်ကုန်၏၊ လက်ခြေနှစ်ပါးလုံးတို့လည်း ပြတ်ကုန်၏၊ နားတို့လည်း ပြတ်ကုန်၏၊ နှာခေါင်းတို့လည်း ပြတ်ကုန်၏ နား, နှာခေါင်း နှစ်ပါးလုံးတို့လည်း ပြတ်ကုန်၏။

အကယ်၍ ထကာပြေးကြကုန်သည် ဖြစ်အံ့၊ ထိုအခါ သံဘံတိုင်းသည်၊ထွက်ပေါ်၍ ဝိုင်းထား၏၊အောက်အပြင်မှ-သင်ရုန်းတို့သည် ပေါ်ကုန်၏၊ ထိုသင်ရုန်းပေါ်၌နင်းရကုန်၏၊ ထိုငရဲ၌လည်း အလွန်ကြီးကျယ်သော ဆင်းရဲဝေဒနာကို ရှည်ကြာသောနှစ်တို့ပတ်လုံး အကုသိုလ်ကံ မကုန်ဆုံးသမျှ ပြင်းထန်စွာခံကြရကုန်၏။

**ကြေးနီမြစ်ငရဲ** ·····ထိုသံလျက် အရွက်ရှိသော တောအ၏အခြား မဲ့၌ တကွတည်နေသော ဝေတ္တရဏီ အမည်ရှိသော ကြေးနီမြစ်သို့ ဆင်းကြရပြန်ကုန်၏၊ ထိုမြစ်၌ သံဖြင့်ပြီးကုန်သော သင်ရုန်းနွယ်ပင်စည် အရွက်တို့သည် ရှိကုန်၏၊ အောက်အပြင်၌ သင်ရုန်းဓားသွား, ကမ်းနှစ်ဘက်တို့၌ ကြိမ်ဆူးနွယ် သမန်းမြက်တို့ရှိကုန်၏၊ အောက်သို့လည်း မျောရ၏၊ အထက်သို့လည်း ဆန်တက်ရ၏၊ ဦးခေါင်းစောက်ထိုး မျောပါသွားသောအခါ ထိုရောထိုရော အသားအရေတို့ပြတ်၍ ကျရကုန်၏၊ ကမ်းနှစ်ဘက်တို့မှ သမန်းမြက်တို့သည် ရှကုန်၏၊ ကြိမ်ဆူးနွယ်တို့သည် ချိတ်၍ဆွဲကုန်၏၊ ထိုငရဲ၌လည်း ရှူးရှခံခက် ထက်မြက်ပြင်းထန်သော ဒုက္ခဝေဒနာကို နှစ်ပေါင်းများစွာ ကံမကုန်မခြင်းခံရကုန်၏။

**ဆာလောင်ပါက** ·····ထို့နောက် ထိုငရဲသူ ငရဲသားတို့ကို ငရဲထိန်းတို့သည် ငါးမျှားချိတ်ဖြင့်ဆွဲတင်၍ ကုန်းပေါ်၌ ထားပြီးမှ အချင်းယောကျ်ား·····၊အဘယ်ကို အလိုရှိသနည်းဟု မေးကြကုန်၏၊အလွန်ဆာလောင် မွတ်သိပ်ပါသည် အရှင်ဟုဆိုကြ၏၊ထိုအခါ ရဲရဲညီးသော သံထန်းလျက်ခဲတို့ကို တောင်းဖြင့်ထည့်၍ ယူလာကြကုန်၏၊ ထိုအခါ သံခဲရဲရဲထန်းလျက်ဟု သိကြ၍ ခံတွင်းပါးစပ်ကို စိ၍ထားကြကုန်၏။

ထိုအခါ ငရဲထိန်းတို့က ရဲရဲတောက်သော သံချွန်းကောက်ဖြင့် နှုတ်ခမ်းကို ချိတ်ဆွဲပြီး ဖွင့်၏၊ရဲရဲတောက်သော အလျှံနှင့် တကွသော သံထန်းလျက်ခဲကို ပါးစပ်ထဲသို့ ထည့်ကုန်၏၊ နှုတ်ခမ်းကိုလည်းလောင်၏၊ခံတွင်းကိုလည်း လောင်၏၊လည်ချောင်းကိုလည်း လောင်၏၊ရင်ကိုလည်း လောင်၏၊အူမ, အူသိမ် တို့ကိုယူဆောင်၍ အောက်ဒွါရအဘို့ဘက်က ထွက်၏၊ ထိုအခါ၌လည်း အလွန်ခါးစပ်, ခံခက် အသက်ထားစရာမရှိအောင် ခံရသော ဆင်းရဲကို မသေနိုင်ဘဲ ကံမကုန်သမျှ နှစ်ပေါင်းများစွာ ခံရကုန်၏။

**စာကုံး၍မဆုံးနိုင်**·····ထို့နောက် ထိုနည်းတူစွာမေး၍ ရေ
တော်ကြောင်းပြောကြသောအခါ ကြေးနီ
ရေပူ ပွက်ပွက်ဆူတို့ကို ခံတွင်းသို့လောင်းသွင်းကြကုန်၏၊ ထို့
နောက် နှစ်ပေါင်းများစွာ ကြာလာသောအခါ အဝိစိငရဲသို့ ပြန်၍
ခေါ်ကြပြန်ကုန်၏၊ ထိုငရဲ၏ဆင်းရဲကို အဘယ်မှာ ပောကြား၍,
ရေးသား၍ ကုန်ဆုံးနိုင်အံ့နည်း။

**ဗာလပဏ္ဍိတသုတ္တန်ဒေသနာတော်၌**·····

မြတ်စွာဘုရားက ချစ်သားတို့၊ငရဲ၌တွေ့ကြုံခံစားရသော ဆင်း
ရဲတို့ကို ဥပမာပေးပြရန် မလွယ်ဟု မိန့်တော်မူရာ ရဟန်းတပါး
က သတ္တဝါအများ တတ်အားသမျှ, စွမ်းနိုင်သမျှ မှန်းဆနိုင်ရန်
ဥပမာပြုတော်မူပါဘုရား, ဟောတော်မူပါဘုရားဟု လျှောက်၏။

ထိုအခါ ရှင်တော်ဘုရားက ချစ်သားတို့···၊ဤလောက၌ ခိုးသား,
ဓားပြ, သူပုန်တို့ကို ဘုရင်မင်းမြတ်ထံ အပြစ်နှင့်တကွ တင်ပို့ရာ
အချင်းတို့·····၊ဤသူကို ကားတိုင်တင်၍ နံနက်အချိန်တွင် လှံချက်
တရာ ထိုးဆွလေဟု အမိန့်ပေး၏၊မွန်းတည့်အချိန်၌ ထပ်၍ တဖန်
အချက်တရာ ထိုးဆွကြလေဟု အမိန့်ပေးသဖြင့် ထိုးဆွကြကုန်၏၊
ညနေအချိန်တွင် ဘုရင်မင်းမြတ်က မေးမြန်းပြန်၍ မသေသေး
ကြောင်း လျှောက်ကြကုန်၏၊ ညနေအချိန်တွင် ထပ်၍ အချက်
တရာထိုးဆွလေဦးဟု အမိန့်ပေးပြန်၏၊ထိုအခါ ထိုးဆွကြပြန်ကုန်
၏၊ချစ်သားတို့·····၊လှံချက်သုံးရာတို့ဖြင့် အထိုးခံရသော ဤသတ္တ
ဝါ၌ ဆင်းရဲဝေဒနာ မည်မျှခံစားရလတ္တံ့နည်းဟု မေးတော်မူ၏။

မြတ်စွာဘုရား·····၊တချက်သောလှံဖြင့် ထိုးလိုက်စဉ်က ဒုက္ခ,
ဒေါမနဿ အလွန်များသဖြင့် အချက်သုံးရာ ခံရသောအခါ ဆို
ဘွယ်ရာ,ပြောဘွယ်ရာမရှိ၊ဆင်းရဲလှပါ၏ဟုလျှောက်၏၊ ထိုအခါ
မြတ်စွာဘုရားက လက်ဆုပ်သောက်မျှရှိသော ကျောက်ခဲကို
ယူတော်မူ၍ ချစ်သားတို့·····၊ဤကျောက်ခဲနှင့် မြင့်မိုရ်တောင် နှိုင်း
စာလျှင် ဘယ်ကသာ၍ကြီးအံ့နည်းဟု မေးတော်မူ၏။

မြတ်စွာဘုရား……၊အစိတ်အသိမ်း, အသန်းစသည့်တို့ဖြင့် ပြောခြင်းငှါ, ရေတွက်ခြင်းငှါမတတ်နိုင်ပါဟု လျှောက်၏၊ ထို့အတူ ချစ်သားတို့၊ လှံချက်သုံးရာ အထိုးခံရသော ယောက်ျား၏ ဆင်းရဲဒုက္ခနှင့် ငရဲ၌ ကျခံရသော သတ္တဝါ၏ ဆင်းရဲဒုက္ခကို အဆပေါင်းဤနှိုင်းဤမျှဟူ၍ ကွာခြားသာလွန်သော ဆင်းရဲအရေအတွက်ကို ပြရန်မလွယ်ဟု မိန့်တော်မူ၏။

ချစ်သားတို့……၊ရှေး၌ဖြစ်ဘူးသည့်ကား ငရဲသူသတ္တဝါအများကို ငရဲထိန်းတို့အမျိုးမျိုးနှိပ်စက်ခြင်းကို ယမမင်းမြင်ရသောအခါ ၎င်းယမမင်းက တွေးကြံသည်မှာ အကြင်သူတို့သည် မကောင်းမှုကို ပြုကြကုန်၏၊ ထိုသူတို့သည် ဤငရဲဘုံ၌ အလုံးစုံဆင်းရဲကို ခံကြရကုန်၏၊ ဩော်……ငါသည် လူ့ပြည်သို့ရောက်ရပါမူကား, ငါလူ့ပြည်သို့ ရောက်ခိုက်၌ လူနတ်တို့၏ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ပွင့်ပေါ်လာပါမူကား, ထိုဘုရားသို့ ငါသည် ဆည်းကပ်ရပါမူကား, မြတ်စွာဘုရားသည် ငါ့အား တရားတော်ကိုဟောပါမူကား, ထိုတရားတော်ကို ငါသည် သိမြင်ရပါမူကား ကောင်းလေစွဟု ကြံစည်၏၊ချစ်သားတို့……၊ ဤယမမင်း ၏ ကြံစည်ညည်းတွားခြင်းကိုသူတပါး လျှောက်ထား၍ ငါဘုရားသိရသည်မဟုတ်၊ ကိုယ်တော်တိုင် မြင်, ကြား, သိရှိ၍ ဟောတော်မူ၏ဟု မိန့်တော်မူ၏။

ဤသို့ ငရဲ၏ဒုက္ခ, အသုရကာယ်၏ဒုက္ခ, ပြိတ္တာ၏ဒုက္ခတို့ကိုကား မြတ်စွာဘုရား၌ ယုံကြည်သူတို့သာ မိမိတို့ မမြင်နိုင်သော်လည်း မြတ်စွာဘုရားမြင်တော်မူ၍ ဟောတော်မူပေ၏၊ ဟုတ်မှန်လှပေ၏ဟု အားကိုးအားထားပြု၍ ယုံကြည်နိုင်ရာ၏၊ ဘုရား၌ မယုံကြည် သဒ္ဓါမရှိသူတို့ကား မမြင်ရ၍ မယုံနိုင်ကုန်၊ တိရစ္ဆာန်ဘုံ၏ ဒုက္ခကိုကား မျက်မြင်ကိုယ်တွေ့နှင့် ဘုရားဟော နှစ်ပါးစပ်၍ ယုံကြည်နိုင်ရာ၏။

**ဗာလပဏ္ဍိတသုတ်၌ ဟောတော်မူသည်ကား .....**

ချစ်သားတို့......၊လူမိုက်သည်အရသာ၌ တပ်မက်သောတဏှာ ကြောင့် မကောင်းသဖြင့် ရှာဖွေအသက်မွေးခြင်းကို ပစ္စုပ္ပန်ဘဝ၌ ပြု၏၊သေသောအခါ ငရဲသို့ကျရောက်၏၊ ကြွင်းသောကံဖြင့် တိရစ္ဆာန်ဖြစ်လာသောအခါ မြင်း,ဆင်,နွား,မြည်းစသော သတ္တဝါ မျိုးတို့၌ ဖြစ်ကြရ၍ မြက်ကို ဆုတ်ဖြတ် စားသောက်ကြရကုန်၏၊ ကြက်,ဝက်,ခွေး,ကျီးစသော သတ္တဝါမျိုးတို့၌ဖြစ်ကြ၍ အဝေးမှ မစင်နံ့ကိုရရုံမျှဖြင့်ပင်ပြေးဝင်၍ လုယက်စားသောက်ကြရကုန်၏။

အကုသိုလ်တည်းဟူသော အမိုက်မှောင်ကို အားထုတ်ကြရကုန်၍ ပိုးနံ့ကောင်, တီကောင်စသော သတ္တဝါမျိုးတို့၌ ဖြစ်ကြရကုန်၍ အမိုက်မှောင်အတွင်း၌သာ မွေးဖွားကြရကုန်၏၊ အမိုက်မှောင်အတွင်း၌သာ အိုကြရကုန်၏၊ အမိုက်မှောင်အတွင်း၌သာ သေကြရကုန်၏။

ငါး,လိပ်, မိကျောင်းစသော သတ္တဝါမျိုးတို့၌ ဖြစ်ကြရကုန်၍ ရေ၏အတွင်း၌သာ မွေးဖွားကြရကုန်၏၊ ရေ၏အတွင်း၌သာ အိုကြရကုန်၏၊ ရေ၏အတွင်း၌သာ သေကြရကုန်၏။

ပိုး, လောက်စသော သတ္တဝါမျိုး၌ ဖြစ်ကြရကုန်၍ ငါးပုပ်, အကောင်ပုပ်, မုယောမှုံ့ပုပ်တို့၌သာ မွေးဖွားကြရကုန်၏၊ ထို မစင်ကြယ်သော အပုပ်တို့၌သာ အိုကြရကုန်၏။

ချစ်သားတို့ ......၊ထိုတိရစ္ဆာန်မျိုးတို့သည်လည်း များပြားလှသောကြောင့် ဟောကြား၍ ကုန်စင်ခြင်ငှါ လွယ်ကူသည်မဟုတ်။

**ဥပမာဖြင့်ပြချက်** .....ချစ်သားတို့......၊ဥပမာပုံဆိုသော်ကား အပေါက်တခုသာ ရှိသော ထမ်းပိုးကို အရှေ့ဘက်မှလာသောလေသည် အနောက်စကြဝဠာတောင်သို့, အနောက်ဘက်မှလာသောလေသည် အရှေ့စကြဝဠာတောင်သို့, မြောက်ဘက်မှလာသောလေသည် တောင်စကြဝဠာတောင်သို့,

တောင်ဘက်မှ လာသောလေသည် မြောက်စကြဝဠာတောင်သို့ ရောက်အောင်ပင့်ဆောင်တိုက်ခပ်ရာသို့ မျော၍နေ၏၊ ထိုသမုဒ္ဒရာ၌လည်း လိပ်ကာဏ်းတကောင်ရှိ၏၊ ထိုလိပ်ကာဏ်းသည် အနှစ်တရာ,အနှစ်တရာကြာမှ တခါတခါ ရေအထက်သို့ ပေါ်လာ၏။

ချစ်သားတို့……၊ ထိုလိပ်ကာဏ်းသည် ထိုထမ်းပိုးပေါက်တွင်းသို့ လည်ပင်းဖြင့် စွပ်မိရန် လွယ်ကူအံ့လော……ဟု မေးတော်မူ၏၊ မြတ်စွာဘုရား……၊ အလွန်ခဲယဉ်းပါကုန်၏ဟု လျှောက်၏၊ ချစ်သားတို့……၊ ထိုလိပ်ကာဏ်းသည် ရောက်မိရောက်ရာ သွားလာလှည့်လည်ရင်း ထိုထမ်းပိုးပေါက်၌ လည်ပင် ဖြင့်စွပ်မိရခြင်းသည် လွယ်ကူသေး၏၊ ထိုငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်ဘုံတို့မှ လူမိုက်တို့သည် ပြန်၍လူဖြစ်ရန် ခဲယဉ်း၏ဟု ဟောတော်မူ၏။

အကယ်၍ လူဖြစ်ရပြန်ပါသော်လည်း ဒွန်းစဏ္ဍား, ပန်းမှိုက်ကျုံး,ရထားထိန်း,ပန်းမှိုက်သွန် စသော ဆင်းရဲ နှိမ်ပါး, မွဲရှားယုတ်မာသောအမျိုး၌ ဖြစ်ကြရကုန်၏၊ မကောင်းသော ရုပ်ပုံသဏ္ဍာန်,ပြိတ္တာတို့ကဲ့သို့ အမြင်မကောင်း ဖြစ်ရ၏၊ ဝမ်းပိုက်ကြီး၍ ပုကွ၏၊ မျက်စိတဘက်ကာဏ်း,နှစ်ဘက်ကာဏ်းဖြစ်ရ၏၊ ကုန်း၏၊ ကောက်ကွေး၏၊ ဆွံ့-ချည့်၏။

**ဥပမာတမျိုး**……ချစ်သားတို့……၊ ဥပမာကား လောက၌ လောင်းကစားသွားသည် ရှေးဦးစွာငွေရှုံး၏၊ ထို့နောက် သားမယားမှ ဆုံးရှုံး၏၊ ထို့နောက် စည်းစိမ်ရှိသမျှမှ ဆုံးရှုံး၏၊ ထို့နောက် မိမိကိုယ်တိုင် ထောင်နှောင်အိမ်၌ အချုပ်ခံရ၏၊ ထိုဥပမာအတူ လူမိုက်သည် လူ့ပြည်၌ လူဖြစ်ရှုံးရ၏၊ ရုပ်ရည်,သဏ္ဍာန် ကြန်အင်လက္ခဏာမှဆုံးရှုံးရ၏၊ စည်းစိမ်ဥစ္စာ ရတနာမှ ဆုံးရှုံးရ၏၊ အမျိုးကောင်းမြတ်ခြင်းမှ ဆုံးရှုံးရ၏၊ ထို့နောက် မိုက်မြဲမိုက်, မလိမ္မာမြဲမလိမ္မာသဖြင့် ကောင်းမှု, မကောင်းမှုကို မသိရှာဘဲ ကိုယ်,နှုတ်, စိတ်တို့ဖြင့် အကုသိုလ်အမှုကိုပြုပြန်သဖြင့် ငရဲချုပ်, တိရစ္ဆာန်ချုပ်, ပြိတ္တာချုပ်, အသုရကာယ်ချုပ်ဟု ဆိုအပ်

သော အပါယ်လေးပါးအချုပ်ထောင်တွင်းသို့ဝင်ရပြန်၏၊ လွတ်ခွင့်မရနိုင်ဘဲ အနည်းနည်း အဖုံဖုံသော ဆင်းရဲတို့ဖြင့် ခံစားရပြန်ကုန်၏ဟု ဟောတော်မူ၏။

**ထပ်မံတွေ့ရဦးမည်**……ထို့နောက် ရခဲလှစွာသော မကျိုး, မကားကား, မပင်း, မဆွံ့, မကောက်, မကွေး, မပု, မတိုသောဘဝ၊ ထို့နောက်မှ မဆင်းရဲမငတ်မွတ်သော ဘဝ၊ ထို့နောက်မှ ရတနာသုံးပါး သူတော်ကောင်းတရားကို သိရ, နာရသော ဘဝတို့ကို အဆပေါင်းများစွာ ခက်ခဲစွာရပါလျက် မေ့လျော့ပေါ့ဆ၍နေက အထက်၌ ပြဆိုခဲ့သော ဇာတိဒုက္ခနှင့်တကွ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, ပဋိသန္ဓေနေရသောဒုက္ခ, အိုရသောဒုက္ခ, နာရသောဒုက္ခ, မင်းပြစ်, မင်းဒဏ်, ကမ္မကရဏာတို့နှင့် တွေ့ကြုံရသောဒုက္ခ, သေကွဲကွဲရသောဒုက္ခ, အပါယ်လေးပါးဒုက္ခတို့နှင့် ထပ်မံတွေ့ကြုံရပါဦးမည်တကား။

ဤဒုက္ခတို့ဟူသည် ဤခန္ဓာငါးပါး တရားကြီးကို ချစ်ခင်တွယ်တာသော တဏှာကြောင့် တွေ့ကြုံကြရကုန်၏၊ ဤတဏှာမရှိသော ဘုရားရဟန္တာတို့၌ ဤခန္ဓာမဖြစ်တော့ပြီ၊ ဤခန္ဓာမဖြစ်က ဤဒုက္ခတို့ကိုလည်း မတွေ့ရတော့ပြီ၊ ရုပ်တရားကြီးသည် ရူပက္ခန္ဓာ၌ ပါဝင်၏၊ အာရုံအမျိုးမျိုးတို့ကို ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၌ပါဝင်၏၊ အာရုံအမျိုးမျိုးတို့ကို အမှတ်ပြု၍သိတတ်သော သညာသည် သညာက္ခန္ဓာ၌ပါဝင်၏၊ ဤတဏှာနှင့်တကွ လောဘ, ဒေါသ, မောဟ, သဒ္ဓါ, ပညာ, သတိ, ဝီရိယ, သမာဓိ စသည်တို့သည် သင်္ခါရက္ခန္ဓာ၌ ပါဝင်၏၊ စိတ်သည် ဝိညာဏက္ခန္ဓာ၌ပါဝင်၏။

ဤခန္ဓာငါးပါး ဒုက္ခတရားကြီးကို တဏှာသည် ယူဆောင်လျက် သံသရာ၌ ကျင်လည်နေရ၏၊ ယခုမျက်မှောက်ဘဝ၌လည်း ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းတို့နှင့် မရပ်မနား တွေ့ကြုံ၍နေရ၏၊ မဆင်ခြင်နိုင်သေး၍သာ မပြတ်ဆင်းရဲနေခြင်းကို မသိ

မမြင်နိုင်သေးသည်၊ အကြိမ်ကြိမ်ပညာဖြင့် သက်ဝင်၍ ဆင်ခြင်က နောက်၌ပြခဲ့သော ဒုက္ခကြီးတွေမှတပါး သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ဣရိယာပုထ် လေးပါးတို့၌ မအားမလပ် ဆင်းရဲနေကြောင်းသိရအံ့၊ သိမှသာ ဒုက္ခကိုမလိုချင်, မတောင့်တအံ့ဟု ပွါးများရာ၏၊ ဤသို့ခန္ဓာငါးပါး၌ တွယ်တာသော တဏှာကြောင့် ဤခန္ဓာငါးပါး၏ အကြိမ်ကြိမ် ထပ်မံဖြစ်ပေါ်ရ၍ ဤဒုက္ခအမျိုးမျိုးတွေနှင့် တွေ့ကြုံရခြင်း၊ လွန်ပြင်းခံခက်သော ဆင်းရဲမှ တပါး ကောင်းသော သုဂတိသို့ရောက်ပါလျက် ယခု မျက်မှောက်ဘဝ၌ပင် မှတ်သားမိနိုင်လောက်သော အရွယ်မှစ၍ ယခုကမ္မဋ္ဌာန်း ဝိပဿနာတရားကို အားထုတ်နှလုံးသွင်းသောနေ့တိုင်အောင် ထိုင်၍ချည်းလည်း ငြိမ်ငြိမ်, ဧဧ မနေနိုင်မှုဒုက္ခ၊ ထ၍ချည်းလည်း ငြိမ်ငြိမ်,ဧဧ မနေနိုင်မှုဒုက္ခ၊အိပ်၍ချည်းလည်း ငြိမ်ငြိမ်,ဧဧမနေနိုင်မှုဒုက္ခ၊သွား၍ စင်္ကြံလျှောက်၍ချည်းလည်း ငြိမ်ငြိမ်ဧဧ မနေနိုင်မှုဒုက္ခ၊ကျွေးမွေးရမှု ဒုက္ခ၊ရေချိုးသုတ်သင်ရမှု ဒုက္ခ၊ဆေးဝါးခတ်စားသောက်ပြုပြင်ရမှု ဒုက္ခ၊ အနှိပ်အနင်းခံ၍ ဖြေဖျောက်ရမှု ဒုက္ခ၊ ရေသောက်ရမှုဒုက္ခ၊ ကျင်ကြီး ကျင်ငယ် စွန့်ရမှုဒုက္ခ၊ ၉၆-ပါးသောရောဂါတို့ဖြင့် တချို့တခုတွေ့ကြုံရမည့်ဒုက္ခ၊နေ့စဉ်နေ့တိုင် ဆာလောင် မွတ်သိပ်ရမှု ဒုက္ခ၊အညှောင်းအညာ ဆန့်ဖြေရမှုဒုက္ခ၊ကိုးပေါက် ကိုးခွါရမှကျလာယိုစီးသော အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ရမှုဒုက္ခ။

ရှာရ,ဖွေရ, စုဆောင်းရမှုဒုက္ခ၊ ရှာဖွေ စုဆောင်းရန် ရှာကြံ၍ မရသဖြင့် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲပင်ပန်းရမှုဒုက္ခ၊ ရလာသော ပစ္စည်းကို မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူ,သားသမီးဆိုး အမွေခံဆိုးတို့ကြောင့် မပျက်မစီးရအောင် စောင့်ရှောက်ရမှုဒုက္ခ၊ စောင့်ရှောက် နေပါလျက် ကံနှိပ်စက်၍ အထူးထူး အထွေထွေ ပျက်စီးဆုံးရှုံးသဖြင့် နှလုံးပူပန်ရသောဒုက္ခ၊သားသမီး,ဆွေမျိုး,မိဘ, လင်မယား စသည်တို့နှင့် ရှင်ကွဲ,ကွဲနေရသောဒုက္ခ၊ သေကွဲ,ကွဲနေရသောဒုက္ခ၊သူတပါးတို့နှင့် ဂုဏ်တူအောင်ကြံဆောင်စိတ်ကူး

ရသော ဒုက္ခ၊ ခဏ ခဏ မိမိ၏ ကိုယ်နှင့်တွေ့ထိ၍ နံစော်သော အဝတ်အစားတို့ကို ဖွပ်လျှော် ဆေးကြောရသော ဒုက္ခ၊ ဆူးငြောင့်, ခလုတ်, မိုး, မြွေ, ကင်း, ခြင်, မှက် အစရှိသောအဆိပ်ရှိသော သတ္တဝါစသည်တို့နှင့် တွေ့ကြုံရသဖြင့် ခံစားရသောဒုက္ခ၊ မိမိ၏ချစ်သူအတွက်ပါ လှမ်းမျှော်၍ တောင့်တ ပူပန်ရသော ဒုက္ခ၊ ကိုယ်ကောင်းပါလျက် မကောင်းသော သတင်းစကား အပြောခံရ၍ စိတ်မချမ်းသာမှုဒုက္ခ၊ မချစ်သောသူတို့နှင့် အတူတူ နေထိုင်ရသော ဒုက္ခ။

**အချစ်မဝင်နှင့်–အပြစ်ထင်**……အကျဉ်းချုပ်မှာမူ, အလိုရှိသမျှ တောင့်တ၍ မရမှုဟူဟူသမျှ ဒုက္ခတို့သည် တွေးတော၍ မကုန်နိုင်အောင် များပြားပါလျက် နှလုံးမသွင်း မပွါးများနိုင်သော အကြားအမြင် ဗဟုသုတ နည်းပါး၍ အရိယာတို့၏ အဆုံးမကို မခံရသူတို့နှင့် ခံရသိရသော်လည်း သမာဓိနည်းပါးလှသူတို့သည် အပြစ်မမြင်နိုင်ဘဲ ဤခန္ဓာငါးပါး တရားကြီးကို အချစ်ဝင်၍နေကြကုန်၏၊ သို့ဖြစ်သောကြောင့် အထက်ကပြခဲ့သော ဇာတိဘေး, ဇရာဘေး, မင်းဘေး, မင်းဒဏ်, ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တို့နှင့် တွေ့ကြုံရသောဘေးကြီးတို့ကို ဘဝဖုံးအုပ်ထား၍မမြင်နိုင်က ရှိစေဦး တော့၊ ယခုဘဝ လူလားမြောက်သောနေ့,မှတ်မိလောက်သော အရွယ်ကစ၍ ယခုနေ့ထိ ယခုပြဆိုခဲ့သော ဒုက္ခတို့နှင့်ပင် ပညာစ၍ သင်ခဲ့ရာ စာဘတ်တတ်အောင် ဆရာ့ထံသို့ကပ်ခဲ့ရသည့် ဒုက္ခအမျိုးမျိုးတို့ပါ နေ့စဉ်,နေ့စဉ် စိတ်၏မချမ်းသာမှု, ကိုယ်၏မချမ်းသာမှု တွေ့ထင်လာအောင်, ဒုက္ခအပြစ်တွေ ထင်မြင်လာအောင်, ဤခန္ဓာကြီး၏ အပေါ်၌ အချစ်တဏှာတွေ မဝင်အောင် တွေးတော ပွါးများဆင်ခြင်ရာ၏။

သာမညလောက် ဆင်ခြင်၍ကား ဒုက္ခဘေးကို လက်ငင်တွေ့နေလျက် ဒုက္ခမထင်နိုင်အောင် အဝိဇ္ဇာ မောဟာက ဖုံးအုပ်၍ ပေးကာ

တလျှာက မက်မောသဖြင့် မထင်မြင်နိုင်လေသတည်း၊ တနေ့တနေ့လျှင် အားလပ်တိုင်း အားလပ်တိုင်း, အမှုကိစ္စနှင့် တွေ့တိုင်း အကြိမ်ပေါင်း အရာ, အထောင်မက ဆင်ခြင်ရာ၏၊ သို့မှသာ (သမာဓိခဏိက) ခဏ,ခဏ ဒုက္ခအာရုံ ထင်မြင်နိုင်လေရာ၏၊ စာကိုဘတ်ရုံ, တရားကို နာရုံမျှဖြင့်ကား ဒုက္ခ မထင်နိုင်သေးပေ၊ သို့ရာတွင် ဘုရား အရိယာတို့၏ အဆိုအဆုံးမကို မခံရ, မသိရ, မလိမ္မာလှသော အန္ဓပုထုဇန်တို့ထက်ကား ဘတ်ကြားသိနာရသူက တော်ပါသေး၏၊ သို့ရာတွင် ယခုခေတ်ကောင်းသောအခိုက်အခါ ဘုရားသာသနာနှင့်တွေ့ကြုံခိုက်တွင် ဤမျှဖြင့် တင်းတိမ်၍ မနေရာ၊ ဒုက္ခတရား ထင်ထင်လင်းလင်း ပေါ်အောင် စိုးဖြန်း အားထုတ်ရာ၏၊ ဒုက္ခကိုပြုနေလျက်, ဒုက္ခနှင့် လက်ငင်းတွေ့နေပါလျက် ဒုက္ခမှန်း မသိသူ များပြားလှ၏။

**ကြုံခဲလှစွာ ဤအခါ**.... ထို့ကြောင့် အထက်၌ ပြခဲ့သော နေ့စဉ်နေ့စဉ် ပြုလုပ်ရာ၌ ဒုက္ခအသေး, အငယ်တို့ကို သေသေချာချာ တခုစီ တခုစီဘတ်၍ ရပ်၍, ရပ်၍ စဉ်းစားပြီးလျှင် ထိုအမှုတွေနှင့် တွေ့တိုင်းတွေ့တိုင်း ဒုက္ခမှန်းသိ၍စား, ဒုက္ခမှန်းသိ၍အိပ်, သိ၍ရပ်, သိ၍သွား, သိ၍ထိုင်, သိ၍စောင်ခြုံ, သိ၍မီးလှုံ, သိ၍ရေချိုး, သိ၍ အညောင်းဖြေ, သိ၍ကျင်ကြီး-ကျင်ငယ်စွန့်,နှပ်, တံတွေး, မျက်ရည်, မျက်ဝတ်သုတ်သင်, သိ၍အဝတ်ဖွပ်လျှော်, သိ၍ဆေးသောက် စသည်ဖြင့် ပြုပြင်နေရသမျှ ဒုက္ခတို့ကိုပေါ်အောင် ပွါးများရမည်၊ လိပ်ကာဏ်း၏ ဥပမာ, ကျောက်ခဲငယ်နှင့် မြင့်မိုရ်တောင်၏ဥပမာ, လက်သည်းပေါ်မှာ တင်ထားသောမြေမှုန့်နှင့် ယူဇနာပေါင်း နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေပြင်၌ မြေမှုန့်တို့လောက် ကွာခြားကာ သုဂတိဘဝမှာ ဖြစ်ရသောအခါ နည်းပါးလျက် အပါယ်လေးပါး၌ ဖြစ်ရသောဘဝ ကာလရှည်ကြာသည်ကို သတိထား၊ ထိုအခါကာလမျိုးကို ပြန်၍ရောက်သွားခါမှ ယမမင်းညည်းတွားသကဲ့သို့

သူတော်ကောင်းတရား နှလုံးသွင်းနိုင်ရန် ဤလူ့ပြည် ဤသာသနာ ဤအခါမျိုးကို ပြန်ချင်ရောက်ချင် တွေ့ကြုံချင်ပါသော်လည်း မဖြစ်နိုင်ပြီ၊ အလွန်ကြုံခဲ၏၊ ပမာမပြနိုင်အောင် ခဲယဉ်းလှ၏။

ဤကား—ဒုက္ခမျိုးကို သည်ပိုးရွက်ဆောင် ဟူသော
လက်ာပုဒ်၏ အဓိပ္ပါယ်အကျဉ်းချုပ် ပြီး၏။

## အပုပ်ကောင်ကို လူယောင်ထင်မှတ်

ဤသို့(ဒုက္ခမျိုးကိုသည်ပိုးရွက်ဆောင်)ဟူသောပုဒ်၏အဓိပ္ပါယ်ကိုအကျဉ်းမှတ်သားပြီးနောက် ဒုက္ခမျိုးဖြစ်၍ တဏှာမက်မောခွင့်မရအောင်,ထို့နောက် အသုဘမျိုး မတင့်တယ်စက်ဆုပ်ဘွယ်မျိုးဖြင့်လည်း တဏှာ၏ မက်မောခွင့် မရအောင် [အပုပ်ကောင်ကိုလူယောင်ထင်မှတ်]ဟူသော ပုဒ်၏အရကို ပွါးများရာ၏၊ ထိုသို့ပွါးများရာ၌ **ကျေးဇူးရှင် ရာမညရဋ္ဌဝါသီ ဥါရဝါဒီ မဟာထေရ်ဖြစ်တော်မူသော အုန်းမိုလ်ဆရာတော်ဘုရားကြီး** ရေးသား စီရင်တော်မူအပ်သော အောက်ပါဒွတ္တိံသာကာရ အနက်ကိုအလျဉ်းသင့်သဖြင့်ထည့်သွင်းဘော်ပြလိုက်အံ့၊ဂရုပြု၍ အရကျက်မှတ်ထားလေကုန်။

## ဒွတ္တိံသာကာရ,အနက်

မေ၊ငါ၏။ ဣမသ္မိံကာယေ၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်၌။ ကေသာစ၊ နှစ်ကုဋေ ငါးသန်းကုန်သော "ဆံပင်" တို့သည်ရင်း။ လောမာစ၊ကိုးသောင်း, ကိုးထောင်ကုန်သော "အမွေး" တို့သည်ရင်း။နခါစ၊နှစ်ဆယ်ကုန်သော"ခြေသည်း—လက်သည်း"တို့သည်ရင်း။ ဒန္တာစ၊ သုံးဆဲ့နှစ်ချောင်းသော"သွား"တို့သည်ရင်း။ တစောစ၊ တကိုယ်လုံးဖုံးအုပ်၍ တည်သော"အရေပါး—အရေထူ"သည်ရင်း။

မံသဥ္စ၊ကိုးရာသော "သားတစ်"သည်ရင်း။နှာရုစ၊ ၇ှစ်ရာ့ လေးဆယ် အကြောငယ်နှင့် ခြောက်ဆယ်ကြောမ တကွများစွာ

ကိုးရာသော "အကြော" ရှိသည်ဖြင်း။ အဋ္ဌိစ၊ ခန္ဓာအိမ်ဝယ် အမြဲ ထယ်ပမာ သုံးရာသော "အရိုး" ရှိသည်ဖြင်း။ အဋ္ဌိမိဉ္ဇ၊ မီးအုံး ပျောင်းနှဲ့ ကြိမ်ညွန့်ကဲ့ပမာ ရိုးတွင်းမှာတည်သော "ခြင်ဆီ" ရှိသည်ဖြင်း။ ဝက္ကံ၊ ကာသစ်ရေ့အဆင်း ခြင်းခြင်းနီလျက် ရေမျိုလည် ပင်းမှ သက်ဆင်းသော အမြစ်တပါးဖြင့် စဉ်းငယ်သွား၍ ကွဲပြား, မနွော အကြောဖြင့်ဖွဲ့တွယ်ကာ နှလုံးသားမှာရစ်ပတ်၍ တည် သော "အညှို" သည်ဖြင်း။

ဟဒယဉ္စ၊ ပညာရှိမှာအပွင့် ငုံလင့်မန္တ အပသန့်ရှင်း အတွင်း သပွတ်အူဟန် နီကြန့်,ရာဂ၊ ဒေါသ,အနက်၊ ရက်တက်,မောဟ ဟာလိဒ္ဒ,သဒ္ဒါ၊ ပညာ,ဖြူးဖြက်၊ တလက်ဆွမ်းမျှလောက် ရင်၌ ရောက်သော "နှလုံးသား" သည်ဖြင်း။ ယကနဉ္စ၊ ပညာ–မဲ့မှာ တလုံး၊နှစ်လုံး,သုံးလုံး-ပညာဝါ ရင်တွင်းမှာတည်သော "အသည်း" သည်ဖြင်း။ ကိလောမကဉ္စ၊ရေထူအသား အကြား၌တည် နှစ်မည် သော ပဋိစ္ဆန္နာ-ပဋိစ္ဆန္န "အမြှေး" သည်ဖြင်း။ ပိဟကဉ္စ၊ နွားလျှာ ပမာဏ နီလအဆင်း နှလုံးသား၏ လက်ဝဲဘက်၌တည်သော "အဖျဉ်း" သည်ဖြင်း၊ ပပ္ဖါသဉ္စ၊ နွားစားဖတ်နယ် သုံးဆယ်နှင့်နှစ် အသားတစ်ပာူသော "အဆုတ်" သည်ဖြင်း။

အန္တဉ္စ၊ ယောကျ်ားအရှ ၃၂–တောင်၊ မိန်းမအရှ ၂၈–တောင်၊ အရောင်ဖြူရှိန် တွန့်လိမ်လျက်တည်နေသော "အူမ" သည်ဖြင်း၊ အန္တဂုဏံစ၊ အူမကိုရက် ရစ်ပတ်လျက်တည်နေသော "အူသိမ်" သည်ဖြင်း။ ဥဒရိယံစ၊ ခွေးအန်ဖတ်နှင့်အတူ မပြုမနစ် ညစ်ညစ်သော "အစာသစ်" သည်ဖြင်း၊ ကရီသဉ္စ၊ အူမအဆုံး၌ စားသုံးသမျှ မွမွ ကြေညက်၍ ချောသက်ရဆင်းလာသော "အစာဟောင်း" ဟူပြီး ဝစ်,ကျင်ကြီးသည်ဖြင်း၊ မတ္ထလုင်္ဂဉ္စ၊ မှုံညက်ဆိုင်ပမာ **ဦး**ခေါင်းမှာ တည်ရောက်သော "ဦးနှောက်" ရှိသည်ဖြင်း။

ပိတ္တဉ္စ၊ အဆုတ်နှလုံးတို့အကြား အသည်းနား၌ ထင်ရှားတွဲနှဲ့ အိပ်ဖွဲ့လျက်တည်နေသော ဗဒ္ဓသည်းခြေ, စိုစွတ်ရာရာ ဆီပမာ

ကဲ့သို့ အိပ်မဖွဲ့ဘဲ အမြဲပြန့်နှံ့၍တည်သော အဗဒ္ဓ "သည်းခြေ" သည်ရင်း၊ သေမ္ဗုဒ္ဓ၊ ပြူရောင်အဆင်း တခွက်သင်းမျှ အူတွင်းအစာ ထက်နံ့အသက်ကို ပိတ်ဆို့လျက်တည်သော "သလိပ်" ရသည် ရင်း။ ပုဗ္ဗော၊ အိုင်းအမာစသည်တို့၌ ညှီနံ့ပုပ်လှောင် မကောင်း သော "ပြည်" အရသည်ရင်း။ လောဟိတဥ္စ၊ အဆုတ်, အညှို့, နှလုံးတို့ အထက် တစက်စက်ကျရောက်လျက် အသည်းအောက်၌တည် သော သန္တိဗိတ သွေး, အကြောကိုလျှောက်၍ တကိုယ်လုံးရောက် သော သံသရဏ "သွေး" သည်ရင်း။ သေဒေါစ၊ ဆံပင်မွေးတွင်းမှ သက်ဆင်းယိုကျသော "ချွေး" အရသည်ရင်း။ မေဒေါစ၊ ဆူသော သူမှာ ရေထုအသား အကြားအကြား၌ ကြိုလောသူမှာ ဆူရာရာ၌ မြစ္စာတည်သော "အဆီခဲ" သည်ရင်း။

အဿုစ၊ မျက်စိအိမ်တွင်းမှ သက်ဆင်းယိုကျသော "မျက် ရည်" ရသည်ရင်း။ ဝသာစ၊ လက်ခြေနှစ်ပါး နား, ပခုံး၌ ဆုံဆီပမာ ပေါ်ထွက်လာသော "ဆီကြည်" ရသည်ရင်း။ ခေဠောစ၊ ပါးစောင် တွင်းမှ သက်ဆင်းယိုကျသော "တံတွေး" ရသည်ရင်း။ သိင်္ဃာဏိ ကာစ၊ နှာခေါင်းတွင်းမှ သက်ဆင်းယိုကျသော "နှပ်" အရသည် ရင်း။ လသိကာစ၊ မဟာလှေကား ထင်ရှားကျော်ဟိုး အစေးမျိုး ကဲ့သို့ အရိုးဆက်၌ မှိကပ်လျက် ရဝေသော "အစေး" ပုပ်သည် ရင်း။ မုတ္တဥ္စ၊ ထွက်ပေါက်သာမြင် ဝင်ပေါက်မထင်ဘဲ ကျင်ငယ် အိမ်ထဲသို့ အမြဲစိမ့်ဝင်သော "ကျင်ငယ်" ရေရသည်ရင်း။ အဋ္ဌိ သဋ္ဌိ၊ ရွံဘွယ်ရာများ အမြင်အားဖြင့် ထင်ရှားရှိကြလေကုန်၏။

ဤဒွတ္တိံသာကာရ ၃၂ ပါသော ကောဋ္ဌာသတို့၏အနက်ကို အကြိမ်ကြိမ် နှုတ်တက်ရွတ်ဘတ်သရဇ္ဈာယ်ပြီးနောက်.....

ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦး နှောက်, သည်း ခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံ

တွေး,နှပ်,အစေး, ကျင်ငယ်ဟူသော ဤ(၃၂)ပါးသော ကောဋ္ဌာသ ရုပ်တရားတို့သည် သိတတ်,နှလုံးသွင်းတတ်သော သဘောမျိုး, သတ္တဝါကောင်အတ္တမျိုး မဟုတ်ချေ၊စင်စစ်မူကား(၃၂)ပါးသော ကောဋ္ဌာသတို့တွင်……

(၁) ဆံပင်သည် တောင်ပို့ပေါ်၌ ပေါက်ရောက်၍နေသော မြက်နွယ်သစ်ပင်ကလေးများနှင့် တူ၏၊ ဦးခေါင်းကား တောင်ပို့ကြီးနှင့် တူ၏၊တောင်ပို့ပေါ်၌ မြက်စသည် ပေါက်ရောက်၍ နေသောအခါ အောက်ခံတောင်ပို့ကလည်း ငါ၏အပေါ်၌ မြက်နွယ်သစ်ပင်ကလေးတို့ ပေါက်နေကြကုန်၏ဟု မသိတဲ့,နှလုံးသွင်းမရှိတဲ ခံနေရ၏၊ထို့အတူ ဆံပင်တို့ကလည်း ဦးခေါင်းပေါ်၌ တည်နေရကြောင်းကိုမသိ၊ နှလုံးသွင်းမရှိ၊ ဦးခေါင်းကလည်း ငါ၏ အပေါ်၌ ဆံပင်တွေပေါက်ရောက်နေ၏ဟုမသိ၊နှလုံးသွင်းမရှိ၊စိတ်,သညာ,ဝေဒနာ အမှတ်အသား နာမ်တရားတို့ကသာ ဖောက်ပြန်မှားယွင်း၍လှပသည်,တင့်တယ်သည်ဟု အသွယ်သွယ်နှလုံးသွင်းမှားကြကုန်၏ဟု အကြိမ်ကြိမ်ဆင်ခြင်ရာ၏။

(၂) ထို့အတူ တကိုယ်လုံး၌ တည်ရှိကုန်သော မွေးညှင်းတို့သည် လူမရှိသောရွာပျက်ကုန်းပေါ်၌ ပေါက်၍နေသောဟင်းနွယ်စသော အပင်တွေနှင့်တူကုန်၏။

(၃) နှစ်ဆယ်သော ခြေသည်း, လက်သည်းတို့သည် တုတ်,လှံကံ အဖျား၌ တပ်ထားအပ်သော သင်းခွေချပ်အခွံ အကြေးနှင့်တူကြကုန်၏။

(၄) ထို့အတူ (၃၂)ချောင်းသော သွားတို့သည် ဖူးသီး၏ အစေ့ကြီးများကို စိုက်ထောင်၍ ထားဘိသကဲ့သို့ အသား၏အတွင်း မေးရိုး၏အတွင်း၌ စိုက်ထောင်နေကြကုန်၏။

(၅) အရေပါးသည် ရေစကျူ့ဖြူဖြူပါးပါးဖြင့် ကပ်ထားသည်နှင့်တူ၏ ၊အရေထူသည် အရေကို ဆုတ်ခွါ၍ ထားသော ကြက်, ငှက်,ဘဲ,နွားစသော သတ္တဝါတို့၏အရေနှင့်တူ၏။

(၆) အသားတစ်တို့သည် တိုက်နံရံ၌ လိမ်းကျံ၍ကပ်၍ ထား သော မြေစိုင် အင်္ဂတေများနှင့် တူကုန်၏။

(၇) အကြောတို့သည် အိမ်စသည်တို့၌ ချည်၍ထားသော နှီး, ကြိမ်,ကြိုးစသည်တို့နှင့်တူကုန်၏။

(၈) အရိုးတို့သည်တခုနှင့်တခု စပ်ကာစပ်ကာ အိပ်,ပြာသာဒ် စသည်တို့၏ အခြင်,ရနယ်, ထုပ်, လျောက်, ဒိုင်း, မြွားစသော အမာခံသစ်သား ဝါးစသည်တို့နှင့် တူကုန်၏။

(၉) ခြင်ဆီတို့သည် နွားရိုး, ကြက်ရိုးစသည်တို့၏ အတွင်းရှိ ခြင်ဆီတို့ကဲ့သို့ပင် ဖြစ်ကုန်၏။

(၁၀) အညှို့သည် အညှာတခုမှ ထွက်သော သရက်သီးငယ် နှစ်လုံးကဲ့သို့ နှလုံးသားကို ဝန်းရံ၍ တည်ကုန်၏။

(၁၁) နှလုံးသည် လည်ချောင်းကြောကြီးမှ အညှာတခုဖြင့် ထွက်၍ ကြာဖူးသဏ္ဍာန် ရင်လယ်တည့်တည့်၌တည်၏။

(၁၂) အသည်းသည် နွား,ကျွဲ,ဆိတ်တို့၏ အသည်းကဲ့သို့ပင် အသားမြတ်အုံ,ရင်ကြားနှစ်ခုတို့၏ အကြား၌တည်၏။

(၁၃) အမြှေးသည် အညှို့နှင့် နှလုံးကို ဖုံးအုပ်၍ ထားသော အဝတ်ဖြူပါးပါးနှင့်တူ၏။

(၁၄) အဖျဉ်းသည် နွားချေးနှင့်စပ်၍ နယ်ထားသောမြေစိုင်ခဲ ကဲ့သို့ နှလုံး၏လက်ဝဲဘက်၌တည်၏။

(၁၅) အဆုတ်သည် ကိုယ်၏အတွင်း သားမြတ်နှစ်ခုအကြား ဆွေးမြည့်သော ဌက်သိုက်ငယ်နှင့်တူ၏။

(၁၆) အူမသည် လည်ချောင်းမှဆင်းသက်၍သွားသော ကျင် ကြီးလမ်း၏ စပ်ကြား၌ သားသွေးရေခွက်ထဲတွင် ဦးခေါင်းကို ဖြတ်၍ ခွေလျက် ထည့်ထားသော မြွေ,နှင့်တူ၏။

(၁၇) အူသိမ်သည် ထိုအူမအခွေတို့ မချုပ်မပွေ မပြေရအောင် ဖွဲ့ချည်၍ စပ်၍တည်၏၊ အိမ်ကျောင်း တံခါးအဝင်ဝ၌ ပုဆိုးစုတ်, အဝတ်စုတ်, သက်နှီးစုတ်တို့ကို ကျစ်၍ခွေကာ အကြားအကြား၌

အခွေမပျက်အောင် တုပ်နှောင်၍ ထားအပ်သော ကြိုးသေး ကြိုးငယ်ကလေးများနှင့် တူ၏။

(၁၈) အစာသစ်သည် ခွက်တချ၌ ထည့်ထားသော ခွေး၏ အန်ဖတ်နှင့်တူ၏။

(၁၉) အစာဟောင်းသည် ဝါးကျည်တောက်အတွင်း နူးညံ့စွာ ကြိတ်နယ်သွတ်သွင်း၍ ထားသော မြေညက်စိုင် ဝါဖန့်ဖန့် အဆင်းနှင့် တူစွာ အူအတွင်း၌တည်၏။

(၂၀) ဦးနှောက်သည် ဟောင်းနွမ်းသော ဗူးသီး, ခုန်းသီး အတွင်း သွတ်သွင်း၍ ကြိတ်နယ်ထားသော ဆန်နှစ်, ဆန်မှုန့်ကို ရေဖျန်းဆွတ်ထားသည်နှင့် တူ၏။

(၂၁) အဗန္ဓသည်းခြေသည် တကိုယ်လုံး၌ ပြန့်နှံ့၍ တည်၏၊ အအိမ်ဖြင့်ဖွဲ့ထားသော ဗဒ္ဓသည်းခြေသည် အအိမ်ငယ်ကလေး၏ အတွင်း ပြန့်နှံ့ပြည့်ကျပ်၍ တည်သော ဆီကြည်နှင့်တူ၏။

(၂၂) သလိပ်သည် အစာသစ်အိမ်၏ အထက်၌ ဖြန့်ကြက် အုပ်ဖုံး၍ထားသော ရေမြှုပ်ပြားနှင့် တူ၏။

(၂၃) ပြည်သည် အစေးရှိသော သစ်ပင်ကို ခုတ်ထစ်သော အခါ ထွက်လာသော အစေးကဲ့သို့ ထိုးခုတ်ထိရှလောင်ကျွမ်းခြင်း စသည် အနာဖြစ်ပေါ်ရာအရပ်၌ရဝေး၍တည်၏။

(၂၄) ပြန့်နှံ့၍တည်သော သွေးသည် အသည်း၏အောက်အရပ်သို့ ပြည့်စေ၍ အညှို့,နှလုံး,အဖျဉ်းတို့ကို စွတ်စိုစေလျက်တည်၏။

(၂၅) ချွေးသည် နေပူ,မီးပူ-စသော ပူအိုက်သော ဥတုတို့နှင့် တွေ့သောအခါ ဆံပင်,မွေးညှင်းပေါက်တို့ကို ပြည့်လျှံစေလျက် ထွက်လာ၏။

(၂၆) အဆီခဲသည် နွား, ကျွဲ, ကြက် စသည်တို့ကို အရေခွါလိုက်သောအခါ တွေ့မြင်ရသည့် အဆီခဲကဲ့သို့ပင် ပိန်ကြုံသော သူတို့၏ ကိုယ်၌ ခြေသလုံးကြွက်သားတို့ကို မှီ၍ တည်၏၊ ဝဖြိုးသောသူ၏ ကိုယ်၌ တကိုယ်လုံးကို ပြန့်နှံ့၍တည်၏။

(၂၇) မျက်ရည်သည် ထန်းသီးနှငယ် အရည်တယ်စတွင်း၌ ထန်းသီး၏အသားမဖြစ်မီ တည်နေသကဲ့သို့ မျက်ကွင်း, မျက်ကျဉ်း၏ အတွင်း မျက်ရည်ပေါ်ရာအကြောင်းနှင့် တွေ့ဆုံက တည်လာ၏။

(၂၈) ဆီကြည်သည် မီးပူစသည်တို့နှင့် တွေ့ကြုံသော အခါ ခြေဘဝါး,ကြော,နဖူးပြင်,လက်ကတီးစသည်တို့၌ ဆီကြည်ကဲ့သို့ ပင် ပေါ်လာ၏။

(၂၉) တံတွေးသည် ဖြစ်ရန်အကြောင်းနှင့်ဆုံခဲ့သော် ပါးစောင်နှစ်ဘက်မှသက်၍ လျှာပေါ်၌ တည်၏။

(၃၀) နှပ်သည် ယောက်သွားပုပ်၌တည်သော နို့ဝမ်းနှင့်တူ၏။

(၃၁) အစေးသည် မျက်ကွင်းဆီကဲ့သို့ အရိုးဆက်တို့ကို စွတ်စိုစေလျက် တည်၏။

(၃၂) ကျင်ငယ်သည် ကျင်ငယ်အိမ်၌ တည်၏။

**ဤနည်းပင်ပွါးများပါ**.....ဤ ၃၂-ပါးသော ကောဋ္ဌာသတို့ကို တခုစီ ခွဲခြား၍ထားက မနှစ်သက်,မကြည့်ချင်,နှလုံးပင် မသက်သာ ဖြစ်ရပါလျက် ပေါင်းစပ်၍ ထားသောအခါ အဘယ့်ကြောင့် တပ်မက်ကြပါသနည်းဟု အနည်းနည်း စက်ဆုပ်ဘွယ် ရွံရှာဘွယ် ထင်အောင်,သတ္တဝါ ပုဂ္ဂိုလ် မထင်အောင်,အမဲသားဆိုင် ဝက်သားဆိုင် ရောက်သော အခါ အမဲကောင် ဝက်ကောင်ဟူသော အမှတ်အသိ ပျောက်၍ အသည်း,အဆုတ်,အသား,အကြော,အရိုးစသည်ပင် ဆုံးဖြတ်မှတ် ထင်နိုင်သကဲ့သို့ မိမိ၏ ကိုယ်ကိုလည်း ဤနည်းပင် ဆင်ခြင်တွေးတော ပွါးများရာ၏။

ဤခန္ဓာကိုယ်ကောင်သည် ရတနာ, ရွှေ, ငွေ, စိန်, ကျောက်, ပတ္တမြားကဲ့သို့သော ဓာတ်သား,ဓာတ်သွေးဖြင့် ကြီးပွါးနေရသည် မဟုတ်၊ စားမျိုအပ်သော ထမင်း, မုန့်, ငါး, ငါးပိ,အသား, အဆီစသော အာဟာရတို့ကြောင့် ကြီးပွါး၍နေရ၏၊အလုပ် အလေ့ကို

ပြုလုပ်၍ တစုံတခုသော အာဟာရကို ခံတွင်းသို့ ထည့်လိုက်ပြီး လျှင် အောက်သွားများက ဆုံ၏ကိစ္စကို ဆောင်ရွက်ရ၏၊ အထက် သွားများက ကျည်ပွေ့ကိစ္စကို ဆောင်ရွက်ရ၏၊ အထက်သွား, အောက်သွား, ကျည်ပွေ့ဆုံနှစ်ခုတို့က ထောင်းထု ဖြတ်ပိုင်း၍ ချ လိုက် ဝါးလိုက်သမျှ အာဟာရအပိုင်းအပြတ်တို့ကို လျှာက လက် ၏ ကိစ္စဖြင့် ထိုမှ ဤမှ ပြန်လှန်လိမ်းကျံပေးရ၏။

**တန်စီးတွင်းကဲ့သို့**······ ပါးစောင်နှစ်ဘက်က အချဉ် အငန်တို့ ဖြင့် ထိသောအခါ စမ်းရေကျသကဲ့သို့ တံတွေးရေကျဲ့တို့ထွက်ကျသာ၍ လိမ်းကျံရ၏။ ခွေးစားကျင်း၌ ထည့်ထားသော ခွေးအန်ဖတ်နှင့်တူ၏၊ ဒန်ပူများစသည်တို့မရောက် မဝင်သော သွားကြားတို့၌ သွားချေးဖြစ်၍နေရစ်၏၊ မျိုချလိုက်သော အခါ အစာဆာလောင်၍စောင့်နေကြသောပိုးကောင်တို့သည်ပဌမ တပုံကိုစားသောက်၍ ပစ်ကြကုန်၏၊ ဒုတိယတပုံကိုကား ဝမ်းမီး လောင်၍ကုန်၏၊ တတိယတပုံကား ကျင်ငယ်ဖြစ်ရ၏၊ စတုတ္ထ တပုံကား ကျင်ကြီးဖြစ်၍ အစာသစ်အိမ်မှ အစာဟောင်းအိမ်သို့ ပြောင်းရွေ့ကြရကုန်၏၊ ပဉ္စမတပုံကား အရေ,အသား,အကြော စသည့် ကောဋ္ဌာသတို့၌ ဖြစ်ကြရ၏၊ လည်ချောင်းမှ အစာသစ်အိမ် တွင်းသို့ ဝင်ဆင်းသွားရသော အစာသစ်တို့သည် ရွှေခွက်, ငွေ ခွက်တို့၌ တည်နေကြရသည် မဟုတ်ကုန်၊ စင်စစ်အားဖြင့် အလွန် မှောင်၍ စက်ဆုပ် ရွံရှာဘွယ် ပုပ်နံလှသော တန်စီးတွင်းကဲ့သို့ သော အစာသစ်အိမ်၌ တည်ရ၏။

**တန်စီးတွင်း ဟူသည်မှာ**······ ရှေးခေတ်အခါ၌ ခိုးသားဓားပြ စသော လူမိုက်တို့ကို ခုတ်ပိုင်း သတ်ဖြတ်၍ ထပ်ခါထပ်ခါ တွင်းမဖော်ဘဲ ဆယ်နှစ်,ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်, နှစ်ဆယ့်ငါးနှစ် ကာလတို့ပတ်လုံး ထည့်လျှောင် သိုမှီး၍ထားအပ်သော စဏ္ဍာလရွာအနီးရှိ လူကောင်ထည့်သော တွင်းကြီးပင်တည်း၊ ထိုအခါ အချိန်ကာလမဟုတ်ဘဲ နွေဥတု၌ မိုးသည်းကြီး သည်းထန်စွာရွာချသောကြောင့် အိမ်၏အကြား လမ်း

မြောင်း အရပ်ရပ်ရှိ ညစ်ပတ်အော့အန်ဘွယ်ကောင်းသောအပုပ်နံ့, မစင်, ခွေးအန်ဖတ်,ငါးရိုး,ငရုပ်,ခွံပုပ်ရေ စသည်တို့ မိုးသည်းရေနှင့် ရောနှောစီးလာပြီး ထိုလူကောင်ထည့်သော တန်စီးတွင်းကြီးထဲသို့ တခါတည်း စီးဝင်ကြကုန်၏။

မိုးသည်းလည်း ရပ်စဲ၍ နေထွက်ပူပြင်းလာသောအခါ တန်စီးတွင်း လူကောင်ထည့်သောတွင်း၌ ဈေးကရှိနှင့်ရင်း အပုပ်ရည်, အပုပ်ဖတ်,အညှိပိုးလောက်တို့နှင့် နောက်ထပ်ကျဆင်းသောမိုးသည်းရေနှင့်ပါသော အပုပ်မျိုး, အပုပ်ရည်တို့ ရောစပ်မိလျက် ရေတို့သည် တွင်းပြည့်၍ လာလေ၏၊ နေပူနှင့် တွေ့သောအခါ အမြှုပ်တစီစီ ပွက်ပွက်ထ၍ ညှီမဲပုပ်နံ့စွာ မျက်စိဖြင့်မျှ ကြည့်ခြင်းငှါ မတတ်နိုင်အောင် ရွံရှာစဘွယ်ဖြစ်၏၊ နှာခေါင်းဖြင့် အနံ့ကိုခံခြင်းငှါ အဘယ်မှာ တတ်နိုင်ပါတော့အံ့နည်း။

ဤဥပမာအတူ မိမိတို့၏ ကိုယ်အတွင်း၌ အစာအိမ်ဟူသည်လည်း လူဖြစ်၍ စားသောက်နိုင်သည့်နေ့ကစ၍ ယခုနေ့အထိ မိမိ၏ အသက်အတိုင်းအရှည် နှစ်ပရိစ္ဆေဒအတိုင်း တကြိမ်တခါမျှ ရေမဆေးခဲ့ရသော အမျိုးမျိုးသော အစာအာဟာရ,ငရုပ်,ဆား, ငါး, အမဲ, ငါးပိ, ဟင်းချိုရည် စသည်တို့၏တည်ရာ တန်စီးတွင်းပင်တည်း၊ မိုးသည်းရေနှင့် စီးဆင်း၍ တန်စီးတွင်းသို့ ဝင်သကဲ့သို့ ရေသောက်၍, ဟင်းရည်သောက်၍ စီးဝင်သည်နှင့်တူ၏။

နေပူလာခြင်းကိုမူကား ကမ္မဇတေဇောဓာတ်မီးက ဆီး၍ ချက်သည်နှင့်တူ၏၊ တန်စီးတွင်း၌ ဈေးဈေးရက်တို့က အပုပ်ဖတ် အရိအချွဲများ ကပ်ငြိလိမ်းကျံ၍ နေသကဲ့သို့ရင်း,ပိန်းနဲ့သီး အမှည့်ပုပ်ကိုထက်ခြမ်းခွဲ၍ အအိမ်တွေကိုထုတ်လိုက်သောအခါ ပုပ်ရိချွဲကျံသော အသားတို့ ပိန်းနဲ့သီး အခြမ်းအစိတ် အကာ၌ကပ်၍ ကျန်ရှိနေသကဲ့သို့ ရင်း,တရက်,နှစ်ရက်,သုံးရက်အတွင်းက စားချလိုက်သော အပုပ်ညှိ,အရိ,အချွဲတို့ အစာသစ်အိမ်၏ အတွင်း ကပ်၍ ကျန်နေရစ်ကြကုန်၏၊ ဓာတ်မီးနှင့် တွေ့သောအခါ တစီစီပွက်ဆူ၍ ထကြွပြန်ကုန်

၏၊ ထို့ကြောင့် ယားနာ, ပွေး, ညှင်း, တင်းထိပ်, ချောင်းဆိုးနာ စသည်တို့ကို ဖြစ်စေပြန်၏၊ အစာကောင်းစွာမကြေ၍ ဓာတ်မီးညံ့သောသူတို့၌ ဤရောဂါမျိုးတို့ အကျိုးဆက်၏အဖြစ်ဖြင့် ဖြစ်ကြကုန်၏။

ဤမျှလောက် အထက်၌ ပြခဲ့သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုနှင့် ဤအစာသစ်အိမ်တခု အကြောင်းကို ကောင်းကောင်းဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်၍ အဝိဇ္ဇာအရှင်နှင့် အသင်းဝင် တထောင့်ငါးရာကိလေသာတို့၏ လှည့်ပတ်ဖြားယောင်းကာ ဤခန္ဓာ၌ တပ်မက်စေခြင်းဖြစ်အောင်, သတိမရအောင်, မမြင်အောင်, မထင်အောင်ပြုခြင်းတို့ကို အံ့ဘွယ်ရှိနိုင်ကြောင်း သိသာလိမ့်မည်။ **(အပုပ်ကောင်ကို လှူယောင်ဆောင်၍)** ပြခြင်းကို အံ့သြ၍ လာလိမ့်မည်၊အတွင်း၌ ဉာဏ်ဖြင့် မရှုမိ မျက်မြင်ဖြစ်သော မျက်ချေး, နားချေး, နှပ်,တံတွေး,ချွဲ,သလိပ်,ချေး,ပြည်,ကျင်ကြီး, ကျင်ငယ်တို့ အပြင်သို့နေ့စဉ် အန်ထွက်နေသည်ကို သတိမရ တပ်မက်လှအောင် လှည့်ဆောင်နိုင်ခြင်းသတ္တိကို အံ့သြ၍လာလိမ့်မည်။

ရှေးစဉ်အခါက ဆိတ်, ဝက်, နွားဟူ၍ပင် အမှတ်ရှိသေးသော်လည်း ဆိတ်သားဆိုင်,ဝက်သားဆိုင်, နွားသားဆိုင်တို့၌ အရှ တခြား၊အသည်းတခြား၊အဆုတ်တခြား၊အသားတခြား၊အရိုးတခြား၊ အရေတခြားစုပုံထားသည်ကို တွေ့မြင်သောအခါ ဆိတ်ဟူ၍ရင်း, ဝက်ဟူ၍ရင်း,နွားဟူ၍ရင်း မှတ်ထင်ခြင်းသညာမရှိ၊ပျောက်သွား၍ အသည်း,အဆုတ်,အသား,အရိုး,အရေ,ဟူ၍သာ ထင်မှတ်တော့ သကဲ့သို့ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် သမာဓိရကြလျက် ဤအဝိဇ္ဇာတဏှာတို့၏ လှည့်ပတ်ချက်မှ လွတ်ထွက်တော်မူကြပေကုန်ပြီ၊ငါတို့လည်း ဤလမ်းအတိုင်း မတွေဝေ မထိုင်းမှိုင်းဘဲ အမြဲသတိပြု၍ လိုက်မှတော်မည်ဟု ဆင်ခြင်ပွါးများရာ၏။

ဤကား-အပုပ်ကောင်ကို လှူယောင်ထင်မှတ်-ဟူသော
လက်ာပုဒ်၏ အဓိပ္ပါယ် အကျဉ်းချုပ်တည်း။

## စဉ်မပြတ်လို မြဲမှတ်သညာ

ထို့နောက် (စဉ်မပြတ်လို့ မြဲမှတ်သညာ) ဟူသော ပုဒ်၏ အဓိပ္ပါယ်မှာ လောက၌ရှိရှိသမျှသော ဝတ္ထုပြစ္စည်းသတ္တဝါဟူသမျှ တို့သည် အဘယ့်ကြောင့် ဆွေးမြည့်,ကျိုးပဲ့,ပျက်စီး,သေပျောက် ၍ကုန်ကြသနည်း၊ မူလပကတိသဘောက မမြဲသောဓာတ်သဘာ ဝမျိုးတွေဖြစ်၍ ဆွေးမြည့်, ကျိုးပဲ့, သေပျောက်ကြရကုန်သည်၊ အကယ်၍ မူလပကတိသဘောက မဆွေးမြည့်,မကျိုးပဲ့,မပျက်စီး တတ်သော မြေမျိုး,ရေမျိုး,လေမျိုး,မီးမျိုး, တော, တောင်, သမုဒ္ဒ ရာ,အိမ်,ခြံ,ရွှေ,ငွေ,ကျောက်, ရတနာ, ဓာတ်သဘာဝမျိုး ဖြစ်က နှစ်,ကမ္ဘာ အဘယ်မျှပင်ကြာသော်လည်း မပျက်စီးနိုင်ပြီ။

ထို့ကြောင့် ယခုလောကရှိ သတ္တဝါသင်္ခါရတို့သည် အကျဉ်း ချုပ် ကံ,စိတ်,ဥတု, အာဟာရတို့ကြောင့် ဖြစ်၍ နေကြရကုန်၏၊ အကြောင်းဖြစ်သော ကံ,စိတ်,ဥတု,အာဟာရတို့ကလည်း မမြဲ သောသဘောမှန်၏၊ ၎င်းတို့ကြောင့်ဖြစ်ပေါ်၍နေသော သတ္တဝါ သင်္ခါရဟူသော အကျိုးတရားတွေကလည်း မမြဲနှင့်၏၊ ထိုသို့ အကြောင်း,အကျိုး, နှစ်ဦးပင် မမြဲသဖြင့် ဘောက်ပြန် ပျက်စီးကြ ကုန်၏။

**အစဉ်အဆက်မပြတ်၍**……သတ္တလောကနှင့် တိုင်းပြည် နိုင်ငံ ဘုံ နန်း စသော ဩကာသလော ကတို့သည် မျက်တောင်တခတ် လျှပ်စစ်တပြက် အချိန်လောက် အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေတသိန်းမျှက ပျက်လည်း ပျက်စီး ချုပ်လည်းချုပ်ပျောက်ကြကုန်၏၊ဆပ်၍ ထပ်၍လည်း အ စဉ်မပြတ်အောင် ဆက်ကာဆက်ကာ ဖြစ်ပေါ်ပြန်၏၊ ထိုသို့အစဉ် အဆက်မပြတ် ထပ်ကာထပ်ကာ အသွင်တူ,အဆင်းတူ,အလား တူ,ဓာတ်တူ ဖြစ်ပေါ် ပျက်ချုပ်လေသောကြောင့် တစက္ကန့်,တမိ နစ်,တနာရီ, တနှစ်, တကမ္ဘာ စသည် တည်နေ၏ဟု မှတ်ထင်ကြ ကုန်၏။

**အစဉ်အဆက်ဟူသည်မှာ**……ရှေ့က ရွေ့ရှားပျက်သွားသော်လည်း ဤနေရာ၌ နောက်ထပ် အဆက်မပြတ် ပေါ်ပေါက်ရောက်ရှိနေသည့် အရာကို ဆို၏၊ ဥပမာ–မျက်စိ အလွန်မှုန်ပြာနေသော သူတယောက်သည် ပရွက်ဆိတ်ငယ်ကလေးတို့ အစဉ်အဆက်မပြတ် စီတန်း၍ သွားလာနေသော အတန်းအကြောင်းတခုကို ကြည့်ရှုသောအခါ မဲမဲမှျင်မှျင် ကလေး ကြိုးမဲမဲကလေး ချထားသည့်ပင် ထင်ရ၏၊ ထိုသေးငယ်သော ပရွက်ဆိတ်ငယ်ကလေးတို့ တရွေ့ရွေ့သွားလာနေကြကုန်၍ တကောင်၏နေရာသို့ တကောင်ရောက်ကာ အဆက်မပြတ်ဖြစ်နေသည်ကို မမြင်နိုင်။

**ဥပမာ**……ထို့အတူ မြစ်ရေစီးနေသည်ကို အဝေးမှ ကြည့်သော အခါ ရေပြင်ဆက်၍ ငြိမ်နေသကဲ့သို့ ထင်ရ၏၊ ထို့နောက် ဓာတ်လေရဟတ် ပန်ကာကို ကြည့်သောအခါ မြန်လွန်းလှ၍ တစပ်တည်း တပိန်းတည်းထင်ရ၏၊ အရိပ်ပြ ရုပ်ရှင်စက်ကိုကြည့်သောအခါရင်း,မီးစကိုကိုင်လျက် ညဥ့်အခါကွင်းဖြစ်အောင် လျှင်မြန်စွာယမ်းနေသည်ကို ကြည့်ရှုသောအခါရင်း အစဉ်ဆက်၍နေသဖြင့် ရွေ့ရှား သွားလာနေသည်ကို မမြင်နိုင်၊ ဤသို့ အစဉ်အဆက်မြန်လွန်း၍ မမြင်နိုင်သည့်အပြင် အလွန်နူးညံ့သိမ်မွေ့ သေးငယ်သော ပမာဏများဖြစ်၍ မျက်စိဖြင့်မမြင်နိုင်အောင် မူလ ပကတိ ဓာတ်သဘာဝသဘောတို့၏ ရှိနေခြင်းကြောင့်လည်း ဖြစ်ပေါ်ပျက်ချုပ်နေသည်ကို မမြင်နိုင်။

မိမိ၏ခန္ဓာကိုယ်၌ မွေးညှင်းတချောင်း၌ပင် မြေ, ရေ, လေ, မီး,အဆင်း,အနံ့,အရသာ,အဆီ ဟူသော ဓာတ်သဘောကလေးများ ပေါင်း၍ ဤရွေ့–ဤမျှဟု ရေတွက်ခြင်းငှါ မတတ်နိုင်အောင် များပြားစွာ စုပေါင်းလျက်ရှိနေ၏၊ မျက်စိ၌ တပိန်းတည်း,တချောင်းတည်း, တမွေးတည်း မြင်ရသော်လည်း အမှုန့်ကလာပ်ပေါင်းတို့ကား တခုစီ တခုစီ မရောမရှက်ဘဲ ရှိနေကုန်၏၊ သဲသောင်ပြင်ကို

အဝေးမှမြင်ရသူနှင့် သဘောသွားတူပုံမှာ ကမ္မဋ္ဌာန်းဝိပဿနာကို မရှုမသိဘူးသူနှင့်တူ၏၊ သဲသောင်သည် အဝေးမှမြင်သောအခါ တပြင်တည်း ထင်မှတ်ရသော်လည်း သောင်ပေါ် သို့တက်ရောက်နင်းကြည့်ကြသောအခါ တမှုန့်စီ မရောမရှက်ဘဲ ရှိနေကြကြောင်း တွေ့မြင်ရ၏။

ထို့အတူ ရှေးအခါ အန္ဓပုထုဇန်ဖြစ်နေခိုက် မွေးညှင်း,ဆံပင်, အသား,အရေ စသည်ကောဋ္ဌာသတို့သည်တပိန်းတည်း,တပေါင်းတည်း ထင်နေရသော်လည်း ဥဒယဗ္ဗယဉာဏ်, အထက်အထက်ဝိပဿနာဉာဏ်သို့ ရောက်သောအခါ၌ရင်း, အရိယာ၏အဖြစ်သို့ရောက်သော အခါ၌ရင်း တခုတခုသော ကလာပ်ကလေးတို့၏ အကြား အကြား၌ အကာသဓာတ် အပိုင်းအခြား ခြားလျက်ရှိကြောင်းကို သိမြင်ရ၏။

**အနုမာနဉာဏ်ဖြင့်**……ယခု အခါကား အနုမာနဉာဏ်ဖြင့်သာ မှန်းဆ၍ ပွါးများရာ၏၊ မြေကြီးသွေ့သွေ့ကို ရေဖြင့်ပက်လိုက်သောအခါ ခန်း၍ ခြောက်၍ သွားသည်ကိုသာ မြင်၏၊အကြားအကြား အပေါက်ကလေးတွေထဲသို့ ရေဝင်၍သွားသည်ကို မမြင်၊မြေကြီးသည် တပိန်းတည်း ထင်နေ၏၊စက္ကူကိုကြည့်သောအခါ အပေါက်,အပေါက် အကြားကလေးတွေကို မမြင်၊တပိန်းတည်းထင်နေရ၏၊ ခဲတန်ဖြင့် ရေးလိုက် ခြစ်လိုက်သောအခါ ခဲတန်အဖျားမှ ခဲမှုန့်ကလေးတွေကြွေ၍ တခုစီတခုစီ စက္ကူ၏ အပေါက် အပေါက်ကြားထဲသို့ ဝင်သွားသည်ကို မမြင်နိုင်၊ရေးခြစ်သောစာလုံးစသည် ထင်နေသည်ကိုသာ မြင်၏။

ရေအိုး၌ ရေစိမ့် ယိုထွက်နေသောအခါ အပြင်သို့ ရောက်လာပြီးသော ရေကိုသာ မြင်၏၊ ရေအိုးသဲမှုန့် အကြား,အကြားမှ အပေါက်ငယ် အပေါက်ကလေးတွေကို မမြင်၊ သွပ်အမိုးမှ နှင်းပေါက်များ ကျ၍လာသည်ကိုသာ မြင်၏၊ သွပ်သား၏ အကြားအကြား၌ရှိသော အာကာသကလေးတွေကို ပကတိမျက်စိဖြင့်

မမြင်နိုင်၊ ဤသို့ သိမ်မွေ့နူးညံ့အားကြီးသောကြောင့်၎င်း, အစဉ် အဆက် အဖြစ်အပျက် မြန်လွန်းအားကြီး၍၎င်း ပျက်စီး ချုပ် ပျောက်နေသော အနိစ္စကလေးတွေကို မထင်နိုင်, မမြင်နိုင်။

ထို့ကြောင့် **"စဉ်မပြတ်လို့ မြဲမှတ် သညာ"** ဟူသော လင်္ကာအရ သညာဝိပလ္လာသဖြင့် ဘောက်ပြန် မှားယွင်း မှတ်သား မှုကို ပြဆိုလိုက်၏။

**ပမာဒတရား အားကြီးနေသေး၍**..... ထို့ကြောင့် သဘော တူရာ သဘောတူရာ ခေတ်,ဥတု,အစာ,အာဟာရ,အစဉ်အဆက် ပြောင်းလဲတိုင်း ပျက် တိုင်း ချုပ်တိုင်း ဖြစ်ပေါ်တိုင်း သတိထား၍,ထား၍ အနိစ္စတရား ထင်မြင်လာအောင် ပွါးများရာ၏၊ သို့ရာတွင် ရှေးဦးစွာ တသက် တဘဝ၌ တခါသေရမည်ကို မျက်မြင်ထင်လာအောင် မိမိကိုယ် ကို အယူခံမရှိ,သေစေဟု ကြိုးပေးပြီးသော တရားခံနှင့် ထပ်တူ ထင်လာအောင် တွေးတောပွါးများရာ၏၊ အမှုသွားချင်းကား တူ၏၊ စိတ်နေချင်းမတူ၊ကြိုးပေးပြီးသော ဝရမ်းပြေး တရားခံနှင့် မိမိကား သေရမည့်အကြောင်းကို အောက်မေ့ပုံချင်း, သတိရပုံ ချင်း မတူချေ၊ အဘယ့်ကြောင့်နည်း၊ ပမာဒတရား အားကြီးနေ သေးသောအခါ ဖြစ်သောကြောင့်တည်း။

**ဝရမ်းပြေးသို့**......အကြောင်းမူကား ဤမည်သော တရားခံ တဦးသည် လူသတ်မှု, ခိုးပြမှုအားကြီး၍, အမှုထင်ရှား၍ အစိုးရများက ဤသူကိုတွေ့မြင်ရာအရပ်၌ တွေ့ မြင်သော အချိန်အခါတွင် သတ်စေဟု အချိန်မရွေး, နေရာမရွေး သေဘေးရောက်ရန် အမိန့်ထုတ်ပြန်ကြော်ငြာလိုက်၏၊ ထိုတရား ခံသည် ထိုအကြောင်းကိုကြားသိ၍ ထွက်ပြေးတိမ်းရှောင်နေသော အခါ ၎င်း၏စိတ်ထဲ၌ ငါ့အား အယူခံမရှိ သေစေရန် ကြိုးပေးပြီး လေပြီ၊ငါ့အား မမိခင်,မတွေ့ခင်မျှ ယခုငါနေရ၏၊ ယခုမိ,ယခု ငါ သေရအံ့၊ ညနေမိလျှင် ညနေ၌ငါသေရအံ့၊ နံနက်မိလျှင် နံနက်၌

ငါသေရအံ့၊ နောက်တရက်,နှစ်ရက်,တလ,နှစ်လ,တနှစ်,နှစ်နှစ်၌ မိ က တရက်,နှစ်ရက်,တလ,နှစ်လ,တနှစ်, နှစ်နှစ်အတွင်း၌ သေရအံ့ ဟု သွားခြင်း, စားခြင်း, နေခြင်း, ထိုင်ခြင်း, လျောင်းအိပ်ခြင်းတို့၌ ရင်း, စားရင်း, သောက်ရင်း, နေရင်း, ရပ်ရင်း, ထိုင်ရင်းတို့၌ရင်း သေရမည့်ဘေးကို မမေ့နိုင်ဘဲ အမြဲမပြတ် တွေးတောမိ၍ နေ၏။

ယခုရှိသမျှ လူအပေါင်းတို့၌လည်း နောက်နောက်သော ဘဝ က သူ၏အသက်ကို မသတ်ခဲ့ဘူးသူမရှိ၊ထိုကံဟောင်းများအတွက် အပရာပရိယကံတို့ဖြင့် အမှန် ယခုဘဝ၌ မြေကို လက်ဖြင့်ပုတ်၍ မလွဲသကဲ့သို့ သေပွဲဝင်ရောက်ရမည်၊ မသေရပဟူ၍ အာယူခံ မဝင် နိုင်၊ရှုံးပြီး,အမိန့်ချပြီးပင်တည်း၊ဘယ်နာရီ, ဘယ်ရက်, ဘယ်နေ့, ဘယ်လ, ဘယ်နှစ်ဟူ၍ကား ပိုင်းခြား၍မပြ၊ ဘယ်နေရာ, ဘယ် ရွာ,ဘယ်မြို့,ဘယ်တော,ဘယ်တောင်,ဘယ်အိမ်,ဘယ်ကျောင်း, ဘယ်တိုင်းပြည် ဘယ်အိပ်ရာနေရာ၌ သေရမည်ဟူ၍လည်း ပိုင်း ခြား၍မပြ။

**ထင်ပုံချင်းမတူ**······အထက် ဝရမ်းပြေး၏ အတူပင် ယနေ့ ကံကုန်လျှင် ယနေ့ သေရမည်၊ နက်ဖြန် ကံကုန်လျှင် နက်ဖြန်သေရမည်၊ နောက်လ နောက်နှစ်မှ ကံကုန် လျှင်လည်း နောက်လ, နောက်နှစ်မှ သေရမည်၊ အိပ်ရာထဲ၌ ကံကုန်လျှင် အိပ်ရင်းပင် သေရမည်၊ ခရီးသွားဆဲ, စားဆဲ, လုပ်ကိုင်ဆဲ စသည်တို့၌ကံကုန်လျှင် ကံကုန်ရာအရပ်၌ သေရမည် ဟု အမှုသွားချင်းကားတူ၏၊မရဏသတိ, ထင်ပုံချင်းကား မတူ သေးပေ။

**သတိထား**······ထို့ကြောင့် ဤဘဝ ဤလောကသည် သေဒဏ် သေပြစ် တန်းလန်းကြီးနှင့်နေရ၍ စိတ်မချရ သေးတကားဟု များများကြီး ထင်မြင်သာအောင် တသက်တခါ တဘဝတခါသေမှုကစ၍ စီးဖြန်း ခြိမ်း ခြောက်ဝေးရမည်၊ဤကဲ့သို့ တသက်,တဘဝ,တခါ သေရမည်လောက်ကိုမျှ သတိမရသေးက

အဖြစ်အပျက် လျင်မြန်သိမ်မွေ့စွာ ဖြစ်ပျက်နေသော အနိစ္စကို သာ၍ ထင်ရန်ခက်၏၊ ထို့ကြောင့် တနေ့တနေ့၌ အကြိမ်ပေါင်း များစွာ သေရမည့်ဘေးကို ထင်မြင်အောင်ကြည့်၊ နွားသတ်ရုံသို့ ဆွဲသွားသောနွားသည် နွားသတ်ရုံသို့မရောက်မီသော ငါ၏အသက် သည် ရှင်ရတော့မည် ထင်သကဲ့သို့ ငါသည်လည်း ကံမကုန်ခင်မှု တည်နေရ၏၊ တော်တော်ကြာ ကံကုန်မလား၊ ယနေ့ကုန်မလား၊ နက်ဖြန်ကုန်မလား စသည်ဖြင့် တွေးတော၍ သတိထားလေ။

**နေ့မြင်ညပျောက်**……ထိုဆိုခဲ့ပြီးသည့်အတိုင်း နေ့မြင်, ညပျောက်, ခေတ်ဆိုးကြီး အလျောက် ရောဂါဆိုးဘေးမျိုးတွေ၊သူပုန်,ဓားပြ,သူခိုး,လူဆိုး စသည့်ဘေးမျိုး တွေ၊လေကြမ်းဘေး, ရေကြမ်းဘေး,ငလျင်ဘေးမျိုးတွေ၊အဆိပ် ရှိသောမြွေမျိုး, ကင်းမျိုး စသည့်ဘေးမျိုးတွေ၊ ကိုးဆယ့်ခြောက် ပါး ရောဂါမျိုး ဘေးဆိုးတွေ၏ စပ်ကြား,ဆူး, ငြောင့်, ခလုတ်, ဘီလူး, ပြိတ္တာစသော ဘေးမျိုးတွေ၏ အကြားကြဲ၌ တည်နေ ရသော ဤခန္ဓာကိုယ်ကောင်ကို အထင်ကြီးမနေအောင်, မာနကြီး မနေအောင် မရဏာသတိဖြင့် နှိပ်ကွပ်၍ ဝရမ်းပြေး နွားသတ်ရုံ သို့ သွားသောနွား, မီးရထားဘူတာရုံသို့ မဆိုက်မီ မီးရထားစီးရ သူတို့သည် တရွေ့ရွေ့ အစိုးရ၏လက်တွင်း, နွားသတ်ရုံ,မီးရထား ဘူတာဘက်သို့သာ နီးကာနီးကာ သွားရသကဲ့သို့ ငါသည်လည်း အမိ၏ဝမ်းမှ ဖွားထွက်လာသည်ကစ၍ ယနေ့ထိ သေချိန်,သေ နေ့,သေလ, သေနှစ်ဘက်သို့သာ နီး၍လာရ၏၊ နောက်သို့ ပြန်၍ ပျိုရငယ်ရသည်မရှိ၊ ဇရာတရား မောင်းနှင်၍ ပို့နေပါတကားဟု ထင်မြင်လာအောင် စီးဖြန်း၊ထင်မြင်လာအောကြီးပြီးသည့် နောက်မှ ထိုတသက်တခါ သေရသည်ထက် အနှုစိတ်၍ အနိစ္စ ထင်အောင် စီးဖြန်းရာ၏။

အထက်၌ ရေပြခဲ့သည့် အတိုင်း အလွန်နူးညံ့ သိမ်မွေ့ သေး ငယ်သောရုပ်ကလာပ်ကလေးတွေ ငါ၏ကိုယ်တကိုယ်လုံး၌ပေါင်း

စပ်၍နေပါတကား၊ ဤမျှလောက် မမြင်နိုင်အောင် ပန်း၏အနံ့အပုပ်နံ့ထဲတွင်ပါလာသော ကလာပ်တွေမျှမက သေးငယ် သိမ်မွေ့လှသဖြင့် မျက်တောင်တခါခတ်, လျှပ်တခါပြက်, အချိန်လောက်တွင် ပင်လျှင် ကုဋေတသိန်းမက ပြောင်းလဲပျက်စီး ဖြစ်ပေါ်နေကြရပေ၏။

ယခု ငါ၏မျက်စိဖြင့် မမြင်နိုင်သော်လည်း အနံ့ကိုကား နှာခေါင်းဖြင့် တွေ့သိရ၏၊ ကိုယ်ကိုထိခိုက်သည့်ကိုမူကား ပရိသတ်အများ ရထိုင်နေရာ၌ အိုက်ပူလာသည်ကို ကိုယ်က တွေ့သိရ၏၊ဟင်းလင်း အပြင်၌ တုတ်, ဝါးခြမ်းစိတ်တို့ဖြင့် လွှဲခတ် ရိုက်ပုတ်လိုက်သောအခါ အသံပေါ်လာ၏၊အမောင်မတွေ့က အသံမပေါ်နိုင်ရာ၊ ဤသို့ ယခုအခါ မမြင်နိုင်သော အမှုန့်ကလာပ်တို့ကို နေရောင်နှင့် ပြူတင်းပေါက်နှင့်တွေ့သောအခါ မြင်နိုင်ပြန်၏။

ယခုအခါ တကိုယ်လုံး, တစကြဝဠာလုံး,သုံးဆယ့် တဘုံလုံး တဟုန်းဟုန်း အနိစ္စမီး,မရဏမီး,တောက်လောင် ပျက်စီး၍ နေပါသော်လည်း မျက်စိကမမြင်၍ မယုံကြည်နိုင်၊ ဉာဏ်ကြီးလာပါမူကား ပွတ်စင်က သောက်ပြားနှင့်ထိ၍ ပွတ်မှုန့်စာတွေ ပျက်ကျနေသကဲ့သို့ရှိရင်း,မြေမှ တာကျူး,ကဆုန်လ၌ အခိုး တံလျှပ်တွေ ထွက်နေသကဲ့သို့ရှိရင်း,မီးဖုတ်၍ထားသော သံခဲကြီးရဲရဲညီးမှ တုန်တုန်လှုပ်လှုပ် အလျှံတွေ ထွက်နေသကဲ့သို့ရှိရင်း, ထို့နောက် သုံးမျိုး သုံးစား တနေ့တနေ့တွင် အဆင်ပြောင်းလဲ နေသော သုံးပန်လှ ပန်းပွင့်ကို စိုက်၍ ကြည့်နေရာ အလွန်မြန်လွန်း, နူးညံ့လွန်း၍ ပျက်ချုပ်ပြောင်းလဲဖြစ်ပေါ်နေသည်ကို မမြင်သော်လည်း နံနက်, မွန်းတည့်,ညနေ, ခပ်ကွာကွာ အချိန်ခြား၍, ခြား၍ ကြည့်နိုင်ပါက အသစ်အသစ်သော အဆင်အရောင်ပြောင်းလဲသည်ကို ဉာဏ်ဖြင့် သိနိုင်ပါ၏။

ထို့အတူ ငါ၏ကိုယ်နှင့်တကွ သတ္တဝါဟူဟူသမျှတို့၏ ကိုယ် သဏ္ဌာန်ရုပ်၌အပူမီး, အဖေမီး, ကိုယ်ငွေ့မီး, ဇရာမီး, မရဏမီး,

တို့ လောင်ကျွမ်းပျက်စီးလျက် ထပ်မံ ဖြစ်ပေါ်နေကြသည်ကို မမြင်နိုင်သော်လည်း ငယ်ငယ် မွေးဖွားစအရွယ်ကစ၍ ရက်,လ, နှစ်,ခြားကာ ခြားကာ ယခု ကမ္ဘဋ္ဌာန်းပွါးများသော အရွယ်သို့ တိုင် ဉာဏ်ဖြင့်ကြည့်က အစဥ်အဆက် မပြတ်၍သာ ဤကိုယ်,ဤ ခန္ဓာ,ဟု ထင်နေရ၏၊ ရုပ်ရေအဆင်း,အလွန်ကွာခြားလာကြောင်း ပြောင်းလဲလာကြောင်း သိနိုင်ရာ၏။

အလွန်မာကြမ်းသော သစ်သားဖြင့်ပြုလုပ်ထားသည့် ခုံဘိနပ်, လက်ဆုံ, ကျည်ပွေ့တို့ကို နူးညံ့သောလက်နှင့် ကိုင်ပါများက ပွန်းပိန်သွားပါသေးလျက် ငါတို့၏ လက်,ခြေဘဝါးတို့ ယခုကဲ့သို့ တည်နေနိုင်ခြင်းသည် နောက်ထပ်၍ ကံ,စိတ်,ဥတု,အာဟာရတို့ ကြောင့် ဖြစ်ပေါ်လာသောကြောင့်သာ ဖြစ်ရာ၏ဟု သဘောကျ အောင် အကြိမ်ကြိမ် ဥပမာအမျိုးမျိုးဖြင့် ကိုယ်ခန္ဓာအစိုင်အခဲကြီး ကို မှုံလုံးရွံ့လုံး၏ အတွင်း ချုံမှုန့်, ဖုံမှုန့်တွေ စပ်နေကြောင်း ထင် လာသကဲ့သို့ရင်း,ရုပ်ရှင်စက်,လေရဟတ်,မီးကွင်းယမ်းထားသကဲ့ သို့ရင်း၊ မှုန့်မှုန့်ညက်ညက် ဉာဏ်၌ထင်အောင် အနိစ္စ,ခယ,ဥဒယ, အဖြစ် အပျက်မြန်ကြောင်း ထင်အောင် စီးဖြန်းရမည်။

**အစဥ်မတူပုံကြည့်**……ထို့နောက်မှ စားတိုင်း, သောက်တိုင်း, ထတိုင်း, ထိုင်တိုင်း, သွားလာတိုင်း, အိပ်တိုင်း, လှုပ်ရှားတိုင်း,မူလရုပ် ပျောက်ချုပ်ပျက်စီး၍ အသစ် အသစ်ဖြစ်ပေါ်ပုံကို ဉာဏ်တွေ့စီးဖြန်း၊ ညောင်းသောအခါ,ညောင်း သောနေရာကိုအာရုံပြု၍ ညောင်းရုပ်အစဥ်-ခတ်တူကလေးတွေ, ကလာပ်ကလေးတွေ ဖြစ်ပေါ်နေသည်ကိုကြည့်၊ ထို့နောက် ဆန့် လိုက်သောခဏ ဤအချိန်အတွင်းကလေးမှာ ချက်ခြင်းအညောင်း ပြေ၍ ပျောက်၍သွားပုံကိုကြည့်၊ ညောင်းရုပ်ပေါ်စနှင့် ညောင်းရုပ် ချုပ်ပြီး ဖြစ်, ပျက်၊ ဥဒယ, ဝယ, ကိုတွေ့၏၊ ညောင်းရုပ်သည် အညောင်းပြေရုပ်မဟုတ်၊အညောင်းပြေသောရုပ်သည် ညောင်းရုပ်

မဟုတ်၊ ညှောင်းသောရုပ်က တခြား၊ အညှောင်းပြေသောရုပ်က တခြား၊ ညှောင်းရုပ်ကဲ့ မြဲသောသဘောရှိလျှင် ဤနေရာတွင် အညှောင်းပြေသောရုပ် မလာနိုင်ရာ၊ အညှောင်းပြေသောရုပ်က မြဲသောသဘောရှိလျှင် ညှောင်းသောရုပ် ဤနေရာတွင် အစားမဝင်နိုင်ရာဟုတွေး၊ ဤကား တခုနှင့်တခု အစဉ်မတူမှ ဉာဏ်၌ထင်တတ်၍ နှိုင်းစာပြရသည်။

**အနိစ္စဒဏ်ချက်မပေါ်တတ်**......အစဉ်တူကို ကြည့်နေလျှင် မျက်စိကလည်း မမြင်၊ ကိုယ်ကလည်းမတွေ့၍ အနိစ္စဒဏ်ချက်မပေါ်တတ်၊ ဤယခုနည်းစီးဖြန်းပုံကိုပြလိုက်က ရေငတ်စနှင့် ရေငတ်ပြေ၊ ထမင်းဆာစနှင့် ထမင်းဆာပြေ၊ အိုက်စနှင့် ယပ်ခပ်၍, ရေချိုး၍, အအိုက်ပြေ၊ ဖိ၍လက်ထောက်, ဖိ၍ ထိုင်, ဖိ၍ အိပ်, ကွေးလိုက်, လှိမ့်လိုက်က အကျင်ပျောက်၊ ကျင်စနှင့် အကျင်ပျောက်၊ ဆေးလိပ်မသောက်မီ ခံတွင်းချဉ်စနှင့် ခံတွင်းချဉ်ပြေ၊ ကွမ်းစားမှု၌ ထို့အတူ၊ ချမ်းစနှင့် စောင်ခြုံ၍ အချမ်းပြေ၊ ယားစနှင့် ကုပ်လိုက်က အယားပြေ၊ နေပူမှလာရာ ပူသောအစဉ်ချပ်နှင့် အရိပ်ဝင်စကလေးတွင် အပူပြေ၊ ကျင်ကြီး, ကျင်ငယ် စွန့်ချင်စနှင့် စွန့်လိုက်ပြီးစ စွန့်ချင်ပြေ စသည်တို့ကို အမှတ်စွဲနှင့် တွေ့တိုင်း, တွေ့တိုင်း, ခဏခြင်း, ခဏခြင်း, ပြောင်းလဲသွားပုံကို အထက်၌ ရေးခဲ့သည့်အတိုင်း ပြေရုပ်, မပြေရုပ်, ပြေသောဝေဒနာနှင့် မပြေသော ဝေဒနာတို့ကို သတိထားကာထားကာ တွေးတော ဆင်ခြင်က ခဏကလေးမျှပင် အားလပ်နေသည်မရှိကြောင်း၊ ပြောင်းလဲ ပျက်စီးနေကြောင်း၊ ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ထပ်မံဖြစ်ပေါ်နေ၍သာ ဤလက်, ဤ ခြေ, ဤကိုယ်, ဤမျက်နှာပင် ထင်နေရကြောင်းကို ဉာဏ်၌ထင်လာလိမ့်မည်။

ထို့နောက် အနီးအနားရှိသူ, ထို့နောက် သုံးဆယ့်တဘုံလုံးရှိသူ, ထို့နောက် အလုံးစုံ ရေ, မြေ, တော, တောင်, သမုဒ္ဒရာ, ဘုံနန်း

စသည်တို့သည် ဤနည်းတူပင် မရပ်မနား ပျက်စီး၍ နေကြပါတကားဟုအကြိမ်ကြိမ်ပွါးများလေ။

တနည်းတခုကို ပြလိုက်က ကျွတ်ထိုက်သော ဝေနေယျတို့ကား ထိုနည်းကို ယူ၍ ချဲ့ထွင်နိုင်ကြကုန်၏။

ဤကား—စဉ်မပြတ်လို့မြဲမှတ်သညာ ဟူသော လင်္ကာပုဒ်၏ အဓိပ္ပါယ်အကျဉ်းချုပ်တည်း။

---

## တောင့်တပါလည်း လိုရာမဖြစ်

ဤမျှလောက် နူးညံ့သိမ်မွေ့လွန်းစွာ မျက်တောင်တခတ်, လျှပ်တပြက်အချိန်အတွင်း၌ ကုဋေပေါင်း အကြိမ်များစွာ ပြောင်းလဲဖြစ်ချုပ်နေကြသည့် ရုပ်နာမ်နှစ်ပါးတို့၏ အနိစ္စအချက်, ဒုက္ခအချက်တို့ကို သာမညဖြစ်သော သာသနာပ ဈာန်အဘိညာဏ်ရရသေ့, နတ်, ဗြဟ္မာ, လူပညာရှိတို့ မသိမမြင်နိုင်ကြကုန်၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အရိယာသာဝက, ပုထုဇန် ကလျာဏ, အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့သည် ပါရမီအားလျော်စွာ သိနိုင်ကြကုန်၏။

**အလိုလိုက်သောအတ္တဟု**……ထိုသို့အနိစ္စအချက်,ဒုက္ခအချက်တို့ကို မသိနိုင်သောကြောင့်၎င်း, ကံနှင့်ကံ၏အကျိုးကို မသိမြင်နိုင်သောကြောင့်၎င်း ခိုင်မြဲသောအတ္တ,အလိုသို့လိုက်သောအတ္တ, ပြုပြင်စီရင်တတ်သောအတ္တ ရှိ၏ဟု ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို အတ္တဟု စွဲယူပြောဆိုကြကုန်၏၊ အချို့ကား သင်တို့၏ မိမိအလိုနှင့်စပ်၍ ဖြစ်နိုင်သောအတ္တ, ခံစားတတ်သော, ပြုတတ်သောအတ္တဟူသည် အဘယ်မှာနည်း, အဘယ်အရာနည်းဟု မေးက ကြိဆ၍ ရုပ်ကို အတ္တဟု စွဲကပ်ကြ၏၊ အချို့ကား သင်္ခါရက္ခန္ဓာတို့ကို အတ္တဟု စွဲကပ်ကြ၏၊ အချို့ကား စိတ်ဝိညာဏ်ကို အတ္တဟုစွဲကပ်ကြ၏။

**အနတ္တ**…ထိုသို့ ထိုသူတို့စွဲယူကြသည့်အတိုင်း မဟုတ်ကြောင်းကို အထက်၌ပြခဲ့သော အနိစ္စ,ဒုက္ခကို ကြပ်ကြပ်ထင်က ပယ်နိုင်၏၊ထိုအခါ မိစ္ဆာဒိဋ္ဌိတို့ကြံဆသော အတ္တမျိုးမဟုတ်၊ ဤခန္ဓာသည် အနတ္တဟု ယုံကြည်နိုင်၏၊ ပါဠိဘာသာအားဖြင့် (အတ္တ)ဟုခေါ်သော ထိုမိစ္ဆာဒိဋ္ဌိတို့ ကြံဆသော အတ္တမျိုး မဟုတ်သည်ကို ပါဠိဘာသာအားဖြင့်(အနတ္တ)ဟုဆို၏၊လောက၌ ပြောဆိုခေါ်ဝေါ်သုံးစွဲကာမျှဖြစ်သော အတ္တကိုကား မပယ်၊သမ္မုတိသစ္စာ အတ္တအနေဖြင့် မြတ်စွာဘုရားပင် သုံးစွဲပြောဆိုတော်မူ၏။

**အနိစ္စကိုပြခြင်းသည်**……အထက်၌ ပြခဲ့သော ပြုလုပ်တတ်သောအလိုသို့ လိုက်ပါတတ်သော အတ္တသဘောမျိုးရှိသည်ဟု ယူဆသည်ကို ပယ်တော်မူ၏၊ထို့ကြောင့် အနိစ္စကို ပြတော်မူခြင်းသည် ဒုက္ခကို မြင်နိုင်ရန်တည်း၊မမြဲသောကြောင့်သာ ဆင်းရဲ၏ဟူလို၊ ဟနေ့တနာရီအတွင်း၌ပင် မမြဲမှုပေါင်း မရေမတွက်နိုင်ကြောင်းကို အထက်၌ ပြခဲ့ပြီ။

**အနိစ္စ,ဒုက္ခဖြင့်အနတ္တကို**…… ထိုမမြဲမှုတိုင်း၌ ဉာဏ်အားဖြင့် ဆင်းရဲမှု ထင်စေရမည်၊ တခါစားထား၍ မြဲလျှင် နောက်ထပ် စားဘွယ်မရှိ စသည်ဖြင့် ချဲ့ထွင်၍ ပွါးများလေ၊ ထို့ကြောင့် မမြဲ၍ ဆင်းရဲ၏၊ မမြဲ, ဆင်းရဲသော သဘော သဘာဝဓမ္မမျိုးဖြစ်၍ အစိုးမရ, အလိုမလိုက်သော အနတ္တဟု အနိစ္စ, ဒုက္ခ နှစ်ပါးဖြင့် အနတ္တကို ဟောတော်မူ၏။

**အကြောင်းများကြောင့်သာ ဖြစ်ရခြင်း** …… ထို့နောက် အတ္တကပြုပြင်၍ သတ္တဝါတို့ဖြစ်နေကြရသည်မဟုတ်၊ သစ္စာအမှန်တရားကို မသိတတ်သော ၁–မောဟ=အဝိဇ္ဇာက ဖုံးအုပ်၍ပေးသဖြင့် ၂-တဏှာက တပ်မက်၏၊ တဏှာ, ဥပါဒါန်တို့ဖြင့် စွဲလမ်း၍ပြုသော ၃-ကံက သတ္တဝါတို့ကို ထိုထိုဘဝ, ယောနိ,ဂတိတို့သို့ ပို့

သောင်၏၊ ရောက်ရာဘုံဘဝ, ယောနိ,ဂတိတို့၌ ၄-အာဟာရက နှိ ထိန်းကဲ့သို့ ရှည်မြင့်စွာ တည်နိုင်ရန် ထောက်ပံ့၏၊ ၅-ထို့နောက် အလိုလို ဥပါဒ်အားဖြင့် ဖြစ်ပေါ်၍ ဋ္ဌီအခိုက်အတန့်အားဖြင့် ချုပ် ပျောက်ရ၏၊ အတ္တပြုပြင်သည်, ပြုတတ်သည်, ခံစားတတ်သည် မဟုတ်၊ ထို့ကြောင့် အောက်ပါဇယား အတိုင်း အကြောင်းတရား တို့ကြောင့် အကျိုးတရားတွေ ပေါ်ပေါက်နေရ၏။ အကြောင်း တရားတို့ကို အပြီးဖြတ်နိုင်သော မဂ်စိတ်ပေါ်လာက အကြောင်း တရားချုပ်ရာ၏၊ ထိုအခါ အကျိုးဖြစ်သော ရုပ်,နာမ်,နှစ်ပါး ဒုက္ခ တရားတို့သာ ချုပ်ရာ၏ဟု ပွါးများကြပါလေ။

| ခန္ဓာ၏ အမည် | |
|---|---|
| (၁) ရူပက္ခန္ဓာ | ရုပ်အစု |
| (၂) ဝေဒနာက္ခန္ဓာ | ဝေဒနာအစု |
| (၃) သညာက္ခန္ဓာ | သညာအစု |
| (၄) သင်္ခါရက္ခန္ဓာ | သင်္ခါရအစု |
| (၅) ဝိညာဏက္ခန္ဓာ | ဝိညာဏ်အစု |

ဖြစ်ပေါ်စေရန်, သံသရာရှည်စေရန်, စီမံသော တရားတို့၏ အမည်

| | | | | |
|---|---|---|---|---|
| ၁ အဝိဇ္ဇာ | ၂ တဏှာ | ၃ ကံ | ၄ အာဟာရ | ၅ ဥပါဒါန် |
| ၁ အဝိဇ္ဇာ | ၂ တဏှာ | ၃ ကံ | ၄ ဖဿ | ၅ ဥပါဒါန် |
| ၁ အဝိဇ္ဇာ | ၂ တဏှာ | ၃ ကံ | ၄ ဖဿ | ၅ ဥပါဒါန် |
| ၁ အဝိဇ္ဇာ | ၂ တဏှာ | ၃ ကံ | ၄ ဖဿ | ၅ ဥပါဒါန် |
| ၁ အဝိဇ္ဇာ | ၂ တဏှာ | ၃ ကံ | ၄ နာမ်ရုပ် | ၅ ဥပါဒါန် |

ဤသို့ ခန္ဓာတပါးပါးလျှင် ဖြစ်ကြောင်းငါးပါးစီအားဖြင့် ခန္ဓာ ငါးပါးတို့၌**ဖြစ်ခြင်း၏အကြောင်း၂၅–ပါး**ဖြစ်၏။

ထို့အတူ အဝိဇ္ဇာချုပ်က ရုပ်ချုပ်၊တဏှာ, ဥပါဒါန်,ကံ, အာ ဟာရတို့ ချုပ်ကလည်း ရုပ်ချုပ်၊အဝိဇ္ဇာ,တဏှာ,ကံ,ဖဿ, ဥပါ ဒါန်တို့ချုပ်ကလည်း ဝေဒနာ,သညာ,သင်္ခါရတို့ချုပ်၏၊ အဝိဇ္ဇာ, တဏှာ,ကံ,နာမ်,ရုပ်, ဥပါဒါန်တို့ ချုပ်ကလည်း ဝိညာဉ်ချုပ်၏ဟု **ချုပ်ခြင်းအကြောင်း၂၅–ပါး**ကိုလည်း ဆင်ခြင်ရာ၏။

**မဖြစ်ချင်ဘဲဖြစ်ရပုံ**……ဤ၌ ဥပါဒါန်နှင့်တဏှာကိုကား တဦး စီ ခွဲခြား၍ မယူဘဲ တဏှာကိုယူက တဏှာ၏ ရင့်သန်ခြင်းဥပါဒါန်ကို ယူမှတ်ပြီးဟု မှတ်ရာ၏၊ ထို့ ကြောင့် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုအတိုင်း ဖြစ်သည်မဟုတ်၊ အဝိဇ္ဇာစသော အကြောင်းတရားတို့ကိုစွဲ၍သင်္ခါရ စသော အကျိုး တရားတို့ ဖြစ်ပေါ်နေ၏၊အကြောင်းတရားတို့ကို ကောင်းစွာ ပြတ် ကင်း အချင်းခပ်သိမ်း နောက်ထပ်၍ မပေါ်အောင် သတ်နိုင်သော မဂ္ဂင်တရားကိုမတွေ့,မသိ,မမြင်,ရေရှိကမိမိ၏အလိုအတိုင်းမဖြစ်၊ ပဋိသန္ဓေမနေချင်ဘဲနေရ၏၊မအိုချင်ဘဲအိုရ၏၊မနာချင်ဘဲနာရ၏၊ မသေချင်ဘဲသေရ၏၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါးသို့ မရောက်ချင်ဘဲနှင့် ရောက်ရ၏။

ဤလူ့ပြည်လောက၌လည်း ကျွန်မဖြစ်ချင်ဘဲဖြစ်ရ၏၊ခွေး၊ စလ္လား မဖြစ်ချင်ဘဲ ဖြစ်ရ၏၊ မဆင်းရဲချင်ဘဲ ဆင်းရဲရ၏၊ အရုပ်မဆိုး အကြည့်မတန်ချင်ဘဲအရုပ်ဆိုးအကြည့်တန်ရ၏၊ဘုန်းမငယ်ချင်ဘဲ ဘုန်းငယ်ရ၏၊ မညောင်းချင်ဘဲ ညောင်းရ၏၊ မဆာချင်ဘဲ ဆာ လောင်ရ၏၊မတော်ချင်ဘဲ တော်ရ၏၊မအိုက်မပူချင်ဘဲ အိုက်ပူရ၏ စသည်ဖြင့် ဒုက္ခခဏ်း၌ပြခဲ့မှ, အနိဋ္ဌခဏ်း၌ပြခဲ့မှ ဟူသမျှတို့နှင့် ပြန်လှန်၍ အနတ္တ အလိုမလိုက်ပုံကို ထင်မြင်အောင် ပွါးများရာ၏။

ဤကား–တောင့်တပါလည်းလိုရာမဖြစ် ဟူသော
လင်္ကာပုဒ်၏ အဓိပ္ပါယ်အကျဉ်းချုပ်တည်း။

ထိုထက် တိုးတက်၍ အနုစိတ်ကာပွါးများရာ၏၊စာဖြင့်ကုန်အောင်မရေးနိုင်လေ။

## ဤကိုယ်ညစ်ကို စွန့်ပစ်ပယ်ခွါ နိဗ္ဗူတာသို့

ထို့နောင်မှ (ဤကိုယ်ညစ်ကို စွန့်ပစ်ပယ်ခွါ နိဗ္ဗူတာသို့ လျင်စွာသွားခွင့် ရကြုံလင့်သည်)ဟူသောလင်္ကာပုဒ်ကို ဤသို့အဓိပ္ပါယ်မှတ်ရာ၏။

> ပဋိရူပဒေသဝါသာဒိကော စ စတုစက္ကသင်္ခါတော
> ဩကာသဒ္ဓေန ခဏော ဝုတ္တော၊ သော မနုဿတ္တ,ဗုဒ္ဓုပ္ပါ
> ဒ, သဒ္ဓမ္မဋ္ဌိတိအာဒိကံ ခဏသာမဂ္ဂိံ ဝိနာ နတ္ထိ၊ မနု
> သတ္တာဒိနဉ္စ ကာဏကစ္ဆပေါပမာဒိဟိ ဒုလ္လဘာဘာဝေါ။

ဟူသော အဋ္ဌသာလိနီ,စကားအရ ရှေးဦးစွာ လူဖြစ်ရုံမျှကိုပင် အထက်၌ ပြခဲ့သော လိပ်ကာဏ်း၏ ဥပမာ,လက်သည်းပေါ်တွင် တင်ထားသော မြေမှုန့်နှင့် နှစ်သိန်းလေးသောင်း ယူဇနာပေါင်း အထုရှိသော မဟာပထဝီမြေကြီးရှိ မြေမှုန့်တို့နှင့် နှိုင်းစာခြင်း ဥပမာတို့ဖြင့် ရခဲ, ရောက်ခဲ, တွေ့ကြုံခဲကြောင်းသိရမည်။

ထို့နောက် လူသာမည့်အဖြစ်မှ,သည် ဘုရားပွင့်ပေါ်ရာ ကာလ၌ ဖြစ်ရသောလူ, ထိုမှတဆင့်တက်၍ သူတော်ကောင်းတရားတို့ကို လိုက်နာနိုင်သူစသည်ဖြင့် အခါ အခွင့် အလွန်ကြုံခဲကြောင်း သိရမည်၊ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသတို့ကား အလွန်ကျဉ်းလှ၍ အခြားသုံးဆယ့်တဘုံရှိ အရပ်တို့ အလွန်ကျယ်ကြောင်း၊ ထိုကျဉ်းရာ အရပ်သို့ ဖြောင့်ဖြောင့်မတ်မတ် မလွဲမချော်အောင် ကံက ပစ်ချပါမှ (၁) ပဋိရူပ ဒေသဝါသနှင့် (၂)ရှေးရှေးဘဝက ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ကို အကြောင်းပြု၍ ဖြည့်ဆည်းပူးခဲ့ဘူးသော ကုသိုလ်ရှိသောအဖြစ် ပုဗ္ဗေစ ကတပုညတာ၊ (၃)မိမိ သီလပျက်စီးနေသည်ကို သီလ၌ တည်စေခြင်း,သဒ္ဓါမရှိသည်ကို သဒ္ဓါရှိသောအဖြစ်၌ တည်စေခြင်း, ဝန်တိုခြင်း သဘောရှိသည်ကို စွန့်ကြဲပေးကမ်းခြင်း၌ တည်စေခြင်း အတ္တသမ္မာပဏိဓိ၊ (၄)သူတော်ကောင်းတို့၏ အဆိုအဆုံးမကို နာခံရခြင်း သပ္ပုရိသ

နိဿယပ္ပဟူသော ဝင်းစက်လေးပါးနှင့် တွေ့ဆုံရခြင်းအခွင့်တို့ အလွန်ကြုံခဲပေသည်၊ ကြုံပြန်သော်လည်း ရုပ်နာမ်တို့၏ ဥပါဒ်, ဌီ,ဘင် အချုပ်အပျက်က မြန်လွန်းသဖြင့် တိုလှနည်းပါးလှသော အချိန်တွင် သေကြေပျက်စီး အလွဲကြီးလွဲချော်နိုင်ခြင်းတို့ကို စဉ်းစားရာ၏။

**ဤကိုယ်ညစ်** ·····ထိုင်စဉ်, အိပ်စဉ်, သေပျောက်သွားကြသူတို့ကိုဆင်ခြင်၊ နေ့မြင် ညပျောက်, မနက်မြင် နေ့ပျောက်ကြသည်ကို ဆင်ခြင်၊ တခါလွဲမိလျှင် ဤစက်လေးပါးမျိုးနှင့် ကြုံရန် ဒုလ္လဘပေါင်း ဘယ်နှစ်ဆင့် ပြန်၍တက်နေရမည်ကို ဆင်ခြင်၊ ထို့ကြောင့် ဤသို့ အခါအခွင့်ကြုံခိုက် အနိစ္စဒဏ်ချက်, ဒုက္ခဒဏ်ချက်, အနတ္တဒဏ်ချက် စက်ဆုပ်ဘွယ် အသုဘတို့ဖြင့် ရောစွက် ပူးပေါင်းနေသော ဤခန္ဓာကို "ဤကိုယ်ညစ်"ဆိုသည်။

**စွန့်ပစ်ပယ်ခွါ ဆိုသည်မှာ**·····ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း သမထ,ဝိပဿနာတို့ကို ပွါးများရာ၏၊ တဏှာ, ဥပါဒါန်တရားတို့ ပွါးစီးလျက် မိမိ၏ခန္ဓာ, သူတပါးတို့၏ ခန္ဓာတို့၌ တွယ်တာနေသောကြောင့် တရားကို အားထုတ်ရန် အခွင့်မရ၊ ဤကိုယ်ညစ်အတွက် ကိစ္စ အရပ်ရပ်တို့ကိုသာ ဆောင်ရွက်လုပ်ကိုင်၍ အချိန်ကုန်ရ, ကမ္ဘာအနန္တ လွန်ရသောကြောင့် အကြောင်းဖြစ်သော သမုဒယသစ္စာ တဏှာကို ပယ်ရန် သင့်သည်ကိုပင် ဤ၌ (**ဤကိုယ်ညစ်ကို စွန့်ပစ်ပယ်ခွါ နိဗ္ဗုတာသို့ လျင်စွာသွားခွင့် ခုကြုံလင့်သည်**)ဟု ဆိုသည်။

ဤကား—ဤကိုယ်ညစ်ကို စွန့်ပစ်ပယ်ခွါ နိဗ္ဗုတာသို့ လျင်စွာသွားခွင့် ခုကြုံလင့်သည် ဟူသော လင်္ကာပုဒ်၏ အဓိပ္ပါယ် အကျဉ်းချုပ်တည်း။

## နှေးဖင့်မရှိရာသတည်း

**မြန်မြန်အားထုတ်** ......ကြုံနေပါသော်လည်း ပျင်းပျင်းရိရိ နှေးနှေးဖင့်ဖင့် ပြုလုပ်နေက လွဲချော်တတ်ပြန်သောကြောင့် (နှေးဖင့်မရှိရာသတည်း) ဟု ဆိုသည်၊ လောကီဝိဇ္ဇာနှင့်တွေ့သောအခိုက် ဇမ်တိုင်း ရွာတိုင်း၌ ရနိုင်သော ဇာတိဝဂ်ဆေးနည်းလောက်ကို တောင်းယူသူသည် ဝိဇ္ဇာမိရ်ကို တွေ့ရခြင်း၌ အကျိုးမများသကဲ့သို့ မြတ်စွာဘုရားတည်းဟူသော ဝိဇ္ဇာစရဏသမ္ပန္နရတ်နှင့် ပြည့်စုံသူကို တွေ့ပါလျက် ဇာတိဝဂ်ဆေးနှင့်တူသော ကျွတ်, တိ, ပြိတ္တာ, ဒွန်းစဏ္ဍား, လောက်, ခွေး, မြွေ့စသည်တို့ပင် ခံစားနိုင်သော ကာမဂုဏ်အတွက် တရားကို အားမထုတ်အား၊အလိုရှိတိုင်း ရနိုင်သောနတ်ဆေးကို မတောင်းအားသကဲ့သို့ မဖြစ်စေနှင့်, မြန်မြန်တရားကို အားထုတ်ပါဟု ဆိုလိုသည်။

ဤတရားကိုအားထုတ်ရန် အခါအခွင့်ကြုံမှသာလျှင် အောက်ပါ တရားတို့ကို အလိုရှိရာသို့ ရောက်နိုင်သောနည်းတို့ဖြင့် သိရ, ကြားရ, ကျင့်ရပေသည်၊ကမ္ဘာသင်္ချေ လွန်လေငြားသော်လည်း တွေ့ကြုံရခဲပေ၏။

ခန္ဓာငါးပါးတို့တွင် မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ် လောကုတ္တရာ ခန္ဓာကိုချန်ထား၍ တဏှာ,ဒိဋ္ဌိတို့၏ အာရုံပြုနိုင်ရာ လောကီခန္ဓာမှ တဏှာကိုကြဉ်၍ ကျန်ခန္ဓာ အစုအပေါင်းသည် “ဒုက္ခသစ္စာ” ဆင်းရဲခြင်းမှန်၏၊ တဏှာသည် “သမုဒယသစ္စာ” ဆင်းရဲခြင်း၏ အကြောင်းမှန်၏။

(၁) သမ္မာဒိဋ္ဌိ ဟူသော ပညာ (၂) သမ္မာသင်္ကပ္ပဟူသော ကောင်းသောစိတ်ကြံ (၃) မုသာဝါဒ, ပိသုဏာဝါစာ,ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သော သမ္မာဝါစာ (၄) ပါဏာတိပါတ, အဒိန္နာဒါန်,ကာမေသု

မိဋ္ဌာစာရ,ဟူသော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်သော သမ္မာကမ္မန္တ (၅) ၎င်းဆိုအပ်ခဲ့ပြီးသော ဝစီဒုစရိုက် လေးပါး, ကာယဒုစရိုက်သုံးပါးတို့ဖြင့် ရှာဖွေ၍ရသော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်သော သမ္မာအာဇီဝ (၆) ကောင်းသော ဒါန, သီလ, ဘာဝနာ, ရတနာသုံးရပ်တို့၏ ကိစ္စ၌ လုံ့လသည်းစွာ အားထုတ်တတ်သော သမ္မာဝါယာမ (၇) ကောင်းသော ဒါန, သီလ, ဘာဝနာ, ရတနာသုံးရပ်တို့ကို မမေ့မလျော့ အောက်မေ့တတ်သော သမ္မာသတိ (၈) ကောင်းသောဒါန, သီလ,ဘာဝနာ,ရတနာသုံးရပ်နှင့် စပ်သော ကိစ္စအခါ၌ မတုန်မယှုပ် မပျံ့မလွင့် စိတ်၏တည်ကြည်ခြင်းကို ဖြစ်စေတတ်သော ဧကဂ္ဂတာစေတသိက် တည်းဟူသော သမ္မာသမာဓိ၊ ၎င်းမဂ္ဂင် ၈ပါးသည် ကာမဂုဏ်ချမ်းသာကို သုခထင်မှတ်၍ ခံစားကျင့်ကြံ နိဗ္ဗာန်သဘွယ် ယူဆသော,အကျင့်ယုတ်, မိမိကိုယ်ကို ကိလေသာစင်ကြောင်း အကျင့်ကောင်းမှတ်၍ ပင်ပန်းစွာ မီးပူကင်ခြင်း, ရေငုပ်ခြင်း, အခြားအထူးထူး အထွေထွေ နှိပ်စက်ခြင်း အကျင့်ယုတ် ၂ပါးသို့ မလားမကပ်စေမူ၍ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သောကြောင့် "မဂ္ဂသစ္စာ" မည်၏။

လောက၌ အပူရှိက, အအေးရှိ၏၊ ချမ်းသာရှိက, ဆင်းရဲရှိ၏၊ အမဲရှိက, အဖြူရှိ၏၊ အနိမ့်ရှိက,အမြင့်ရှိ၏၊ အချိုးမွမ်းရှိက, အကဲ့ရဲ့ရှိ၏၊ အပုပ်နံ့ရှိက, အမွှေးနံ့ရှိ၏၊ ရောဂါရှိက,ဆေးရှိ၏၊ ထို့အတူ ပဋိသန္ဓေနေရခြင်းရှိက ပဋိသန္ဓေမနေရရာ အရပ် ရှိရာ၏၊အိုခြင်းရှိက, မအိုရရာအရပ် ရှိရာ၏၊နာခြင်းရှိက,မနာရရာအရပ် ရှိရာ၏။ သေခြင်းရှိက,မသေရရာအရပ်ရှိရာ၏၊ဆင်းရဲအပေါင်းရှိက,ဆင်းရဲအပေါင်းမရှိရာအရပ် ရှိရာ၏၊ အနိစ္စရှိက,နိစ္စအရပ်ရှိရာ၏ စသည်ဖြင့် မှန်းဆ၍ ဧကန္တ သုခ-ပရမတ္ထ နိဗ္ဗာန်သည် ထိုဆိုအပ်ခဲ့ပြီးသော ဘေးအပေါင်း, ရန်အပေါင်း, ဒုက္ခအပေါင်း, ဆင်းရဲအပေါင်းမှ လွတ်မြောက်ချုပ်ငြိမ်းရာအမှန်အရပ်ဖြစ်၍ "နိရောဓသစ္စာ"မည်၏ဟု ဉာဏ်ဖြင့်ပိုင်းခြားမှတ်သားပြီးလျှင် .....

ဒုက္ခမျိုးကို၊ သည်ပိုးရှက်ဆောင်၊ အပုပ်ကောင်ကို၊ လူယောင်ထင်မှတ်၊ စဉ်မပြတ်လို့၊ မြဲမှတ်သညာ၊ တောင့်တပါလည်း၊ လိုရာမဖြစ်၊ ဤကိုယ်ညစ်ကို၊ စွန့်ပစ်ပယ်ခွါ၊ နိဗ္ဗူတာသို့၊ လျင်စွာသွားခွင့်၊ ခုကြုံလင့်သည်၊ နှေးဖင့်မရှိရာသတည်း။

ဟူသော လင်္ကာအတိုင်း အစမှစ၍ အဖန်ဖန် ပွါးများကုန်ရာ၏၊ ပွါးများကြလေကုန်၊ ပွါးများနိုင်ကြပါစေကုန်သတည်း၊ ပွါးများနိုင်၍ နိဗ္ဗာန်ထုတ်ခြောက်ပေါက်ရောက်နိုင်ကြပါစေကုန်သတည်း။

ဤကား-နှေးဖင့်မရှိရာသတည်း ဟူသော လင်္ကာပုဒ်၏ အဓိပ္ပါယ် အကျဉ်းချုပ်တည်း။

ဤတွင်ရွေ့ကား-သံဝေဇနီယကထာပြီးပြီ။

# နိဒါန်း

**ဆုတ်ယုတ်သဖြင့် မဂ်ဖိုလ်ရနည်းခြင်း**

ယခုခေတ်ကာလ၌ သတ္တဝါတို့၏ စိတ်နေစိတ်ထား အကျင့်အကြံနှင့် ပညာဉာဏ်, ကျန်းမာမှုစသည်တို့ ဆုတ်ယုတ်လာကြသည်ကို မျက်မြင်ကိုယ်တွေ့ဖြင့်ပင် သိမြင်နိုင်းဆနိုင်ကြသင့်ပေ၏၊ **ကဿပ သံယုတ်**၌လည်း အရှင်မဟာကဿပမထေရ်ကြီးသည်မြတ်စွာဘုရားအား လျှောက်ထားသည်မှာ..... မြတ်စွာဘုရား......၊ ရှေးအခါ၌ သိက္ခာပုဒ်ကျင့်စဉ်ကို အနည်းငယ်မျှပင် မြတ်စွာဘုရား ပညတ်တော်မူ၍ ထားသော်လည်း ရဟန္တာ၏အဖြစ်သို့ ရောက်ရှိကြသူတို့ အလွန်များပါသည်၊ ယခုအခါ၌ မြတ်စွာဘုရားသည် များစွာသော သိက္ခာပုဒ်တော်တို့ကို ပညတ်ထားပါလျက် မည်သည့်အချက်ကြောင့် ရဟန္တာ၏အဖြစ်သို့ ရောက်ရှိသူနည်းပါးပါသနည်းဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရား မိန့်တော်မူသည်ကား ချစ်သား-ကဿပ......၊ သတ္တဝါတို့ ဆုတ်ယုတ်လာသောကြောင့် တရားလည်း ဆုတ်ယုတ်၍လာ၏ဟု မိန့်တော်မူ၏၊ ဤ အမိန့်တော်စကားသည် မြတ်စွာဘုရား၏ သက်တော်ရှိစဉ်ကာလ အတွင်း၌ပင် ဆုတ်ယုတ်ကြောင်းကို ဟောပြတော်မူသောစကား ဖြစ်၏၊ ထိုစကားကို ထောက်ထားလျှင် ယခုခေတ်၌ အဘယ်မျှလောက် ဆုတ်ယုတ်၍လာကြသည်ကိုဆင်ခြင်နိုင်းဆရာ၏။(နောက်၌အကျယ်ပြလတ္တံ့။)

**ရှေးခေတ် ဂါမဝါသီနှင့် အရညဝါသီ**

ဤသို့.....ကုသိုလ်စိတ်ပင် ဆုတ်ယုတ်လာသောကြောင့် မကောင်းမှုများကိုသာ အားထုတ်၍ နေသူတို့၏ အလိုဌါ ဆိုဘွယ်ပြောဘွယ်ရာပင် မရှိတော့ပြီ၊ ကောင်းမှုကို အားထုတ်၍ နေလိုသူတို့၌ပင် ရှေးယခင်နှင့်ကွာခြား၍လာကြောင်းကို ဤသို့သိသင့်၏၊ ရှေးယခင်အခါ၌ တောနေရဟန်း ကမ္မဋ္ဌာန်း ရတင် ကျင့်စဉ်ပဋိပတ်ကို အားထုတ်၍နေသော ရဟန်းတော်များ သည် ဂါမဝါသီ=မြို့ရွာကို

မှီ၍ စာပေပို့ချအားထုတ်၍နေကြသူ ရဟန်းတော်မြတ်တို့အား ဤသို့ ချီးကျူးစကား ပြောကြားကြကုန်၏၊ ငါတို့ကဲ့သို့သာလျှင် တောသို့ဝင်လျက် ဓုတင်ကမ္မဋ္ဌာန်းစသည်တို့ကိုအားထုတ်နေကြသူများပါလျှင် သာသနာတော်စကား မြတ်စွာဘုရား၏ ပိဋကတ် ကျမ်းဂန်များသည် ကွယ်သွား ပျောက်ပျက်လျက် အဆက်ဆက်သော နောင်လာနောက်သားတို့၏အတွက်အရာ ကြီးမားစွာသောဆုံးရှုံးခြင်းဖြစ်ရတော့အံ့၊ ဤဂါမဝါသီ=မြို့မိရွာနေ ရဟန်းတော်အထွေထွေတို့ ဆောင်ရွက်ပို့ချ၍ နေပေသောကြောင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး မြတ်စွာဘုရား ကြိုးစားအားထုတ် ရှာမှီးတော်မူခဲ့ရသော နိဗ္ဗာန်ရောက်ကြောင်း မတိမ်းမစောင်းရအောင် လမ်းကောင်းလမ်းမှန်ကို ပြသနိုင်သော ဓမ္မက္ခန္ဓာတရားတော် ရတနာတို့သည် မပျက်မပျောက်ဘဲလျက် အဆက်ဆက်သော နောင်လာနောက်သားတို့၏ အကျိုးငှါ တည်ရှိနိုင်ပါပေသည်ဟု ချီးမွမ်းပြောဆိုခြင်းကိုလည်း ပြုကြကုန်၏၊ ချီးမွမ်းပြောဆိုနိုင်သော စိတ်ကောင်း စိတ်မြတ်ကိုလည်း ထားကြကုန်၏။

ဂါမဝါသီ=မြို့မိရွာနေ အထွေထွေသော ရဟန်းတော် အရှင်မြတ်တို့သည်လည်း ဤနည်းအတိုင်းပင် တောဝင် ကျင့်ကြံ အားထုတ်သူ ရဟန်းတော်တို့အား ချီးကျူးစကား ပြောကြားကြကုန်၏၊ ငါတို့ကဲ့သို့ချည်းသာ ပရိယတ်ကိုအားထုတ်နေသူရဟန်းတော်များကြပါမူ နောင်လာနောက်သားတို့ အားထားအတုယူခါ ကျင့်ကြံရာ ပဋိပတ်ဆုတ်ယုတ်ကွယ်ပြတ်လျက် မဂ်ရပ်ဖိုလ်တိုင် မျက်မှောက်ပြုနိုင်သော အရိယာဇာတ်ဝင် သူတော်စင်နည်းပါးလျက် ပဋိဝေဓတရား ပျောက်ကွယ်ရတော့အံ့၊ ဤသို့ယခု ကြိုးခြံမှုဖြင့် အတုယူခါ နောင်လာနောက်သား တပည့်များပင် ဖြူစင်သီလ အရိယာအနွယ် ပျက်မပြယ်အောင် ရှေ့ဆောင်လမ်းပြ အားထုတ်ကျင့်ကြံကြသော ရဟန်းတော်မြတ်တို့၏ မြင့်မြတ်သော စိတ်ထားကြောင့် ပဋိဝေဓတရားတည်နိုင်ပေသည်ဟု ဂါမဝါသီ=မြို့မိရဟန်းသူတော်မြတ်တို့

သည်လည်း တောထဲ၌ တရားအားထုတ်သူ အရညဝါသီ ရဟန်းတော်များ၏ဂုဏ်ကျေးဇူးကို ချီးကျူးပြောကြားနိုင်ကြလေသည်။

**ယခုခေတ် အခြေအနေ**

ယခု ဆုတ်ယုတ်၍လာသော ခေတ်၌မူကား တဦး၏ ဂုဏ်ကျေးဇူးကို တဦးမပြောကြားနိုင်ဘဲ အလွဲလွဲသော မာန, မစ္ဆရိယ,ဣဿာ စိတ်ဖြင့် နှိပ်၍ပြောကြားလျက် များပြားသော စာအုပ်တို့ကို ထုတ်ဝေရေးသား၍ နေကြရဘော့၏၊ ကိုးကွယ်ဆည်းကပ်ကြသော ဒါယကာ,ဒါယိကာမ,ရဟန်း,သာမဏေ စသည်တို့သည်လည်း အသီးအသီး ဂိုဏ်း ဂိုဏ်းတို့၏ ခိုမှီး အားထားရာ ဆရာတော်မြတ်တို့မိန့်အပ်သော အယူဝါဒကိုသာ လိုက်နာမှတ်သားလျက် တဦးအား တဦး မကြည်ညိုနိုင် ဖြစ်ကြရကုန်၏၊ ဆုတ်ယုတ်ကြကုန်၏၊သို့ဆုတ်ယုတ်ကြကုန်သဖြင့် မဂ်,ဖိုလ် မရဖြင်ကြရကုန်သည်၊ဤကား–သတ္တဝါတို့၏ ဆုတ်ယုတ်လာခြင်းကြောင့် မဂ်,ဖိုလ်တရားတို့လည်း အရနည်းပါးလာရခြင်း၏ အမြွက်စကားမျှသာတည်း။

**ရေးသား ထုတ်ဝေ**

ထိုသို့ ဆုတ်ယုတ်၍လာခြင်းအကြောင်း ဂိုဏ်း ဂိုဏ်းတို့၏ အဖြာဖြာသန္တာန်၌ အတန်တန် ဖျက်ဆီးနေကြသောတရားတို့ကို ရှောင်ရှားပစ်ပယ်နိုင်ကြရန်,သုတမယဉာဏ်ကို ရှေးဦးစွာ ဆည်းပူးအားထုတ်ရန် သင့်သဖြင့် အခွင့်အကြောင်းအားလျော်စွာ ဤ **အဓိမာနဝိနိစ္ဆယကျမ်း**ကိုရေးသားစီရင်၍ **ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ပါဠိဆရာများအဖွဲ့** သို့ ပြုပြင် ရိုက်နှိပ်စေကာ ထုတ်ဝေလိုက်ရပေသည် ဖြစ်ပါကြောင်း။

“သဏ္ဍာရုံဆရာတော်”



# အဘိဓာနုဝိနိစ္ဆယ

နမော တဿဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အလိုဆိုးရှိသူ များလာခြင်း

သတ္တဝါ အသီးသီးတို့၌ မိမိ မိမိတို့၏ ထိုထိုဘဝ ထိုထိုကာလဝယ်အသွယ်သွယ်သောစရိုက်ဝါသနာအလေ့အထုံအားလျော်စွာ ယခုဘဝတိုင် ပါလာသော တဏှာလေးမျိုးကို **သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ခုဒ္ဒကဝတ္ထုဝိဘင်း**၌ ဘွင့်ပြထားသည်ကို မြန်မာစကားဖြင့် ပြန်ဆိုရေးသားလိုက်အံ့။

| | |
|---|---|
| (၁) အတြိစ္ဆ-အလွန့်အလွန် အလိုကြီးခြင်း<br>(၂) မဟိစ္ဆ -အလိုကြီးခြင်း<br>(၃) ပါပိစ္ဆ -ယုတ်မာသော အလိုရှိခြင်း<br>(၄) အပ္ပိစ္ဆ- အလိုနည်းခြင်း ရောင့်ရဲခြင်း | ဟူ၍ ၄-မျိုးသော အလိုဆန္ဒကို အဋ္ဌကထာ ဆရာ ဘွင့်ပြတော်မူ၏။ |

**အတြိစ္ဆ**……ဤ ၄-မျိုးတို့တွင် အတြိစ္ဆဟူသော အလွန့်အလွန် အလိုကြီးခြင်းဟူသည် မိမိနှင့် ထိုက်တန်သည်

လောက်မှုရသော ပစ္စည်းဉစ္စာတို့ဖြင့် မရောင့်ရဲနိုင်မူ၍ သူတပါးရသောလာဘ်ကိုပင် ထပ်မံ၍ လိုချင်တောင့်တခြင်းသည် ဖြစ်ပြန်၏၊ သူတပါးတို့ရရှိသော လာဘ်,ပစ္စည်း,ဉစ္စာသည် မိမိရရှိသော လာဘ်, ပစ္စည်း, ဉစ္စာမျှလောက် အဘိုးမရောက် မထိုက်တန်သော်လည်း သူတပါးတို့၏ လက်ထဲ၌ရောက်ပြီး ရရှိနေသော လာဘ်, ပစ္စည်း, ဉစ္စာကိုသာ သာ၍ကောင်း၏ဟု ထင်မှတ်လိုချင်ခြင်းတည်း။

အများသူတို့အား ဝေငှလှူဒါန်းရန် ခွက်,ပန်းကန်တခုတည်းဖြင့် ထည့်ယူလာသော ဆွမ်း,ဟင်းလျာစသော ဝတ္ထုတခုခု အတူအမျှကိုပင် မိမိပိုင် ခွက်,သပိတ်ထဲသို့ လောင်းထည့်ပြီးလျှင် လှူလိုက်သောအခါ မိမိ၌ရလာသော ဆွမ်း,ဟင်းလျာစသော ဝတ္ထုသည် မကောင်းဟု ထင်၏၊ သူတပါးတို့၏ ပိုင်ဆိုင်ရာ ခွက်,သပိတ်ထဲသို့ လောင်းထည့်ပြီး လှူဒါန်းလိုက်သော အလှူဝတ္ထုပစ္စည်းသည်သာ ပိုပြီးလျှင် ကောင်း၏ဟု ထင်တတ်၏၊ ဤသို့သော အလိုမျိုးကို(၁) နံပါတ်၌ ပြထားသော အလွန့်အလွန်အလိုကြီးခြင်း အတြိစ္ဆမျိုးဟု ခေါ်၏။

**အတြိစ္ဆအရာဝတ္ထု**......ဤ အတြိစ္ဆ၌ မှတ်ရန် ဝတ္ထုကား ဗာရာဏသီမင်းသည် တော၌ သားအမဲလိုက်ဖမ်း၍ ရှင်လန်းပျော်မွေ့စွာ ချက်ပြုတ်စားသောက်ရန် တောင်ညာစံမဟေသီမိဖုရားကိုပါ တောသို့ ခေါ်သွား၏၊ တောတွင်းသစ်ခက်တဲသို့ရောက်သောအခါ အဆင်းအင်္ဂါနှင့် ပြည့်စုံသော ကိန္နရာမယ်ကို တွေ့မြင်သဖြင့် လက်ရှိမိဖုရားထက်ပင် ချစ်ခင်စုံမက်သဖြင့် မိဖုရားကိုငဲ့ကွက်ခြင်း မရှိမူ၍ ကိန္နရာမယ်၏ နောက်သို့ လိုက်သွား၏၊ ထိုအခါ မိဖုရားသည် အနီးအနားရှိ ရသေ့ကြီး၏ ကျောင်းသင်္ခမ်းတခုသို့သွား၍ ကသိုဏ်း, ပရိကံများကို ပြုလုပ်ပြီးလျှင် အားထုတ်သဖြင့် ဈာန်,အဘိညာဏ်, သမာပတ်ရှစ်ပါးတို့ကို ရရှိ၍နေတော်၏၊ ထို့နောက် အတန်ကြာ၍ ဘုရင်

ပြန်လာသည်ကို မိဖုရားသည် မြင်သဖြင့် ဈာန်အဘိညာဏ် ဝင်စားလျက် ကောင်းကင်သို့ တက်သွား ပျောက်ကွယ်လေ၏။

ဤသို့ အလွန်အလွန် အလိုကြီးသော အတြံ့ကြောင့် မိန်းမနှစ်ဦးလုံးတို့မှ ဆုံးရှုံးလက်လွတ်ရကြောင်းကို သစ်ပင်စောင့်နတ်သည် ဂါထာဖြင့် ရွတ်ဆိုကဲ့ရဲ့တော့၏။

**မိတ္တဝိန္ဒကဝတ္ထု၊**……အခြားဝတ္ထု၊ တခုသည်ကား ကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ မိတ္တဝိန္ဒက အမည်ရှိသော သူဌေးသားသည်လည်း လက်ရှိ ဖြစ်ပြီးသော ကုဋေလေးဆယ်မျှသော ဥစ္စာဖြင့် အားရတင်းတိမ်ခြင်း မရှိသည်ဖြစ်၍ တိုင်းတပါးသို့သွားလျက် စီးပွါးဥစ္စာဖြင့် ရောင်းဝယ် ကုန်သွယ်ခြင်းကိုပြုရန် အမိထံ ခွင့်တောင်း၏၊ အမိဖြစ်သူသည် ဤယခုလက်ရှိပစ္စည်းဖြင့် တင်းတိမ်ရန် အတန်တန်ဘောင်းပန်၍ မရသဖြင့် ထွက်ရာလမ်းဝ၌ ငိုတ်ဆို့တားမြစ်သျောင်းစက်နေသည်ကို ခြေဖြင့်ခတ်ကာ သမုဒ္ဒရာသို့ လှေဖြင့်ထွက်ခွါသွားလေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ကား နတ်များမနှစ်သက်,အမိအားနှိပ်စက်သူဖြစ်သောကြောင့် လှေကိုမသွားနိုင်အောင် စီမံဟန့်တား၍ထား၏၊ ထိုအခါ လူယုတ်မာသည် ဤလှေပေါ်၌ ပါလာဟန်ရှိကြောင်း၊မကောင်းသူ၌ မဲကျသိမ့်မည်ဟုကြံစည်တိုင်ပင်ကြလျက် မဲချခဲ့ရာ ၎င်းမိတ္တဝိန္ဒက၏ အပေါ်သို့သာ မဲသုံးကြိမ် ကျလာသောကြောင့် တွယ်ကပ်ဘွယ်ရာ ဖောင်ငယ်တခုကိုပေး၍ ရေထဲသို့ ပစ်ချပြီး ထားခဲ့ကြကုန်၏။

၎င်း၏ကံအား လျော်စွာ ကျွန်းငယ်တခုသို့ ကပ်မိရောက်ရှိပြန်လေ၏၊ ထိုကျွန်း၌ ဘုံဗိမာန်နှင့်တကွ ပျော်ပါး၍ နေကြသော ဗိမာနပြိတ္တာ မိန်းမကညာတို့နှင့်တွေ့၍ ပေါင်းဖော်စွာ စည်းစိမ်ချမ်းသာကို ခံစားလျက် နေရပြန်ပြားသော်လည်း အားမရ တင်းမတိမ်နိုင်ပြန်သဖြင့် တဖန်အခြားသို့ဆက်လက်သွားလိုကြောင်း ၎င်းနတ်ပြိတ္တာမတို့အား ပြောပြရာ ထိုနတ်ပြိတ္တာမတို့သည် အကြောင်းပြလျက်

တားမြစ်ကြသော်လည်းမရ၊ ထို့ထက် နှစ်ဆသာသော စည်းစိမ်ချမ်းသာကို တောင့်တပြီး ထွက်ခွါလာခဲ့ပြန်၏။

ထိုအခါ နေရာတချို့ သင်ရန်းခားစက်ဖြင့် ချတ်ဖြတ်လျက်ခံနေရသော ငရဲသားယောကျ်ားကို တွေ့မြင်လေ၏၊ ထိုအခါ မိမိ၏ အကုသိုလ်ကံ အကျိုးပေးရန် ဆိုက်ရောက်လာသောကြောင့် သင်ရန်းစက်ကို ပဒုမ္မာကြာထင်လျက် တောင်းပြန်၏၊ ၎င်းခံနေရသူသည်လည်း ဤဒုက္ခကြီးကို သင်မခံလိုပါနှင့်ဟု ပြောဆိုတောင်းပန်ရာ မရ၊ အကြိမ်ကြိမ် အတြိ ဆ္တ ဖြင့် မရမနေ တောင်းလေသောကြောင့် ၎င်းမိတ္တဝိန္ဒကသည်လည်း ငါ၏ နည်းတူပင် မကောင်းမှု၏အကျိုး သက်ဝင်လာရောက်ပြီးဖြစ်လတ္တံ့ဟု ဆင်ခြင်လျက် မိတ္တဝိန္ဒက၏ခေါင်းထက်၌ သင်ရန်းစက်ကိုပစ်ချ၍ ထွက်ခွါသွားလေ၏၊ ဤအကြောင်းကို မြတ်စွာဘုရား သိမြင်တော်မူသောကြောင့် **စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ**……အစရှိသောဂါထာကို မိန့်ရှိတော်မူလေ၏။

**မဟိစ္ဆ**……မဟိစ္ဆ–ဟူသော အလိုကြီးခြင်းကိုမှုကား ဤသို့ မှတ်သားရာ၏၊ မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကို လူပုံလူလယ်၌ သိဘွယ်ထင်ရှား ပြောကြားခြင်း ပြုတတ်၏၊ မိမိ ရထိုက်သော လာဘ်ကို ခံယူသုံးဆောင်ရာ၌ ပမာဏ အတိုင်းအရှည်ကို မဆင်ခြင်နိုင်ဖြစ်တတ်၏၊ မိမိ၏တောကျောင်း ဆောက်တည် နေထိုင်သော အနည်းငယ်မျှသောဂုဏ်,သီလစောင့်ရှောက်ဆောက်တည်သောဂုဏ်,စာပေကျမ်းဂန် အနည်းငယ်မျှ တတ်သိရသောဂုဏ်ကို လူပုံလူလယ်၌ ကြီးကျယ်ခမ်းနားစွာ ဝါကြွားပြောဆိုခြင်းကို ပြုလုပ်တတ်၏။

ထိုဝါကြွားသောစကားကို ဒါယကာအများတို့ ယုံကြည်ပြီးကာလှည်းဖြင့် တင်ဆောင်လာသော သူ့ဒါန်းရာဝတ္ထုဟူသမျှကို မိမိမှတ သုံးဆောင်လောက်ရုံ မခံယူမူ၍ အလုံးစုံ သိမ်းဆည်းယူငင်၏၊ တော်ပါပြီ, တန်ပါပြီဟု မည်သည့်အခါ၌မျှ မပြောပြလေ၊

၍ကဲ့သို့သော စိတ်ထား, စိတ်နေ ရှိလေသော အလိုကြီးသူကို အခြားအခြားသောလူ စသည်တို့ကို မဆိုထားဘိ၊ မွေးဖွါးသည့် အမိသည်ပင်လျှင် သဒ္ဓါတရား ပျက်ချင်တတ်၏။

**မဟိစ္ဆအရာဝတ္ထု**……ရှေး အခါတပါး၌ တဦးသော ရဟန်း ငယ်သည် မုံ့ကို ကြိုက်နှစ်သက်တတ်၏၊ရင်း၏အမိ ဒါယိကာမကြီးသည်လည်း ၍ဆိုလတ္တံ့သောနည်း ဖြင့် သားရဟန်းငယ်၌ ကိုယ်ကျင့်တရားရှိပြီး,မရှိသေးကို စုံစမ်း၏။

ငါ၏သားရဟန်းငယ်သည် အကယ်၍ အတိုင်းအရှည် ပမာဏ ကို နှိုင်းဆခံယူတတ်သူ ဖြစ်ပါမူကား, ၍ဝါတွင်း သုံးလပတ်လုံး ဘုဉ်းပေးသုံးဆောင်ရန် မုံ့ကို စိမ်ပြုလုပ် လှူဒါန်းကျွေးမွေးအံ့၊ ပမာဏကို မနှိုင်းဆ မခံယူတတ်ပါမူ,အလှူဝတ်ကို ဖြတ်ထားအံ့ဟု ကြံပြီးလျှင် ဝါဆိုဝါကပ်သောနေ့၌ တခုသောမုံ့ကို ပြုလုပ်လှူဒါန်း၏၊ ကုန်ပြန်သောအခါ ထပ်၍လှူပြန်၏၊ တဘန် ကုန်ပြန်သောအခါ ထပ်မံ၍ လှူပြန်၏။ ရဟန်းငယ်သည် တန်ပါပြီဟု မပြောဆို၊လှူ လာသမျှကိုအလုံးစုံစားသောက်၏၊သားရဟန်းငယ်၌ အလှူခံခြင်း, စားသောက်ခြင်း၌ ချောင့်ရဲခြင်းမရှိသော အဖြစ်ကို တွေ့မြင်ရသ ဖြင့် နောက်တနေ့မှစ၍ မလှူဒါန်းမူ၍ ဖြတ်ထားတော့၏။

လူဖြစ်သူများ၌လည်း အလိုကြီးသော,ပမာဏကို မသိတတ် သော သဘောတရားရှိတတ်၏၊အချို့အချို့သောသူတို့သည် မိမိ၏ အထက်လူကြီး ဖြစ်သူ, အရာရှိကြီး ဖြစ်သူတို့သည် မိမိအား ကြည် ဖြူပေးကမ်း ချီးမြှင့်ထောက်ပံ့သောအခါ မိမိ၏ ဂုဏ်ပမာဏနှင့် လျော်စွာ မခံယူ မထောက်ထား,မဝတ်စား, မသုံးဆောင်ဘဲ, အမြဲ သဖြင့် ပေးသမျှကို ယူငင်၍ ဝတ်ဆင်သုံးစွဲလျက် ချောင့်ရဲခြင်းမရှိ နိုင် ဖြစ်တတ်ကုန်၏။

**မဟိစ္ဆအဖြစ်**……ထိုအခါ အထက်လူကြီး ဖြစ်သူတို့သည် ၍ သို့ တွေးထင်၍ လာတတ်ကုန်၏၊ ၍သူသည်

ဤမျှသော အခြေအနေ ရာထူးဂုဏ်ရှိစဉ်၌ဖြူးခြံထိုက်သောပမာဏ ကို မသိ၊မထိုက်တန်သည့် အဝတ်အစား အသုံးအဆောင်တို့ကို အလုံးစုံကုန်အောင် စားသောက်ဝတ်ဆင် လိုအင်ကြီးမား၍၊ စီးပွါး ချမ်းသာနှင့် ပြည့်စုံနိုင်မည့်သူ မဟုတ်ဟု တွေးထင်တတ်ကုန်၍၊ မ,စ ချီးမြှောက်လိုသော စိတ်မရှိသည် ဖြစ်တတ်ကုန်၍၊ ဤကား အလိုကြီးခြင်းမဟိစ္ဆ၏ အပြစ်တည်း။

**ပါပိစ္ဆ**...... ယုတ်မာသော အလိုဆိုးဟူသည်ကား မိမိကိုယ် တွင်း၌ သဒ္ဓါတရားအမှန်မရှိသော်လည်း သူတ ပါးတို့ကမူ ဤသူသည် သဒ္ဓါတရားရှိပေသည်ဟု ချီးမွမ်းပြောဆို သည်ကို ခံယူလိုသောအလိုဆိုး၊ထို့အတူ မိမိ၌ ကျင့်ကြံသော သီလမရှိသော်လည်း သူတပါးတို့က မိမိအား သီလရှိသော သူ တော် သူမြတ်ပင်ဟု အချီးမွမ်းခံချင်သော အလိုဆိုး စသည်ဖြစ်၏။

**အလိုဆိုးများ**......အချို့အချို့သော ရဟန်းသည် လူ ဒါယကာ ဒါယိကာမတို့ ကျောင်းသို့မလာသော အခါ၌ မှုများစွာ စားသောက်အိပ်စက်ခြင်းကိုပြု၍၊ အလှူပွဲ ပူဇော်ပွဲ တစုံ တရာရှိသဖြင့် ကျောင်းသို့ ဒါယကာ ဒါယိကာမတို့ လာရောက်ကြ သော နေ့၌မူကား သဒ္ဓါတရားရှိလေယောင် ဟန်ဆောင် ပြုလုပ် ပြီးလျှင် တံမြက်စည်းလှည်းခြင်း,ပန်းမှိုက်သယ်သွန်ခြင်းကို ပြု၍၊ ဒါယကာ ဒါယိကာမတို့ ကြည့်ရှု၍ နေကြစဉ်ပင် စေတီယင်သို့ သွားလျက် ဘုရား၌ ဝတ်ပြုခြင်း,တံမြက်လှည်းခြင်း, သဲကို အညီ အညွတ် စေတီယင်၌ ခင်းဖြန့်ခြင်းကို ပြု၍၊ စေတီနေရာ အရပ်ကို ရေဆေး၍၊ဗောဓိပင်၌ ရေသွန်းလောင်းခြင်းကို ပြု၍၊ထိုသို့သောနာ သန ဝတ်,စေတီ၏ ဝတ်, ဗောဓိပင်၏ ဝတ်ကို စိတ်ညွတ်ကြည်ညို ၍ ပြုလေဟန် ဟန်ဆောင်ပြသည်ကို ဒါယကာ ဒါယိကာမတို့ မြင် ကြသဖြင့် စင်စစ် သဒ္ဓါတရားနှင့်ပြည့်စုံသူ ရဟန်းတော်ပေတည်း ဟု ထင်မှတ်ကြပြီးလျှင် အိမ်သို့ပြန်ကြခါနီး အချိန်၌ အကြွင်းကြွင်း ပစ္စည်းလေးပါးတို့ဖြင့် ဘိတ်ကြား လှူဒါန်း၍ သွားကြကုန်၍၊

ဤကား သဒ္ဒါတရား မိမိ၌ မရှိသော်လည်း သူတပါး အထင်ကြီး အောင် လှည့်ဆောင်မှု အလိုဆိုးဟု ခေါ်ရ၏။

အချို့အချို့သော ရဟန်းသည် မိမိ၌ သီလ စင်စင်ကြယ်ကြယ် မရှိသော်လည်း ဝိနည်း သိက္ခာ၌ ကောင်းစွာ အလေးအမြတ်ပြု၍ ကျင့်တတ်လေယောင် ဟန်ဆောင်ပြသတတ်၏၊ အဘယ်သို့ ဟန် ဆောင်ပြသသော အလိုဆိုး ပါပိစ္ဆ ရှိသနည်းဟူမူကား ဒါယကာ ဒါယိကာမများ မမြင်မကြား မသိနိုင်သော နေရာအရပ်တို့၌ မည် သည့်သိက္ခာပုဒ်ကိုမျှ ရိုရိုသေသေ ကျင့်ကြံခြင်း မရှိသော်လည်း အသီးအသီးသော ဒါယကာ ဒါယိကာမတို့ ကျောင်းသို့လာရောက် ကြသောအခါ၌မူ ထိုထိုသော လူဒါယကာတို့၏ ကြားလောက် မြင် လောက်ရာအရပ်၌ ဝိနည်းဆောင်သော ရဟန်းတော်မြတ်၏အထံ သို့ ကပ်ရောက်၍ ဤသို့ မေးလျှောက် စုံစမ်းခြင်းကို ပြု၏။

အရှင်မြတ်ဘုရား၊ တပည့်တော်သည် ခရီးသွားသောအခါ၌ နွား သည် လန့်ကြောက်သဖြင့် ထွက်ပြေး၏၊ ထိုအခါ မြက်ပင်များ သည် ပြတ်သွားကြကုန်၏၊ သေနာသနဝတ်ကို ပြု၍ တံမြက်လှည်း သောအခါ၌လည်း ဤနည်းတူ မြက်ပင်တို့သည် ပြတ်တွကြကုန် ပြန်၏၊ စင်္ကြံလျှောက်ပြန်သောအခါ မမြင်ပါ၍ ပိုးကောင်ငယ်တွေ ကို နင်းမိသေပျောက်စေကုန်၏၊ ရံခါရံခါ သတိမထားမိမူ၍ မြက် ပေါ်၌ တံတွေးထွေးချမိ၏၊ ဤသည့်ကိစ္စအရင်ရပ်တို့ကြောင့် မည် သည့်အပြစ် အာပတ်သို့ သက်ရောက်ပါသနည်းဟု မေလျှောက် ၏၊ ထိုအခါ ဝိနည်းဆောင်ဆရာတော်ဘုရားက ပြန်ကြားမိန့်မြွက် တော်မူသည်မှာ ငါ့ရှင်၊ သင်သည် ကျူးလွန်လိုသောစိတ်မရှိမူ၍ ပြုမိသောကိစ္စအရပ်ရပ်သည် သတိလစ်လပ်မှုဖြင့် အာပတ်သို့ မရောက်မသင့်ပေဟု ပြောကြား၏။

ထိုအခါ ဝိနယကုက္ကုစ္စရှိလေယောင် ဟန်ဆောင်သောရဟန်း သည် မထေရ် ဝိနည်းဆောင် အရှင်မြတ်အား နောက်ထပ်၍ လျှောက်ကြား သည်မှာ အရှင်မြတ်ဘုရား.....၊ ဤအမှုကိစ္စများကို

ပြုလုပ်မိသည့်အချက်ကြောင့် တပည့်တော်၌ ဝန်လေးလျက် သံသယမကင်းနိုင်သေးပါ၊ ကောင်းစွာ ဝိနည်းဖြင့်ဆင်ခြင်ဆုံးဖြတ်တော်မူပါဟု လျှောက်ပြန်၏။

ဤရဟန်း၏ လျှောက်ထားစုံစမ်းသောစကားတို့ကိုကြားသိကြကုန်သော ဒါယကာ ဒါယိကာမတို့သည် ဤသို့ တွေးထင်ကြကုန်၏၊ ဤလျှောက်ထားနေသူ အရှင်မြတ်သည် အရပ်ရပ်သော အသေးအငယ် သိက္ခာပုဒ်တို့၌ပင် စင်ကြယ်သန့်ရှင်းစေလိုသောစိတ်ရှိနေပါသေးလျှင် ထိုထက်ပင် ကြီးကျယ်သော အာပတ်သိက္ခာပုဒ်တို့၌ အဘယ်မှာလျှင် ကျူးလွန်တော့မည်နည်းဟု အသိးသီးမှတ်ထင်ကြည်ညိုခြင်းဖြစ်ကြကုန်လျက် နှစ်သက်ဘွယ် ပူဇော်သက္ကာရတို့ကို ပြုကြလှူကြကုန်၏၊ ဤသို့ပြောဆိုပြုမူပုံမျိုးကို သိလမရှိဘဲလျက် သိလစင်ကြယ်လေယောင် ဟန်ဆောင်ပြောဆိုသော ပါပိစ္ဆ အလိုဆိုးဟု ခေါ်ရ၏။

အချို့အချို့သော ရဟန်းသည် မိမိ၌ ပညာ အဟုတ်အမှန်မရှိသော်လည်း သူတပါးတို့၏ မိမိ၌ အထင်ကြီးစေခြင်းကို အလိုရှိသဖြင့် ပညာရှိယောင်ဟန်ဆောင်လိုသဖြင့် ဒါယကာ ဒါယိကာမတို့ ကျောင်းသို့လာရောက်ကြသောအခိုက် ထိုသူတို့၏ရှေ့၌ ထိုင်နေလျက် ဤသို့ပြောကြား၏။

ဤမည်ဤမည်သော ကျမ်းဂန် ပိဋကတ်တို့ကို ဆောင်သည်, တတ်သည်ဟု ကျော်စောသော ဤအမည်ရှိသောပုဂ္ဂိုလ်သည်ရှင်း, ဤမည် ဤမည်သော နိကာယ်လေးကျမ်းကို ဆောင်စွမ်း ရွတ်ပြန်နိုင်သော ပုဂ္ဂိုလ်ဟု ကျော်စောသော ဤအမည်ဤအမည်ရှိသော ပုဂ္ဂိုလ်သည်ရှင်း, ငါ၏ အန္တေဝါသိကတပည့်တို့ ဖြစ်ကြကုန်၏၊ ထိုထင်ရှားကျော်ကြားသူတို့သည် ငါ၏ထံ၌ နည်းခံသင်ယူကြရကုန်၏ဟု ပြောကြား၏၊ ထိုအခါ ဒါယကာ ဒါယိကာမတို့သည်လည်း ဤသို့အထင်ကြီးကြကုန်၏၊ ငါတို့၏ဆရာတော်သည် ဂုဏ်ကျော်ထင်ရှားသူတို့ထက် ပိဋကတ်အရာ၌ ထက်မြက် တတ်မြောက်ပါ

ပေသည်ဟု ယုံကြည်ပူဇော်လှူဒါန်းကြကုန်၏၊ ဤကား ပညာမရှိသော်လည်း ပညာရှိယောင်ဟန်ဆောင်လိုသော အလိုဆိုးတည်း။

အချို့အချို့သော ရဟန်းသည် မိမိ၏သန္တာန်၌ သမ္ဘာဝိယာမ လုံ့လမရှိ ပျင်းရိတွေဝေလျက် ဝိဝေက=ဆိတ်ငြိမ်ရာဌာနနှင့် တခဏမျှ မပျော်မွေ့ခြင်းသည် ဖြစ်၏၊ သို့သော်လည်း အလွန်ကမ္မဋ္ဌာန်းအမှု၌ လုံ့လကြီးလျက် အပေါင်းအဘော်မမြိုးဘဲ ဆိတ်ငြိမ်ရာ၌ပျော်မွေ့လေယောင် ဟန်ဆောင်လုပ်၍ ပြချင်သော အလိုဆိုး ပါပိစ္ဆရှိသဖြင့် ကျောင်းပူဇော်ပွဲနေ့ စသည်တို့၌ ဒါယကာ ဒါယိကာမတို့ ကျောင်းသို့ လာကြသောအခါ၌ ညောင်စောင်း ကုလားထိုင် အမှိတကဲပျဉ်တို့ကို ယူငင် ထွက်သွား၍ ကျောင်း ပရိဝုဏ် အစွန်အဖျားရှိ သစ်ပင်၏အောက်၌ တယောက် တပါး ထည်း ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်၏။

ထိုအခါ ဒါယကာ,ဒါယိကာမတို့သည် ကျောင်း၌ ကျန်ရှိ၍ နေကုန်သော ၎င်း၏တပည့်ဖြစ်သူ ရဟန်းတို့အား ဆရာတော်ဘုရား အဘယ်သို့ကြွသွားပါသနည်းဟု အသီးသီး မေးလျှောက်ကြကုန်၏၊ ထိုအခါ ဆရာတော်၏နည်းတူ မသိသူ ဒါယကာတို့အား လှည့်စားပြောဆိုလိုသူ တပည့်ရဟန်းတို့သည်လည်း ဤဆိုလတ္တံ့သောနည်းဖြင့် ပြန်ပြောကြပြန်ကုန်၏၊ ဆရာတော်သည် ဤအချိန်အခါမျိုး၌ လူရှင်ရဟန်းတို့ပြိုးပြွမ်းထူထပ်သော ဤအရပ်ဤနေရာမျိုး၌မနေ၊ ဝိဝေက=ဆိတ်ငြိမ်ရာကျောင်း အစွန်အဖျား စင်္ကြံရှည် စသည်တို့၌သာ သီတင်းသုံး နေထိုင်လေ့ရှိ၏ဟု ပြန်ပြောကြကုန်၏။

ထိုနောက် နေ့အချိန် ကုန်၍သွားသောအခါ ဆိတ်ငြိမ်ရာမှ ထွက်လာသော ဟန်အမူဖြင့် ပင့်ကူမျှင်ကို နဖူး၌ ကပ်ငြိ စေ၍ အင်းပျဉ်ကုလားထိုင် စသည်တို့ကိုယူလာလျက် ကျောင်းပရိဝုဏ် တံခါးအထွက်ဝ၌ နေလာပြန်၏၊ ထိုအခါ ဒါယကာ, ဒါယိကာမတို့သည် ရုံညီကပ်ရောက်လျက် လျှောက်ထားကြသည်မှာ ဆရာတော်ဘုရား၊အဘယ်နေရာ၌ ကြွသွားနေထိုင်ပါသနည်း၊ ကျောင်း

သို့ တပည့်တော်များ ရောက်ကြပြီး၍ မကြာခင်ပင် ဖူးမြင်လိုကြ သဖြင့် ရှာကြသော်လည်း မတွေ့ရပါကုန်ဟု လျှောက်ကြ၏။

ထိုအခါ ပျင်းရိသောသဘော မိမိ၌ရှိလျက် ဆိတ်ငြိမ်ရာအရပ်၌ နှစ်သက်လေယောင် ဟန်ဆောင်သူ ဆရာတော်သည် ဤသို့ မိန့်တော်မူကြားလေ၏၊ ဤအချိန် ဤအခါ ဤနေရာ ဤဌာနမျိုး၌ အကျိုးမရှိသောစကား ပြောကြားတတ်သူ လူသာမဏေ စသည်တို့နှင့် ပြိုးပြွမ်းရောယှက်၍ နေသောကြောင့် ဝိဝေကဠ=ဆိတ်ငြိမ်ခြင်းကို မရသောကြောင့် အတောင် ၆၀–မျှရှိသော စကြံ၌ သင့်တန်သော ကမ္မဋ္ဌာန်းကို ပွါးလျက် သွားရောက် နေထိုင်ရတော့၏ ဟု ပြောကြား၏။

**အဋ္ဌကထာ ဘွင့်များစွာ**......ထိုမှတပါး အစားစားအမျိုးမျိုး သူတော်ကောင်း အရိယာတို့၏ နည်းကိုခိုးလျက် အလိုဆိုး ပါပိစ္ဆဖြင့် ဝိရိယမရှိဘဲရှိလေယောင်, သတိမရှိဘဲ ရှိလေယောင်, သမာဓိမရှိဘဲ ရှိလေယောင်,ဈာန်အဘိညာဏ် သမာပတ်ကို မရရှိဘဲ ရရှိ၍နေလေယောင် လှည့်ဆောင်ဝါကြွားလျက် ဒါယကာ, ဒါယိကာမတို့အား လာဘ်ချူသောစကားနှင့် လာဘ်မြှူသော အလိုဆိုးများကိုလည်း အဋ္ဌကထာ၌ ပြထားဘွင့်ဆိုတော်မူသေး၏။

**အထင်ကြီးစေဘို့အတွက်**......အချို့ အချို့သော ရဟန်းသည်လည်း မိမိ၏အပေါ်၌ ဒါယကာ ဒါယိကာမတို့ အထင်ကြီးကြစေရန် ရည်သန်ပြောကြား၏၊အများအားဖြင့် ဒါယကာ ဒါယိကာမတို့ဟူသည် မိမိတို့ယုံကြည်ဆည်းကပ်ကိုးကွယ်အင်သော ရဟန်းတော်မြတ်တို့၌ သီလရှိလတ်သောကြောင့်ပင်ဖြစ်စေ, ကမ္မဋ္ဌာန်းဝိပဿနာကို ပွါးများတတ်သောကြောင့်ပင်ဖြစ်စေ ရဟန္တာ၏အနေကဲ့သို့ စိတ်စေတနာ သဒ္ဓါကြည်ညိုခြင်းထားတတ်ကြကုန်၏၊ထိုအခါအလိုဆိုးရှိသောရဟန်းများဖြစ်ကြမူ သွယ်ဝိုက်၍ ပြောကြားသော နည်းကို ယူကုန်လျက်

လာဘ်များကိုချူလိုသည့် အချက်ကြောင့် ကျောင်းတွင်းသို့ ဖှည့် လည်လျက် လာရောက်ကြကုန်သော ရွာသူသားငယ်တို့ကို ဤသို့ မေးမြန်း၏၊ မင်းတို့၏ အမိအဘများသည် ငါတို့၏အကြောင်းကို အိမ်၌ အဘယ်သို့ ပြောကြားကြသည်ကို ကြားသနည်းဟု မေး၏၊ ထိုအခါ ကလေးသူငယ်တို့သည် အရှင်ဘုရားတို့ကို ရဟန္တာဟု ပြောသံကြားရပါသည်ဟုလျှောက်ကြ၏၊ထိုအခါအလိုဆိုးရှိသော ရဟန်းက ပြောသည်မှာ မင်းတို့၏ မိဘများသည် သူတပါးတို့ ထက် အရိယာ ဟုတ်,မဟုတ်ကို အကဲခတ်ချက် လိမ္မာသဖြင့် ရဟန္တာ မထင်မှတ်အောင် ဖှည့်ပတ် ဖုံးလွှမ်း၍ မရနိုင်ပေဟု ပြော၏။

ဤ၌ အဋ္ဌကထာဆရာသည် မြေတွင်းအောင်း အိုးစရိုး ရဟန္တာ သစ်မှတ်ဆိတ်,သစ်ပါးပျဉ်း ရဟန္တာပြုလုပ်ဟန်ဆောင် ပုံတွေကို ပါ ထည့်သွင်းဘွင့်ပြ၍ထားသေး၏။

**ယခုကာလ ပြောကြအမှား**·····ထိုမှတပါး ယခုကာလ အချို့ အချို့အရပ်ဌာန၌ ကမ္မဋ္ဌာန်း ပြဆရာ ပြုလုပ်လျက် အသင့်အလျော် တပည့်လုပ်သူတို့၌အရောင် အလင်း အဋ္ဌ အကြည် ပေါ်လာသောအခါ ဤသို့ ဝါကြွား ပြော ကြား၏၊ ပိဋကတ်စာပေတို့ကို အထူ ဂရုပြု၍ သင်ကြားနေရန် မလို၊တရားကိုသာလျှင် ငါပြောပြသကဲ့သို့အားထုတ်လျှင် အဟုတ် အမှန် ပရိယတ်ဉာဏ်ပေါ်လာတတ်မြောက်နိုင်၏ဟုဟော၏၊ အချို့ တို့လည်း ပရိယတ္တိကာဆီးသောကြောင့် ထွက်ပေါက်မရ၊ နိဗ္ဗာန ဝေးကွာ ရှိနေကြရှာသည်ဟု ဟောကြား ကြကုန်၏။

ဤသူတို့၏ စကားသည် အဋ္ဌကထာ၌ တိုက်ရိုက်အားဖြင့် ပြထားဘွင့်ဆိုပြီးစကားနှင့် တထပ်တည်း တူညီနေတော့၏။

**သမ္မောဟ ဝိနောဒနီ ခုဒ္ဒကဝတ္ထု ဝိဘင်္ဂအဋ္ဌကထာ၌**·····

ဒုပ္ပညောပိ ဥပဋ္ဌကာနံ မဇ္ဈေ နိသိန္နော မဇ္ဈိမနိကာယေ
မေ ပပဉ္စသူဒနီ ဩလောကေန္တဿ သဟိဒ္ဓိယာ မင်္ဂေါ

အာဂတော၊ ပရိယတ္တိနာမ အမှာကံ န ဒုက္ကရာ၊ ပရိယတ္တိဝါ
ဟာရေတွာ ပန ဒုက္ခတော နမုစ္စတီတိ ပရိယတ္တိံ ဝိဿဇ္ဇယိ
မှာတိအာဒီနိ ဝဒန္တော အတ္တနော မဟာပညတ္တံ ဒီပေတိ၊
ဧဝံ ဝဒန္တော ပနဿ သာသနေ ပဟာရံ ဒေတိ၊ ဣမိနာ
သဒိသော မဟာစောရောနာမ နတ္ထိ၊ န ဟိ ပရိယတ္တိ
ဓရော ဒုက္ခတော န မုစ္စတီတိ။

ဟူ ပရိယတ်ကို ရှုတ်ချသဖြင့်မဟာစောရမည်ပုံကို ဘွင့်ဆို ပြထားတော်မူ၏။

ဒုပ္ပဉ္ဉောပိ၊ ပညာမရှိသော ရဟန်းသည်လည်း။ ဥပဇ္ဈကာနံ၊ မိမိ၏အလုပ်အကျွေးဖြစ်ကုန်သောဒါယကာတို့၏။ မဇ္ဈေ၊ အလယ်၌။ နိသိန္နော၊ ထိုင်နေလျက်။ မဇ္ဈိမနိကာယေ၊ မဇ္ဈိမနိကာယ်ကျမ်း၌။ ပပဉ္စတ္တယံ၊ တဏှာ,မာန,ဒိဋ္ဌိဟူ ဆိုအပ်သော သံသရာကိုချဲ့တတ်, ကျယ်စေတတ်သော တရားသုံးပါး အပေါင်းကို။ ဩလောကေန္တော၊ ကြည့်ရှုသော။ မေ၊ ငါ့အား။ သဟိဒ္ဓိယာ၊ ဣဒ္ဓိပါဒ်နှင့်တကွ။ မဂ္ဂေါ၊ လောကုတ္တရာမဂ်သည်။ အာဂတော၊ ရောက်လာ၏။ အမှာကံ၊ ငါတို့အား။ ပရိယတ္တိနာမ၊ စာပေသင်ကြားမှု ပရိယတ်မည်သည်။ နဒုက္ကရာ၊ မခဲယဉ်း။ ပရိယတ္တိ ဝါဟာရေတွာပန၊ ပရိယတ်ကို ဆောင်ယူသင်အံရခြင်းသည်။ ဒုက္ခတော၊ သံသရာဝဋ်ဒုက္ခမှ။ နမုစ္စတိ၊ မလွတ်။ ဣတိတသ္မာ၊ ထိုသို့ပရိယတ်ကိုဆောင်ရွက်ရခြင်းသည်ဒုက္ခမှမလွတ်သောကြောင့်။ ပရိယတ္တိံ၊ ပရိယတ်သင်ဆောင်ခြင်းကို။ ဝိဿဇ္ဇယိမှ၊ စွန့်လွှတ်လိုက်လေပြီ။ ဣတိအာဒီနိ၊ ဤသို့အစရှိသည်တို့ကို။ ဝဒန္တော၊ ပြောဆိုလျက်။ အတ္တနော၊ မိမိ၏။ မဟာပညတ္တံ၊ ကြီးသော ပညာရှိသည်၏အဖြစ်ကို။ ဒီပေတိ၊ ဒါယကာတို့အား ပြောပြ၏။ အဿ၊ ထိုဝါကြွားသောရဟန်း၏။ ဧဝံ၊ ဤသို့။ ဝဒန္တော၊ ပြောဆိုခြင်းသည်။ သာသနေ၊ သာသနာတော်၌။ ပဟာရံ၊ ပုတ်ခတ်ထိပါးခြင်းကို။ ဒေတိ၊ ပေး၏။ ဣမိနာ၊ ဤသို့ပြောကြားသော ရဟန်းနှင့်။ သဒိသော၊ တူမျှသော။ မဟာစောရောနာမ၊ ကြီးကျယ်သော ခိုးသူ

မည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကားမှန်၏။ ပရိယတ္တိ ဓရော၊ ပရိယတ်ပညာကိုရွက်ဆောင်သောသူသည်။ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ နနမုစ္စတိ၊ မလွတ်မြောက်သည်မဟုတ်, လွတ်မြောက် သည်သာလျှင်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ပရိယတ်ကို ရွက်ဆောင်သူသည် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရသောကြောင့်။ ဣမိနာ၊ ဤသို့ပရိယတ်ကို ရှုတ်ချ ဟောပြောသော ရဟန်းနှင့်၊ သဒိသော၊ တူမျှသော။ မဟာစော ရောနာမ၊ ကြီးကျယ်သောခိုးသူမည်သည်။ နတ္ထိ၊ မရှိ။

ဟု ဘွင့်ပြတော်မူ၏။ ဤသည်လည်း အလိုဆိုးတမျိုးပင်တည်း။

## ကျမ်းဂန်ကိုအရုံအညီမပြသဖြင့် မိစ္ဆာဉာဏ်ဖြစ်ရခြင်း

အချို့အချို့သော ပုဂ္ဂိုလ်တို့သည်လည်း အနည်းနည်း အဖုံဖုံ အားဖြင့် အကြောင်းအားလျော်စွာ အရေးဌာန ပုဂ္ဂလအနုအရင့် ကျွတ်ခွင့်ပါရမီ စသည်တို့ကို ဝေဘန်ဟောပြထားတော်မူရာ ဓမ္မက္ခန္ဓာတို့တွင် မိမိ မိမိလိုရာ တစိတ်တချို့ကိုသာလျှင် ဘော်ပြ ကိုးကား၍ အခြားသောနေရာ၌ ထိုက်သင့်သည့်အလျောက် ချီး မြှောက်ဟောကြားသည်တို့ကို မြှုပ်ထားကွယ်ဖျက်လျက် ဒေသ နာတော်နှင့်ဆန့်ကျင်ဘက်စကားတို့ကို ပြောကြားယူဆကြကုန်၏၊

**ဥပမာ** .....ဘုရားဆင်းတု စေတီတော်တို့ကို ပူဇော်လှူဒါန်း သူတို့အား ပယ်ရှားပြောဆိုလိုသောအခါ ဝက္ကလိ မထေရ်အား မြတ်စွာဘုရားမောင်းမဲသော ဝတ္ထုကိုသာ ထင်ရှား စွာထုတ်ပြ၏၊ ဤဝတ္ထု၌ ဝက္ကလိမထေရ်ကြီး၏ ဖြည့်ဆည်းပူး တော်မူခဲ့ပြီးသော ပါရမီကိုရင့်,သဒ္ဓိန္ဒြေအားကြီးနေသော အခိုက် အတန့်၌ပညိန္ဒြေ၏ကိစ္စ နိမ့်ကျငုပ်လျှိုးနေသောကြောင့် အရဟတ္တ မဂ်ဖိုလ်၏အခြေသို့ မရောက်နိုင်သေး ဖြစ်နေသည်ကို မြင်သော ကြောင့်ရင်း ငါဘုရား၏ ပုတိကာယကို ကြည့်ရှုဖူးမြင်နေသဖြင့်

သင်၌အဘယ်အကျိုးရှိအံ့နည်းဟု မောင်းမဲတော်မူရ၏၊ လုံးလုံးဖူးမြင်မှု၌ အကျိုးမရှိသောကြောင့် မောင်းမဲတော်မူရသည် မဟုတ်လေ။

အခြားနေရာ၌ကား ဗုဒ္ဓါနုဿတိသည် ကမ္မဋ္ဌာန်းတို့တွင် လွန်ကဲသောကမ္မဋ္ဌာန်း ဖြစ်၏ဟူ၍၎င်း, ဖူးမြင်ရခြင်း ဟူသမျှတို့တွင် မြတ်စွာဘုရား၏နှင့် ဘုရား၏တပည့်ရဟန်းတို့အား ဖူးမြင်ရခြင်းသည် လွန်ကဲမြင့်မြတ်သော ဖူးမြင်ရခြင်းပေတည်းဟူ၍၎င်း ဟောတော်မူရ၏။

ဤဒေသနာတို့ကို မမြင်မတွေ့သောကြောင့်ပင်လော,ဤနေရာ၌ မောင်းမဲတော်မူရခြင်း၏ အကြောင်းရင်းကို မသိမမြင်နိုင်သောကြောင့်လောဟု မသိလေ၊ ဘုရားစေတီ ရုပ်ပွါးကို ရှိခိုးပူဇော်ဖူးမျှော်လှူဒါန်း၍ အကျိုးမရှိဟု ဟောမှား ပြောမှား ပြုလုပ်ကြပြန်ကုန်၏။

**ဟောပြသူတို့၏အပြစ်** ။ အချို့သော ပုဂ္ဂိုလ်တို့သည်လည်း ပေါဋ္ဌိလမထေရ်ကြီးကို ထုတ်ပြ ကိုးကား၍ ပရိယတ္တိတရားကြောင့် မဂ်,ဖိုလ်သို့မရောက်နိုင်လေဟန် ရည်သန်ဟောပြကြကုန်၏၊ မချအားဖြင့် အခြားနိဝရဏကြောင့်သာ တရားအားထုတ်ရောက်စွသို့ မရောက်နိုင်ဖြစ်နေရ၏၊ ပရိယတ္တိအခံရှိလေပြီးသောကြောင့် နည်းပေးသော သာမဏေ၏စကားကိုနာကြားပြီးသောခဏလျင် မြန်စွာမဂ်ဖိုလ်ကိုရသည့်ဂုဏ်ကို အလုံးစုံ မြုပ်ထားဟောပြနေကြ၏၊ နောက်၌လည်း ပရိယတ်ကြောင့် မဂ်,ဖိုလ်မရဟု ဟောပြသူတို့၏အပြစ်ကို စင်စစ် မဟောစေရန်နှင့် တူကြောင်းဖြင့် အဋ္ဌကထာဆရာ ဘွင့်ပြတော်မူရရှာလေပြီ။

ဤယခုပြခဲ့ပြီးသည်တို့ကား သတ္တဝါတို့ဆုတ်ယုတ်၍ လာသောကြောင့် အတ္တိစ္ဆ,မဟိစ္ဆ,ပါပိစ္ဆ-ပုဂ္ဂိုလ်တို့ပေါ်များ၍ လာကြခြင်း ဖြစ်ကြကုန်သည်ကို ပြဆိုခြင်းတည်း။

# အဇိမာနဖြစ်ပေါ်လာပုံ

မြတ်စွာဘုရား ထင်ရှားရှိတော်မူသည့်အခါ၌ပင် အလိုဆိုးရှိသူတို့နှင့် မူလကပင် စိတ်ကောင်းထား၍ တရားကိုအားထုတ်သော်လည်း အထင်ကြီးသော အဇိမာနကြောင့် မဂ်ဖိုလ်သို့ မရောက်နိုင်, မရနိုင်ကြသူတို့ကို ယခု ပြလတ္တံ့သော စကားတို့ဖြင့် မှတ်သားသိရှိကြကုန်ရာ၏။

**အဇိမာနတွက်ပညတ်ချက်**……ရဟန်းတော်တို့၏ ပါရာဇိက ၄-ပါးတို့တွင် လေးခုမြောက်စတုတ္ထပါရာဇိကကို ပညတ်တော်မူရခြင်း၏ အကြောင်းရင်းကား ဤသို့တည်း၊ မြတ်စွာဘုရားသည် ဝေသာလီပြည်၏ အနီးမဟာဝန်တောကြီး၏အတွင်း အယွန်တပ်သောစရပ်ကြီး၌ သီတင်းသုံးတော်မူ၏၊ ထိုအချိန်အခါ ဝဂ္ဂုမုဒါ မြစ်ကမ်း၏အနီး၌ အသိသိးသော ရဟန်းတော်များလည်း ဝါကပ်၍နေကြကုန်၏၊ ထိုရဟန်းတော်တို့၏ဆွမ်းခံရာ ဝဇ္ဇီတိုင်း၌ ငတ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခဘေးကြီး ဘိစီးနှိပ်စက်သဖြင့် ပျက်စီးသော ကောက်ပင်တွေရှိကြ၍ ငတ်မွတ်၍ ယနေ့ သေရမည်လော, နက်ဖြန် သေရမည်လောဟု တွေးတောကြောင့်ကြဗိုးရိမ်ကြလျက် နေကြရကုန်၏၊ထိုအခါ ရဟန်းတော်တို့သည် ဤသို့ တိုင်ပင်စည်းဝေးကြကုန်၏။

**အစည်းအဝေးတွင်အဆိုတင်**……ငါ့ ရှင် တို့……၊ ငါတို့သည် သပိတ်လက်စွဲလျက် ရွာထဲသို့ လျှောက်၍ အချိန်ရှိသမျှ ဆွမ်းခံကြသော်လည်း ဝမ်းဝရုံသာ တထပ်စာမျှ မရမရှိနိုင်ကြကုန်၊ မည်သို့မည်ပုံ အစွမ်းကုန်အားထုတ်ကြလျှင် ချမ်းချမ်းသာသာ မျှတသုံးဆောင်နိုင်ကြပါကုန်အံ့နည်းဟု အချို့သော ရဟန်းတော်တို့သည် မေးမြန်းကြကုန်၏၊ ထိုအခါ အချို့သောရဟန်းတော်တို့သည် ဤသို့ပြောဆိုကြကုန်၏၊ ငါတို့သည် လူဒါယကာ, ဒါယိကာမတို့၏ လယ်ယာကိစ္စ လုပ်ကိုင်ဆောင်ရွက်ရာ ဌာနတို့၌ လဂ် ပြနည်းပေးလျက်

ကိုယ်ရေး ကိုယ်တာကဲ့သို့ ဝင်ပါလုပ်ကိုင်ကြစို့ အံ့၊ ထိုအခါ ငါတို့အား လူဒါယကာ ဒါယိကာမတို့သည် သတိရကြကုန်လျက် ဝေဠလှူဒါန်းခြင်းပြုကြလိမ့်မည်ဟု ပြောဆိုကြကုန်၏။

အချို့အချို့သော ရဟန်းတော်များကမူ ဤအယူဝါဒ စိမ်ချက်ကို မနှစ်သက်သဖြင့် လူတို့နှင့်မရောယှက်ဘဲ ဆောင်ရွက်ကြရန် တမန်သည်ကိစ္စ တရွာမှတရွာ ခိုင်းစေရာသို့ သွားလာပို့ပေးလျှင် ကျေးဇူးတင်ခါ ဆွမ်းလျာဘောဇဉ် ပေးလှူချင်သောစိတ် ဖြစ်လာလိမ့်မည်ဟုပြောဆိုကြကုန်၏။

အချို့အချို့သောရဟန်းတော်များကမူ ဤလူတို့၏ အစေခံဖြင့် အသက်မွေးရန် အောက်ကျနောက်ကျ ဖြစ်လွန်းလှ၏၊ ဥတ္တရိ မနုဿဓမ္မကို ပြောကြား ကြည်ညိုစေမည်ဟု ကြံစည်ပြောဆိုကြကုန်၏။

**နောက်ဆုံးအဆို အတည်ပြု၍**……ဤသို့တိုင်ပင် ပြောဆိုသော အကြံအစည်တို့တွင် နောက်ဆုံး ရဟန်းတစု၏ ကြံစည်မှုကို သဘောကျကြကုန်၏၊ ထိုမှ နောက်အခါ ကျောင်းသို့ ဒါယကာ-ဒါယိကာမတို့ လာကြသော အခိုက်၌လျှင် ဤအမည်ရှိသော အရှင်သည် ပဌမဈာန်ကိုပင် ရသောပုဂ္ဂိုလ်တည်း၊ ဤအမည်ရှိသော အရှင်သည် ဒုတိယဈာန်ရသောပုဂ္ဂိုလ်တည်း၊ ဤနည်းအတူ တတိယဈာန်, စတုတ္ထဈာန်ရသောပုဂ္ဂိုလ်တည်း၊ ဤမည်သောအရှင်သည် သောတာပန်တည်း၊ ထိုနည်းအတူ ဤသူက သကဒါဂါမ်၊ ဤသူက အနာဂါမ်၊ ဤသူ, ဤသူက ရဟန္တာ၊ ဤသူ, ဤသူတို့ကား ဝိဇ္ဇာသုံးပါး အဘိညာဏ် ခြောက်ပါးတို့ကို ရသူတို့တည်းဟု အသီးသီး တယောက်သော ရဟန်းသည် တယောက်သောရဟန်း၏ ဂုဏ်စကားကို ဝါကြွား ပြောဆိုကြကုန်၏။

**ဒါယကာတို့အမြင်မကျယ်**……ထိုအခါ ဒါယကာ ဒါယိကာမတို့သည်ကား ယုံကြည်

အားထားကြကုန်လျက်၊ ငါတို့အား ယခုအခါ အရတော်ကြလေကုန်စွ၊ သီလဝန္တ အရိယာ ဝိဇ္ဇာအဘိညာဏ် အတန်တန်ပြည့်စုံသူ သူတော်သူမြတ်တို့ကို ကိုးကွယ် ဆည်းကပ်ကြရပေကုန်၏၊ ရှေးရှေးကာလ၌ကား ဤကဲ့သို့သော ပုဂ္ဂိုလ်ထူးများကို အားထား ကိုးကွယ်ရဘူးခြင်း မဖြစ်ကုန်ဟု အလုံးစုံ မိမိ-မိမိတို့စားသောက် သုံးဆောင်ရမည့်အစာအာဟာရကိုရင်း, ဆွေမျိုးဉာတိ အမိအဘတို့အား မပေးကမ်းဘူး ထူးမြတ်သော အစားအစာတို့ကိုရင်း, ကျွန်အမှုလုပ်အစေခံတို့အား ကျွေးမွေးရန် ထားသော အစာအာဟာရတို့ကိုရင်း ဤရဟန်းတော်တို့အားသာလျှင် လှူဒါန်းကျွေးမွေးပေးကမ်းချီးမြှောက်ကြကုန်၏။

**လှပဝဖြိုးအစာတိုးလျက်**......ထိုအခါ ဈာန်,မဂ်,ဖိုလ်ကိုပြောကြား၍ စားသောက်ကြရကုန်သော ရဟန်းတော်တစုတို့၌ စားသောက်မှု ပြည့်စုံသောကြောင့် အဖုံဖုံသော အသားအရေ ဣန္ဒြေစကျ၊ ရှုချင်စရာ လှပဝဖြိုးစွာ ရှိနေကြကုန်၏။

ထိုနောက်များမကြာ ဝါကျွတ်သောအခါ ဘုရားဖူးရန် သွားကြမြဲဓမ္မတာအတိုင်း မဆိုင်းထကြွ ကျောင်းအိပ်ရာနေရာ စသည်တို့ကို သိမ်းဆည်းသိုမှီးခဲ့ကြ၍ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေထိုင်ရာ မဟာဝုန်တောကြီးသို့ ခရီးထွက်လာကြကုန်၏။

**ဘုရားမြတ်စွာ မေးသောခါ**......မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ရောက်ကြသည့်အခါ၌ မြတ်စွာဘုရားတို့၏တံထွာ ဓမ္မတာသဘောအရ ရောက်လာကြသည့် တပည့်သားရဟန်းတို့အား ဆွမ်းဘောဇဉ် မှတ၍ ကျန်းမာစွာရှိကြကုန်၏လော၊ တဦးနှင့်တဦး အထူးသင့်တင့် ညီညွတ်စွာနေထိုင်နိုင်ကြကုန်၏လောဟု မေးမြန်းတော်မူလေ၏၊ ထိုအခါ ရောက်လာသော ရဟန်းတို့ကလည်း ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဆွမ်းဘောဇဉ် ပေါများ၍ စိတ်ထားညီညွတ်စွာ

ကျန်းမာကြပါကြောင်း ပြန်ပြောင်းလျှောက်ထားကြကုန်၏၊ ထို အခါ မြတ်စွာဘုရားသည် သိမြင်တော်မူသော်လည်း တရားဟော တော်မူပြီးလျှင် သိက္ခာပုဒ်ပညတ်ရန် ထပ်မံ၍မေးမြန်းတော်မူသည် မှာ ချစ်သားတို့……၊ယခုသင်တို့သီတင်းသုံးနေထိုင်သောရပ်ကွက် ၌ ငတ်မွတ်ခေါင်းပါးခြင်းနှိပ်စက်သဖြင့် အသက်၏အန္တရာယ် ကပ်တွယ်တွေ့ကြုံနေကြရကုန်၏ဟုကြားရသည်၊ငါ၏ချစ်သားတို့ ၌ကား အသားအရေ ဆူဖြိုးကြည်လင်လျက် ဆွမ်းဘောဇဉ် မျှတ ရခြင်းဖြစ်ကြကုန်၏၊အကြောင်းမည်သို့နည်းဟုမေးမြန်းတော်မူ၏။

**အကြောင်းမှန်ပင် လျှောက်တင်သော်**……ထိုအခါ ရောက် လာသော အာ ဂန္တုရဟန်းတို့က ပြန်ကြား လျှောက်ထားကြသည်မှာ မြတ်စွာ ဘုရား၊ တပည့်များတို့သည် ရှားပါးသော ဆွမ်းဘောဇဉ်ကြောင့် တဦး၏အပေါ်တဦး ဂုဏ်တင်၍ ဈာန်အဘိညာဏ် သမာပတ်နှင့် ဟက္ခ ဥတ္တရိမနုဿဓမ္မ အရိယမဂ်ဖိုလ်ကို ထိုသူ ထိုသူတို့ရ ကြောင်းဖြင့် အပေါင်းသော ဒါယကာ ဒါယိကာမတို့အား ပြော ကြား၍ စားသောက်ရပါကြောင်းလျှောက်ထားကြကုန်၏၊ထိုအခါ မြတ်စွာဘုရားက ချစ်သားတို့…၊သင်တို့ပြောကြားသည့်ဈာန်,မဂ်, ဖိုလ်ကို ထိုထိုရဟန်းတို့ ရရှိသိမြင်ကြသလောဟု မေးမြန်းသော အခါ ဝမ်းရေး ဝမ်းစာအလို့ငှါ ပြောကြားရကြောင်း၊ ရင်းပုဂ္ဂိုလ် အသီးသီးတို့၌ကား ဤဈာန်, မဂ်,ဖိုလ် တရားတို့ ပြောကြားသည့် အတိုင်း မရှိမသိ မမြင်ကြပါကုန်ဟု လျှောက်ထားကြ၏။

**မသင့်မမြတ် မလျော်ပတ်ဟု**……ထိုအခါ မြတ်စွာဘုရား သည် ဤဝဂ္ဂုမုဒ္ဒါ မြစ် အနီးမှ လာရောက်ကြကုန်သော ရဟန်းတော်တို့အား မဂ်ဖိုလ်မှ ဗိလာဖြစ်ကြကုန်သော ယောကျ်ားတို့……၊သင်တို့သည် အဘယ် ကြောင့် ဝမ်းရေး ဝမ်းစာအလို့ငှါ ဈာန်,မဂ်,ဖိုလ်တရားကို ဝါကြွား ပြောဆိုဘိသနည်း၊ သင်တို့၏ဝမ်းကို ထက်လှစွာသောသားလှီး

ခေးဖြင့် ပယ်ရှား လှီးဖြတ်ခြင်းသည် ကောင်းမြတ်၏၊ ဤမိမိတို့၌ မရမရှိအပ်သောဈာန်,မဂ်ဖိုလ်,တရားကို ဒါယကာ ဒါယိကာမတို့အား ဝါကြွားပြောဆိုခြင်းသည် အလျှင်းမသင့်မမြတ်။

အဘယ်ကြောင့်နည်းဟူမူကား ဤသားလှီးခေးဖြင့် ဝမ်းသားဝမ်းရေကိုလှီးဖြတ်ခြင်းကြောင့် သေမူလည်း သေပျောက်ရာ၏၊ သေခြင်း၏အနီး ဒုက္ခသို့မူလည်း ရောက်ရာ၏၊ အပါယ်လေးပါးသို့ မလားမရောက်ရာ၊ ဤသို့မဟုတ်မမှန် ဈာန်,မဂ်,ဖိုလ်တရားကို ပြောကြား စားသောက်ခြင်းကြောင့်မူကား များ စွာသော အပါယဒုက္ခသံသာရဝဋ်တွင်းမှ မလွတ်ကင်းနိုင်သော ဆင်းရဲတို့ကို အမြဲတွေ့ကြုံတတ်သောကြောင့် သာသနာတော်၌ မလျောက်ပတ် ကဲ့ရဲ့အပ်သောအကြောင်းကိစ္စတို့တည်းဟု အသီးသီးကဲ့ရဲ့ချတ်ချတော်မူပြီးလျှင် **ပဋ္ဌမေ ဘိက္ခဝေ မဟာစောရ**.....စသည်ဖြင့် လောက၌ ခိုးသားခေးပြ သူပုန်ဗိုလ်တို့ရှိကြသကဲ့သို့ ဤသာသနာတော်၌လည်း သူပုန်ဗိုလ်ခိုးသူကြီးတို့ အသီးအသီးရှိကြကြောင်းကို ဤသို့အောက်ပါအတိုင်း ဟောပြတော်မူ၏။

## ခိုးသူကြီး ငါးဦး

ချစ်သားတို့.....၊ဤလောက၌ ငါးယောက်ကုန်သော ခိုးသူကြီးတို့သည် အသီးအသီး ထင်ရှားရှိကြကုန်၏၊အဘယ်ငါးယောက်တို့နည်းဟူမူကား ချစ်သားတို့ .....၊ဤလောက၌ အချို့သော ခိုးသားခေးပြ သူပုန်ဗိုလ်စသော ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးအား အခါတပါး၌ ဤသို့သောအကြံအစည်သည်ဖြစ်လာ၏၊ငါသည် အဘယ်အခါ၌ အရာအထောင်သော နောက်ပါပရိသတ်အခြံအရံဖြင့် နိုင်ငံ, ဇနပုဒ်,မင်းနေပြည်တို့သို့ လှည့်လည်သတ်ဖြတ်ကာ ရွာအရပ်ကို တောဖြစ်စေပြီးလျှင် အသီးသီးသော နွား ဆိတ် စသော သတ္တဝါတို့ကို အလိုရှိရာ ချက်ပြုတ် စားသောက်ရပါအံ့နည်း၊ ဤသို့ကြံစည်ပြီးသော နောက်ကာလ၌ ထမြောက် အောင်မြင်လျက် ကြံစည်သော အတိုင်းပင်ရုံလင်သောအမြံအရံတပည့်သားတို့ဖြင့် များပြားသော

တိုင်းခွင်ပြည်ရပ်သို့ လှည့်ပတ်တိုက်ခိုက် စားသောက် နေထိုင်လေ၏။

**ပဥ္စမ မဟာစောရ**……ချစ်သားတို့……၊ဤလူဖြစ်သူ သူပုန်ဖိုလ်ခားပြပမာကဲ့သို့ ငါဘုရား၏ သာသနာတော်၌လည်း ယုတ်မာသော ပါပဘိက္ခု, အဗ္ဗုတ္တမစင်ကြယ်သော ရဟန်းအား မိတ်ထားအကြံ ဤသို့ဖြစ်ပြန်၏၊ ငါသည် အဘယ်အခါ၌ အရာအထောင်သော တပည့်ပရိသတ်အခြံအရံဖြင့် နိုင်ငံမြို့ရွာသို့ လှည့်လည်လျက် မင်းနေပြည်,နိဂုမ်း,ဇနပုဒ်တို့၌ လူတို့၏ အရိုအသေ အလေးအမြတ် ပြုခြင်း,မြတ်နိုးပူဇော်ခြင်းတို့ကို ခံယူရရှိပါအံ့နည်း၊ အသီးသီးသော ဆွမ်း, သင်္ကန်း,ကျောင်း, ဆေးပစ္စည်းလေးပါးတို့ကိုပါ ပေါများစွာရနိုင်ပါအံ့နည်းဟု ကြံစည်၏။

ထိုသို့ ကြံစည်တောင့်တပြီးသည့်၏ နောက်၌ကား သိက္ခာသုံးပါးတို့၌မရိုသေ၊ ပကတိသောလူတို့၏ အနေကဲ့သို့ ဇာခြေမရှိ၊ သတိလွတ်ကင်းလျက် ချွတ်ယွင်း ဘောက်ပြန်သော စကားကိုပြောဆိုတတ်ကြကုန်သော,မျက်နှာထားပေါ်လွင်စကားပြောလျှင်လည်း ပြန့်ကြဲ အမြဲသဖြင့် လာဘ်ရမှု၌ အထူးဂရုပြုကာ ဆရာဥပဇ္ဈာယ်တို့ ဆုံးမ၍မရသောကြောင့် စွန့်ထားအပ်ကုန်သော မိမိနှင့်အလိုတူ တပည့်ပာသမှုတို့ကို စုဆောင်းလျက် ကောင်းမြတ်သော အရိယာတို့၏ မူရာဆောင်ပုံ အလုံးစုံအလေ့အကျင့်တို့ကို သင်ပြလျက် ပြည်ထက်တခွင် ရွာစဉ်နိဂုမ်းတို့သို့ စုရုံးသွားရောက်ကြပြီးလျှင် ငါတို့၏ဆရာတော်အရှင်သည် အစဉ်မပြတ် ရဟန္တာအရှင်မြတ်တို့ ချဉ်းကပ်မှီတင်း သီတင်းသုံးနေထိုင်၍ သွားကြဘူးသဖြင့် အထူးကျော်ကြားသည့်အရပ်၌ ဝါကပ်တော်မူပြီး၍ ယခုကြွလာတော်မူကြောင်းကို အပေါင်းသော ဒါယကာ,ဒါယိကာမတို့အား အရိယာတပါး အထင်ရောက်စေရန် အတန်တန်သော နည်းပရိယာယ်တို့ဖြင့် ထုတ်ဖွယ်ဟောပြတတ်ကုန်သောတပည့်တို့ကို မိမိ၏အပေါ်၌ အထင်ကြီးစေရန် စိမံဟောပြစေကုန်၏။

ထိုသို့သောဂုဏ်ထူး ချီးကျူးစကားကို ကြားသိရကုန်သော ဒါယကာ ဒါယိကာမတို့သည်လည်း အလွန်ကြည်ညိုကြကုန်ပြီးလျှင် အသီးသီးသော ဆွမ်း, သင်္ကန်း,ကျောင်း,ဆေး, လေးပါးသော ပစ္စည်းတို့ဖြင့် ဝေးနီးရပ်ရွာ အဖြာဖြာတို့မှ ယူလာလှူဒါန်းပူဇော်ကြကုန်၏။

ဤသို့ ယုတ်မာသောအလိုဆိုးဖြင့် အမျိုးမျိုးလှည့်ပတ်ခံယူသော ရဟန်းသည် သူပုန်ဗိုလ် လူခိုးပြကဲ့သို့ သာမညဖြစ်သော အမျိုးသားတစုနှစ်စုမျှကို ဖျက်ဆီးလုယက်သည်မဟုတ်၊ များစွာသော ဒါယကာ ဒါယိကာမ မြို့ပြပြည်ရွာ အဖြာဖြာတို့၌ မိုကာချဉ်းကပ်နေထိုင်လတ်သူတို့၏ လေးရပ်သောပစ္စည်းကို ဖျက်ဆီး လုယက်သည်မည်၏၊ထို့ကြောင့် မဟာစောရ ပဉ္စမသူပုန်ဗိုလ်ကြီးတည်းဟု ဟောပြတော်မူ၏။

**ဒုတိယမဟာစောရ**……ထိုမှတပါး ချစ်သားတို့… ၊ဤသာသနာတော်၌ ယုတ်မာသော အလိုဆိုးရှိသူသည် မြတ်စွာဘုရား၏ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်သဖြင့် မျက်မှောက်ပြုအပ်သော သုတ်,ဝိနည်း,အဘိဓမ္မာ တရားကို ပါဠိ, အဋ္ဌကထာအားဖြင့်သင်ကြားနှုတ်တိုက်ဆိုင်ကာ သာယာသော မိမိ၏အသံဖြင့် ဒါယကာ ဒါယိကာမတို့၏ နားခံချင်စရာ သုတ္တန်ဒေသနာတို့ကို များစွာသောပရိသတ်အလယ်၌ ဟောကြား၏၊ ထိုအခါတရားတော်၏အဆုံး၌ အုံးအုံးကျက်ကျက် နှစ်သက်အံ့ဩကာ ပညာရှိသူ–လူတစုတို့သည် ဤသို့သော စကားဖြင့် လျှောက်ထားမေးမြန်းကြကုန်၏၊ အရှင်ဘုရား…၊ယခုဟောကြားတော်မူရာ ပါဠိတော်, အဋ္ဌကထာတို့သည် လွန်စွာကျနသန့်ရှင်းလှသဖြင့် အံ့ဩခြင်းဖြစ်ကြရပါသည်၊ အဘယ်မည်သော ဆရာမြတ်တို့၏ အထံ၌ နည်းခံလေ့လာ တတ်မြောက်တော်မူခဲ့ပါသနည်းဟု မေးလျှောက်ကြကုန်၏။

ထိုသောအခါ ယုတ်မာသော အလိုဆိုးရှိသူရဟန်းသည် မိမိ၏ သယမ္ဘူ ဉာဏ်စွမ်းဖြင့်တတ်စွမ်းဟောကြားနိုင်လေဟန် အဘယ် ဆရာတို့၏ထံ၌မျှ မသင်ကြား……၊ ငါတို့အားလည်း သင်ကြား ပို့ချနိုင်သူမရှိဟု ဆရာ၏ဂုဏ်ကို ပယ်ရှားပြောဆို၏၊ ဤသို့မြတ် စွာဘုရားသည် လေးသင်္ချေနှင့် ကပ္ပါတသိန်းကာလပတ်လုံး ဖြည့် သုံးကျင့်ဆောင်တော်မူပြီးမှ သိမြင်ခဲ့ရသော တရားကိုတပါးသော ဆရာမရှိ၊ မိမိ၏ကိုယ်တိုင်သိသကဲ့သို့ ဘုည့်ပတ်ပြောကြားလျက် ဟောစားသောရဟန်းသည် ဒုတိယ ၂-ယောက်မြောက် ဤသာသ နာတော်၌ ပေါ်ပေါက်သော မဟာစောရ သူပုန်ဓိုလ်ဓားပြကြီး တည်းဟု ဟောပြတော်မူ၏။

**တတိယမဟာစောရ**……ထိုမှတပါး ချစ်သားတို့…၊အချို့အချို့ သော ဤသာသနာတော်၌ ယုတ်မာ သောအလိုဆိုးရှိသူရဟန်းသည် ကိလေသာတည်းဟူသောအညစ် အကြေးမရှိသည်ဖြစ်၍ စင်ကြယ်သော,မြတ်သော,သာသနာတော် တည်းဟူသောအကျင့်ကို ကျင့်ဆောင်သော ရဟန္တာပုဂ္ဂိုလ် အား မိမိကိုယ်တိုင် မြင်ရကြားရသောကြောင့်လည်း မဟုတ်၊ တပါးသောသံသယရှိမှုကြောင့်လည်း မဟုတ်မူ၍ ပါရာဇိကဝတ္ထု ဖြင့် စွပ်စွဲလျက် လွဲမှားသော ဂုဏ်ချေဖျက်မှုကို ပြု၏၊ဤသည် လျှင် သာသနာတော်၌ တတိယ ၃-ယောက်မြောက် ပေါ်ပေါက် သော မဟာစောရ သူပုန်ဓိုလ်ဓားပြကြီးတည်းဟု ဟောပြတော် မူ၏။

**စတုတ္ထမဟာစောရ**…ထိုမှတပါး ချစ်သားတို့…၊ဤသာသနာ တော်၌ ယုတ်မာသော အချို့ရဟန်း သည် မဝေဘန်မစွန့်လွှတ်ကောင်းသောသံဃာပိုင်အာရာမ် ဥယျာဉ် ကျောင်း,ကျောင်းရာမြေ, ညောင်စောင်း, အင်းပျဉ်,ဘုံလျှို,ခေါင်း အုံး, ကြေးအိုး, သံအိုး,ကြေးခွက်, သံခွက်, ပဲခွပ်, ပေါက်ဆိန်, ဓားမ, ပေါက်တူး, တူးရွင်း, နွယ်, ဝါး, ဖြူဆံမြက်, ပြိန်းမြက်, မြေဘဏ္ဍာ,သစ်ဘဏ္ဍာတို့ကို မိမိ၌ အလွန်ကြည်ညိုစေရန် ရည်

သန် တောင့်တလျက် လူဒါယကာ ဒါယိကာမတို့အား ဖြားယောင်းသွေးဆောင် ပေးစွန့်ခြင်းကို ပြု၏၊ ဤကား စတုတ္ထ ၄-ယောက်မြောက် သာသနာတော်၌ ပေါ်ပေါက်သော မဟာ စောရ သူပုန်ဗိုလ်ခားပြကြီးတည်းဟု ဟောပြတော်မူ၏။

**ပဉ္စမမဟာစောရ**..... ထို့မှတပါး ချစ်သားတို့...၊ ဤသာသနာ တော်၌ ယုတ်မာသော အချို့ရဟန်း သည် မိမိ၌ ထင်ရှားမရှိသော, မဟုတ်မမှန်သော, မြတ်သော ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့ရအပ်သော ဈာန်,မဂ်,ဖိုလ် တရား ကို ငါ၏သန္တာန်၌ ထိုတရားတို့ ထင်ရှားရှိ၏ဟု ဟောကြားသဖြင့် ဒါယကာ-ဒါယိကာမတို့ကြည်ညိုယုံကြည်၍ လှူကြသော လာဘ် ပူဇော်သက္ကာရကို ဝမ်းဝဖြည့်တင်း ခိုးစားခြင်းကိုပြု၏၊ ဤရဟန်း သည် ဖြဟ္မဝှပြည့်,မာရ်နတ်နှင့်တကွသော နတ်ပြည်ခြောက်ထပ်, ငြိမ်းအပ် အပပြုကြပြီးသော ကိလေသာရှိသော ရဟန်းပုဏ္ဏားနှင့် တကွ လူ့လောက၌ လွန်ကဲကြီးကျယ်လှသော မဟာစောရ သူပုန်ဗိုလ်ခားပြကြီးတည်းဟု ဟောပြတော်မူ၏။

**ထိုမှနောက်၌**......

အညထာ သန္တမတ္တာနံ၊ အညထာ ယော ပဝေဒယေ စသည်ဖြင့် မိန့်တော်မူလေသည်။

**အဓိပ္ပါယ်ကား**......မိမိ၌ရှိသော မစင်ကြယ်သော ကိုယ်အမူ အရာတို့ကိုရင်း, နှုတ်အမူအရာတို့ကိုရင်း အပေါင်းသောသူတို့ မသိ မမြင်စေရန် ဖုံးအုပ်ကာ ရဟန္တာ အရိယာတို့၏ အသွင်ဖြင့် မြင်ရသူတိုင်း ကြည်ညိုလေအောင် လှည့်ဆောင်ဝါကြွားလျက် ပစ္စည်းလေးပါးကို သုံးဆောင်သဖြင့် စင်စစ် ကောက်ကျစ်သော ငှက်မုဆိုးနှင့်တူလေ၏။

**ငှက်မုဆိုးနှယ်လှည့်ဖြားကြွယ်**......အဘယ်သို့ တူသနည်းဟူ မူကား- ငှက်အမျိုးမျိုးတို့

ကို လှည့်ပတ်ဖမ်းယူလိုသော ဌက်မူဆိုးသည် ဤမည်သော သစ်ခက်, သစ်ရွက်,တောချုံ,သစ်ကိုင်းတို့ကို မိမိ၏ကိုယ်ပေါ်၌ အုပ်ဆိုင်း ဖုံးလွှမ်းလျက် အောက်ဘက်၌ ပုန်းလျှိုးစောင့်ဆိုင်း ကာ နားလာသမျှ ဌက်အပေါင်းကို ခြေချောင်း၌ ဆွဲယူ၍ သတ်ဖြတ်စားသောက်သည့်ပမာ ဤယုတ်မာသော ရဟန်းသည်လည်း မိမိ၏ကိုယ်ထဲ၌ ပျက်စီးကောက်ကျစ်သော ကိုယ်အမူအရာ စသည်တို့ကို အရိယာတို့၏အသွင် သန့်စင်သော အမူအရာတို့ဖြင့် အပေါ်ယံ၌သာ ဖုံးအုပ်လျက် ယုံကြည်နှစ်သက်၍ လှူဒါန်းလာကြသောပစ္စည်းလေးပါးတို့ကို လှည့်ဖြားခိုးယူစားသောက်၏။

**သံတွေခဲကိုစားမျိုခြင်းက**……ဤသို့ လှည့်ဖြား စားသောက်သော ရဟန်းအား မီးညွှန့်နှင့် အလားတူစွာ ရဲရဲညီပူပြင်းလှစွာဖြင့် လောင်ကျွမ်းနေသော သံတွေခဲကို သုံးစွဲစားမျိုရခြင်းသည် မြတ်သေး၏၊ ထိုပစ္စည်းလေးပါးကို စားရခြင်းကား မမြတ်၊အဘယ့်ကြောင့်နည်းဟူမူ, ထိုသံတွေခဲကို စားမျိုရခြင်းကြောင့် သဗ္ဗညုတဉာဏ်ဖြင့် ခံရလတ္တံ့သောအပိုင်း အခြားကို သိမြင်ရန် ခဲယဉ်းသော ဒုက္ခတရားကို မခံစားရလေ၊ ဤရဟန်း၏ တိုင်းပြည်သူ တိုင်းပြည်သားတို့အား မိမိ၌ ထင်ရှား မရှိသော အရိယာတို့၏ဂုဏ်ကို ဝါကြွားလျက် ပြောစားခိုးယူခြင်းသည် ဤမည် ဤမည်သော အပိုင်းအခြားမရှိသော ဒုက္ခတရားကို နောင်နောင်သော ဘဝများ၌ ခံစားတွေ့ကြုံရတော့လတ္တံ့၊ ထို့ကြောင့် မီးညွှန့်နှင့်အလားတူစွာ လောင်ကျွမ်းရာ သံတွေခဲကို သုံးစွဲစားမျိုရခြင်းသည် မြတ်သေး၏ဟု ဟောတော်မူ၏။

**ဤအချိန်ဝယ် ဆိုဘွယ်မရှိ**……ဤယခုရေးပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် မြတ်စွာဘုရား၏ ထင်ရှားရှိတော်မူသောအခိုက်၌ပင် ရှေးယခင် ဘုရားပွင့်တော်မူစနှင့်မတူမူ၍ ကိလေသာပြောထူ ဆုတ်ယုတ်လာသဖြင့် ပါပိစ္ဆ,

မဟိန္ဒနှင့်အတြိန္ဒတရားတို့ သတ္တဝါအများကို လှည့်ဖြားဘိနှိပ်၍ လာကြလျှင် ယခုအခါတွင် ဆိုဘွယ်မရှိပါသိအပ်၏။

**သိက္ခာပုဒ်ပညတ်ခြင်း**……ထို့နောက်မှ ဝင်းဈာန်,မဂ်,ဖိုလ် တရားကို ဝါကြွားပြောဆိုသူ ဝဂ္ဂုမုဒါမြစ်အနီးမှ လာရောက်ကြကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ယုတ်မာသော ပါပိန္ဒအလိုဆိုးတို့တွင် မဂ်, ဖိုလ်ကိုမရငြားမူ၍ ဝါကြွားပြောဆိုခြင်းသည် လွှမ်းမိုးလွန်ကဲသော အလိုဆိုးတည်းဟု ဟောပြလျက် ရဟန်းတော်တို့၏ စတုတ္ထ ပါရာဇိကကို မူလပညတ်အနေအားဖြင့် မိန့်ထားပညတ်တော်မူရလေ၏။

**မူလသိက္ခာပုဒ်၏အကျဉ်းချုပ်ကား**……အကြင်ရဟန်းသည် ဈာန်, မဂ်, ဖိုလ်, တရားကို မိမိ၏သန္တာန်၌ ထင်ရှားမရှိ မသိမမြင်မူ၍ လာဘ်ချူချင်သောအလိုအားဖြင့် ဝါကြွားပြောဆိုငြားအံ့၊ ထိုရဟန်းအား ပါရာဇိကအာပတ်သို့ ရောက်စေ……ဟူသတည်း။

## အနုပညတ်၏အကြောင်း

ဤစတုတ္ထ ပါရာဇိကအာပတ်နှင့် စပ်လျဉ်း၍ နောက်ထပ်ပညတ်တော်မူရပြန်သော အနုပညတ်ကို ဤအောက်ပါစကားရပ်တို့ဖြင့်သိအပ်၏၊ ဤအနုပညတ်သည် ယခုကာလ ဖြစ်ပေါ်နေကြသော **မဂ်, ဖိုလ်, မဟုတ်သည်ကိုမဂ်ဖိုလ်ဟုအထင်ကြီးခြင်းအဓိမာနမျိုး** ကြောင့် ဖြစ်ပေါ်လာရသော ပညတ်တော် သိက္ခာပုဒ်တည်း၊ ဤအထင်ကြီးမှုအဓိမာနကို ဝိသုဒ္ဓိခုနစ်ပါးတို့တွင် ၅–နံပါတ်မြောက် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ ဘွင့်ပြထားပေ၏၊ ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် ၂-နံပါတ်မြောက် ဥဒယဗ္ဗယဉာဏ်အနုစား၌ ဘွင့်ပြထားပေ၏။

**အဓိမာနဖြစ်ပေါ်လာခြင်းကား**……အထက်၌ ပြခဲ့ပြီးသော စတုက္က ပါရာဇိကာ၏ မူလပညတ်ကို ပညတ်တော်မူပြီးသော အခါတပါး၌ သမထ, ဝိပဿနာတရားကို စိတ်ထားဖြောင့်မတ်စွာဖြင့် အားထုတ်တော်မူကြရှာကုန်သော အချို့အချို့ကုန်သောရဟန်းတော်အရှင်မြတ်တို့၌ သမထ၏အားအစွမ်း, ဝိပဿနာ၏ အားအစွမ်းဖြင့် ကိလေသာတို့ကိုခွါခြင်းကြောင့် လွန်စွာငြိမ်းငြိမ်သက်ခြင်းဖြစ်၍ ဝိပဿနာ၏ညစ်နွမ်းကြောင်း ဥပက္ကိလေသတရားတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကိုမမြင်ဘဲလျက် မြင်၏ဟူသော အထင်ကြီးခြင်းအဓိမာနသည်၎င်း,မရောက်သေးသည်ကို ရောက်၏ဟူသော အထင်ကြီးခြင်းသည်၎င်း, မရသေးသည်ကို ရ၏ဟု အထင်ကြီးခြင်းသည်၎င်း, မျက်မှောက်မပြုသေးသည်ကို မျက်မှောက်ပြု၏ဟု အထင်ကြီးခြင်းသည်၎င်း, ဖြစ်ပေါ်ကြကုန်၏၊ ထိုအခါ မိမိတို့သည် တရားကိုအားထုတ်ရာ၌ ကိလေသာကုန်ခန်း၍ ရဟန္တာ၏အဖြစ်သို့ ရောက်ကုန်ပြီဟု အထင်များလျက် ပြောကြားကြကုန်၏။

**သံသယဖြစ်ကြ၍**……ထိုသို့ ပြောကြားပြီး၍ ဝန်ခံနေကြရာ တပါးသောအခါ၌ ကိလေသာရာဂဖြစ်ပေါ်ရန် ကောင်းသောအာရုံနှင့် တွေ့ကြုံကြသောအခါ, ဒေါသဖြစ်ရန်ကောင်းသောအာရုံနှင့် တွေ့ကြုံကြသောအခါ, မောဟဖြစ်ရန်ကောင်းသောအာရုံနှင့် တွေ့ကြုံကြသောအခါ ရာဂလည်းဖြစ်ပေါ်လာကုန်၏၊ ဒေါသလည်း ဖြစ်ပေါ်လာကုန်၏၊ မောဟလည်း ဖြစ်ပေါ်လာကုန်၏၊ထိုအခါ ထိုရဟန်းတော်တို့၌ ဤဆိုလတ္တံ့သော ကင်္ခါ(စွ)သံသယတို့သည် ဖြစ်ကြရကုန်၏၊ ဈာန်,မဂ်, ဖိုလ်, နိဗ္ဗာန် တရားကိုမရဘဲ, မမြင်ဘဲ, မသိဘဲ, အကြင်ရဟန်းသည် ငါရ၏၊ ငါမြင်၏၊ ငါသိ၏၊ ငါရောက်၏၊ ငါမျက်မှောက်ပြု၏ဟု ပြောကြားငြားအံ့ , ထိုရဟန်းအား ပါရာဇိကအာပတ်သို့ ရောက်ပြီးလျှင် ရဟန်း၏အဖြစ်မှ စင်စစ် လျှောကျဆုံးရှုံးစေဟု မြတ်စွာဘုရား

သည် ပညတ်တော်မူပြီးထား၏၊ ငါတို့သည်လည်း ဤသို့အထင်မှားလျက် ပြောကြားမိကြကုန်သဖြင့် စင်စစ် ပါရာဇိကအာပတ်သို့ ရောက်ကုန်ပြီလောဟု တွေးတောစိုးရိမ်ကြကုန်လျက် ဤမိမိတို့၏ အဖြစ်အပျက် အကြောင်းအရာကို အရှင်အာနန္ဒာမထေရ်၏ မြတ်အား သွားရောက်လျှောက်ထားကြကုန်၏။

**မြတ်စွာဘုရားပညတ်ချက်**·····ရှင်အာနန္ဒာမထေရ်မြတ်သည်လည်း ဆုံးဖြတ်ခြင်းကို ပြုတော်မမူဘဲ ပြောကြားလာသူ ရဟန်းတော်တို့နှင့်အတူ မြတ်စွာဘုရား၏ အထံတော်သို့သွားလျက် ဤအကြောင်းအချက်တို့ကို လျှောက်ထားရပြန်၏၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ပြန်ကြားမိန့်မြွက်တော်မူသည်မှာ ချစ်သားအာနန္ဒာ·····၊ဤ ယခုရောက်လာသော ရဟန်းတစုတို့သည်ကား ယုတ်မာသော အလိုအားဖြင့် လှည့်ဖြားလို၍ ပြောဆိုကြသည်မဟုတ်ကုန်၊ သမထ ဝိပဿနာတို့၏အစွမ်းဂုဏ်ကြောင့် အလုံးစုံသော ကိလေသာတို့၏ ကင်းကွာနေမှုကိုပင် အထင်လွဲမှားလျက် ပြောကြားခြင်းဖြစ်သဖြင့် စင်စစ် ပါရာဇိကအာပတ်၏ အကြောင်းအခွင့် အင်္ဂါပြည့်စုံပြီဟု မပြောဆို, မခေါ်ဝေါ်လောက်ပေဟု မိန့်တော်မူပြီးလျှင် နောက်ထပ်၍ အနုပညတ်ကို ဤစတုတ္ထပါရာဇိကသိက္ခာပုဒ်၌ ဖြည့်စွက်ပညတ်တော်မူရပြန်၏။

**အတိုချုပ်ကား**·····အထင်မှား၍,အထင်ကြီး၍ မိမိသန္တာန်၌ ဈာန်,မဂ်,ဖိုလ် တရားလည်း ထင်ရှားမရှိ မသိမမြင်ဘဲ ထင်ရှားရှိ၏၊ သိ၏၊မြင်၏ဟု ပြောကြားခြင်းကို ချန်ထား၍ အကြင်ရဟန်းသည် ယုတ်မာသောအလိုအားဖြင့် ဝါကြွား ပြောဆိုဖြားအံ့၊ ထိုယုတ်မာသော အလိုအားဖြင့် ပြောကြားသော ရဟန်းအား ပါရာဇိကအာပတ်သင့်ရောက်စေ ဟူသတည်း။

ဤကား-အဓိမာနဖြစ်ပေါ်လာပုံကို ဝေဘန်၍ ပြဆိုခြင်းတည်း။

## အဘိဓာနဖြစ်တတ်သူနှင့် မဖြစ်တတ်သူ

ဤအထင်ကြီးခြင်း အဘိမာန,ဝိပဿနာဉာဏ်ပျက်စီးကြောင်း ဥပက္ကိလေသသည် မည်သည့်ပုဂ္ဂိုလ်မျိုး၌ ဖြစ်တတ်ကြောင်း,မည်သည့် ပုဂ္ဂိုလ်မျိုး၌ မဖြစ်တတ်ကြောင်းကို အဋ္ဌကထာတို့၌ဘွင့်ပြထားသည့်အတိုင်း ရေးသားပေအံ့။

**ဤသူတို့၌မဖြစ်**…သီလပျက်စီး၍နေသော ဒုဿီလပုဂ္ဂိုလ်၌ မဖြစ်တတ်၊ အဘယ့်ကြောင့်နည်းဟူမူကား ထိုပုဂ္ဂိုလ်သည် အရိယမဂ်ကို ထိုးထွင်း၍သိမြင်ရန်ကျင့်ကြံရသောကိစ္စ၌ အာသာဆန္ဒပင် မရှိသောကြောင့်တည်းဟုဘွင့်ပြ၏။

သီလနှင့်ပင်ပြည့်စုံသော်လည်း ကမ္မဋ္ဌာန်းပွါးများအားထုတ်မှုကိုစွန့်လွှတ်လျက်အိပ်စက်ခြင်း၌ မွေ့လျော်ခြင်း,စကားပြောဆိုနေရသည်၌မွေ့လျော်ခြင်း,အပေါင်းအဘော်တို့နှင့်မွေ့လျော်ပျော်ပါးခြင်းတို့နှင့် ပြည့်စုံနေသူအားလည်း ထိုအဘိမာနတရားသည်မဖြစ်တတ်၊ အဘယ့်ကြောင့်နည်းဟူမူကား ကမ္မဋ္ဌာန်းတရားကို အားထုတ်မှုပင်မရှိသောကြောင့်တည်းဟု ဘွင့်ပြ၏။

အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်၌လည်း ဤအထင်ကြီးခြင်းသည် မဖြစ်တတ်၊ အဘယ့်ကြောင့်နည်းဟူမူ အကြင်သူသည် ကမ္မဋ္ဌာန်းဝိပဿနာကို အားထုတ်သဖြင့် အရိယမဂ်ကိုရ၏၊ ထိုသူသည် မဂ်သို့ရောက်ပြီးသည်နှင့်တဆက်တည်း မိမိရသောမဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်ဖြစ်၏၊ ကြွင်းကျန်နေသေးသော မိမိ၏သန္တာန်၌ရှိသော ကိလေသာကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏၊ ထိုသို့ပစ္စဝေက္ခဏာဝီထိတို့ဖြင့် သိရှိဆုံးဖြတ်

ပြီးသောကြောင့် အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်၌ ငါသည်အရိယာပုဂ္ဂိုလ်လော, ပုထုဇန်ပုဂ္ဂိုလ်လောဟူ၍ရင်း,သောတာပန်စသည်ဖြစ်ပြီးသော အရိယာပုဂ္ဂိုလ်သည် ငါသည် သကဒါဂါမ် စသည့်အရိယာပုဂ္ဂိုလ်ဖြစ်လေသလောဟူ၍ရင်း သို့လော,သို့လော တွေးတောယုံမှားခြင်း အထင်ကြီးခြင်းသည် မဖြစ်တော့လေဟု ဘွင့်ပြ၏။

**ဤသူမျိုး၌ဖြစ်**.....ယခု ရေးပြခဲ့ပြီးသော စတုတ္ထပါရာဇိက သိက္ခာပုဒ်အနုပညတ်၌ပါဝင်သော ရဟန်းတော်အရှင်တို့ကဲ့သို့ စင်ကြယ်သောသီလ၌တည်ပြီးလျှင် အားကြီးသောကမ္မဋ္ဌာန်းဝိပဿနာ အားထုတ်မှုရှိသောသူတို့၌ပင် ဤအထင်ကြီးသောအဓိမာန, ဥပက္ကိလေသတို့ ဖြစ်တတ်ကုန်သေး၏ဟု သိအပ်၏။

**စိစစ်ဘွယ်ရာ**.....ဤ၌ စောဒနာရန် မဟာနာမ် အရိယာ၏ အကြောင်းကို ဆိုဦးအံ့၊ အရိယာဖြစ်ပြီးသောပုဂ္ဂိုလ်၌ ယုံမှားမဖြစ်ခဲ့လျှင် အရိယာမဟာနာမ်သည် မြတ်စွာဘုရားအား အဘယ်ကြောင့် ဤသို့လျှောက်ထားသနည်း၊ မြတ်စွာဘုရား၊တရံတခါ တပည့်တော်၌ကုသိုလ်စိတ်တို့သည်ကုန်ပျောက်၍ လောဘ,ဒေါသ,မောဟတရားတို့ ဖြစ်ပွါးပေါ်ပေါက်၍နေပါသည်၊ ဘုရားတပည့်တော်၏ အဇ္ဈတ္တသန္တာန်၌ အဘယ်မည်သောတရားကို မပယ်ရှားပါသေးသနည်းဟု မေးလျှောက်၏၊ ထို့ကြောင့် အရိယာပုဂ္ဂိုလ်၌လည်း ယုံမှားဖြစ်သေးသည် မဟုတ်လောဟု မေးငြားအံ့။

ဤမဟာနာမ်သည် အရိယမဂ်ဟုတ်မှန်သည်၊မဟုတ်,မမှန်သည်၌ ယုံမှားဖြစ်သည်မဟုတ်၊စင်စစ်သော်ကား ပစ္စဝေက္ခဏာဝိထိများ၏မပြည့်စုံခြင်း, ဤမည်သောမဂ်ဖြင့် ဤမည်သောကိလေသာကိုပယ်၏ဟု သိမြင်မှု သုတမပြည့်ဝခြင်းကြောင့် ငါသည် သကဒါဂါမ်အရိယာဖြစ်ပါလျက် မည်သည့်အချက်ကြောင့် ငါ၏သန္တာန်

၌ ရံခါရံခါ ကိလေသာတို့ ပေါ်လာရလေသနည်းဟု ကြံစည်အောက်မေ့ပြီးလျှင် မေးလျှောက်၏၊ သကဒါဂါမိမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ဖျက်နိုင်၏ဟု အထင်ရှိသောကြောင့် ပင်တည်းဟု ဘွင့်ပြတော်မူ၏။

၌ကား-အဓိမာနဖြစ်တတ်သူနှင့် မဖြစ်တတ်သူကို ပြဆိုချက်တည်း။

---

## အထင်ကြီးပုံ ၂-မျိုး

ဤသို့ အရိယာမဖြစ်သေးဘဲလျက် အရိယာမဂ်ကို ငါရောက်ပြီဟု အထင်ကြီးသောပုဂ္ဂိုလ်တို့တွင်လည်း ဝိပဿနာသက်သက်ကို ပွါးများအားထုတ်သောပုဂ္ဂိုလ်တို့အား ငါသည် သောတာပန်အရိယာတည်း,ငါသည် သကဒါဂါမိအရိယာတည်း, ငါသည် အနာဂါမိအရိယာတည်းဟု ဖြစ်တတ်၏။

ဈာန်,အဘိညာဏ်,သမာဓိကိုအခြေခံ၍ ဝိပဿနာဉာဏ်ကို ဆက်လျက် အားထုတ်သူတို့၌ကား သမာဓိအား, ဝိပဿနာအား နှစ်ပါးတို့ဖြင့် ခွါထားသော ကိလေသာ ရှိသောကြောင့် ငြိမ်သက်ချမ်းသည့်အခြင်းအရာအားဖြင့် ငါကား ရဟန္တာအဖြစ်သို့ရောက်လေပြီဟု အထက်ဆုံးအရဟတ္တမဂ်ဖိုလ်၏အရာ၌တည်၍ ဤအထင်ကြီးမှုသည် ဖြစ်တတ်၏ဟု အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်။

**ပညာရှိများ ကဲ့ရဲ့ဘွယ်** ... သမထကို အခြေခံ၍ ဝိပဿနာဉာဏ်ကိုပွါးများရာ၌ ရှေးစဉ်အခါက ယခုကာလကဲ့သို့ သာမညသမထကိုအခြေခံသည်မဟုတ်၊ ဈာန်,အဘိညာဏ် သမာပတ်တိုင် သမာဓိကိုရရှိနိုင်ရန်အားထုတ်ပြီးသော်သာ ဝိပဿနာကို အားထုတ်ကြကုန်သည်၊ သို့ပါလျက် မဂ်ဖိုလ်သို့ မရောက်နိုင်သေးလေ၊ ယခုကာလ၌ကား ကဿပသံယုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့် စကားအရသဒ္ဓမ္မဝါတို့ ဆုတ်ယုတ်၍လာကြကုန်သောကြောင့် အာနာပါနအတုအပမျှကို ပြုလုပ်ပွါးများခြင်း, ထွက်သက်ကိုဗုဒ္ဓါ, ဝင်သက်

ကို နှုသတိဟုမှတ်၍ ပွါးစေခြင်း,ထွက်သက်၌ ပိုက်ပိန်တယ် ဝင်သက်၌ ပိုက်ဖောင်းတယ်ဟု မှတ်၍ မှတ်၍ ပွါးစေခြင်းတို့ကို ပြုလုပ်ပွါးများစေရန် ခိုင်းစေသည်ဟူသော အသံကို ကြားရ၏၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့၌ ဘွင့်ပြထားသည့် စကားတို့နှင့် ကား အလွန်ကွာခြားလျက် ပညာရှိများကဲ့ရဲ့ဘွယ်ရာ ဖြစ်လာကြ ရကုန်၏၊သတိပြုပါလေ။

ဤကား-အထင်ကြီးပုံ ၂-မျိုးတို့တည်း။

---

## အာနာပါနကမ္မဋ္ဌာန်း၏ဂုဏ်ပြုရပုံ

ဘွင့်ပြသော အဖွင့်စကား အချို့မျှကို ရေးပြနိုင်းချိန်စေတော့ အံ့၊ ဤအာနာပါန ကမ္မဋ္ဌာန်းသည် အလေးပြုအပ်သော ကမ္မဋ္ဌာန်း တည်း၊ အလေးအမြတ်ပြု၍ ပွါးများရသော ကမ္မဋ္ဌာန်းတည်း၊ သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓမြတ်စွာဘုရားတို့နှင့် တကွ သာဝက သားတော်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့၏သာလျှင် လေ့လာ ပွါးများ အားထုတ်တော်မူကြသော ကမ္မဋ္ဌာန်းပေတည်း၊ သေးနုပ် သောကမ္မဋ္ဌာန်းမဟုတ်၊ သေးနုပ်သိမ်ဖျင်းသော ဘုန်းငယ်သော သတ္တဝါတို့၏ မှီဝဲရာကမ္မဋ္ဌာန်းမဟုတ်၊ ပြုလုပ်ဆောင်ရွက်ထိုက် သော စည်းကမ်း နည်းလမ်းဥပဒေသ၏ အတိုင်း နည်းနာမပျက် သင်ကျက်အားထုတ်ခဲ့သည်ရှိသော် ဖြစ်ပေါ်လာသော ထွက်လေ ဝင်လေတို့သည် တဖြည်းဖြည်း ငြိမ်လည်းငြိမ်သက်၏၊ သိမ် လည်းသိမ်မွေ့၏၊ ထွက်လေ- ဝင်လေတို့ ပျောက်သွားသကဲ့သို့ လည်းဖြစ်တတ်၏၊ ထို့ကြောင့် အားကြီးသော သတိ, ပညာ, သမာဓိကို အလိုရှိအပ်၏။

**ဝိသုဒ္ဓိမဂ်အဘွင့်**......ထိုအာနာပါနမှတပါးသော ကမ္မဋ္ဌာန်းတို့ သည်ကား ကြီးမားသော သမာဓိအဆင့် ဆင့်သို့ ရောက်ရှိလေလျှင် နိမိတ်အရာ၌ ထင်ရှား၍ လာလေဖြစ် တတ်၏၊ဤအာနာပါနကမ္မဋ္ဌာန်းသည်ကား ကြီးမားသော သမာဓိ သို့ရောက်လေ ငြိမ်သက်သည်ထက် ငြိမ်သက်လေ, ပျောက်

ကွယ်သည်ထက် ပျောက်ကွယ်၍လာလေဖြစ်တတ်၏၊ထို့ကြောင့် ဉာဏ်ပညာသတိတို့ဖြင့် ထွက်သက်, ဝင်သက် ရှိ,မရှိကို သိမ်းဆည်းရန် ခဲခက်၏၊ညောင်စောင်း,အင်းပျဉ်,ကုတင်,ကုလားထိုင်တို့၌ ထိုင်သော်လည်း သမာဓိကြီးသောအခါ ကိုယ်ခန္ဓာ၏ပေါ့ပါး၍ လာခြင်းကြောင့် အသံမမြည်, အိပ်ရာခင်းစသည်တို့၌ ထိုင်သော်လည်း မတွန့်,မပျက်,, ထွက်သက်ဝင်သက်တို့သည်လည်း ချုပ်ပျောက်ပြီးနေသကဲ့သို့ ဖြစ်တတ်ကုန်၏ဟု ဝိသုဒ္ဓိမဂ်၌ ဘွင့်ထား၏၊ ဤသို့ ဖြစ်လာသောအခါ ဆရာ၏အထံသို့ မေးမြန်းလျှောက်ထားရန် ထသွားပြန်လျှင် သမာဓိပင် ပျက်သွားတတ်သောကြောင့် ဤသို့သော စဉ်းစားဆင်ခြင်ပုံကိုအလုံးစုံသင်ကြားမှတ်ထားရာ၏ဟုဘွင့်ပြ၏။

**အထင်မကြီးသင့်**……အဘယ်သို့ မှတ်ထားရာသနည်းဟူမူ ဤထွက်သက် ဝင်သက်တို့ဟူသည် အမိဝမ်း၌ ပဋိသန္ဓေနေသူအားရင်း, ရေနစ်၍နေသူအားရင်း, ရုပ်သက်သက်မျှ ဖြစ်ပေါ်၍နေကြသော အသညသတ်ဗြဟ္မာတို့အားရင်း, စတုတ္ထဈာန်သမာပတ် ဝင်စားသော ပုဂ္ဂိုလ်အားရင်း နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်တို့အားရင်း, အလျှင်းမရှိ၊ချုပ်ပျောက်ကြကုန်၏၊ သင်သည် ဤယခုဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့တွင် မပါဝင်သဖြင့် စင်စစ် ထွက်သက်ဝင်သက် မချုပ်သေးဟု သိအပ်၏၊ ဘာဝနာအဟုန်ဖြင့် အလုံးစုံသိမ်မွေ့ ငြိမ်သက်လွန်း၍ သာလျှင် ချုပ်ပျောက်၏ဟု သင့်,ထင်မှတ်၏၊သတိ, ပညာ, အားငယ်သေးသောအခါ ဖြစ်သောကြောင့်လည်း ထွက်သက်ဝင်သက်ရှိ,မရှိကို သင့်,မသိမ်းဆည်းနိုင် မသိနိုင်,ဖြစ်နေရသည်ဟု ဆင်ခြင်ရာ၏ဟုဘွင့်ပြ၏၊ ယခုကာလ အာနာပါန အားထုတ်သူတို့နှင့်အလွန်ကွာခြား၏၊ စဉ်းစားဆင်ခြင်၍ အထင်မကြီးသင့်ကြပေ။

ထိုမှနောက်၌ ဈာန်၏ ဥပစာ-ပဌမဈာန်သို့ရောက်လျှင် တဖြည်းဖြည်းပင် သာ၍,သာ၍ သိမ်မွေ့၍ သွား၏၊ ဤနည်းအတူ ဒုတိယ

ဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့၌ အဆင့်ဆင့် သာ၍ သာ၍ သိမ်မွေ့စွာ ထွက်သက်ဝင်သက် ဖြစ်ပေါ်၍ မလာတော့ဘဲ ချုပ်ပျောက်လျက် ကိလေသာတို့၏ အနှောက်အရှက် ဝေးကွာပြီး ဝိပဿနာပွါးများပြန်လျှင် သာ၍ပင် ဝေးကွာငြိမ်းချမ်းသဖြင့် ငါသည် ရဟန္တာဖြစ်ရပေပြီဟု ထင်မှတ်၍ နေတတ်သေး၏။ ထို့ကြောင့်......

ဋ္ဌာနံ အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ ဂရုဘာဝနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ န စေဝ ဣတ္တရံ၊ န ဣတ္တရသတ္တသမာသေဝိတံ၊ယထာ ယထာ မနသိကရိယတိ၊တထာ တထာ သန္တဉ္စေဝ ဟောတိ သုခုမဉ္စ၊တသ္မာ ဧတ္ထ ဗလဝတီ သတိစ ပညာစ ဣစ္ဆိတဗ္ဗါ-ဟူ၍ ဘွင့်ပြတော်မူရ၏။

ဤကား-ပါဠိ,အဋ္ဌကထာ ကြည့်ရှုနိုင်သူများအလို့ငှါ တစိတ်တဒေသ အာနာပါန၏သိမ်မွေ့ပုံကို ဘွင့်ပြသော ပါဌ်တည်း။

## ဥဒယဗ္ဗယဥာဏ်နှင့်ဥပက္ကိလေသ

**ဥဒယဗ္ဗယဥာဏ်ထင်မြင်လာရန်**......ဆရာ၏ထံ၌ နည်းခံ သင်ကြား၍ ပွါးများ အပ်သော ဥဒယဗ္ဗယဉာဏ်၏ ထင်မြင်လာရန် အကျဉ်းချုပ်ကားရုပ်,နာမ်နှစ်ပါးတို့သည် မြက်ပင်ဖျားစသည်တို့၌ ဥဘု၏အလိုက် တည်ရှိနေစဉ် နေရောင်ခြည်နှင့်တွေ့ယှဉ်သဖြင့် လျင်လျင်မြန်မြန် ခန်းခြောက်လျက် ကွယ်ပျောက်၍သွားရသည်၊ နှင်းရည်ပေါက်၏ပမာကဲ့သို့၎င်း,ရေပွက်ရေစီပေါင်းတို့၏လည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးလျှင် အသီးသီး လျင်မြန်စွာ ကွဲပေါက်ပျက်စီးရှာသကဲ့သို့၎င်း, ရေပြင်၌တုတ်လှန်ကန်ဖြင့် ရေးချစ်အပ်သော အရေးအရစ်တို့သည် စင်စစ် တုတ်ကိုချသော ခဏာ၌ဖြစ်

ပေါ်ကြလျက် နှုတ်ယူသောခဏ၌ ပျောက်ကွယ်ကြသကဲ့သို့ရင်း, ပွတ်စင်၌ ပွတ်တိုက်သောအခါ ဆောက်ဖျား၌ ပေါ်လာသောပွတ်မှုံစာတို့သည် ရှည်ကြာစွာ ဆောက်ဖျား,ဆောက်သွား၌ မတည်မတင်၊ လျင်လျင်ခဏ လွင့်စင်၍ ကျရသကဲ့သို့ရင်း, တိမ်လွှာနှစ်ထပ်ရိုက်ခတ်ပေါ်ထွက်သော လျှပ်စစ်အလင်းသည် ချက်ခြင်းချက်ခြင်း–ချုပ်ပျောက်ရသကဲ့သို့ရင်း အနှစ်သာရ,နိစ္စ,ဝုဝ,မရှိ၊ ဖြစ်ပျက်ကြကုန်၏ဟု ရုပ်, နာမ်–၂–ပါး၊ ခန္ဓာ–၅–ပါး တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့်ရှုဆင်ခြင်ရာ အားငယ်သေးသော ဝိပဿနာ အခိုက်အတန့်၌ ဝိပဿနာပျက်စီးကြောင်း အထင်ကြီးကြောင်း ဥပက္ကိလေသတို့ ဖြစ်ပေါ်လာတတ်၏။

**ထိုဥပက္ကိလေသတို့သည်ကား……**

၁။ ဩဘာသ–ကိုယ်မှ အရောင်အလင်းထွက်လာခြင်း။
၂။ ဉာဏ– ထက်မြက် ကြည်လင်သော ဉာဏ်အမြင်ဖြစ်ပေါ်လာခြင်း။
၃။ ပီတိ– ကမ္မဋ္ဌာန်းအာရုံ၌ စုံမက်နှစ်သက်သော ပီတိ ၅–မျိုးဖြစ်ပေါ်လာခြင်း။
၄။ ပဿဒ္ဓိ– စိတ်စေတသိက်တို့၏ ငြိမ်းအေးမှုဖြစ်ပေါ်လာခြင်း။
၅။ သုခ– ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုဖြစ်ပေါ်လာခြင်း။
၆။ အဓိမောက္ခ–လွန်ကဲသော သဒ္ဓါတရားဖြစ်ပေါ်လာခြင်း။
၇။ ပဂ္ဂဟ– ကမ္မဋ္ဌာန်းကို ကောင်းစွာအားထုတ်နိုင်သဖြင့် မပျင်းရိသော ဝီရိယဖြစ်ပေါ်လာခြင်း။
၈။ ဥပဋ္ဌာန– ကမ္မဋ္ဌာန်းအာရုံ၌ မတုန်မလှုပ်ထင်သော သတိဖြစ်ပေါ်လာခြင်း။
၉။ ဥပေက္ခာ–အလုံးစုံသောသင်္ခါရတရားတို့၌သုခ,ဒုက္ခ, သို့မလား မကပ်မှု၍ အလယ် အလတ် ရှုတတ်သော ဥပေက္ခာဖြစ်ပေါ်လာခြင်း။

၁၀။ နိကန္တိ— အရောင်အလင်းစသော ရှေးကိုးခုတို့ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာ၌ နှစ်သက်ငဲ့ကွက်လျက် ငြိမ်သက် နူးညံ့သော တဏှာ ရတိဖြစ်ပေါ်လာခြင်း။

ဤဆယ်ပါးတို့တွင်နောက်ဆုံး ဆယ်နံပါတ်၌ပြသော တဏှာကို ကိလေသာဟူ၍ပင်မသိ၊ မသိမ်းဆည်းနိုင်၊ ကမ္မဋ္ဌာန်း၌ မွေ့လျော်သည့် ဘာဝနာရတိဟုပင် မှတ်ထင်နေရ၏ဟု ဘွင့်ပြ၏၊ တစ်နံပါတ်၌ပြသော ဩဘာသ အရောင်အလင်းကို မတွေ့မကြုံရဘူးသောကြောင့် ထူးမြတ်သောမဂ်ဖိုလ်ဟု ထင်မှားတတ်၏။

**အလင်းရောင်**..... ထို့ကြောင့် ထိုအရောင်အလင်းကို ဤသို့ သိထားရာ၏၊ ဝိပဿနာစိတ်သန္တတိအစဉ်၏ ကြည်လင်ခြင်းကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာနရုပ်နှင့် စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်တို့၏ အရောင်အလင်း သန္တတိအစဉ်တည်းဟု သိအပ်၏၊ ထိုနှစ်မျိုးတို့တွင် စိတ္တသမုဋ္ဌာန အရောင်အလင်းရုပ်သည် မိမိ၏ကိုယ်၌သာတည်၏၊ စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်သည်ကား မိမိကိုယ်မှ အပသို့လည်း ရောက်၍ တိုက်ခန်း ကျောင်းအာရာမ် စကြဝဠာတိုက်အတွင်း၌ ပါရမီအားလျော်စွာ အရောင်အလင်းကို ပျံ့နှံ့စေ၏။

**ပါရမီအလျောက် အရောင်တောက်** .... ဤ အရောင်အလင်းသည် တဦးနှင့် တဦးမတူ၊ ပါရမီနှသူ၌ အသင့်အတင့် ကိုယ့်ကိုယ်၌ လောက်သာဖြစ်တတ်၏၊ အချို့ပုဂ္ဂိုလ်၏ အရောင်အလင်းသည် တရားအားထုတ်ရာ တိုက်ခန်းအတွင်း၌လင်းတတ်၏၊ အချို့သော ပုဂ္ဂိုလ်၏ အရောင်အလင်းသည် ကျောင်းတိုက်တခုလုံး၌ ပျံ့နှံ့၍လင်းတတ်၏၊ အချို့တဂါဝုတ်, အချို့ယူဇနာဝက်,အချို့တယူဇနာ,နှစ်ယူဇနာ, သုံးယူဇနာ (ပ) အချို့သောပုဂ္ဂိုလ်၏ အရောင်အလင်းသည် မြေပြင်မှ အကနိဋ္ဌဗြဟ္မာ့ပြည် တိုင်အောင် တခုသောအရောင်ကို

ပြုလျက်လင်း၏၊ မြတ်စွာဘုရား၏ အရောင်အလင်းသည်ကား တသောင်းသောစကြဝဠာ လောကဓာတ်တိုင်ရောက်အောင်ပျံ့နှံ့၍လင်း၏၊ အနာထပိဏ်သူဌေးကြီး၏ မြတ်စွာဘုရားနှင့်မတွေ့မီ ဗုဒ္ဓါ ရမ္မဏာပီတိအလင်းသည်ဆီမီးတထောင်ကိုထွန်းထားသကဲ့သို့ရှင်း, နေများ, လများ ထွက်လာသကဲ့သို့ရှင်း လင်း၏ဟု ဘွင့်ပြတော်မူ၏၊ ယခုကာလ သာမည အကြည်အလင်းကို တွေ့ရသည်မှ မကလေ။

## အရောင်အလင်းနှင့်စပ်သော ဝတ္ထုကြောင်းကား......

**ဝတ္ထုကြောင်း**......ဗိတ္တလပဗ္ဗတတောင်၌ အထွဋ်နှစ်ခု နံရံနှစ်ခုတို့ဖြင့် ပိုင်းခြားကာရံ၍ ထားသော အကြား၌ လှည့်လည်သွားလာနိုင်သော လမ်းငယ်ရှိသော ကျောင်း၏အတွင်း လကွယ်နေ့၌ မိုဃ်းမှောင်ကျ၍နေစဉ် ရဟန်းတော် အရှင်နှစ်ပါးတို့သည် တရားကိုအားထုတ်၍ နေကြကုန်၏၊ ထိုအခါ တပါးသောမထေရ်သည် တပါးကိုပြောပြသည်ကား အရှင်ဘုရား၊ ယခုတပည့်တော်အား ခြသေ့်ရုပ်ခံသောနေရာ၌ တင်ထားသော စေတီယင်ပြင်ရှိ အဆင်းငါးပါးနှင့်ပြည့်စုံကုန်သော ပန်းဆိုင်း ပန်းကုံးတို့သည် ထင်မြင်လာကြကုန်၏ဟု လျှောက်ထား၏၊ ထိုအခါ မထေရ်တပါးသည် ပြန်ကြားပြောဆိုသည်ကား ငါ့ရှင်၊ သင့်အား ထင်မြင်ခြင်းသည် ဤအနီးအနား၌သာဖြစ်၍များးစွာမအံ့သြလောက်သေး၊ ငါ့အားမူကား မဟာသမုဒ္ဒရာ၏အတွင်း တယူဇနာအရပ်၌ရှိသော ငါးလိပ်တို့သည် ထင်မြင်လာကြကုန်၏ဟုပြော၏။

**ယောဂီ၏စိတ်၌သာ**......ဤသို့ ရုပ်အလင်းရောင်ကြောင့် ထင်မြင်ကြခြင်းသည် မံသစက္ခု ပကတိသောမျက်စိဖြင့် ထင်မြင်သလော၊ သို့မဟုတ် စိတ်ဖြင့်ထင်မြင်သလောဟု စောဒနာပြား, မေးပြားအံ့၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရသောသူကဲ့သို့ မနောဝိညာဏ်ဖြင့်သာလျှင် ထင်မြင်၏၊ ထို အလင်းရောင်ကိုလည်း အခြားသောသူတို့သည် မမြင်ကုန်၊ဝိပဿ

နာ အဟုန်ကြောင့် အားထုတ်သော ယောဂီပုဂ္ဂိုလ်အားသာလျှင် ထင်လာမြင်လာ၏ဟု ဘွင့်ပြတော်မူ၏။

ဤသို့ ရုပ်အကြည်အလင်းရောင်နှင့်တကွ ထိုအလင်းရောင်ကျ ရောက်ထိခိုက်ရာ အရပ်၌ရှိသော အရာဝတ္ထုတို့ကို မြင်ရသော အခါ ယောဂီပုဂ္ဂိုလ်သည် ဤသို့ဆင်ခြင်ထင်မြင်တတ်၏။

ငါသည် ရှေးရှေးကမ္မဋ္ဌာန်းတရားကိုအားမထုတ်မီ ဤသို့သော အလင်းရောင်ကို မတွေ့မမြင်ရဘူး၊ထူးမြတ်သောအလင်းရောင် မဂ် ဖိုလ်တရားတို့သည် ငါ့အား ဖြစ်ပေါ်လာကုန်ပြီဟု အထင်များ အထင်ကြီးခြင်း ဝင်ကပ်လျှက် ဝိပဿနာ လမ်းပြတ်ပြီးလျှင် ဤ အာရုံ၌ ငြိကပ်သောတဏှာသည်၎င်း, ငါသာလျှင် အားထုတ်၍ မြင်ရ၏ဟူသောမာနနှင့် အတ္တမြင်၏စသော ဒိဋ္ဌိအမြင်တို့သည်၎င်း တိုးဝင်ကပ်ရောက်၍ လာတတ်၏၊ ပျံ့လွင့်သောစိတ်ဖြစ်နေတတ် ၏၊ ထို့ကြောင့် **ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ**၌ အောက်ပါအတိုင်း ဘွင့်ပြတော်မူထား၏၊

ဩဘာသော ဓမ္မောတိ ဩဘာသံ အာဝဇ္ဇတီတိ အယံ ဩဘာသော မဂ္ဂဓမ္မော ဖလဓမ္မောတိ တံတံ ဩဘာသံ မနသိကရောတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စန္တိ တတော ဩဘာသတော ဓမ္မောတိ အာဝဇ္ဇနကရဏတော ဝါ၊ ယော ဥပ္ပဇ္ဇတိ ဝိက္ခေပေါ၊ သော ဥဒ္ဓစ္စံ နာမာတိ အတ္ထော။

ဟူ၍ မိန့်တော်မူသတည်း။

ထိုသို့ဖြစ်ပေါ်ပြီးနောက် တဖန် ဆက်၍ ဝိပဿနာကိုပင် အားထုတ်ပြန်သောအခါ သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်သည် အကန့်အကွက် အဆီးအတား မရှိ, ထက် မြက် ထိုးဖောက်ဘိသကဲ့သို့ ငါ၏ဝိပဿနာဉာဏ်သည် လျှင်မြန် ထက်မြက်လျှက် ဖြစ်ပျက်၍နေသော ရုပ်အလင်းမှုန်ကလာပ် အရ ရကိုင်, နာမ်တရားတို့၏ ဖြစ်ပေါ် ပျက်သွား နေကြသည်ကို၎င်း အဆီးအတားမရှိ အာရုံပြုသည့်အခိုက်အခိုက်၌ ထင်ရှားစွာမြင်

နိုင်၏၊ ဤသို့သော ထက်မြက်လျင်မြန်သော သန့်ရှင်းသော သတ္တိဖြင့် မြင်သိရခြင်းသည် မဂ်ဉာဏ်၏သတ္တိပေတည်းဟု အထင်ကြီးသောအဓိမာန ဖြစ်ပေါ်ရပြန်တော့၏။

**ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌……**

ဉာဏံ ဥပ္ပန္နံတိတိ တသောဝ ယောဂါဝစရဿ ရူပါရူပ ဓမ္မေ တုလယန္တဿ တီရယန္တဿ ဝိဿဋ္ဌ ဣန္ဒဝဇိရမိဝ အဝိဟတဝေဂံ တိခိဏံ သူရမတိဝိသဒံ ဝိပဿနာဉာဏံ ဥပ္ပန္နံတိ။

ဟူ၍ ဘွင့်ပြတော်မူ၏။

ထိုဝိပဿနာဉာဏ်သည်ပင် အထင်ကြီးကြောင်းဖြစ်နေသဖြင့် ဤဉာဏ်ကိုအာရုံပြု၍ နူးညံ့သော သိမ်မွေ့သော အခြင်းအရာဖြင့် ကိလေသာဟူ၍ပင်မသိနိုင်သော တဏှာ၏မွေ့လျော်တပ်မက်ခြင်းဖြစ်နေသော နိကန္တိရတိကိုပင် ဘာဝနာတည်းဟူသော မွေ့လျော်ပျော်ပိုက်ခြင်း ဘာဝနာရတိဟုမှတ်ထင်နေသောကြောင့် သာမညဉာဏ်ရှိသူသည် ဤအထင်ကြီးမှု အဓိမာနကို ပယ်ချ စွန့်ပစ်၍ ဝိပဿနာလမ်းစင်စစ်သို့ မတက်ရောက်နိုင်ဖြစ်နေတတ်၏ ဟူလို။ ကမ္မဋ္ဌာန်းဆရာဖြစ်သူသို့ ပြန်၍ပြောကြားသောအခါ ဤအရာ အာရုံတို့ကို ပယ်ဖျောက်ပြီးလျှင် ဝိပဿနာလမ်းခရီးသို့ ဆက်လက်ပွါးများလေဟု ဆုံးမလိုက်သည့်တိုင် ထိုအထင်ကြီးမှု ဘာဝနာရတိထင်မှုကို ထိုးဖောက်ထွက်မြောက်ခဲ၏ဆိုလိုသည်။

ထိုမှနောက်၌ တဖန်ဆက်၍ ပွါးများပြန်သောအခါ ငါးဖြာသောပီတိတို့ဖြင့် ကိုယ်လုံးပြည့်လျှံတည်ရှိနေပြန်သောကြောင့် ဒါရုစိ,ဝက္ကလိမထေရ်ကြီးတို့ကဲ့သို့ ဝိပဿနာခရီးသို့ပင် မသက်ဝင်နိုင်ဘဲ ဖြစ်နေတတ်ပြန်၏။

(၁) ခုဒ္ဒကာပီတိ ဖြစ်ပေါ်သောအခါ လျင်မြန်စွာလျင်မြန်စွာ ကြက်သီးမွေးညှင်းထ၍ ပျောက်ချုပ်ရ၏။

(၂) ခဏိကာပီတိ ဖြစ်ပေါ်သောအခါ နှစ်သက်ရွှင်ပျစွာ ကိုယ်တွင်း၌ ခဏခဏ ဖြစ်ပေါ်လာ၏။

(၃) ဥဗ္ဗေဂါပီတိဖြစ်ပေါ်သောအခါ ယောဂီပုဂ္ဂိုလ်၏ ပါရမီအားလျော်စွာ အချို့ပုဂ္ဂိုလ်၌ တထွာတတောင်မျှ မြေမှလွတ်မြောက်လျက် အထက်သို့တက်ကြွတတ်၏၊ အချို့သောသူသည်ကား လဲ ဝါဂွမ်း ကဲ့သို့ပင် ကောင်းကင်သို့လွင့်တက်သွား၏၊ ယခုကာလ၌လည်း တထွာတတောင်မျှ ထိုင်နေရာမှမြောက်တက်သည်ကို ကိုယ်တိုင်တွေ့ဘူးသူ,မြင်ဘူးသူတို့ လျှောက်ထား သံကို ကြားရဘူး၏။

(၄) ဩက္ကန္တိကာပီတိ ဖြစ်ပေါ်သောအခါ သမုဒ္ဒရာကမ်းခွင်သဲသောင်ပြင်၌ လှိုင်းတံပိုး အစဉ်ကဲ့သို့ တကိုယ်လုံးသက်ဝင်ရွှင်ပျခြင်းဖြစ်လျက် ပျောက်ပျက်ချုပ်သွားတတ်၏။

(၅) ဖရဏာပီတိဖြစ်ပေါ်သောအခါရေဘဲဒိတ်ငယ်ဖြင့်မှုတ်သွင်းလိုက်သော ဘောလုံး သားရေအတွင်း၌ ပြည့်တင်းသောလေကဲ့သို့ရင်း,ကမ်းစပ်၏အနီး၌တည်ရှိသော တောင်လိုင် တောင်ချိုင့်အတွင်းသို့ လေဟုန်ဖြင့်သွတ်သွင်းလိုက်သော ရေဩဃ အယဉ်ကဲ့သို့ရင်း ယောဂီပုဂ္ဂိုလ်၏ကိုယ်တွင်း၌ပျံ့နှံ့၍, သက်ဝင်၍တည်တတ်၏၊ နှစ်သက်ခြင်းဖြစ်တတ်၏၊ ဝါဂွမ်းကိုဆီငလောင်းထည့်လျှင်ဂွမ်းရှိသမျှ ပျံ့နှံ့သကဲ့သို့တည်း။

**ထို့ကြောင့် အဋ္ဌကထာ၌......**

> ပီတိ ဥပ္ပဇ္ဇတီတိ တသောဝ တသ္မိံ သမယေ ခုဒ္ဒကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတီတိ အယံ ပဉ္စဝိဓာ ဝိပဿနာသမ္ပယုတ္တာ ပီတိ သကလသရီရံ ပူရယမာနာ ဥပ္ပဇ္ဇတိ။

ဟူ၍ ပြတော်မူ၏၊ဤပီတိ၌လည်း အထက်နည်း အထင်ကြီးမှုမဂ်,ဖိုလ်ထင်မှတ်မှု အဓိမာနဖြစ်တတ်ပြန်၏။

## ပီတိအဓိမာန၏အခွါခက်ပုံ

ဥပမာ–ယခုအခါ ထိထိုး၍ ထားသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကမ္မဋ္ဌာန်းကိုစီးဖြန်း၍နေစဉ် အမှန်ပင် တသိန်းဆုပေါက်ကြောင်း သိတင်းကောင်းကြားရလျှင် ဝမ်းမြောက် ရွှင်ပျသော သောမနဿစိတ် ဖြစ်ပေါ်လာသည်ကို ပမာဏမပြု၊ အနိစ္စ,ဒုက္ခ, အနတ္တဟု မင်ရောက်မှု အားထား၍ပွါးများခြင်း မပြုလုပ်နိုင်တော့သကဲ့သို့ ထိုသိန်းဆုကို အကြောင်းပြု၍ ဝမ်းမြောက်ခြင်းမျှမက အဆများးစွာ ဝိပဿနာကို အကြောင်းပြု၍ ပေါ်လာသော ငါးဖြာသောပီတိကို နှစ်သက်မြတ်နိုးခြင်းမရှိစေရန်,ပယ်ရန် သာမညဖြစ်သော ဝိပဿနာဉာဏ်ဖြင့် မပယ်ချ မထွက်မြောက်နိုင် ဖြစ်တတ်၏။

---

## ပဿဒ္ဓိအဓိမာန၏အခွါခက်ပုံ

ထိုနောက်တဖန် ထပ်မံ၍ ဝိပဿနာကို ပွါးပြန်သော် ကိုယ်စိတ်နှစ်ဖြာ ကျင်နာခြင်းကင်းလျက် သန့်ရှင်းဖြူစင် ကိုယ်လျှင်ပေါ့ပါး စိတ်ထားဇမြ ကင်းပပူအိုက် အမှုခွဲခန့် ဖြောင့်မတ်သောဂုဏ်အဟုန်သတ္တိတို့ဖြင့် ပဿဒ္ဓိဟု ခေါ်ဆိုအပ်သောတရား ဖြစ်ပေါ်လာတတ်၏။

ထိုအခါနောက်၌ ပြအပ်ခဲ့ပြီးသော ဩဘာသ,ဉာဏ်,ပီတိတို့နှင့်တကွ ကိုယ်စိတ်နှစ်ပါးတို့၏ ပူအိုက်ခြင်းကင်းခြင်း,မကြမ်းထမ်းခြင်း,နူးညံ့ခြင်း,သန့်ရှင်းစင်ကြယ်ခြင်း,အမှုခွဲ ခန့်ခြင်း, ဇချမ်းခြင်း, မကောက်ကွေ့ခြင်း,ကိုယ်စိတ်တို့၏ ဖြောင့်မတ်ခြင်းတို့ဖြင့် ချီးပင့်ထောက်ပံ့အပ်သောကြောင့် နတ်တို့၏ မွေ့လျော်ခြင်းနှင့်တူသော မွေ့လျော်ပျော်ရွှင်ခြင်းသည် ဖြစ်လာ၏။

**ဤ၌ အကျုးဆင်ခြင်မှတ်သားရန်ကား** .... လူတို့၏မွေ့လျော်ခြင်း......ဟူသည်

စည်းစိမ်ဥစ္စာ ရတနာအရပ်ရပ်တို့ဖြင့် လိုအပ်သော ကာမဂုဏ်အာရုံဟူသမျှကို အလွယ်တကူ အပူကြောင့်ကြမရှိရဘဲ တောင့်တ

တိုင်းပြည့်စုံသောဘုရင်မင်းမြတ်နှင့်တကွ တောင့်တတိုင်း ပြည့်စုံသည့်သူဌေးကြီးတို့၏ မငြိုးငွေ့မပျင်းရိဘဲ ခံစားသည့်မွေ့လျော်ခြင်းမျိုးပေတည်း၊ နတ်၏မွေ့လျော်ခြင်းနှင့်နှိုင်းစာသော် ဤလူ၏မွေ့လျော်ခြင်းသည် နှင်းသီးနှင်းပေါက်ရှိ ရေအနည်းငယ်နှင့် မြစ်ကြီးငါးသွယ်အတွင်းရှိ ရေတို့၏ ပမာကဲ့သို့ လွန်စွာကွာခြားလေတော့၏၊

**နတ်နှင့်လူသား**.....ဝိမာနဝတ္ထု၌ လူဖြစ်စဉ်အခါ မိမိ၏ဇနီးကညာ ဖြစ်ဘူးသူ လူမိန်းမကလေးကို ဘုမ္မစိုးနတ်ဘဝသို့ ရောက်သွားသော ယောကျ်ားသုလင်သည် လူ့ရှင်ပကတိအတိုင်းပင် မိမိ၏နတ်ဗိမာန်သို့တင်၍ အနှစ်ခုနစ်ရာတိုင်တိုင်ပင် ပျော်ရွှင် ပေါင်းဘက်ခဲ့ရာ မာတုဂါမကလေး၏ ကုသိုလ်ကုန်လာသောကြောင့် လူ့ပြည်လူ့ရွာသို့ပြန်ကာ ပို့ဆောင်စေလိုကြောင်းဖြင့် တောင်းပန်ပြောဆိုသောအခါ သင်တို့၏လူ့ရွာ၌ ယခုအခါ မိဘ, ဆွေမျိုး, ဉာတိ အစရှိသော အသိမိတ်ဆွေဟူသမျှတို့ မရှိကြတော့ပြီ၊ သင်-ဤနတ်ဘုံပေါ်၌တည်နေသည်မှာ အနှစ် ခုနစ်ရာတိုင်တိုင် ရောက်သဖြင့် သေပျောက်၍ ကုန်ကြကြောင်းကို နတ်သုလင်သည် ပြန်၍ပြောပြသောအခါ ၁၅-နှစ်, ၁၆-နှစ် အရွယ်၌တည်နေရှာသော မာတုဂါမကလေးသည် ဤသို့သော စကားကို ပြန်ကြားပြောဆို၏။

အမောင်ယောကျ်ား၊.....ငါသည် ဤနတ်ဗိမာန်သို့ လိုက်လာခဲ့သည်မှာ ခုနစ်နှစ်မျှသာရှိပါသေးသည်၊ အနှစ်ခုနစ်ရာ မကြာသေးပါကြောင်း ပြောဆို၏၊ ထိုသူငယ်မကလေး၏ အနှစ် ခုနစ်ရာကြာရှည်သော နှစ်ပရိစ္ဆေဒကို ခုနစ်နှစ်မျှ အောက်မေ့မှတ်ထင်ရခြင်းသည် နတ်စည်းစိမ်၏ ပျင်းရိငြီးငွေ့ဘွယ်မရှိ၊ ပီတိ, သုခတို့ဖြင့် ပြည့်လျှံနှစ်သိမ့်စေသောကြောင့်ပင် ကြာမြင့်သည်မထင်နိုင်ကြောင်းဖြင့် အဋ္ဌကထာဆရာဘွင့်ပြတော်မူရှာသည်။

**နှတ်စည်းစိမ်ကြီးကျယ်ပုံ**......တာဝတိံသာ စသော နတ်တို့၏ မွေ့လျော် ပျော်ပါးရာတို့၌ ကား ပြောကြားနိုင်ဘွယ်ပင်မရှိတော့ပြီ၊ ဤသို့နတ်တို့၏မွေ့လျော်ခြင်းနှင့်တူစွာ ဝိပဿနာ၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော ပဿဒ္ဓိတရားကို မင်္ဂ, ဖိုလ်ဟု အထင်မမှားဘဲ မနေနိုင်တော့ပြီ၊ မိလိန္ဒပဉ္ဟာနှင့် ပါယာသိရာဇညနှင့် အရှင်ကုမာရကဿပတို့၏ ပြဿနာအမေးအဖြေတို့၌လည်း နတ်စည်းစိမ်၏ ကြီးကျယ်သော မွေ့လျော်ဘွယ်ရှိခြင်းတို့ကို ပြထား၏၊ ထို့ကြောင့် အဋ္ဌကထာ၌ အောက်ပါအတိုင်း ဘွင့်ပြတော်မူလေသည်။

> သော ဣမေဟိ ပဿဒ္ဓါဒီဟိ အနုဂ္ဂဟိတ ကာယစိတ္တော တသ္မိံ သမယေ အမာနုသိံ နာမ ရတိံ အနုဘဝတိ၊ ယံ သန္ဓာယ ဝုတ္တံ "သုညာဂါရံ ပဝိဋ္ဌဿ, သန္တစိတ္တဿ ဘိက္ခုနော၊ အမာနုသီ ရတိ ဟောတိ,သမ္မာ ဓမ္မံ ဝိပဿတော"။

ဟူ၍ရင်း ဘွင့်ပြတော်မူရ၏။

> ပဿဒ္ဓိဥပဗြူဟိတိတိ တဿေဝ တသ္မိံ သမယေ ကာယစိတ္တာနံ နေဝ ဒရထော, န ဂါရဝတာ, န ကက္ခဠတာ န အကမ္မညတာ, နဂေလညတာ, နဝင်္ကတာ ဟောတိ၊ အထခေါ ပနဿ ကာယစိတ္တာနိ ပဿဒ္ဓါနိ လဟူနိ မုဒူနိ ကမ္မညာနိ ပဂုဏာနိ သုဝိသဒါနိ ဥဇုကာနိယေဝ ဟောန္တိ။

ဟူ၍ရင်း ဘွင့်ပြတော်မူရ၏။

---

## သုခအဓိမာန၏အခွါခက်ပုံ

ထို့နောက် တဖန် ဆက်၍ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ပြန်ပါသော်လည်း ဝိပဿနာစိတ်နှင့် အတူတကွ မကွေမကွာ ဖြစ်လျှင်အတူ၊ ချုပ်လျှင်အတူ၊ အာရုံပြုလျှင်အတူ၊ မှီရာအတူ၊ စတုမဓုလေးပါးကို ရောထားသကဲ့သို့ သမ္ပယုတ်အားဖြင့် ယှဉ်

သော သုခဝေဒနာ စေတသိက်၏ အဟုန်ကြောင့် အလုံးစုံမွန်မြတ်သော ရုပ်ကလာပ်စိတ္တဇဖြင့် မျှတစွတ်စို၍ တကိုယ်လုံး ချမ်းသာသော သုခတရားဖြစ်ပေါ်လာပြန်၏။

ဤသုခတရား ဖြစ်ပေါ်ရာ၌လည်း နောက်၌ ပြအပ်ခဲ့ပြီးသော နည်းအတူ အထင်မကြီးမူ၍ မနေနိုင်၊ မဂ်,ဖိုလ်, နိဗ္ဗာန် ချမ်းသာတိုင် ငါမျက်မှောက်ပြုနိုင်၏ဟုထင်မှတ်ချို့လွင့်၍ နေပြန်တော့၏။

**ထို့ကြောင့်အဋ္ဌကထာ၌……**

> သုခံ ဥပ္ပဇ္ဇတီတိ တသ္မိံ သမယေ သကလ
> သရီရံ အဘိသန္ဒယမာနံ ဝိပဿနာသမ္ပယုတ္တံ သုခံ ဥပ္ပဇ္ဇတိ။

ဟူ၍ ဘွင့်ပြတော်မူရ၏။

---

## အဓိမောက္ခ သဒ္ဓါအဓိမာန၏အခွါခက်ပုံ

ထို့နောက် ဝိပဿနာတရားကို အားထုတ်ခြင်းကြောင့် ဖြစ်သော အဓိမောက္ခ - သဒ္ဓါဖြစ်ပေါ်လာတတ်၏၊ ဤသဒ္ဓါသည် ကံ,ကံ၏ အကျိုးကို ယုံကြည်ကာမျှ, ရတနာသုံးပါးတို့၏ ဂုဏ်ကို ယုံကြည်ခါမျှ အစွမ်းသတ္တိတို့ကြောင့် ဖြစ်ပေါ်သော သဒ္ဓါမျိုး မဟုတ်၊ စင်စစ်အားဖြင့်သော်ကား ဝိပဿနာတရားကိုအားထုတ်သဖြင့် ကိလေသာဖြစ်ခွင့်မရ ချောက်ချားခြင်း ကင်းပလျက် သမ္ပယုတ်ဓမ္မတို့၏ အလွန်ကြည်လင်ကြောင်း သဒ္ဓါမျိုးဖြစ်ပေါ်လာတတ်၏၊ ထိုအခါ၌လည်း ဤသဒ္ဓါတရားကို အမှီပြုပြီးလျှင် မိမိကိုယ်ကိုသောတာပန်စသည်ဖြစ်ပေပြီဟု ထင်တတ်၏။

**ထို့ကြောင့်အဋ္ဌကထာ၌……**

> အဓိမောက္ခော ဥပ္ပဇ္ဇတီတိ တသ္မိံ သမယေ
> စိတ္တစေတသိကာနံ အတိသယ ပသာဒဘူတာ ဝိပဿနာ
> သမ္ပယုတ္တာ သဒ္ဓါ ဥပ္ပဇ္ဇတိ။

ဟူ၍ ဘွင့်ပြတော်မူရ၏။

## အဓိမောက္ခသဒ္ဓါနှင့် အဓိဂမသဒ္ဓါတို့၏ကွာခြားပုံ

ဤနေရာ၌ သောတာပန်စသည် မဖြစ်မီ ပေါ်လာသော အဓိမောက္ခသဒ္ဓါနှင့် သောတာပန်စသည်ဖြစ်ပြီးသည့်နောက် အရိယာ၏အဖြစ်သို့ရောက်သောအခါ၌သာ ရရှိအပ်သော အဓိဂမသဒ္ဓါတို့၏ ကွာခြားပုံကို စဉ်းစားနိုင်းချိန်နိုင်ရန် နောက်၌ပြလတ္တံ့။

**ပဥ္စကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌......**

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ချစ်သားတို့၊သဒ္ဓါဗလံ,သဒ္ဓါတည်းဟူသော အား၊ သတိဗလံ, သတိတည်းဟူသော အား၊ ဝီရိယဗလံ,ဝီရိယတည်းဟူသောအား၊ သမာဓိဗလံ, သမာဓိတည်းဟူသောအား၊ ပညာဗလံ, ပညာတည်းဟူသောအား ဟူ၍ ဗိုလ် ၅-ပါး=အားငါးပါးရှိသည့်တို့တွင်(သဒ္ဓါဗလံ,သဒ္ဓါတည်းဟူသော အားကို)မည်သည့်နေရာ၌ ရှေ့သွားခေါင်းဆောင်အကြီးအမှူးထား၍ အားထုတ်အပ်သနည်းဟူ၍ မေးတော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄-ပါးတို့ကိုအားထုတ်ရာ၌ သဒ္ဓါတည်းဟူသောအားကို အကြီးအမှူးထားအပ်၏ဟု ဖြေကြားတော်မူ၏။

**အဋ္ဌကထာဘွင့်**.....အဋ္ဌကထာဆရာမြတ်သည်လည်း ဤသို့ ဘွင့်ပြတော်မူ၏၊ အခြားသော ဝီရိယ, သတိ, သမာဓိ, ပညာတို့သည်လည်း ပါဝင်ကြကုန်၏၊ သို့ရာတွင် သောတာပန်ဖြစ်ကြောင်း အင်္ဂါ (၁) သူတော်ကောင်းနှင့်ပေါင်းဘော်ခြင်း=သပ္ပုရိသသံသေဝ၊ (၂) သူတော်ကောင်းတို့၏ တရားကို ကြားနာရခြင်း= သဒ္ဓမ္မဿဝန၊ (၃) လောကုတ္တရာတရားကို ရကြောင်းအကျင့်ကိုကျင့်ရခြင်း=ဓမ္မာနု ဓမ္မပဋိပတ္တိ၊ (၄) အသင့်အတင့် နှလုံးသွင်းရခြင်း=ယောနိသော မနသိကာရ ၄-ပါးတို့သို့ရောက်သောအခါ သဒ္ဓါအားသည် ရှေ့သွားအကြီးအမှူးဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသည်ဟု ဘွင့်ပြတော်မူ၏။

**ထို့ကြောင့်အင်္ဂုတ္တိုရ်ပါဠိတော်ပဉ္စကနိပါတ်၌......**

ကဏ္ဍစ ဘိက္ခဝေ သန္ဒိဋ္ဌိကံ ဒဋ္ဌဗ္ဗံ၊ စတုသု သော
တာပတ္တိယင်္ဂေသု ဧတ္ထ သန္ဒိဋ္ဌိကံ ဒဋ္ဌဗ္ဗံ။

ဟူ၍ ဟောတော်မူ၏။

**အဋ္ဌကထာ၌လည်း......**

သဝိသယသ္မိံယေဝ လောကိယ လောကုတ္တရ ဓမ္မေ
ကထေတုံ ကဏ္ဍစ ဘိက္ခဝေ သန္ဒိဋ္ဌိကံ ဒဋ္ဌဗ္ဗန္တိ အာဒိ
မာဟ၊ (ပ) ဧဝံ သောတာပတ္တိယင်္ဂါနိ ပတွာ အဓိမောက္ခ
လက္ခဏံ သန္ဒိဋ္ဌိကမေဝ ဇေဋ္ဌကံ ဟောတိ ပုဗ္ဗင်္ဂမံ၊
သေသာနိ တဒနွယာနိ ဟောန္တိ။

ဟူ၍ ဘွင့်ပြတော်မူ၏။

**အနက်ကား**......ဘိက္ခဝေ၊ ရဟန်းတို့။ ကဏ္ဍစ၊ အဘယ်
အရာ၌သာလျှင်။ သန္ဒိဋ္ဌိကံ၊ သန္ဒိတည်းဟူ
သောအားကို။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်သနည်း။ စတုသု၊ လေးပါး
ကုန်သော။ သောတာပတ္တိယင်္ဂေသု၊ သောတာပန်ဖြစ်ကြောင်း
အင်္ဂါတို့၌။ ဧတ္ထ၊ ဤဗိုလ် ၅-ပါးတို့တွင်။ သန္ဒိဋ္ဌိကံ၊ သန္ဒိတည်း
ဟူသော ဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သဝိသယသ္မိံယေဝ၊ မိမိ,မိမိ၏ အာရုံ၌သာလျှင်။ လောကိယ
လောကုတ္တရ ဓမ္မေ၊ လောကီ, လောကုတ္တရာ တရားတို့ကို။
ကထေတုံ၊ ဟောပြတော်မူခြင်းငှါ။ ကဏ္ဍစ ဘိက္ခဝေ သန္ဒိဋ္ဌိကံ
ဒဋ္ဌဗ္ဗန္တိ အာဒိံ၊ ကဏ္ဍစ ဘိက္ခဝေ သန္ဒိဋ္ဌိကံ ဒဋ္ဌဗ္ဗံ-ဤသို့
စသောစကားတော်ကို။ အာဟ၊ မိန့်တော်မူပြီ။ (ပ) ဧဝံ၊ ဤသို့။
သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ကြောင် အင်္ဂါတို့သို့။
ပတွာ၊ ရောက်၍။ အဓိမောက္ခလက္ခဏံ၊ အဓိမောက္ခဟု မှတ်
ကြောင်းလက္ခဏာရှိသော။ သန္ဒိဋ္ဌိကမေဝ၊ သန္ဒိတည်းဟူသော
အားသည်သာလျှင်။ ဇေဋ္ဌကံ၊ အကြီးအမှူးသည်။ ဟောတိ၊ ဖြစ်၏။
ပုဗ္ဗင်္ဂမံ၊ ရှေ့ဆောင်ရှေ့သွားသည်။ ဟောတိ၊ ဖြစ်၏။ သေသာနိ၊

ကြွင်းကုန်သော ဝီရိယအား, သတိအား, သမာဓိအား, ပညာအား တို့သည်။ တဒန္ဝယာနိ၊ ထိုသဒ္ဓါအား၏နောက်သို့အစဉ်လိုက်ကြရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ပညာလွန်သဒ္ဓါတွန့်** .... ယခုကာလ၌ ဝိပဿနာကိုအားထုတ်သူနှင့် ဝိပဿနာတရားကို ဟောကြားသူတို့သည် အများအားဖြင့် ပညာအားကို အလေ့အထုံပြု အားကြီးသဖြင့် သဒ္ဓါတရားနည်းပြီးလျှင် အလှူပေးခြင်း, သီလ ဆောက်တည်ခြင်း, တရားနာခြင်းစသော လောကုတ္တရာ တရား ကိုးပါးအားလျော်သောအကျင့်, သောတာပန် ဖြစ်ကြောင်း အင်္ဂါ တို့ကိုပင် ပယ်ရှားလျက် သံသရာရှည်လျားသည့် အောက်တန်း စားအကျင့်တို့တည်းဟုယူလည်းယူဆ ဟောလည်း--ဟောပြော ကြကုန်၏၊ ထိုသို့ယူဆဟောပြောကြခြင်းသည် သဒ္ဓါနည်းလျှင် ပညာအားကြီး၏၊ သဒ္ဓါအားကြီးလျှင် ပညာနည်းပါးဆုတ်ယုတ် ပြန်၏၊ အထူးအားဖြင့် သဒ္ဓါနှင့်ပညာ မျှတညီညွတ်သည်ကိုသာ ဘုရားစသော အရိယာတို့ ချီးမွမ်းကြောင်းကို ဘွင့်ပြထားသော အဋ္ဌကထာနှင့်ရင်း, ယခုရေးပြခဲ့သော ပါဠိတော် အဋ္ဌကထာတို့ နှင့်ရင်း ဆန့်ကျင်ကွဲလွဲနေတော့၏။

**ဝဍ္ဍနာတရား** .....လောကီကုသိုလ်တရားတို့ကို အတုအပ အာသေဝန အလေ့အထုံပြု၍ ပွါးများ အားထုတ်ကြရကုန်၏၊ ထိုအခါ အစစ်ဖြစ်သော လောကုတ္တရာသဒ္ဓါ, သီလ စသည်တို့သို့ ရောက်ကြရကုန်၏၊ အတုအပမျှ ပြုလုပ်၍ မကျင့်ဆောင်နိုင်သေးလျှင် အစစ်သို့ အဘယ်သို့လျှင် ရောက်ရတော့အံ့နည်းဟု ဉာဏ်ကြီး သိမြင်ထိုက်ပေ၏၊ ရှေ့၌ ပညာယောင် ဆောင်၍ သဒ္ဓါမရှိ ကောက်ကျစ်စဉ်းလဲသည့် ဝဍ္ဍနာတရားကို ပြလတ္တံ့။

**အဓိဂမသဒ္ဓါ**......ထို့ကြောင့် သောတာပန် ဖြစ်သောအခါ ပြည့်စုံ၍လာသော သဒ္ဓါ, သီလ စသည်တို့ကို ဤနေရာ၌ ပြဆိုဦးအံ့။

သောတာပန်စသော အရိယာဖြစ်သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း,တရားတော်၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း, သံဃာတော်၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း သဒ္ဓါတရားတို့နှင့် ပြည့်စုံ၏၊ သူတပါးတို့အား မနာလို ဝန်တိုစဉ်းလဲသော ဣဿာ, မစ္ဆရိယ စသော အကုသိုလ်အညစ်အကြေး ကင်းသောစိတ်ဖြင့် အိမ်ယာ တည်ထောင်လျှ တောင်အရပ်၌ ချဉ်းကပ်မှီးချုပ်၍နေ၏၊ လွတ်လွတ် ကင်းကင်း အတုန့်အပြန်မလိုမူ၍ စွန့်ကြဲပေးကမ်းခြင်း သဘောရှိ၏၊ ရောက်လာ, ရောက်လာကုန်သော အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူခြင်းငှါ ဆေးကြော၍ ထားသော လက်ရှိ၏၊ စွန့်ကြဲပေးကမ်း လှူဒါန်း၍ နေရလျှင် ပျော်ရွှင်နှစ်သက်၏၊ အလှူခံပုဂ္ဂိုလ်တို့၏ တောင်းခံသင့်တောင်းခံထိုက်သော ဂုဏ်နှင့်ယှဉ်၏၊ အနည်းငယ်မျှတစုံတခုကိုရလျှင်းမူလည်း ထိုအနည်းငယ်မျှကိုပင် ဝေငှစားသောက်ခြင်း၌ မွေ့လျော်၏၊ ဤအဘို့အစုသည် ငါတို့အား ဖြစ်လတ္တံ့၊ ဤအဘို့အစုသည် ရဟန်းတော်တို့အားဖြစ်လတ္တံ့,ဟု ဤသို့ဝေဘန်ခွဲခြမ်းခြင်းမပြုမူ၍ အလုံးစုံသော ပစ္စည်းသည် ပေးလှူအပ်,ပေးလှူထိုက်သော ပစ္စည်းပင်တည်းဟု သဒ္ဓါတရားအားကြီးခြင်းသည် ဖြစ်၏ဟု **မဟာဝဂ္ဂသံယုတ် ကာဠိဂေါဓ–သာကိယာနီသုတ်ပါဠိတော် အဋ္ဌကထာ**တို့၌ ဟောပြတွင့်ဆို၍ ထားတော်မူ၏။

ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊
ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊
သံဃေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊
ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ၊
မုတ္တစာဂေါ ပယတပါဏိ ဝေါသဂ္ဂရတော ယာစယောဂေါ
ဒါနသံဝိဘာဂရတော၊ ဣမေဟိ စတူဟိ အင်္ဂေဟိ သမန္နာ
ဂတော အရိယသာဝိကာ သောတာပန္နာ ဟောတိ၊ (ပ)
ယံ ခေါပန ကိဉ္စိကုလေ ဒေယျဓမ္မံ သဗ္ဗံ တံ အပ္ပဋိဝိဘတ္တံ
သီလဝန္တေဟိ ကလျာဏဓမ္မေဟိတိ။

**ရင်းအဋ္ဌကထာ**……

မုတ္တုစာဂါတိ ဝိဿဋ္ဌစာဂေါ၊ ပယတပါဏီတိ အာဂ တာဂတာနံ ဒါနတ္ထာယ ဓောတဟတ္ထော၊ ဝေါသဂ္ဂရ တောတိ ဝေါသဂ္ဂသင်္ခါတေ စာဂေ ရတော၊ ယာစ ယောဂေါတိ ယာစိတဗ္ဗကယုတ္တော၊ ဒါနသံဝိဘာဂရတော တိ ဒါနေနစေဝ အပ္ပမတ္တကမ္ပိ ကိဉ္စိလဒ္ဓါ တတောပိ သံဝိဘာဂေ ရတော၊ အပ္ပနိုဝိဘတ္တက္ကို ဓူဒံ အမှာကံ ဘဝိဿတိ, ဓူဒံ ဘိက္ခုနန္တီ ဇဝံ အကာတဝိဘာဂံ သဗ္ဗံ ဒါတဗ္ဗမေဝ ဟုတွာ ဋ္ဌိတတ္တို အတ္တော။

ဟူသတည်း။

**သိက္ခာပုဒ်ပညတ်ချက်**……မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါ၌ အချို့အချို့ အနာထပိဏ်, ဝိသာခါစသော အရိယာပုဂ္ဂိုလ်တို့၌မူကား များ ပြားသော ပစ္စည်းဥစ္စာလည်း ရှိကြကုန်၏၊ ကြီးကျယ်သောသဒ္ဓါ တရားလည်း ရှိကြကုန်၏၊ အချို့အချို့ သောတာပန်စသည့်တို့၌ ကား သဒ္ဓါတရားသာလျှင် အားကြီး၍ ပစ္စည်းဥစ္စာ ရှားပါးရှာကြ ကုန်၏၊ ရဟန်းတော်တို့၏ ၂၂၇—ပါးသော သိက္ခာပုဒ်တော်၌ ပစ္စည်းဥစ္စာရှားပါးရှာကြကုန်သော သောတာပန် စသော သေက္ခ မျိုးကို အကြောင်းပြု၍ သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။

**ဝတ္ထုကြောင်းမူကား**……မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံး၍နေတော်မူစဉ် ထိုမြို့၌ သောတာပန်လင်နှင့်မယားတို့သည် ပစ္စည်းဥစ္စာနည်းပါးပြီး အား ကြီးသော သဒ္ဓါတရားရှိကြကုန်၏၊ နံနက်အခါ စားသောက်ရန် ချက်ပြုတ်၍ထားသော ခဲဘွယ်ဘောဇဉ်ကို အလှူခံရဟန်းတော်တို့ လာရောက်လျှင် မငြိုငြင်ဘဲ အစဉ်သဖြင့် ပေးလှူတတ်ကြကုန်၏။

အချို့အချို့ ရဟန်းတော်များသည် ပစ္စည်းနှင့် သဒ္ဓါတရား အတိုင်းအရှည်ပမာဏကို မသိတတ်ကြကုန်မူ၍ ခံယူသုံးဆောင်

ကြကုန်၏၊ ရံခါ ရံခါ ချက်ပြုတ်စားသောက်ဘွယ်ရာ ကုန်ပြတ်၍ အစာငတ်ခံနေကြရကုန်၏၊ထိုသောတာပန်လင်မယားတို့၌ သဒ္ဓါ တရားကားပျက်ပြားဆုတ်ယုတ်ခြင်းမရှိကြကုန်၊မြင်ကုန်,ကြားကုန် သောပုထုဇန်အရပ်သားတို့သည်မူကား ဤသူ,ဤရဟန်းတို့သည် ရှုးစမ်းဆင်ခြင်ခြင်းမရှိ၊ ဆွမ်းရတတ်သည့်အကြောင်းလောက်ကို သာ မြော်မြင်လျက် ဤလင်မယားတို့အိမ်၌ အကြိမ်ကြိမ်ဆွမ်းရပ် သဖြင့် ငတ်ပြတ် မွတ်သိပ်ခြင်း ဖြစ်ကြရကုန်ပြီဟု ထိုဤစကား ပြောကြားကဲ့ရဲ့ကြကုန်၏၊ ဤစကားကို မြတ်စွာဘုရား၏ ရွှေနား တော်၌ကြားသိတော်မူလေသဖြင့် မသင့်တင့် မလျောက်ပတ် မပြု အပ်သောခံယူမှုကို အဘယ့်ကြောင့် သင်တို့ ပြုလေသနည်းဟု အသီးသီးကဲ့ရဲ့ပြစ်တင် ဆုံးမတော်မူပြီးလျှင် သိက္ခာပုဒ်အစဉ်၌ ပါ ဝင်သော **ပါဋိဒေသနီအာပတ်**ကို ပညတ်တော်မူရလေသည်။

**အမိန့်တော်**......ထိုနောက် မြတ်စွာဘုရားသည် သောတာပန် စသော သေက္ခပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားကို ထောက်ထားတော်မူပြီးလျှင် ချစ်သားတို့......၊ဤအမျိုးသား လင် မယားတို့အား သိမ်၏အတွင်း၌နေ၍ ကမ္မဝါစာဖြင့်သေက္ခသမ္မုတိ ကိုပေးလိုက်ကြကုန်၊ ပေးပြီးနောက် အများသောကျောင်းတိုက် ၌ ရဟန်းတော်တို့သိနိုင်ရန် ထုတ်ပြန်ကြော်ငြာရမည်ဟု အမိန့် တော်ရှိလေသည်။

**ကမ္မဝါစာ၏ မြန်မာပြန်အဓိပ္ပါယ် အကျဉ်းချုပ်ကား**......

အရှင်ဘုရားတို့၊ သံဃာတော်သည် ဤသမ္မုတိ ပေးသောကမ္မ ဝါစာစကားကို နားဆင်တော်မူပါလော့၊ ဤသာဝတ္ထိမြို့ ဤမည် သော ရပ်ကွက်၌နေထိုင်သော ဤအမည်, ဤအမည် ရှိသော သောတာပန်လင်နှင့်မယား အမျိုးသားသမီးတို့သည် ပစ္စည်းအား နည်းပါး၍ သဒ္ဓါတရား အားကြီးကုန်၏။

ထို့ကြောင့် သေက္ခဟုသမုတ်အပ်သော သမ္မုတိကို သံဃာ တော်သည် ပေးလိုက်၏၊မနာမဖျာ သောရဟန်းသည်ရင်း, ကိုယ်

တိုင် မပင့်မလျှောက်အပ်သောရဟန်းသည်ရင်း ထိုအိမ်၌ဆွမ်းခံခြင်းမပြုရဟူလို၊ ဤသည်လည်း သောတာပန်တို့၏ သဒ္ဓါကြီးမှုကြောင့် ပညတ်ရချက်ပေတည်း။

**အဋ္ဌကထာဘွင့်**……အဋ္ဌကထာဆရာသည်လည်း ဤသို့ဘွင့်ပြတော်မူ၏၊ ဤသို့ သဘောရှိသော သောတာပန်စသော သေက္ခမျိုးတို့သည် ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသော်လည်း ပစ္စည်းဥစ္စာတို့မှ ဆုတ်ယုတ်ဆင်းရဲခြင်းဖြစ်တတ်ကြကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူကား ထိုသောတာပန်စသော အမျိုးသားတို့သည် ပစ္စည်းဥစ္စာကို အာရက္ခသမ္ပဒါဖြင့်များစွာစောင့်ရှောက်ခြင်း မပြုကြကုန်၊ ထို့ကြောင့် ဥစ္စာပစ္စည်းပျက်စီးဆုတ်ယုတ်တတ်ကုန်၏ဟု ဘွင့်ပြ၏။

**ဓမ္မပဒ၌**……မဋ္ဌကုဏ္ဍလိ၏ အဘသူဌေးလည်း သားကလေးအား နားခေါင်း၌ လုပ်မပေးနိုင်အောင်ပင် စည်းစိမ်တွင်ကပ်ငြိလျက် သောတာပန်ဖြစ်သည့်အခိုက်၌ အားလုံးသောဥစ္စာကို သာသနာတော်၌စွန့်လိုက်၏ဟု လာ၏။

အနာထပိဏ်သူဌေးကြီးသည်လည်း အလှူဒါနအားကြီးပြီး ဝင်ငွေနည်းပါးသဖြင့် ဆင်းရဲသားအဖြစ်သို့ပင် ရောက်သွားရသေးကြောင်း၊ ၎င်းနောက် သောတာပန် မိမ္မိသာရမင်း၏ သဒ္ဓါကို **ဥပရိပဏ္ဏာသအဋ္ဌကထာ**၌ အောက်ပါအတိုင်း ဘွင့်ပြ၏။

> အပိစ ခေါပနဿ သောတာပန္နကာလတော ပဋ္ဌာယ ထပေတွာ တိဏိ ရတနာနိ အညံ ရတနံ သောမနဿံ ဇနေတုံ သမတ္ထံနာမ နတ္ထိ။

**အနက်ကား**……အပိစ၊ စင်စစ်သော်ကား။ အဿ၊ ထို မိမ္မိသာရမင်းအား။ သောတာပန္နကာလတော၊

သောတာပန်ဖြစ်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရတနာနံ၊ ဘုရား,တရား,သံဃာ ရတနာမြတ်တို့ကို။ ထပေတွာ၊ ဖယ်ထား၍။ အညံ ၊ ရတနာသုံးပါးတို့မှ တပါးသော။ရတနံ၊ ရွှေငွေစသော ရတနာသည်။ သောမနဿံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ သမတ္ထံနာမ၊ စွမ်းနိုင်သော ရတနာမည်သည်။ နတ္ထိ၊ မရှိ။

ဤသို့ သောတာပန်ဖြစ်သောပုဂ္ဂိုလ်တို့သည် အလိုလို မဂ်ဖြင့်ရသော အဝိစ္စပ္ပသာဒ၏ အစွမ်းသတ္တိအားဖြင့် ရတနာသုံးပါးတို့ကိုသာလျှင် အလေးအမြတ် ပြုတတ်ကုန်၏၊ ပစ္စည်းဥစ္စာတို့ကိုကား ရတနာသုံးပါးလောက် မစုံမက် မမြတ်နိုးကြကုန်။

**ထိုမှတပါး သုတ်မဟာဝါပါဠိတော် သစ္စပဥ္စသုတ်၌......**

"အဘိဇာနာသိ နော တွံ ဒွေပါနမိဒ္ဓ ဇာတော ပုဗ္ဗေဝေဂ္ဂရူပံ ဝေဒပဋိလာဘံ သောမနဿပဋိလာဘံ"

စသည်ဖြင့် မြတ်စွာဘုရား၏တရားကို ကြားနာရသည်၏အဆုံး၌ သောတာပန်၏ အဖြစ်သို့လည်း ရောက်ရခြင်း, မြတ်စွာဘုရားရှေ့တော်မှောက်၌ ရတိစိတ်သို့ရောက်လျက် သိကြားသစ်ပြန်၍ဖြစ်ရခြင်းအကျိုးတို့နှင့် ပြည့်စုံခံစားရသော သိကြားမင်းကို မြတ်စွာဘုရားမေးမြန်းတော်မူသည်မှာ... သိကြားမင်း...၊သင်သည် ဤယခုဖြစ်ပေါ်သော နှစ်သက်ဝမ်းမြောက်ခြင်းနှင့်တူစွာ ရှေ့အခါ၌ ဖြစ်ပေါ်ခဲ့ဘူးသည်ကို ထူးခြားစွာ မှတ်မိဘူးသလောဟု မေးမြန်းတော်မူ၏။

**သိကြားမင်းလျှောက်ချက်**.....ထိုအခါ သိကြားမင်းသည် ဤသို့ လျှောက်ထား၏၊ မြတ်စွာဘုရား၊တပည့်တော်သည် ရှေ့အခါ၌ အသုရာနတ်တို့နှင့် စစ်ပွဲပြိုင်ဆိုင်၍ အနိုင်ရရှိပြီးနောက် များမြောက်လှစွာ နတ်သို့ကညာ

သုဇာတာအမျိုးရှိသော နတ်မိဖုရားတို့နှင့် တကွ စာတုမဟာရာဇ်, တာဝတိံသာ နှစ်ဖြာသောနတ်ရပ်ကို စိုးကြပ်ပိုင်ဆိုင် ဘိသိက်ခံနိုင်သောနေ့၌ ပျော်မွေ့ရွှင်ပျလျက် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားရဘူးကြောင်း ကောင်းစွာအမှတ်ရပါသည်၊ သို့ပါသော်လည်း ထိုနတ်၏စည်းစိမ်တို့ကို သိမ်းပိုက်အောင်နိုင်ရခြင်းသည် မကောင်းသော လက်နက်ဓားတုတ်ဖြင့် ပုတ်ခတ်တားမြစ်ခါ အောင်နိုင်ဝမ်းမြောက်ရပါသည်၊ ငြီးငွေ့ခြင်းငှါ, ရာဂကင်းခြင်းငှါ, ချုပ်ငြိမ်းခြင်းငှါ, နိဗ္ဗာန်သို့ရောက်ခြင်းငှါ မဖြစ်နိုင်ပါ၊ ယခုမြတ်စွာဘုရား၏ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အမှန်မြင်သိစေအပ်သောတရားသည်ကား တုတ်,ဓားမဆောင် အောင်နိုင်ပြတ်ရှင်း ရာဂကင်းလျက် ပရိနိဗ္ဗာန်ပြုခြင်းငှါဖြစ်သဖြင့် စင်စစ် ထူးကဲ မြင့်မြတ်လှပါသည်ဘုရားဟု လျှောက်ထား၏။

ဤသို့သောဒေသနာအရပ်ရပ်တို့ကို ဆင်ခြင်ထောက်ဆလျက် သောတာပန်ဖြစ်ကြသောပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် ဆင်းရဲသားပုထုဇန်တို့၏သဒ္ဓါကို ကောင်းစွာနှိုင်းချိန်နိုင်ရာ၏၊ ဤ၌ နတ်ပြည်နှစ်ထပ်ရှိ စည်းစိမ်တို့ကို ရရှိခံစားဝမ်းမြောက်သည်ထက် သောတာပတ္တိမဂ်ဖြင့် ရရှိအပ်သော ဝမ်းမြောက်ခြင်းသည် သာလွန်ပါကြောင်း လျှောက်၏။

**ဤ၌မှတ်ရန်**...ဤသို့ သောတာပတ္တိမဂ်ဖြင့် ပယ်သတ်ပြီးသဖြင့် သီလပျက်စီးကြောင်း ကိလေသာ, ဣဿာ, မစ္ဆရိယစသည့် ကိလေသာတို့မရှိသောအခါ ပုထုဇန်အခါ၌ စိတ်၌သတ်လို ခိုးလိုခြင်းစသည့် ကိလေသာ, မိမိပစ္စည်းကို သူတပါးနှင့် မဆက်ဆံစေလို ဝန်တိုညှုရှုသောကိလေသာစသည်တို့ ပေါ်လာသော်လည်း ချုပ်တည်းပယ်ချ၍ ထိန်းသိမ်းရသကဲ့သို့မဟုတ်တော့လေ၊ မည်သည့်အခါမှ ဤစိတ်မျိုးမပေါ်လာတော့သဖြင့် ချုပ်တည်း ထိန်းသိမ်းမနေရဘဲ တည်နေ၏ဟုလို၊ မသတ်ချင်၍

သတ်ချင်စိတ်မရှိ၍, ခိုးချင်စိတ်မရှိ,မသတ်မခိုးဘဲတည်နေ၏ဟု ဆိုလို၏။

## သောတာပန်၏သီလ

**ရတနသုတ်၌**……သောတာပန်စသော အရိယာတို့၏အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သည် ငါးပါးသီလကို ကျူးလွန်လိုသောစိတ်ဖြင့် ဖျက်ဆီးခြင်း မိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းဟူသော ခြောက်ပါးသောတရားတို့သို့ နိဗ္ဗာန်သို့မရောက်မီ အကြား မည်သည့်အခါမျှ မလားမကပ် မရောက် မဆိုက်တော့ပြီဟု ရတနသုတ်ပါဠိတ်၌ ဟောထား၏။

## သောတာပန်၏ ပယ်ချတရား

**ဖုံးမထား**……ထိုမှတပါး မိမိသည် အပါယ်သို့ မကျရောက်စေတတ်သော်လည်း မသင့်လျော်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ကို ပြုမိကြီမိသဖြင့် သူတပါးတို့သည် မေးမြန်းလာ ကဲ့ရဲ့လာခဲ့သော် ဂုဏ်ပျက်မည်ကို စိုးရိမ်သဖြင့် ဖုံးလွှမ်း၍မထားတော့လေ၊ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ သီလဗ္ဗတ ပရာမာသ,အပါယ်သို့ကျရောက်စေတတ်သော ကာမရာဂ, ဒေါသ,မိစ္ဆာကမ္မန္တ,မိစ္ဆာဇီဝတို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်၏။

ထိုမှတပါး မိမိ၌ကောင်းသောကျောင်းအိမ်တို့နှင့် ပြည့်စုံခြင်း, အခြံအရံနှင့်ပြည့်စုံခြင်း, လာဘ်ပူဇော် သက္ကာရနှင့်ပြည့်စုံခြင်း,ပရိယတ်ဂုဏ် တရားဟောကောင်းသောဂုဏ်နှင့် ပြည့်စုံခြင်း, လှပသောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံခြင်းတို့ကို သူတပါးတို့နှင့်ဆက်ဆံသောအဖြစ်ကို သည်းမခံနိုင်သော အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယ, လာဘမစ္ဆရိယ,ဝဏ္ဏမစ္ဆရိယ, ဓမ္မမစ္ဆရိယ ဟူသော မစ္ဆရိယငါးပါးတို့ကိုလည်း မဂ်ဖြင့်ပယ်၏၊ နိစ္စ, သုခ, အတ္တဟူသော သညာ,စိတ္တ,ဒိဋ္ဌိဝိပ္ပလ္လာသတို့ကိုလည်း ပယ်၏၊ မိမိ၏ချစ်သူဖြစ်

၍ဇင်း, မုန်းသောသူဖြစ်၍ဇင်း, တွေဝေသောမောဟကြောင့်ဇင်း, ကြောက်ရွံ့သောကြောင့်ဇင်း ပစ္စည်းဝေယူရာ တရားစီရင်ရာ စသည်တို့၌ မျက်နှာလိုက်၍ ဝေဘန်ခြင်း ဆုံးဖြတ်ခြင်းတည်းဟူသော ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ ဟူသော အဂတိလေးပါးတို့ကိုလည်း သောတာပတ္တိမဂ်ဖြင့် ပယ်၏ဟု **ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌** ဘွင့်ပြ၏။

## ပဂ္ဂဟအဘိမာန၏ အစွါခက်ပုံ

ဤယခုပြအပ်သော သောတာပန်၏ သဒ္ဓါနှင့် သောတာပန်၏ သီလ, သောတာပန်၏ပယ်ချသော ကိလေသာတို့ကို ကောင်းစွာမှတ်သား၍ မိမိ မိမိတို့၏သန္တာန်၌ အထင်ကြီးသောတရားတို့ကို ပယ်ရှားစွန့်ခွါလျက် မဂ်ဉာဏ်အစစ် ဟုတ်တန်ရာ, မဟုတ်တန်ရာကို ဆင်ခြင်သင့်၏၊ မဂ်ဖြင့် မိမိ၏သန္တာန်၌ ပယ်ပြီးသောကိလေသာတို့သည် ကောင်းမွန်စွာ သတိ, သမာဓိ, ပညာ များပြား၍ နိုးကြားထကြွနေသောအခါ၌ တကြိမ်တခါဖြစ်ပေါ်လာရန်ကိုမဆိုထားဘိ သတိ, သမာဓိ, ပညာ အားမရှိမူ၍ အိပ်နေစဉ်ပင် အိပ်မက်တွင်၌မျှ မြင်မက်ခွင့်မရကြလေကုန်ဟု ပါဠိတော်၌ပြထား၏။

ယခုကာလ၌ကား ဆရာများစစ်ဆေး၍ ဉာဏ်စဉ်တက် အောင်လက်မှတ်ရအရိယာ ဖြစ်ပြီးကာမှ သာ၍ကိလေသာများသူတွေရှိနေသေး၏၊ ထို့နောက် ဝိပဿနာကိုအားထုတ်ပြန်ရာ ဝိပဿနာစိတ်သမ္ပယုတ်တရားတို့နှင့်ယှဉ်သော ပျင်းရိညစ်နွမ်းသော သံကိလေသာတရားတို့မှ ထွက်မြောက်ရန် ထောက်ပံ့ချီးမြှင့်သော သတ္တိရှိသော ဝီရိယဟူသော ပဂ္ဂဟဖြစ်ပေါ်ရ၏၊ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့ထင်မြင် ဆင်ခြင်၏၊ ငါ၌ရှေးအခါ ဤကဲ့သို့မဖြစ်စဘူး အထူးဝိပဿနာ၌နေ့လျော်၏၊ ပျင်းရိသည် ဟူ၍ပင်မရှိ၊ အရိယာ၏အဖြစ်သို့ရောက်သောကြောင့်ပင်တည်းဟု အထင်ကြီးသော အဓိမာနဖြစ်လာရ၏။

**ထို့ကြောင့် အဋ္ဌကထာ၌......**

ပဂ္ဂဟော ဥပဋ္ဌာတိတိ တသောဝ တသ္မိံ သမယေ အသိထိလမနစ္စာရဒ္ဓံ သုပဂ္ဂဟိတံ ဝိပဿနာ သမ္ပယုတ္တံ ဝီရိယံ ဥပဋ္ဌာတိ။

ဟူ၍ မိန့်တော်မူ၏။/

**ရှင်အနုရုဒ္ဓါပင်မသိမြင်ခဲ့**......ထိုအထင်ကြီးမှုကို စွဲမှီ၍ ဖြစ်ပေါ်ရာ ကိလေသာတို့ကို သာမညပုဂ္ဂိုလ်ကိုမဆိုထားဘိ့,ကပ္ပါတသိန်းပါရမီဖြည့်ပြီးသောအရှင် အနုရုဒ္ဓါမထေရ်သည်ပင် လျင်လျင်မြန်မြန် မသိမ်းဆည်းမသိမြင်နိုင်အောင် သိမ်မွေ့၏၊ အကြောင်းကား ဤသို့တည်း။

## အရှင်အနုရုဒ္ဓါ၏ဝဋ္ဌနာကို အရှင်သာရိပုတ္တရာ ဟောပြပုံ

အခါတပါး၌ အရှင်အနုရုဒ္ဓါ မထေရ်သည် ရဟန္တာ မဖြစ်မီ အရှင်သာရိပုတ္တရာ၏အထံသို့ချဉ်းကပ်၍ ဤသို့ပြောဆို၏၊ နှီးနှော၏။

**ရှင်အနုရုဒ္ဓါမေး**......ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် လူတို့၏ မျက်စိအမြင်ကိုလွန်မြောက်သော အထူးသဖြင့်စင်ကြယ်သော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တထောင်သော လောကဓာတ်ကိုအလိုရှိလျှင် ကြည့်မြင်ခြင်းငှါ စွမ်းနိုင်ပါ၏၊ ငါ့အား မပျင်းမရိ မတွန့်မဆုတ်သော လုံ့လဝီရိယလည်း ရှိပါသည်၊ မတွေဝေသောသတိ အောက်မေ့မိခြင်းလည်းရှိပါသည်၊ ပူအိုက်မရှိ အေးချမ်းသည့်ကိုယ်စိတ်နှစ်ဖြာ တည်ကြည်စွာသော သမာဓိလည်းရှိပါသည်၊ ထိုသို့ဖြစ်လျက်လည်း ငါ၏စိတ်သည် အာသဝတရားတို့မှ မစွဲငြိမူ၍ မလွတ်မြောက်၊ မငြိသည့် အကြောင်း ကြောင့်နည်းဟုမေးလျှောက်၏။

**ရှင်သာရိပုတ္တရာပြော**...ထိုအခါ- အရှင်သာရိပုတ္တရာမထေရ် မြတ်သည် ဤသို့မိန့်တော်မူ၏၊ ငါ့ရှင် အနုရုဒ္ဓါ၊ သင်သည် ဒိဗ္ဗစက္ခုဖြင့် ငါကြည့်လိုလျှင် မြင်နိုင်၏ဟု

ထင်မှတ်သည့်ကာလ၌ မာနဟူ၍ပင် မသိနိုင်အောင် လှည့်ဆောင်တက်ကြွနေသော မာနရှိနေ၏။ မပျင်းမရိ မငြိမကပ် ထောက်ပံ့တတ်သော ဝီရိယနှင့်ထင်သော သတိ, အေးချမ်းသော ကိုယ်စိတ်ရှိလျက် စိတ်၏ တည်ကြည်ခြင်း ရှိပါသည်ဟု ပြောဆိုရာ ကောသဇ္ဇဟူသော ကိလေသာကို ဝီရိယ၏ အစွမ်းဖြင့် ပယ်ခွါ၍ ဝီရိယအားကြီးသဖြင့်၊ ပျံ့လွင့်နေသော ဥဒ္ဓစ္စကို ပယ်ချရန် သင်မမြင်နိုင်လေ၊ (ထိုသို့ဖြစ်လျက်လည်း ငါ၏ စိတ်သည် အာသဝေါ တရားတို့မှ မစွဲလမ်းမကပ်ငြိမှု၍ လွတ်မြောက်ခြင်းမရှိ) ဟု သင်ပြောဆိုသဖြင့် ထိုထိုအားထုတ်သော တရား၌ ယုံမှားသံသယ, ကုက္ကုစ္စ ဖြစ်ဟန်ကို သင့်ဉာဏ်၌ မထင်မြင်လေ၊ ဈာန်ဖြေတို့ကို ညီညွတ်အောင်ပြုလုပ်၍ အားထုတ်ဆောင်ရွက်ချေလော့ဟုတိုက်တွန်းရ၏။

**ဆင်ခြင်ပါလေ** ·····အရှင်မဟာမောဂ္ဂလာန်၏ ကမ္မဋ္ဌာန်းအားထုတ်ရာ၌လည်း ထိန, မိဒ္ဓ-ကို မသိမ်းဆည်း မသိမြင်နိုင်၍ မြတ်စွာဘုရားပင် ကြွသွားလျက် ဟောကြားထုတ်ပယ်စေရ၏၊ အရှင်အာနန္ဒာသည်လည်း ပဌမသင်္ဂါယနာတင်ခါနီး၌ ဝီရိယအားကြီးသဖြင့် ပျံ့လွင့်သော ဥဒ္ဓစ္စကိုကမ္မဋ္ဌာန်းအားထုတ်ရာမှ မပယ်ချနိုင်ဘဲရှိသေး၏၊ ယခုကာလပါရမီနု, ဉာဏ်နုသူကလေးတို့၌ ဘာဝနာခရီးနှင့် နီကဋ္ဌရေကို ရွေးချယ်သိမြင်စေရာ၌ အဘယ်မှာ ဆိုဘွယ်ရှိတော့အံ့နည်း၊ အထင်ကြီးမြဲသော ကြီး၍နေကြတော့အံ့၊ ထို့ကြောင့်, ယောနိသောမနသိကာရဖြင့်ဆင်ခြင်လေ။

ဤအကြောင်းကို **အင်္ဂုတ္တိုရ်ပါဠိတော်နှင့်အဋ္ဌကထာ, အဋ္ဌကထာနိပါတ် ဂဟပတိဝဂ် ပဌမပဏ္ဏာသ**၌ အောက်ပါ အတိုင်းပြထား၏။

ဣဓာဟံ အာဝုသော သာရိပုတ္တ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သဟဿလောကံ

ဥပဋ္ဌိတာ သတိ အသံမုဋ္ဌာ၊ ပဿဒ္ဓေါ ကာယော၊ အသာရဒ္ဓေါ၊ သမာဟိတံ စိတ္တံ ဧကဂ္ဂံ၊ အထစ ပန မေ အနုပါဒါယ အာသဝေဟိ စိတ္တံ နမုစ္စတီတိ၊ အထနံ ထေရော အာဟ ယံခေါတေ အာဝုသော အနုရုဒ္ဓ ဧဝံ ဟောတိ အဟံ ဒိဗ္ဗေန စက္ခုနာ(ပ)ဩလောကေမီတိ ဣဒံ တေ မာနသ္မိံ၊ ယံ ပိ တေအာဝုသော အနုရုဒ္ဓ ဧဝံဟောတိ အာရဒ္ဓံ ခေါပန မေ ဝီရိယံ (ပ) ဧကဂ္ဂန္တိဣဒံ တေ ဥဒ္ဓစ္စသ္မိံ၊ ယံပိ တေ အာဝုသော အနုရုဒ္ဓ ဧဝံဟောတိ၊ အထစ ပန မေ အနုပါဒါယ အာသဝေဟိ စိတ္တံ နဝိမုစ္စတီတိ၊ဣဒံ တေ ကုက္ကုစ္စသ္မိံ—။

ဟူ၍ပြတော်မူ၏၊

---

## မဂ်ဖိုလ်ဟုအထင်ကြီးပုံ
## ဥပဋ္ဌာန=သတိအစွါခက်ပုံ

ထို့နောက် ဝိပဿနာကို အားထုတ်ပြန်ရာ ဥဒယဗ္ဗယဉာဏ် အရာ၌ ကောင်းစွာထင်သော တည်တံ့သော, အာရုံ၌ မတုန်လှုပ်သော သေလာပဗ္ဗတဝိ၌ ဗိုက်မြှုပ်အပ်သော မြင့်မိုရ်တောင်နှင့်တူသော ဝိပဿနာနှင့်ယှဉ်သော, သတိတရားသည် ဖြစ်၏၊ မှတ်ရူရာသတိပြုရာ၌ ဒိဗ္ဗစက္ခု အသွင်ကဲ့သို့ ထင်မြင်မှတ်သားမိ၏၊ ထိုအခါ၌လည်းမဂ်,ဖိုလ်ဟုအထင်ကြီးပြန်၏။

**ထို့ကြောင့်အဋ္ဌကထာ၌**·····

ဥပဋ္ဌာနံ ဥပဋ္ဌဟတီတိ တဿေဝ တသ္မိံ သမယေ သုပဋ္ဌိတာ သုပ္ပတိဋ္ဌိတာ နိခါတာ အစလာ ပဗ္ဗတရာဇသဒိသာ ဝိပဿနာ သမ္ပယုတ္တာ သတိ ဥပဋ္ဌာတိ၊ သော ယံယံ ဌာနံ အာဝဇ္ဇတိ၊ သမန္နာဟရတိ မနသိကရောတိ ပစ္စဝေက္ခတိ တံတံ ဌာနမဿ ဩက္ကန္ဒိတွာ ဩလောကေတိ၊ အာရဒ္ဓံ ခေါပန မေ ဝီရိယံ အသလ္လီနံ၊

ပဏ္ဍိတော ဒိဗ္ဗစက္ခုနေသ ပရလောကော ဝိယ သတိယာ ဥပဋ္ဌာတိ။

ဟူ၍မိန့်တော်မူ၏။

## ဥပေက္ခာအဓိမာန၏အခွါခက်ပုံ

ထိုမှနောက်၌ အလုံးစုံသောသင်္ခါရ တရားတို့၌ မုန်းဘွယ်ဟူ၍၎င်း, ချစ်ခင်ဘွယ်ဟူ၍၎င်း စိတ်ချမ်းသာဘွယ် စိတ်ညစ်နွမ်းဘွယ်ဟူ၍၎င်း မထင်မှတ်၊ အလယ်အလတ်ရှုတတ်သောဝိပဿနာ စိတ်နှင့် ယှဉ်သော ဥပေက္ခာသည်၎င်း, မနောဒွါရ၌ အာဝဇ္ဇနုပေက္ခာသည်၎င်း ဖြစ်ပေါ်တတ်၏၊ ထိုအခါ၌လည်း ငါ၏ဝိပဿနာသည် မဂ်ဉာဏ်သို့ ဆိုက်ရောက်သောကြောင့်သာလျှင် ဤသို့ အလယ်အလတ် ရှုဆင်ခြင်နိုင်၏ဟု အထင်ကြီးတတ်ပြန်၏။

**ထို့ကြောင့် အဋ္ဌကထာ၌......**

ဥပေက္ခာတိ ဝိပဿနုပေက္ခာစေဝ အာဝဇ္ဇနုပေက္ခာ စ၊ တသ္မိံ ဟိ သမယေ သဗ္ဗသင်္ခါရေသု မဇ္ဈတ္တဘူတာ ဝိပဿနုပေက္ခာပိ ဗလဝတီ ဥပ္ပဇ္ဇတိ၊ မနောဒွါရေ အာဝဇ္ဇနုပေက္ခာပိ။

ဟူ၍ မိန့်အပ်၏။

## ဘာဝနာရတိဟု အထင်ကြီးပုံ

ဤပြအပ်ခဲ့ပြီးသော ဝိပဿနာညစ်ညူးကြောင်း ဩဘာသစသော တရားကိုးပါးတို့သည် တခုသောခဏ၌လည်း ဖြစ်ပေါ်တတ်၏၊ ထို့နောက်၌ ဤပြအပ်ခဲ့ပြီးသော ကိုးပါးသော တရားတို့ဖြင့် တန်ဆာဆင်ခြင်းရှိသည့် ဝိပဿနာသည် လွန်စွာမွေ့လျော်ဘွယ်ရှိသောကြောင့် ထိုကိုးပါးသောတရားတို့၌ နှစ်သက်ငဲ့ကွက်သောတဏှာ ဖြစ်၍နေတတ်၏၊ ထိုတဏှာကို ဝိပဿနာ ညစ်ညူးကြောင်းကိလေသာဟူ၍ပင် မသိမြင် မဆင်ခြင် မသိမ်းဆည်း နိုင်

လေ၊ တဏှာရတိကို ဘာဝနာရတိဟုပင် ထင်မှတ်၍ နေတတ်၏ဟုဘွင့်ပြ၏၊ ရှေ့ကိုးပါးတို့သည်ကား ဝိပဿနာညစ်ညူးကြောင်း ဝတ္ထုတို့သာဖြစ်ကြကုန်၏၊ အကုသိုလ်တရားတို့ မဟုတ်ကြကုန်၊ ဆယ်ခုမြောက် နောက်ဆုံး နိကန္တိတဏှာသည်ကား ညစ်ညူးကြောင်းဝတ္ထု ဥပက္ကိလေသာလည်း ဖြစ်၏၊ အကုသိုလ်လည်းဖြစ်၏၊ ထိုတဏှာရတိကို ဘာဝနာရတိ အထင်ကြီးလျက် မဂ်,ဖိုလ်ရောက် မတက်မပွါးနိုင် ဖြစ်နေတတ်၏။

**ထို့ကြောင့် အဋ္ဌကထာ၌……**

နိကန္တိ ဥပ္ပဇ္ဇတိတိ ဇေ၀ံ ဩဘာသာဒိ ပဋိမဏ္ဍိတာယ ဝိပဿနာယ အာလယံ ကုရုမာနာ သုခုမာ သန္တာကာရာ နိကန္တိ ဥပ္ပဇ္ဇတိ၊ ယာ ကိလေသောတိ ပရိဂ္ဂဟေတုံ န သက္ကာ ဟောတိ။

ဟူ၍ ဘွင့်ပြတော်မူ၏။

---

**အရှင်ဓမ္မဒိန္န ရဟန္တာ၏ဆရာကြီး အထင်ကြီးပုံ**

ပညာကြီးသော မထေရ်ကြီးတို့ပင် ရှေးစဉ်အခါ၌ အနှစ်ခြောက်ဆယ်တိုင် အဓိမာနဖြစ်နေရသေးလျှင် ယခု ဥတု,အာဟာရ,ပညာဉာဏ် များစွာဆုတ်ယုတ်၍နေသောကာလ၌ မည်မျှ အထင်ကြီး၍ မည်မျှ ဤအဖျက်အဆီး ကိလေသာတို့ကို ထိုးဖောက်မှုဉာဏ် ထက်ထက်မြက်မြက် ရရန်ခဲယဉ်းမည်ကို ကြံဆသင့်၏။

**ဝိသုဒ္ဓိမဂ်၌ ပြထားသည့်ဝတ္ထုကား……**ဝါဠွက်ရ အရပ်၌ သိဟင်း သုံးနေ

တော်မူသော ပဋိသမ္ဘိဒါလေးပါးသို့ ရောက်သော များစွာသော ရဟန်းသံဃာတော်တို့အား ဆုံးမဩဝါဒ ပေးတော်မူတတ်သော မြတ်သော ရဟန္တာဖြစ်သော တပါးသော ဓမ္မဒိန္နမထေရ်သည် တနေ့သောအခါ နေ့သန့်စင်ရာအရပ်၌ ငါတို့၏ဆရာ ဖြစ်သော

နာဂမထေရ်မြတ်အား ရဟန်း၏ကိစ္စ ပြီးဆုံးသော အရဟတ္တဖိုလ်ကို ရပြီ ရောက်ပြီလောဟု ဆင်ခြင်တော်မူလေလျှင် ပုထုဇန်အဖြစ်၌သာတည်နေသေးသည်ကို သိမြင်တော်မူလေ၏၊ ထိုအခါ ဆင်ခြင်တော်မူပြန်သည်ကား အကယ်၍ ငါသည် ဆရာ၏ အထံသို့ မသွားခဲ့သော် ပုထုဇန်၏အဖြစ်ဖြင့်ပင် မရဏသဘောသို့ သက်ဝင်လျက် ခန္ဓာအစဉ်ချုပ်ပျောက်ရလတ္တံ့၊ သွားရောက်ပြီးနောက် အကြောင်းပရိယာယ်ပြု၍လျှောက်ထားမှု အရဟတ္တဖိုလ်တိုင် ရယူနိုင်၏ဟု ဆင်ခြင်ပြီးလျှင် အဘိညာဏ်ဖြင့် ကောင်းကင်သို့ ပျံတက်၍ ဆင်းသက်သောအခါ ဆရာ၏နေ့သန့်စင်ရာအရပ်နှင့် နီးကပ်သောနေရာ၌ဆင်း၏၊ ကောင်းမွန်စွာရှိခိုးပြီး ဝတ်ကြီး ဝတ်ငယ်ကို ပြုတော်မူ၏။

ထိုအခါဆရာမထေရ်က ငါ့ရှင်ဓမ္မဒိန္န၊အခါကာလမဟုတ်သည်၌ မည်သည့်အကြောင်းကြောင့်လာသနည်းဟု မေးမြန်းတော်မူ၏၊ ထိုအခါ ပုစ္ဆာပြဿနာမေးလျှောက်လိုပါ၍ ရောက်လာချဉ်းကပ်ရပါကြောင်းဖြင့် လျှောက်ထား၏၊ ထိုအခါဓမ္မဒိန္နအလိုရှိသမျှမေးမြန်းလေ၊ သိသော်ငါဖြေလတ္တံ့ဟု ခွင့်ပြုတော်မူ၏၊ထိုအခါတပည့်ဖြစ်သူရဟန္တာသည် ပြဿနာတထောင်တိုင်အောင် မေးလျှောက်၏၊ ဆရာမထေရ်သည်လည်း အသီးသီး မေးလျှောက်တိုင်းသော ပြဿနာကို မဆိုင်းမရပ် ဖြေကြားတော်မူရှာ၏၊ ထိုအခါတပည့်ရဟန္တာသည် ဤသို့ ပြန်ကြား လျှောက်ထား၏၊အရှင်မြတ်ဘုရား၊ ဆရာတော်ဘုရား၌ ထူးခြားထက်မြက်သောဉာဏ် ရှိပါပေသည်၊ ဤတရားအထူးများကို အရှင်ဘုရား ရထားတော်မူသည့်အခါသည် အဘယ်မျှကြာပါပြီနည်းဟု မေးလျှောက်၏။ (တရားထူးမဂ်ဉာဏ်ကြောင့် ပရိယတ်ထက်သန် စွမ်းဆောင်နိုင်ပါပေသည်ဆိုလို၏။)

ဤနေရာ၌ ဆရာမထေရ်ကြီးအထင်ကြီး၍ ရဟန်းကိစ္စပြီးခြင်းသို့ ငါရောက်၏ဟု ထင်မှတ်သည်ကို မရောက်သေးကြောင်းဘော်ပြလိုသဖြင့် မေးလျှောက်ခွင့် အတိုင်း မေးခြင်းမျှဖြစ်၏၊ တရားထူးကိုအမှန်ရ၍မေးသည်မဟုတ်။

ထိုအခါဆရာတော်သည်ဤသို့မြေကြားတော်မူ၏၊ ငါ့ရှင်ဓမ္မဒိန္န ငါသည် လွန်ခဲ့သော အနှစ်ခြောက်ဆယ်ခန့်၌ပင် ဤတရားထူးကို သိမြင်၏ဟု မိန့်တော်မူ၏။

ထိုအခါရဟန္တာတပည့်သည် ဤသို့လျှောက်ထားပြန်၏၊ ပရိယတ်မှတပါး အခြားသောအဘိညာဏ်လမ်း၌လည်း လေ့လာစွမ်းဆောင်နိုင်ပြီးဖြစ်ပါသလောဟု လျှောက်၏၊ ထိုအခါ ဆရာတော်သည် ဤသို့မိန့်တော်မူ၏၊ ငါ့ရှင်ဓမ္မဒိန္န၊ ဈာန်အဘိညာဏ်ရှိပါဒ် တို့ဖြင့် လိုအပ်သည့်အဓိဋ္ဌာန်ကို ပြုလုပ်ရန် အရေး၌ ငါ့အားဝန်လေးခြင်းမရှိဟု မိန့်တော်မူ၏။

ထိုအခါ တပည့်ရဟန္တာသည်လည်း ဤနည်းဖြင့် လျှောက်ထား၏၊ အရှင်ဘုရား ထိုသို့တပြီးကား ကြီးမားသော ဆင်တစီးကို ဖန်တီးပြသတော်မူပါဟု လျှောက်၏၊ ဆရာတော်မထေရ်ကြီးသည်လည်း တစီးသောဆင်ကို လျင်မြန်စွာဖန်ဆင်းပြသတော်မူ၏၊ ထိုနောက်မှတဖန် လျှောက်တောင်းပန်သည်ကား ဆရာတော်ဘုရား၊ အကြင်သို့သောအခြင်းအရာအားဖြင့် အဓိဋ္ဌာန်ပြုတော်မူသည် ရှိသော် ဤဆင်သည် မတုန်မလှုပ် ကုပ်သောနားရွက် ဆန့်လျက် အမြီး ခံတွင်းထည်းသို့ သွင်းပြီးနှာမောင်း ကြောက်ဘွယ်ကောင်းသော ဆင်အော်သံကိုပြုလျက် အရှင်ဘုရား၏ဘက်သို့ ပြေးလျက် ချေရှုလိုက်လာခြင်းကို ပြုရာ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် အဓိဋ္ဌာန်ထား၍ ဖန်ဆင်းတော်မူပါဘုရားဟု လျှောက်၏။

ဆရာမထေရ်သည်လည်း လျှောက်ထားသည့်အတိုင်း မဆိုင်းမရပ် ဖန်ဆင်းတော်မူလေလျှင် ဆင်ဟူသော သညာ ဝိပ္ပလ္လာသ အစွဲဖွဲ၍တကွယာဉ်နေလျက် ထပြေးရန် အားထုတ်တော်မူလေ၏။

ထိုအခါ တပည့်ဖြစ်သောရဟန္တာသည် ဆရာအရှင်၏သင်္ကန်းစွန်းကိုဆွဲထားလျက် အရှင်ဘုရား၊ ရဟန္တာများသည် စိတ်ထားကြောက်ရွံ့ခြင်းဖြစ်ပါသေးသလောဟု မေးလျှောက်၏၊ ထိုသောအခါ ဆရာမထေရ်လည်း ငါ၏အာဆင်ကြီး ခြင်းသည် အချည်းနှီး

တကာ ဟု တရားသံဝေဂရတော်မူပြီးနောက် တပည့်၏ရှေ့မှောက် ၌ ဆောင့်ကြောင့်ထိုင်၍နေတော်မူလေ၏။

ထိုအခါတပည့်ရဟန္တာသည် သင့်လျော်ရာကမ္မဋ္ဌာန်းကိုဟော ကြားလျက် အရှင်ဘုရား၏အထံသို့ ဤအကြိမ်ကိစ္စဖြင့် တပည့်လာခဲ့ ရပါကြောင်းကို ပြန်ပြောင်းလျှောက်ထား၏၊ ထိုနောက် တပည့် ပေးသောကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် စင်္ကြံသို့အတက်၌ ထက် မြက်သော ဉာဏ်စွမ်းကြောင့် ခြေလှမ်း သုံးကြိမ်မြောက်၌ အရဟတ္တမဂ်,အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့၏။

---

## ဝိပဿနာကမ္မဋ္ဌာန်းတောင်းသူတို့ပင် အထင်ကြီးပုံ

**မြတ်စွာဘုရားထံ၌**……ထိုမှတပါး မြတ်စွာဘုရား၏ အထံ၌ ကမ္မဋ္ဌာန်းတောင်းယူပြီးလျှင် ပွါးများ အားထုတ်တော်မူကြကုန်သော ရဟန်းတော်အရှင်မြတ်တို့သည် အားထုတ်အပ်သော ဝိပဿနာအဟုန်ကြောင့် အလုံးစုံသော ကိလေသာနီဝရဏတို့ တဒင်္ဂအားဖြင့်ကင်းကွာနေသည်ကို ရဟန္တာ ငါတို့ဖြစ်ကုန်ပြီဟု အထင်မှားကြကုန်လျက် မြတ်စွာဘုရားအား မိမိတို့ရထားသော တရားထူးဖြင့် ကျေးဇူးတုံ့ပြန် ပူဇော်ရန် သွားကြကုန်အံ့ဟုနှလုံးထား၍ မြတ်စွာဘုရားရှိတော်မူရာသို့ကြွလာ တော်မူကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတော်တို့ အထင်မှားကြ သည်ကို သိမြင်တော်မူသောကြောင့် အာနန္ဒာ အရှင်မြတ်ကိုခေါ် တော်မူပြီးလျှင် အာနန္ဒာ၊ ဤယခုလာကြသော ဝိပဿနာ ယောဂီ ရဟန်းတို့ကိုငါ၏ရှေ့တော်မှောက်သို့မရောက်လာမီ ဤမည်သော သုသာန်သို့ ကမ္မဋ္ဌာန်းရှုရန်စေလွှတ်လိုက်ဦးဟု မိန့်တော်မူ၏။

အာနန္ဒာအရှင်မြတ်သည်လည်း မြတ်စွာဘုရား မိန့်မှာတော်မူ တိုင်း ခရီးလျှင်စွာရောက်လာကြကုန်သောရဟန်းတော်တို့အား ပြန်ကြားပြောဆိုသဖြင့် ထိုထိုသုသာန်သို့ သွားကြရာ မျှမကြာမီ

ကာလ၌ ကင်းပသောအဝတ်အစားဖြင့် ပစ်ထားသောမာတုဂါမ တို့၏ဝိသဘာဂအလောင်းကို အပေါင်းသောဝိပဿနာယောဂီတို့ မြင်ကြသည့်အခါ၊ ရာဂစိတ်ပေါ်လာသဖြင့် ရဟန္တာဟု မိမိတို့၏ အထင်မှားမှုကို မြတ်စွာဘုရားသိမြင်တော်မူသောကြောင့် ကြိုတင် ၍ သုသာန်သို့စေလွှတ်ခြင်းမှန်သည်ဟု ဉာဏ်သံဝေဂ ဖြစ်ကုန် ကြလျက် ထက်မြက်သောဝိပဿနာဉာဏ်ဖြင့် ထပ်မံ အားထုတ် တော်မူကြရှာသည်ဟု အဋ္ဌကထာ၌ ဖွင့်ပြတော်မူ၏။

ဤကား—ဥဒယမ္ဗယဉာဏ်ထင်ရန်ပွါးစဉ်
ဥပက္ကိလေသ ဝင်ပုံကို ပြချက်တည်း။

---

## ကာမစသောတပ်ကြီးဆယ်တန်

အစဉ်ပြခဲ့ပြီးသော အတြိဿ,မဟိဿ,ပါဝိဿ ရှိသောပုဂ္ဂိုလ်တို့ ကိုသာ လိုရာမဂ်ဖိုလ်ခရီးသို့မရောက်နိုင်ရန် တားမြစ်ပိတ်ပင်တတ် သည်မဟုတ်၊မူလကပင် စိတ်ကောင်း သဘောကောင်းဖြင့် အား ထုတ်စေကာမူ ပုထုဇန်ဟူသမျှကို မိမိ၏ရန်သူဟုပင် မသိမမြင် ရစေရန် မိမိ၏အရှုပ်အထွေးသဘာဝ၌ သူလျှိုသဖွယ်ခွန် ပြုလုပ် တားမြစ်၍ ထားတတ်ကုန်သေး၏၊ ထိုတရားတို့ကို မြတ်စွာဘုရားသည် မာရ် နတ်မင်းအား ဤသို့ပြောကြားလိုက်၏။

ကာမာတေ ပဌမသေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ၊
တတိယာ ခုပ္ပိပါသာတေ၊ စတုတ္ထီတဏှာ ပဝုစ္စတိ။
ပဉ္စမီ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ၊
သတ္တမီ ဝိစိကိစ္ဆာတေ၊ မက္ခော ထမ္ဘောစ အဋ္ဌမာ။
လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါစ
ယော ယသော၊
ယော စတ္တာနံ သမုက္ကံသေ၊ ပရေစ မဝ ဇာနာတိ။
ဧသာ နမုစိ တေ သေနာ၊ ကဏှဿာ ဘိပ္ပဟာရိဏီ၊
နတံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။

ဟူသည်တည်း။

**အဓိပ္ပါယ်ကား**……မာရ်နတ် သတ္တဝါအများတို့ကို လှည့်ဖြား ပုတ်ခတ် ထိုးပစ်တတ်ကုန်သော မဲညစ်သော သင်မာရ်နတ်၏ ကာမအစရှိသော ဗျိတပ်သား စစ်သည်များကို သဒ္ဓါစသောခွန်အားဗလ ရဲရင့်ခြင်းမရှိကြကုန်သော ပုထုဇန်တို့သည် တွန်းလှန်ဖြိုဖျက်၍ လွတ်မြောက်ရန် မထွက်နိုင်ကြကုန်၊ သဒ္ဓါ,ဝီရိယ စသည်ခွန်အားနှင့် ပြည့်စုံသဖြင့် ရဲရင့်သော ပုထုဇန်ပုဂ္ဂိုလ်တို့သည်သာ ကောင်းစွာ လွတ်မြောက်၍ အောင်နိုင်ခြင်းသို့ရောက်နိုင်ကုန်၏၊ ထိုသို့အောင်နိုင်ခြင်းသို့ ရောက်သော်သာ မဂ်ဖိုလ်ချမ်းသာကို ခံစားတွေ့ကြုံရ ကုန်၏ဟု မိန့်တော်မူ၏။

---

## မဂ်ဖိုလ်နိဗ္ဗာန်ခရီး၌ ဆီးတားတတ်သော မာရ်နတ်၏တပ် ဆယ်တန်

(၁) အမျိုးမျိုးသော ကာမဂုဏ် အာရုံနိမိတ် တို့ဖြင့် ပိတ်ပင်ဟန့်တား၍ထားသော **ကာမတပ်**။

(၂) ပျင်းပျင်းရိရိ ကုသိုလ်တရားတို့၌ စိတ်မရှိစေရန် ကာရံပိတ်ပင်၍ထားသော **အရတိတပ်**။

(၃) သီလရတင် ကျင့်ပြန်လျှင်လည်း ကြိုသော ဆာလောင်မွတ်သိပ်ခြင်းဖြင့် ကာဆီး၍ထားသော **ခုပ္ပိပါသတပ်**။

(၄) ဆာလောင်မွတ်သိပ်၍ စိတ်မရွှင်ပျ အာဟာရကိုတောင့်တ တပ်မက်၍လာသော **တဏှာတပ်**။

(၅) စားသောက်ပြီးခါ စိတ်သာမရွှင်ဘဲ အိပ်ချင် ငိုက်မျည်းသော **ထိနမိဒ္ဓတပ်**။

(၆) ဆိတ်ငြိမ်ရာသို့ကင်လျက် တောရပ်သစ်ပင် ဝင်ကာ မပြတ်အားထုတ်လတ်သော်လည်းအသီးသီးသော ချုံပုတ်နှင့် သစ်ဂုတ် စသည်ကိုပင်ဆင်,ကျား,သူရဲ အထင်လွဲ၍ ကြောက်တတ်သော **ဘီရုတပ်**။

(၇) ကြောက်ရွံ့ထိတ်လန့်ခြင်းကိုပယ်ရှားလျက် အားထုတ်ပြန်ရာ ဘယ်ခါမဂ်ဉာဏ် ရနိုင်ရန်ကို အမှန်မသိ, ကျင့်စဉ်၏လည်း မှန်၏မမှန် ကေန်မချ မသိရသဖြင့် ဒွိဟမကင်းဖြစ်လာသော **ဝိစိကိစ္ဆာတပ်**။

(၈) ဝိစိကိစ္ဆာကို ပယ်ခွါရှောင်ရှား၍ ကြိုးစား အားထုတ်ပြန်ရာ အထူးဝိသေသ ဖြစ်လာလျှင် အထင်ကြီးမား၍ သူတပါးတို့၏ သီလစသောဂုဏ်ကို ချေဖျက် ပြောဆိုသော မက္ခတရားနှင့် သီလသိက္ခာသက်ဝါကြီးရင့်သူတို့အား ညွတ်တွားမပြုသော မောက်မာမှုထမ္ဘပါသော **မက္ခထမ္ဘတပ်**။

(၉) ထိုမက္ခ,ထမ္ဘတရားတို့ကိုရန်သူအသားအထင်ရှောက်၍ ပယ်ဖျောက်ပြီးခါ အားထုတ်ရာ၌ ရလာသောလာဘ်နှင့် အရပ်ရပ်ကျော်ကြား သက္ကာရအများတို့၌ စိတ်ထားသာယာသော **လာဘသက္ကာရသိလောကတပ်**။

(၁၀) ထိုလာဘ်ပူဇော်သက္ကာရ အခြံအရံ အကျော်အကြားတို့ဖြင့် တွေဝေခြင်းများပြားလျက် တရားယောင် တရားတုတို့ကိုပြလျက် မိမိ၏ကိုယ်ကို ချီးပမြှောက်ပင့်၍ သူတပါးတို့၏ အရေးအခွင့်ကို ရှုတ်ချပြောဆို တတ်သော **သမုက္ကံသ,ပရဝမ္ဘနတပ်**။

**ဒသမတပ်ပျက်စီးတတ်ကြောင်း**......ဤမာရ်နတ်၏ တပ်ကြီးဆယ်တန်တို့တွင် ရှေ့ကိုးတပ်ကို ပယ်ဖြတ်ဖောက်ထွင်း၍ ထွက်နိုင်စေကာမူ နောက်ဆုံး ဆယ်နံပါတ် အတ္တုက္ကံသန ပရဝမ္ဘနတပ်၌ ငြိကပ်ပျက်စီး၍ နေတတ်ကြောင်းကို ဓေရသကထာ်ဋီကာ၌ အောက်ပါအတိုင်း ဘွင့်ပြတော်မူရာ၏။

လာဘာဒိမုစ္ဆိတာ ခမ္ဘဒိရူပကာနိ ပကာသေန္တော
မိစ္ဆာယသံ အဓိဂန္တွာ တတ္ထဌိတာ ဇာတိ အာဒိဟိ အတ္တာ

> နံ ဥက္ကံသေန္တိ ပရိဝဇ္ဇေန္တိ တသ္မာ ကာမာဒိနံ ပဋ္ဌမ
> သေနာဒိဘာဝေါ ဝေဒိတဗ္ဗော။

ဟူသည်တည်း။

## အဝ္ဂုက္ကံသနနှင့် ပရိဝဇ္ဇနဖြစ်ပုံ

လာဘာဒိမုခ္ဆိတာ၊ လာဘ်ပူဇော်သက္ကာရ အခြံအရံအကျော်အစော စသည်တို့ဖြင့် တွေဝေကုန်လျက်။ ဓမ္မပဋိရူပကာနိ၊ မဂ်ဖိုလ်၏အတုအပ ဥပက္ကိလေသဝတ္ထုတို့ကို။ ပကာသေန္တော၊ ပြကုန်လျက်။ မိစ္ဆာဒယသံ၊ မှားယွင်းဘောက်ပြန်သော အကျော်အစောသို့။ အဓိဂစ္ဆေ၊ ရောက်ရှိကုန်၍။ တတ္ထ၊ ထိုမကောင်းသော မိစ္ဆာယသ၌။ ဌိတာ၊ တည်ကြကုန်လျက်။ ဇာတိအာဒီဟိ၊ မင်းမျိုးစသည်တို့ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥက္ကံသေန္တိ၊ ချီးမြှောက်ပလွှား ပြောကြားကုန်၏။ ပရံ၊ တပါးသောသူကို။ ဝမ္ဘေန္တိ၊ ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

ရှေးကာလ၌ကား ဤအယုတ်တရားတို့ကို များစွာရှောင်ကြဉ်၍ ကြည်လင်သောစိတ်ထားဖြင့် တရားကိုအားထုတ်တော်မူကြကုန်၏။ထို့ကြောင့် **အင်္ဂုတ္တိုရ်အဋ္ဌကထာစတုကနိပါတ် ဥရုဝေလဝဂ်၌**......

> နေ့ဝတ္တာနုက္ကံသေတိတိ အဇ္ဇမေ သဋ္ဌိဝဿာနိ အနိစ္စံ ဒုက္ခံ အနတ္တာတိ ဝိပဿနာကမ္မံ ကရောန္တဿ ကောမယာ သဒိသော အတ္ထီတိ ဇဝံ အဝ္ဂုက္ကံသနံ န ကရောတိ နော ပရံ ဝမ္ဘေတိတိ အနိစ္စံ ဒုက္ခန္တိ ဝိပဿနာ မတ္တ ကံပိ နတ္ထိ၊ ကိံ ဣမေ ဝိဿဋ္ဌကမ္မဋ္ဌာနာ ဝိစရန္တီတိ ဇဝံ ပရဝမ္ဘနံ နကရောတိ။

ဟူ၍ မိန့်တော်မူ၏။

**ရင်းပါဠိ၏အဓိပ္ပါယ်ကား** ....အနိစ္စ, ဒုက္ခ, အနတ္တ စသည်ဖြင့် ဝိပဿနာ ပွါးများခြင်း အမှုကိုပြုသောငါ့အား ယနေ့ အနှစ်ခြောက်ဆယ်တိုင် ရောက်ခဲ့

ပြီ၊ ငါနှင့်တူသော ဝိပဿနာပွါးများနိုင်သူ အဘယ်မှာရှိတော့အံ့နည်းဟု မိမိကိုယ်ကို မိမိ ချီးမြှောက်ပလွှားခြင်းမပြု၊အနိစ္စ, ဒုက္ခ, ဟူသော ဝိပဿနာမျှလည်း ထိုသူတို့အားမရှိ၊ ဤသူတို့သည် စွန့်လွှတ်၍ထားသော ကမ္မဋ္ဌာန်း ရှိကုန်သည်ဖြစ်၍ အဘယ်ကြောင့်ကျင်လည်၍နေကုန်ဘိသနည်းဟုသူတပါးတို့အားရှုတ်ချကဲ့ရဲ့ခြင်းကိုမပြု၊မိမိ၏ကောင်းမှုနှင့် ပြည့်စုံ မပြည့်စုံသည်ကိုရင်း,မကောင်းမှုကိုလေသာစိတ်၌ ကပ်ရောက်လာက လျင်မြန်စွာ ပယ်ချရန်ကိုသာရင်း ကြံစည်အားထုတ်၏၊ သူတပါးတို့အား မကဲ့ရဲ့ဟု ဆိုလိုသည်၊ အခြားသူများကို မထေမဲ့မြင် မပြောဆိုဟု ပြ၏။

ဤတရားစုတို့သည် လောက၌ သူလျှိုကဲ့သို့ မိမိကိုယ် မိမိ၏သန္တာန်၌နေကုန်လျက် ကောင်းမြတ်သောအကျိုးပျက်စေရန် စီမံဖျက်ဆီးတတ်သော တရားစုတို့ပင်တည်း၊ သာမည်ဉာဏ်ကြီးသူတို့သည် ဤသည်တို့ကား သူလျှိုဝဓကနာတရားတို့တည်း ဟူ၍ပင်မသိမမြင်နိုင်ကုန်ရာ၊ ထို့ကြောင့် နောက်၌ပြဆိုခဲ့ပြီးသော မာရ်စစ်သည်တရား၌ မြတ်စွာဘုရားမိန့်တော်မူသည်မှာ—

နမုစိ၊ မာရ်နတ်။ ဧသော၊ ဤကာမ အရတိစသော တရားအစုသည်။ ကဏှဿ၊ မဲညစ်သောအကုသိုလ်တရားနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် မဲညစ်သော သင်မာရ်နတ်၏။ အဘိပ္ပဟာရိဏီ၊ ထိုးပစ်ပုတ်ခတ် ဖျက်ဆီးတတ်သော အလေ့ရှိကုန်သော။ သေနာ၊ စစ်သည်တပ်သား ဝဓကနာတရားတို့သည်။ တံ၊ ထိုတပ်ကြီး ဆယ်တန် ထိုးပစ်ပုတ်ခတ်သောရန်ကို။ အသူရော၊ ကိုယ်နှင့်အသက်ကိုငဲ့ကွက်မရှိ ရဲရင့်သောသတ္တိနှင့်မပြည့်စုံသူသည်။နဇိနာတိ၊အောင်းဖျက်၍ မထွက်မအောင်နိုင်။ ဇေတွာစ၊ ကျူး မြက်အသွင် အောင်မြင်ဖျက်ဆီး နိုင်သော်သာလျှင်။သုခံ၊ မဂ်ဖိုလ်ချမ်းသာကို။ လဘတေ၊ ရရာ၏။ ဟူ၍ မိန့်တော်မူ၏။

ဤစကားရပ်၌ ဗိုကာဆရာတော်သည် နောက်၌ ပြအပ်ခဲ့ပြီးသော ကိုယ်ရောင်အလင်း ဩဘာသ, ဉာဏ,ပီတိစသော တရား

ဆယ်ပါးတို့ကို တရားသောင်တရားတုဟု ဘွင့်ပြခြင်းသည် နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်, ကဿပသံယုတ်၌ လာသောစကားကို တွေ့မြင်သောကြောင့် ဘွင့်ပြတော်မူသည်ဟု သိအပ်၏။

ဤကား-ကာမ စသော တပ်ကြီးဆယ်တန်
ဖြစ်ဟန်ကို ပြချက်တည်း။

---

## မဂ်ဖိုလ်ရသူ နည်းပါးကြောင်း

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌သီတင်းသုံးနေထိုင်တော်မူစဉ် **အရှင်မဟာကဿပ မထေရ်မြတ်**သည် မြတ်စွာဘုရား၏အထံတော်သို့ ချဉ်းကပ်လျက် လျှောက်ထားသည်ကား မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ရှေးအခါကာလ၌ တပည့်သား သာဝကတို့အား သိက္ခာပုဒ်အားဖြင့် မိန့်ထားပညတ်သည့်အရာ လွန်စွာနည်းပါးလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ရောက်ရှိသောပုဂ္ဂိုလ်အလွန်များကြပါသည်။

ယခုအခါ၌ကား ပညတ်တော်မူပြီးသောသိက္ခာ များပြားလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင် မျက်မှောက်ပြုနိုင်သည့် ပုဂ္ဂိုလ် နည်းပါး၍ လာကြပါသည်၊ အဘယ်သို့သော အကြောင်းကြောင့်ပါနည်းဟု လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားသည် ပြန်ကြား ဟောပြသည်ကား ချစ်သားကဿပ၊ သတ္တဝါတို့သည် ဆုတ်ယုတ်၍လာကုန်သည်ရှိသော်, ဘုရားတော်ကောင်းတို့၏ တရားသည် ပျက်ပြားကွယ်ပျောက်၍ လာကုန်သည်ရှိသော် သိက္ခာပုဒ် ပညတ်တော်တို့လည်း များပြား၍လာကုန်၏၊ ရဟန္တာ၏အဖြစ်သို့ ရောက်သောပုဂ္ဂိုလ်တို့သည်လည်း နည်းပါးဆုတ်ယုတ်ကုန်၏ဟု ဖြေကြားတော်မူ၏။

**ဤ၌စဉ်းစားဆင်ခြင်ရန်ကား**......အရှင်မဟာကဿပ—မေး လျှောက် သော အခါ နှင့်

ဘုရား ဖြစ်တော်မူစအခါ ၂-ခုသည်ပင် သတ္တဝါတို့၏ ဖြစ်စဉ်မတူ

မင်္ဂလိုလ်ဟူသော တရားထူးကို ရနိုင်ရန်နည်းပါး၍ ဆုတ်ယုတ်သူများခဲ့သော် ယခုအနှစ်နှစ်ထောင်ကျော်၌ စိတ်, ဥတု, အာဟာရသည်ရင်း, ပညာဉာဏ်ကျွန်းမာမှုသည်ရင်း, အဘယ်မျှ ပျက်ပြားဆုတ်ယုတ်လာမည်ကို ကြံစည်စဉ်းစားသင့်၏၊ ဤသို့ စိတ်, ဥတု, အာဟာရ,ပညာဉာဏ် ကျန်းမာမှုစသည် ဆုတ်ယုတ်လျှင်မူလည်း မင်္ဂလိုလ်တည်းဟူသောတရားထူးကို ရသူ, ရောက်သူ နည်းပါးရတော့လတ္တံ့ဟုဆင်ခြင်သင့်၏။

**သာသနာကွယ်ပျောက်ကြောင်း**–သာမည အထင်အမြင် ဥပတ္တိလေသ ကိုပင် တရားထူးဟု ဂုဏ်တင်လျက် သုတမယဉာဏ်ကိုပင် အလိုမရှိ၊ မိမိတို့၏ ကမ္မဋ္ဌာန်းကို စမ်းသပ် အားထုတ်ကြည့်ပါ၊ အသိဉာဏ် အလိုလိုပေါ်လာပါလိမ့်မည်ဟု ထို၍စကား ပြောကြားဖြစ်ပေါ်နေကြခြင်းသည် သာသနာကွယ်ပျောက်ခြင်း၏ အကြောင်းဟုထပ်လောင်း၍ မြတ်စွာဘုရား ဟောကြားတော်မူသည်နှင့် တူညီနေတော့၏။

---

## နိဒါနဝဂ္ဂ–သံယုတ်ပါဠိ

**ဟောတော်မူပုံ**……နတာဝ ကဿပ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ ယာဝ န သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ သေယျထာပိ ကဿပ နတာဝ ဇာတရူပဿ အန္တရဓာနံ ဟောတိ ယာဝ န ဇာတရူပပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ ယတော စ ခေါ ကဿပ ဇာတရူပပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ ခေါ ဇာတရူပဿ အန္တရဓာနံ ဟောတိ၊ ဧဝမေဝ ခေါ ကဿပ နတာဝ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ ယာဝ န သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပ

ကာံ လောကေ ဥပ္ပဇ္ဇတိ၊အထ သဒ္ဒမ္ဘာသ အန္တရဓာနံ ဟောတိ၊ န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံအန္တရဓာ ပေတိ၊ နအာပေါဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ နတေ ဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊အထခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃ ပုရိသာ ယေ ဣမံသဒ္ဓမ္မံအန္တရဓာပေတိ။

**ရင်းအဘွင့်အဋ္ဌကထာ**......

သဒ္ဓမ္မပဋိရူပကန္တိ ဒွေ သဒ္ဓမ္မပဋိရူပကာနိ အဓိဂမ သဒ္ဓမ္မပဋိရူပကဉ္စ, ပရိယတ္တိ သဒ္ဓမ္မ ပဋိရူပကဉ္စ၊ တတ္ထ ဩဘာသေ စေဝ ဉာဏေ စ ပီတိယာ စ ပဿဒ္ဓိ ယာ သုခေ စေဝ ယေဟိ စိတ္တံ ပဝေဓတိ အဓိမောက္ခေ ပဂ္ဂါဟေ ဥပဋ္ဌာနေ စ ကမ္ပတိ ဥပေက္ခာ ဝဇ္ဇနာယစ, ဥပေက္ခာယ နိကန္တိယာ၊ဣမာနိ ဒသဋ္ဌာနာနိ၊ ပညာယဿ ပရိစိတာ၊ ဓမ္မုဒ္ဓစ္စ ကုသလော ဟောတိ၊ နစသမ္မောဟံ ဂစ္ဆတီတိ ဣဒံ ဝိပဿနာဉာဏဿ ဥပက္ကိလေသ ဓာတံ အဓိဂမ သဒ္ဓမ္မပဋိရူပကံနာမ၊တိဿော ပန သင်္ဂီတိယော အနာရုဠှံ(ပ) အဖုဒ္ဓဝစနံ ပရိယတ္တိ သဒ္ဓမ္မပဋိရူပကံနာမ။

ဤပါဠိတော်အဋ္ဌကထာ ပါဌ်တို့ကိုကား ပါဠိဘာသာ တတ် မြောက်သူတို့၏ အကျိုးငှါ ကိုးပြရေးသားအပ်၏၊ ပါဠိဘာသာ မကျွမ်းကျင်သောသူတို့၏အတွက်ငှါ အောက်ပါ ဘာသာပြန် စကား အတိုင်းမှတ်သားဘတ်ရှုကုန်ရာ၏။

**ရွှေငွေတုနှင့်တရားတုတရားယောင်**......ချစ် သား ကဿပ၊ အ ကြင်မျှ လောက်

ကာလပတ်လုံးသူတော်ကောင်းတို့၏ တရားယောင် တရားတုသည် လောက၌မဖြစ်ပေါ်သေး၊ ထိုမပေါ်ပေါက်သေးသည့် ကာလပတ် လုံး သူတော်ကောင်းတို့၏ မဂ်,ဖိုလ်တရားစသည်သည် ကွယ် ပျောက်ခြင်းသည်မဖြစ်၊ကဿပ၊စင်စစ်သော်ကား အကြင်အခါ၌

သူတော်ကောင်းတို့၏တရားယောင် တရားတုသည် လောကၞဖြစ်ပေါ်လာ၏၊ထိုအခါ သူတော်ကောင်းတရား၏ ကွယ်ပျောက်ခြင်းသည်ဖြစ်၏၊ချစ်သားကဿပ၊ဥပမာသော်ကား အကြင်မျှလောက်ကာလပတ်လုံး ရွှေတု, ငွေတု, ရွှေရည်ပွတ်, ငွေရည်ပွတ်သည် လောကၞမဖြစ်ပေါ်သေး၊ ထိုသို့မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး ရွှေစစ်, ငွေစစ်၏ ကွယ်ပျောက်ခြင်းသည် မဖြစ်၊ ချစ်သားကဿပ၊ စင်စစ်သော်ကား အကြင်အခါ၌ ရွှေတု, ငွေတုသည် လောကၞဖြစ်ပေါ် ၍လာ၏၊ ထိုဖြစ်ပေါ်၍လာသောအခါ၌ ရွှေစစ်ငွေစစ်၏ကွယ်ပျောက်ခြင်းသည်ဖြစ်၏။

ချစ်သားကဿပ၊ စင်စစ် ဤရွှေတု, ငွေတု, ရွှေစစ်, ငွေစစ်တို့၏တည်မှု, ကွယ်ပျောက်မှုအတူသာလျှင် အကြင်မျှလောက်ကာလပတ်လုံး သူတော်ကောင်းတို့၏ တရားယောင်, တရားတုသည် လောကၞမဖြစ်ပေါ်သေး၊ ထိုမဖြစ်ပေါ်သေးသည့် ကာလပတ်လုံး သူတော်ကောင်းတရား၏ ကွယ်ပျောက်ခြင်းသည် မဖြစ်၊ ချစ်သား ကဿပ၊ စင်စစ်သော်ကား အကြင်အခါ၌ သူတော်ကောင်းတို့၏ တရားယောင်တရားတုသည် လောကၞဖြစ်ပေါ်၏၊ ထိုဖြစ်ပေါ်သောအခါ၌ သူတော်ကောင်းတရား၏ ကွယ်ပျောက်ခြင်းသည်ဖြစ်၏။

ချစ်သားကဿပ၊ စင်စစ် ပထဝီဓာတ်သည် သူတော်ကောင်းတို့၏ တရားကိုမကွယ်ပျောက်စေ၊ အာပေါဓာတ်သည် သူတော်ကောင်းတို့၏ တရားကိုမကွယ်ပျောက်စေ၊ တေဇောဓာတ်သည် သူတော်ကောင်းတို့၏တရားကိုမကွယ်ပျောက်စေ၊ ဝါယောဓာတ်သည်သူတော်ကောင်းတို့၏တရားကို မကွယ်ပျောက်စေ၊ စင်စစ်သော်ကား အကြင်သူတို့သည် ဤသူတော်ကောင်းတို့၏တရားကို ကွယ်ပျောက်စေကုန်၏၊ ထိုသူတော်ကောင်းတို့၏တရားကို ကွယ်ပျောက်စေကုန် သော မဂ် ဖိုလ်မငြိး အချည်းနှီး ဖြစ်ကုန်သော ယောက်ျားတို့သည် ဤသာသနာတော်၌သာလျှင် ဖြစ်ပေါ်ကုန်၏ဟူ၍ဟောပြတော်မူ၏။

## ပရိယတ္တိအတုအယောင်နှင့်မဂ်ဖိုလ်အတုအယောင်......

ဤပါဠိတော် စကား၏အရကို အဋ္ဌကထာဆရာသည် ဤသို့ ဖွင့်ပြ၏။

သူတော်ကောင်းတို့၏ တရားယောင်တရားတု ဟူသည်ကား မဂ်ဖိုလ်ကိုရခြင်းရောက်ခြင်း၏အတုအယောင်တရားရင်း, သူတော်ကောင်းတို့၏ ပရိယတ်တရားအတုအယောင်ရင်း ဤသို့တရားတု တရားယောင်တို့သည် နှစ်ပါးအပြားရှိကုန်၏၊ ထို ၂—ပါးသော တရားအတု အယောင်တို့တွင် (၁) ဩဘာသ၊ (၂) ဉာဏ်၊ (၃) ပီတိ၊ (၄) ပဿဒ္ဓိ၊ (၅) သုခ၊ (၆) အဓိမောက္ခ၊ (၇) ပဂ္ဂဟ၊ (၈) ဥပဋ္ဌာန၊ (၉) အာဝဇ္ဇနုပေက္ခာနှင့် ဥပေက္ခာ၊ (၁၀) နိကန္တိ ဟူ၍နောက်၌ပြအပ်ခဲ့ပြီးသော ဆယ်ပါးကုန်သော တရားတို့သည် ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း ဥပက္ကိလေသ သဘောရှိကုန်သော မဂ်ဖိုလ်တည်းဟူသော သူတော်ကောင်းတို့၏ တရားယောင် တရားတုတို့တည်း၊ သုံးတန်သောသင်္ဂါယနာတို့သို့ မတင်၊ မြတ်စွာဘုရားရှင်၏စကားတော်မဟုတ်သော တရားသည် သူတော်ကောင်းတရားတည်းဟူသောပရိယတ်၏ အတုအယောင် တည်းဟု ဖွင့်ပြတော်မူ၏။

## တဖန်အဋ္ဌကထာဆရာထပ်မံဖွင့်ပြဟန်ကား......

ဓာတုရူပပဋိရူပကန္တိ သုဝဏ္ဏရသဝိဓာနံ အာရကူဋမယံ သုဝဏ္ဏဝဏ္ဏံ အာဘရဏဇာတံ၊ ဆဏကာလေသု ဟိ မနုဿာ အာဘရဏဘဏ္ဍကံ ဂဏှိဿာမာတိ အာပဏံ ဂစ္ဆန္တိ၊ အထ နေ အာပဏိကာ ဧဝံ ဝဒန္တိ၊ သစေ တုမှေ အာဘရဏတ္ထိကာ ဣမာနိ ဂဏှထ၊ ဣမာနိ ဟိ ဃနာနိ စေဝ ဝဏ္ဏဝန္တာနိ စ အပ္ပဂ္ဃာနိ စာတိ၊ တေ တေသံ သုတွာ ကာရဏံ ဝဒန္တိ ဣမာနိ ပိဠန္ဓိတွာ သက္ကာ နက္ခတ္တံ ကီဠိတုံ သောဘန္တိ စေဝ အပ္ပဂ္ဃာနိ စာတိ တာနိ ဂဟေတွာ ဂစ္ဆန္တိ၊ သုဝဏ္ဏ ဘဏ္ဍံ အဝိက္ကယမာနံ နိဒဟိတွာ ဌပေ

တမ္ဗံ ဟောတိ၊ ဧဝံတံ ဓာတရူပ ပဋိရူပကေ ဥပ္ပန္နေ အန္တရ ခါယတိနာမ။

**အနက်ကား**·····ဓာတရူပ ပဋိရူပကန္တိ၊ ရွှေတုရွှေယောင် ဟူသည်ကား။ သုဝဏ္ဏရသဝိခါနံ၊ ရွှေရည်သုတ်တင် စီရင်၍ထားအပ်သော။ အာရကူဋမယံ၊ ကြေး ဝါဖြင့် ပြီးသော။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေနှင့်တူသော အဆင်းရှိသော။ အာဘရဏဇာတိ၊ ဝတ်ဆင်ရန်တန်ဆာမျိုးတည်း။ ဟိ၊ ထိုစကား မှန်၏။ ဆဏကာလေသု၊ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပသောအခါတို့၌။ မနုဿာ၊ ပွဲထိုင်မင်္ဂလာ သွားလာဝတ်ဆင်လိုသောသူတို့သည်။ အာဘရဏဘဏ္ဍံ၊ ဝတ်ဆင်ရန် ပုတီးလက်ကောက်စသောတန်ဆာကို။ ဂဏှိဿာ မာတိ၊ ဝယ်ယူကြကုန်အံ့ဟူ၍။ အာပဏံ၊ ဈေးဆိုင်သို့။ ဂန္တွာ၊ သွားကြကုန်၏။ အထ၊ ထိုအခါ၌။ အာပဏိကာ၊ ဈေးဆိုင်ရှင်တို့သည်။ နေ၊ ထိုဝတ်ဆင်ရန်တန်ဆာ ဝယ်လာသူတို့ကို။ ဧဝံ၊ ဤဆိုလတ္တံ့သော စကားဖြင့်။ ဝဒန္တိ၊ ပြောကြားကြကုန်၏။ တုမှေ၊ သင်တို့သည်။ အာဘရဏတ္ထိကာ၊ အဆင်ဘဏ္ဍာကိုအလိုရှိကြကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ ဣမာနိ၊ ဤရွှေအဆင်းတန်ဆာ ဘဏ္ဍာ ပစ္စည်းတို့ကို။ ဂဏှထ၊ ဝယ်ယူကြကုန်လော။ ဟိ၊ ထိုစကားမှန်၏။ ဣမာနိ၊ ဤရွှေအဆင်းတန်ဆာ ဘဏ္ဍာတို့သည်။ ဃနာနိစေဝ၊ ခေါင်းပွမဟုတ် တခဲနက်ထုလုပ်သော တန်ဆာတို့သည်ရင်း။ ဝဏ္ဏဝန္တာ နိစ၊ အဆင်းအရောင် တောက်ပြောင်ခြင်း ရှိကြကုန်သည်ရင်း။ အပ္ပဂ္ဃာနိစ၊ အဘိုးမများ နည်းပါးကုန်သည်ရင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ ဧဝံ၊ ဤသို့သော စကားကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တေ၊ ထိုအဆင်းတန်ဆာဝယ်ရန်လာသူတို့သည်။ တေသံ၊ ထိုဈေးဆိုင်ရှင်တို့၏။ ဝစနံ၊ ပြောဆိုသောစကားကို။ သုတွာ၊ ကြား၍။ ကာရဏံ၊ အကြောင်းမှန်ကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ဣမာနိ၊ အဘိုးပေါပေါ ချောချောလှလှ အဆင်းဝဏ္ဏ ရှိကုန်သော ရွှေဘဏ္ဍာတို့ကို။ ပိဠန္ဓိတွာ၊ ပန်ဆင်ဝတ်စား၍။ နက္ခတ္တံ၊ နက္ခတ်ပွဲသဘင်ကို။ ကီဠိတုံ၊ ပျော်

ရှင်ကစား သွားရောက် မြူးထူးခြင်းငှါ။သဏ္ဍာ၊စွမ်းနိုင် ကုန်သည်။
ဟောတ္တိ၊ဖြစ်ကုန်၏။ သောဘတ္တိစေဝ၊ ကြည့်ရှု ချင်ဘွယ်၊ တင့်
လည်းတင့်တယ်ကုန်၏။ အပ္ပဋိ္ဓါနိစ၊ အဘိုးလည်း မများနည်းပါး
ကုန်၏။ဇာတိ၊ဤသို့ကြ၍။ တာနိ၊ ထိုရွှေရည်ပွတ်တန်ဆာဘဏ္ဍာ အ
တုတို့ကို။ဂဟေတွာ၊ ယူဆောင်၍။ ဂန္တ္တိ၊သွားကြကုန်၏။ အဝိဏ္ဏ
ယမာနံ၊မရောင်းချရသော်။သုဝဏ္ဏဘဏ္ဍ၊ရွှေမှန်-ရွှေစစ်ဘဏ္ဍာကို။
နိဒဟိတွာ၊ သိုမှီးသိမ်းဆည်း၍။ဌပေတဗ္ဗံ၊ ထားအပ်သည်။ ဟော
တိ၊ ဖြစ်၏။ ဧဝံ၊ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဓာတရူပ ပဋိရူပ
ကေ၊ ရွှေတု,ရွှေယောင်သည်။ဥပ္ပန္နေ၊ ဖြစ်ပေါ်လာသည်ရှိသော်။
တံ၊ထိုရွှေစစ် ဘဏ္ဍာ အဆင်းတန်ဆာသည်။ အန္တရဓာယတိနာမ၊
ကွယ်ပျောက်သည်မည်တော့၏။

## ဤအနက ထာစကား၌ ဤသို့စဉ်းစားဆင်ခြင်အပ်၏။

ဆင်းရဲသားတို့မည်သည် အဘိုးပေါပေါနှင့် ချောချောလှလှ
လောက်ကိုသာ ဝယ်ချင်ရှာကြကုန်၏၊ အဘိုးများမှု မိမိ၏ မွဲရှား
သောဥစ္စာဘဏ္ဍာရှိသည်၏ အဖြစ်ကြောင့် မဝယ်ယူနိုင်ကြကုန်၊
ထိုအခါ ရွှေစစ်ဘဏ္ဍာတို့ကား ရောင်းရခြင်းနည်းပါးသဖြင့် သို
ထားသိမ်းဆည်း ရသည့်အလျောက် တဖြည်းဖြည်းကွယ်ပျောက်
သကဲ့သို့ ထို့အတူ အရိယာတို့၏ လမ်းသို့ လိုက်သူတို့တွင်လည်း
ပညာ, ဗဟုသုတ, သဒ္ဓါ စသည်နည်းသော ပုဂ္ဂိုလ်သည် ထိုထို
မဂ်ဖိုလ်သို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းအစဉ်ကို
မှန်ကန်စွာ သိမြင်ရန် ကြံစည် အားထုတ်လိုသော စိတ်မရှိ၊ မိမိ၏
အဇ္ဈတ္တသန္တာန်၌ ဖျက်ဆီးရန်ဝင်ရောက်လျက် နောက်၌ ပြခဲ့သော
ဝဍ္ဍနာတရားတို့ကို ပယ်ရှားနိုင်သော ပညာခံလည်း မရှိသဖြင့်
ကမ္မဋ္ဌာန်းကို အားထုတ်သည့် လုံ့လကြောင့် ခေတ္တမျှ စိတ်ကြည်
လင်လျက် ပျော်ရွှင်သော ပီတိ,ပေါ့ပါးသည့် ကိုယ်စိတ်,နှစ်သိမ့်
ဘွယ် အလင်းရောင်တို့နှင့် ပြည့်စုံ၍လာသည်ကိုပင် မဂ်ဖိုလ်ဟု
ထင်မြင်လျက် စုံမက်မြတ်နိုး၍နေတော့၏၊ရွှေစစ် မစပ်ကို မှတ်တင်

၍ ကြည့်အပ် သကဲ့သို့ ဤသည့်တရားအပေါ်စားတို့နှင့် ကွာခြားသည့် မဂ်ဖိုလ်ဉာဏ်ကို နှိုင်းချိန်ရန် ပရိယတ်စံပြ၍ ဟောလတ်မူ မကာပ်အနှား ရှောင်ရှားပယ်ခွါ ဤဆရာတို့ စာသာတတ်သိ သန္တိဋ္ဌိက မရှိကြသဖြင့် ဆုံးမဟောကြားခြင်း ငှါမစွမ်းနိုင်လေဟု အထင်ကြီး၍ အသီးသီး ဘောက်ပြန်ခြင်းသို့ ရောက်ရ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် အရိယာနည်းလမ်း၌ သူဆင်းရဲခေါ်ပုံကို......

**အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ဓမ္မိကဝဂ်၌**.....

ဒါလိဒ္ဒိယံ ဘိက္ခဝေ ဒုက္ခံ လောကသ္မိံ ကာမဘောဂိနော (ပ) ဧဝမေဝ ခေါ ဘိက္ခဝေ ယဿ ကဿစိ သဒ္ဓါ နတ္ထိ ကုသလေသု ဓမ္မေသု၊ ဝီရိယံ နတ္ထိ ကုသလေသု ဓမ္မေသု၊ ပညာ နတ္ထိ ကုသလေသု ဓမ္မေသု၊ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယဿ ဝိနယေ ဒလိဒ္ဒေါ အဿကော အနာဠှိကော။

ဟူ၍ ဟောတော်မူရ၏။

**အနက်ကား**......ဘိက္ခဝေ၊ရဟန်းတို့။လောကသ္မိံ၊လောက၌။ ကာမဘောဂိနော၊ ကာမဂုဏ်ကိုခံစားသောသူ၏။ ဒါလိဒ္ဒိယံ၊ ဆင်းရဲသား၏ အဖြစ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏ (ပ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊စင်စစ်။ ဧဝမေဝ၊ ဤကာမဘောဂီလူဆင်းရဲ၏ အတူသာလျှင်။ ယဿ ကဿစိ၊ အမှတ်မရှိတစုံတယောက်ပုဂ္ဂိုလ်အား။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သဒ္ဓါ၊သဒ္ဓါတည်းဟူသော ဥစ္စာသည်။ နတ္ထိ၊ မရှိ။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဝီရိယံ၊ ဝီရိယ တည်းဟူသော ဥစ္စာသည်။နတ္ထိ၊မရှိ၊ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊တရားတို့၌။ ပညာ၊ပညာတည်းဟူသော ဥစ္စာသည်။ နတ္ထိ၊ မရှိ။ ဘိက္ခဝေ၊ရဟန်းတို့။ အယံ၊ ဤသဒ္ဓါ, ဝီရိယ, ပညာ, ဥစ္စာ မရှိသော ပုဂ္ဂိုလ်ကို။အရိယဿ၊ အရိယာ၏။ ဝိနယေ၊ ပြောဆိုဆုံးမနည်းလမ်းပြရာ၌။ အဿကော၊ ကိုယ်ပိုင်ပစ္စည်းအနည်းငယ်မျှမရှိသော။ အနာဠှိကော၊ တကွမ်းစား တခွက်

ချက် နှစ်သက်ဘွယ် စားသောက်ရန်မရှိသော။ ဒလိဒ္ဒေါ၊ သူဆင်းရဲ ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ မိမိ၏ ကမ္မဋ္ဌာန်း၌ ထင်မြင်နေသော အရာရကို အတု အစစ်သိနိုင်ရန် ကျမ်းဂန်နှင့် မညှိနှိုင်းချင်သော မာနသည် နှိမ့်ချ သည့် အရိယာတို့၏စိတ်, ဟုတ်သင့်-မဟုတ်သင့်ကိုမျှ မသိတတ်ရ အောင် သုတဆင်းရဲနေသူဖြစ်၏ဟု ဆိုလို၏။ထို့ကြောင့်–

**ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌လည်း**……

အထ နေသံ ယဒါ ဝိပဿနာ ဉာဏေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌာ အာရဒ္ဓမတ္တာဝ ဧသာတိ၊တဒါ အဓိဂမ သဒ္ဒမ္မော အန္တရဟိတောနာမ ဘဝိဿတိ။

ဟုဘွင့်ပြ၏။

**အနက်ကား**……အထ ပန္တာ၊ထိုမှနောက်၌။နေသံ၊ ထိုယောဂီ ပုဂ္ဂိုလ်တို့၏။ဝိပဿနာ၊ဝိဇဿနာသည်။ယဒါ၊ အကြင်အခါ၌။ ဉာဏေဟိ ဥပက္ကိလေသေဟိ၊ ဤဩဘာသ အရောင် အလင်းစသော ညစ်နွမ်းကြောင်း တရားတို့ဖြင့်။ဥပက္ကိလိဋ္ဌာ၊ ညစ် နွမ်းစေအပ်ကုန်သည်ဖြစ်၍။အာရဒ္ဓမတ္တာဝ၊ဝိပဿနာကိုအားထုတ် ခါမျှဖြစ်၍သာလျှင်။ ဧသာတိ၊ တည်တော့လတ္တံ့။ တဒါ၊ ထိုအခါ၌၊ အဓိဂမသဒ္ဒမ္မော၊ မဂ်ဖိုလ်တည်းဟူသော သူတော်ကောင်း တရား သည်။အန္တရဟိတောနာမ၊ကွယ်ပျောက်သည်မည်သည်။ ဘဝိဿ တိ၊ဖြစ်လတ္တံ့။ (ရှေးသို့ မဂ်ဖိုလ်တိုင်မတက် မပွါးနိုင်မူ၍ နေကြရ တော့၏ဟုလို။)

**မတူလျှင်မတုနှင့်**……ဤမျှလောက် သဒ္ဓါ,ဝီရိယ,ပညာ, သုတ နည်းပါးမွဲရှားခြင်း,ရေးရေး၌ဖြည့်ဆည်း ခဲ့ဘူးသော ပါရမီနည်းပါးသဖြင့် လွန်ကဲသောတိုင်းပြည်၏ ပျက် စီးခြင်း,အချင်းချင်းသတ်ဖြတ်,တော်မွတ်ခေါင်းပါး,တယောက်အား တယောက် မနာလိုဝန်တို ငြူစူ,ဆူဆူပွက်ပွက် ယက်နက် မျိုးစုံ မကြုံစဘူးသော ဝိပ္ပတ္တိခေတ်နှင့် တွေ့ကြုံရခြင်း,ပျက်ပြားသော ဥတု,အာဟာရကြောင့် မျှတ ခန့်ကျန်းသော ကိုယ်စိတ်နှစ်ဖြာ မရှိ

ခြင်းဖြစ်နေ ကြုံနေရသော ကမ္ဘဋ္ဌာန ယောဂီ လူဆင်းရဲသည် ပါရမီစုံညီ ရင့်သန်သဖြင့် ဘုရား ရဟန္တာတို့၏ အထံ၌ နာခံ မှတ်သား အကျဉ်းအားဖြင့် ဟောကြားခါမျှ တရားထူးကို ရနိုင်သူ အဆုဆုသော ဝဏ္ဏလိ,ပေါဋ္ဌိလ,သန္တတိ အမတ်စသည်တို့ ကဲ့သို့ အရ မမြန်စေကာမူ . ခုနစ်ရက်,ဆယ့်ငါးရက်, တလနှင့်အလွန် အဘိုးတန်သည့် နက်နဲ သိမ်မွေ့သည့် သစ္စာလေးပါးဓမ္မကို အရ ဝယ်ယူ နိုင်ပါမည်လားဟု စဉ်းစားနိုင်ရန်သင့်ပေသည်၊ မဘူသူနှင့် မတူထိုက်ပေ။

ဤကား မဂ်,ဖိုလ်ရသူနည်းပါးကြောင်းကို ပြခြင်းတည်း။

---

## သစ္စာ ၄–ပါး၏နက်နဲပုံ

သစ္စာလေးပါးတို့၏ အဘိုးတန်ပုံ,နက်နဲခက်ခဲပုံကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ဤသို့ပြထား၏။

တံ ကိံ မညသိ အာနန္ဒ ကတမံ နုခေါ ဒုက္ကရတရံဝါ ဒုရဘိသမ္ဘဝတရံဝါ၊ ယောဝါ ဒူရတောဝ သုခုမေန တာလစ္ဆိဂ္ဂဠေန အသနံ အတိပါတေယျ ပေါင်္ခါနုပေါင်္ခံ အဝိရာဓိတံ၊ ယောဝါ သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိံ ပဋိဝိဇ္ဈေယျာတိ၊ ဧတဒေဝ ဘန္တေ ဒုက္ကရ တရဉ္စေဝ ဒုရဘိသမ္ဘဝတရဉ္စ၊ ယော သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိံ ပဋိဝိဇ္ဈေယျာတိ၊ အထခေါ တေ အာနန္ဒ ဒုပ္ပဋိဝိဇ္ဈတရံ ပဋိဝိဇ္ဈန္တိ-ယေ ဣဒံ ဒုက္ခန္တိ ယထာ ဘူတံ ပဋိဝိဇ္ဈန္တိ၊ ဣဒံ ဒုက္ခသမုဒယံအရိယသစ္စန္တိ ယထာ ဘူတံ ပဋိဝိဇ္ဈန္တိ၊ ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိယထာ ဘူတံ ပဋိဝိဇ္ဈန္တိ၊ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ။

**ထို့နောက်……**

တတ္ထ ဒွေ သစ္စာနိ ဒုဒ္ဒသတ္တာ ဂမ္ဘီရာနိ၊ ဒွေဂမ္ဘီရတ္တာ ဒုဒ္ဒသာနိ။ ။ဟုဘွင့်ပြ၏။

**အဓိပ္ပါယ်ကား**……ချစ်သား အာနန္ဒာ–ယခု ငါဘုရားမေးမြန်းလတ္တံ့သော အမှုကိစ္စနှစ်ရပ်တို့တွင် အဘယ်အမှုကိစ္စသည် သာ၍ အပြုခက်သည်, ဖြစ်နိုင်ရန် ခက်သည်ဟု သင်ထင်မှတ်သနည်း၊အကြင်ပုဂ္ဂိုလ်တယောက်သည် အလွန်နူးညံ့သိမ်မွေ့သော သံကောက်ပေါက်ကလေး၏ အခေါင်းတွင်းဖြင့် မချွတ်မယွင်း မလွဲမချော်စေဘဲ မြှားကို အဝေးအရပ်မှနေ၍ အဆင့်ဆင့် ထပ်ခါထပ်ခါ လျင်မြန်စွာ ပစ်သွင်းနိုင်ရာ၏။

အကြင် ပုဂ္ဂိုလ်တယောက်သည်ကား အစိတ်တရာ ခွဲစိတ်၍ထားသော သားမြီးမျှင်၏ အစွန်းတခုဖြင့် အစွန်းအဖျားတခုကို လွဲချော်မှုမရှိစေမူ၍ တည့်တည့်မှန်မှန် ထိုးပြနိုင်ပြန်၏၊ထိုသူ နှစ်ဦးတို့တွင် အဘယ်သူ၏ ပြုမှုသည် သာလွန်၍ ခဲခက်သနည်းဟု မေးမြန်းတော်မူ၏၊မြတ်စွာဘုရား၊ အစိတ်တရာ ခွဲစိတ်၍ထားသော သားမြီးများအစွန်းနှင့်အစွန်းချင်းထိရန် မှန်မှန်ထိုးပြနိုင်သူ၏ အလေ့အကျင့်သည်သာ သာလွန်ခက်ခဲ၍ ထူးကဲအံ့ဩဘွယ် မလွယ်ကူခြင်းဖြစ်ပါသည်ဟု ပြန်၍လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားမိန့်တော်မူသည်ကား စင်စစ်သော်ကား အာနန္ဒာ··၊ဤသား မြီးမျှင်ကို အဆတရာစိတ်၍ ထိပ်စွန်းချင်းထိရန် စိမ်ထိုးပြရသည်ထက် အကြင် သူတို့သည်ကား ဤကား-ဒုက္ခသစ္စာတရားတည်း,ဤသည်ကား ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာတရားတည်း,ဤသည်ကား ဒုက္ခ ချုပ်ငြိမ်းရာ နိရောဓ သစ္စာတရားတည်း,ဤသည်ကား ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကောင်း အကျင့်မြတ် မဂ္ဂသစ္စာတရားတည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း ထိုးထွင်းသိမြင်နိုင်ကုန်၏၊ အာနန္ဒာ……ထိုသစ္စာလေးပါးတရားတို့ကို ဟုတ်တိုင်းမှန်ရာ သိမြင်နိုင်သူတို့သည်သာ သာလွန်၍ သိမြင်ထိုးထွင်းနိုင်ခဲသည်ကို ထိုးထွင်းသိမြင်သူတို့ မည်ကုန်၏ဟု ဟောပြတော်မူ၏၊ ထို့ကြောင့် အရိယာတို့၏ ဆုံးမရာသပ်း မဂ်ဖိုလ်တည်းဟူသော အဆင်းတန်ဆာကို ဆင်မြန်း လိုသူတို့သည် ဤမည်သော

ဥစ္စာ,သဒ္ဓါ,ဝီရိယ,ပညာတို့ကို ရှေးဦးစွာ စုဆောင်း ရှာဖွေသင့်၏၊ ဒုက္ခနှင့်သမုဒယသစ္စာနှစ်ပါးတို့သည် မြင်နိုင်ခဲသောကြောင့်နက်နဲကုန်၏၊ နိရောဓနှင့် မဂ္ဂသစ္စာ ၂-ပါးတို့သည် နက်နဲသောကြောင့် မြင်နိုင်ခဲကုန်၏ဟုဘွင့်ပြ၏။

ဤကား-သစ္စာလေးပါး၏ နက်နဲပုံကိုပြခြင်းတည်း။

---

## လှည့်ပတ်တတ်တရားများ

အသင့်အတင့်ပညာရှိစေကာမူ ပါရမီနည်းပါးလျှင် အောက်ပါဝဍ္ဎနာတရားတို့၏ လှည့်ပတ်ခြင်းကိုလွတ်ကင်းအောင် မရှောင်ရှားနိုင်သေးလေ၊ **နေတ္တိအဋ္ဌကထာ**၌လာသော ဝဍ္ဎနာတရားတို့ပင်တည်း၊ သိထားရန်ကား……

အပ္ပဋိကူလ တာ မုခေန ကာမစ္ဆန္ဒော ဝဍ္ဎတိ…… ရွံရှာဘွယ်မရှိ၊ ပကတိသော ဓမ္မသဘာဝဟု နှလုံးထားရသောအဖြစ်ကို အကြီးအမှူးပြုသဖြင့် ကာမစ္ဆန္ဒသည် လှည့်ဆောင်၍သွားတတ်၏။ (ထိုအခါ အသုဘဘာဝနာကိုလည်း ပွါးများရမည်။)

ပဋိကူလသညာ ပဋိဃုပတာယဗျာပါဒေါ ဝဍ္ဎတိ……စက်ဆုပ် ရွံရှာဘွယ်သညာရှိယောင် အတုဆောင်သဖြင့်တရားစစ်မဟုတ်သော စိတ်မချမ်းသာ နှလုံးနာခြင်းသည် လှည့်ပတ်၍ နေတတ်၏။

သမာဓိမုခေန ထိနမိဒ္ဓံ ဝဍ္ဎတိ၊သမာဓိကို အကြီးအမှူး ထားလွန်းသဖြင့် ထိန,မိဒ္ဓတရားသည် လှည့်ပတ်၍ နေတတ်၏။

ဝီရိယာရမ္ဘာမုခေန ဥဒ္ဓစ္စံ ဝဍ္ဎတိ……အားထုတ်လွန်းသော ဝီရိယကို အကြီးအမှူးထားသဖြင့် စိတ်၏ပျံ့လွင့်ခြင်း-ဥဒ္ဓစ္စတရားသည် လှည့်ပတ်၍နေတတ်၏။

သိက္ခာကာမတာ မုခေန ကုက္ကုစ္စံ ဝဍ္ဎတိ…… သီလသိက္ခာ၌ကောင်းစွာလုံခြုံစေခြင်း ကို အရင်းမူသဖြင့် နေထိုင်ခွင့်မရ

ကျဉ်းကြပ်လှသော ကုဋ္ဌာဠာပြွတ်ရွှဲကုလားတိရစ္ဆာနွားဆိုသည် လှည့်စား၍ လှုပ်ရှားထွက်တတ်၏။

ဥဘယပက္ခ သန္တိရဏ မုခေန ဝိစိကိစ္ဆာ ဝဍ္ဎေတိ·····နှစ်ဘက် နှစ်လမ်း စုံစမ်းသိမြင်ရန် ရည်သန်ကြိုးမှုးသဖြင့် ထူးခြား စွာမသိဘဲ ဝိစိကိစ္ဆာလှည့်ပတ်၍နေတတ်၏။

ဇာဍ္ဍာ နိဗ္ဗ သမုပေက္ခန မုခေန သမ္မောဟော ဝဍ္ဎေတိ····အလို ရှိအပ် အလိုမရှိအပ်၊ ချစ်မြတ်နိုးဘွယ် မုန်းဘွယ် အာရုံ နှစ်ပါးတို့၌အညီအမျှထား၍ ရှုခြင်းကိုအရင်းမူသဖြင့် ပြင်း စွာတွေဝေသော မောဟသည် လှည့်ပတ်၍နေတတ်၏။

ဝိရတ္တတာ ပဋိရူပကေန သတ္တောသု အဒယာပန္နတာ ဝဍ္ဎေတိ·· တပ်မက်ခြင်း ကင်းသော အဖြစ်ယောင် အတုဆောင်သ ဖြင့် သတ္တဝါတို့၌ ချစ်ခင်ကြင်နာခြင်းကင်းသော အဖြစ် သည် လှည့်ပတ်၍ နေတတ်၏။

အနုညာတ ပဋိသေဝန ပဋိရူပတာယ ကာမသုခလ္လိကာနုယော ဂေါ ဝဍ္ဎေတိ······

မြတ်စွာဘုရား ခွင့်ပြုသော ပစ္စည်းလေးပါးကို မှီဝဲသည့် အတုအယောင်အားဖြင့် ကာမဂုဏ်ချမ်းသာနှင့် ယှဉ်သော အကျင့်သည် လှည့်ပတ်၍နေတတ်၏။

သံဝိဘာဂသီလတာ ပဋိရူပတာယ မိစ္ဆာဇီဝေါ ဝဍ္ဎေတိ······ ဝေဘန် ပေးကမ်းသော အလေ့ရှိယောင် အတုဆောင် သဖြင့် ကုလဒူသနအားဖြင့် လူဒါယကာ,ဒါယိကာမ တို့ အား သစ်သီးပေးခြင်းစသော မိစ္ဆာဇီဝတရားသည် လှည့် ပတ်၍ တည်တတ်၏။

အသံသဂ္ဂဝိဟာရိတာ ပဋိရူပတာယ အသင်္ဂဟာဘာ ဝဍ္ဎေတိ··· ရောနှောဆက်ဆံခြင်းကင်း၍ နေချင်ယောင် အတုဆောင် သဖြင့် ချီးမြှောက်ထောက်ပံ့ထိုက်သူကိုပင် မချီးမြှောက် ချင်သောအဖြစ်သည် လှည့်ပတ်တတ်၏။

သင်္ဂဟသီလတာ ပဋိရူပတာယ အနနုလောမိက သံသဂ္ဂေါ ဝဋ္ဋေတိ......

ချီးမြှောက် ထောက်ပံ့လေ့ရှိယောင် အတုဆောင်လျက် ရဟန်းတို့အား မသင့်လျော်သော ရောနှောဆက်ဆံခြင်း သည် လှည့်ပတ်တတ်၏။

သစ္စဝါဒိတာ ပဋိရူပတာယ ပိသုဏဝါစာ ဝဋ္ဋေတိ......အမှန် အကန် ပြောတတ်ယောင် အတုဆောင်လျက် သူနှစ်ဦးတို့ ၏အကြား ကုန်းချောသော စကားမျိုးကို ပြောတတ်ခြင်း သည် လှည့်ပတ်တတ်၏။

အပိသုဏဝါဒိတာ ပဋိရူပတာယ အနတ္ထကာမတာ ဝဋ္ဋေတိ...... ချောပစ်ကုန်းတိုက်ခြင်းကင်းလေယောင် အတုဆောင်လျက် ပြန်၍မပြောလျှင် အကျိုးစီးပွါး ပျက်ပြားသွားမည့် အဖြစ် ကို အလိုရှိခြင်းသည် လှည့်ပတ်တတ်၏။

ပိယဝါဒိတာ ပဋိရူပတာယ စာတုကမျတာ ဝဋ္ဋေတိ......ချစ်ခင် ဘွယ်စကားကို ပြောကြားတတ်ယောင် အတုဆောင် လျက် ဒါယကာတို့ နှစ်သက်ဘွယ်စကား မိမိကိုယ်ကို အောက်ထားလျက် ခင်ဗျာ–စသည်ဖြင့် ပြောကြားခြင်း သည် လှည့်ပတ်တတ်၏။

မိတဘာဏိတာ ပဋိရူပတာယ အသမ္မောဒနသီလတာ ဝဋ္ဋေတိ......

နှိုင်းချိန်စဉ်းစား၍ ပြောကြားတတ်ယောင် အတုဆောင် လျက် နှစ်သက် ဝမ်းမြောက်ဘွယ်ရာ ဒါယကာတို့အား ပြောကြားလေ့မရှိခြင်းသည် လှည့်ပတ်တတ်၏။

သမ္မောဒနသီလတာ ပဋိရူပတာယ မာယာသာဌေယျာနိ ဝဋ္ဋေတိ.....

ဝမ်းမြောက်ဝမ်းသာ ပြောကြားလေ့ရှိယောင် အတုဆောင် သဖြင့် စဉ်းလဲကောက်ကျစ် အပြစ်ကိုဖုံးလွှမ်းသောစကား သည် လှည့်ပတ်တတ်၏။

နိဂ္ဂယှဖါဒိတာ ပဋိရူပတာယ ဖရုသဝါစာ ဝဇ္ဇေတိ…. မကောင်းမှုကိုတွေ့မြင်လျှင် မေတ္တာစိတ်ဖြင့်နှိမ်၍ ပြောဆိုချင်သော အတုအယောင်ဆောင်လျက် ဒေါသထွက်၍ ပြောဆိုခြင်း စကားကြမ်းသည် လှည့်ပတ်တတ်၏။

ပါပဂရဟိတာ ပဋိရူပတာယ ပရဝဇ္ဇာနုပဿိတာ ဝဇ္ဇေတိ... မကောင်းမှုကို ကဲ့ရဲ့ယောင်အတုဆောင်သဖြင့် သူတပါး၏အပြစ်ကို ရှုလေ့ရှိခြင်းသည် လှည့်ပတ်တတ်၏။

ဓမ္မဒေသနာဘိရတိ မုခေန ဘဿာရာမတာ ဝဇ္ဇေတိ…… တရားဟောခြင်း၌ အလွန်မွေ့လျော်ခြင်းကို အရင်းမူသဖြင့် စကားပြောခြင်း၌ မွေ့လျော်သောအဖြစ်သည် လှည့်ပတ်တတ်၏။

ပုညကာမတာ ပဋိရူပတာယ ကမ္မာရာမတာ ဝဇ္ဇေတိ…ကောင်းမှုကိုအလိုရှိသောအယောင် အတုဆောင်လျက် အမှုကိစ္စ၌ နှစ်သက်မွေ့လျော်သောအဖြစ်သည် လှည့်ပတ်တတ်၏။

သံဝေဂပဋိရူပကေန စိတ္တသန္တာပေါ ဝဇ္ဇေတိ ….သံဝေဂ ဉာဏ်ချောင်းအတုဆောင်လျက် ပူလောင် ညစ်နွမ်းသော စိတ်သည် လှည့်ပတ်တတ်၏။

သဒ္ဓါလုဘာ ပဋိရူပတာယ အပရိက္ခတာ ဝဇ္ဇေတိ …..သဒ္ဓါ တရား များပြားသော အဖြစ်ယောင် အတုဆောင်လျက် ရူးစမ်းချက်ပညာ ကင်းကွာနေခြင်းသည် လှည့်ပတ်ဘတ် ၏၊

ဝိမံသာ ပဋိရူပကေန အဿဒ္ဓိယံ ဝဇ္ဇေတိ …..ရူးစမ်း စိစစ်သောပညာယောင် အတုဆောင်လျက် သဒ္ဓါတရား ပျက်ကွက်ခြင်းသည် လှည့်ပတ်တတ်၏။

မေတ္တာယနာ မုခေန ရာဂေါ ဝဇ္ဇေတိ … မေတ္တာစိတ်ဖြစ်ပေါ်စေခြင်းကို အရင်းမူသဖြင့် တပ်မက်ခြင်းဟူသော ရာဂ သည် လှည့်ပတ်တတ်၏။

ကရုဏာယနာ ပဋိရူပကေန သောကော ဝဉ္စေတိ……ကရုဏာ
ဖြစ်သောစိတ်ယောင် အတုဆောင်သဖြင့် ပူလောင်စိုးရိမ်
ခြင်းသောကသည် လှည့်ပတ်တတ်၏။

အတ္တာဓိပတေယျ ပဋိရူပကေန ဂရုနံ အနုသာသနိယာ
အပ္ပဒက္ခိဏဂ္ဂါဟိတာ ဝဉ္စေတိ……

အတ္တာဟိ အတ္တနော နာထော စသည်ဖြင့်ဟောတော်မူရာ
ဒေသနာအရ မိမိကိုယ်ကို မိမိသာချင် ဆုံးမရာ၏ဟူ
သော အတုအယောင်ဖြင့် အလေးပြုအပ်သော ဆရာသမားတို့၏ ဆုံးမစကား၌ အမြတ်အားဖြင့် မနာယူသော အဖြစ်
သည် လှည့်ပတ်တတ်၏။

ဥပေက္ခာဝိဟာရ ပဋိရူပကေန ကုသလေသု ဓမ္မေသု နိက္ခိတ္တ
ဆန္ဒတာ ဝဉ္စေတိ……

ဥပေက္ခာတည်းဟူသော နေချင်ယောင်အတုဆောင်သဖြင့်
အခွင့်အားလျော်စွာ ပြုထိုက်သော ကုသိုလ်တရားတို့၌ ချ
ထားသောဆန္ဒရှိသောအဖြစ်သည်၊ ဝါ၊ အားမထုတ်လိုခြင်း
သည် လှည့်ပတ်တတ်၏။

ဤယခုဆိုအပ်ခဲ့ပြီးသော တင်ကြီးဆယ်တန် ကိလေသာတို့၏ ဘေးရန်နှင့်ရှေးချယ်ရန်အလွန်ခက်သော လှည့်ပတ်ချက် ဝဉ္စနာ သူလျှိုတရားတို့ကြောင့် ,အများအပြားနိဗ္ဗာန်သို့သွားရာ လမ်းခရီး၌ ပျက်စီးသွေးကျကြရသည်တို့ကို ထုတ်ဆို မြွက်ကြားလျက် မာရ်နတ်အား မြတ်စွာဘုရားအမိန့်ရှိတော်မူလိုက်၏။

ဤကား-လှည့်ပတ်တတ်သောတရားများကိုပြခြင်းတည်း။

## သာမညအရိယာချင်းပင်မသိနိုင်ပုံ

အချို့အချို့ နားမလည်သူနှင့် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် အသင့်အတင့်ဖြစ်ပေါ်လာသည်ကို မဂ်,ဖိုလ်ဟု အထင်ကြီး၍နေသူတို့သည် ဤသို့ပုဂ္ဂလပြောဆိုကြကုန်၏၊ အောက်, အောက်သော

တာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ထက် အထက် အထက်ကျသော သကဒါဂါမ် စသည်တို့ကို မသိနိုင်၊ အထက်အထက်ရဟန္တာပုဂ္ဂိုလ်တို့သည် အောက် အောက်ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်စသည်ကို သိနိုင်၏ဟု ပြောဆိုကြကုန်၏၊ ထိုသူတို့၏ ထင်မှတ်ချက်၌ အဘိညာဉ်မဘက်မူ၍ ယခုကာလ၌အားထုတ်သူအချင်းချင်း အထက်ထက် အရိယာ ဖြစ်သူတို့သည် အောက်အောက်အရိယာပုဂ္ဂိုလ်တို့ကို သိနိုင်၏ဟုဆိုလို၏။

ကျမ်းဂန်တို့၌ကား သာမည သောတာပန်စသည်တို့၏အချင်းချင်း အောက်အထက်နှင့် အထက်အောက် ပုဂ္ဂိုလ်တို့ တဦးကို တဦး သိနိုင်ပုံကိုမဆို၊ စိတ်အကြံကိုသိတတ်သော စေတော ပရိယ ဉာဏ်၏ အရာ၌ သာဘွင့်ဆို၏၊ သာမညအရိယာ ချင်းချင်း မသိပုံကို……

## အဋ္ဌသာလိနီမဂ္ဂါရမ္မဏတိက်၌

စေတော ပရိယ ဉာဏ စတုဗ္ဗိံ ပရိတ္တ မဟဂ္ဂတ
အပ္ပမာဏာရမ္မဏံ ဟောတိ၊ ကထံ တဒ္ဓိ ပရေသံ ကာမာ
ဝစရစိတ္တဇာနနကာလေ ပရိတ္တာရမ္မဏံ ဖောတိ၊ ရူပါ
ရူပါဝစရ စိတ္တဇာနနကာလေ မဟဂ္ဂတာ ရမ္မဏံ၊
မဂ္ဂဖလဇာနနကာလေ အပ္ပမာဏာရမ္မဏံ ဟောတိ၊ ဧတ္ထစ
ပုထုဇ္ဇနော သောတာပန္နဿ စိတ္တံ နဇာနာတိ၊ သောတာ
ပန္နောဝါ သကဒါဂါမိဿာတိ ဧဝံ ယာဝ အရဟတော
နေတဗ္ဗံ၊ အရဟာပန သဗ္ဗေသံ စိတ္တံ ဇာနာတိ၊ အညော
ပိစ ဥပရိမော ဟေဋ္ဌိမဿာတိ အယံ ဝိသေသော ဝေဒိ
တဗ္ဗော။

ဟူ၍ ဘွင့်ပြတော်မူ၏။

**အဓိပ္ပါယ်ကား**……ပုထုဇန်ဖြစ်သောပုဂ္ဂိုလ်သည် သူတပါး တို့၏ စိတ်အကြံကို သိတတ်သော စေတော ပရိယ အဘိညာဉ်ကို ရသည်ပင် ဖြစ်စေ၊ သောတာပန်

ပုဂ္ဂိုလ်၏မဂ်ဖိုလ်စိတ်ကိုမသိနိုင်၊ ထို့အတူ သောတာပန်ဖြစ်သော အဘိညာဏ်ရ အရိယာပုဂ္ဂိုလ်သည်လည်း သကဒါဂါမ်၏ မဂ်ဖိုလ် စိတ်ကိုမသိနိုင်၊ဤသို့အဆင့်ဆင့် ရဟန္တာ တိုင်အောင် မသိသင့် ကြောင်း သိအပ်၏၊ ရဟန္တာဖြစ်သော အဘိညာဏ်ရ ပုဂ္ဂိုလ် သည်ကား အလုံးစုံသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုသိတတ်၏၊ တပါး သော အထက်အထက် အဘိညာဏ်ရ အရိယာ ပုဂ္ဂိုလ်သည် အောက်အောက်ပုဂ္ဂိုလ်၏စိတ်ကို သိနိုင်၏ဟုဆိုလို၏၊ သာမည, အဘိဓာနဖြင့် စစ်တမ်းတင်၍ ကြည့်ရသည်ကို မဆိုလို။

ဤကား- သာမညအရိယာပုဂ္ဂိုလ်ချင်းတဦး၏ မဂ်ဖိုလ်ကို
တဦးမသိနိုင်ပုံကိုပြခြင်းတည်း။

---

## ပရိယတ်တရား၌လည်းအထင်ကြီးပုံ

**ပရိယတ်၌စိတ်ထားမြင့်၍**……ဤပြခဲ့သော အယုတ်တရားတို့ သည် ဖျက်ဆီးအပ်သော စိတ် ရှိကုန်သည်ဖြစ်၍ ပုဂ္ဂိုလ်ဖြစ်ကုန်သောသူတို့သည် ဤမည်သော မဂ်ဖိုလ်တို့မှသာ ဆုံးရှုံးခြင်း ဖြစ်ကုန်ရာကြသည် မဟုတ်သေး၊ ပရိယတ္တိတရား၌လည်း စိတ်ထားမြင့်ပြီးလျှင် အထင်ကြီး ကြကုန် လျက် ကွယ်ဝှက်သောအနက်အဓိပ္ပါယ်တို့ကို မသိမမြင် အပါယ် လေးဘုံသို့ပင်ရောက်ကြရကုန်သေး၏။

မြတ်စွာဘုရား၏လက်ထက်တော်၌ပင် ဤအထင်ကြီးခြင်းမျိုး ဖြစ်ပေါ်သောကြောင့်ဆုံးမဟောကြားတော်မူပြီးမှ **မူလပရိယာယ သုတ်**စသည်တို့ကို ဟောကြားတော်မူရ၏၊ ဤယခုကာလ၌ကား ဆိုဘွယ်,ပြောဘွယ်ပင်မရှိတော့ပြီ၊ အဋ္ဌကထာဆရာ ဋီကာဆရာ တော်ကြီးတို့သည်ပင် မိမိတို့မှူလောက် မသိမမြင်လေဟန် ရေးသူတို့ ရေးသားကြ၏၊ အချို့သော ပုဂ္ဂိုလ်တို့သည်လည်း အဋ္ဌကထာဆရာကြီး၏ အမှားတွေသည် ပင်လယ်ဝေသကဲ့သို့ ဖြစ်နေကုန်၏၊ ထင်ကြကုန်၏၊ **ထေရဝါဒ** ဟုပယ်ချပြောဆိုကြ

ကုန်၏၊ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုမိမိ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သာသနာ ၃–ဖြာနှင့် ပြည့်စုံသော ဤမည်သောပုဂ္ဂိုလ် ထုတ်ဆိုရေးသားအပ်သော ကျမ်းဟူ၍ စာတမ်းစာအုပ်ပုံနှိပ်ထုတ်ဝေ၏၊အပ္ပိစ္ဆဂုဏ်နှင့် ဝေးကွာကြကုန်၏။

**အသိဉာဏ်ဆင်းရဲကြ၍**...ဤသို့ပင် မိမိတို့၏ကိုယ်ကို မိမိတို့ အထင်ကြီးကြကုန်သော်လည်း ရှေးရှေးကာလ၌ ဖြစ်ပေါ်တော်မူကြကုန်ပြီးသော အဋ္ဌကထာဆရာ, ဋီကာဆရာတော်ကြီးတို့သည် အသီးသီးသော ပါဠိမဂဓ ဘာသက္ကရ,ဒေသက္ကရ,ဗဟုသုတအရာတို့၌ ကောင်းစွာတတ်မြောက်ကျွမ်းကျင်တော် မူကြကြောင်းကို အပေါင်းသော ပညာရှိတို့ သိတော်မူကြကုန်ပြီးဖြစ်၍ မည်သည့်နည်းဖြင့်မျှ ၎င်းတို့အပေါ်၌ အထင်မကြီးကြကုန်၊ အသိဉာဏ် ဆင်းရဲကုန်သော သူတို့သည်သာ ယုံကြည်နိုင်ကြကုန်ရာ၏။

**မပြုသင့်**......မဆုတ်ယုတ်သော ဗဟုသုတ ရှိတော်မူကြကုန်သော ရှေးရှေးသောရဟန္တာ, ပဋိသမ္ဘိဒါဉာဏ်နှင့်ပြည့်စုံတော်မူကုန်သော ပုဂ္ဂိုလ်တို့၏ စကားကို မဟာပဒေသလေးပါးတို့ဖြင့် စဉ်းစားနှိုင်းညှိ၍ အတိဂါရဝ, နိမာန ရှေ့တင်လျက် စီရင်ရေးသား၍ ထားသော အဋ္ဌကထာ စကားကိုမများသော ဗဟုသုတ မြန်မာဘာသာလောက်မျှဖြင့်သာ ထောက်ဆသိမြင်ရေးစီရင်ခြင်း၌ စွမ်းနိုင်သေးသော သူသည် မာန်မူပယ်ရှားခြင်းကိုမပြုသင့်ပေ။

**ဗဟုသုတရှိသူ**.....ဗဟုသုတရှိသောသူ ဟူသည် အင်္ဂါကိုးတန်ရှိသောမြတ်စွာဘုရား၏အဆုံးမစကားကိုရှေ့နောက်အနုသန္ဓေ၏အစွမ်းအားဖြင့် သင်ကြားတတ်မြောက်သူပေတည်း။

**သုတဓရပုဂ္ဂိုလ်**……သုတဓရပုဂ္ဂိုလ်ဟူသည် ဤမည် ဤမည်သောမြတ်စွာဘုရား၏တရားစကားကျမ်းဂန်တို့ကို သင်ကြား၍နေစဉ် ရှေ့သို့ရောက်လျှင် နောက်၌မေ့ပျောက် ရေအိုးပေါက်ဖြင့် ရေယိုကျသကဲ့သို့ မရှိရခြင်း၊ အကြားအမြင်သုတကိုဆောင်ထားနိုင်ခြင်း၊ ပရိသတ်အလယ်၌ တခုသော ဇာတက, သုတ္တံစသည်ကို ဟောပြပို့ချတော်မူပါဟု တောင်းပန်လာမူ မစွမ်းနိုင်ဟူ၍ မရှိရခြင်း၊ ဆယ်နှစ်, အနှစ် နှစ်ဆယ်တို့၏ အတွင်း၌ ပြန်လှန်ကျက်အံခြင်းမပြုသော်လည်း သင်ယူပြီးစအခါကဲ့သို့ကောင်းစွာမမေ့မလျော့သူတည်း၊ သုတသန္နိစ္စယ ပုဂ္ဂိုလ်ဟူသည် ဤမည်,ဤမည်သော အကြားအမြင် ဟူသမျှသည် ဟဒယဝတ္ထုတည်းဟူသော သေတ္တာ၌ ကောင်းစွာရေးလျက် ကျောက်ဖျာထက်၌ထုနှက်၍ထားသောအရေးအသား အကြောင်း အရစ်ကဲ့သို့ရင်း,ရွှေခွက်၌ထည့်၍ထားသော ခြင်္သေ့ဆီကဲ့သို့ရင်း တည်ရှိမှတ်မိနိုင်သူတည်း။

**ပဂုဏဂုဏ်နှင့် ပြည့်စုံသူ** …. ဓာတာ, ပဂုဏာ ဂုဏ် အင်္ဂါနှင့် ပြည့်စုံသူ ဟူသည် ဤမည် ဤမည်သော ဓာတ်ပါဠိ ဘုရား၏စကားတော်ကို ရွတ်ဘော် ဟောကြားပါဟု ပြောဆိုခဲ့လျှင် လျင်မြန်စွာ အာဂုံရှိရာ အပိုဒ်ကို တိုက်ရိုက် ထုတ်ဆောင်၍ မရွတ်ပြနိုင်၊ အစမှစ၍အဆင့်ဆင့် ရွတ်ဆိုရာလိုရာသို့ရောက်သဖြင့် ချီးမြှင့်ဟောကြားနိုင်သူမျိုးမဟုတ်၊ ထုတ်နုတ်၍ လိုရာကိုမည်သည့် အခါမဆို ဟောကြားနိုင်သူပေတည်း။

**ပရိစိတဂုဏ်နှင့်ပြည့်စုံသူ**……ဝစသာ ပရိစိတာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော သူဟူသည် ဤမည် ဤမည်သော သုတ်ဆယ်သုတ် ဝဂ်ဆယ်ဝဂ် အရေ အတွက် ပဏ္ဏာသကို ရွတ်ပြပြန်ဆိုနိုင်သော ပုဂ္ဂိုလ်တည်း၊ မနသာ ပေက္ခိတာ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသူဟူသည် ထိုဤပိဋကတ်အရပ်ရပ်နှင့် တတ်မြောက် သိမြင်ပြီး ဖြစ်သော ကျမ်းဂန်ကို မပြန်လှန်

မရှုတ်ဆိုအလို ရှိသောအခါ စိတ်ဖြင့်သာ ဆင်ခြင်မှု တရူရှုရှေ့ မှောက် မိုးရောင်အောက်၌ ရောက်သောဝတ္ထုအစဉ်ကို မြင်နိုင်သကဲ့သို့၊ ထင်ထင်ရှားရှား ပုဒ်ထားပါ၍နေ အထွေထွေတို့ကို မြင်၍နေသော ပုဂ္ဂိုလ်မျိုးတည်း။

**သတိထား**……ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံ စွာသော ရှေးဆရာ မြတ်တို့၏ ပြုစီရင် အပ်ပြီးသော အဒ္ဓကထာ စသောကျမ်းတို့သည် ရှိကုန်၏၊ ထိုကျမ်းတို့၌ လာသော စကားတို့ကို ပယ်ရှား၍ မိမိ၏အလို အတိုင်း ရေးမှတ် ထုတ်ဝေကြေငြာတော်ပြုရန်မသင့်ကြောင်းဖြင့် ကောင်းစွာ သတိထားသင့်ပေသည်၊ အသင့်အလျော် တတ်မြောက်ခါမှုဖြင့် အဘိမာန အားဖြင့် အထင်မကြီးသင့်လေ၊ ဤအခြေ ဤခေတ်၌ ဤစိတ်မျိုး ဖြစ်သူတို့ စင်စစ်ပေါ်လာလျက် များစွာသောတဏှာ ဒိဋ္ဌိတို့ဖြင့် ရွှန်းငြိ ညစ်ညူး၍ အထူးကြီးဆသဖြင့် "အဓိဂမသဒ္ဓမ္မော အန္တရဟိတောနာမ" ဟုဘွင့်ပြသော အဒ္ဓကထာ ပဋိသမ္ဘိဒါ စကားနှင့်စာသားတည်း။ ညီညွတ်လေတော့ကြောင်း။

ဤကား-ပရိယတ္တိဓမ္မ၌လည်း အထင်ကြီးပုံကို
ပြခြင်းတည်း။

---

## မဂ်ဖိုလ်မရောက်နိုင်သူနှင့်ထွက်နိုင်သူ

ငင်းနောက် ထိုအယုတ်တရားတို့ကို ပယ်ရှား ထိုးဖောက်၍ မဂ်ဖိုလ်ရောက် သွားနိုင်သူနှင့် အယူ ဘောက်ပြန် လျက်မိစ္ဆာဉာဏ်သက်ဝင်သူ အယူမိစ္ဆာ မလာမငြိ စိတ်ကောင်းပင် ရှိသော်လည်း အဘိမာနတရားကို မပယ်ရှားနိုင်သဖြင့် အခွင့်မရ ဤမျှ၌သာ တည်နေရှာသူတို့ကို ကောင်းစွာခွဲခြား၍ အောက်ပါအတိုင်း ပဋိသမ္ဘိဒါပါဠိ၌ ဟောကြားဘွင့်ဆိုတော်မူလေသည်။

သြဘာသေစေဝ ဉာဏေစ ပီတိယာစ ဝိကမ္ပတိ ပဿဒ္ဓိယာ သုခေစေဝ ယေဟိစိတ္တံ ပဝေဓတိ အဓိမောက္ခေစ ပဂ္ဂါ

ဟော ဥပဇ္ဈာနေစ ကမ္မတိ ဥပေက္ခာ ဝဏ္ဏနာယစေဝ ဥပေက္ခာယစ နိက္ခန္တိယာ၊ ဈာနာနိ ဒသဇ္ဈာနာနိ ပညာယသ ပရိစိတာ ဓမ္မုဒ္ဓစ္စ ကုသလာ ဟောတိ န စ သမ္မောဟံ ဂစ္ဆတိ ဝိက္ခိပတိစေဝ ကိလိဿတိစ စဝတိ စိတ္တ ဘာဝနာ ဝိက္ခိပတိ နကိလိဿတိ ဘာဝနာ ပရိဟာယတိ ဝိက္ခိပတိ နကိလိဿတိ ဘာဝနာ နပရိဟာယတိ နစဝိက္ခိပတေ စိတ္တံ နကိလိဿတိ န စဝတိ စိတ္တဘာဝနာ ဈာနေဟိ စတူဟိ ဌာနေဟိ စိတ္တဿ သင်္ခေပ ဝိက္ခေပ ဝိဂ္ဂဟိတံ ဒသဌာနေ သံပဇာနာတိ။

(၁)ဝိက္ခိပတိစေဝါတိ တေသုမန္ဒပညော ဓမ္မုဒ္ဓစ္စသင်္ဂါ တံ ဝိက္ခေပဉ္စ ပါပုဏာတိ။ ။ကိလိဿတိစာတိ တဏှာ မာနဒိဋ္ဌိ ကိလေသိယတိစ ဥပတာပိယတိ ဝိဗာဓိယတီတိ အတ္ထော စဝတိ စိတ္တဘာဝနာတိ တဿ မန္ဒပညဿ ဝိပဿနာ စိတ္တဘာဝနာ ကိလေသသမုယေဝ ဌာနတော ပဋိပက္ခာ ဝိဟာတတ္တာ စဝတိ ပရိပတတီတိ အတ္ထော။

(၂) ဝိက္ခိပတိ နကိလိဿတီတိ မဇ္ဈိမပညော ဝိက္ခေပေန ဝိက္ခိပတိ ကိလေသေဟိ န ကိလိဿတိ။ ဘာဝနာ ပရိဟာယတီတိ တဿ မဇ္ဈိမပညဿ အဓိမာနိကတ္တာ ဝိပဿနာရမ္ဘာဝေန ဝိပဿနာ ပရိဟာယတိ န ပဝတ္တတီတိ အတ္ထော။

(၃) ဝိက္ခိပတိ န ကိလိဿတီတိ တိက္ခပညောပိ ဝိက္ခေပေန ဝိက္ခိပတိ၊ ကိလေသေဟိ န ကိလိဿတိ၊ ဘာဝနာ နပရိဟာယတီတိ တဿ တိက္ခပညဿ သန္တေပိ ဝိက္ခေပေ အဓိမာန ဝိက္ခေပံ ပဟာယ ဝိပဿနာရဗ္ဘသမ္ဘာဝေန ဝိပဿနာဘာဝနာ နပရိဟာယတိ ပဝတ္တတီတိ အတ္ထော။

(၄) နစ ဝိက္ခေပတေ စိတ္တံ နကိလိဿတီတိ အတိတိက္ခပညဿ စိတ္တံ န ဝိက္ခေပေန ဝိက္ခိပတိ နစ ကိလေသေဟိ ကိလိဿတိ။ ။နစ စဝတိ စိတ္တဘာဝနာတိ တဿ

ဝိပဿနာ စိတ္တဘာဝနာ န စဝတိ ဝိက္ခေပကိလေသာ ဘာဝေန ယထာဋ္ဌာနေ တိဋ္ဌတီတိ အဌ္ဌော။

ဈာနမေဟိ စတုဟိ ဌာနေဟိ စိတ္တဿ သင်္ခေပဝိက္ခေပ ဝိဂ္ဂဟိတံ ဒသဋ္ဌာနေ သံပဓာနာတိတိ ဈာနမေဟိ စတူဟိ ဌာနေဟိတိ အာဒိသု ဈာဒါနိ ဂုတ္တေဟိ ဈာနမေဟိ စတူဟိဌာ နေဟိ ဟေတုဘူတေဟိ ကရဏဘူတေဟိ ဝါ ဩဘာသာဒိ ကေ ဒသဋ္ဌာနေ စိတ္တဿ သင်္ခေပေန စ ဝိက္ခေပေန စ ဝိဂ္ဂဟိတံ မာနသံ ဝိက္ခေပ ကိလေသုပ္ပတ္တိ ဝိရဟိတော စတုဌ္ဌော ကုသလော မဟာပညော ယောဂါဝစရော မန္ဒပညာဒိနံ တိက္ခာ ယောဂါဝစရာနံ မာနသံ ဇေဋ္ဌဇေဋ္ဌ ဟောတိတိ နာနပ္ပ ကာရတော ဓာနာတိတိ သမ္ဗန္ဓော အဋ္ဌဝဏ္ဏနာ ဝေဒိတဗ္ဗာ။

သင်္ခေပေါစေတ္ထ ဝိက္ခေပဿစေဝ ကိလေသာနဉ္စ ဥပတ္တိဝသေန စိတ္တဿ လီနဘာဝေါ ဝေဒိတဗ္ဗော။ ဝိက္ခေပေါတိ ဝိက္ခိပတိ နကိလိဿတိတိ ဒွိသုဋ္ဌာနေသု ဝုတ္တ ဝိက္ခေပ ဝသေန စိတ္တဿ ဥဒ္ဓတဘာဝေါ ဝေဒိတဗ္ဗော။

၍ပါဠိတို့ကို ပညာရှိပုဂ္ဂိုလ်တို့အား ရည်မှတ်၍ ယခု ရေးသား အပ်သော စကားအစဉ်သည် ကျမ်းဂန်တို့တွင် လာရှိသည့်အတိုင်း မှန်မမှန်ကို သိသာနိုင်ရန် သာဓကထုတ်သဖြင့် အနက်ယောဇနာ ခြင်း မပြုလုပ်တော့ကြောင်း။

## ၎င်းပါဠိတို့၏အဓိပ္ပါယ်ကား......

ဝိပဿနာကို ပွါးများသဖြင့် မဂ်တရား ဖိုလ်တရားသို့ ရောက် သွားနိုင်ရန် ရည်သန်ခြင်းရှိသော ပုဂ္ဂိုလ် အမျိုးအစားတို့ကား ၄—ပါး အပြားရှိကြကုန်၏။

(၁) ပညာနုံ့သော အပ္ပဿုတမန္ဒပုဂ္ဂိုလ်။
(၂) ပညာအလယ်အလတ်ရှိသော မဇ္ဈိမပုဂ္ဂိုလ်။

(၃) ပညာထက်မြက်သော တိက္ခပုဂ္ဂိုလ်။
(၄) ပညာအလွန်ထက်မြက်သော အတိတိက္ခပုဂ္ဂိုလ်။
ဟူ၍ ၄–မျိုးတို့တည်း။
ထိုလေးပါး ၄–ယောက်တို့တွင်ရှေးဦးစွာ ပညာသုတနည်းပါးသော မန္ဒပုဂ္ဂိုလ်သည် ပြဆိုခဲ့ပြီးသော အလင်းရောင် ဩဘာသစသော ဆယ်ပါးကုန်သော ဥပက္ကိလေသ ဝတ္ထုတို့ကိုအကြောင်းပြု၍ ညစ်နွမ်းမှုတဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွန်းငြိပူပန်စေလျက်ပျက်စီးသောဝိပဿနာရှိနေတတ်၏၊ မိစ္ဆာဒိဋ္ဌိသို့လည်း သက်ဝင်သွားတတ်၏။

**တဏှာဒိဋ္ဌိဖြစ်ခြင်း**......အဘယ်သို့ တဏှာဒိဋ္ဌိ ဖြစ်သနည်း ဟူမူ မိမိ၏ ကိုယ်တွင်း၌ အတ္တဇီဝ ရှိ၏ဟုယူဆ၍ အတ္တကို ငါဟုသုံးသပ်ပြီးလျှင် ဝိပဿနာကိုပင် အတ္တပိုင်ပစ္စည်း အတ္တနိယတည်းဟု သုံးသပ်၏။

**ထို့ကြောင့် မဟာဋီကာ၌**–

မမ ဝိပဿနာတိ ဣမဿာပိ အတ္တနိယ သညိတာယ ဝိပဿနာယ သာမိဘူတော အတ္တာ ပရာမသိယတီတိ ဒိဋ္ဌိဂါဟတာ။

ဟူ၍ မိန့်တော်မူ၏။
ငါ၏ဝိပဿနာဟု သဏ္ဍာယဒိဋ္ဌိ, ငါကို ယူဆ၏ဟူလို။
ထိုအခါ လောဘ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်၏၊ ခန္ဓာငါးပါး အပြည့်အစုံကိုစွဲ၍ သမုတိသစ္စာ ငါဟုထင်မြင်လျက် ငါ၏ဝိပဿနာဟုဆင်ခြင်လျှင် လောဘသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်တဏှာသည် ဝိပလ္လာသမျှဖြစ်၏၊ အကျယ်စကားကို သဏ္ဍာယဒိဋ္ဌိ အနုဝိနိစ္ဆယ၌ ပြခဲ့ပြီးပြီ။

**မာနဖြစ်ခြင်း**......ထိုအတ္တ၏ အယူအတိုင်းပင် အဟံ မနာပံ ဝိပဿနံ ဝိပဿာမိ၊ ငါသည် မြတ်နိုးဘွယ်သောဝိပဿနာကိုရှု၏ဟု သုံးသပ်သောအခါ ဒိဋ္ဌိ၏ဥပနိဿ

ယ အထောက်အခံဖြစ်သောမာနသည်ဖြစ်၏၊ ခန္ဓာငါးပါးအပြည့် အစုံကိုစွဲ၍ သမုတိသစ္စာ ငါအတိုင်းထင်မြင်လျှင် ဒိဋ္ဌိ၏ ဥပနိဿ ယပင် မဖြစ်သေးဟု မှတ်အပ်၏။

**ထို့ကြောင့် မဟာဋီကာ၌—**

မာနော နာမ ဒိဋ္ဌုပနိဿယော အပါယဂမနိယော။
သော ဒိဋ္ဌိယာ ဝိက္ခမ္ဘိတာယ ဝိက္ခမ္ဘိတော ဧဝ ဟောတိ။
ဟူ၍ မိန့်အပ်၏။

**ဆင်ခြင်ပြောသံတို့ကြောင့်**……ဤသို့ သက္ကာယဒိဋ္ဌိ အတ္တ ဒိဋ္ဌိ အယူမရှိစေကာမူ ငါ၌ ရှေးအခါ ဝိပဿနာကိုမပွါးများမီ ဤမည်သော ဩဘာသ, ပီတိ, ပဿဒ္ဓိ,သုခအရောင်အလင်း နှစ်သက်ခြင်း အေးချမ်းခြင်း ချမ်းသာ ခြင်း မဖြစ်ရဘူးလေ၊ ယခုမူကား ငါ၌တရားထူးများ ဖြစ်ပေါ်လာ ချေပြီဟု ဆင်ခြင်ကြည့်ရှုသောအခါ တဏှာ, မာန ဖြစ်ပေါ်လာ ၏၊ နောင်အခါ၌ မိစ္ဆာအယူ ရှိပြီးသူဆရာတို့သည် ဤသို့တည့် ဖြားပြောကြားသည်ကို ယုံကြည်သက်ဝင်လျှင် ဒိဋ္ဌိပင်ဖြစ်တတ် ပြန်၏။

အဘယ်သို့ပြောကြားသနည်းဟူမူကား သင်ယခုထင်မြင်ခြင်း သည် နိဗ္ဗာန်တရားပင်တည်း၊ သဗ္ဗညုတရားလည်း ဤနိဗ္ဗာန်တရား ၌ တည်ရှိ၏၊ ဖူးမြင်လိုသောစိတ်ဖြင့် ဤနိမိတ်အရောင် တွင်း၌ ထင်လင်းစွာ မြင်အောင် ကြည့်လော့ဟု တိုက်တွန်းစကား ပြော ကြား၏၊ ထိုတပည့်သည်လည်း ဆရာ၏စကားကို များစွာယုံ ကြည်လျက် နေ့ရက်ဆက်ခါ အာရုံပြုသောအခါ စိတ်၏ဆန်းကြယ် သောအမှုအရာကြောင့် ဆရာညွှန်ပြသည့်အတိုင်း ထင်မြင်လာ၏၊ ထိုအခါဆရာအားပြန်၍ ပြောကြားသော် ပရမတ္ထဘုရား သဗ္ဗညု ဉာဏ်ရှင်ကို သင်မျက်မှောက်ပြုနိုင်ပြီဖြစ်သဖြင့် စင်စစ် အရိယာ ဖြစ်ခဲ့ပြီ၊ ဤမည် ဤမည်သော ဆင်းတု စေတီတို့ကို ကိုးကွယ်

ထားသဖြင့် ဤသဗ္ဗညုတဉာဏ်ရှင် ပရမတ္ထဘုရားမျိုးကို မတွေ့မမြင်နိုင်၊ ထို့ကြောင့် ဆင်းတု၊ ရုပ်ပွါး၊ စေတီကို ယုံကြည် ကိုးကွယ်မှု မပြုထိုက်ကြောင်း။

ဝင်းနောက် ကျမ်းစာကို သင်အံ ဟောကြားနေသဖြင့် တရားထူး တရားမြတ်ကိုမတွေ့ရ ကျမ်းရူး၍နေကြ၏၊ သို့ကြောင့် ပိဋကတ်အစစ်အမှန်ကို ကျမ်းဂန်ဖုံးကွယ်၍ နေကြောင်း ဝင်းနောက် ပရမတ္ထသံဃာကိုလည်း ဘုန်းကြီးတွေကွယ်နေကြသဖြင့် မမြင်ရနိုင်ကြောင်း။ ဝင်းနောက် စားချင်သောက်ချင်၍တွေ့မြင်သောအခါ သတ္တဝါကို သတ်ပါသော်လည်း အပြစ်မခံရ၊ အာသဝ မဟုတ်သောအရက်ကိုနှစ်သက်၍ သောက်စားက အပါယ်တံခါးပိတ်ပြီးဖြစ်၍ အပြစ်မရှိကြောင်းတို့ဖြင့် ဝင်းဆရာသည်ဟောပြသောအခါ ပညာနည်းပါးသော ဤမန္ဒပုဂ္ဂိုလ်သည် ထိုထိုမတွေ့မကြုံ ရဘူးသော အာရုံအထူးကို အကြောင်းပြု၍ ယုံကြည်မှုအားကြီးလျက် အသီးသီးမိစ္ဆာအယူကို စွဲယူလိုက်ပါလေတော့၏၊ ဤပုဂ္ဂိုလ်မျိုးတို့ ယခုအခါထင်ရှားစွာ ဖြစ်ပေါ် နေကြလေပြီ၊ မြန်မာပြည်၌ အများအပြားပင်ရှိကုန်၏၊ ဤကား မန္ဒပညာ နုံသောမန္ဒပုဂ္ဂိုလ်၏ မဂ်ဖိုလ်တိုင်မခွါထွက်နိုင်မှု၍ အဓိမာန်၌တည်နေခြင်းတည်း။

**မဇ္ဈိမပုဂ္ဂိုလ်** ..... ၂-နံပါတ် ပညာ အလယ်အလတ် ရှိသော ပုဂ္ဂိုလ်သည် ထိုထိုမိစ္ဆာဒိဋ္ဌိအယူသို့ တိုင်ရောက်ခြင်းမရှိသော်လည်း နောက်၌ပြခဲ့ပြီးသော အရောင်အလင်း ဩဘာသစသော ဥပက္ကိလေသ ဆယ်ပါးတို့ဖြင့် ပျော်ပါး မွေ့လျော်လျက် မဂ်ဖိုလ်တိုင် မခွါထွက်နိုင်မှု၍ ဤအယူအဓိမာန်၌သာ တည်နေရှာတော့၏။

**ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌—**

ဣမေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌာ အာရဒ္ဓမဇ္ဈာ
ဝ ဌသာတိ။

ဟူ၍ မိန့်တော်မူ၏။

ဣမေဟိ ဥပက္ကိလေသေဟိ၊ ဤဩဘာသ အရောင်အလင်း အစရှိကုန်သော ဝိပဿနာပျက်စီးညစ်ညူးကြောင်းတို့ဖြင့်။ ဥပက္ကိလိဋ္ဌာ၊ ညစ်နွမ်းစေအပ်သော။ ဝိပဿနာ၊ ဝိပဿနာသည်။ အာရဒ္ဓမတ္တာဝ၊ အားထုတ်ခါမျှ ဖြစ်၍သာလျှင်။ ဌဿတိ၊ တည်လတ္တံ့။

ဤနံပါတ် ၂ ၌ပြအပ်သော အဓိမာနိက အထင်ကြီးရုံမျှရှိသော ပုဂ္ဂိုလ်သည် ဥပက္ကိလေသဆယ်ပါးတို့တွင် အပါအဝင်ဖြစ်သော အဓိမောက္ခသဒ္ဓါဖြင့်ရတနာသုံးပါးတို့၌ ယုံကြည်သက်ဝင်မေတ္တာ ပေမဖြင့်ချစ်ခင်လျက်နေငြားအံ့၊ စူဠသောတာပန်အရာ၌ တည်၍ နတ်ပြည်သို့ရောက်ခြင်းမြဲ၏၊ နတ်ပြည်သို့ ရောက်ပြန်သောအခါ စတုကအင်္ဂုတ္တိုရ်ကျမ်း၌ လာသောနတ် ၄-မျိုးတို့တွင် တပါးပါး၌ ပါဝင်၍နတ်ပြည်၌ပင်အကျွတ်တရားရနိုင်၏။

ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ၌—

ယေသံ မယိ သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ ယေသံ အညော အရိယဓမ္မော နတ္ထိ တထာဂတေ ပန သဒ္ဓါမတ္တံ ပေမမတ္တမေဝ ဟောတိ၊ တေ ဝိပဿကပုဂ္ဂလာ အဓိပ္ပေတာ၊ ဝိပဿကဘိက္ခူနဉှိ ဧဝံ ဝိပဿနံ ပဋ္ဌပေတွာ နိသိန္နာနံ ဒသဗလေ ဧကာ သဒ္ဓါ ဧကံ ပေမံ ဥပ္ပဇ္ဇတိ တာယ သဒ္ဓါယ တေန ပေမေန ဟတ္ထေ ဂဟေတွာ သဂ္ဂေ ထပိတာဝိယ ဟောန္တိ နိယတဂတိကာ ကိရ ဧတေ။ ပေါရာဏကတ္ထေရာ ပန ဧဝရူပံ ဘိက္ခုံ စူဠသောတာပန္နောတိ ဝဒန္တိ။

ဟူ၍ ဖွင့်ပြတော်မူ၏။

ယေသံ မယိ သဒ္ဓါမတ္တံ ပေမ မတ္တန္တိ ဣမိနာ၊ ယေသံမယိသဒ္ဓါမတ္တံ ပေမမတ္တံဟူသောဤပါဌ်ဖြင့်။ ယေသံ၊ အကြင်ယောဂီပုဂ္ဂိုလ်တို့အား။ တထာဂတေ၊ ဘုရားရှင်ကိုယ်တော်မြတ်၌။ သဒ္ဓါမတ္တံ၊ ကြည်ညိုယုံကြည်သော သဒ္ဓါမျှသည်။ ပေမ မတ္တမေဝ၊ မေတ္တာပေမသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညော၊ အဓိမောက္ခသဒ္ဓါ

မှ တပါးသော။ အရိယဓမ္မော၊ မဂ်ဖိုလ်တည်းဟူသော အရိယဓမ္မသည်။ နတ္ထိ၊ မရှိ။ တေ ဝိပဿက ပုဂ္ဂလာ၊ ထိုအဓိမောက္ခသဒ္ဓါမျှကို ရကြကုန်သော။ ဝိပဿနာ၊ ယောဂီပုဂ္ဂိုလ်တို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ဟိ၊ ထိုစကားမှန်၏။ ဧဝံ၊ ဤသို့။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသိန္နာနံ၊ နေကြကုန်သော။ ဝိပဿကဘိက္ခူနံ၊ဝိပဿနာတရားကိုအားထုတ်ကုန်သောရဟန်းတော်တို့အား။ ဒသဗလေ၊ အားတော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၌။ ဧကာ၊ တခုသော။ သဒ္ဓါ၊ အဓိမောက္ခသဒ္ဓါသည်။ ဧကံ၊ တခုသော။ ပေမံ၊ ချစ်ခြင်းသည်။ ဥပ္ပန္နာတိ၊ဖြစ်၏။ တာယသဒ္ဓါယ၊ ထိုဖြစ်သောသဒ္ဓါဖြင့်။ တေန ပေမေန၊ ထိုချစ်ခြင်းဖြင့်။ ဟတ္ထေ၊ လက်၌။ ဂဟေတွာ၊ ကိုင်၍။ သဂ္ဂေ၊ နတ်ပြည်၌။ ထပိတာဝိယ၊ ထားကုန် သကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတေ၊ ထိုသဒ္ဓါပေမ, မေတ္တာပေမ ရှိကြကုန်သော ဝိပဿက ယောဂီရဟန်းတို့သည်။ နိယတဂတိကာကိရ၊ မြဲသောဂတိရှိကြကုန်သတဲ့။ပေါရာဏကထေရ္တာပနာ၊ရှေး၌ဖြစ်ကြကုန်သော မထေရ်ကြီးတို့သည်ကား။ ဧဝရူပံ၊ ဤသို့အဓိမောက္ခသဒ္ဓါကို မဂ်ဖိုလ်ဟု အထင်ကြီးရုံမျှသောရဟန်းကို။ ရူဠှသောတာပန္နောတိ၊ ရူဠှသော တာပန်ဟူ၍။ ဝဒန္တိ၊ ပြောရကြကုန်၏။ ဤသို့ မာနကြီး သူတပါးကိုမရှုတ်ချ၊ မိမိကိုယ်ကို ချီးမြှောက်ပသွား မပြောကြား၊ပရိယတ်တရားကို မကဲ့ရဲ့၊ ဒါန,သီလကို မပစ်ပယ်မူ၍ ယောနိသော မနသိကာရဖြင့် အထင်ကြီးရုံမျှဖြစ်မူကား နတ်ပြည်သို့ လားရောက်နိုင် မဂ်ဖိုလ်ကို နတ်ပြည်၌ ရနိုင်ကြောင်း သိပြီးလျှင် ဆင်ခြင်သိမ်းဆည်းအပ်လှပေ၏။

**တိက္ခပုဂ္ဂိုလ်**……၃ နံပါတ်၌ ပြအပ်သော ပညာထက်သော ပုဂ္ဂိုလ်သည် မဂ်ဖိုလ်ဟု အထင်ကြီးလျက် ဝိပဿနာလမ်းမှမထွက် ပျံ့လွင့်နေတတ်၏။ တဏှာ, မာန, ဒိဋ္ဌိတို့ကြောင့်ကာ မညစ်နွမ်း မပျက်စီး၊ နောင်သောအခါ ထိုအထင်

ကြီးခြင်းကိုပယ်ခွါလျက် ဝိပဿနာကို အားထုတ်သဖြင့် မဆုတ် ယုတ်မူ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်တိုင် ရောက်နိုင်၏။

**အတိတိက္ခပုဂ္ဂိုလ်**...... ၄ နံပါတ်မြောက် အလွန် ပညာထက် သောပုဂ္ဂိုလ်သည် အထင်ကြီးခြင်း ဖြင့်လည်း မပျံ့လွင့်၊ ကိလေသာတို့ကြောင့်လည်း မညစ်နွမ်း၊ ဝိပဿနာလမ်းမှလည်း မလျော့ကျမူ၍ တည်တံ့လျက်ပင် နိဗ္ဗာန်မဂ်ဖိုလ်တိုင် သိမြင်နိုင်၏။

ဤကား-မဂ်ဖိုလ်တိုင် မခွါထွက်နိုင်ပုံနှင့် ထွက်မြောက်ပုံတည်း။

---

## အပ္ပိစ္ဆသောဂုဏ်ကိုပြခြင်း

**ခေါင်းပါးကျင့်မဟုတ်**......ဤသို့ ယခုပြဆို အပ်ခဲ့ပြီးသော အတြိန္တ, မဟိန္တ, ပါပိန္တတရား တို့မှလွတ်မြောက်ထွက်ခွါလျက် မိစ္ဆာဇီဝ တရားတို့ကို ပယ်ရှားစွန့်ခွါ၍ သီလဝန္တပုဂ္ဂိုလ်အဖြစ်ဖြင့်သာလျှင် ရှင်သာမဏေစသည်တို့ ခံယူခဲ့သောဆွမ်းကိုရင်း ဒါယကာ ဒါယိကာမတို့ ပို့လာကြသော ဆွမ်းစသည်ကိုရင်း စားသောက်သုံးဆောင်လျက် အသက်မွေးမှုခြင်းပိဏ္ဍပါတ် ရတင်စသည်ကို မဆောက်တည်မူ၍ ကျန်းမာခြင်းနှင့်ပြည့်စုံလျက် သက်သက် ကိုယ်၏ချမ်းသာမှုကို ရည်ရွယ်နေထိုင်လျှင် သူကြွယ်ခေါင်းတုံး ရဟန်း၏အသက်မွေးခြင်းမျိုး ဟူ၍ပင်ဖြူးခြိုးသော အရှင်တို့သည် ခေါ်ဆိုကုန်သေး၏။ ခေါင်းပါးသော အကျင့်ရှိကြကုန်သောသမဏတို့၏ အသက်မွေးမှုမျိုး မဟုတ်ကုန်ဟု ဆိုလိုသည်။

**တို့ကြောင့် သီလကွန် ဖြဟ္မဇာလသုတ်၌**......

အထ သာမဏေရော ဒမိအာဒိနိ အာဟာရိတွာ ဘတ္တဗျဉ္ဇနဉ္စ သမ္ဘာဒေတွာ ဥပနေတိ တံဘုဉ္ဇန္တောသော ဥပဇ္ဈာကော ဘတ္တံ ပဟိဏန္တိ တတောပိ မနာပံ မနာပံ ဘုဉ္ဇတိ (ပ)

ဧဝံ စတုမာသမ္ပိ ဝီတိနာမေတိ အယံ ဝုစ္စတိ ဘိက္ခု၊ မုဏ္ဍာ ကုဋုမ္ဗိကဇီဝိကံ - ဇီဝတိ န သမဏဇီဝိကဿ ဧဝရူပေါ အာမိသသန္နိဓိနာမ ဟောတိ။

ဟူ၍ မိန့်တော်မူ၏။

**အရများရန်စိတ်ရည်သန်**……ထိုသို့ သူကြွယ် ခေါင်းတုံးရဟန်း တို့၏ အခြင်းအတန်းမှ ကျော်တက်၍ ဆွမ်းခံလျက် စားသောက် အသက်မွေးခြင်း တည်းဟူသော ပိဏ္ဍပါတ် ဓုတင် ကျင့်စဉ်လမ်းမှန် တက်ခဲ့ ပြန်ရာ ဆွမ်းများစွာရကြောင်း သူတော်ကောင်း သဒ္ဓါတရားနှင့် ပြည့်စုံ သူတို့၏ နိမ့်မြင့်နေထိုင်ရာ လမ်းခရီး,ရပ်ကွက်ရွာတို့သို့ လှည့်လည်ခါ ဆွမ်းခံမှု ဤသူလည်း အရိယာလမ်းစဉ်အရ ဗာဟုလ္လိက ပိဏ္ဍပါတိကဆွမ်းအရများရန် ရည်သန်သော ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းဟု ခေါ်ဆိုကြပြန်၏။

**အကျင့်ကောင်း ကျင့်ရကြောင်း**….. ထိုမှ တဆင့် မိမိ၏ သန္တာန်၌ ခြိမ့်ရုံ တည်ရှိနေသော နောက်၌ ပြအပ်ခဲ့ကုန်ပြီးသော တပ်ကြီး ဆယ်တန်နှင့် အရိယာလမ်းမှန်ကို မြစ်တားတတ်သည့် ဝဋ္ဋနာတရား သူလျှိုတို့၏ ရန်ကို ကြောက်သဖြင့် အခွင့်မပေး စားရေး သောက်မှု မပြုပမာဏ သပဒါနစာရိကဓုတင်၊အိမ်စဉ်မကျော်၊သင့်လျော်သမျှ-ရရသရွေ့၊ဆွမ်းခံလေ့ သန္တောသ၊ အပ္ပိစ္ဆဓုတင် လမ်းစဉ် ဝိသုဒ္ဓိ၊ ရထဝိနီတ၊ နာဠက-တုဝဋ္ဋက၊ ပဋိပဒါ၊၊ ကိလေသာနိုင်ကြောင်း အကျင့်ကောင်းတို့ကို ရပေါင်း ကျင့်ကြံတော် မူကြရသည်ကား၊ နောက်၌ပြအပ်ခဲ့ပြီးသော သတ္တလေးပါး တရားတို့၏ အတိသုခုမ ဂမ္ဘီရ အဖြစ်ကြောင့် စင်စစ်မျက်မှောက် သိမြင်ခြင်းသို့ မရောက်ရန် အတန်တန်ဆီးကာသော ကိလေသာသူလျှိုသမားတို့ကို တရားတည်းဟူသော ကျင့်စဉ်ဖြင့် ခုတ်ထွင် ထွက်မြောက် နိုင်ရန် ရည်သန်အားထုတ်တော် မူကြရကုန်၏။

ပညာ,ဝိရိယ သဒ္ဓါစသည် နည်းပါးလှသော ဒလိဒ္ဒ ဆင်းရဲသားတို့၏ သွားရောက်နိုင်သော လမ်းခရီး မဟုတ်လေ၊ ပြောင်းပြန် ပြောဟောပြော ရေးထုတ်၍ မနေသင့်လေ၊ ပုထုဇန် သတ္တဝါတို့၏ အနေ၌ ကိလေသာ အရပ်ရပ်တို့သည် သတ်မှတ် ပိုင်းခြားခြင်းငှါ မစွမ်းနိုင်၊ အဆိုင်ဆိုင် အထပ်ထပ် လှည့်ပတ် ဖြားယောင်းလျက် နေတတ်ကုန်၏။

**ထို့ကြောင့်......**

အဝိဇ္ဇာသဝေါ သမာနော ဝိဇ္ဇာသဝေါတိ မံဇနော ဇာနာတူတိ ဣစ္ဆတိ။

အပ္ပဿုတော သမာနော ဗဟုဿုတောတိ မံဇနော ဇာနာတူတိ ဣစ္ဆတိ။

အသဒ္ဓေါ သမာနော သဒ္ဓေါတိ မံဇနော ဇာနာတူတိ ဣစ္ဆတိ–စသည်ဖြင့်–

(၁) ရဟန္တာမဟုတ်သေးသည်ဖြစ်လျက် ငါ့ကို လူအများတို့သည် ရဟန္တာဟူ၍ အသိအမှတ်ပြုကြ မှတ်ထင် ကြပါစေကုန်သတည်းဟု အလိုရှိ၏။

(၂) နည်းပါးသော အကြားအမြင် ရှိသေးသည့် ဖြစ်လျက် ငါ့ကိုလူအများတို့သည် ဤရဟန်းကား များစွာ အကြားအမြင်နှင့် ပြည့်စုံသည်တည်းဟု အသီးသီး ထင်မှတ်သိမြင်ပါစေသတည်းဟု အလိုရှိ၏။

(၃) သဒ္ဓါတရားနည်းပါးသော ရဟန်းဖြစ်လျက် ငါ့ကို လူအများတို့သည် သဒ္ဓါတရားကြီးမားသော ရဟန်းပေတည်းဟု အထင်ကြီး၍ အသိအမှတ်ပြုပါစေသတည်းဟု အလိုရှိတတ်၏၊ ဤသို့ စသည်ဖြင့် ပါပိစ္ဆအလိုဆိုးကိုဘွင့်ပြတော်မူရသည်။

**လာဘ်မရမီ**......ပုထုဇန်သတ္တဝါတို့သည်ကား လောကဓံ တရားရှစ်ပါးတို့တွင် လာဘ်မရခြင်းအခြံအရံ ဆုတ်ယုတ်ခြင်း အကဲ့ရဲ့ခံရခြင်း ဆင်းရဲရှားပါးခြင်းတို့နှင့် တွေ့

ကြုံရသောအခါ စိတ်မချမ်း သာသဖြင့် ဘုရား ရဟန္တာတို့ပင် မလွတ်မြောက်နိုင်သောတရားစုတကားဟု စိတ်ထားပြုပြင်လျက် သည်းခံလျှင် ခံနိုင်တတ်သေး၏။

**လာဘ်ရသော်**·····လာဘ်ရသောအခါ ရသည့်ထက် ရစေရန်၊ အခြံအရံဒါယကာများ၍ လာသော အခါများသည့်ထက်များစေရန်၊ ချီးမွမ်း သံကို ကြားရသော အခါ ချမ်းသာသည့်ထက် ချမ်းသာ၍လာရန် ဇောက် အလိုရှိမြဲ ဓမ္မတာတည်း၊အကြောင်းကားအဘယ့်ကြောင့်နည်းဟူမူ၊မီးသည်လောင်စာရရှိလျှင်ငြိမ်းသေ ချင်သော သတ္တိမရှိ၊ကူးစက်၍သာ လောင်ကျွမ်းဘိ သကဲ့သို့၊ ထို့အတူ လောဘမီးဒေါသမီးတို့ ဟူသည် အပိစ္ဆတာ၏ ဖိုးအုပ်ခြင်းအကူအညီဖြင့် ရောင့်ရဲတင်းတိမ်ကုန်သည်မရှိ၊ပူလောင်ညစ်နွမ်းစေတတ်ကုန်၏။

**လိုအင်နည်းရန်ကျင့်ကြံ**·····ထိုအကြောင်းကို သိမြင်တော်မူကြကုန်ပြီးသော ရှေးရှေး၌ ဖြစ်တော်မူကြကုန်သော အရိယာတို့၏ လမ်းစဉ် အနွယ်ဝင် အကျင့်မြတ်၌ တည်တော်မူကုန်သော အရှင်မြတ်တို့သည် ငြိုးခြံအပ်သော သန္တောသ၊ အပ္ပိစ္ဆရတင် တို့ဖြင့်လိုအင်နည်းပါးစေရန် ကျင့်ကြံအားထုတ်တော် မူကြကုန်၏။

ယခုပြလတ္တံ့သော သုတ်ပါဠိလေယျ အဋ္ဌကထာ ဒသုတ္တရလာစကားသည့်အပ္ပိစ္ဆတရားအမြွက်တည်း။

> အပ္ပိစ္ဆသာတိ ဇွေ ပစ္စယအပ္ပိစ္ဆော, အဓိဂမအပ္ပိစ္ဆော,ပရိယတ္တိအပ္ပိစ္ဆော, ဓုတင်္ဂအပ္ပိစ္ဆောတိ စတ္တာရော အပ္ပိစ္ဆာ၊တတ္ထ ပစ္စယ အပ္ပိစ္ဆော ဗဟုံ ဒေန္တေ အပ္ပံ ဂဏှာတိ,အပ္ပံ ဒေန္တေ အပ္ပတရံဝါ ဂဏှာတိ,နဝါဂဏှာ တိ အနဝသေသဂ္ဂါဟီ ဟောတိ၊ အဓိဂမအပ္ပိစ္ဆော မဇ္ဈန္တိ ကတ္ထေရောဝိယ အတ္တနော အဓိဂမံ အညေသံ ဇာနိတုံ န ဒေတိ၊ ပရိယတ္တိ အပ္ပိစ္ဆော တေပိဋကောပိ သမာနော န ဗဟုဿုတဘာဝံ ဇာနာပေတုကာမော ဟောတိ၊ သာ

ကေတ တိဿဗ္ဗောရောပိယ၊ ရတဂ် အပ္ပိစ္ဆော ရတဂ် ပရိ
ဟာရဏဘာဝံ အညေသံ ဇာနိတုံ နဒေတိ ဒွေဘာတိ
ကဗ္ဗောရေသု ဇေဋ္ဌကဗ္ဗောရောပိယ ဟူသတည်း။

**အနက်ကား**……အပ္ပိစ္ဆသာတိ ဗ္ဗော၊ အပ္ပိစ္ဆသ ဟူသော ဤပါဌ်၌။ ပစ္စယအပ္ပိစ္ဆော၊ ပစ္စည်းလေးပါးတို့၌အလိုနည်းခြင်းရင်း။ အဓိဂမ အပ္ပိစ္ဆော၊ မိမိ၌ရရှိသော တရားထူးကို သူတပါး မသိစေရန် အလို နည်းခြင်းရင်း။ ပရိယတ္တိ အပ္ပိစ္ဆော၊ မိမိတတ်သိသော ပရိယတ္တိဂုဏ်အားဖြင့် တပါးတို့၏ ချီးမွမ်းခြင်းခံရသည်ကိုအလိုမရှိခြင်းရင်း။ ရတဂ် အပ္ပိစ္ဆော၊ မိမိ၏ ခေါင်းပါးသော ကျင့်စဉ်ဖြင့် ရတင်ဆောင်ထားသည်ကိုသူတပါး တို့သိစေရန်အလိုမရှိခြင်းရင်း။ ဇာတိ၊ ဤသို့။ အပ္ပိစ္ဆာ၊ အလိုနည်းခြင်း တို့သည်။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ပစ္စယအပ္ပိစ္ဆော၊ ပစ္စည်း လေးပါးတို့၌ အလို နည်းသောရဟန်းသည်။ ဗဟုံ၊ များစွာသော ပစ္စည်းကို။ ဒေန္တော၊ ပေးလှူလာခဲ့သော်။ အပ္ပံ၊ ထိုအထည်းမှ အနည်းငယ်မျှတရုံကို။ ဂဏှာတိ၊ ခံယူ၏။ အပ္ပံ၊ အနည်းငယ်သောပစ္စည်းမျှကို။ ဒေန္တော၊ ပေးလှူလာခဲ့ပြန်သော်။ အပ္ပတရံဝါ၊ ထိုလှူလာသည့်အောက်နည်း ခြင်းသို့ ရောက်သောပစ္စည်းကိုမူလည်း။ ဂဏှာတိ၊ ခံယူ၏။ ဝါ၊ တနည်းကား။ အနဝသေသဂ္ဂါဟိ၊ နည်းသည်ဟူ၍ နှလုံးသွင်းလျက် အကြွင်းအကျန်မရှိခံယူခြင်းကို။ နဂဏှာတိ၊ မခံယူ။ အဓိဂမ အပ္ပိစ္ဆော၊ မိမိရရှိသော တရားထူး၌ အလိုနည်းသောရဟန်း သည်။ မဇ္ဈန္တိကတ္ထေရောပိယ၊ မဇ္ဈန္တိကမထေရ်မြတ်ကဲ့သို့။ အတ္တနော၊ မိမိ၏။ အဓိဂမံ၊ ရသော မဂ်ဖိုလ်တရားထူးကို။ အညေသံ၊ မိမိမှတပါး ကုန်သောသူတို့အား။ ဇာနိတုံ၊ သိစေခြင်းငှါ။ နဒေတိ၊ မပေး။ ပရိယတ္တိအပ္ပိစ္ဆော၊ ပရိယတ်တရား၌ အလိုနည်းပါး သော ရဟန်းသည်။ တေပိဋကောပိ၊ ပိဋကတ်သုံးပုံကို အာဂုံ ဆောင်သည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ ဗဟုဿုတ ဘာဝံ၊ မိမိ၏အကြား အမြင်များသောအဖြစ်ကို။ ဇာနာပေတုံ

ကာမေ၊ သိစေခြင်းငှါ အလိုရှိသည်။ နဟောတိ၊ မဖြစ်။ သာကေတတိဿတ္ထေရောဝိယ၊ သာကေတ–တိဿ မထေရ်မြတ်ကဲ့သို့တည်း။ ဓုတင်္ဂအပ္ပိစ္ဆော၊ ဓုတင်အကျင့်၌ အလိုနည်းသောရဟန်းသည်။ ဒွေဘာတိကတ္ထေရေသု၊ ရဟန်းမထေရ် နောင်ညီနှစ်ပါးတို့တွင်။ ဇေဋ္ဌကတ္ထေရောဝိယ၊ အကိုမထေရ် ရဟန်းကဲ့သို့။ ဓုတင်္ဂပရိဟာရကာဘာဝံ၊ ဓုတင်ဆောင်သော အဖြစ်ကို။ အညေသံ၊ မိမိမှ တပါးကုန်သောသူတို့အား။ ဓာနိတုံ၊ သိစေခြင်းငှါ။ နဒေတိ၊ မပေး။

**စိတ်ယုတ်မာကာကွယ်ရန်**……ဤသို့မိမိကိုယ်ကို သူတပါးတို့အထင်ကြီးအောင်လှည့်ဆောင် သွယ်ဝိုက်၍ပြောကြားချင် ဂုဏ်ယူချင်သောစိတ်ယုတ်မာ၊ တိုက်ရိုက်ပင် ငါအရိယာဟုပြောကြားချင်သောစိတ်ယုတ်မာတို့ကိုကွယ်ကာ ဖိနှိပ်ရန် အတန်တန်သောအပ္ပိစ္ဆ သန္တောသ တရားတို့ဖြင့် ဖုံးထားကြကုန်၏။

**ရှေးနှင့်ယခု**……တကျောင်းထည်းနေ တခန်းထည်းနေသူတို့ကိုပင် မိမိရလတ်သော မဂ်ဖိုလ်နှင့် ဆောက်တည်ကျင့်ကြံသောအကျင့်တို့ကို သိခွင့်ပေးတော်မမူကြကုန်၊ ယခုကာလ၌ကား စာအုပ်များ ကြော်ငြာများ ထုတ်ဝေလျက် အထွေထွေသော တိုက်ရိုက်ပြောကြားနည်း၊ သွယ်ဝိုက်၍ ပြောကြားနည်းတို့ကို အသုံးပြုကာ ကမ္မဋ္ဌာန်းဆရာအထင်ခံ စိမ်ခေါင်ချက်၍နေသူများကြကုန်၏။

**အတုအပတိုသာ**……ကမ္မဋ္ဌာန်းဆရာ ပြုလုပ်ပါသော်လည်း မိမိအားထုတ်နေသော နည်းကို သာလျှင် အမွှန်းတင်၍အခြားဆရာတို့၏လမ်းစဉ်ကိုရှုတ်ချ ပြောဆိုခြင်း၊ ထိုထိုကျမ်းဂန်တို့၌လာသည့်အတိုင်း ကမ္မဋ္ဌာန်းဘောင်းလို ယူလိုသူ၏ အာသယာနုသယ စရိက်ဝါသနာ သုခပဋိပဒါခိပ္ပါဘိညာ သပ္ပါယ အသပ္ပါယ စသည်တို့ကို ရွမ်းခေါင် နိုင်သည်လောက် ချိန်

ထောက်ရှုးစမ်းခြင်း မပြုမှု၍ပေးခြင်း, မိမိတို့နှင့် မနိုင်းစာ နိုင်ရန် ကွာခြားသော ဘုရားရဟန္တာ ကမ္မဋ္ဌာန်း ပေးဆရာတို့နှင့် ရှေးဘဝ အခါပါရမီ ပြည့်စုံညီပြီးသော ကမ္မဋ္ဌာန်းယူ ယောဂါဝစရ တို့၏ ရလွယ်ရောက်လွယ်သော မဂ်ဖိုလ်ဓမ္မကို ပုံပြဟောပြောကာ သီလ ပညာစသည် ရှေးရှေး၌ မရှိသော်လည်း ယခုအားထုတ် သည့်ကမ္မဋ္ဌာန်း၌သာ များစွာရှုးစိုက်လျှင် မဂ်ဖိုလ်ကို ဆိုက်ထိ မြင်သိနိုင်ကြောင်းတို့ဖြင့် ချီးပင့်ဟောပေးခြင်း တို့ကိုသာ ပြုလုပ် သဖြင့် ဆုတ်ယုတ်သော ခေတ်၏အရ ပေါ် လာကြသည့်ကိစ္စအမှု အတု အပတို့သာဖြစ်ကြရှာကုန်၏၊ ထိုအကြောင်းတို့ကို သတိပြု၍ ပါပိစ္ဆများကို ပယ်ရှားနိုင်ရန် အလိုနည်းမှု အပ္ပိစ္ဆစသောဂုဏ် တို့ကို ဖြစ်ပွါးစေမိရာသတည်း။

ဤကားအပ္ပိစ္ဆဂုဏ်ကိုဖြစ်စေရန်အချက်တည်း။

---

## ကမ္မဋ္ဌာန်းယူသင်နည်း

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** စသည်တို့၌ လာသောအတိုင်း မြတ်စွာ ဘုရား ထင်ရှားရှိမူ မြတ်စွာဘုရားထံ၌သာ ကမ္မဋ္ဌာန်းယူသင့်ပုံတို့ ကို ပြဦးအံ့၊ မြတ်စွာဘုရားသည်သာလျှင်—

* သောဟိ ဘဂဝါ သဗ္ဗေ သံစ သတ္တာနံ အာသယံ ဇာနာတိ အနုသယံ ဇာနာတိ စရိတံ ဇာနာတိ အဓိမုတ္တိံ ဇာနာတိ အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ သွာကာရေ ဒွါကာရေ သုဝိညာပယေ ဒုဝိညာပယေ ဘဗ္ဗာ ဘဗ္ဗေ သတ္တေ ပဇာနာတိ။

ဟူသော ပါဠိ၏အရ ဗုဒ္ဓစက္ခု ဟု ခေါ်ဆိုအပ်သော သတ္တဝါ တို့၏ ပညာစသော ဣန္ဒြေအနုအရင့်ကို သိနိုင်သော ဣန္ဒြိယပရော ပရိယတ္တိဉာဏ် သတ္တဝါတို့၏ အလိုဆန္ဒနှင့် အနုသယကိလေသာ ကိုသိမြင်တော်မူနိုင်သော အာသယာနုသယဉာဏ်တို့ကိုရရှိတော် မူ၏။

ထိုမှတပါး မြတ်စွာဘုရားသည်သာ ဤသတ္တဝါသည် သံသရာ အဆက်ဆက်၌ မိန္တာဒိဋ္ဌိအယူဘက်၌ အထုံဝါသနာများ၍လာသူလော၊ ကာမဂုဏ်တရားဖြင့် ပျော်ပါးရာ၌ အထုံဝါသနာများ၍လာသူလော၊ ကာမစသည်တို့မှ ထွက်မြောက်ကြောင်းကောင်းသော နေက္ခမ္မတရားတို့၌ များသော ဝါသနာပါလာသူလောဟု ထုံခဲ့သော သန္တာန်အစဉ်ကို သိမြင်တော်မူသောဉာဏ်တော်၊ ရှေးရှေးသော ဘဝအခါတို့၌ လေ့လာဆည်းပူးခဲ့သော ကုသိုလ်စရိုက်အကုသိုလ် စရိုက်တို့ကို သိရှိအောင် ကြည့်တော်မူနိုင်သောဉာဏ်တော်၊ ဤ သတ္တဝါသည် ယခုဘဝပစ္စုပ္ပန်၌ ကုသိုလ် အကုသိုလ်ကို စွန့်ချနိုင်သောသတ္တိ အဓိမုတ္တိ ရှိ,မရှိကို သိနိုင်သောဉာဏ်တော်၊ ပညာ တည်းဟူသောမျက်စိနှင့် ကိလေသာတည်းဟူသော မြူ နည်းပါးသူ နှင့်များပြားသူတို့ကို ခွဲခြားသိမြင်တော်မူနိုင်သော ဉာဏ်တော်၊ ထက်မြက်သောပညာ, သဒ္ဓါ, ဝီရိယ,သတိ,သမာဓိ,ဣန္ဒြေ တို့နှင့် ပြည့်စုံ၍နေသူလော, ချို့တဲ့၍ နေသူလောဟု သိတော်မူနိုင်သော ဉာဏ်တော်၊ သဒ္ဓါစသော ကောင်းမြတ်သော အခြင်းအရာ ပါ၍ လာသူလော, မပါမရှိသောသူလောဟု သိနိုင်သော ဉာဏ်တော်၊ တရားကိုဟောပြသောအခါ လွယ်ကူစွာမှတ်သားနိုင်သော ဉာဏ် အခံရှိသူလော,မရှိသူလောဟုသိတော်မူနိုင်သောဉာဏ်တော်၊ အရိ ယမဂ်ကိုရခြင်း၌ ရှေးဘဝအခါမှ ဥပနိဿယပါ၍လာသူလော, မပါသူလောဟုသိတော်မူနိုင်သောဉာဏ်တော် စသည်တို့ကို ရရှိ တော် မူ၏၊ ထို့ကြောင့် မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် မြတ် စွာဘုရား၏အထံတော်၌သာလျှင် ကမ္မဋ္ဌာန်းတို့ကို ယူကြရကုန်၏ ဟု ဘွင့်ပြတော်မူ၏။

**ထိုပါဠိကား........**

မမဉှိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ အာဒိဝစနတော ပန သမ္မာသမ္ဗုဒ္ဓေါ ယေဝ သဗ္ဗာကာရသမ္ပန္နော ကလျာဏမိတ္တော တသ္မိံ သတိ တဿေဝ ဘဂဝတော သန္တိကာ ဂဟိတကမ္မဋ္ဌာနံ

သုဂ္ဂဟိတံ ဟောတိ၊ ပရိနိဗ္ဗုတေ ပန တသ္မိံ အသီတိယာ မဟာသာဝကေသု ယော ဓရတိ တဿ သန္တိကေ ဂဟေတုံ ဝဋ္ဋတိ၊ တသ္မိံ အသတိ ယံ ကမ္မဋ္ဌာနံ ဂဟေတုကာမော ဟောတိ၊ တဿေဝ ဝသေန စတုက္ကပဉ္စကဇ္ဈာနာနိ နိဗ္ဗတ္တေတွာ ဈာနပဒဋ္ဌာနံ ဝိပဿနံ ဝဍ္ဎေတွာ အာသဝက္ခယံ ပတ္တဿ ခီဏာသဝဿ သန္တိကေ ဂဟေတဗ္ဗံ။ ပ။ တသ္မာ သစေ ခီဏာသဝံ လဘတိ ဣစ္စေတံ ကုသလံ နောစေ လဘတိ အနာဂါမိ သကဒါဂါမိ သောတာပန္နဈာနလာဘိ ပုထုဇ္ဇန တိပိဋကဓရ ဒွိပိဋကဓရ ဧကပိဋကဓရေသု ပုရိမဿ ပုရိမဿ သန္တိကေ၊ ဧကပိဋကဓရေပိ အသတိ ယဿ ဧကသင်္ဂီတိပိ အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ အယဉ္စ လဇ္ဇီ ဟောတိ တဿ သန္တိကေ ဂဟေတဗ္ဗံ၊ ဧဝရူပေါ ဟိ တန္တိဓရော ဝံသာနုရက္ခကော ပဝေဏီပါလကော အာစရိယော အာစရိယမတိကောဝ ဟောတိ၊ န အတ္တနောမတိကော ဟောတိ၊ တေနေဝ ပေါရာဏာ ကတ္တေရော လဇ္ဇီ ရက္ခိဿတိ လဇ္ဇီ ရက္ခိဿတီတိ တိက္ခတ္တုံ အာဟံသု၊ ပုဗ္ဗေ ခီဏာသဝါ ဒယော စေတ္ထ အတ္တနာ အဓိဂတ မဂ္ဂမေဝ အာစိက္ခန္တိ၊ ဗဟုဿုတော ပန တံတံ အာစရိယံ ဥပသင်္ကမိတွာ ဥဂ္ဂဟ ပရိပုစ္ဆာနံ ဝိသောဓိတတ္တာ ဣတော စိတော သုတ္တဉ္စ ကာရဏဉ္စ သလ္လက္ခေတွာ သပ္ပါယာ သပ္ပါယံ ယောဇေတွာ ဂဟနဋ္ဌာနေ ဂန္ဓဟတ္ထီ မဟာပထံ ဝိယ မဟာမဂ္ဂံ ဒဿေန္တော ကမ္မဋ္ဌာနံ ကထေဿတိ၊ တသ္မာ ဧဝ ရူပံ ကမ္မဋ္ဌာန ဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ တဿ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။

ဟူသတည်း။

**ပါဠိလျှောက် အဓိပ္ပါယ်......**

**ဘုရားထံ၌**......ချစ်သားအာနန္ဒာ၊ ကောင်းမြတ်သော အဆွေ ခင်ပွန်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍

ပဋိသန္ဓေနေရခြင်း သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေရခြင်းဇာတိမှ လွတ်မြောက်ကြကုန်၏၊ ဤသို့ အစရှိသော စကားကို ဟောကြားတော်မူသောကြောင့် မြတ်စွာဘုရားသည် သာလျှင် အလုံးစုံ ကောင်းမြတ်သော အခြင်းအရာနှင့် ပြည့်စုံတော်မူသော အဆွေခင်ပွန်းကောင်းသည်ဖြစ်၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိခဲ့သော် ထိုမြတ်စွာဘုရား၏ သာလျှင် အထံတော်၌ ယူအပ်တောင်းအပ်သော ကမ္ဘဋ္ဌာန်းသည် ကောင်းစွာ ယူအပ်တောင်းအပ်သည်ဖြစ်၏။

**ရဟန္တာထံ၌**······ထိုမြတ်စွာဘုရားသည်ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့သော် ရှစ်ဆယ်ကုန်သော မဟာသာဝက ရဟန္တာကြီးတို့တွင် အကြင်ရဟန္တာကြီးသည် ထင်ရှားရှိ၏၊ ထိုထင်ရှားရှိသော မဟာသာဝက၏အထံ၌ ကမ္ဘဋ္ဌာန်းကို တောင်းယူခြင်းငှါ သင့်မြတ်၏၊ ထိုမဟာသာဝကသည် မရှိပြန်ခဲ့သော် အကြင်ကမ္ဘဋ္ဌာန်းမျိုးကို မိမိသည် ယူခြင်းငှါ အလိုရှိသည်ဖြစ်၏၊ ထိုမိမိယူလိုသော ကမ္ဘဋ္ဌာန်းမျိုး၏သာလျှင် အစွမ်းအားဖြင့် ဈာန်လေးခုအပေါင်း ဈာန်ငါးခုအပေါင်း တို့ကိုဖြစ်စေ၍ ဈာန်လျှင် နီးစွာသောအကြောင်းရင်း ရှိသော ဝိပဿနာကို ပွါးများ၍ အာသဝေါတရား လေးပါးကုန်ခြင်းသို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်၏ အထံ၌ ကမ္ဘဋ္ဌာန်းကို ယူအပ်၏၊ (ပ) ထို့ကြောင့် ရဟန္တာကို အကယ်၍ရငြားအံ့၊ ဤသို့ ရဟန္တာဖြစ်သော ကမ္ဘဋ္ဌာန်းပေးဆရာကို ရခြင်းသည်ကောင်း၏။

**အနာဂါမ်စသည်ထံ၌**······အကယ်၍ ရဟန္တာဖြစ်သောကမ္ဘဋ္ဌာန်းဆရာကို မရငြားအံ့၊ အနာဂါမ်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, ဈာန်ရ ပုထုဇန်ပုဂ္ဂိုလ်, ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်, ပိဋကတ် နှစ်ပုံဆောင်ပုဂ္ဂိုလ်, ပိဋကတ် တပုံဆောင်ပုဂ္ဂိုလ်တို့တွင် ရှေးရှေး

ဖြစ်သော အနာဂါမ် စသည့် ပုဂ္ဂိုလ်၏အထံ၌ ကမ္မဋ္ဌာန်းကိုယူ အပ်၏။

**လဇ္ဇီထံ၌**……ပိဋကတ် တပုံဆောင် ပုဂ္ဂိုလ်သည်လည်း မရှိ ပြန်သော် အကြွင်ပုဂ္ဂိုလ်အား တရသော သင်္ဂါယနာတင်ကျမ်းကိုလည်း အဋ္ဌကထာနှင့် အတူတကွ လေ့ကျက်ဆောင်ရွက်ခြင်းသည် ဖြစ်၏၊ ဤဆောင်ရွက်သော ပုဂ္ဂိုလ်သည်လည်း မကောင်းမှုမှ ရှက်တတ်သော လဇ္ဇီပုဂ္ဂိုလ်သည်ဖြစ်၏၊ ထိုလဇ္ဇီသူတော်ကောင်း၏အထံ၌ ကမ္မဋ္ဌာန်းကိုယူအပ်၏။

ထိုစကားသည်မှန်၏၊ ဤသို့ ဗဟုသုတရှိ၍ သီလနှင့်ပြည့်စုံသော ပါဠိကိုဆောင်သော မြတ်စွာဘုရားနှင့် တပည့် သားတော်တို့၏ အရိယအနွယ်ကို စောင့်ရှောက်သော ဆရာ အစဉ်အဆက်၏ သင်ကြားချက်ကို စောင့်ရှောက်သော ကမ္မဋ္ဌာန်းပေးဆရာသည် ၎င်းတို့၏ ဆရာအဆက်ဆက်၏ အယူနှင့် ယှဉ်သည်သာလျှင်ဖြစ်၏၊ မိမိအယူဝါဒကိုထွန်းပြ ယူဆောင်သူသည် မဖြစ်၊ ထိုသို့ လဇ္ဇီ ဗဟုသုတရှိသူ ကမ္မဋ္ဌာန်းဆရာ သည်သာလျှင် ရှေးဆရာအစဉ်အဆက် နည်းကိုမဖျက်တတ်သောကြောင့် လဇ္ဇီသူတော်ကောင်းသည် သာသနာတော်ကို စောင့်လတ္တံ့၊ လဇ္ဇီသူတော်ကောင်းသည် သာသနာတော်ကိုစောင့်လတ္တံ့ဟူ၍ ရှေး၌ဖြစ်ကြကုန်သော မထေရ်ကြီးတို့သည် သုံးကြိမ်တိုင်တိုင် ပြောဆိုတော် မူကြကုန်ပြီ။

**အကြောင်းပြချက်များ**……ဆက်၍ ဆိုဦးအံ့၊ ဤကမ္မဋ္ဌာန်းပေးရာ၌ ရှေး၌ ဆိုအပ်ခဲ့ ကုန်ပြီးသော ရဟန္တာစသော ပုဂ္ဂိုလ်တို့သည် မိမိ–မိမိတို့သည် ရောက်အပ်,ရအပ်သော, မဂ်လမ်းကိုသာလျှင် ဟောကြားတော်မူကြကုန်၏၊ အကြားအမြင်များသော ရဟန်းသည်ကား ထိုထိုအမျိုးမျိုးသော ဆရာသို့ ကပ်ရောက်၍ ကမ္မဋ္ဌာန်းဆိုင်ရာ ပါဠိနှင့် ၎င်း၏အ

ဘွင့် အဋ္ဌကထာတို့ကို မရှင်းလင်းရာ၌ ကောင်းစွာ သုတ်သင်ရှင်းလင်းပြီးသည်၏အဖြစ်ကြောင့် ထိုထို ဤဤ နိကာယ်အရပ်ရပ်မှရင်း၊ ကမ္မဋ္ဌာန်းအားလျော်သောသုတ်–ပုဒ်ကိုရင်း၊ ထိုသုတ်ပုဒ်တို့သို့အစဉ်လိုက်သော အကြောင်းယုတ္တိကိုရင်း၊ ကောင်းစွာမှတ်သား၍ ထိုပေးသောကမ္မဋ္ဌာန်းအား ကျေးဇူးများမများ လျောက်ပတ် မလျောက်ပတ်ကိုရင်း၊အကြောင်းယုတ္တိနှင့် ယှဉ်၍ တောချုံအရပ်၌ မားမားမတ်မတ်သွားသောဆင်ပြောင်ကြီးကဲ့သို့ကမ္မဋ္ဌာန်းအစီအရင်တည်းဟူသော ခရီးလမ်းကြီးကို ညွှန်ပြလျက် ကမ္မဋ္ဌာန်းကိုဟောလိမ့်လတ္တံ့၊ ထို့ကြောင့် ဤသို့ဆိုအပ်ပြီးသော သဘောရှိသော ကမ္မဋ္ဌာန်းကို ပေးတတ်သော အဆွေခင်ပွန်းကောင်းကို ကပ်ရောက်၍ ထိုကမ္မဋ္ဌာန်း ပေးသော ဆရာ၏ ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး၍ကမ္မဋ္ဌာန်းကိုယူအပ်၏။

**ဗဟုဿုတ ပုဂ္ဂိုလ်ကပို၍**……ယခု ရေးပြအပ်ခဲ့သည့် အဋ္ဌကထာ စ ကား ရပ် ၌ ရဟန္တာ စသောပုဂ္ဂိုလ်တို့သည် မိမိ,မိမိတို့သည် ရောက်အပ်,ရအပ်သော မဂ်လမ်းကိုသာလျှင်ဟောကြားတော်မူကြကုန်၏ ဟူသော စကားကို အချို့ကမ္မဋ္ဌာန်းနည်းအစဉ်ချုံကို သင်ကြား၍ ဝိပဿနာတရားကိုအားထုတ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရသော ပုဂ္ဂိုလ်၏ပေးသော ကမ္မဋ္ဌာန်းထက် အကြားအမြင်ဗဟုဿုတရှိ၍ ဆရာအဆက်ဆက်တို့ထံ၌နည်းခံတတ်မြောက်သော ပုဂ္ဂိုလ်ပေးသော ကမ္မဋ္ဌာန်းသည် သင့်မြတ်သည်ဟုပြခြင်းငှါ အဋ္ဌကထာဆရာမိန့်ဆိုတော်မူသည်ဟုဘွင့်ပြတော်မူ၏။

**ထို့ကြောင့်မဟာဋီကာ၌**……

ပဉ္စ ပုတ္တဒိဏ္ဏာသဝေါ တံ အာဒိ ကေဝလ ဝိဏ္ဏာသဝတော ဗဟုဿုတော ကမ္မဋ္ဌာနဒါနေ သေယျောတိဒဿနတ္ထံ ဝုတ္တံ။

ဟူ၍မိန့်တော်မူ၏။

ပုဗ္ဗေ ဝုတ္တဝိဓာဘာသဝေါတိ အာဒိ၊ ပုဗ္ဗေ ဝုတ္တဝိဓာသဝေါ ဤသို့အစရှိသော စကားကို။ ဧကေစ္စဝိဓာသဝတော၊အချို့သော ရဟန္တာထက်။ ဗဟုဿုတော၊ ကျမ်းအစောင်စောင်ကို ဆရာ အမျိုးမျိုးတို့၏ထံ၌ နည်းခံတတ်သိ၊ ဗဟုဿုတရှိသော ရဟန်းသည်။ကမ္မဋ္ဌာနဒါနေ၊ကမ္မဋ္ဌာန်းပေးရာ၌။သဝေယျာ၊မြတ်၏။ဇာတိ၊ ဤသို့။ဒဿနတ္ထံ၊ပြခြင်းအကျိုးငှါ။ အာဒိရိယေန၊ အဋ္ဌကထာဆရာ သည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။

ဤသို့ ပြဆိုအပ်ပြီးသောပါဠိတော်,အဋ္ဌကထာ,ဋီကာ, ဆရာ တော်တို့၏စကားကိုအစ–အလယ်–အဆုံး မှတ်သား၍ နှိုင်းချိန်၍ ဆင်ခြင်၍ ရေးသားပြောဟော ယူဆခြင်းကို ပြုရာ၏၊ အစ– အလယ်–အဆုံးကိုမမှတ်မိမူ တဘက်သတ်အဓိပ္ပါယ်ကိုယူတတ် ၏၊မနှိုင်းချိန်မစဉ်းစားနိုင်ရှိတတ်၏။

**ဥပမာ**……ဝက္ကလိကို မြတ်စွာဘုရား မောင်းမဲသော အရာဌာန ရှိပါ၌မျှကို ကိုးကားဘော်ပြလျက် ဇုဏ္ဍါန္ဓသတိ သည် ကမ္မဋ္ဌာန်းတို့တွင် လွန်ကဲသော ကမ္မဋ္ဌာန်းဟူ၍ရင်း, မြင်ရ ခြင်း ကြည့်ရခြင်း ဟူသမျှတို့တွင် မြတ်စွာဘုရားနှင့် ဘုရား၏ တပည့်သားတို့ကို ကြည့်ရှုဖူးမြင်ရခြင်းသည် လွန်ကဲ မြင့်မြတ်၏ ဟု ဟောတော်မူသောဒေသနာကိုရင်း မထုတ်ပြက တဘက်သတ် ယူဆတော့၏၊ ထို့ကြောင့် အချို့အချို့ ပုဂ္ဂိုလ်တို့သည် ဘုရားရှိခိုး ခြင်း ဆင်းတုရုပ်ပွါးကိုးကွယ်ခြင်းသည် အောက်တန်းစားဖြစ်၏၊ ဝိပဿနာတရားသာလျှင် အရေးကြီး၏ဟု ယူဆ၏၊ဟောပြော၏၊ သဒ္ဓါတရားကိုပျက်ပြားစေ၍ ဆင်းတုရုပ်ပွါး စေတီ ကိုးကွယ်ခြင်း ကို ပယ်ရှားစေ၏၊ ဤ၌ ဝက္ကလိကို မောင်းမဲတော်မူရခြင်း၏အ ကြောင်းရင်းကိုရင်း,ဒါရုစိကို မောင်းမဲတော်မူရခြင်း၏အကြောင်း ရင်းကိုရင်း, ဇုဏ္ဍါန္ဓသတိကို ချီးမွမ်းတော်မူရခြင်း၏ အကြောင်း ရင်းကိုရင်း,ဘုရားနှင့် ဘုရားတပည့်တို့ကို ဖူးမျှော်ရခြင်း၏လွန်ကဲ မြင့်မြတ်သည်ကို ဟောတော်မူရခြင်း၏ အကြောင်းရင်းကိုရင်း,

အချင်းချင်း မဆန့်ကျင်စေရန် ဘုရား၏စကားတော် နှစ်တန်ကို ဉာဏ်နှသူဘို့မဝေဘန် မညှိဆနိုင်၊ ဉာဏ်ကြီးသော ဗုဒ္ဓဃောသ ဘုရား၏အလိုတော်ကို သိတော်မူကုန်သော အဋ္ဌကထာဆရာတို့ သာ မဆန့်ကျင်အောင်ဝေဘန်တော်မူနိုင်ကြကုန်၏။

ထို့အတူ ပရိယတ်၌ ကျွမ်းကျင်သော ပေါဋ္ဌိလကို မောင်းမဲ တော်မူရခြင်း၏အကြောင်းရင်းကိုရင်း,ပရိယတ်တရားတော်သည် သာသနာတော်၏အခြေအမြစ် အစစ်အမှန်ဟူ၍ ချီးမွမ်းတော် မူရ ခြင်း၏အကြောင်းရင်းကိုရင်း,ဘုရားစကားတော်အချင်းချင်းမဆန့် ကျင်စေရန် ဝေဘန်ညှိနှိုင်းခြင်း မပြုလျှင် အယူမစင်ကြယ်နိုင်ရာ ဟု ဆင်ခြင်ရာ၏၊ ဆင်ခြင်၍ ဝေဘန်၍ ပြောပြောရေးသား ဆုံး ဖြတ်ခြင်းကိုပြုရာ၏၊ သို့မဟုတ်လျှင် တဘက်သတ်အယူမှားတတ် ၏၊ နှစ်ဘက်မှ၍ အရာဌာနအားလျော်စွာ ဘော်ပြ ရေးသားရာ၏။

စာတတ်လျှင်,ပရိယတ်ဉာဏ်ခံနေလျှင်,ယုံမှားများလျက် ခရီး မရောက်ဘဲရှိတတ်၏ဟု တဘက်သတ်ရေးခဲ့ ဟောခဲ့လျှင် ပေါဋ္ဌိ လ မထေရ်ကြီးသည် ပရိယတ်ဉာဏ် အခံရှိသောကြောင့် ခဏမျှ ဖြင့်ပင်မဂ်ဖိုလ်ကိုရကြောင်းစကားနှင့်ဆန့်ကျင်နေတော့အံ့၊နောက် ၌ပြခဲ့ပြီးသော ဓမ္မဒိန္န ရဟန္တာအရှင်၏ ဆရာမထေရ်သည် ပရိ ယတ်အခံ ရှိသောကြောင့် ခဏမျှဖြင့်ပင် ရဟန္တာ၏ အဖြစ်သို့ ရောက်ရကြောင်းစကားနှင့် ဆန့်ကျင်နေတော့အံ့၊ပရိယတ်ကြောင့် သံသရာမှမထွက်မြောက်နိုင်ဟု ပြောဟောသောပုဂ္ဂိုလ်သည် သာ သနာတော်ကိုပုတ်ခတ်သူဖြစ်၏ဟုဘွင့်ဆိုသော အဋ္ဌကထာစကား နှင့် ဆန့်ကျင်နေတော့အံ့။

သီလ မစင်ကြယ်သော်လည်း တံငါသည် သန္တတိအမတ်စ သည်တို့သည် မဂ်ကိုရကုန်၏ဟု ရေးသားလျှင် လောကုတ္တရာမဂ် ၏ရှေ့၌ သီလစင်ကြယ်ရမည်ဟု ဟောသောစကားနှင့် ဆန့်ကျင် နေတော့အံ့၊ မဆန့်ကျင်ရန်မည်သို့ယူဆရမည်ဟု အဋ္ဌကထာ စကားတို့ဖြင့် စဉ်းစားနှိုင်းချိန် ဆုံးဖြတ်ရာ၏၊ ကိုယ့်သဘောအလို

ဆန္ဒဖြင့် မဆုံးဖြတ်ရာ၊ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာတို့ကို ပြရာဖြစ်သော နောက်၌ရေးသားခဲ့ပြီးသော ဝိသုဒ္ဓိမဂ်စကား၌–

ဧဝ ရူပေါ ဟိ တန္တိဓရော ဝံသာနုရက္ခကော အာစရိယော အာစရိယ မတိကောဝ ဟောတိ ၊န အတ္တနောမတိကော ဟောတိ။

ဟု မိန့်တော်မူ၏။

ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဧဝရူပေါ တန္တိဓရော၊ ဤသို့အဋ္ဌကထာနှင့်တကွ အချုံသောသင်္ဂါယနာတင် ကျမ်းကိုဆောင်သော လက္ခိပုဂ္ဂိုလ် ကမ္မဋ္ဌာန်းပေးဆရာသည်။ ဝံသာနု ရက္ခကော၊ ဘုရားနှင့်တပည့်သား အရိယာတို့၏အနွယ်ကို စောင့်တတ်သော။ အာစရိယမတိကောဝ၊ ဆရာအဆက်ဆက်တို့၏အယူအတိုင်းသာ ယူခြင်းရှိသော။အာစရိယော၊ဆရာသည်။ ဟောတိ၊ ဖြစ်၏။ အတ္တနောမတိကော၊ မိမိ၏အလိုအတိုင်းသာ ယူခြင်းရှိသောသူသည်။ နဟောတိ၊မဖြစ်။

ဤကား ကမ္မဋ္ဌာန်းဆရာများဖြစ်ရန် ဂုဏ်တို့နှင့်တကွ
ကမ္မဋ္ဌာန်းယူသင်နည်းကို ပြဆိုချက်တည်း။

---

## အသင့်အတင့်နှလုံးသွင်းရန်

သို့လျှင် တဘက်သတ်မယူဘဲ နှိုင်းချိန်ယူရမည်သာဖြစ်သောကြောင့် အယောနိသော မနသိကာရ အကြောင်းရင်း မထားမူ၍ယောနိသော မနသိကာရကို အကြောင်းရင်းထားပြီးလျှင် ဤသို့ဆင်ခြင်ရာ၏။

**ပရိယတ်ဂုဏ်ပြည့်စုံသော်**……ပရိယတ္တိနှင့်ပြည့်စုံသော်လည်း မာန်မာန ကြီးလျက် အကျင့်ပျက်နေမူ မဂ်ဖိုလ်ကိုအရနှေးတတ်၏၊ ထို့ထက် လွန်ကဲ၍ ၎င်းသန္တာန်၌ ကိလေသာထကြွတိုးတက်လာပြန်မူ အပါယ်သို့ပင် ကျရောက်ဟာတတ်၏၊သို့ရာတွင် ပရိယတ္တိနှင့်ပြည့်စုံခဲ့ဘူးသော ဥပနိဿ

ယရှိခြင်းကြောင့် ဘဝတရချ၌ နိဗ္ဗာန်သို့မချရောက်နိုင်၏၊ အချည်းနှီးမဖြစ်လေဟု ဆင်ခြင်ရာ၏။

**ယခုဘဝရအောင် အားမထုတ်စေကာ**……အကြင် ပုဂ္ဂိုလ်သည် ပရိယတ္တိနှင့်လည်းပြည့်စုံ၏၊ မာန်မာနလည်းမထင်ပေါ်၊ သူတော်ကောင်းတို့၏ သီလအကျင့်နှင့်လည်း ပြည့်စုံ၏၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားအစွမ်းရှိသလောက် ယခုဘဝ၌ မဂ်ဖိုလ်သို့ ရောက်နိုင်ရန် အားမထုတ်၊ ထိုပုဂ္ဂိုလ်သည် တဘဝ နှစ်ဘဝနှင့်ပင် နောက်ကာလ၌မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်၏ဟု နှလုံးသွင်းရာ၏။

**မစွပ်စွဲသင့်**……သို့ရာတွင်အချို့အချို့ပုဂ္ဂိုလ်သည် ပရိယတ္တိနှင့်ပြည့်စုံလျက် သီလဖြူစင်သော အကြောင်းကိုသာ မိမိမြင်သိနိုင်၏၊ ဆိတ်ငြိမ်သောအချိန်၌ သိတင်းသုံးသော် ရဟန်းသာမဏေစသည်တို့ပင် မသိမမြင်စေရန် ဖုံးလွှမ်း၍ ၎င်းပုဂ္ဂိုလ်၏ရဟန်းတရားကို အားထုတ်နေခြင်းကိုကား မိမိမသိမမြင်နိုင်၊ ထိုသို့အပ္ပိစ္ဆဂုဏ်ဖြင့် ဖုံးလွှမ်းအားထုတ်နေသူတို့ကိုမသိနိုင်, မဂ်ဖိုလ်ရနေသူတို့ကို မသိမမြင်နိုင်သဖြင့် ကမ္မဋ္ဌာန်းဝိပဿနာကို အားမထုတ်မူ၍ပျင်းရိနေသူ ပရိယတ်ဆောင်သွားဟုလည်းတွေ့မြင်ရာကို မစွပ်စွဲ မပြောကြားသင့်ဟု နှလုံးသွင်းလျှင် ယောနိသောမနသိကာရ ပင်ဖြစ်နိုင်ရာ၏။

ဤကား ယခုအခါဝါတို့ကား ကမ္မဋ္ဌာန်းဝိပဿနာကို ပွါးများနေသူတို့တည်းဟု အထင်အရှား မိမိတို့ကိုယ်ကို အသိအမြင်ခံနေသူတို့၏ပရိယတ်နှင့်ပြည့်စုံသူ စသည်တို့အပေါ်၌ ယောနိသောမနသိကာရ အသင့်အတင့်နှလုံးထားရပုံပင်တည်း။

**ရနိုင်သူလည်းရှိပေလိမ့်ဟု**……ပရိယတ္တိနှင့် ပြည့်စုံ သူတို့သည်လည်း ယောနိသော မနသိကာရဖြင့် ဤသို့ဆင်ခြင်သင့်၏၊ ရှေးရှေးဘဝတို့၌ ဖြည့်ဆည်းခဲ့ဘူးသော ကမ္မဋ္ဌာန်း ဝိပဿနာ၊ ပါရမီသမ္ဘာရရှိသောသူ, မရှိ

သောသူဟူ၍ ပိုင်းခြားရန်ကိစ္စကို သာမညပုဂ္ဂိုလ်တို့ မသိမမြင်နိုင်လေ။

သို့ကြောင့် စာပေပရိယတ် များစွာပင် မတတ်သော်လည်း ကမ္မဋ္ဌာန်းအားထုတ်နည်း၊ ဝိပဿနာ ဉာဏ်ဆယ်ပါးကို ပွါးများအားထုတ်နည်း၊ ဈာန်ခြေတို့ကို ညီညွတ်မျှတစေရန် ညှိနှိုင်းနည်းတို့နှင့် ကမ္မဋ္ဌာန်း၏ အဖျက်အဆီး၊ အဓိမာန ပါဠိစ္ဆ–စသော ဝဋ္ဋနာတရားတို့ကို ကောင်းစွာသင်ကြားလျက် တရားကိုအားထုတ်လျှင်မူ ဘဝပါရမီ ပြည့်စုံညီမှု၊ ငါတို့လောက်ပင် ကျမ်းဂန်ပရိယတ်၌ မတတ် မမြင်သော်လည်း မဂ်ဖိုလ်ကို ပါရမီအားလျော်စွာ ရရှာနိုင်သူလည်း ရှိပေလိမ့်မည်ဟု ဆင်ခြင်ရာ၏။

**အထင်မမှားရာ**……အများသော ကမ္မဋ္ဌာန်းဝိပဿနာသမားတို့ကို သိမ်းကျုံး၍ အကုန်လုံး ဤယခုခေတ်အခါ၌ များစွာသော ပရိယတ္တိနှင့် မပြည့်မစုံသူ အနုံ့အအ၊ သာမညပုဂ္ဂိုလ်တို့ ဘယ်မဂ်ဖိုလ်ကို ရနိုင်တော့မည်နည်းဟု ဤသို့လည်း ပရိယတ်နှင့်ပြည့်စုံသူတို့သည် ဝိပဿနာသမားတို့အပေါ်၌ အထင်အမှတ် စွဲမြဲ၍မထားကုန်ရာ။

**နှလုံးသွင်း**……ထိုဝိပဿနာ နည်းလမ်းမျက်ကို ကျနမှန်ကန်စေရန် သင်အံလေ့ကျက် ဆောင်ရွက်ရန် မစွမ်းနိုင်စေကာမူ စိတ်ကောင်း သဘောကောင်းဖြင့် သူတပါးတို့ကို မစောင်းမချိတ် မိမိ၏စိတ်ကိုသာ နှိမ်ချ၍ အားထုတ်နေကြသူတို့ဖြစ်ကြကုန်မူကား ထိုသူတို့သည်လည်း လင်းနို့သား ငါးရာ ဘားနှက်သားတို့ ပမာကဲ့သို့ ဘဝများစွာ သံသရာ၌မကျင်လည်မူ၍ ရယူနိုင်သော မဂ်ဖိုလ်၏ ဥပနိဿယ ရှိကြသူတို့ ဖြစ်ပေကုန်တော့အံ့ဟု ကောင်းမြတ်သော မနသိကာရဖြင့် ပရိယတ်ဆောင်ပုဂ္ဂိုလ်တို့သည်လည်း အသီးသီး နှလုံးသွင်းထိုက်ကုန်၏။

ဤကား ပရိယတ်ဆောင်သူနှင့် ပဋိပတ်ကျင့်သူ နှစ်ဦးတို့၏ အသင့်အတင့် နှလုံးသွင်းရန်ကို ပြဆိုချက်တည်း။

# နိဂုမ်း

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ပရိယတ်ကျွမ်းကျင်လျက် ဖြူစင်သော စိတ်ထားရှိသူတို့နှင့် အခွင့်အခါ သာသနာကြုံခိုက်၌ ယိုက်သက်သော မဂ်ဉာဏ်ကိုရနိုင်ရန်ဆန္ဒ ရှိကြသော သူနှစ်ဦးတို့၏ ထူးမြတ်သော စိတ်ထားပုံကိုရင်း။

မကောင်းသော အကြံ့ရှုစသည့်အလို ထိုထိုမာရ်စစ် အပြစ်ဝဋ္ဋနာ များစွာသောသူလျှိုတို့နှင့် မဂ်ဖိုလ်၏အတု ပြုလုပ် ဖုံးထားသောတရား **အဓိမာန ဝိနိစ္ဆယ** ကိုရင်း သိနိုင်ကြစေရန် ဝေဘန်ရေးသားအပ်သော စကားအစီအစဉ်သည် စုံလင်ပြီးဆုံးခြင်းသို့ ရောက်လေသတည်း။

ဤတွင်ရွေ့ကား
အဓိမာန ဝိနိစ္ဆယပြီးပြီ။

# နိဒါန်း

မူလသက္ကာယဒိဋ္ဌိဝိနိစ္ဆယ, နောက်ဆက်တွဲ **အနုဝိနိစ္ဆယ**နှင့် ဝိပဿနုပက္ကိလေသတို့၏ ဖြစ်ပေါ်ပုံတို့ကို……

**ပူးတွဲ ရိုက်နှိပ်ကြောင်း**

ပူးတွဲရိုက်နှိပ် ထုတ်ဝေရခြင်း၏ အကြောင်း ရင်းကား ရှေးလွန်ခဲ့သောတဆယ့်ငါးနှစ်ခန့်၌ ယခု ပူးတွဲထပ်မံ ရိုက်နှိပ်အပ်သော မူလသက္ကာယ ဒိဋ္ဌိဝိနိစ္ဆယကို စာအုပ်ရေ တသောင်းကျော်မျှ ကုသိုလ်ဖြစ် ရိုက်ဝေ လှူဒါန်းခဲ့ရကြောင်း၊ ၎င်းနောက် ထိုတဆယ့်ငါးနှစ် အတွင်း၌ ၎င်းစာအုပ်၌ ပါရှိသော ပါဠိအဋ္ဌကထာ ဋီကာဆရာတော်တို့၏ အာဘောဂ နှလုံးသွင်းနှင့်တကွ ဆိုလိုရင်း အဓိပ္ပါယ်တို့ကို လွယ်ကူသော မြန်မာစကားအသွားဖြင့် ရေးသားသည် မဟုတ်မူ၍ သင်ယူဘူးသော ပါဠိအဋ္ဌကထာ ဘာသာပြန် အနက်စကားမျိုးဖြင့် ရေးသား ထုတ်ဝေသောကြောင့် အထွေထွေသော ဝိနိစ္ဆယနိဿယစကားမျိုးတို့ကို လိုက်စားဘတ်ကြည့် လေ့ကျင့်ခြင်း မရှိသူတို့သည် ဆရာကို မမှီဘဲ ဤမည်– ဤမည်သော အဓိပ္ပါယ်ကို လွယ်ကူစွာ နားမလည်နိုင်ကြခြင်း ဖြစ်ကြရကြောင်း။

၎င်းနောက် တိုင်းပြည်နိုင်ငံ ထကြွသောင်းကျန်း ပျက်စီးသဖြင့် အသီးသီးသော အရပ်ဒေသတို့၌ ဝေငှ လှူဒါန်းရာ ဖြစ်သော များစွာသော စာအုပ်တို့သည်လည်း ထိုနည်းအတူ သိမ်းယူမအား ပျက်ပြားမီးလောင်၍ ကုန်ကြပြန်သဖြင့် နောက်နောင်သောပုဂ္ဂိုလ်တို့သည် ထိုထိုသို့သော သက္ကာယဒိဋ္ဌိ ဖြစ်ထိုက်, မဖြစ်ထိုက် ဟူသော စကားမှုကို ကြားနာရခြင်း ရှိတော့မည်မဟုတ်ကြောင်း။

**လိုရင်းမျှကြောင့် စုံလင်လှအောင်**

မူလသက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ၏လည်း အဓိပ္ပါယ် အကျဉ်း လိုရင်းမျှကို ရေးသား စီရင်ရသဖြင့် ချဲ့ထွင် စီစစ်၍ ဖွင့်လှစ်သော ကျမ်းအစောင်

စောင်ကို သံသယ ကင်းစင်အောင် မကြည့်ရှု မဝေဘန်က ကောန် မချ သဘောကျလိမ့်မည် မဟုတ်ကြောင်း၊ ၎င်းအခြင်းအရာတို့ကို ကောင်းစွာ ဆင်ခြင် တွေးဆမိသောကြောင့် မူလသဏ္ဍာယဒိဋ္ဌိ ဝိနိစ္ဆယနှင့် ၎င်းကို ထောက်ခံ ဖြည့်စွက်ကြသော ပါဠိတော် အဋ္ဌကထာ ဋီကာစသော စကားတို့ကို အများပင် စုဆောင်း ပေါင်းထည့်လျက် ဒုတိယအကြိမ် တဖန် ထပ်မံ ထုတ်ဝေ ရပါ မူကား ကောင်းလေစွဟူသော အကြံသည် ရံဖန်ရံခါ ဖြစ်ပေါ်လာ တော့ကြောင်း။

ရေးသားထုတ်ဝေ
အဓိပ္ပါယ်တွေနှင့်

၎င်းနောက် ယခုခေတ်ကာလ အတွင်း၌ ကဲ့သို့ သဏ္ဍာယဒိဋ္ဌိ မကင်းသေးမှု၍ အဓိမာန ဖြစ်ခြင်း များကြလျက် တရားအစစ် မဂ်ဖိုလ်သို့ မရောက် နိုင်ပုံနှင့် တရားတု, တရားယောင်တို့ဖြင့်သာ အချိန်ကုန်ခံရသူ များ ပုံတို့ကို ဟောကြား ဖွင့်ဆိုသည့် ပါဠိတော် အဋ္ဌကထာ ဋီကာ စကားတို့ကို အများသိရှိကြစေရန် ထပ်မံဖြည့်စွက် ဆုံးဖြတ်ချက် နှင့်တကွ ရေးသားရန် အကြံအစီ ဖြစ်သည့် အားလျော်စွာ အချို့ အချို့သောနေရာ၌ ပါဠိတော်အဋ္ဌကထာ ဋီကာကြည့်ရှုနိုင်ကြကုန် သော ပုဂ္ဂိုလ်တို့၏ အကျိုး၌ ပါဠိဘာသာ သက်သက် ကိုသာ ရေးသားလျက် အောက်နား၌ ပါဠိအဋ္ဌကထာ ဋီကာမကြည့်ရှုနိုင် သူတို့၏ အကျိုး၌ ဘာသာပြန် စကားသက်သက်ကိုငင်း၊ အချို့ အချို့သော နေရာ၌ ပါဠိအဋ္ဌကထာ ဋီကာ အနက် ယောဇနာနှင့် လိုရာအဓိပ္ပါယ်စကားတို့ကိုငင်း၊ ရေးသားစီရင် ထုတ်ဝေလိုက်ရ ကြောင်း။

ရှုပ်ထွေးမှုများ

၎င်းသဏ္ဍာယဒိဋ္ဌိနှင့် အဓိမာနတို့ကို ကျမ်းဂန် တို့၌ ပြထားသည့် အတိုင်း ပိုင်းခြား ဝေဘန် ကြည့်ရှုခြင်း မပြုနိုင်သော သူတို့သည် ရှေးရှေးအခါ၌ မိမိ မိမိတို့ ယူဆထားသည့် အတိုင်းသာ မှတ်သား ထားကြသောကြောင့် အောက်ပါ အကြောင်းအရာများတို့၌ ရှုပ်ထွေးလျက်ရှိကြကုန်၏။

သက္ကာယဒိဋ္ဌိ၌ မရှင်းလင်း၍ ရှုပ်ထွေးချက်များကား၊ သမုတိသစ္စာစကားမျိုးဖြစ်သောငါ,သူတပါး,ယောကျ်ား,မိန်းမ,လူ,နတ်,ဗြဟ္မာသတ္တဝါတို့နှင့်သမုတိသစ္စာမျှမဖြစ်၊ သက္ကာယဒိဋ္ဌိဖြစ်သောငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ,နတ်,ဗြဟ္မာ သတ္တဝါစသောစကားမျိုးတို့ကို မခွဲမခြား ရှုပ်ထွေးပြောကြားခြင်း၊ သက္ကာယဒိဋ္ဌိဖြစ်တတ်သော သဏ္ဌာနပညတ်နှင့် မဖြစ်သော သဏ္ဌာနပညတ်ကိုမခွဲခြား၍ ရှုပ်ထွေးခြင်း၊ သာသနာတွင်းပုထုဇန်၏ သရဏဂုံဒါန, သီလ, သမထဝိဝဋ္ဋကုသိုလ်နှင့် သာသနာပ ပုထုဇန်၏ဒါန, သီလ,သမထ ဝဋ္ဋနိဿိတကုသိုလ်မျိုးကိုမခွဲခြား၍ရှုပ်ထွေးခြင်း၊ သာသနာတွင်း အန္ဓပုထုဇန်၌ အတ္တဒိဋ္ဌိအယူကို ကူးပြောင်းမယူသေးသမျှ သက္ကာယဒိဋ္ဌိ မဖြစ်ခြင်း၊ သာသနာပ အန္ဓပုထုဇန်၌ငယ်စဉ်ကပင် မိဘ,ဆရာစသည်တို့၏ အတ္တဝါဒကို အမျိုးဓာတ်လိုက်ယူဆလာသောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တတ်ခြင်းတို့ကိုမခွဲခြားနိုင်၍ရှုပ်ထွေးခြင်း၊ အတ္တမှဆိတ်၏ဟု ဟောသော သုညတ,အနတ္တ၌ မည်သည့်အရာမျှမရှိဆိတ်သုဉ်း၏ဟုယူဆ၍ သုညတအရာ၌ ရှုပ်ထွေးခြင်း၊ သဏ္ဌာနပညတ်ဟူသမျှကိုကြောက်ရသည်အထင်မှားလျက် ရုပ်၌ဒြပ်မရှိသဏ္ဌာန်မရှိဟုအယူမှားခြင်း။

အဝိဇ္ဇမာန ပညတ်ချင်းမတူသည်ကို မခွဲခြားဘဲ တဦးတည်းထင်မှား၍ရှုပ်ထွေးခြင်း၊အဝိဇ္ဇာပစ္စယာသင်္ခါရာ ပါဌ်အရ၊ ပုညာဘိသင်္ခါရကိုမပြုရဟု အယူအဆမှားခြင်း၊ အစွဲနာသော သမုတိသစ္စာစကားသည် သက္ကာယ ဒိဋ္ဌိဖြစ်၏၊ အစွဲမနာက သက္ကာယဒိဋ္ဌိမဖြစ်ဟု ကြံဆရှုပ်ထွေးခြင်း၊ သက္ကာယဒိဋ္ဌိဖြင့် ငါ, သူတပါး, ယောကျ်ား, မိန်းမစသည်ပြောဆိုရာ၌ မုသာဝါဒကား မဖြစ်၊ သက္ကာယဒိဋ္ဌိကားဖြစ်၏ဟု အယူအဆမှားခြင်း၊ တဒင်္ဂပဟာန်ဖြင့်ချုပ်တပြက်ခန့်မျှသာသက္ကာယဒိဋ္ဌိကို ခွါနိုင်၏ဟု အယူမှားခြင်း၊ သက္ကာယဒိဋ္ဌိသည်မိစ္ဆာဒိဋ္ဌိမဟုတ် ဗုဒ္ဓဘာသာတို့၌လည်း အယူတပါးကို ကူးပြောင်း၍ မယူသော်လည်း ငါ, ငါ့သား မယားစသည်ဖြင့်အစွဲနာလျှင် သက္ကာယဒိဋ္ဌိဖြစ်၏ဟု အယူမှားခြင်း။

ရှင်သာမဏေ လောင်းကလေးတို့သည် သက္ကာယ ဒိဋ္ဌိဖြစ်နေလျှင် ရှင်ပြု၍ရှင်မဖြစ်၊ လိင်ကျရောက်၏ဟု ဘွင့်ပြထားသော အဋ္ဌကထာ, ဋီကာစကားတို့နှင့်ဆန့်ကျင်ရှုပ်ထွေးခြင်း၊ ဇာတိက သူဌေးအလောင်း၏ ရှေးဦးစွာ လောကီ စည်းစိမ် ချမ်းသာကို ဆုတောင်းပြီးမှ လောကုတ္တရာကို နောက်ထား၍ တောင်းခြင်း ပတ္ထနာကိုရင်း, ယခုအခါ ရှေးဦးစွာ နိဗ္ဗာန်ကို ဆုတောင်းပြီးမှ မရောက်နိုင်သေးလျှင် ဘေးဥပဒ် ကင်းစင်လျက် ချမ်းသာချင်သောဆုတောင်းကိုရင်း, ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ လာတိုင်း မယူဆမှု၍ ဆုတောင်း၏အကြောင်းကြောင့် သံသရာ၌ရှည်စွာ ကျင်လည်ရ၏ဟု ယူဆများယွင်း ရှုပ်ထွေးခြင်း၊ မေတ္တာပို့ရာ, မိဘဝတ်, ဆရာဝတ်, လင်ဝတ်, မယားဝတ် စသည်ပြုရာတို့၌ မင်္ဂလာတရားနှင့်တကွသိင်္ဂါလောဝါဒ သုတ္တန် ဒေသနာတို့၌ရင်း, အဋ္ဌသာလိနီစသော ကျမ်းတို့၌ရင်း ဓမ္မာနုဓမ္မပဋိပတ္တိ၊ လောကုတ္တရာတရားအားလျော်သော အကျင့်နိဗ္ဗာန်သို့ရောက်ကြောင်း၊ ပကတူပနိဿယ အကျင့်ဟု ဘွင့်ပြထားပါလျက် သက္ကာယဒိဋ္ဌိဟုအဟောအပြောများ၍ရှုပ်ထွေးခြင်း။

နေတ္တိပါဠိအင်္ဂုတ္တိုရ်ပါဠိစသည်တို့၌ရင်း, သက္ကပဉှသုတ်၌ရင်း တဏှာသည် နိဗ္ဗာန်သို့ ရောက်စေတတ်သောတဏှာ, သံသရာ၌ လည်စေတတ်သော တဏှာ ဟု ပြထားခြင်း၊ ထို့အတူမာန ၂-မျိုး,ဒေါမနဿ ၂-မျိုး, ခွဲခြား ပြထားခြင်းရှိပါလျက် မခွဲခြား, မဝေဘန်ဘဲ တဏှာဖြစ်တိုင်း သက္ကာယဒိဋ္ဌိဘဲဟု စွပ်စွဲယူများခြင်း။

သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိမယှဉ်သည်နှင့် ဒိဋ္ဌိယှဉ်သည် ဒိဋ္ဌိဝိပလ္လာသတို့ကို မခွဲခြားဘဲ လုံးထွေးယူ ဆထား၍ ရှုပ်ထွေးခြင်းဒြပ်ကို သဏ္ဍာန်ကို သက္ကာယဒိဋ္ဌိဖြစ်မည် ကြောက်သောကြောင့် သဗ္ဗညုတ ဉာဏ်တော်သည်သာ ပရမတ္ထဘုရား, ဆင်းတုရုပ်ပွါး ရုပ်သဏ္ဍာန်တော်သည် ဘုရားမဟုတ်ဟု ယူများရှုပ်ထွေးခြင်း၊

**ဟံသာဝတီမှ ပုံနှိပ်ထုတ်ဝေ**

ဤသို့သော ရှုပ်ထွေးခြင်းများစွာတို့ကို ခွဲခြား၍ ခွဲခြား၍ ပါဠိ, အဋ္ဌကထာ, ဋီကာ စကားတို့ဖြင့် ရေးသားပြီးနောက် ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ပါဠိဆရာများအဖွဲ့သို့ သုတ်သင်ပြုပြင်စေကာ ပုံနှိပ်ထုတ်ဝေလိုက်ရပါကြောင်း။

"သဒ္ဓမ္မာဘိရုံဆရာတော်"



# အနုဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## (မှာထားချက်)

ယခုရေးသားစီရင်အပ်သော နောက်ဆက်တွဲ **သဒ္ဒါယဒီဋ္ဌ** **အနုဝိနိစ္ဆယ**၌ အထက်ကရေးသားအပ်ပြီးသော မူလ သဒ္ဒါယဒီဋ္ဌ ဝိနိစ္ဆယ၏ ပါဠိများကို ပြန်၍ ညွှန်ပြခြင်းသည် အထက်စကားရပ်၌ မရှင်းလင်းသောအဓိပ္ပါယ်ကို ပြန်၍ရေးသောကြောင့် ဖြစ်ပေသည်၊ အထက်စာအုပ်၌ ပါဠိသာကေကို ကိုပြ ရေးသားခြင်းမရှိသေး၍ ထပ်မံပြီးပါဠိ, အဋ္ဌကထာ, ဋီကာစကားတို့ကို ထည့်သွင်းဘော်ပြထားလေသေးသည်၊ ထို့ကြောင့် အထက်ကသဒ္ဒါယဒီဋ္ဌ ဝိနိစ္ဆယ၌ဆိုခဲ့ပြီးစကားရပ်နှင့် ဤ၌ဆိုလတ္တံ့သောစကားရပ် ၂ မျိုးကိုပေါင်းစပ်သိမြင်ရန်လိုသည်၊ ထို့ကြောင့်ညွှန်ပြထားသော မူလ သဒ္ဒါယဒီဋ္ဌဝိနိစ္ဆယ၏ပါဠိ စကားရပ်တို့ကိုလည်းပြန်လှန် မှတ်သားဘတ်ကြည့်စေလိုပါကြောင်း။

ဤကား-မှာထားချက်တည်း။

## အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ တူပုံ

မူလစာအုပ် စာမျက်နှာ (၈) ကတမေဝမ္ဗာဒသာနေန ပဟာတဗ္ဗာ စသည်၌ရှိကို အတ္တတည်းဟု ရှုခြင်းစသည်ကို ပြုသောသူသည် သက္ကာယဒိဋ္ဌိဖြစ်ကြောင်းကိုပြ၏။

မူလစာအုပ်စာမျက်နှာ(၉)ကထံနှခေါ် စသည်၌ရှိကို အတ္တဟုရှုခြင်းစသည်ကို မပြုသူသည် သက္ကာယဒိဋ္ဌိ မဖြစ်တတ်ကြောင်းပြ၏၊ ထိုသို့ပြသဖြင့် သက္ကာယ ဟူသည် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာ ၅-ပါးအပေါင်း ဖြစ်သော လောကီစိတ် ၈၁, စေတသိက် ၅၂-ရုပ် ၂၈-ခု ဖြစ်၏၊ ဒိဋ္ဌိဟူသည်ထိုဥပါဒါနက္ခန္ဓာကာယ၌ ထင်ရှားမရှိသော နိစ္စစသည်ဖြင့် သမုတ်ကြီးဆအပ်သော အတ္တ ကိုယ်ရှိ၏ဟု မှားယွင်းစွဲလမ်းခြင်းတည်း၊ ထို့ကြောင့် သက္ကာယ ဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိတို့သည် အတူပင်ဖြစ်၏။

ဤကား-အတ္တဒိဋ္ဌိနှင့်သက္ကာယဒိဋ္ဌိတူပုံကိုပြခြင်းတည်း။

---

## အတ္တဘာဝနှင့် သက္ကာယ, သရီရ

**ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌လည်း……**

သက္ကာယဒိဋ္ဌိပန အတ္တာနုဒိဋ္ဌိယေဝ

ဟူ၍လာ၏။

သက္ကာယဒိဋ္ဌိမ္ပန၊သက္ကာယဒိဋ္ဌိသည်ကား။ အတ္တာနု ဒိဋ္ဌိယေဝ၊ အတ္တသို့အစဉ်လိုက်သောဒိဋ္ဌိသာလျှင်တည်း။ ဤပါဠိတို့ဖြင့်သက္ကာယ ဒိဋ္ဌိနှစ်ဆယ်တို့သည် အတ္တ ဒိဋ္ဌိ နှစ်ဆယ်တို့ပင် တည်းဟု သိအပ်၏။

**ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ယုဂနန္ဓဝဂ်၌လည်း……**

အတ္တ ဘာဝေါ ဝုစ္စတိ သရီရံ ခန္ဓပဉ္စကမေဝ ဝါ ဟူ၍ လာ၏။

သရီရံဝါ၊ကိုယ်ကိုရင်း။ခန္ဓပဉ္စကမေဝဝါ၊ခန္ဓာ၅-ပါးအပေါင်းအစုကိုသာလျှင်ရင်း။အတ္တဘာဝေါ၊အတ္တဘောဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ထို့ကြောင့်၊သရီရံကိုယ် အဇ္ဈတ္တဘောဝ်နှင့်သဏ္ဌာယ ထင်ရှား ရှိသောကိုယ်တို့သည် အတူပင် ဖြစ်ကြကုန်၏။ အဇ္ဈတ္တနှင့် အဇ္ဈတ္တ ဘာဝ,သရီရ,သဏ္ဌာယ တို့သည် မတူကြကုန်၊ငါ၏ ထင်ရှား ရှိသောကိုယ်၊ငါ၏ အဇ္ဈတ္တဘောဝ် ဟုစွဲယူမှုလည်း သက္ကာယဒိဋ္ဌိ မဖြစ်သေး။

အဇ္ဈတ္တအားဖြင့် စွဲယူသူသည်ခန္ဓာ ၅-ပါးကိုအပြည့်အစုံမသိနိုင် ၍တချို့ကိုသော်၎င်း, အဇ္ဈတ္တ အဇ္ဈတ္တနိယ အနေအားဖြင့် ၂-ပါး ၃-ပါး ၄-ပါးကိုသော်၎င်း အဇ္ဈတ္တဟုထင်မှတ်စွဲလမ်း၏။

## ထို့ကြောင့်သံယုတ်အဋ္ဌကထာ၌……

ရူပါဒိသု ကိဉ္စိ ဒေဝ ဓမ္မံ ဂဟေတွာ အယံ အဟာမသ္မိတိ အဇ္ဈတ္တဒိဋ္ဌိဝသေန ဝုတ္တံ။
ဟူ၍ အဇ္ဈတ္တ၏ခန္ဓာမစုံရာ၌ စွဲပုံကိုပြဆိုမိန့်တော်မူ၏။

ရူပါဒိသု၊ရုပ်ခန္ဓာစသည်တို့တွင်။ကိဉ္စိဒေဝ ဓမ္မံ၊တစုံတခုသော ခန္ဓာတရားကိုသာလျှင်။ ဂဟေတွာ၊ ယူဆ၍။အယံ၊ဤခန္ဓာ တရား သည်။အဟံ၊ငါသည်။အသ္မိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ အဇ္ဈတ္တဒိဋ္ဌိဝသေန၊ သက္ကာယဒိဋ္ဌိ၏အစွမ်းဖြင့်၊ဝုတ္တံ၊ပြောဆိုအပ်၏။ ဤငါကား သမုတိ သစ္စာ ငါမဟုတ်၊သက္ကာယဒိဋ္ဌိ ငါမျိုးတည်း။

## ဥဒါန်းအဋ္ဌကထာ ဇစ္စန္ဓဝဂ်ပဌမသုတ် အဖွင့်၌လည်း……

ဘိက္ခဝေ ယထာ တေ ဇစ္စန္ဓာ အဖဂ္ဂုကာ ဇောင် ဒဿိနော အနဝဿေဿတော ဟတ္ထိ အပဿိတွာ အဇ္ဈတ္တနာ ဒိဋ္ဌာဝ သဝမဏ္ဍ် ဟတ္ထိသဏ္ဌာယ,ဍူဘရေဟ် ဒိဋ္ဌံ အနန္တဧာ နန္တာ အညမညံ ဝိဝါဒံ အာပန္နာ ကလဟံ အကံသု ဧဝ မေဝ ဍူမေ အညတိတ္ထိယာ သက္ကာယဿ ဇောဒေသံ ရူပ ဝေဒနာဒိ အဇ္ဈတ္တနော ဒိဋ္ဌဒဿနေန ယထာဒိဋ္ဌံ အဇ္ဈတ္တတိ မညမာနာ တဿ သဿဘာဝဒိဘာဝံ အာရောပေတွာ၊ ဍူဒမေဝ သစ္စံ မောဃမညန္တိ အဘိနိဝိသိတွာ အညမညံ

ဝိဝဒန္တိ၊ ယထာဘူတံ ပန အဇာနန္တာ ဓမ္မာဓမ္မဥ္စ နဇာနန္တိ
တသ္မာ အန္ဓာ အစက္ခုကာ စက္ခုန္တပဋိဘာဂါတိ။

ဟူ၍ အစိတ်အစိတ်ခန္ဓာကိုအတ္တယူပုံကိုပြ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဇစ္စန္ဓာ၊ အမိဝမ်းတွင်းမှ ကန်း၍ လာကြကုန်သော။ အစက္ခုကာ၊ မျက်စိအမြင်မရှိကြကုန်သော။ ဧကင်္ဂဒဿိနော၊ တရသော အင်္ဂါကြီးငယ်ကိုရှုကြကုန်သော။ တေ၊ ထိုမျက်မမြင် ပုဂ္ဂိုလ်တို့သည်။ ဟတ္ထိံ၊ ဆင်ကို။ အနဝသေသတော၊ အကြွင်းမရှိသောအားဖြင့်။ အပဿိတွာ၊ မမြင်ကြရသောကြောင့်။ အတ္တနာ၊ မိမိသည်။ ဒိဋ္ဌာဝယဝမတ္တံ၊ ကိုင်မိစမ်းမိ သိရှိသမျှသော အင်္ဂါအစိတ်မျှကို။ ဟတ္ထိသညာယ၊ ဆင်ဟူသောအမှတ်သညာဖြင့်။ ဣတရေဟိ၊ မိမိမှတပါးကုန်သောသူတို့သည်။ ဒိဋ္ဌံ၊ မြင်အပ်သော အစိတ်အပိုင်းအင်္ဂါကို။ အနနုဇာနန္တာ၊ ခွင့်မပြုကြကုန်သည်ဖြစ်၍။ အညမညံ၊ အကန်း အချင်းချင်း။ ဝိဝါဒံ၊ အထူးထူး ငြင်းခုံခြင်းသို့။ အာပန္နာ၊ ရောက်ကြကုန်လျက်။ ကလဟံ၊ ကိုယ်လက်ထိပါး ခိုက်ရန် ပွါးခြင်းကို။ အကံသုယထာ၊ ပြုလုပ်ကြကုန်သကဲ့သို့။

ဧဝ မေဝ၊ ဤဆင်ကိုစမ်းသော အကန်းတို့ အတူသာလျှင်။ ဣမေ အညတိတ္ထိယာ၊ ဤသာသနာတော်မှအပဖြစ်ကြကုန်သော တိတ္ထိတို့ သည်။ သက္ကာယဿ၊ ဥပါဒါနက္ခန္ဓာ အပေါင်းအစု ကိုယ်အတ္တ ဘော်ဟုသမုတ်အပ်သော ထင်ရှားရှိသော ကာယ၏။ ဧကဒေသံ၊ တစိတ်တချိုးဖြစ်သော။ ရူပဝေဒနာဒိံ၊ ရုပ်ဝေဒနာ အစရှိသည်ကို။ အတ္တနော၊ မိမိ၏။ ဒိဋ္ဌိဒဿနေန၊ ဒိဋ္ဌိအမြင်အားဖြင့်။ ယထာဒိဋ္ဌံ၊ မိမိ မြင်တိုင်းကို။ အတ္တာတိ မညမာနာ၊ အတ္တဟု မှတ်ထင်ကြကုန်လျက်။ တဿ၊ ထိုအတ္တ၏။ သဿတာဒိဘာဝံ၊ အမြဲတည်ရှိသောအဖြစ်သို့။ အာရောပေတွာ၊ တင်၍။ ဣဒမေဝ၊ ဤအတ္တသည်သာလျှင်။ သစ္စံ၊ မှန် ကန်သည်တည်း။ အညံ၊ တပါးသော အနတ္တ စသည်သည်။ မောဃံ၊ အချည်းနှီးတည်း။ ဣတိ၊ ဤသို့။ အဘိနိဝိသိတွာ၊ မှားသောအားဖြင့် နှလုံးသွင်း၍။ အညမညံ၊ အချင်းချင်း။ ဝိဝဒန္တိ၊ ငြင်းခုံကြကုန်၏။

ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ အပ္ပဇာနန္တာ၊ အကျိုးစီးပွါးရှိမရှိကို၎င်း။ဓမ္မာဓမ္မံ၊ တရားဟုတ် တရားမဟုတ်ကို၎င်း။ နဇာနန္တိ၊ မသိကြကုန်။ တသ္မာ၊ ထို့ကြောင့်။ အန္ဓာ၊ ပညာမျက်စိကန်းကြကုန်၏။ အစက္ခုကာ၊ ပညာမျက်စိမရှိကြကုန်။ ဇစ္စန္ဓပဋိဘာဂါ၊ မျက်စိကန်း နှင့်တူသော အသွင်ရှိကြကုန်၏။

ဤကဲ့သို့ ပဉ္စဝေါကာရဘုံ၌အလုံးစုံ ခန္ဓာ ၅-ပါး ရုပ်နာမ် ၂-ပါး ပေါင်းစပ်မိမှ အညမည, သဟဇာတ နိဿယ, အာရမ္မဏ စသော ပစ္စည်းမျိုး ပဋ္ဌာနဒေသနာနည်းမျိုးဖြင့် မြင်ခြင်း, ကြားခြင်း, သွားလာ ထိုင်လျောင်းခြင်း စသော သတ္တဝါ၏ ကိစ္စကို ပြုနိုင် သောကြောင့် ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ စသည်ဖြင့် သမုတ်ခေါ်ဝေါ် ပညတ်ရသည်ကို ထိုတိတ္ထိတို့ကား ဤသို့မယူဆကုန်ဘဲလျက် အတ္တတခုတည်းပင် ခန္ဓာ မပြည့်စုံရာ၌ သတ္တဝါ၏ကိစ္စအရပ်ရပ်ကို ဆောင်ရွက်နိုင်၏ဟု ယူဆ၍ ငါ, သူ တပါး, ယောကျ်ား, မိန်းမ စသည်ဖြင့် သမုတ်သောကြောင့် မုသာဝါဒ, သမ္ဖပ္ပလာပစကားမျိုး၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိမျိုး ဖြစ် ကြရကုန်၏၊ သမုတိသစ္စာစကား မဖြစ်ကုန်ဟု ဆိုလိုကြောင်း။

## ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာ၌—

ဧဝံ မုသာတိ ဧတံ ဓုဝါဒိဝသေန ဂဟိတမ္ပိ မုသာ။
န တာဒိသံ ဟောတိ။ ။ဟူ၍၎င်း။ မုသာတိ ဝိနိဓာယ
ဒိဋ္ဌာဒီနိ ပရဝိသံဝါဒနဝစနံ၊ တံ န သော ဘဏတိ။

ဟူ၍၎င်း အတ္တ၏အမာခံစကား ရေးသာ ဖြစ်သည်ကို ပြဆို ခဲ့ပြီ။

ဧဝံ မုသာတိ၊ ဧဝံမုသာဟူသည်ကား။ ဧတံ၊ ထိုအတ္တစသည် ကို။ ဓုဝါဒိဝသေန၊ ခိုင်မြဲခြင်းစသည်၏ အစွမ်းဖြင့်။ ဂဟိတမ္ပိ၊ ယူ အပ်သော်လည်း ။ မုသာ၊ ချွတ်ယွင်းသော မုသာဝါဒသည်။ ဟော တိ၊ ဖြစ်၏။ တာဒိသံ၊ ထိုသို့ခိုင်မြဲခြင်းသည်။ နဟောတိ၊ မဖြစ်။ မူလစာအုပ် နံပါတ် ၅-၌ ပြခဲ့ပြီပြီ။

မုသာတိ၊ မုသာဟူသည်ကား။ ဒိဋ္ဌာဒိနိ၊ ဒိဋ္ဌအစရှိသည်တို့ကို။ ဝါ၊ အတ္တုပသံဟိတံ၊ အတ္တမြင်၏စသည်တို့ကို။ ဝိနိခာယ၊ သောက်တည်ခြင်းဖြင့်။ ပရဝိသံဝါဒနဝစနံ၊ သူတပါးတို့အား ချွတ်ယွင်းဖောက်ပြန်စေတတ်သော စကားမျိုးတည်း။ တံ၊ ထိုစကားမျိုးကို။ သော၊ ထိုမြတ်စွာဘုရားသည်။ နဘဏတိ၊ မပြောဆို။

**မူလဋီကာ၌လည်း**……မိစ္ဆာသဘာဝါတိ မုသာသဘာဝါ။ ဟူ၍ ဖွင့်ပြတော်မူ၏။

မိစ္ဆာသဘာဝါတိ၊ မိစ္ဆာသဘာဝ ဟူသည်ကား။ မုသာသဘာဝါ၊ ချွတ်လွဲသောသဘောပင်တည်း။

**အနုဋီကာ၌လည်း**

> စတုသစ္စ ပဋိစ္ဆန္နာတိ ဝိနိမုတ္တံ သစ္စဘူရ ခန္ဓဘူရာဒိကံ ပဋိမသစ္စာဒိကံ သစေတံ ကောစိ အတ္တိတိ ပဋိဇာနေယျ။ အယာထာဝဂဟိတသ တံ ဝါစာဝတ္တုမတ္တမေဝသာတိ။

ဟူ၍ စာမျက်နှာ နံပါတ် ၅၀-၌လည်း ရှိ၏။

ဤကား-အတ္တအဟံနှင့် အစိတ်စိတ်ခန္ဓာ၌အတ္တစွဲပုံ, အတ္တအဟံ၏ မုသာဝါဒဖြစ်ပုံ တို့နှင့်တကွ အတ္တ, ဘာဝ, သက္ကာယ,သရီရတို့ကို ပြချက်တည်း။

## သမုတိသစ္စာခန္ဓာအပြည့်အစုံ၌ဖြစ်ပုံ

**ဤစကားမျိုးမသုံး**……ဤပါဠိတို့ဖြင့် အတ္တနှင့် အတ္တကို စွဲ၍ ပြောဆိုသော စကား၊ ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည့်တို့သည် သမုတိသစ္စာမဖြစ်၊ မုသာဝါဒ သမ္မပ္ပလာပ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိစကားမျိုးတို့သာ ဖြစ်ကြကုန်၏။ ဤစကားမျိုးကို မြတ်စွာဘုရားသုံးတော်မမူဟု ပြတော်မူသည်။ မြတ်စွာဘုရားသုံးတော်မူသော သမုတိသစ္စာ သင်္ကေတ စကားမျိုးကိုကား မူလ သက္ကာယဒိဋ္ဌိ စာမျက်နှာ ၁၉-၌ သင်္ကေတဝစနံ သစ္စံ စသောဂါထာ စာမျက်နှာ ၇၀-ဗုဒ္ဓဿဘဂဝတော

စသောစကားများဖြင့် မုသားမဖြစ်သော သမုတိသစ္စာစကားသည်ကား ခန္ဓာအပြည့်အစုံကိုစွဲ၍ ခေါ်ဝေါ်၏။

**ထို့ကြောင့် ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်၌ -**

> ခန္ဓသာခါ ပလာသာဒိသု ဧကေနာကာရေန ဌိတေသု ရုက္ခောတိ ဝေါဟာရမတ္တံ ဟောတိ (ပ) ဧဝမေဝ ပဉ္စသု ဥပါဒါနက္ခန္ဓေသု သတိ သတ္တော ပုဂ္ဂလောတိ ဝေါဟာရမတ္တံ ဟောတိ။

ခန္ဓသာခါ ပလာသာဒိသု၊ ပင်စည်အကိုင်းအခက် အရွက် စသည်တို့သည်။ ဧကေနာကာရေန၊ တပေါင်းတည်း တခုတည်းသော အခြင်းအရာအားဖြင့်။ ဌိတေသု၊ တည်ကုန်သည် ရှိသော်။ ရုက္ခောတိ၊ သစ်ပင်ဟူ၍။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ်ကာမျှသည်။ ဟောတိ၊ ဖြစ်၏။ (ပ) ဧဝမေဝ၊ ဤဥပမာ၏အတူသာလျှင်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာတို့သည်။ သတိ၊ ရှိခဲ့သော်။ သတ္တော ပုဂ္ဂလောတိ၊ သတ္တဝါပုဂ္ဂိုလ်ဟူ၍။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ် ပြောဆိုကာမျှသည်။ ဟောတိ၊ ဖြစ်၏။ ဤ၌ နိစ္စ, ဓုဝ, သဿတ အယူလည်း မရှိခြင်း, ခန္ဓာငါးပါး ပေါင်းစုမိလျှင် သွားခြင်း, ရပ်ခြင်း, ထိုင်လျောင်းခြင်း, မြင်ခြင်းစသော သတ္တဝါ ပုဂ္ဂိုလ်တို့၏ကိစ္စကို ပြုနိုင်ခြင်းတို့ကြောင့် မှန်ကန်သော သမုတိ သစ္စာဖြစ်၏ဟူလို၊ ခန္ဓာငါးပါး အပြည့်အစုံမရှိမူ၍လည်း ၎င်းတိတ္ထိ တို့သည် အတ္တ၏သတ္တိဖြင့် အလုံးစုံသတ္တဝါ၏ကိစ္စကို ဆောင်ရွက် နိုင်၏ဟု ယူဆကြသဖြင့် ဝိသုဒ္ဓိမဂ် ပညာဘူမိနိဒ္ဒေသ၌ ပယ်ချဖွင့် ဆိုထားတော်မူရ၏။

ဤကား-သမုတိသစ္စာ၏ ခန္ဓာအပြည့်အစုံ၌ ဖြစ်ပုံကိုပြခြင်းတည်း။

## ပဋိစ္စသမုပ္ပါဒ်ဖြင့် အတ္တကိုပယ်ပုံ

> အဝိဇ္ဇာပစ္စယာ သင်္ခါရာ-တိ ဧတ္ထ ကာရကဒဿန နိဝါရဏံ။

အဝိဇ္ဇာပစ္စယာသင်္ခါရာတိ ဧတ္ထ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ--ဟူသောဤဘုရားစကားတော်သည်။ ဝါ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့် ကုသိုလ်အကုသိုလ်စသော သင်္ခါရတို့ ဖြစ်၏ဟူသောဤပဋိစ္စသမုပ္ပါဒ်စကားတော်သည်။ ကာရကဒဿန နိဝါရဏံ၊ မြင်ခြင်း ကြားခြင်းစသော ကိစ္စကို ကာရက အတ္တက ပြီးစေသည်, ပရမတ္တာ-ခေါ် ဇီဝသရ အတ္တက လောကကို ပြုတတ် ဖန်ဆင်းတတ်သည်ဟူသော မိစ္ဆာအမြင်ကိုတားမြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သင်္ခါရပစ္စယာ ဝိညာဏန္တိ အတ္တသင်္ကန္တိ ဒဿန နိဝါရဏံ။

သင်္ခါရပစ္စယာ ဝိညာဏန္တိ ဧတ္ထ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဟူသော ဤပဋိစ္စသမုပ္ပါဒ်စကားတော်သည်။ အတ္တသင်္ကန္တိဒဿန နိဝါရဏံ၊ အတ္တသည် မပျက်မစီး နိစ္စရုပဖြင့် တဘဝမှ တဘဝသို့ ပြောင်း၏ ဟူသော မိစ္ဆာအမြင်ကို တားမြစ် ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏပစ္စယာ နာမရူပန္တိ အတ္တာတိ ပရိကပ္ပိတဝတ္ထုဘေဒ ဒဿနတော ဃနသညာ နိဝါရဏံ။

ဝိညာဏပစ္စယာ နာမရူပန္တိ ဧတ္ထ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်နှစ်ပါးဖြစ်၏ဟူသော ဤစကားတော်သည်။ အတ္တာတိ ပရိကပ္ပိတဝတ္ထုဘေဒ ဒဿနတော၊ အတ္တ-ဟူ၍ ကြံဆ ပြောဆိုအပ်သော ရုပ်စသောဝတ္ထု၏ ပြိုကွဲပျက်စီးခြင်းကို မြင်သောကြောင့်။ ဃနသညာ နိဝါရဏံ၊ ဥပါဒ်, ဌီ, ဘင်,မရှိ၊ ပကတိ တခဲနက် ဃနတည်းဟူသော အတ္တသညာကို တားမြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

နာမရူပပစ္စယာ သဠာယတနန္တိ အာဒိ အတ္တာပဿတိ အတ္တာသုဏာတိ အတ္တာဃာယတိ အတ္တာသာယတိ အတ္တာဖုသတိ ဝိဇာနာတိ ဝေဒိယတိ တဏှိယတိ ဥပါဒိ

ယတိ ဘဝတိ ဇာယတိ ဇီယတိ မီယတီတိ ဧဝမာဒိ ဒဿ
န နိဝါရဏံ။

နာမရူပပစ္စယာ သဠာယတနန္တိ အာဒိ၊ နာမ်ရုပ်နှစ်ပါးကြောင့် အာယတန ခြောက်ပါးဖြစ်၏။ ဤသို့စသော ပဋိစ္စသမုပ္ပါဒ်စကားတော်သည်။ အတ္တာပဿတိ။ ပ။ မီယတီတိ ဧဝမာဒိ ဒဿန နိဝါရဏံ၊ အတ္တ-မြင်၏၊ အတ္တ-ကြား၏၊ အတ္တ-နမ်းရှု၏၊ အတ္တ-စားလျက်၏၊ အတ္တ-တွေ့ထိ၏၊ အတ္တ-သိ၏၊ ခံစား၏၊ တပ်မက်၏၊ စွဲလမ်း၏၊ ဖြစ်၏၊ မွေးဖွား၏၊ ရင့်ရော်၏၊ သေ၏၊ ဤသို့ စသော မိစ္ဆာအမြင်ကို တားမြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့် ဤသို့အတ္တ၏ တန်ခိုးသတ္တိကို ချန်ကျော် ကြီးစည် ယူဆခြင်းမပြုမူ၍ ငါ, သူတပါး, ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ သတ္တဝါဟု လောကီသမုတိ သစ္စာအတိုင်း သာ ပြောဆိုခြင်း မေတ္တာပို့၍ ပါဝင်သော သတ္တဝါပညတ် စသည်ကို အာရုံပြု၍ မေတ္တာ ပွါးခြင်းကို ပြုလျှင် သက္ကာယဒိဋ္ဌိ မဖြစ်လေ- သတ္တဝါရှိ၏ဟုယူဆ၍ မေတ္တာပို့ခြင်းတည်း၊ ပရမတ်ကို အာရုံမပြု ရ၊ အန္ဓပုထုဇန်ပင်ဖြစ်စေ ရိုးရိုးယူဆနေက သက္ကာယဒိဋ္ဌိ မဖြစ် ပုံကို—

**ဝိသုဒ္ဓိမဂ်မဟာဋီကာ၌......**

သတ္တောတိ ဟိ ဝုတ္တေ, ကော ဧတ္ထ သတ္တော, ကိံ ရူပံ,
ဥဒါဟု ဝေဒနာဒယောတိ ဝိဘာဂံ အကတွာ လောကသ
မညာဝသေနေဝ, လောကိယေဟိ ဝိယ လောကိယော
အတ္ထော, သမညံ အဝိလင်္ဃိတွာန ဝေါဟာရိတဗ္ဗော—

ဟူ၍ ဘွင့်တော်မူ၏။

ဟိ၊ ထိုစကားမှန်၏။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဝုတ္တေ၊ ဆိုအပ် ပြောအပ်သည်ရှိသော်။ ဧတ္ထ၊ ဤသတ္တဝါဟု ပြောဆိုရာ၌။ သတ္တော၊ သတ္တဝါဟူသည်။ ကော၊ အဘယ်နည်း။ ရူပံ ကိံ၊ ရုပ်သက်သက် လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူ။ ဝေဒနာဒယော ကိံ၊ ဝေဒနာ စသည်

တို့လော။ ဇာတိ၊ ဤသို့၊ ပိဘာဂံ၊ ဝေဘန်ခွဲခြားခြင်းကို။ အကတွာ၊ မပြုမူ၍။ လောကသမညာဝသေနေဝ၊ လောကအမှတ်အသား၏ အစွမ်းအားဖြင့်သာလျှင်။ လောကိယေဟိ၊ လောက၌ တည်ရှိကုန်သော သူတို့သည်။ လောကိယော၊ လောက၌ဖြစ်သော။ အတ္ထော၊ အနက်သဘောကို။ ဝေါဟာရိတဗ္ဗောပိယ၊ ပြောဆိုအပ်သကဲ့သို့။ သမညံ၊ အမှတ်သညာကို။ အပိလဃိတွာ၊ မချန်ကျော် မပြေးသွားဘဲ။ ဝေါဟာရိတဗ္ဗော၊ ပြောဆိုအပ်၏။

မူလစာအုပ်စာမျက်နှာ-၅၂(က)တထာအပိဗ္ဗမာနသဿစသော ပါဠိ-၅၃( ခ )အပိဗ္ဗမာနေပိသဘာဝေ-စသော ပါဠိတို့၌လည်း များသော နှလုံးသွင်းနှင့်ကင်း၍ မိန်းမ, ယောကျ်ားဟု အာရုံယူနိုင်ကြောင်း ဘွင့်ဆိုထားသည်ရှိ၏၊ ၎င်းမူလ စာအုပ် စာမျက်နှာ-၅၂ ဒိဋ္ဌိယာပရိကပ္ပိတပုဂ္ဂလော စသောပါဠ်၌လည်း တိတ္ထိတို့သည် ကြံဆ၍ယူသော အတ္တပုဂ္ဂိုလ်ကိုသာ တားမြစ်ကြောင်း ဘွင့်ထား၏။

ဤကား--မပြည့်စုံသော ခန္ဓာ၌ အတ္တ၏မြင်ခြင်း စသော သတ္တိရှိကြောင်း ကြံဆပုံပြချက်နှင့် ပဋိစ္စသမုပ္ပါဒ်ဖြင့် အတ္တကိုပယ်ပုံပြခြင်းတည်း။

## ပယ်,မပယ်

**မူလဋီကာ၌**······

ဝေါဟာရ သမုတိသစ္စာ ပုဂ္ဂိုလ်ကို မတားမြစ်ကြောင်းဖြင့်– ဒိဋ္ဌိယာ ပရိကပ္ပိတပုဂ္ဂလောဝ ပဋိသေဓိတော။ နဝေါဟာရပုဂ္ဂလော။ဟူ၍ ဘွင့်ထား၏။

**အနုဋီကာ၌လည်း**······

သာဓိ,ဝိဝါဒီ ကာရကော ဝေဒကော နိစ္စော ဓုဝေါ တိ အာဘိနိဝေသဝိသယဘူတော ဟိ ပရိကပ္ပိတမတ္တ သိဒ္ဓေါ ပုဂ္ဂလော ဇာဓ ပဋိက္ခိပိယတိ န စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာတိ အာဒိနာ ဝုတ္တဝေါဟာရ ပုဂ္ဂလောတိ။

ဟူ၍ အတ္တပုဂ္ဂိုလ်ကိုသာပယ်ကြောင်း။ သမုတိသစ္စာပုဂ္ဂိုလ်သတ္တဝါကို မပယ်ကြောင်း ဘွင့်ပြ၏၊ သတိပြု၍ ခွဲခြားမှတ်သားထားအပ်၏။

သာဓိ၊ ခန္ဓာအိမ်၌။ နိဝါသိ၊ ခန္ဓာအိမ်၌ အမြဲနေလေ့ရှိသောအတ္တ။ ကာရကော၊ပြုတတ်လုပ်တတ်သောအတ္တ။ ဝေဒကော၊ခံစားတတ်သောအတ္တ။ နိစ္စော၊မြဲသောအတ္တ။ ဝသဝတ္တီ၊နိုင်ခံ့သောအတ္တ။ ဣတိ၊ ဤသို့။ အဘိနိဝေသဝိသယဘူတော၊ မှားသောနှလုံးသွင်း၏အာရုံဖြစ်သော။ပရိကပ္ပိတမတ္တသိဒ္ဓေါ၊တိတ္ထိတို့၏ကြံစည်ကာမျှဖြင့်ပြီးသော။ ပုဂ္ဂလော၊အတ္တပုဂ္ဂိုလ်ကို။ ဣဓ၊ဤအရာ၌။ ပဋိက္ခိပိယတိ၊ပယ်ရှားအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုဂ္ဂလာ၊ပုဂ္ဂိုလ်တို့သည်။ ဣမေ စတ္တာရော၊ ဤကျင့်သာကျင့်၍ မတတ်သောပုဂ္ဂိုလ် စသော ၄–ယောက်တို့တည်း။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝုတ္တဝေါဟာရပုဂ္ဂလော၊ ဟောတော်မူအပ်သော ဝေါဟာရ သမုတိသစ္စာ ပုဂ္ဂိုလ်ကို။ န ပဋိက္ခိပိယတိ၊ ပယ်ရှားတော်မမူအပ်။

ဤသို့ အတ္တ, ပုဂ္ဂိုလ်, ငါ, သူတပါး စသည်နှင့် သမုတိသစ္စာ ငါ, သူတပါး, ပုဂ္ဂိုလ်, သတ္တဝါချင်း ကွာခြားနေသည်ကိုလည်း ကြည့်ရှုဆင်ခြင်ရာ၏၊ တွေ့ရမြင်ရာ တိုင်းသော ပုဂ္ဂိုလ် ဟူသမျှ ငါဟူသမျှကို သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း ချည်းပင်ဟု မယူဆသင့်လေ။

ဤကား-တိတ္ထိတို့ကြံဆအတ္တကိုပယ်၍ သမုတိသစ္စာ သတ္တဝါကို
မပယ်ကြောင်း ပယ်–မပယ်ကိုပြချက်တည်း။

---

## သုည်တ ၁၂–ပါး၌အတ္တဒိဋ္ဌိကိုပယ်ကြောင်း

### ထိုမှတပါးလည်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ....

ဒွါဒသဟာကာရေဟိ ပရိဂ္ဂဏှာတိ သေယျထိဒံ ရူပံ နသတ္တော,နဇီဝေါ,နနရော, နမာဏဝေါ, နဣတ္ထိ, နပုရိသော,နအတ္တာ, နအတ္တနိယံ, နာဟံ, နမမ, နအညဿ,

နကာယာဝိ ဝေဒနာ နသတ္တော (ပ)ဝေဒနာ နကာယာဝိ၊ သညာနသတ္တော(ပ)သညာနကာယာဝိ၊ သင်္ခါရာနသတ္တော (ပ)သင်္ခါရာ နကာယာဝိ၊ ဝိညာဏံ နသတ္တော(ပ)ဝိညာဏံ နကာယာဝိ။

ဟု ပုဂ္ဂိုလ်, သတ္တဝါမှ ဆိတ်ကြောင်း သုညတကို ဘွင့်ပြခြင်း ပြု၏။

**အဓိပ္ပါယ်ကား**······ရုပ်သည် သတ္တဝါမဟုတ်, ဇီဝမဟုတ်, လူမဟုတ်, လုလင်မဟုတ်, မိန်းမ မဟုတ်, ယောကျ်ား မဟုတ်, အတ္တ မဟုတ်, အတ္တဖိုင် ပစ္စည်း မဟုတ်, ငါမဟုတ်, ငါ၏ဥစ္စာမဟုတ်, သူတပါး၏ ဥစ္စာမဟုတ် တစုံတယောက်၏ဥစ္စာမဟုတ်၊

| | | | | |
|---|---|---|---|---|
| ဝေဒနာသည် | ထိုရုပ်အတူ | ၁၂–မျိုးပင်မဟုတ်၊ | | |
| သညာသည် | ။ | ။ | ။ | ။ |
| သင်္ခါရသည် | ။ | ။ | ။ | ။ |
| ဝိညာဏ်သည် | ။ | ။ | ။ | ။ |

ဤသို့ခန္ဓာတပါးတပါးလျှင် ၁၂–မျိုးစီခွဲ၍ သတ္တဝါ စသည်မှ ဆိတ်သုဉ်းကြောင်းဘွင့်ပြ၏၊ ဤသို့ခန္ဓာတပါးတပါးစီကို သတ္တဝါ မဟုတ်စသည်ကို ပယ်ခြင်းသည် အတ္တသတ္တဝါစသည်ကိုပယ် ကြောင်းဖြင့်–

**ရင်းအဋ္ဌကထာ၏အဘွင့်မဟာဋီကာ၌**······

ရူပံ နသတ္တောတိ အာဒီသု ယောလောကဝေါဟာရေန သတ္တော၊ ရူပံသောနဟောတီတိ အယမတ္ထော ဇီဝေ နာဓိပ္ပေတော၊ တသ္မာ ဝုတ္တသိဒ္ဓတ္တာ နဟိလောကော ရူပမတ္တံ သတ္တောတိ ဝေါဟရတိ၊ ဗာဟိရကပရိကပ္ပိ တော ပန အတ္တာ သတ္တောတိအဓိပ္ပေတော၊(ပ)ဇေသနယော ဇီဝေါတိ အာဒီသု။

ဟုပြထား၏။

**အနက်ကား**……ရူပံ နသဗ္ဗောတိအာဒိသု၊ ရုပ်သည်သတ္တဝါ မဟုတ် ဤသို့အစရှိသော အဋ္ဌကထာပါဠိတို့၌။ လောကဝေါဟာရေန၊ လောကအခေါ်အဝေါ်သမုတိ သစ္စာအားဖြင့်။ ယောသဗ္ဗော၊ ခန္ဓာငါးပါးကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သောအကြင်သတ္တဝါသည်။ အတ္ထိ၊ ရှိ၏။ ရူပံ၊ ရုပ်သည်။ သော သဗ္ဗော၊ ထိုခန္ဓာငါးပါးကိုစွဲ၍ ခေါ်ဝေါ် ပညတ်သော သတ္တဝါသည်။ န၊ မဟုတ်။ ဣတိအယံအတ္ထော၊ ဤသို့သော အနက်ကို။ ဒ္ဓေ၊ ဤသတ္တဝါစသည်မှဆိတ်သော သုညတအရာ၌။ နအဓိပ္ပေတော၊ အလိုမရှိအပ်။ ကသ္မာ၊ အဘယ့်ကြောင့် သမုတိသစ္စာအာဖြင့်ခေါ်ဝေါ်သောသတ္တဝါကိုဤသုညတအရာ၌ အလိုမရှိအပ်သနည်းဟူမူကား။ ဟသာ၊ ထိုရုပ်သည် သမုတိ သစ္စာသတ္တဝါမဟုတ်ဟူသောအနက်သဘော၏။ အဝုတ္တသိဒ္ဓတ္တာ၊ အဋ္ဌကထာဆရာမဟွင့်ဆိုဘဲ ပြီးစီးနေသည့်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ထိုစကားသည်မှန်၏။ လောကော၊ သမုတိသစ္စာဖြင့် ပြောဆိုသူအပေါင်းသည်။ ရူပမတ္တံ၊ ရုပ်သက်သက်မျှကို။ သဗ္ဗောတိ၊ သတ္တဝါဟူ၍။ ဟိယသ္မာ၊ အကြင့်ကြောင့်။ န ဝေါဟရတိ၊ အဋ္ဌကထာဆရာမတားမြစ်မီကပင်မခေါ်ဝေါ်၊ တသ္မာ၊ ထိုသို့မူလကပင်ရုပ်သက်သက်ကို သတ္တဝါဟု မခေါ်သောကြောင့်။ အဝုတ္တသိဒ္ဓတ္တာ၊ ရုပ်သက်သက်သည် သတ္တဝါမဟုတ် ဟူသော အနက်၏ ပြီးခြင်းကြောင့်။ အယံအတ္ထော၊ ဤရုပ်သည် သမုတိသစ္စာသတ္တဝါမဟုတ်ဟူသော သုညတအနက်သဘောကို။ နအဓိပ္ပေတော၊ အလိုမရှိအပ်။ ပန၊ အလိုရှိအပ်သော အနက်ကို ဆိုဦးအံ့။ ဗာဟိရကပရိကပ္ပိတော၊ သာသနာပ၌ တိတ္ထိတို့သည် ကြံအပ်သော။ အတ္တာ၊ ရုပ်သက်သက်စသည်ကိုစွဲယူသောအတ္တကို။ သဗ္ဗောတိ၊ သုညတအရာ၌ ပယ်အပ်သော သတ္တဝါဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

(ပ ဇိဝေါတိ အာဒိသု၊ ကျန်သော ဇီဝ၌ ဆိတ်ခြင်း အစရှိသည်တို့၌လည်း ဤနယ်၊ ဤသတ္တဝါ၌ ဆိုအပ်သော ပုဒ်တို့သို့နည်းရှိ၏။

အဓိပ္ပါယ်အကျဉ်းချုပ်ကား.... လောက သမုတိ သစ္စာဖြင့် ငါသူတပါးယောကျ်ားမိန်းမ လူနတ် ဗြဟ္မာစသည် ခေါ်ဝေါ်စွဲလမ်း ပြောဆို နေသူ တို့ကို ရုပ် သည် သတ္တဝါစသည် မဟုတ်ဟု အဋ္ဌကထာဆရာ ဘွင့်ပြလိုသည် မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ရုပ်သက်သက်စသည်ကို သတ္တ ဝါ စသည်ဖြစ်၏ဟု မှုလကပင် မယူဆသောကြောင့် မယူ ဆနှင့် မမှတ်ထင်နှင့်ဟု ပြောဆိုနေရန်မလို၊ ရုပ်သက်သက် ဝေဒနာ သက် သက် စသည်ကို အတ္တသတ္တဝါ=စသည် ယူဆထားသူ=အတ္တ ဒိဋ္ဌိသက္ကာယဒိဋ္ဌိ-ရှိသူတို့ကိုသာတားမြစ်တော်မူသည်ဟု ဆိုလို၏။

ဤကား-သုညတ ၁၂-ပါး၌ အတ္တဒိဋ္ဌိကိုပယ်ကြောင်းကိုပြဆိုခြင်းတည်း။

---

## ရှင်ပြု၍မဖြစ်ခြင်း

ထိုမှတပါး-သာသနာတော် ဖြစ်ထွန်းပေါ်လာသည်မှစ၍ယနေ့ တိုင် ဗုဒ္ဓသာသနာအတွင်း၌ ရှင်သာမဏေ ပြုကြသူတို့၏ ရှင်မဖြစ် ကြောင်း လိင်–ဆသ်ပါးတို့တွင် ဆယ်နံ့ပါတ်မြောက် လိင်ကျ ကြောင်း၌ အတ္တဒိဋ္ဌိအယူကို ယူသောသာမဏေအား "မိစ္ဆာဒိဋ္ဌိ ကော ဟောတိ" ဟူ၍ ဟောထားတော်မူ၏၊ မိစ္ဆာဒိဋ္ဌိကော၊ **သဿ တဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ** အယူရှိသည်။ ဟောတိ၊ ဖြစ်၏ဟူလို။

ထိုသဿတ ဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိတို့သည် အတ္တဒိဋ္ဌိ၌ပါဝင်နေကြ ကုန်၏၊ သက္ကာယဒိဋ္ဌိ ၂၀–တို့တွင် ဥစ္ဆေဒ သက္ကာယဒိဋ္ဌိ ၅–မျိုးနှင့် သဿတ သက္ကာယဒိဋ္ဌိ ၁၅–မျိုးအာ ဖြင့်ပေါင်း ၂၀-ဖြစ်ကြကုန် ၏၊ ထို့ကြောင့်......

ဝိမတိ ဝိ နောဒနီဋီကာ အရာသည်.....

ယောပိ အတ္တာ ဗြဟ္မသရော နိစ္စော ဓုဝေါတိ အာဒိနာဝါ

အတ္တာ ဥစ္ဆိဇ္ဇိဿတိ ဝိနဿိဿတီတိ အာဒိနာ ဝါ တိတ္ထိယ

ပရိကပ္ပိတံ ယံ ကိဉ္စိ သဿတုစ္ဆေဒဒိဋ္ဌိံ ဒဠှံ ဂဟေတွာ

ဝေါဟာရတိ တဿ သာ ပါရာဇိကဿာနံ ဟောတိ၊သောစ
လိင်္ဂနာသနာယ နာသေတဗ္ဗော။

ဟူ၍ပြတော်မူ၏။

**အနက်ကား**.....ဟိ၊ထိုစကား မှန်၏။ ယော သာမဏေရော၊ အကြင်သာမဏေသည်။ အတ္တာ၊အတ္တသည်။ ဇာသဿရော၊ ခန္ဓာအိမ်ကို အစိုးရ၏။ နိစ္စော၊ မြဲ၏။ဝုဒေါ၊ ခိုင်ခန့်၏။ ဇာတိအာဒီနာဝါ၊ ဤသို့ စသည်ဖြင့်ဝင်း၊ အတ္တာ၊ အတ္တသည်။ ဥစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ ဝိနဿိဿတိ၊ ပျက်စီးလတ္တံ့။ ဇာတိအာဒီနာဝါ၊ ဤသို့ စသည်ဖြင့်ဝင်း။ တိတ္ထိယပရိကပ္ပိတံ၊ တိတ္ထိတို့သည် ကြံဆ ပြောဆိုအပ်သော။ယံကိဉ္စိ၊တစုံတခုအမှတ်မရှိသော။ သဿတုစ္ဆေဒဒိဋ္ဌိံ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိကို။ ဒဠှံ၊ မြဲမြံစွာ။ ဂဟေတွာ၊ ယူဆ၍။ဝေါဟာရတိ၊ပြောဆို၏။တဿ၊ထိုသာမဏေအား။သာ၊ ထိုအတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိသည်။ ပါရာဇိကဋ္ဌာနံ၊ သာသနာတော်မှ ဆုံးရှုံးကြောင်းသည်။ ဟောတိ၊ ဖြစ်၏။သောစ၊ ထို အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိအယူကို မစွန့်သော သာမဏေကိုလည်း။ လိင်္ဂနာသနာယ၊ သာမဏေ၏ အသွင် သင်္ကန်း ဝတ်ဆင်ခြင်း စသော လိင်ကိုဖျက်ဆီးခြင်းဖြင့်။နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။

**လိင်ကျမကျ**.....ဤ၌လည်း အတ္တ သည်ပင် ငါ သူတပါး ယောက်ျားမိန်းမတည်းဟု ထင်မှတ်ခြင်း၊မြဲ၏ ဟူ၍ငင်း, ဘဝ ပြတ်သတ္တံ့ဟူ၍ငင်း, အတ္တကိုခန္ဓာ၌ရှိ၏ဟူ၍ငင်း ထင်မှတ်ခြင်းတို့ကြောင့် လိင်ကျရ၏၊ သမုတိ သစ္စာ ငါသူတပါး ယောက်ျား မိန်းမ စသည်ကို ထင်မှတ်ယုံမျှဖြင့် သက္ကာယဒိဋ္ဌိမဖြစ် လိင်မကျလေ။

**ခဲ ယဉ်းခြင်း**.....အကယ်၍ ဤသမုတိ သစ္စာ ငါ သူတပါး ယောက်ျားမိန်းမ စသည်တို့ပင် သက္ကာယဒိဋ္ဌိ ဖြစ်နေလျှင် ရှင်သာမဏေ ဖြစ်သူရှိနိုင်ရန် အလွန့်အလွန် ခဲယဉ်း တော့အံ့။

ဤကားသက္ကာယဒိဋ္ဌိ ဖြစ်နေသူကို ရှင်ပြု၍ မဖြစ်ခြင်းကိုပြခြင်းတည်း။

## မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း

**ထိုမှတပါး**……သင္ကော သံ ဝိဇ္ဇမာနောကာယော သက္ကာ ယော။ သင္ကောသံဝိဇ္ဇမာနော၊ ထင်ရှားရှိသော။ ကာယော၊ ကိုယ်တည်း။ သက္ကာယော၊ ထင်ရှားရှိသောကိုယ်ဟု သက္ကာယ၏ အဓိပ္ပါယ်လာ၏။ အယူမှားသောအတ္တ ဟောမဟုတ်၊ ထို့ကြောင့်……

**အဋ္ဌသာလိနီအဘိဓမ္မာ—အဋ္ဌကထာ၌**……

သက္ကာယ ဒိဋ္ဌိတိ ဝိဇ္ဇမာနဋ္ဌေန သတိ ခန္ဓ ပဉ္စက—
သင်္ခါတေ ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

ဟူ၍သက္ကာယနှင့်ဒိဋ္ဌိကိုတွဲပြ၏။

**အဓိပ္ပါယ်ကား**……ထင်ရှား ရှိနေသော ခန္ဓာ ငါးပါးတည်းဟူသောကိုယ်၌ ထင်ရှားမရှိသောနောက်၌ပြခဲ့ပြီးသော အတ္တ—နိစ္စ—ဓုဝ- သဿတ—သဘော၊လုပ်နိုင် မြင်နိုင်စသော သတ္တိရှိ၏ဟုစွဲယူသော ဒိဋ္ဌိကို သက္ကာယ ဒိဋ္ဌိဟု ခေါ်သည်၊သမုတိသစ္စာအရ—စွဲလမ်းချစ်ခင်,စုံမက်နေသော ဝိပ္ပယုတ်တဏှာ,ကာမရာဂမျှကို သက္ကာယဒိဋ္ဌိ ခေါ်သည်မဟုတ်၊ ထင်ရှားရှိနေသော ကိုယ်သက္ကာယ၌ ထင်ရှားမရှိသော အတ္တကို စွဲယူသော်သာ သက္ကာယဒိဋ္ဌိခေါ်သည်ဟု ဘွင့်ပြ၏၊ အကျယ်မူလဋီကာအဘွင့်ကို မူလ စာအုပ် စာမျက်နှာ ၃၃ ဒိဋ္ဌိယာဂဟိတော စသောပါဌ်ကိုပြန်၍ကြည့်နိုင်၏။

**ဒိဋ္ဌာနုသယ-ကိလေသာဟူသည်**……မင်္ဂဖြင့် မပယ်သေးလျှင် မသူတော်နှင့်ပေါင်းဘော်ခြင်း၊ မသူတော်တို့၏ တရားကို နာကြားခြင်း၊ မသင့်မတင့်နှလုံးသွင်းခြင်းစသည်တို့ကိုပြုခဲ့လျှင် အားရှိလာ၍ ဖြစ်ပေါ် လာတတ်သော ကိလေသာမျိုးကိုဆိုသည်။

**မဖြစ်သေး**······ယခုအခါသာသနာတော်တွင်း၌ ဘုရားစသော သူတော်ကောင်း တို့ကို မှီဝဲ ဆည်းကပ်ခြင်း, သူတော်ကောင်းတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ တရားကို နာခြင်း, ကောင်းသောနှလုံးသွင်းခြင်းတို့နှင့်ကြုံနေ၍ နိစ္စ, သုခ–ဟုစွဲသော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ကွာနေသေးသည် မဖြစ်သေးဟု ဆိုလိုသည်၊ ထို့ကြောင့်–

**မဇ္ဈိမပဏ္ဏာသ–ပါဠိတော်၌**······

**မာလုကျပုတ္တရဟန်းကို မေဝင်းမဲတော်မူပုံ**······မြတ်စွာဘုရား သည်

မာလုကျပုတ္တအမည်ရှိသော– ရဟန်းအား မာလုကျပုတ္တရဟန်း၊ နှံ့နှေးသော ပညာရှိသော အန္ဓပုထုဇန်ဖြစ်သော ပက်လက်လှန်၍ အိပ်တတ်ခါမျှသော သူငယ်ကလေးအား ထင်ရှားရှိသော ကိုယ်ဟူ၍မျှ စိတ်၌ မဖြစ်သေး၊သညာမဖြစ်သေးဘဲလျက် ထိုထင်ရှားရှိသော သက္ကာယ ကိုယ်တွင်း၌ အတ္တရှိ၏ဟူသော သက္ကာယဒိဋ္ဌိ အဘယ်သို့ ဖြစ်ပေါ်ဦးမည်နည်းဟု မေးတော်မူ၏၊ သို့ရာတွင်ဒိဋ္ဌိ ဖြစ်ကြောင်းအင်္ဂါတို့နှင့် တွေ့ကြုံလာလျှင် အားအစွမ်းသို့ရောက် သော သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ပေါ်လာနိုင်သေး၏၊ မင်ဖြင့်မပယ် သေးလျှင် စိတ်၌ ဖြစ်ပေါ်တတ်သေး၏ဟူလို။

**အကိုးပါဌ်ကား**······

> ဒဟရဿ ဟိ မာလုကျပုတ္တ ကုမာရဿ မန္ဒဿ
> ဥတ္တာန သေယျကဿ သက္ကာယောတိပိ နဟောတိ၊
> ကုတော ပနဿ ဥပ္ပဇ္ဇိဿတိ သက္ကာယဒိဋ္ဌိ။

မာလုကျပုတ္တ၊ မာလုကျပုတ္တ ရဟန်း။ မန္ဒဿ၊ နှံ့နှေးသော ပညာမျက်စိရှိသော။ ဥတ္တာနသေယျကဿ၊ ပက်လက်လှန်၍ အိပ် တတ်ခါမျှသော။ ဒဟရဿ၊ ငယ်ရွယ်သော။ ကုမာရဿ၊ သတို့ သားကလေးအား။ သက္ကာယောတိပိ၊ ထင်ရှားရှိသော ကိုယ်ဟူ၍

လည်း။ နဟောတိ၊ မဖြစ်။ အသော၊ ထိုသူငယ် ကလေးအား၊ သညာယဒိဋ္ဌိ၊ သညာယဒိဋ္ဌိသည်။ ကုတော ဥပ္ပဇ္ဇိဿတိ၊ အဘယ်သို့ဖြစ်လတ္တံ့နည်း။

ဤပါဠိတို့ဖြင့် ဗုဒ္ဓဘာသာ၌ အန္ဓပုထုဇန်ပင်ဖြစ်သော်လည်း နောက်၌ပြခဲ့ပြီးသော လောက အခေါ်အဝေါ် သမုတိ သစ္စာအရ စွဲလမ်း,ချစ်ခင်နေလျှင် ကာမတဏှာသာဖြစ်သေး၏၊ ထိုမှတဆင့်တက်၍ တိတ္ထိတို့၏ အယူ–အဆ–ကို လွဲပြောင်းယူဆသော်သာ သညာယဒိဋ္ဌိဖြစ်နိုင်ကြောင်းသိမှတ်ရာ၏။

မိစ္ဆာဒိဋ္ဌိနှင့် သညာယဒိဋ္ဌိအတူတူပင်ဟု ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၌လာ၏၊ အဋ္ဌသာလိနီလောဘမူ– ဒုတိယသသင်္ခါရိကစိတ်အဘွင့်၌အယူတပါးသို့ ကူးပြောင်းသွားသောအခါ၌သာ ဒိဋ္ဌိ ဖြစ်ကြောင်းဖွင့်ထား၏၊ယခုကာလ–ဗုဒ္ဓဘာသာတို့ ငါ့ကိုယ်ငါ့သား ငါ့မယားစသည့်ထင်မှတ် တပ်မက်စွဲလမ်းနေမှုကိုသညာယဒိဋ္ဌိဟု မဘွင့်လေ။

> ယဒါကုလပုတ္တော မိစ္ဆာဒိဋ္ဌိကံသ ကုလဿ ကုမာ ရိကံ ပတ္ထေတိ တေစအညဒိဋ္ဌိကာ တုမှေတိ ကုမာရိကံ နဒေန္တိ အထ ဧသ ဉာတကာ၊ ယံ တုမှေ ကရောထ၊ တမေဝါယံ ကရိဿတီတိ ဒါပေန္တိ၊ သော တေဟိ သဒ္ဓိံ တိတ္ထိယေ ဥပသင်္ကမတိ၊ အာဒိတော ဝေမတိ ကော ဟောတိ၊ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ တေသံ ကြိယာ မနာပါတိ လဒ္ဓိံရောစေတိ ဒိဋ္ဌိံ ဂဏှာတိ၊ ဧဝ ရူပေ ကာလေ ဣဒံ လဗ္ဘတီတိ ဝေဒိတဗ္ဗံ။

**အနက်ကား**……ယဒါ၊ အကြင်အခါ၌။ ကုလပုတ္တော၊ အမျိုး ကောင်းသားသည်။ မိစ္ဆာဒိဋ္ဌိကဿ၊ မိစ္ဆာဒိဋ္ဌိအယူရှိသော။ ကုလဿ၊ အမျိုး၏။ ကုမာရိကံ၊ သတို့သမီးငယ်ကို။ ပတ္ထေတိ၊ တောင့်တနှစ်သက်၏။ တေစ၊ ထိုမိစ္ဆာအယူရှိသူတို့သည်လည်း။ တုမှေ၊ သင်တို့သည်။ အညဒိဋ္ဌိကာ၊ ငါတို့မှတပါး

သော ဗုဒ္ဓဘာသာအယူရှိကြကုန်၏။ ဇာတိ၊ ဤသို့ဆို၍။ ကုမာရိကာံ၊ သတို့သမီးငယ်ကို။ နဒေန္တိ၊ မပေးကြကုန်။ အထ၊ ထိုအခါ၌။ အညေ၊ ထိုသတို့သမီးပိုင်ရှင်မှတပါးကုန်သော။ ဉာတကာ၊ အဆွေအမျိုးတော်စပ်သူတို့သည်။ ယံ၊ အကြင်အယူဝါဒကို။ တုမှေ၊ သင်တို့သည်။ ကရောထ၊ ပြုကြကုန်၏။ တမေဝ၊ ထိုသင်တို့ပြုလုပ်ရွက်ဆောင်သော အယူအတိုင်းသာလျှင်။ အယံ၊ ဤသူငယ်သည်။ ကရိဿတိ၊ ပြုလုပ်ရွက်ဆောင်လိမ့်လတ္တံ့။ ဇာတိ၊ ဤသို့ဆို၍။ ဒါပေန္တိ၊ သတို့သမီးငယ်ကိုပေးစေကုန်၏။ သော၊ ထိုသူငယ်သည်။ တေဟိ၊ ထိုအမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ တိတ္ထိယေ၊ တိတ္ထိတို့သို့။ ဥပသင်္ကမတိ၊ ကပ်ရောက်သွားလာ၏။ အာဒိတောဝ၊ ရှေးဗုဒ္ဓဘာသာ၌ရှိစဉ်ကပင်လျှင်။ ဝေမတိကော၊ အယူဝါဒ၌ ယုံမှားမကင်းသည်။ ဟောတိ၊ ဖြစ်၏။ ကာလေ၊ အခါ ကာလသည်။ ဂစ္ဆန္တေ-ဂစ္ဆန္တေ၊ လွန်သည်လွန်သည်ရှိသော်။ တေသံ၊ ထိုတိတ္ထိတို့၏။ ကြိယာ၊ အပြုအမူသည်။ မနာပါ၊ နှစ်လိုဘွယ် ရှိ၏။ ဇာတိ၊ ဤသို့ကြံ၍။ လဒ္ဓိံ၊ အယူကို။ ရောစေတိ၊ နှစ်သက်၏။ ဒိဋ္ဌိံ၊ မှားသောမိစ္ဆာအယူကို။ ဂဏှာတိ၊ ယူ၏။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ ကာလေ၊ အခါ၌။ ဣဒံ၊ ဤဒုတိယ သသင်္ခါရိကဓိဋ္ဌိနှင့် ယှဉ်သော လောဘကို။ လဗ္ဘတိ၊ ရအပ်၏။ ဇာတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤကား ဗုဒ္ဓဘာသာမှတပါး အယူတပါးပြောင်းမှ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းကို ပြခြင်းတည်း။

---

## သမုတိသစ္စာ နိဗ္ဗာန်၏အခြေခံ

**ကျမ်းဂန်နှင့်မညီ**……ယခုကာလပြောဟောနေကြသည်ကား သမုတိသစ္စာ ပင်လျှင် ပါရမီ ဖြည့်ကြောင်း၊ဒါန, သီလ, စသည်ဖြစ်ကြောင်း၊၎င်းသမုတိသစ္စာသည် ပင် အစွဲလမ်းနာလျှင် သက္ကာယဒိဋ္ဌိဖြစ်ကြောင်းတို့ဖြင့် ရောနှော ရှုပ်ထွေး၍ နည်းပေးလမ်းပြ ပြုနေကြ၏၊ ကျမ်းဂန်တို့နှင့်မညီလေ။

**မဟာနိဒ္ဒေသပါဠိတော်၌ကား—**

**နိဗ္ဗာန်၏အခြေခံ**······သမုတိသစ္စာ၏ နိဗ္ဗာန်၏ အခြေခံကိုပြ
၏၊ သမုတိသစ္စာသက်သက်မှဖြင့်လည်း
အရှုတ္တသန္တိ အရဟတ္တဖိုလ်သို့မရောက်၊ ထိုသမုတိသစ္စာပညတ်နှင့်ကင်း၍လည်း အရှုတ္တသန္တိ အရဟတ္တဖိုလ်သို့မရောက်၊ ဤသမုတိသစ္စာ ပညတ် တရားတို့သည် အရှုတ္တသန္တိ အရဟတ္တဖိုလ်သို့ ရောက်စေခြင်း၌ အခြီအရံ အဆောက်အဦးတို့ဖြစ်ကုန်၏ဟူ၍သာလာ၏၊ အစွဲနာက သမုတိသစ္စာအတိုင်းစွဲလမ်းလျှင်မူလည်း သက္ကာယဒိဋ္ဌိဖြစ်၏ဟုမလာ၊ များစွာဆင်ခြင်သင့်၏။

**သညာဝိပလ္လာသ လောက်ကိုမခေါ်**······နိစ္စ,ဓုဝ, သဿတ,
ယူပုံကို အဋ္ဌကထာ
အဘွင့်အတိုင်း မူလသက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ စာမျက်နှာ ၅-၌ ဘွင့်ထားသည်ကိုလည်း ပြန်၍အာရုံပြုပါ၊ သာမညဗုဒ္ဓဘာသာတို့ ထင်မှတ်နေသော မနေ့က ငါပင် ယနေ့ငါ၊ယယ်ယယ်ကငါပင် ယခု ငါဟု သညာဝိပလ္လာသ လောက်ကို နိစ္စ, ဓုဝ,သဿတ,အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိခေါ်သည်မဟုတ်ကြောင်း သိပါလေ။

ဤကား သမုတိသစ္စာသည် သက္ကာယဒိဋ္ဌိမဖြစ်၊ အရဟတ္တဖိုလ်နိဗ္ဗာန်၏ အခြေခံဖြစ်ပုံကို ပြခြင်းတည်း။

---

## ကာမရာဂနှင့် ဒိဋ္ဌိရာဂဖြစ်ပုံ

**သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်၌—**

စက္ခုဉ္စပ္ပဋိစ္စ ... တာဝ အာပါထဂတံ ဣဋ္ဌာရမ္မဏံ ကာမဿာဒဝသေန အဿာဒယတော အဘိနန္ဒတော ကာမရာဂ သံယောဇနံ ဥပ္ပဇ္ဇတိ (ပ) ဇောတံ ရူပါရမ္မဏံ နိစ္စံ ဓုဝန္တိ ဂဏှတော ဒိဋ္ဌိသံယောဇနံ ဥပ္ပဇ္ဇတိ။

ဟူ၍လာ၏။

**အနက်ကား**……တာဝ၊ ဈေးဦးစွာ။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အာပါထဂတံ၊ ထင်မြင်ခြင်းသို့ရောက်သော။ ဇာတ္တာရမ္မဏံ။ နှစ်သက်ဘွယ် ဇာတ္တာရုံကို။ ကာမဿာဒဝသေန။ ကာမဂုဏ်ကို အာရုံထားကာ နှစ်သက်သာယာသည်၏ အစွမ်းဖြင့်။ အဿာဒယတော၊ သာယာနှစ်သက်သောသူအား။ အဘိနန္ဒတော၊ အလွန် နှစ်သက်သောသူအား။ ကာမရာဂ သံယောဇနံ၊ ကာမရာဂ သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (ပ) ဇေတံ ရူပါရမ္မဏံ၊ ထိုနှစ်သက်ဘွယ် ဇာတ္တာရုံရုပ်ကိုပင်လျှင်။ နိစ္စံဓုဝန္တိ၊ မြဲ၏ ခိုင်ခံ့၏ဟူ၍။ ဂဏှတော၊ ယူဆသော ပုဂ္ဂိုလ်အား။ ဒိဋ္ဌိသံယောဇနံ၊ ဒိဋ္ဌိသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။

အစွဲနာမှု မနာမှုကား ဒိဋ္ဌိမဟုတ်၊ ကာမရာဂ ကာမုပါဒါန်သာ ဖြစ်၏၊ ဒိဋ္ဌိရာဂ ဒိဋ္ဌုပါဒါန်ဖြစ်ကြောင်းကား နိစ္စ ဓုဝ စသည်တို့ ဖြစ်ကုန်၏၊ ထို့ကြောင့် ပုထုဇန် ပုဏ္ဏားကြီးလင်မယား သွီးသား တစုတို့သည် သားငယ်ကို မြွေကိုက်၍သေသော်လည်း မငိုကြွေးကြကုန်၊သောတာပန် အာနန္ဒာ,အနာထပိဏ်သူဌေးကြီးတို့ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူရာ သွီးငယ်သုမန သေဆုံးရာတို့၌ ငိုကြွေးကြ၏ဟုကျမ်း၌လာ၏၊ အရိယာပုဂ္ဂိုလ်တို့သည် ပုထုဇန်တို့ထက်ပင် အစွဲနာကြသလော၊အစွဲနာသောကြောင့်ငိုကြသလောဟု မေးဘွယ်ဖြစ်နေတော့အံ့၊ထို့ကြောင့် ကျမ်းဂန် လာတိုင်းသာ ယူဆရာ၏။

ဤကား ကာမရာဂနှင့်ဒိဋ္ဌိရာဂတို့ကိုခွဲပြခြင်းတည်း။

---

## ဝါဒကိုပယ်ချရန်

ကျမ်းဂန်တို့၌ကား-ပရမတ္ထ သစ္စာစကားမျိုး,သမုတိ သစ္စာစကားမျိုး,သမုတိသစ္စာမျှ မဖြစ်သော သက္ကာယဒိဋ္ဌိစကားမျိုး ဟူ၍ သုံးမျိုးခွဲခြားဘွင့်ထား၏။

ယခုကာလ ဟောပြောနေကြသည်ကား နှစ်မျိုးထည်း ဖြစ်နေ၍ မရှင်းလင်းနိုင်ဘဲ ရောထွေးနေတော့၏၊မူလ ဝိနိစ္ဆယ စာမျက်နှာ ၅၂--၅၃-(က)(ခ)တို့ကို ဆုံးအောင်ဘတ်ပါလေ၊ ၎င်းတို့၏ အတ္တ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါးစသောစကားမျိုးသည် ပရမတ္ထ သဘာဝအားဖြင့်လည်းမပြီးစီး၊မပြည့်စုံ၊ သမုတိ သစ္စာ သင်္ကေတ စကားမျိုးအားဖြင့်လည်းမပြီးစီး၊မပြည့်စုံသဖြင့် မုသာဝါဒ သမ္ဖပ္ပ လာပဖြစ်၏။

သမုတိသစ္စာကား အမိအဘ ငါသူတပါး ယောက်ျား မိန်းမ သည် ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော်လည်း မုသား မဖြစ် ကြောင်းသိရာ၏၊ နောက်၌ ရေးခဲ့ပြီး-မူလ သက္ကာယဒိဋ္ဌိဝိနိစ္ဆယ စာမျက်နှာ ၁၉—၌ မုသားမဖြစ်ကြောင်းပြထား၏။

၎င်းတို့၏ အတ္တဒိဋ္ဌိ အယူကား မဟုတ်မရှိ မမှန်သည်ကို ယူဆ ဟောပြောသောကြောင့်မိစ္ဆာဒိဋ္ဌိလည်းဖြစ်၊မုသာ ဝါဒလည်း ဖြစ် ၏၊အလှူဒါနလည်းအကျိုးမကြီးကြောင်းကိုဘွင့်ပြတော်မူ၏။

**ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌......**

ရူပံ အတ္တတော သမနုပဿတိ ၊ပ၊ ဝိညာဏာသ္မိံ ဝါ အတ္တာနံ သမနုပဿတိ(ပ)အယံ ပဌမာ ရူပဝတ္ထုကာ အတ္တာနုဒိဋ္ဌိ၊ အတ္တာနု ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိဝိပတ္တိ၊ တာယ ဒိဋ္ဌိဝိပတ္တိယာသမန္နာဂတော ပုဂ္ဂလော ဒိဋ္ဌိဝိပန္နော၊ ဒိဋ္ဌိဝိပန္နော ပုဂ္ဂလော နသေဝိတဗ္ဗော နဘဇိတဗ္ဗော နပယိရုပါသိတဗ္ဗော၊တံ ကိဿဟေတု၊ဒိဋ္ဌိ ဟိဿ ပါပိကာ(ပ) တာယစ ဒိဋ္ဌိယာ တေနစ ရာဂေန သမန္နာဂတော ပုဂ္ဂလော ဒိဋ္ဌိ ရာဂရတ္တော၊ ဒိဋ္ဌိရာဂရတ္တေ ပုဂ္ဂလေ ဒိန္နံ ဒါနံ နမဟပ္ဖလံ ဟောတိ န မဟာနိသံသံ၊ တံ ကိဿဟေတု၊ ဒိဋ္ဌိဟိဿ ပါပိကာ၊ အတ္တာနုဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကဿ ပုရိသ ပုဂ္ဂလဿ ဒွေဂတိယော နိရယော ဝါ တိရစ္ဆာနယောနိ ဝါ။

ပါဠိလာ၏။

ရူပံ၊ ရုပ်ကို။ အတ္တတော၊ အတ္တအားဖြင့်။ ဝါ၊အတ္တဟူ၍။သမနုပဿတိ၊အဘန်တလဲလဲရှု၏။ (ပ) ဝိညာဏသ္မိံ ဝါ၊ ဝိညာဏ်၌မှုလည်း။;အတ္တာနံ၊အတ္တကို။သမနုပဿတိ၊အဘန်တလဲလဲရှု၏(ပ) အယံ၊ဤသည်ကား။ပထမာ၊ရှေးဦးစွာသော။ရူပဝတ္ထုကာ၊ရုပ်လျှင်မှီရာရှိသော။ ဝါ၊ ရုပ်လျှင်အကြောင်းရှိသော။ အတ္တာနုဒိဋ္ဌိ၊အတ္တသို့အစဉ်လိုက်သောဒိဋ္ဌိတည်း။အတ္တာနုဒိဋ္ဌိ၊အတ္တသို့အစဉ်လိုက်သောဒိဋ္ဌိသည်။မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိတည်း။မိစ္ဆာဒိဋ္ဌိ၊အတ္တသို့အစဉ်လိုက်သော မိစ္ဆာဒိဋ္ဌိသည်။ဒိဋ္ဌိဝိပတ္တိ၊ သမ္မာဒိဋ္ဌိပျက်စီးသည်။ဟောတိ၊ဖြစ်၏။တာယ ဒိဋ္ဌိဝိပတ္တိယာ၊ ထိုသမ္မာဒိဋ္ဌိပျက်စီးခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ဒိဋ္ဌိဝိပန္နော၊သမ္မာဒိဋ္ဌိပျက်သူသည်။ဟောတိ၊ဖြစ်၏။ဒိဋ္ဌိဝိပန္နော၊သမ္မာဒိဋ္ဌိ ပျက်စီးသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ နသေဝိတဗ္ဗော၊ ချဉ်းကပ်သဖြင့် မမှီဝဲအပ်။နဘဇိတဗ္ဗော၊စိတ်အားဖြင့် မဆည်းကပ်အပ်။နပယိရုပါသိတဗ္ဗော၊ချဉ်းကပ်၍နေခြင်းဖြင့် မနေအပ်။

တံ။ထိုသို့ ကိုယ်စိတ်တို့ဖြင့် မမှီဝဲ မဆည်းကပ်အပ်ခြင်းသည်။ကိံသဟေတု၊အဘယ်အကြောင်းကြောင့်နည်း ဟူမူကား။ အဿ၊ထိုသက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အယူရှိသူ၏။ ဒိဋ္ဌိ၊မှားသော အယူသည်။ဟိယသ္မာ၊ အကြင့်ကြောင့်။ ပါပိကာ၊ယုတ်မာသည်။ဟောတိ၊ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။နသေဝိတဗ္ဗော၊ချဉ်းကပ်သဖြင့်မမှီဝဲအပ်၊နဘဇိတဗ္ဗော၊စိတ်အားဖြင့်မဆည်းကပ်အပ်။ နပယိရုပါသိတဗ္ဗော၊ချဉ်းကပ်၍နေခြင်းဖြင့်မနေအပ်။တာယစ ဒိဋ္ဌိယာ၊ထိုသက္ကာယဒိဋ္ဌိနှင့်ရင်း။တေနစရာဂေန၊ ထိုသက္ကာယဒိဋ္ဌိကိုနှစ်သက်ကပ်ငြိသောရာဂနှင့်ရင်း။ သမန္နာဂတော၊ပြည့်စုံသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ ဒိဋ္ဌိရာဂရတ္တော၊ ဒိဋ္ဌိအညစ်အကြေးဖြင့် စွန်းထင်းကပ်ငြိသူသည်။ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိရာဂရတ္တေ၊ ဒိဋ္ဌိအညစ်အကြေးဖြင့် စွန်းထင်းကပ်ငြိသော။ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးလှူအပ်သော။ ဒါနံ၊အလှူဒါနသည်။နမဟပ္ဖလံ၊ အကျိုးမကြီးသည်။ဟောတိ၊ ဖြစ်၏။နမဟာနိသံသံ၊ ကြီးသောအာနိသင်မရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ထိုသို့

သက္ကာယဒိဋ္ဌိရှိသူအားလှူသဖြင့် ကြီးသော အကျိုး အာနိသင်မရှိခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ပါပိကာ၊ ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ယုတ်မာသောကြောင့်။ နမဟပ္ဖလံ၊ အကျိုး မကြီးသည်။ နမဟာနိသံသံ၊ အာနိသင်မကြီးသည်။ ဟောတိ၊ ဖြစ်၏။ အတ္တာနုဒိဋ္ဌိ၊ အတ္တသို့ အစဉ်လိုက်သောဒိဋ္ဌိသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတည်း။ မိစ္ဆာဒိဋ္ဌိကဿ၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အယူရှိသော။ ပုရိသပုဂ္ဂလဿ၊ အပါယ်သို့ လားရောက်တတ်သော ပုဂ္ဂိုလ်၏။ ဂတိယော၊ လားရာဂတိတို့သည်။ နိရယော ဝါ၊ ငရဲဓိုင်း။ တိရစ္ဆာနယောနိ ဝါ၊ တိရစ္ဆာန်မျိုးဓိုင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**များများဆင်ခြင်**……ဤပါဌ်ဖြင့် သက္ကာယ ဒိဋ္ဌိ အယူရှိသူသည် လူယုတ်မာ ဖြစ်သော ကြောင့်ဓိုင်း, သမ္မာဒိဋ္ဌိပျက်စီးနေသောကြောင့်ဓိုင်း, ဓိုင်းနှင့် အတူတကွစိတ်ရောကိုယ်ပါမဖြိဲ မဆည်းကပ်အပ်ကြောင်း၊ ဓိုင်းပုဂ္ဂိုလ်အားလှူဒါန်းသောဒါနသည်အကျိုးမကြီး၊ ဓိုင်းပုဂ္ဂိုလ်၏ လားရောက်ရာ ဂတိတို့ကား ငရဲနှင့် တိရစ္ဆာန်တို့တည်းဟုပြထားသဖြင့်ဓိုင်း, မိစ္ဆာဒိဋ္ဌိအယူပင်တည်းဟု ပြထားသဖြင့်ဓိုင်း ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့၌ ဤသက္ကာယဒိဋ္ဌိ ဖြစ်ထိုက် မဖြစ်ထိုက်ကိုများများကြီးဆင်ခြင်ရမည်။

အကယ်၍ သမုတိသစ္စာအရ ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့မိဘ, ငါ့ဥစ္စာဟုထင်မှတ်စွဲလမ်း နေခါမျှဝိပ္ပယုတ်, လောဘ, ကာမရာဂကို သက္ကာယဒိဋ္ဌိဖြစ်၏ဟု ယူဆခဲ့သော် တနေ့-တနေ့၌သရဏဂုံပေါင်း အဘယ်မျှပျက်စီးနေမည်နည်း၊ မိစ္ဆာ အယူကိုယူလျှင် သမ္မာဒိဋ္ဌိပျက်၏၊ သမ္မာဒိဋ္ဌိပျက်သော် သရဏဂုံပျက်၏၊ ထိုသူကိုလှူလျှင် အကျိုးအာနိသင်မကြီးဟု ဘွင့်ထားပြန်

သဖြင့် ဗုဒ္ဓဘာသာ၌လူနှင့်ရှင်သာမကော ရဟန်းတို့တွင် ငါ့သား, ငါ့မယား, ငါ့သင်္ကန်း, ငါ့ကျောင်း, မထင်မှတ်သူ အလွန်အလွန် နည်းပါးတော့အံ့၊ ထိုအခါ ကျေးမွေး လူဒါန်းသမျှ ဒါနတို့သည် လည်း အကျိုးနည်းပါးခြင်းဖြစ်ကုန်တော့အံ့။ (ဤကား-သက္ကာယ ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမဟုတ် ဗုဒ္ဓဘာသာ၌လည်းဖြစ်၏ဟု ယူဆ သူတို့၏ ဝါဒကိုပယ်ချရန် ပါဠိတော် ပင်တည်း၊ သာသနာတွင်း သရဏဂုံတည်သူကိုလှူလျှင် အသင်္ချေယျ အကျိုးရ၏။)

**မရှိကောင်း**……နောက်၌လည်းမိစ္ဆာဒိဋ္ဌိဟူသည်အယူတပါး သို့ကူးပြောင်း ယူဆသောအခါ၌သာ ဖြစ်တတ်ကြောင်း ပါဠိကိုရေးခဲ့ပြီးပြီ၊ မကူးပြောင်းဘဲ ဗုဒ္ဓဘာသာ လည်းဖြစ်၏၊ မိစ္ဆာဒိဋ္ဌိလည်းဖြစ်၏ဟူ၍ မရှိကောင်းလေ၊ ရဟန်း တော်များ၏ဝိနည်းတော်၌ပင် တိတ္ထိယပက္ကန္တကနှင့် အရိ၌ ရဟန်း တို့အယူတပါးသို့ပြောင်းယူကြသော် အကြိမ်ကြိမ် ဆုံးမရသေး ၏၊ နောက်ဆုံးမစွန့်လွှတ်သောအခါသို့ရောက်သော်သာ အပေါင်း အဘော်မပြုမူ၍ ရဟန်းကောင်း တို့သည် ခွဲခွါ ကြရတော့၏၊ ထို့ကြောင့် သာမညကို မိစ္ဆာဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဟု မစွပ်စွဲအပ်၊ နောက်၌လည်းရှင်ပြု၍ မဖြစ်နိုင်အောင် ခက်နေမည်ကို ပြခဲ့ပြီးပြီ၊ မှတ်၍မှတ်၍သတိထားဘတ်ပါလေ။

ဤကား--ဝါဒကိုပယ်ချရန်ကိုပြခြင်းတည်း။

---

## ဝိဝိကိစ္စာနှင့်ဒိဋ္ဌိ

တိတ္ထိတို့၏ အယူကို တဘက်သတ်မယူမီ ၎င်းတို့၏တရားကို နာရသေး၏၊ ၎င်းတို့၏ ကျမ်းစာကိုဘတ်ရ, တွေးတောရ, ဆင် ခြင်ရ, စုံစမ်းရသေး၏၊ ထိုအခါ ဝိဝိကိစ္စာသာ ဖြစ်သေး၏၊ အဘယ့်ကြောင့်နည်းဟူမူ ဟုတ်ပြီ-မှန်ပြီဟု တဘက်သတ်မယူ သေးခိုက်ဖြစ်သောကြောင့်တည်း၊ထို့ကြောင့်—

နေတ္တိအဋ္ဌကထာ၌……

> ယထာ မိစ္ဆာ ဒိဋ္ဌိ သမ္မာ ဒိဋ္ဌိယော နိစ္စံ အနိစ္စန္တိ
> အာဒိနာ ဇေကာသဂ္ဂါ ဟဘာဝေန ပဝတ္တန္တိ၊ နဇေဝမယံ၊
> အယံ ပန အနေကံ သဂ္ဂါဟာ ဘာဝတော နိစ္စံနုခေါ
> အနိစ္စံနုခေါတိအာဒိနာဝိဝိဓံ ဝိရုဒ္ဓံဝါ ဇာနာတိ ဧသတိတိ
> ဝိဝိစ္ဆာ၊ ဝိဝိစ္ဆာ နာမဝုစ္စတိ ဝိစိကိစ္ဆာ။

ဟူ၍ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုခွဲခြား၍ဘွင့်ပြတော်မူ၏။

**အနက်ကား**……မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိယော၊ မိစ္ဆာဒိဋ္ဌိ သမ္မာ ဒိဋ္ဌိတို့သည်။ နိစ္စံ အနိစ္စန္တိ အာဒိနာ၊ နိစ္စ အနိစ္စ၍သို့စသည်ဖြင့်။ ဇေကာသဂ္ဂါဟဘာဝေန၊ တဘက်သတ်ယူသည်၏အစွမ်းဖြင့်။ ပဝတ္တန္တိယထာ၊ဖြစ်ကြကုန်သကဲ့သို့။ ဇဝံ၊၍ မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိအတူ။ အယံ၊၍ဝိစိကိစ္ဆာသည်။နပဝတ္တတိ၊ မဖြစ်။ အယံပန၊ ၍ဝိစိကိစ္ဆာသည်ကား။ အနေကံသဂ္ဂါဟဘာဝတော၊ တဘက်သတ် မယူသည်၏ အဖြစ်ကြောင့်။ နိစ္စံနုခေါ၊ မြဲလေသလော။ အနိစ္စံနုခေါ၊ မမြဲလေသလော။ ဇာတိ အာဒိနာ၊ ၍သို့စသည်ဖြင့်။ဝိဝိဓံ၊ အထူးထူး အထွေထွေ။ဝါ၊ တနည်းကား။ ဝိရုဒ္ဓံ၊ ဆန့်ကျင်ဘက်။ ဇာနာတိ ဧသတိ၊ အလိုရှိတတ် တွေးတော ရှာဖွေတတ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ဝိဝိစ္ဆာ၊ ဝိဝိစ္ဆာမည် ၏။ ဝိဝိစ္ဆာနာမ၊ဝိဝိစ္ဆာမည်သည်ကို။ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဝိစိကိစ္ဆာမှ ဒိဋ္ဌိဇော**……၍သို့ ဝိစိကိစ္ဆာ ဖြစ်နေရာမှ မိစ္ဆာ အယူကို သဘောကျ၍ ၍အယူ သာလျှင်မှန်၏၊ တပါးသောအယူသည် အချည်းနှီးဟု တဘက် သတ် ဆုံးဖြတ်လိုက်သောအခါ ယူဆလိုက်သောအခါ ဒိဋ္ဌိဇော ကျ၏။

## ဒိဋ္ဌိဇော၏ဝိစိကိစ္ဆာကိုကျော်၍ပြီးဆုံးပုံ

**သီလက္ခန်အဋ္ဌကထာ၌—**

ယေဝါပန တေသံ လဒ္ဓိ ဂဟေတွာ ရတ္တိဋ္ဌာနေ ဒိဝါ-
ဋ္ဌာနေ နိသိန္နာ သဇ္ဈာယန္တိ ဝီမံသန္တိ။

ဟူ၍ရှင်း။

ဇေဝံ ပရာမဋ္ဌာနိတိ နိရာသင်္ကစိတ္တတာယ ပုနပ္ပုနံ အာ-
မဋ္ဌာ ပရာမဋ္ဌာ၊ ဧဝမေဝ သစ္စံ မောဃမညန္တိ ပရိနိဋ္ဌာ
ပိတာ။

ဟူ၍ရှင်း ဘွင့်ပြတော်မူ၏။

**အနက်ကား**---- ယေဝါပန၊ အကြင်သူတို့သည်ကား။ တေသံ၊ ထိုတိတ္ထိတို့၏။ လဒ္ဓိ၊ အယူကို။ ဂဟေတွာ၊ ယူ၍။ ရတ္တိဋ္ဌာနေ၊ ညဥ့်နေရာအရပ်၌။ ဒိဝါဋ္ဌာနေ၊ နေ့နေရာအရပ်၌။ နိသိန္နာ၊ နေကြကုန်လျက်။ သဇ္ဈာယန္တိ၊ ပြန်လှန်ကျက်အံကြကုန်၏။ ဝီမံသန္တိ၊ စုံစမ်းကြကုန်၏။

ဇေဝံပရာမဋ္ဌာနိတိ၊ ဇေဝံပရာမဋ္ဌာနိ ဟူသည်ကား။ နိရာသင်္ကစိတ္တတာယ၊ မဆုတ်နစ် မတွန့်တိုသောစိတ် ရှိသည်၏အဖြစ်ဖြင့်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ အာမဋ္ဌာ၊ ရှေ့ရှုသုံးသပ်အပ်ကုန်သည်။ ပရာမဋ္ဌာ၊ မှားသောအားဖြင့် သုံးသပ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝမေဝ၊ ဤတိတ္ထိတို့၏ အယူသည်သာလျှင်။ သစ္စံ၊ မှန်ကန်သည်တည်း။ အညံ၊ တပါးသော အနုတ္တ စသည်သည်။ မောဃံ၊ အချည်းနှီးတည်း။ ဣတိ၊ ဤသို့။ ပရိနိဋ္ဌာပိတာ၊ ပြီးဆုံးစေအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဒိဋ္ဌိဝိနိစ္ဆယဇောကျတော့၏ဟူလို။)

ဤသို့ တိတ္ထိတို့၏အယူသို့ ကူးပြောင်း သွားသူတို့၌ပင် ဒိဋ္ဌိဇောအဆုံးသတ်ကျရောက်ရန် ရှေး၌ဝိစိကိစ္ဆာ ခံ၍ ပြန်လှန် ဆင်ခြင် စုံစမ်းနေရသေး၏၊ ဗုဒ္ဓဘာသာ အတွင်း၌ ငါ့သား ငါ့မယား ငါ့ကိုယ်ထင်မှတ်နေသူတို့၌ကား ဝိစိကိစ္ဆာဖြစ်နေရန် အချိန်မရှိ၊

စိုးစမ်းဆင်ခြင်နေရန်ပင် အချိန်မရှိ၊ ငါ့,သူတပါး, ယောကျ်ား, မိန်းမ စသည်ကိုသိသောနေ့မှစ၍ သက္ကာယဒိဋ္ဌိ ဖြစ်၍ဖြစ်၍ နေတော့၏ဟု ယူဆပြောပြောခြင်းကို များစွာဆင်ခြင် သင့်လေသည်။

ဤကား ဒိဋ္ဌိဇော၏ ဝိစိကိစ္ဆာကျော်ဆုံးပုံနှင့် ဝိစိကိစ္ဆာဒိဋ္ဌိတို့၏ ခြားနားပုံကိုပြခြင်းတည်း။

---

## သညာ,စိတ္တဝိပလ္လာသတို့၌ ဒိဋ္ဌိ မယှဉ်ပုံ

ထိုသို့ဖြစ်ခဲ့လျှင် ဗုဒ္ဓဘာသာ၌လည်း ပရမတ္ထအားဖြင့် ငါ,သူတပါး, ယောကျ်ား,မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိဘဲလျက် ဤကဲ့သို့သမုတိသစ္စာအနေဖြင့် ချစ်ခင်တပ်မက် နှစ်သက်စွဲလမ်းနေခဲ့သော် အဘယ်သို့အပြစ်ရှိသနည်းဟု မေးငြားအံ့၊ ဒိဋ္ဌိဝိပလ္လာသမဟုတ်၊ စိတ္တဝိပလ္လာသ သညာဝိပလ္လာသတို့သာ ဖြစ်ကုန်၏ဟုဖြေရာ၏၊ ၎င်းဝိပလ္လာသတို့ကို မူလသက္ကာယဒိဋ္ဌိဝိနိစ္ဆယ စာမျက်နှာ ၃၅-၃၆-၃၇-တို့၌ ပြထားပြီး ဖြစ်၏၊ ယခုပါဠိကား နောက်ထပ်ဖြည့်စွက်၍ပြသောပါဠိတည်း။

> သညာဝိပလ္လာသောတိ သညာယ ဝိပလ္လတ္ထ ဘာဝေါ ဝိပရီတဘာဝေါ ဝိပရီတသညာတိ အတ္ထော၊ သေသဒွယေပိ ဧသေဝနယော၊ စိတ္တကိစ္စဿ ဒုဗ္ဗလဋ္ဌာနေ ဒိဋ္ဌိဝိရဟိတာယ အကုသလသညာယ သကကိစ္စဿ ဗလဝကာလေ သညာဝိပလ္လာသော၊ ဒိဋ္ဌိဝိရဟိတသေဿဝအကုသလ စိတ္တဿသကကိစ္စဿဗလဝကာလေ စိတ္တဝိပလ္လာသော၊ ဒိဋ္ဌိသမ္ပယုတ္တေ ဒိဋ္ဌိဝိပလ္လာသော၊ တသ္မာ သဗ္ဗဒုဗ္ဗလော သညာဝိပလ္လာသော၊ တတော ဗလဝတရော စိတ္တဝိပလ္လာသော၊သဗ္ဗဗလဝတရော ဒိဋ္ဌိဝိပလ္လာသော။

ဟူ၍ **ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဝိပလ္လာသ ကထာ ဝဏ္ဏနာ**၌လာ၏။

သညာဝိပလ္လာသောတိ၊ သညာဝိပလ္လာသ ဟူသည့်ကား။ သညာယ၊ သညာ၏။ ဝိပလ္လတ္တဘာဝေါ၊ ဖောက်ပြန်သောအနက် သဘောတည်း။ ဝိပရီတဘာဝေါ၊ ဖောက်ပြန်သောအဖြစ်တည်း။ ဝိပရီတသညာ၊ ဖောက်ပြန်သော အမှတ်သညာတည်း။ ဣတိ အယံ၊ ဤသည့်လျှင်။ အတ္ထော၊ အနက်တည်း။ သေသဒွယေပိ၊ ကြွင်းသော စိတ္တ,ဒိဋ္ဌိ ဝိပလ္လာသ နှစ်ပုဒ်၌လည်း။ ဧသေဝနယော၊ ဤကဲ့သို့သောနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စိတ္တကိစ္စဿ၊ အာရုံကိုသိခြင်း စိတ်ကိစ္စ၏။ ဒုဗ္ဗလဋ္ဌာနေ၊ အားငယ်သောနေရာ၌။ ဒိဋ္ဌိဝိရဟိတာယ၊ ဒိဋ္ဌိမှကင်းသော။ အကုသလ သညာယ၊ အကုသိုလ်အထင်အမှတ်၏။ သကကိစ္စဿ၊ မိမိ၏အမှတ်ပြုခြင်းကိစ္စ၏။ ဗလဝကာလေ၊ အားကောင်းသောအခါ၌။ သညာဝိပလ္လာသော၊ သညာဝိပလ္လာသသည်။ ဟောတိ၊ ဖြစ်၏။

ဒိဋ္ဌိဝိရဟိတဿေဝ၊ ဒိဋ္ဌိနှင့် ကင်းသည်သာလျှင် ဖြစ်သော။ အကုသလစိတ္တဿ၊ အကုသိုလ်စိတ်၏။ သကကိစ္စဿ၊ မိမိ၏အာရုံ ကို သိခြင်းကိစ္စ၏။ ဗလဝကာလေ၊ အားကောင်းသော အခါ၌။ စိတ္တဝိပလ္လာသော၊ စိတ္တဝိပလ္လာသသည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိ သမ္ပယုတ္တေ၊ ဒိဋ္ဌိနှင့်ယှဉ်သောစိတ်၌။ ဒိဋ္ဌိဝိပလ္လာသော၊ ဒိဋ္ဌိဝိပလ္လာ သသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သညာဝိပလ္လာသော၊ သညာဝိပလ္လာသ သည်။ သဗ္ဗဒုဗ္ဗလော၊ အလုံးစုံ စိတ္တဒိဋ္ဌိ ဝိပလ္လာသတို့အောက် အား ငယ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုသညာ ဝိပလ္လာသထက်။ စိတ္တဝိပလ္လာသော၊ စိတ္တဝိပလ္လာသသည်။ ဗလဝတရော၊ သာလွန်၍ အားကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိဝိပလ္လာသော၊ ဒိဋ္ဌိ ဝိပလ္လာသသည်။ သဗ္ဗဗလဝတရော၊ အလုံးစုံသညာ, စိတ္တ ဝိပလ္လာသတို့ထက်သာလွန်၍အားကောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ဒိဋ္ဌိနှင့်မယှဉ်သော သညာဝိပလ္လာသဖြင့် သမုတိ အခေါ် အဝေါ်ဖြစ်ကြောင်းကို မူလသက္ကာယ ဒိဋ္ဌိဝိနိစ္ဆယ စာမျက်နှာ နံပါတ် ၃၅ ၌ လောကဝေါဟာရံ ဂဟေတွာ သညာဝိပလ္လာ

သေန သဥ္ဇာနာတိ ပထဝိတိ စသည်ဖြင့်ရင်း၊ ၎င်းစာအုပ် မျက်နှာနံပါတ် ၇၀ ၌ မြတ်စွာဘုရားပင် သမုတိသစ္စာစကားဖြင့် ဟောကြားတော်မူ၏ စသည်ဖြင့်ရင်းပြခဲ့ပြီးပြီ။

လောကဝေါဟာရံ၊ လောက အခေါ်အဝေါ် သမုတိသစ္စာ စကားကို။ ဂဟေတွာ၊ ယူ၍။ ပထဝီတိ၊ မြေကြီးဟူ၍။ သညာ ဝိပလ္လာသေန၊ သမုတိ ပထဝိ သညာဝိပလ္လာသဖြင့်။ သဥ္ဇာနာတိ၊ အမှတ်ပြု၍သိ၏။

၍ကား–သညာ,စိတ္တဝိပလ္လာသတို့၌ဒိဋ္ဌိမယှဉ်ပုံကိုပြခြင်းတည်း။

## ပုထုဇန်နှင့်သက္ကာယဒိဋ္ဌိ

(အန္ဓပုထုဇန်လည်း ၂ မျိုးပင်တည်း။)

(၁) သာသနာတော်တွင်းအန္ဓပုထုဇန်။
(၂) သာသနာမှအပ အန္ဓပုထုဇန်။

ဟူ၍ ၂ မျိုးရှိ၏။

**သာသနာပအန္ဓပုထုဇန်**……ထို ၂ မျိုးတို့တွင် ဟိန္ဒူလူမျိုး စသော သာသနာပ– အန္ဓပုထုဇန်တို့သည်ကား ငယ်ငယ်အခါကပင် အမျိုးဇာတ် အလိုက် အတ္တ အယူကိုသင်ထား၍ သက္ကာယဒိဋ္ဌိ ဖြစ်နေကြရကုန်၏၊ ၎င်းတို့၏ ကျမ်း၌ အတ္တဇီဝကို နားမလည်လျှင် မောက္ခမွှ- နိဗ္ဗာန်သို့မရောက်၊ မရနိုင်ဟုရှိနေသောကြောင့် ငယ်ငယ် ရွယ် ရွယ်အခါ၌ပင် မိဘစသည်တို့၌ သင်ထားဟောထား၍ သက္ကာယ ဒိဋ္ဌိဖြစ်ကြရကုန်၏။

**သာသနာတွင်းအန္ဓပုထုဇန်**……ဗုဒ္ဓဘာသာလူမျိုးတို့၌လည်း နိဗ္ဗာန်၏အခြေခံအနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးတန်ကိုရင်း, သရဏဂုံ သုံးပါးကိုရင်း သားငယ်– သမီးငယ်တို့ကို ငယ်ရွယ်စဉ်အခါကပင် သင်ကြ

ကုန်၏၊ ထို့အတူ တိတ္ထိ တို့လည်း အတ္တဇီဝ အယူဝါဒကို သင်ကြားကြကုန်၏။

ထို့ကြောင့် သာသနာတွင်းအန္ဓပုထုဇန်သည် အတ္တ အယူကိုကူးပြောင်း၍ မသင်ကြား, မလေ့လာ,မယူဆသေးသမျှကာလပတ်လုံး သက္ကာယဒိဋ္ဌိ မဖြစ်သေးကြောင်းမှတ်ထားရာ၏။ ထို့ကြောင့်–

**မူလပဏ္ဏာသအဋ္ဌကထာသဗ္ဗာသဝသုတ်အဖွင့်၌.....**

> ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကောစ-တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ။ နော သစ္စာနုလောမိကာယ၊ အတ္တဒိဋ္ဌိ ပရာမာသတ္တာ, သာသနိကော ဒွိဟိပိ။

ဟူ၍သာသနာတွင်း,ပ-ပုထုဇန် ၂ မျိုးကိုမိန့်၏။

**အနက်ကား**.....ပုထုဇ္ဇနော၊ ပုထုဇန်သည်။ ဗာဟိရကောစ၊ သာသနာပ၌ဖြစ်သောပုထုဇန်ဝင်း။ သာသနိကောစ၊ သာသနာတွင်း၌ဖြစ်သော ပုထုဇန်ဝင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ ၂ ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထို ၂ ဦးတို့တွင်။ ကမ္မဝါဒီ၊ ကံ–ကံ၏ အကျိုးကို ယူလေ့ရှိသော။ ဗာဟိရကော၊ သာသနာပပုထုဇန်သည်။ကမ္မဿကတဒိဋ္ဌိယာ၊ ကမ္မဿကတ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ သစ္စာနုလောမိကာယ၊ သစ္စာလေးပါးအားလျော်သော ဝိပဿနာသမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သော အယူရှိသည်။ နောဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့် သာသနာပပုထုဇန်၌ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်သနည်းဟူမူကား။ အတ္တဒိဋ္ဌိပရာမာသတ္တာ၊ သက္ကာယဒိဋ္ဌိကို သုံးသပ်ယူမှားသည်၏ အဖြစ်ကြောင့်တည်း။ သာသနိကော၊ သာသနာတွင်း၌ ဖြစ်သော ပုထုဇန်သည်။ ဒွိဟိပိ၊ နှစ်ပါးကုန်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ,

ဝိပဿနာသမ္မာဒိဋ္ဌိတို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ဖြောင့်မှန်သော အယူ ရှိသည်။ ပေါတိ၊ ဖြစ်၏။

## ဤသို့ဖြစ်ရခြင်းကား

သာသနာပ–ပုထုဇန်သည်- နိစ္စ
။ ။ ။ သုခ
။ ။ ။ အတ္တ

ဟူ၍အယူရှိ၏။

သာသနာတွင်းပုထုဇန်သည်–အနိစ္စ
။ ။ ။ ဒုက္ခ
။ ။ ။ အနတ္တ

ဟူ၍အယူရှိ၏။

ထိုသို့ဖြောင့်ဖြောင့်ဆန့်ကျင်နေ၏၊ အတ္တဝါဒီ, သက္ကာယ ဒိဋ္ဌိ အယူရှိသူတို့ကား "သောခေါမေအယံ အတ္တာနိစ္စော"ဟူ၍၎င်း, "ဧကန္တသုခီအတ္တာဟောတိ" ဟူ၍၎င်း နိစ္စ, သုခ, အတ္တ အယူ ရှိကုန်၏၊ မူလစာအုပ်စာမျက်နှာ ၁၇ (၄) နံပါတ်ကို ပြန်ကြည့် ပါလေ။ သာမည, နိစ္စ, သညာဝိပလ္လာသ မျိုးကိုယူသည်မဟုတ်၊ လ,နေ, သမုဒ္ဒရာ, မဟာပထဝီကဲ့သို့ အတ္တသည် မြဲ၏ဟုယူလေ သည်။

ဤကား– ပုထုဇန်နှင့်သက္ကာယဒိဋ္ဌိ ဖြစ်ပုံမဖြစ်ပုံကို ပြခြင်းတည်း။

---

## သာသနာတွင်း,ပက္ခာခြားပုံ

**ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌**·····သာသနာတွင်း ပုထုဇန် တို့တွင် အောက် အကျ ဆုံးသရဏဂုံ သုံးပါးမျှသာ ရှိသူကိုလှူဒါန်းသော် အသင်္ချေယျအ ကျိုးရ၏၊သာသနာပပုထုဇန် ဈာန်ရ ရသေ့ သမာပတ် ရှစ်ပါးဖြင့် ကိလေသာတို့ကို ခွါထားနိုင်သူအား လှူသော်–ဘဝ ပေါင်းကုဋေ တသိန်းမျှသာ အကျိုးပေးနိုင်၏ဟု ဘွင့်ထား သဖြင့် ငါးပါးသီလ

ရှစ်ပါးသီလ,ဆယ်ပါးသီလ,သာမဏေ၏သီလ,ရဟန်းတော်တို့၏ သီလနှင့်ပါ ပြည့်စုံသူတို့အားလှူဒါန်းခဲ့သော် အသင်္ချေယျ ပေါင်း ဘယ်မျှအကျိုးပေးမည်ကို မခန့်မှန်းနိုင် တော့လေ၊ ဤသာသနာ တွင်း ပုထုဇန်တို့သည် ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ဥစ္စာ, ငါ့ ကျောင်း, ငါ့သင်္ကန်း ထင်မှတ်စွဲလမ်းမှု မကင်းနိုင်သေး သူတွေ တည်း၊ သို့သော် ထိုသူတို့အားလှူက အသင်္ချေယျအကျိုးရှိ၏။

**မူလပဏ္ဏာသ အဋ္ဌကထာ၌လည်း**……

**နိဗ္ဗာန်၏အခြေခံ**……ရှစ်ပါးသော သမာပတ်ကို ရ၍ သီလ ပြည့်စင် နေသော သာသနာပ ပုထုဇန် ၏ ကာမာဝစရ,မဟဂ္ဂုတ် ကုသိုလ်စေသည် နိဗ္ဗာန်သို့ ရောက်သည့် တိုင်အောင် ကျေးဇူးမပြုနိုင်၊ ငါးပါးသီလမျှမရှိ၊ သရဏဂုံ သုံးပါး ကိုသာ ဆောက်တည်သော သာသနာတွင်း ပုထုဇန်၏ ကာမာ ဝစရ ကုသိုလ်သည် နိဗ္ဗာန်၏အခြေခံဟု ဘွင့်ပြတော်မူကြကုန်၏။

> ပောဋ္ဌိမကောဒိယာ တိသရဏဂ်တောပိ ဥပါသကော သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပ္ပန္နေ သင်္ဂဟိ တော တသ္မိံ ဒိန္နဒါနံ အသင်္ချေယျံ။

ဟူ၍ ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌လာ၏။

> ဗာဟိရကာနဉ္စ အဋ္ဌသမာပတ္တိယော၊ ဝဋ္ဋပါဒကာယေဝ သာသနေ သရဏဂမနမ္ပိ လောကုတ္တရပါဒကံ ပဂေဝ အဋ္ဌိဟိံသာဒယော။

ဟူ၍ မူလပဏ္ဏာသ အဋ္ဌကထာ သလ္လေခ သုတ်အဘွင့်၌ လာ၏။

**အနက်ကား**……ပောဋ္ဌိမကောဒိယာ၊အောက်အကျဆုံးအစွန်း အားဖြင့်၊ တိသရဏဂ်တောပိ၊ သရဏဂုံ သုံးပါးကို ဆောက်တည်သည့်လည်းဖြစ်သော။ဥပါသကော၊ဒါယ ကာကို။သောတာပတ္တိ ဖလသစ္ဆိကိရိယာယ သောတာပတ္တိဖိုလ် ကိုမျက်မှောက်ပြုခြင်းအကျိုးငှါ။ပဋိပ္ပန္နေ၊ကျင့်ကြံသော မဂ်ပုဂ္ဂိုလ် ၌။သင်္ဂဟိတော၊ ရေတွက်အပ်၏။ တသ္မိံ၊ ထိုသရဏဂုံသုံးပါးမျှ

ရှိသော ပုဂ္ဂိုလ်အား။ဒိန္နဒါနံ၊ပေးလှူသော ဒါနသည်။အသခေျ်ယျံ၊ ဘဝပေါင်းအသင်္ချေအကျိုးရှိ၏။

ဗာဟိရကာနံ၊သာသနာပ၌ဖြစ်ကုန်သော ပုထုဇနိတို့၏။အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသောသမာပတ်တို့သည်။ဝဋ္ဋပါဒကာယေဝ၊ ဝဋ်ဆင်းရဲ၏ အခြေခံတို့သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ သာသနေ၊ သာသနာတော်၌။ သရဏဂမနမ္ပိ၊ သရဏဂုံ ဆောက်တည်ခြင်းသည်လည်း။လောကုတ္တရပါဒကံ၊လောကုတ္တရာမဂ်ဖိုလ်နိဗ္ဗာန်၏အခြေခံသည်။ဟောတိ၊ဖြစ်၏။အဝိပဟိံ သာဒယော၊သူတပါးတို့အား မသတ်ဖြတ် မညှဉ်းဆဲခြင်းအစရှိသည်တို့ကို။လောကုတ္တရပါဒကာ ယေဝါတိ၊လောကုတ္တရာ၏ အခြေခံတို့ဟူ၍။ ပဂေဝ၊ အဘယ်မှာဆိုဘွယ်ရာရှိတော့အံ့နည်း။

**အဓိပ္ပါယ်ကား** ·····အညံ့ဆုံး သရဏဂုံတည်သူမျှကို သာသနာတော်ဝယ် သောတာပတ္တိမဂ်၌ ရေတွက်ရခြင်း,လောကုတ္တရာ၏ အခြေခံဖြစ်ခြင်းတို့ကို ဘွင့်ပြနေသဖြင့် သရဏဂုံနှင့်တကွ ငါးပါးသီလ စသည်တို့ကို ဆောက်တည်သောပုဂ္ဂိုလ်တို့ကို အရိယာ၌ရေတွက်ခြင်း,လောကုတ္တရာ၏အခြေခံဖြစ်ခြင်းတို့ဖြင့်ဘွင့်ပြနေရန်မလိုတော့ပြီ၊သာ၍ပင် ရေတွက်နိုင်, အခြေခံဖြစ်နိုင်တော့၏ဟူသတည်း။

ဤကား-သာသနာတွင်း သရဏဂုံတည်သူ သာသနာပသမာပတ်ရသူတို့နှင့် စပ်၍ အကျိုးပေးကွာပုံကိုပြသောသာသနာတွင်း,ပ ကွာခြားပုံတည်း။

---

## အရိယာ၌ရေတွက်ပုံ

အင်္ဂုတ္တိုရ်အဋ္ဌကထာ ဇာတိဝုတ် အဋ္ဌကထာတို့၌လည်းကလျာဏပုထုဇန်ကို သောတာပန်၌ရေတွက်ခြင်း–သေက္ခ ပုဂ္ဂိုလ်၌ ရေတွက်ရခြင်းတို့ကို ဘွင့်ပြထား၏။

ဩတ္တပ္ပစ သီလဝန္တော ပုထုဇ္ဇနော ပိ သောတာပန္နေနေဝ သင်္ဂဟိတော။

ပုထုဇ္ဇနကလျာဏကောပိ သေက္ခောတွေဝ ဝေဒိတဗ္ဗော။

စ၊ဆက်၍ဆိုဦးအံ့။ဗွေ့ ဤအရာ၌ ။သီလဝန္တပုထုဇ္ဇနောပိ၊ ငါးပါးသီလစသည်ရှိသော သီလဝန္တ ပုထုဇန်ကိုလည်း။ သောတာပန္နေနေဝ၊သောတာပန်ဖြင့်သာလျှင်။ သင်္ဂဟိတော၊ သင်္ဂြိုဟ်ရေတွက်အပ်၏။

ပုထုဇ္ဇနကလျာဏကောပိ၊ ကလျာဏ ပုထုဇန်ကိုလည်း။ သေက္ခောတွေဝ၊ သေက္ခပုဂ္ဂိုလ်ဟူ၍သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ သာသနာတွင်း ပုထုဇန်နှင့် သာသနာပ ပုထုဇန်တို့ကို ကျမ်းဂန်လာတိုင်း မဝေဘန်မပိုင်းခြားမူ၍ ရောထွေး ရေးသားဆုံးဖြတ်ဟောပြောနေကြ၍ အချို့အချို့ပုဂ္ဂိုလ်တို့၌ သဒ္ဓါတရားယုတ်လျော့ပြီး ဒါန သီလတို့ကိုပင် အားမကိုးလောက် အောက်တန်းစား အထင်မှား၍ ပရမတ်သမားစသည်ဖြစ်ကြလေကုန်၏။

ဤကား-သာသနာတွင်း ပုထုဇန်အဖြစ်ကိုအရိယာ၌ ရေတွက်ပုံကိုပြခြင်းတည်း။

---

## ဒါန, သီလ, ဘာဝနာချင်း ကွာခြားပုံ

**ကျမ်းဂန်လာ**-သာသနာတွင်းနှင့် သာသနာပ ပုထုဇန်ချင်း ကွာခြားသောကြောင့် အလုံးစုံဒါန, သီလ, သမထချင်းလည်း ကွာခြားကုန်တော့၏၊နောက်၌ ရေးပြခဲ့ပြီးသည့်အတိုင်း သရဏဂုံ သုံးပါးတည်သည်မှစ၍ သာသနာတွင်းပုထုဇန်ကို အရိယာ သေက္ခ၌ ရေတွက် ထားရသောကြောင့် အရိယာပုဂ္ဂိုလ်တို့သာ မြဲသောဂတိရှိသည်မဟုတ်သေး၊ မိမိတို့ပြုသော ကုသိုလ်ကို ရတနာသုံးပါးဂုဏ်ကို တန်ခိုးသတ္တိရှိကြောင်းကို ယုံကြည် နိုင်သော သဒ္ဓါတရားရှိသော ပုထုဇန် ဖြစ်ပါ မူကား တသက်လုံးလူတွေကိုသတ်သောလူသတ်ယောက်ျားကြီး,တသက်လုံးမုဆိုးအလုပ်ဖြင့် အသက်မွေးသော ပုဂ္ဂိုလ်, တသက်လုံးတံငါလုပ်သောပုဂ္ဂိုလ်တို့ပင် ရတနာသုံးပါးကိုအမှီပြု၍ ကောင်းသောသုဂတိ ရောက်ကြရကြောင်းနှင့် လူပုဂ္ဂိုလ်တွေကို မဆိုထားတော့

ဦး၊ လင်းနို့သား ငါးရော့, ဘားနတ်သားတို့ပင် နတ်ပြည် ရောက်ကြ, ရဟန္တာဖြစ်ကြကုန်သေး၏ဟု ကျမ်းဂန်တို့၌လာကုန်၏။

**မင်းကံနဲ့မင်းလို**……ဝေလာမသုတ်၊အင်္ကုရနတ်သားဝတ္ထုတို့၌လည်း မြတ်စွာဘုရား ကိုယ်တော်တိုင် သာသနာတွင်းနှင့် သာသနာပ ဒါနချင်းကွာခြားပုံ မနှိုင်းယှဉ်နိုင်ပုံတွေကိုဟောတော်မူထားပါလျက်"**ကုသိုလ်တပဲ့, ငရဲကတပိဿာနဲ့—မင်းဘယ်တော့ ကောင်းရာရောက်နိုင်မလဲ**" ဟု အရပ်သုံးစကားဖြင့် သဒ္ဒါတရေးနည်းပါးအောင် အားလျော့စကား ဟောကြားကြပြန်၏၊ထိုစကား အစွန်းအရိပ်ကိုယူပြန်၍ အချို့ဘုန်းကြီး လူထွက် ခရစ်ယာံ တရေးဟောဆရာတို့သည်လည်း ငါ့ကိုယ်တိုင် ကျမ်းဂန်တွေကို ဗုဒ္ဓဘာသာထဲမှာနေတုန်းက သင်ကြားလာခဲ့ပါပြီ၊ဂေါတမဘုရား ဘာမျှမကယ်နိုင်ဘူး၊သဗ္ဗေ သတ္တာ ကမ္မဿကာ မင်းကံနဲ့ မင်းလို ဟောထားတယ်ဟု ပြောကြဟောကြပြန်၏။

**ကမ္မဿကာဆိုသည်မှာ**……သဗ္ဗေ သတ္တာ ကမ္မဿကာ ဆိုသည်ကား သူတို့ပြောကြားသော အဓိပ္ပါယ်လည်း မဟုတ်ကုန်၊ မိမိပြုသောကုသိုလ်သည် မိမိဥစ္စာဖြစ်သောကံမျိုး၊အကုသိုလ်သည်မိမိဥစ္စာဖြစ်သောကံမျိုးမဟုတ်ဟုဆိုသည်၊ ကုသိုလ်ဟူသမျှသည် မိမိ၏ အကျိုးစီးပွါးကို ဖြစ်စေတတ်၍ မိမိဥစ္စာ ဖြစ်သော ကံမျိုးဟု ဆိုသည်၊ အကုသိုလ်သည် မိမိ၏ အကျိုးမဲ့ အကျိုးယုတ်ကို ဖြစ်စေတတ်သောကြောင့် ကိုယ့်ဥစ္စာ မဟုတ်သော ကံမျိုးဟု ဆိုသည်။ ထို့ကြောင့် သေခါနီး၌ အာသန္နကံဖြင့် ရတနာသုံးပါးကို မိမိပြုခဲ့သောဒါနစသော ကုသိုလ်ကို အောက်မေ့သော်ငင်း၊ သေခါနီး၌ ကုသိုလ်ကို ပြုသော်ငင်း၊ ငင်းကုသိုလ်သည် (ဂရုက်ကြီးများ, အမိ အဘ ရဟန္တာ တို့ကို သတ်မိသော ကံကြီးများကို ချန်ထား၍)အခြားသော အကုသိုလ်တို့ကိုကွယ်ကာ ပယ်ရှား၍ ကောင်းသော ဘဝသို့ လားရောက်အောင် ပြုနိုင်သည်၊ အကျိုးပေးနိုင်သည်ဟုဆိုလိုသည်။

**မဟာသမယသုတ်၌......**

**ငရဲမကျသူများ**......မြောက်စကြဝဠာ တောင်မှနေ၍ အနှာ ဂါမ်ဖြဟ္မာကြီး ရွတ်သော စကားအရ၊ ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်က အပါယ်သို့ မကျရောက်ဘဲ အမြဲနတ်ပြည်သို့ ရောက်ရသည်ဟု မြတ်စွာဘုရားပင် ထပ်မံဟောပြတော်မူ၏၊ထိုစကားသည်မှန်၏၊ ဓာတ်,နိပါတ်တွေ့၌ရှင်း, ဒေဝဒူတသုတ်၌ရှင်း အမြဲအကုသိုလ်ပြုနေသူတို့သည် တခုခုသော မိမိပြုခဲ့သောကုသိုလ်အနည်းငယ်ကို ယမမင်းထံ၌ အစစ်ခံပြီးမှ ငရဲမကျမူ၍ နတ်ပြည်သို့ရောက်ရသူတွေအများပင်ရှိ၏၊တွေ့ရ၏။

**ကွာခြားချက်**......ဤသို့နည်းလမ်းပြ၍ မကောင်းသောဘဝသို့ ရောက်ရလတ္တံ့အချိန်အတွင်းမှ ချက်ခြင်းနတ်ပြည်သို့တက်သွားရခြင်းသည်ဘုရားမကယ်နိုင်ဘူး၊ မင့်ကံနှင့်မင်းဆိုသောစကားနှင့် အများကြီးကွာခြားနေ၏၊ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် လေးသွယ်သော အရပ်သည် သဒ္ဓါတရားနည်းပါး၍ ရတနာသုံးပါး ဂုဏ်သတ္တိကြီးမားပုံကို မယုံကြည်နိုင်သူတို့၏ သွားရာအရပ်ပင်တည်း''သဒ္ဓါယ တရတိ ဩဃံ''သဒ္ဓါတရားဖြင့် ဩဃလေးဖြာကိုလွန်မြောက်ရ၏။

ဤကား-သရဏဂုံသတ္တိကြောင့် အပါယ်မှလွတ်ပုံနှင့် သာသနာတွင်း,ပ-ဒါန သီလ ဘာဝနာချင်း ကွာခြားပုံကို ပြခြင်းတည်း။

---

## အဇ္ဈတ္တိကသန္တာန ပရဝတ္တန

အချို့အချို့ ဝိပဿနာအားထုတ်နေသူတို့လည်း မိမိတို့ ကိုယ်ကို အထက် တန်းစား ထားလျက် ဒါန သီလ သမားလောက်ကို အောက်တန်းစားထား၍ အဇ္ဈတ္တိကသန္တာန,ပရဝတ္တန အယုတ် တရားတွေကပ်ရောက်လျက် ဒါန သီလမျှဖြင့် သံသရာမှ မထွက်နိုင်ဟု ဟောပြယူဆနေကြပြန်၏။

ပညာဗလဝဍ္ဎော မန္ဒသဒ္ဓေါ ကောရာဇ္ဇိပက္ခံ ဘဇတိ ဘေသဇ္ဇသမုဋ္ဌိတော ရောဂေါဝိယ အတေကိစ္ဆော ဟောတိ။

**ဆေးကြောင့်ဖြစ်သောရောဂါဆိုး**……ဟူသော အဋ္ဌကထာ စကား အရ ပညာ စခန်းကို အားကြီးလိုက်သောအခါ သဒ္ဓါနည်းပါးလာသဖြင့် ပညာစစ်မဟုတ်တော့မူ၍ ကောက်ကွေ့စဉ်းလဲဖြစ်တတ်၏၊ဆေးကြောင့်ဖြစ်သောရောဂါကို ဆေးကုမရနိုင်ခဲသကဲ့သို့ ဖြစ်၏ဟု ဘွင့်ပြတော်မူ၏။

**သတိပြုပါ**……ထို့ကြောင့် ယောနိသောမနသိကာရဖြင့် မြတ်စွာဘုရားသည် သတ္တဝါဟူသမျှတို့ အပေါ်၌ အမိအဘမျှခက ကရုဏာ မေတ္တာ ရှိတော်မူလှသဖြင့် ကောင်းသောသားသ္မီး အလတ်သောသားသ္မီး အညံ့ဆုံး သားသ္မီးတို့ကို အသီးအသီး သူ့နှင့်သူ တော်လျော်အောင် ကြီးပွါးအောင် မိဘက ဆောင်ရွက်ဆုံးမသကဲ့သို့ ထို့အတူ အကောင်းဆုံး အရိယာသားသ္မီး, ကလျာဏပုထုဇန်သားသ္မီး, အန္ဓပုထုဇန် သားသ္မီးတို့အားလည်း တနည်းနည်းဖြင့် ကောင်းသည့်ထက် ကောင်းအောင် မကောင်းသောဘဝမရောက်ရအောင် မြတ်စွာဘုရားဟောပြတော်မူရပေသည်ဟု နှလုံးသွင်း၍ အာလွန် လျှာလွန် အဟောလွန် အပြောလွန်မဖြစ်ရအောင် ပျမ်းပျမ်းမျှမျှ မဇ္ဈိမပဋိပဒါအရ အကျိုးရနိုင်သလောက်ရအောင်သာ မေတ္တာ ကရုဏာ ရှေ့ထား၍ ပြောကြားသင့်ကြောင်း သတိပြုရာ၏။ ထို့ကြောင့်……

**အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် ဗလဝဂ်၌**—

ကဏ္ဍစ ဘိက္ခဝေ သဒ္ဓါဗလံ ဒဋ္ဌဗ္ဗံ စတူသု သောတာပတ္တိယင်္ဂေသု ဧတ္ထ သဒ္ဓါဗလံ ဒဋ္ဌဗ္ဗံ။

ဟူ၍ ဟောတော်မူ၏။

**အနက်ကား**……ဘိက္ခဝေ၊ ရဟန်းတို့။ ကတ္တစ၊ အဘယ် နေရာ၌လျှင်။ သဒ္ဓါဗလံ၊ သဒ္ဓါအားကို။ ဒဋ္ဌဗ္ဗံ၊ မှတ်ထားအပ်သနည်း။ ဧတ္ထ၊ ဤဗိုလ် ငါးပါးတို့တွင်။ စတူသု သောတာပတ္တိယင်္ဂေသု၊ လေးပါးကုန်သော သောတာပန် ဖြစ် ကြောင်းအင်္ဂါတို့၌။ သဒ္ဓါဗလံ၊ သဒ္ဓါအားကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**ဤသို့ဟောပြ**……ထို့ကြောင့် သဒ္ဓါနည်းပါးပြီး ရိုက်သောလှူ၊ မတတ်သောအန္ဓပုထုဇန်တို့အားလည်း တိုး၍မထူးတော့ပါဘူးဟု မကောင်းမှုကိုဖွတ်တိုး၍မလုပ်ဘဲ အားကိုး ရှိကြောင်း အဆင့်ဆင့်ကယ်နိုင်ကြောင်းကိုလည်း ဟောပြရာ၏၊ ကောင်းသောသူအား သာ၍ကောင်းအောင် ဟောပြရာ၏။

နောက်ကရေးပြခဲ့သော အဋ္ဌကထာဆရာစသော ပညာရှိတို့ ဘွင့်ပြပုံကိုလည်း ဆင်ခြင်ကြလေ၊ မိမိကကောင်းသော ဝိပဿ နာအလုပ်စသည်ကို အားထုတ်နိုင်ခြင်းသည် ကောင်းပါ၏၊ သူတ ပါးတို့၏ နိဗ္ဗာန်ရောက်ပို့နိုင်သော သာသနာတွင်း ဒါန, သီလကို နိဗ္ဗာန်ရောက်ရန် မပို့နိုင်သော သာသနာပ ဒါနသီလနှင့် တတန်း တစားတည်းထား၍ သဒ္ဓါတရားနည်းပါးအောင် ဟောမှု ပြောမှု၊ သူတပါးကို (အဝမညတိ)အယုတ် အညံ့မှတ်ထင်မှုသည် မဂ်ဗိုလ် မရနိုင်ရန်မိမိအားတားမြစ်နေပြန်၏၊ဆင်ခြင်လေ၊ ထို့ကြောင့် အဋ္ဌ ကထာဆရာတော်တို့သည် သရဏဂုံသုံးပါးသာရှိ၍ တပါးသီလ မျှမရှိသူကိုလည်း သောတာပန်ထည်း၌ရေတွက်၍ ဘွင့်ဆိုကြကုန် ၏၊ ဥပနိဿယမျိုးဖြင့် ပြခြင်းတည်း၊ ထိုမှတပါး မြဲသော ဒါန ဝတ်ရှိက သောတာပန်နှင့်တူပုံကို……

**အင်္ဂုတ္တိုရ်အဋ္ဌကထာ နဝကနိပါတ် သီဟနာဒဝဂ်၌**—

နှ ကေဝလဉ္စ ဧတေသံယေဝ နဝန္နံ ပုဂ္ဂလာနံ ဂတိ နိဗဒ္ဓါ ယေသံပန ကုလာနံ တီဏိသရဏာနိ ပဥ္စသီလာ နိ ဧကံ သလာကဘတ္တံ ဧကံ ဝဿဝါသိကံ ဧကောပေါက္ခရ ဏီ ဧကော အာဝါသော ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊

တေသံပိ ဂတိနိဗ္ဗဒ္ဓါ သောတာပန္နသဗိသာနေဝ တာနိ ကုလာနိ။

ဟူ၍ ဘွင့်ပြတော်မူ၏။

**အနက်ကား**……စ၊ ဆက်ဦးအံ့။ ကေဝလံ၊ သက်သက်။ နဝန္တိ၊ ကိုးယောက်ကုန်သော။ ဧတေသံ ယေဝ ပုဂ္ဂလာနံ၊ ထိုအန္တရာပရိနိဗ္ဗာယိစသော အရိယာ ပုဂ္ဂိုလ်တို့၏ သာလျှင်။ ဂတိ၊ ကောင်းသော ဘုံသို့ လားရောက်ရာ ဂတိသည်။ နိဗဒ္ဓါ၊ မြဲကုန်သည်။ န၊ မဟုတ်ကုန်။ ယေသံ ကုလာနံ၊ အကြင် အမျိုးသားသွီးတို့အား။ တိဏ်၊ သုံးပါးကုန်သော။ သရဏာနိ၊ သရဏဂုံတို့ရင်း။ ပဉ္စ၊ ငါးပါးကုန်သော။ သီလာနိ၊ သီလတို့ရင်း။ ဧကံ၊ တခုသော။ သလာကဘတ္တံ၊ စာရေးတံ ဆွမ်းဝတ်ရင်း။ ဧကံ၊ တခုသော။ ဝဿဝါသိကံ၊ ဝါဆိုသင်္ကန်းလှူသောဝတ်ရင်း။ ဧကာ၊တခုသော။ ပေါက္ခရဏီ၊ အများ သောက်သုံးရန် တူးလှူထားသော လေးထောင့်ကန်ရင်း။ ဧကော၊ တဆောင်သော။ အာဝါသော၊ နေထိုင်ရန်လှူထားသော ကျောင်း, စရပ်စသော အာဝါသရင်း။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ အမြဲကုသိုလ်ဝတ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံပိ၊ ထိုကုသိုလ် အမြဲဝတ်ရှိသော ပုထုဇန်တို့အားလည်း။ ဂတိ၊ ကောင်းသော ဘုံသို့ လားရာဂတိသည်။နိဗဒ္ဓါ၊ မြဲကြကုန်၏။ တာနိ ကုလာနိ၊ ထိုကောင်းမှုဝတ် တခုခုဖြစ်စေ အများဖြစ်စေ ရှိကြကုန်သော အမျိုးသားသွီးတို့သည်။ သောတာပန္နသဗိသာနေဝ၊ သောတာပန်နှင့်အလားတူကြကုန်သည်သာလျှင်တည်း။

ပုဂ္ဂိုလ်၏သဒ္ဓါစသော ဇာဓ္ဓေါအနုအရင့်ကိုကြည့်၍ ဟောရသည်၊ အားလုံးရင့်သောပုဂ္ဂိုလ်ကို မမှီသူဟူသမျှ အသုံးမကျဟု တဘက်သတ်မယူဆရာ၊ မဟောပြရာ၊ သတိပြုလေ။

ဤကား-သဒ္ဓါမနဲ့ရန်နှင့် အတ္တုက္ကံသန, ပရဝမ္ဘနမဖြစ်ရန်ကို ပြခြင်းတည်း။

## ဝဋ္ဋဂါမိဖြင့် နိဗ္ဗာန်ရောက်ပုံ

ထိုသို့ သာသနာပ ဒါန, သီလ စသည်နှင့် သာသနာတွင်း ဒါန, သီလ ကွာခြားသဖြင့် အားကိုးအားထား မှီခိုချင်းမတူပုံ, သာသနာတွင်း ဝဋ္ဋဂါမိကုသိုလ်၏ နိဗ္ဗာန်သို့ပို့နိုင်ပုံကို ....

**အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ၌—**

> တတ္ထ ယထာနာမ (သဓနော) သဘောဂေါ ပုရိသော အဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိတွာ အန္တရာမဂ္ဂေ ဂါမနိဂမာဒီသု နက္ခတ္တေ သံဃုဋ္ဌေ အဟံ အာဂန္တုကော၊ ကံနုခေါ နိဿာယ နက္ခတ္တံ ကီဠေယျန္တိ အစိန္တေတွာ ယထာ ယထာ ဣဿန္တိ တေန တေန နီဟာရေန နက္ခတ္တံ ကီဠန္တော သုခေန ကန္တာရံ အတိက္ကမတိ၊ ဧဝမေဝ ဣမသ္မိံ ကမ္မဿ ကတညာဏေ ဌတွာ ဣမေ သတ္တာ ဗဟုံ ဝဋ္ဋဂါမိကမ္မံ အာယူဟိတွာ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏနပထံ ဝီတိဝတ္တာ။

ဟု ဖွင့်ပြတော်မူ၏။

တတ္ထ၊ ထိုကမ္မဿကတညာဏ်၌။ ယထာနာမ၊ ဥပမာမည်သည်ကား။ သဓနော၊ ဥစ္စာရှိသော။ သဘောဂေါ၊ စည်းစိမ်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ အဒ္ဓါနမဂ္ဂံ၊ အဓွန့်ရှည် ခရီးဝေးသို့။ ပဋိပဇ္ဇိတွာ၊ ထွက်သွား၍။ အန္တရာမဂ္ဂေ၊ မိမိ၏လိုရာ အရပ်သို့ မရောက်မီ လမ်းခရီးစပ်ကြား၌။ ဂါမနိဂမာဒီသု၊ ရွာကြီး နိဂုမ်း စသည်တို့၌။ နက္ခတ္တေ၊ နက္ခတ်ပွဲသဘင်ကို။ သံဃုဋ္ဌေ၊ ဆင်ယင် ကျင်းပမည်ဟု ကြော်ငြာခဲ့သော်။ အဟံ၊ ငါသည်။ အာဂန္တုကော၊ ဧည့်သည်ပုဂ္ဂိုလ်တည်း။ ကံ၊ အဘယ်သို့သော အပေါင်း အဘော်ကို။ နိဿာယ၊ အမှီပြု၍။ နက္ခတ္တံ၊ နက္ခတ်ပွဲ သဘင်ကို။ ကီဠေယျံနုခေါ၊ ကစားရွှင်ပျ ပျော်ရွှင်ရပါအံ့နည်း။ ဣတိ၊ ဤသို့။ အစိန္တေတွာ၊ မကြံမရှိုင်မူ၍။ ယထာ-ယထာ၊ အကြင် အကြင်သို့သော အဆောင်အရွက်အားဖြင့်။ ဣဿန္တိ၊ ပျော်ရွှင် မြူးတူးခြင်း

ဌါ အလိုရှိ၏။ တေန တေန နီဟာရေန၊ ထိုထို အလိုရှိတိုင်းသော အဆောင်အရွက်အားဖြင့်။ နက္ခတ္တံ၊ နက္ခတ်ပွဲ သဘင်ကို။ ကိဠေ နွော၊ ကစားမြူးတူးလျက်။ သုခေန၊ ချမ်းသာသဖြင့်။ ကန္တာရံ၊ ဝေးလံသောခရီးခဲကို။ အတိက္ကမတိယထာ၊ လွန်မြောက် ရောက် သွားလေသကဲ့သို့။......

ဧဝမေဝ၊ ဤလူချမ်းသာ ခရီးသွားသော ဥပမာ၏ အဘူသာ လျှင်။ ဇူမသိဳ ကမ္မဿကတ ဉာဏော၊ ဤကံ-ကံ၏အကျိုးကို ယုံ ကြည်သော ဉာဏ်၌။ ဌတွာ၊ တည်၍။ ဇူမေသတ္တာ၊ ဤသတ္တဝါ တို့သည်။ ဗဟုံ၊ များစွာသော။ ဝဋ္ဋဂါမိကမ္မံ၊ ဝဋ်ဆင်းရဲသို့ရောက် သော ကုသိုလ်ကံကို။ အာယူဟိတွာ၊ အားထုတ်၍။ သုခေန၊ ချမ်း သာတချမှ။ သုခံ၊ ချမ်းသာတခုသို့။ အနုဘဝန္တာ၊ အစဉ်သဖြင့် ကူးပြောင်း ခံစားကုန်လျက်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့။ ပတ္တာ၊ ရောက်ကြကုန်သောသူတို့သည်။ ဂဏာ နပထံ၊ ရေတွက်ကြောင်း ဂဏန်းသချာကို။ ဝိတိဝတ္တာ၊ လွန် မြောက်ကြကုန်၏။

**မရေတွက်နိုင်ဟု**......ဤကား သက္ကာယဒိဋ္ဌိနှင့်တကွ ပြုသော သူတို့၏ ဝဋ္ဋနိဿိတမျိုး၊ နိဗ္ဗာန်သော ကုဿုရာ၏အခြေခံမဖြစ်နိုင်သော ကုသိုလ်မျိုး မဟုတ်၊ သာသနာ တွင်း၌ နိဗ္ဗာန်မရောက်မီ ချမ်းသာသုခကိုတောင့်တသော ဝဋ္ဋဂါမိ မျိုးဖြစ်၏၊ ထိုကုသိုလ်မျိုးကိုပြု၍ နိဗ္ဗာန်ရောက်သူတွေ မရေတွက် နိုင်ဟု ဘွင့်ပြ၏။

**ဤပုံသွင်သို့**......ယခုကာလ၌လည်း ဖိုက်ဆံချမ်းသာ သူတို့ ဗောဓိပင်သို့ စွယ်တော်ရှိရာအရပ်သို့သွားကြ သောအခါ (ရန်ကုန်မြို့၌ လမ်းခရီးအကြား)အသံထွက်ရုပ်ရှင်ဇာတ် ကားကြီး ယနေ့ညပြပါလိမ့်မည်ဟု မောင်းကြော်ငြာလာရာ၊ ငါ မှာ အဘော်မပါ အာဂန္တုဖြစ်၍ ဘယ်သူနှင့်သွား၍ ကြည့်ရပါ မည်နည်းဟု မကြံမရှိုင်ဘဲ မိမိ၌ပါလာသော ရွှေ,ငွေ,ဒင်္ဂါး,ငွေ

စကျူတို့ဖြင့် မော်တော်ကားငှါး၍ အစေခံငှါး၍ ပဌမတန်း၌ နေ လျက် ရုပ်ရှင်ကြည့်၍ ပဌမတန်းဟော်တယ်၌စားအိပ်၍ အလိုရှိ တိုင်း ချမ်းချမ်းသာသာ လိုရာအရပ်သို့တိုင် ရောက်နိုင်၏၊ အဘယ့် ကြောင့်နည်းဟူမူကား လူချမ်းသာစည်းစိမ်ရှိသူ ဖြစ်သောကြောင့် တည်း။

ထိုဥပမာအတူ အကြွင်သူသည် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ စသော သူတော်ကောင်းဥစ္စာ ချမ်းသာ၏၊ ထိုသူသည် နိဗ္ဗာန်သို့သွားရာလမ်းခရီး၌ အသီးသီးသောဘုံဘဝတို့၌ ဒုက္ခမတွေ့ ရဘဲ ချမ်းသာတခု၌ ချမ်းသာတခုသို့ကူ ပြောင်းကာ ထပ်ခါထပ် ခါ ဒါန, သီလ, ဘာဝနာတို့ကို အားထုတ်ပြီးလျှင် လိုရာနိဗ္ဗာန်သို့ ရောက်နိုင်၏ဟု ပြသည်။

**မညွှန်ပြသင့်**……ဇောတိကဝတ္ထုကား သံသရာဝဋ်၌ ချမ်းသာ ခြင်းကို ရှေးဦးစွာဆုတောင်း၏။

ယခုကာလဗုဒ္ဓဘာသာတို့ကား နိဗ္ဗာန်ကိုရှေးဦးစွာဆုတောင်း ၏၊မတူလေ၊ဇောတိကကို ညွှန်ပြ နေရန်မလို၊ဒါနကြောင့် မရှည်၊ အချို့အချို့တို့သည် ဇောတိက သံသရာ ရှည်ရခြင်း အကြောင်းပြု ကြ၏၊သူ၏ ဆန္ဒဖြင့်သူရှည်သည်၊ ဒါနကြောင့် ရှည်သည်မဟုတ်၊ ဓမ္မပဒစသည်၌ ဇောတိက၏ ဆုတောင်းပုံကို ပြန်ဘတ်ကြည့်ကြ လေ—

**လိုရင်းကား** ……သာသနာတွင်း၌ တဏှာမကင်းသေး၍ နိဗ္ဗာန် မရောက်မီ ဘဝကောင်းကို လိုချင်ခြင်းသည် ဆင်းရဲကင်းလျှင်၊ ရောဂါကင်းလျှင်၊ သူတော်ကောင်း တရားကို ကိုယ်စိတ် ၂ ပါးချမ်းသာစွာ အားထုတ် နိုင်မည်ဟု တောင့်တ မြော်လင့်ခြင်းသည် ကုသလဘဏှာမည်ကြောင်း, သက္ကာယ ဒိဋ္ဌိ စသည့်အယူကို မက်မော ယုံကြည်ခြင်းသည် အကုသလတဏှာ မည်ကြောင်း ဘုရားပြတော်မူကြရကုန်၏၊

ကုသိုလ်နှင့်စပ်သော တဏှာ၏ နိဗ္ဗာန်ရောက်နိုင်ပုံကို……

**နေတ္တိပါဠိတော်၌……**

တဏှာ ဒုဝိဓာ ကုသလာပိ အကုသလာပိ အကုသလာ သံသာရဂါမိနီ ကုသလာ အပစယဂါမိနီ ပဟာနတဏှာ။

ဟူ၍လာ၏။

**အနက်ကား**……တဏှာ၊ တဏှာသည်။ ကုသလာပိ၊ ကုသလ တဏှာရင်း။ အကုသလာပိ၊ အကုသလတဏှာ ရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ ၂ ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ အကုသလာ၊ အကုသလတဏှာသည်။ သံသာရ ဂါမိနီ၊ သံသရာ၌ ဖြစ်စေတတ်၏။ ကုသလာ၊ ကုသလ တဏှာသည်။ အပစယဂါမိနီ၊ နိဗ္ဗာန်သို့ရောက်စေတတ်၏။ ပဟာနတဏှာ၊ ပယ်ကြောင်းတဏှာတည်း။

**ပယ်ကြောင်းတဏှာ**……ပကတူပနိဿယ ပစ္စည်းမျိုး ဖြစ်တတ်သောတဏှာ၊ ညီတော် မင်းနန္ဒ၏ ဇနပဒကလျာဏီနှင့် နတ်သမီးတို့၌စွဲလမ်းနှစ်သက်သော ကာမုပါဒါန် ကာမတဏှာသည် အရဟတ္တဖိုလ်ရဟန္တာအဖြစ်သို့ ကျေးဇူးပြုလိုက်၏၊ ထို့ကြောင့် ပဟာနတဏှာ– ပယ်ကြောင်းဖြစ်သော တဏှာဟု ပါဠိတော်၌ပြ၏၊ နတ်သမီးကို လိုချင်သောကြောင့်သာလျှင် ကမ္မဋ္ဌာန်းကိုအားထုတ်ဖြစ်၏၊ အားထုတ်စဉ် တဖြည်းဖြည်း အမှန်ကို မြင်လာ၍ရဟန္တာဖြစ်ရ၏၊ ထို့ကြောင့် ပယ်ကြောင်း တဏှာခေါ်သည်။ ထိုနတ်သမီးလိုချင်သော တဏှာသည် ကျေးဇူး ပြု၍ အနုသယ တဏှာကို မဂ်ဖြင့်ပယ်ရသည်ဆိုလိုသည်။

ထို့အတူ သက္ကပဥ္စသုတ်၌လည်း မှီဝဲအပ်သော မာန, မမှီဝဲအပ် သောမာန၊ မှီဝဲအပ်သော စိတ်မချမ်းသာခြင်း, မမှီဝဲအပ်သော စိတ် မချမ်းသာခြင်း ၂ မျိုး-၂ မျိုးစီ မြတ်စွာဘုရားသည် သိကြားမင်း အားဟောကြားတော်မူ၏။

**ကုသိုလ်နှင့်စပ်မာန**……ရှေးဦးစွာ ဤသူထက် ငါသာအောင် စာကျက်မည်၊ ငါသီလ ဆောက်

တည်မည်၊ထိုသူထက် ရှေးဦးစွာ ငါ ကမ္ဗဋ္ဌာန်း ထင်မြင် အောင် ပွါးမည်ဟု သာချင်သော မာနက တိုက်တွန်း၍ နောက်နောင်အခါ လိမ္မာ သိမြင်လာက ထိုမျှလောက်မာနကိုပင် အနိစ္စ ခယဝယ တင် ၍ ရှုပြန်သဖြင့် ရဟန္တာဖြစ်ရ၏၊ထို့အတူ သည်စာကို ကျက်အံ၍ မရနိုင်ဟု စိတ်မချမ်းသာမှု, သိလကိုစောင့်ရန် အချိန်မရ၍ စိတ် မချမ်းသာမှု, ကမ္ဗဋ္ဌာန်းမထင်နိုင်၍ စိတ်မချမ်းသာမှု သည်ပင် တ ဖြည်းဖြည်းကျေးဇူးပြု၍ နောင် သတိ သမာဓိ ပညာ ရင့်သန် လာ သောအခါ အနုသယ ဒေါမနဿ ပဋိဃတို့ကို မဂ်က ပယ်နိုင် ပြန်၏ ဟုဆိုလိုသည်၊ ထို့ကြောင့်မို့ဝဲအပ်သော ကုသိုလ်နှင့် စပ်ယှဉ် သော မာန ဒေါမနဿဟု ဟောတော်မူသည်၊ သာသနာပ တဏှာ မာန ဒေါမနဿကို ရည်၍ဟောသည် မဟုတ်ဟုသိလေ။

သဏ္ဍာယဒိဋ္ဌိရှိနေသူတို့၏ တဏှာ မာန ဒေါမနဿသည် မဂ် ဖိုလ်ရသည့်တိုင်အောင် ကျေးဇူးအဆင့်ဆင့် မပြုနိုင်၊ဤကား ရတ နာသုံးပါးသာသနာတော်မြတ်တို့၏ တန်ခိုးသတ္တိ ဂုဏ်ထူး များပေ တည်းဟု ယုံကြည် မြတ်နိုးနိုင်သော သဒ္ဓါ ဖြစ်စေရန် ပါဌ်ပါဌ္ဌ တို့တည်း။

ဤကား သာသနာတွင်းဝဋ္ဋဂါမိကုသိုလ်ဖြင့်နိဗ္ဗာန်ရောက်နိုင်ပုံကိုပြခြင်းတည်း။

---

## ပုညာဘိသန်ါရ မကြောက်ရ

**ကုသိုလ်မပြုနှင့်ဟုမပြ** ..သူတပါးထံမှ တဆင့်စကားကြားဖြင့် ကျမ်းဂန်ဥမလာဘဲ မိမိတို့ အထင်အ မြင်အရ သာသနာတွင်း သာသနာပ မခွဲခြားဘဲ ပုညာဘိ သင်္ခါရ များ မပြုကြနှင့် အဝိဇ္ဇာအရင်းခံ၍ နိဗ္ဗာန်မရောက်နိုင်ဘူးဟုဟော သူတို့ သတိကြပ်ကြပ်ပြုရန်သင့်၏၊နောက်ဦးလည်း အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသည် ကာရက အတွက်ကို ပယ်ချကြောင်း ပြခဲ့ပြီးပြီ၊ ပြန်ကြည့်ပါလေ၊ အဝိဇ္ဇာရှိသောပုဂ္ဂိုလ်တို့သာ ကုသိုလ်အကုသိုလ် တို့ကိုပြု၍ ဖြစ်နိုင်ကြသည်၊ အဝိဇ္ဇာ မရှိသောဘုရား ရဟန္တာတို့ ကုသိုလ် အကုသိုလ်ကိုပြု၍ မဖြစ်နိုင်ကုန်၊ကြိယာစိတ်သာ ဖြစ်ကြ

တော့၏ဟုဆိုလိုသည်၊ ထို့ကြောင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဟု ဟောတော်မူသည်၊ ကုသိုလ်ကို မပြုနှင့်ဟုပြတော်မူသည် မဟုတ်။

ပုညံဘိက္ခဝေ မာဘာယိတ္ထ၊ ပုညံဘာယတောသုခံ ဘာယတိ နာမ။ဟူသော ဓမ္မပဒပါဠိစသည်တို့နှင့် ဆန့်ကျင်နေတော့အံ့၊ ဆင်ခြင်ပါလေ။

**အနက်ကား**……ဘိက္ခဝေ၊ ရဟန်းတို့။ ပုညံ၊ ပုညာဘိသင်္ခါရ ပုညကုသိုလ်ကို။ မာဘာယိတ္ထ၊ မကြောက်ကြပါကုန်လင့်။ ပုညံ၊ပုညာဘိ သင်္ခါရ ပုညကုသိုလ်ကို။ ဘာယတော၊ ကြောက်သောသူအား။ သုခံ၊ ချမ်းသာကို။ ဘာယတိနာမ၊ ကြောက်သည်မည်၏ဟု ဟောပြတော်မူသည်။

အချို့သောသူတို့လည်း တောထွက်စဉ်အခါ၌ မာရ်နတ်လာ၍ အသက်ရှည်မှ ကုသိုလ်ပုညပြုနိုင်ကြမည်၊ ဒုက္ခခံ၍ မကျင့်ကြံပါနှင့်ဟု တားမြစ်သောအခါ ဘုရားအလောင်းတော်သည် သင့်ပုညကို ငါအဏုမြူမျှ အလိုမရှိဟု ပယ်လိုက်သည် မဟုတ်လောဟု ဟောကြ ပြောကြပြန်၏။

မာရ်နတ်တို့အယူရှိကြသည့် အတ္တနှင့်တကွဖြစ်သော ပုညကို အလိုမရှိကြောင်းဖြင့် ပယ်၏၊ သာသနာတော်တွင်း ပုညကိုကား ဘုရားအဖြစ်မရောက်မီပင် ဒုက္ကရစရိယာကျင့်ကြံရာ၌ ပြု၍နေရသေး၏ဟု သိအပ်၏၊ မာရ်နတ်, ဇာနဂ္ဂကာဘိလူးစသော အချို့ နတ်ပြဟ္မာတို့ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အရာ၌ ကောင်းစွာ ယုံကြည်ကြ၏။

**ဘုရားစကားတော်နှင့် ညီစေ**……တစိတ်, တချိုကိုတွေ့ရုံ မျှဖြင့် မချကောန် ငါ့အယူမှန်ပြီဟူသော အယူအဆမျိုးကို မယူအပ်လေ၊ မြတ်စွာဘုရားမိန့်မှာတော်မူခဲ့သည့်အတိုင်း မဟာပဒေသလေးပါး အထူးထူးသော ကျမ်းဂန်များနှင့် ညှိနှိုင်းယူဆရသည်၊ ဘုရားစကားနှင့် ဆန့်ကျင်စေရန် မကြံစည် မယူဆသင့်ပေ။

## ဝက္ကလိမထေရ်အား မောင်းမဲတော်မူရာ၌ အယူအဆ မှားပုံ

**ရုပ်တုတော်ပွါး ရှိခိုးခြင်းက**…အချို့အချို့ ပုဂ္ဂိုလ်တို့ သည် လည်း ပညာယောင် ပညာတု တွေ နှိပ်စက်ဘိစီး၍ သဒ္ဓါနည်းမှန်းမသိ အားငယ် လာမှန်းမသိ ဖြစ်လျက် ကေရာင်ဗိုပက္ခအဘို့သို့ ရောက်ကြသဖြင့် ဝက္ကလိမထေရ် ကို မြတ်စွာဘုရားသည် ငါ၏ ဤပုတိကာယကို ကြည့်ရှုကြည်ညို နေသဖြင့် သင်၌အဘယ်အကျိုးရှိအံ့နည်းဟုဆိုတော်မူသည်၊ ထို့ ကြောင့် ရုပ်ပွါး, ဆင်းတု, စေတီတွေကို ကြည်ညိုရှိခိုး၍ အကျိုး မရှိဟု ဟောပြောကြပြန်၏၊ ဤနေရာ၌ ဤသို့ဆင်ခြင်ရာ၏။

**ဆင်ခြင်ဘွယ်**……လောကစကား၌ပင် ဆင်ကြီးကိုချည်သော ကြိုးဖြင့် ကြက်ကလေးကိုချည်က ကျွတ် တတ်သည်၊ ကြက်ကလေးကိုချည်သောကြိုးဖြင့် ဆင်ကြီးကိုချည် ပြန်က လွတ်တတ်သည်ဟု ဆိုကြ၏၊ ထို့အတူ ကပ္ပါများစွာ ပါရ မီတော်များကို ဖြည့်ခဲ့ပြီးသော ဆင်ကြီးနှင့်တူသော ဝက္ကလိ မထေရ်၏ ဇ္ဈာန်ခြေတို့ကို မြတ်စွာဘုရားဆင်ခြင်တော် မူသောအခါ များမကြာမီ ရဟန္တာဖြစ်အံ့၊ယခုမူကား သဒ္ဓါအား သဒ္ဓိန္ဒြေအား ကြီးနေသဖြင့် သမာဓိလောက်၌ တည်နေသောကြောင့် သဒ္ဓါ လျော့ပါးသွားမှသာ ပညာ၏ကိစ္စကိုဆောင်ရွက်နိုင်မည်ဟု ဇ္ဈာန်ပြယ ပရောပရိယတ္တိဉာဏ်ဖြင့် သိမြင်၍ မောင်းမဲတော်မူရ၏၊ အကျိုး မရှိ၍မဟုတ်၊ရင်းကြည့်မြင်မှုထက် လွန်ကဲသော အရဟတ္တဖိုလ်ကို ရစေလိုသောကြောင့် ဆိုတော်မူသည်ဟု သိရ၏။

ယခုကာလ ကြက်ကလေးနှင့်တူသောသူများသည် ဆင်ကြီး နှင့်တူသူကိုတု၍ ဆင်ကြီးနှင့်တူသော ဝက္ကလိမထေရ်၏ ဗုဒ္ဓါ ရမ္မဏာပီတိမျိုးကို အစိတ်အရာအထောင်စိတ်၍ တစိတ်လောက်မျှ နှင့်တူစွာ မရသေးဘဲလျက် ရုပ်ပွါးဆင်းတု ဓာတုစေတီကို ပယ်

နေကြသဖြင့် အုံ့ဘွယ်ကောင်းတော့၏၊ ဘယ်အကျိုးကိုမျှ မရဘဲ အပါယ်ငရဲသို့ ကြက်ကလေးတွေနှင့်တူစွာ ကြိုးကျွတ်၍ ကျကုန်တော့အံ့ ဟူလို။

**ဥပမာ**……ဤလောက၌ ဘုရင်မင်းမြတ်ထံ အခစား ဝင်လာသော သူဌေးကြီး၏ဂုဏ်ကို ထောက်ထား၍ သင်ယခုဝတ်ဆင်လာသော ၅ဝိ-တန် ပုဆိုးသည် အဘိုးမထိုက်တန် ဝတ်ဆင်ရန်မလျော် မဝတ်ပါနှင့်ဟု ရှင်ဘုရင်ဆိုသော စကားကို ဆင်းရဲသားသည်ကြား၍ ၅ဝိ-တန်ပုဆိုးသော်မှမကောင်း အဘိုးမတန်လျှင် ၅-တန် ၁ဝိ-တန်တို့မှာ ဆိုဘွယ်ရာမရှိဟုထင်၍ မယူလိုလျှင် မရရုံရှိတော့မည် အကျိုးပျက်စီးတော့မည်ကိုသိရသကဲ့သို့ ထို့အတူ ဝက္ကလိမထေရ်တည်းဟူသော သဒ္ဓါ၊ ပညာ၊ သူဌေးကြီးအား မေခင်းမဲတော်မူသောစကားတစ်ခွန်းကို ကြားရ ဘတ်ရသဖြင့် သဒ္ဓါမဲ့သမားတို့သည် ရုပ်ပွါးစသည်တို့ကို မကြည်ညိုမကိုးကွယ်နိုင်ကြလျှင် ကုသိုလ်မရ အပါယ်သို့ကျရုံသာ ရှိတော့မည်ဟု ဆင်ခြင်၍ မိမိတို့ကိုယ်ကိုမိမိတို့ အထင်ကြီးခြင်းဟူသော အဓိမာနကိုပယ်ရှားလျက် ယောနိသောမနသိကာရအားဖြင့်ယူဆ ဟောပြောကြသင့်၏။

**ဒဿနာနုတ္တရိယ**……မြတ်စွာဘုရားနှင့် ဘုရားတပည့်သားတို့ကို ဖူးမြင်ရခြင်း၏ မြင့်မြတ်လွန်ကဲပုံကို ယခုပါရမီရင့်ကျက်ပြီးသော ဝက္ကလိမထေရ်ကဲ့သို့ သဒ္ဓါမပြည့်စုံသေး၍ အရဟတ္တဖိုလ်သို့ရောက်ရန် တဖြည်းဖြည်းဖြည့်ကျင့်ရမည့်သူတို့ကို ဟောကြားတော်မူသော၁အခါ၌ကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာစကားအရ မှတ်ရာ၏။

**ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌—**

ယောစ ခေါ ဘိက္ခဝေ တထာဂတံဝါ တထာဂတသာဝကံဝါ ဒဿနာယ ဂစ္ဆတိ၊ နိဝိဋ္ဌသဒ္ဓေါ နိဝိဋ္ဌပေ

မေဝ ဧကေန္တဂတော အဘိပ္ပသန္နော ဧတဒါနုတ္တရိယံ ဘိက္ခဝေ ဒဿနာနံ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ (ပ) ဇာနံ ဝုစ္စတိ ဘိက္ခဝေ ဒဿနာ နုတ္တရိယံ။

ဟုဂုဏ် ဘွင့်ပြရေးသားတော်မူ၏။

**အနက်ကား**……ဘိက္ခဝေ၊ ရဟန်းတို့။ခေါ၊ စင်စစ်။ ယောစ၊ အကြင် ပုဂ္ဂိုလ်သည်လည်း။ တထာဂတံဝါ၊ မြတ်စွာဘုရားကိုဒင်း။ တထာဂတသာဝကံဝါ၊ မြတ်စွာဘုရား၏ တပည့်သားကိုဒင်း။ နိဝိဋ္ဌသဒ္ဓေါ၊ သက်ဝင်သောသဒ္ဓါရှိသည်ဖြစ်၍။ နိဝိဋ္ဌပေမော၊ သက်ဝင်သော ချစ်ခင်ခြင်းရှိသည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုခြင်း ရှိသည်ဖြစ်၍။ ဧကေန္တဂတော၊ စင်စစ်ရောက်ရှိသည်ဖြစ်၍။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ ဂစ္ဆတိ၊ သွား၏။ဘိက္ခဝေ၊ရဟန်းတို့။သတ္တာနံ၊ သတ္တဝါတို့၏။ ဒဿနာနံ၊ ဖူးမြင်ခြင်းတို့တွင်။ ဧတံ၊ ဤမြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သားကို ဖူးမြင်ရခြင်းသည်။ အနုတ္တရိယံ၊ မိမိထက် လွန်ခြင်း မရှိသော ဖူးမြင်ခြင်းတည်း။ ဝိသုဒ္ဓိယာ၊ ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ သောကပရိဒေဝတို့ကို။ သမတိက္ကမာယ၊ကောင်းစွာလွန်မြောက်ခြင်းငှါ။ဒုက္ခဒေါမနဿာနံ၊ ဒုက္ခဒေါမနဿတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ပျောက်ခြင်းငှါ။ ဉာယဿ၊နိဗ္ဗာန်ကို။ အဓိဂမာယ၊ ရောက်ခြင်းငှါ။ နိဗ္ဗာနဿ၊နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ဟောတိ၊ဖြစ်၏။ (ပ) ဘိက္ခဝေ၊ရဟန်းတို့။ ဇာနံ၊ဤဖူးမြင်ခြင်းကို။ ဒဿနာနုတ္တရိယံ၊ မြင်ခြင်းဟူသမျှတို့ထက် အလွန်အကဲမရှိမြတ်သော ဖူးမြင်ခြင်း ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤကား-သာသနာတွင်း ပုညာဘိသန်္ဒါရကို မကြောက်ရပုံနှင့် စပ်၍ ပြခြင်းတည်း။

## စေတနာဟာရနှင့် ယှဉ်မှားချက်

ဤနည်းအတူ အချို့အချို့သော ပုဂ္ဂိုလ်တို့သည်လည်း အာဟာရ လေးပါးကို ပိုင်းခြားရာ၌ ကဗဠီကာရ အာဟာရကို ကန္တာရ ခရီးခဲ၌ သဲပူမိ၍ သေသောသားငယ်၏အသားကို ခရီးခဲကိုကျော် နိုင်ရန် အားရှိစေရန် မစားလိုဘဲလျက် စားသောက်သော မိဘ ကဲ့သို့ ပိုင်းခြားနိုင်, သိမြင်ပွါးများဆင်ခြင်နိုင်မှု အနာဂါမ် ဖြစ်နိုင် ကြောင်း ဟောတော်မူ၏။

ဖဿာဟာရကို, နွားမကြီးကို အရေခွါ၍ထားရာ၌ မွှားငယ်, ပိုးငယ်တို့ ကိုက်ခြင်း ခံရသဖြင့် ငြီးငွေ့ စက်ဆုပ်သောစိတ် ဖြစ် သကဲ့သို့ရင်း......

ဝိညာဏာဟာရကို ကားတိုင်၌တင်၍နံနက်, နေ့, ည, လှံချက် ပေါင်းများစွာတို့ဖြင့် ထိုးဆွခြင်းခံရသဖြင့် သက်သာရာမရသော စိတ်ဖြစ်သကဲ့သို့ရင်း......

**စေတနာဟာရမပြုရဟု**······စေတနာ ဟာရကို မီးကျီးတွင်းသို့ ထိုးချခြင်း ခံရလတ္တံ့သော ပုဂ္ဂိုလ်၏ စိတ်သည် မီးကျီးတွင်းသို့ ကျရောက်ခြင်းမှ ဝေးကြီး ဝေးကွာချင်သကဲ့သို့ရင်း၊ ပိုင်းခြား ပွါးများနိုင်လျှင် အရဟတ္တဖိုလ် သို့ ရောက်နိုင် ရနိုင်ကြောင်းကို ဟောပြသော ပါဠိ၌ အကြံ များ၍ ချော်၍ စေတနာဟာရ ပညာဘိသင်္ခါရကို မီးကျီးတွင်း ကဲ့သို့ ကြောက်ရမည် မပြုရဟု ယူဆလေ၏၊ ဟောပြလေ၏၊ အခြားတပြိုင်နက် ဟောသော ကဗဠီကာရ စသည်တို့၏အပြစ် ကိုကား မကြည့်လေ······

**မေးဘွယ်ရာ**······ဤအာဟာရ လေးပါးတို့တွင် စေတနာဟာရ ပညာဘိသင်္ခါရကိုသာ ကြောက်၍ မပြုဘဲ နေထိုက်သလော၊ ကဗဠီကာရ အာဟာရကိုလည်း မစားဘဲ မနေ ထိုက်သလော၊ ဖဿာဟာရကိုလည်း မိမိကိုယ်၌ အတွေ့ဖဿမရှိ

ရစေရန်အဘယ်ကဲ့သို့လုပ်ဆောင်ရမည်နည်း၊ဝိညာဏာဟာရကို လည်း မိမိကိုယ်၌ စိတ်မရှိရန် အဘယ်ကဲ့သို့ ကြံရပါမည်နည်း၊ အဘယ့်ကြောင့် မငြီးငွေ့ မကြောက်လန့် မပိုင်းခြားသနည်းဟု မေးရန် ဖြစ်နေ၏။

**မတူလျှင်မတုနှင့်ဦး**·····ထို့ကြောင့် မြတ်စွာဘုရား၏ ဇာနန္တိယ ပဿေ ပရိယတ္တိဉာဏ်, အာသယာ နုသယ ဉာဏ်တို့ဖြင့်ပုဂ္ဂိုလ်, အမျိုးအစားအလိုက် အထက်၌ ပြခဲ့သော ဝဏ္ဏလိမထေရ်၏နည်းတူ သူနှင့်သူ့ သဒ္ဓါပညာကို ကြည့်၍ ဟောရသည်ကို ယခုအခါ အာဟာရေပဋိကူလ သညာမျက်ပင် အာဟာရစား၍ သတိမထားနိုင်သေးသူတို့သည် ရဟန္တာဖြစ်အံ့ ဆဲဆဲ,အနာဂါမ်ဖြစ်အံ့ဆဲဆဲ, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါ ဉာဏ် အခိုက်အတန့်သို့ရောက်သော ပုဂ္ဂိုလ်တို့အား ဟောသော တရားကိုယူ၍ အလွဲသုံးစား ပြုလုပ်ကြသဖြင့် များစွာ ရှက်ဘွယ် ကြောက်ဘွယ်ကောင်းတော့၏၊ မတူလျှင်မတုနှင့်ဦးဆိုလိုသည်။

ဤကား—စေတနာဟာရ၌ ယူမှားချက်ကိုပြခြင်းတည်း။

---

## တဒင်္ဂပဟာန်၌ယူမှားချက်

**ယူဆချက်**····အချို့အချို့သောပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ယူ ဆထားသော ခန္ဓာငါးပါးအစုကိုစွဲ၍ခေါ်သော သမုတိသစ္စာအရ ငါသူတပါး, ယောက်ျား,မိန်းမ ထင်မှတ်မှုသည် ပင် သက္ကာယဒိဋ္ဌိဖြစ်၏ ဟူသော အပဒေါ်နှင့် ညီညွတ်စေရန် ရုပ်နာမ်—ဟု နှလုံးသွင်း၍ ဝိပဿနာရှုခိုက်၌ သက္ကာယဒိဋ္ဌိ ကွာနေ ၏၊ ထိုရုပ်နာမ်စိတ်, ဝိပဿနာစိတ် ချုပ်သွား၍ ငါသူတပါး, ယောက်ျား, မိန်းမ စသည်ထင်မှတ်ပြန်သော် သက္ကာယဒိဋ္ဌိကပ် ရောက်လာပြန်၏၊ ဝိပဿနာဖြင့် တဒင်္ဂပဟာန်, လျှပ်တပျက် ခန့်သာ ခွါရန်တတ်နိုင်၏ဟု ယူဆဟောပြောကြပြန်၏။

**မည်မျှပင်ကြာစေတဒဂ်ဖြင့်သာ**......တဒဂ်ပဟာန်ဖြင့် လျှပ်
တပျက် လောက်မျှ ခွါ
နိုင်ကြောင်းကို ကျမ်းဂန်တို့၌ မတွေ့မြင်၊ ထိုထိုဝိပဿနာဉာဏ်ဖြင့် ထိုထိုအကုသိုလ် တရားတို့ကို ပယ်ကြောင်း **"တေနတေန ဉာဏင်္ဂေနတဿ တဿပဟာနံ တဒင်္ဂပဟာနံ"** ဟူသော ပါဠ်အရ ကာလရှည်စွာပင် ပယ်နိုင်၏၊ ထို့ကြောင့် အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့၌လည်း **"သီလဝိသောဓနမ္ပိဟိ တဒင်္ဂပဟာနန္တိ ဝုစ္စတိ"** ဟူ၍ သီလကို ရှည်ကြာစွာ ထိန်းသိမ်းနေသမျှ ကာလပတ်လုံး, သီလပျက်စီးရန် ထိုးကျင်သောကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်ထား၏ဟု ဖွင့်ပြတော်မူကြကုန်၏၊ သီလ မပျက်သေးသမျှ မည်မျှပင်ကြာစေကာမူ တဒင်္ဂ ပဟာန်ဖြင့်ပယ် နေ၏ဟူလို။

**အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ် နီဝရဏပဟာနဝဂ်၌ လည်း**......

**သိနိုင်ကြောင်း**......မြတ်စွာဘုရား လက်ထက်တော်၌ ၆၀ မျှ
ကုန်သော ဝိပဿနာကိုလွန်စွာအားထုတ်
ကုန်သော ရဟန်းတို့သည် မိမိတို့၏သန္တာန်၌ ကိလေသာစိတ် မပေါ်လာသောကြောင့် ရဟန္တာငါတို့ ဖြစ်ကုန်ပြီဟု ထင်မှတ်၍ ဘုရားသျှင်ထံသို့မဂ်ဖိုလ်ကို ပြောကြားရန်လာကြကုန်၏၊ မြတ်စွာ ဘုရားသိတော်မူ၍ အာနန္ဒာ အရှင်မြတ်ကို ခေါ်တော်မူပြီးလျှင် ဤ ၆၀ မျှသော ဝိပဿနာ ယောဂီရဟန်းတို့ကို ဘုရား၏အထံ သို့မရောက်လာမီ သုသာန်၌သေ၍ ပစ်ထားစဖြစ်သောလူကောင် တို့ကိုကြည့်၍ အသုဘဘာဝနာပွါးများကြရန် စေလွှတ် လိုက်ဟု အမိန့်ရှိတော်မူသဖြင့် ထိုရဟန်းတို့ ရောက်လာသောအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရား အမိန့်အတိုင်း ပြောကြား သဖြင့် သုသာန်သို့ သွားရောက် ကြည့်ရှုကြရာ ဝိသဘာဂ မာတုဂါမ အလောင်းအာရုံနှင့်တွေ့ကြုံလျက် ကိလေသာ ဥပါဒ်ချက်ကြောင့်

သတိရကြပြီးလျှင် မြတ်စွာဘုရားသိမြင်တော်မူသည့်အဖြစ်ကြောင့် ငါတို့အား သုသာန်သို့လွှတ်စေသည်ဟု ထိတ်လန့်လျက် ပုထုဇန်အဖြစ်ကို ရှက်ပြီးလျှင် ဆက်လက်တရား အားထုတ် သဖြင့် ရဟန္တာအဖြစ်သို့ရောက်ကြကုန်၏ဟု ဘွင့်ပြထားသဖြင့် တဒင်္ဂပဟာန်အားဖြင့် လျှပ်ပျက်ခါမျှ ပယ်နိုင်သည်ဟူသော အယူဝါဒများကိုစွန့်ထားပစ်ပယ်သင့်ကြကြောင်း ဤဝိပဿက ရဟန်း ၆၀ တို့သည် ကြာရှည်စွာ ကိလေသာကို ခွါထားသဖြင့် ရဟန္တာပင် အထင်မှားနိုင်ရန် ကွာနေကြောင်းသိအပ်၏။

ထို့ကြောင့် သမုတိသစ္စာ, ငါသူတပါး ယောကျာ်း, မိန်းမ ထင်မှတ်စွဲလမ်းမှု, သညာဝိပလ္လာသကိုကြာရှည်စွာ မခွါနိုင်သော်လည်း အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဖြစ်သောငါသူတပါး, ယောကျာ်း မိန်းမထင်မှတ်၍ စွဲလမ်းမှုကိုကား အနှစ် ၄၀–၅၀–၆၀–ပင် ခွါ ထားနိုင်၏ဟုမှတ်ရာ၏၊ နောက်၌ကွာခြားပုံကိုပြခဲ့ပြီ။

**ဥပမာ**......သက္ကာယဒိဋ္ဌိနှင့်အတူ တပြိုင်နက် တချက်ထည်း မဂ်ဖြင့် ပယ်ရမည့်ဒိဋ္ဌိ ၆၂ ပါးတို့တွင် ပါဝင်သော ကုသိုလ်,အကုသိုလ်ကို ပြုသော်လည်း အကျိုးအပြစ်မရှိ၊ မိမိအကျိုးရှိမည်ဟု အမှန်သိခဲ့သော် အမိအဘကိုသော်လည်း သတ်ကောင်း၏၊ အပြစ်မရှိဟူသော တိတ္ထိတို့၏အယူ, ဒိဋ္ဌိ ကိလေသာသည် ဗုဒ္ဓဘာသာလူမျိုးတို့၌အနှစ် ၄၀–၅၀–၆၀– အတွင်း တကြိမ်တခါမျှစိတ်၌ မပေါ်မယှဉ်မဖြစ် မဥပါဒ်လေ၊ ထိုသို့မဖြစ်ပေါ်ခြင်းသည်မဂ်ဖြင့် ပယ်ထား၍လည်းမဟုတ်၊ ဈာန်,အဘိညာဏ်, သမာဓိဖြင့်ပယ်ထား၍လည်းမဟုတ်၊ သမုစ္ဆေဒပဟာန်ဖြင့်လည်း မပယ်၊ဝိက္ခမ္ဘနပဟာန်ဖြင့်လည်းမပယ်၊ထိုထိုသိတတ်သောဉာဏ် တဒင်္ဂပဟာန်ဖြင့်သာ ပယ်ထား၍ မိမိစိတ်၌ အနှစ်များစွာ မပေါ် မဖြစ်လာကြောင်းကိုသိအပ်၏။

ထိုနိယတ, မိစ္ဆာ ဒိဋ္ဌိ၏အတူ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိကို လည်း ဗုဒ္ဓဘာသာတို့၌ ထိုအယူကို ကူးပြောင်း၍မယူသေးသမျှ

ကာလပတ်လုံး အနှစ်များစွာအသက်ဆုံးသည့်တိုင် ခွါထားနိုင်၏။ ထိုသို့ပယ်ထားနိုင်ခြင်းသည်လည်း ဘုရားအစရှိသော သူတော်ကောင်းကိုမှီခိုရခြင်း, သူတော်ကောင်းတရားကို ကြားနာရခြင်း, သာသနာတွင်း ပုထုဇန်ဖြစ်ရခြင်း ကုသိုလ်ဉာဏ် မဂ်တို့ကြောင့် ပင်ဟုသိအပ်၏။

ဤကား-တဒင်္ဂပဟာန်ဖြင့် ကြာရှည်စွာကိလေသာကိုခွါနိုင်ကြောင်းဟု တဒင်္ဂပဟာန်၌ယူမှားချက်ကို ပယ်ဖြတ်ပြခြင်းတည်း။

---

## ဆုတောင်းကြောင့် ဂတိမြဲပုံ

ဤသို့အတ္တဒိဋ္ဌိနှင့်သည့ာဝိပလ္လာသ မခွဲခြားဘဲ ယူဆထားခြင်းကြောင့် ယခုရေးပြခဲ့ပြီးသော သံသယ, အရှုပ်အထွေးတို့ဖြစ်ကြရကုန်၏၊ ယခုလည်း အရပ်ရပ်နှင့် ရောထွေး ရှုပ်ပွေလျက် ဆုတောင်း၍ သံသရာရှည်သည့် သဏ္ဍာနပညတ်ခံနေ၍ ပရမတ္ထသစ္စာကိုမပေါက်နိုင်ဟုယူဆနေကြပြန်၏။

**ဂတိမြဲ-မမြဲ**······ဉပရိပဏ္ဏာသ အဋ္ဌကထာ၌ကား ဤသို့ပြထား၏၊ ပုဂ္ဂိုလ်တဦးတယောက်၌ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဟူသောတရား ၅ ပါးတို့သည် ရှိကုန်၏၊ ဆုတောင်းပတ္ထနာကားမရှိ ၊ထိုပုဂ္ဂိုလ်၏ လားရာဂတိသည် မမြဲ၊ တပါးသောပုဂ္ဂိုလ်၌ကား ဆုတောင်းပတ္ထနာသည်ရှိ၏၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ စသောတရားငါးပါးတို့သည် မရှိကုန်၊ ထိုပုဂ္ဂိုလ်၏ဂတိလည်းမမြဲ၊ တပါးသော ပုဂ္ဂိုလ်၌ကား ထိုတရားငါးပါးတို့သည်ရှိကုန်၏၊ ဆုတောင်းပတ္ထနာသည်လည်း ရှိ၏၊ ထိုပုဂ္ဂိုလ်၏ဂတိသည် မြဲ၏ဟုဘွင့်ပြ၏။

**ဆုတောင်းမပြည့်၍**······ဤစကားရပ်၌ မမြဲဟူသော စကားသည် ကောင်းသောဂတိသို့မရောက်ဟုဆိုသည်မဟုတ်၊ ရောက်သောအခါ ရောက်၍ မရောက်သော

အခါ၌မရောက်ဖြစ်တတ်၏ဟုဆိုလိုသည်၊ ယခုအခါ၌ နိဗ္ဗာန်ကိုမှု ရှေးဦးစွာ ဆုတောင်းပြီးဖြစ်၍ အတူတူပင် ရကြရောက်ကြမည် မှန်စေကာမူ နိဗ္ဗာန်သို့မရောက်မီစပ်ကြား သုဂတိဘုံ၌သာ ရပ်နား ခွင့်ကိုကား ဆုတောင်း၍ထားသော ပုဂ္ဂိုလ်တို့၌ ပြည့်စုံတတ်ကုန် ၏၊ ဆုမတောင်းသောပုဂ္ဂိုလ်၌မူကား ဂတိအလားသည် ပြည့်စုံ မှုလည်း ပြည့်စုံအံ့၊ မပြည့်စုံသောအခါ၌ မူလည်း မပြည့်စုံဖြစ် တတ်၏ဟု ဆိုလိုသည်၊ ယခုကာလ တိုင်းပြည်ပျက်သော ဒုက္ခ နှင့် တွေ့ကြရသူတို့တွင်ပင် အချို့သူတို့၌ စည်းစိမ်ဥစ္စာပျက်စီး၏၊ အချို့သူတို့၌ မပျက်စီးသည်တို့ကို တွေ့မြင်ရ၏၊ ဤကား ဆုနှင့် မပြည့်စုံ၍ပင်တည်း။

**ဆုတောင်းမရှိ၍မမြဲ**......ဥပမာ တဦးသောပုဂ္ဂိုလ်သည် မိမိ ၏အရပ်မှ မြို့ကြီးတမြို့သို့ သွားရန် မီးရထား၌ ပထမတန်းလက်မှတ်ကိုသာခံယူထား၏၊ တဦးသော ပုဂ္ဂိုလ်သည်ကား ၎င်း၏နည်းတူ ဤမီးရထားဖြင့်ပင်သွားရန် ပထမ တန်းမီးရထားလက်မှတ်နှင့်တကွ သီးခြားလက်မှတ် (ရဆာဘတ်) ကိုလည်း ခံယူထားပြန်၏၊ ထိုအလှည့် ထိုအချိန်၌လူကြပ်၍ ပထမ တန်းစီးသူများနေလျှင် သီးခြားလက်မှတ် (ရဆာဘတ်)မရှိသူကိုချန် ထားခဲ့၍ ရှိသောသူကို တင်ဆောင်၍ သွားရ၏၊ ထို့အတူ ဆု တောင်းပတ္ထနာမရှိသူ၌မမြဲ၊ ဆုတောင်းပတ္ထနာရှိသူ၌မြဲ၏ဟူသော စကားကို မှတ်သားရာ၏၊ လုံးလုံး မရောက် မရဟု ဆိုလိုသည် မဟုတ်။

**ခွဲခြားမှတ်လေ**.....နောက်၌လည်း တကျော ဖြစ်ပေါ်တိုင်း ကြောက်ရွံ့ရသည် မဟုတ်၊ နိဗ္ဗာန်သို့ ရောက်စေတတ်သောတကျော မရောက်စေတတ်သော တကျောနှင့် ထို့အတူ မာနနှစ်မျိုး ဒေါမနဿနှစ်မျိုးစီရှိကြောင်းကို ကျမ်းအကိုး သာဓကတို့ဖြင့် ပြခဲ့ပြီးပြီ၊ ထို့ကြောင့် ခရစ္စိယန် အယူရှိသူတို့၏ တောင့်တသောဆုတောင်းနှင့် ဗုဒ္ဓဘာသာအယူရှိသူတို့၏ တောင့်

တသောဆုတောင်းတို့၏ ပြည့်စုံနိုင်ပုံ မပြည့်စုံနိုင်ပုံတို့ကိုလည်း ခွဲခြားပြီးလျှင် မှတ်သင့်၏။

---

## သညာနုပဿနာ ချင်းကွာခြားပုံ

**ရောယှက်ဟောကြပုံ**……ထိုမှ တပါး သက္ကာယဒိဋ္ဌိ အရာ၌ သညာနုပဿနာကို ပရမတ်မပေါက်နိုင်မည်ကိုကြောက်ရွံ့ကြသဖြင့် ဗုဒ္ဓါနုဿတိကိုစီးဖြန်းရာ၌ မြတ်စွာဘုရား၏ ရုပ်ပွါးဆင်းထု သညာနုပဿနာကို အာရုံမပြုရ ဟူ၍၎င်း, ဝိပဿနာစီးဖြန်းရာ၌ ရုပ်သညာနုပဿနာ ဒြဗ်ခံနေ၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်ဟူ၍၎င်း ယူဆဟောပြော နေကြပြန်၏၊ ဤနေရာ၌လည်း သညာနုပဿနာနှစ်မျိုးကိုမခွဲခြားမူ၍ တပါးတရထည်း ပြုလျက် ရောယှက်ဟောပြောနေကြပြန်၏။

**သညာနုပဿနာကိုအခြေခံလျက်**…နိဗ္ဗာန်မဂ်ဖိုလ်သို့မရောက်နိုင်ရန် တားမြစ် တတ်သော သညာနုပဿနာမျိုးကား မရှိသောအတ္တ၏ သညာနုပဿနာကို ရှိ၏ဟု ယူဆယုံကြည် ကြီစည်သော သညာနုပဿနာဖြစ်၏၊ မြတ်စွာဘုရား၏သညာနုပဿနာ,အဋ္ဌိ အရိုးစု ဥဒ္ဓုမာတကစသော သညာနုပဿနာမျိုးသည်ကား မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ရန် တားမြစ်သော သညာနုပဿနာမျိုးမဟုတ်၊မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်နိုင်ရန် အထောက်အပံ့အခြေခံ သညာနုပဿနာမျိုး ဖြစ်၏ဟု ခွဲခြား မှတ်သားထိုက်၏၊ အဘယ့်ကြောင့်နည်းဟူမူကား မာရ်နတ်မင်း ဖန်ဆင်း၍ပြသော မြတ်စွာဘုရား၏သညာနုပဿနာကိုအခြေခံ အာရုံပြုလျက် ဗုဒ္ဓါရမ္မဏပီတိမှတဆင့်တက်ပြီးလျှင်ပဿဒ္ဓိ,သုခ, သမာဓိ, ယထာဘူတဉာဏ် အရဟတ္တဖိုလ်တိုင်အောင် တံမြက်လှဲနေသော ရဟန်းတပါး သိမြင်၍ သွားသဖြင့် အဆီးအတား သညာနုပဿနာမျိုး မဟုတ်လေ၊ ထိုမှတပါး မြတ်စွာဘုရား ဖန်ဆင်း၍ပြသော နိမ္မိတ မိန်းမ ငယ်၏ သညာနုပဿနာကို အခြေခံ

လျက် ဗိမ္ဗိသာရမင်း၏ မိဖုရားခေမာသည် ရဟန္တာ၏ အဖြစ်သို့ ရောက်ရကြောင်းကို ကျမ်းဂန်တို့၌လာသောကြောင့်တည်း။

---

## သဏ္ဍာနပညတ်၏ ရူပအစိန္တေယျဂုဏ်ထိုက်ပုံနှင့် ဘုရား၏ပုဂ္ဂလပညတ်ဖြစ်ပုံ

**သဗ္ဗညုတ ဉာဏ်သက်သက်, ဗုဒ္ဓမဟုတ်**......မြတ်စွာဘုရား၏ ဂုဏ်တော် ဗုဒ္ဓါ နုသတိကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ ဗုဓ-ဓာတ်သည် သဗ္ဗညုတ ဉာဏ်တော်ကိုဟော၏၊ တ-ပစ္စည်းကို ပြောင်းလဲ စီရင်၍ ထား သော (ဒ) သည် ခန္ဓာဒြဗ်တော်ကို ဟော၏၊ ထိုဓာတ်နက်နှင့် ပစ္စည်း အနက်နှစ်ခုကိုစပ်ယူသောအခါ (၁) အလုံးစုံသောတရား ကို သိတော်မူ (၂) တဘ်သောဘုရားဟု ဓာတ်ပစ္စည်း နှစ်ပါးတို့၏ အနက်ရ၏၊ ဓာတ်ဟော သဗ္ဗညုတဉာဏ်သက်သက်ကိုသာ ဘုရားဟု ကောက်ယူလျှင် ဗုဒ္ဓ-ဟုမဖြစ်၊ (ဗုဓ)သာ ဖြစ်နေတော့ အံ့၊အနက်လည်းမဆုံးဖြစ်တော့အံ့။

**ပရမတ်မဟုတ် ပညတ်သာ**......ဗုဒ္ဓ-ဟူသော ပုဂ္ဂိုလ်သည် ပရမတ္ထမဟုတ်၊ပုဂ္ဂလပညတ် တည်း၊ ထို့အတူ ဘဂဝါ ဂုဏ်တော်၌လည်း ၃၂-ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာကို ထည့်သွင်းဘွင့်ဆိုထားပြန်၏၊ အနုဋီကာ၌လည်း......

> နနုတတ္ထာ ပညတ္တိဝသေန သဘာဝဓမ္မော ဂယှတိတိ
> သစ္စံ အပရဘာဂေ သဘာဝဓမ္မေ ယေဝ တိဋ္ဌတိ။

စသည်ဖြင့်ဘွင့်ထား၏၊ ဗုဒ္ဓဂုဏ်တော်အရ သဗ္ဗညုဘဉာဏ် သက်သက်ကို မကောက်ယူရ၊ ရုပ်ခန္ဓာတော်ပါ ကောက်ယူရ ကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဝေါဒါနဉာဏ နိဒ္ဒေသဝဏ္ဏနာ၌......

သဗ္ဗေသု ဓမ္မေသု အပ္ပဋိဟတ ဉာဏ နိမိတ္တာ နုတ္တရ ဝိမောက္ခာဓိဂမ ပရိဘာဝိတံ ခန္ဓသန္တာနံ ဥပါဒါယ ပဏ္ဏတ္တိကော, သဗ္ဗညုတဉာဏ ပဒဋ္ဌာနံ ဝါ သစ္စာဘိ သမ္ဗောဓိ မုပါဒါယ ပဏ္ဏတ္တိကော သတ္တ ဝိသေသော ဗုဒ္ဓေါ။

ဟူ၍ ဘွင့်ပြတော်မူ၏။

**အနက်ကား**……သဗ္ဗေသု၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မေသု၊ ဉေယျဓမ္မတို့၌။ အပ္ပဋိဟတဉာဏ နိမိတ္တာ နုတ္တရဝိမောက္ခာဓိဂမ ပရိဘာဝိတံ၊ အပိတ်အပင်မရှိ သိမြင်တော်မူသောသဗ္ဗညုတဉာဏ်ကို ရကြောင်းနိမိတ်ဖြစ်သော မိမိထက်လွန်ကဲခြင်းမရှိသော ဝိမောက္ခ အရဟတ္တမဂ်ကိုရခြင်း ဖြင့် ထုံအပ်သော။ ခန္ဓသန္တာနံ၊ ခန္ဓာတော် အစဉ်ကို။ ဥပါဒါယ၊ စွဲ၍။ ပဏ္ဏတ္တိကော၊ ပညတ်ခြင်းသို့ ရောက်သော။ ဝါ၊ တနည်း ကား။ သဗ္ဗညုတဉာဏပဒဋ္ဌာနံ၊ သဗ္ဗညုတဉာဏ်လျှင် နီးစွာသော အကြောင်းရင်းရှိသော။ သစ္စာဘိသမ္ဗောဓိံ၊ သစ္စာလေးပါးကို သိမြင်ခြင်းကို။ ဥပါဒါယ၊ စွဲ၍။ ပဏ္ဏတ္တိကော၊ ပညတ်ခြင်းသို့ ရောက်သော။ သတ္တ ဝိသေသော၊ သတ္တဝါပုဂ္ဂိုလ် အထူးသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏။

ရုပ်သဏ္ဌာန်တော်၏ ရူပအစိန္တေယျ အားဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် ထူးမြတ်လှပ တင့်တယ်တော်မူခြင်းသည်လည်း ဂုဏ်တော်ပင်၊ ထို့ကြောင့် မပွါးများ မတွေးတောထိုက်သည် မဟုတ်၊ ၎င်းကိုအခြေခံလျက် တဘန် အရဟံစသော ဂုဏ်တော် သို့ရောက်နိုင်၏၊ ဂုဏ်နှင့်ဂုဏ်၏တည်ရာသည် အဘယ်မှာ ဆန့် ကျင်ဘက်ဖြစ်တော့အံ့နည်း၊ နောက်၌လည်း ဒဿနာနုတ္တရိယ၌ ပြခဲ့ပြီ၊ အဋ္ဌသာလိနီစသည်တို့၌လည်း အသင်္ချေယျာနိနာမာနိ၊ သဂုဏေန မဟေသိနော……စသည်ဖြင့်အရဟံစသောဂုဏ်တော် ကိုးပါးမှ အလွန် အများပင် မရေမတွက်နိုင်သော ဂုဏ်များရှိ

ကြောင်း ပြထား၏၊မကြီးစည့် မတွေးဆ အပ်သော သက္ကာယဒိဋ္ဌိ ဝိဝိကိစ္ဆာတို့၏အာရုံဖြစ်သော သဏ္ဌာန်ဒြပ်ကိုကား သမ္မောဟဝိ သုတ် အဋ္ဌကထာစသည်တို့၌—

အဇ္ဈတ္တဉ္စေ ဇီဝေါနာမ အတ္ထီတိ ဂဟေတွာ တဿ
သဏ္ဌာနာကာရံ နိဿာယ ဒီဃော နုခေါသို့ ရဿ,
စတုရဿ, ဆဠံသ, အဋ္ဌံသ သောဠသံသ သာဒိနံ အညတြ
ပ္ပကာရောတိ ကင်္ခန္တော, ကထံ နုခေါသို့တိ ဝေဒိတဗ္ဗော၊
သရီရသဏ္ဌာနံ ပန ပစ္စုပ္ပန္နံ အဇာနန္တော နာမ နတ္ထိ။

ဟူ၍ ဖွင့်ပြတော်မူ၏။

ဤပါဠိ၌ ဇီဝေါနာမ ဟူ၍ပင်ပါရှိသော်လည်း အတ္တနှင့် ဇီဝ သည် တိတ္ထိတို့ကြံဆသော သက္ကာယဒိဋ္ဌိ၏ အာရုံချည်းတည်း၊ ထို့ကြောင့် မဟာဋီကာစသည်တို့၌ ဇီဝေါတိ အတ္တာ ဟူ၍ တူမျှ ကြောင်းကို ဖွင့်ပြတော်မူ၏။

**အနက်ကား**·····အဇ္ဈတ္တဉ္စေ၊ ကိုယ်တွင်း၌။ ဇီဝေါနာမ၊ ဇီဝ ခေါ်သော အတ္တ မည်သည်။ အတ္ထီတိ၊ ရှိ၏ ဟူ၍။ ဂဟေတွာ၊ ယူဆ၍။ တဿ၊ ထိုအတ္တဇီဝ၏။ သဏ္ဌာနာကာရံ၊ သဏ္ဌာန်ပုံပန်း အခြင်းအရာကို။ နိဿာယ၊ အမှီပြု၍။ ဒီဃောနုခေါသို့၊ ရှည်ရှည် ဖြစ်လေသလော။ ရဿ စတုရဿ ဆဠံသ အဋ္ဌံသ သောဠသံသာဒီနံ၊ ထိုထို လေးထောင့် ခြောက်မြောင့် ရှစ်မြောင့် တဆဲ့ခြောက်မြောင့်စသည်တို့တွင်။ အညတြပ္ပကာရောတိ၊ တခုခုသောအပြားအားဖြင့် ဖြစ်လေသလောဟူ၍။ ကင်္ခန္တော၊ ယုံမှားသံသယဖြစ်သည်ရှိသော်။ ကထံနုခေါသို့တိ၊ ကထံနုခေါသို့ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ပန၊ မယုံမှားသင့်သော အဘို့တပါးကိုဆိုဦးအံ့။(ဤ၌ ပန ကား ပက္ခန္တရတ္ထတည်း။) ပစ္စုပ္ပန္နံ၊ မျက်မှောက်ထင်ထင် မြင်တွေ့နေသော ပစ္စုပ္ပန်ဖြစ်သော။ သရီရသဏ္ဌာနံ ပန၊ ဤကိုယ်သဏ္ဌာန်ကိုကား။ အဇာနန္တောနာမ၊ အရှည်,အတိုစသည် အလုံးအမြောင့်စသည်ဖြင့် မသိသောသူမည်သည်။ နတ္ထိ၊ မရှိ။

ဤသို့အတ္တဇီဝ၏သဏ္ဍာန်ကို ထင်မှတ်ယူဆသော်သော သက္ကာယဒိဋ္ဌိ ဝိဝိကိစ္ဆာ ဖြစ်ရသည်ကိုဘွင့်ပြလျက် ယခုဗုဒ္ဓဘာသာတို့၏ ကိုယ်သဏ္ဍာန်ပေါ်၌တင်၍ သက္ကာယဒိဋ္ဌိဖြစ်၏ဟုယူဆ ဟောပြောကြသောကြောင့် ဗုဒ္ဓါနုဿတိ စသည်တို့၌ပါ ယုံမှား၍ သဏ္ဍာန်ကိုပယ်ရှားနေကြရပြန်တော့၏။

ဤကား-သဏ္ဍာနပညတ်ခံနေသော်လည်း ပရမတ္ထသစ္စာပေါက်နိုင်ပုံနှင့်ဟက္က ဆုတောင်းကြောင့် ဂတိမြဲပုံကိုပြခြင်းတည်း။

---

## အတ္တဒိဋ္ဌိအာရုံခွဲပြချက်

**သညာ,စိတ္တ ခွဲမရလည်း**…… နောက်၌ ပြခဲ့ပြီးသော သညာဝိပလ္လာသ, စိတ္တ ဝိပလ္လာသ စသည်တို့၌ သညာနှင့်စိတ်ဟူသည် ဘယ်စိတ်မျိုး၌မျှခွဲ၍မရ၊သမ္ပယုတ္တအားဖြင့် တပြိုင်နက်အတူတူယှဉ်တွဲလျက် ဖြစ်၏၊ သို့ရာတွင် ဒိဋ္ဌိမယှဉ်သောစိတ်၌ စိတ်၏ကိစ္စအားငယ်၍ သညာ၏ကိစ္စက အားကောင်းသော အကုသိုလ်စိတ်မျိုး၌ သညာဝိပလ္လာသဖြစ်ကြောင်း၊ ထို့အတူ ဒိဋ္ဌိမယှဉ်သောစိတ်၌ စိတ်၏ကိစ္စ အားကြီးသောအခါ သညာပင်ပါရှိသော်လည်းစိတ္တဝိပလ္လာသ ဖြစ်ကြောင်းကို နောက်၌ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာစကားဖြင့် ပြခဲ့ပြီးပြီ၊ ဒိဋ္ဌိယှဉ်သော သမ္ပယုတ်စိတ်၌ကား သညာစိတ်တို့ထက် ဒိဋ္ဌိက အားကောင်းပြန်သောကြောင့် ဒိဋ္ဌိဝိပလ္လာသဖြစ်ရပြန်၏၊ သူကြိုက်ရာအာရုံ၌ သူအားကောင်းတတ်သည်ဟုဆိုလို၏။

**ဒေါသ,ဒေါမနခွဲမရလည်း**…..ပဋိဃ ဟူသော ဒေါသသည် အလိုမရှိအပ်သော အနိဋ္ဌာရုံ၌ အားရှိ၏၊ဒေါသနှင့် ဒေါမနဿဝေဒနာတို့ ထိုစိတ်၌ခွဲ၍မရ၊သမ္ပယုတ္တအားဖြင့် ပါလျက်ရှိ၏၊သို့ရာတွင် ဒေါသစေတသိက် ပြဋ္ဌာန်းသောကြောင့် ပဋိဃစိတ်ဖြစ်ရ၏၊ ဒေါမနဿဝေဒနာကား မခေါ် လောက် မပြောလောက်လေ၊ တဘက်ချွန်မှချွဲကျသော

ပုဂ္ဂိုလ်အား ဈာန်ရစဉ်အခါ၌ တွေ့ကြုံခံစား ရဘူးကုန်သော ဈာန်နှင့်ယှဉ်သော အလိုရှိအပ်သောဝေဒနာတို့ကိုအကြောင်းပြု၍ ဆုံးရှုံးရလေခြင်းဟု နှလုံးမသာသည်၏ အစွမ်းဖြင့် ဒေါမနဿသည် ဖြစ်၏။ တနည်း ရအပ်ပြီးသော အလိုရှိအပ်သောဈာန္တာရုံ၏ ဘောက်ပြန်ပျက်စီးရသည်ကိုရင်း, မရဘူးသော အလိုရှိအပ်သော ဈာန္တာရုံ၏မရနိုင်ခြင်းကိုရင်း အဖန်တလဲလဲ တောင့်တ အောက်မေ့သောပုဂ္ဂိုလ်အား ဒေါမနဿသည် စိတ်မချမ်းသာခြင်းသည်ဖြစ်၏။ ဤသို့ ဈာန္တာရုံကိုစွဲ၍ဖြစ်ရာ၌ ဒေါမနဿ ဝေဒနာသာ ဖြစ်၏။ (ဒေါသ၏ကြိုက်နှစ်သက်ရာအာရုံ အနိဋ္ဌကိုစွဲ၍မဖြစ်သောကြောင့်) ပဋိဃသာနုသယ ဒေါသစိတ်ဟု မခေါ်လေ၊ ဒေါမနဿ ဝေဒနာနှင့်အတူ ဒေါသစေတသိက်သည် စိတ်တခုတည်း၌ဖြစ်သော်လည်း အာရုံချင်းမတူသဖြင့် ပြဋ္ဌာန်းရာက ရှောင်သွား၏။

**ပါဏာတိပါတဒေါသ ဗျာပါဒမဖြစ်** ....ထို့အတူ သတ္တဝါ တစုံတခုကို အသေသတ်ပါတော့အံ့ဟု ဝဓကစေတနာ ပြဋ္ဌာန်းသောစိတ်ဖြင့် ထိုးခုတ် သတ်ဖြတ်ရန် အားထုတ်လိုက်၏၊ သို့ရာတွင် သူ၏ကံကောင်းသောကြောင့် အနာရရုံမျှဖြစ်၏၊ မသေလေ၊ ထိုအခါ ဗျာပါဒမနောကံ မခေါ်ဝေါ်လောက်သော အဗ္ဗောဟာရိက အဖြစ်သို့ သက်ရောက်သွား၏၊ ဤစိတ်တခုတည်း၌စေတနာနှင့်အတူ ဒေါသ ယှဉ်လျက်ပါသော်လည်း စေတနာပြဋ္ဌာန်းခြင်းနှင့် ဒေါသပြဋ္ဌာန်းခြင်း ကွာခြားသဖြင့် ဗျာပါဒကမ္မပထသို့မရောက်, ကာယဒုစ္စရိုက်သာ ဖြစ်ရ၏။

**သုံးသပ်သော်လည်း မသင့်**......ထို့အတူ ဝိနည်းတော်ဒေသနာ၌လည်း ကာယသံသဂ္ဂ သံဃာဒိသိသ်၌ ကိုယ်လက်နှိုးနှောခြင်း၌ သာယာကာမျှဖြင့် မာတုဂါမ၏ဆံထုံး ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခုနှင့်မျှ မတို့မထိရ၊ မတို့မထိကောင်းလေ။ ဤသို့ ကာယသံသဂ္ဂရာဂမျှကို မူလကပင်

မကြီးစည် စိတ်မထားမူ၍ မေထုနရာဂဖြင့် အကြိမ်ကြိမ်ကိုင်ငင် သုံးသပ်ခြင်းကိုပြု၍ မေထုနကိစ္စ အထမမြောက်သော် သံဃာ ဒိသိသ်အာပတ်သို့ မရောက်၊ အာရုံမှုတည်ခြင်း ကွာခြားသော ကြောင့်တည်း။

## အတ္တဒိဋ္ဌိကိုမယူဘဲမကြီးစည်ကသညာ, စိတ္တ ဝိပလ္လာသမျှဖြစ်ကြောင်း

**သညာ, စိတ္တမျှသာ**·····ထိုပြအပ်ခဲ့ပြီးသော ပါဠ်အဋ္ဌကထာ စကားတို့ကို ထောက်ထား၍ သဏ္ဍာ ယဒိဋ္ဌိစသည်တို့၏ ဖြစ်ထိုက်သောအာရုံ၊ နောက်၌ ပြအပ်ခဲ့ပြီး သော ပရိကပ္ပိတဝါဒ အာရုံမျိုးမဟုတ်လျှင် ဒိဋ္ဌိစေတသိက်သည် စိတ်၌မပေါ်လာ မယှဉ်ကပ်တော့လေ။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘ သဟဂုတ်စိတ်ဟူသော ကာမရာဂ စိတ္တဝိပလ္လာသဖြစ်၏။ သညာ ပြဋ္ဌာန်းလျှင်မူလည်း သညာဝိပလ္လာသမျှ ဖြစ်တော့၏ဟု သိအပ်၏။

**ဆန့်ကျင်နေမည်**·····ဤခန္ဓာငါးပါးအရုကို စွဲခေါ်သော သမုတိ သဏ္ဌာမျိုး ဖြစ်သော ငါ, သူတပါး, ယောကျ်ား, မိန်းမသည်ပင်လျှင် ဒိဋ္ဌာနုသယ၏အာရုံတည်း။ ထို ခန္ဓာငါးပါးကိုစွဲ၍သမုတ်သော ငါ, သူတပါး, ယောကျ်ား, မိန်းမ အာရုံသည်ပင် သောတာပန်စသော အရိယာတို့ သားသွီးသေ၍ ငိုကြွေးသောအာရုံတည်း။ ထိုသမုတိသဏ္ဌာအာရုံသည်ပင် ပါရမီ ဖြည့်ကြောင်း အာရုံပင်တည်းဟု ဆုံးဖြတ်ပြောဆို ယူဆ၍နေခဲ့ သော် ဒိဋ္ဌာနုသယရှိသောပုထုဇန်၏ ဒိဋ္ဌိဂတသမ္ပယုတ်လောဘ အာရုံနှင့် ဒိဋ္ဌာနုသယပြတ်ကင်းပြီးသော သောတာပန်စသည်တို့၏ ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ၏အာရုံသည် အတူတူပင် ဖြစ်နေသဖြင့် အရိယာပုဂ္ဂိုလ်တို့အား ပယ်ပြီးသောကိလေသာတို့၏ အာရုံသည်

အိပ်မက်တွင်မှ မပေါ်လာတော့ပြီ ဟူသောစကားနှင့် ဆန့်ကျင်လျက်နေပြန်တော့၏။

**ခွဲခြားယူ**……ထို့ကြောင့် နောက်၌ ပြခဲ့ပြီးသော လ, နေ, သမုဒ္ဒရာ, မဟာပထဝီကဲ့သို့ မြဲသောအတ္တ ခန္ဓာငါးပါး မပြည့်စုံဘဲနှင့် တစိတ်တချို့ကိုစွဲ၍ မြင်ခြင်း, ကြားခြင်း စသော သတ္တဝါကိစ္စအလုံးစုံကိုဆောင်ရွက်နိုင်သော အတ္တ၊ ဣဿရ၊ သာမိ၊ သယံဝသီ၊ ကာရက၊ ဝေဒက၊ အစိုးရသူ၊ နိမ္မာန၊ ခန္ဓာအိပ်ရှင် ပြုတတ် ခံစားတတ် အလိုအတိုင်းဖြစ်စေတတ်သောအတ္တ၊ မိမိ၏ခန္ဓာ၌ ရှိ၏ဟုစွဲယူသော် သက္ကာယဒိဋ္ဌိ၏ ဖြစ်ကြောင်း အာရုံတည်း။ သာမည သမုတိသစ္စာအနေဖြင့် ခန္ဓာငါးပါး ပေါ်၌ ငါ, သူတပါး, ယောကျ်ား, မိန်းမ ထင်မှတ်နေလျှင် သညာ, စိတ္တ ဝိပလ္လာသတို့၏ ဖြစ်ကြောင်းမျှသောအာရုံတည်းဟု ခွဲခြားအပ်၏။

**ဆိုလိုရင်း**……ဤအတ္တ၏ ပရိယာယ်ပုဒ်တို့တွင် နိစ္စ, ဓုဝ အတ္တကို ပယ်ချတော်မူလိုသော အဋ္ဌကထာဆရာသည် **အသာရကဋ္ဌေန အနတ္တာ** ဟူသောပါဌ်ကို မိန့်၏။ အသာရကဋ္ဌေန၊ နိစ္စ-ဟူသောအနှစ်, ဓုဝ-ဟူသော အနှစ်မှကင်းသော အနက်ကြောင့်။ အနတ္တာ၊ တိတ္ထိတို့ကြံအပ်သော နိစ္စ, ဓုဝ, အတ္တမျိုး မဟုတ်ဟု အနက်ပြန်အပ်၏။ ဣဿရ အတ္တကို ပယ်ချလိုသော ကြောင့် **အနိဿရဋ္ဌေန အနတ္တာ** ဟူသောပါဌ်ကို မိန့်တော်မူ၏။ အနိဿရဋ္ဌေန၊ အစိုးမရသောအနက်ကြောင့်။ အနတ္တာ၊ တိတ္ထိတို့ ကြံအပ်သော ဣဿရအတ္တမျိုးမဟုတ်ဟု အနက်ပြန်အပ်၏။ သယံဝသီအတ္တကိုပယ်ချလိုသောကြောင့် **အဝသဝတ္တနဋ္ဌေန အနတ္တာ** ဟူသောပါဌ်ကို မိန့်တော်မူ၏။ အဝသဝတ္တနဋ္ဌေန၊ မိမိ၏ အလိုအတိုင်း မဖြစ်နိုင်သော အနက်ကြောင့်။ အနတ္တာ၊ တိတ္ထိတို့ကြံအပ်သော သယံဝသီအတ္တမျိုးမဟုတ်ဟု အနက်ပြန်အပ်၏။

ထို့ကြောင့် နောက်၌ ပြခဲ့ပြီးသော ဝိဇ္ဇမာန, အဝိဇ္ဇမာန ပညတ်, သဏ္ဌာနပညတ်, ဆုတောင်းပတ္ထနာ, ဒါန, သီလ, ဘာဝ

နာ, သာသနာတွင်း သာသနာပ, ပုထုဇန်, မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိ, သမုတိသစ္စာနှင့် သမုတိသစ္စာမှုမဖြစ်သော မှသာဝါဒစကား၊ရှင်ပြု၍ ဖြစ်မဖြစ် စသည်တို့သည်ရင်း, သံသရာလည်မှု မလည်မှု ဝဋ္ဋဝိဝဋ္ဋ ပဋိစ္စသမုပ္ပါဒ် ပုညာဘိသင်္ခါရ စေတနာဟာရတို့သည်ရင်း, မေတ္တာပို့နှင့် တဒင်္ဂပ္ပဟာန်တို့သည်ရင်း ရှုပ်ထွေးရောနှော သဘောမကျ စောဒကတက်၍မပြီးနိုင်ဖြစ်တော့အံ့ဟုဆင်ခြင်ရာ၏။ ပါဏာတိပါတ၏ အာရုံသည် ဗျာပါဒ၏အာရုံမဖြစ်သကဲ့သို့ သမုတိသစ္စာ အာရုံသည် ဒိဋ္ဌိ၏အာရုံမဖြစ်။ ထို့ကြောင့်……

**ယမိုက်အဋ္ဌကထာ၌……**

ပရိဟီနဗျာနဿ ဟိ ဝိပ္ပဋိသာရဝသေန သသမ္ပယုတ္တဓမ္မာ တာဝေဒနာ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဈာနာရမ္မဏာဿ စ ပဋိလဒ္ဓဿ ဝိပရိဏာမံဝါ အပဋိလဒ္ဓဿ အပ္ပဋိလာဘံဝါ သမနုဿရတောပိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒေါမနဿမတ္တမေဝ ပန တံ ဟောတိ န ပဋိဃာနုသယော။ ပဋိဃာနုသယောဟိ အနိဋ္ဌာရမ္မဏေ ပဋိဟညနဝသေန ဥပ္ပန္နော ထာမဂတော ကိလေသော တသ္မာ ဧတ္ထ ဒေါမနဿေန သဒ္ဓိံ ပဋိဃော ဥပ္ပန္နောပိ အတ္တနော ပဋိဃကိစ္စံ အကရဏဘာဝေန ဧဝ ပဋိဃာနုသယော နဟောတိ အဗ္ဗောဟာရိကတ္တံ ဂစ္ဆတိ။ ယထာ ဟိ ပါဏာတိပါတစေတနာယ သဒ္ဓိံ ဥပ္ပန္နောပိ ဗျာပါဒေါ မနောကမ္မံ နာမ နဟောတိ အဗ္ဗောဟာရိကတ္တံ ဧဝံ ပဋိဃာနုသယော နဟောတိ အဗ္ဗောဟာရိကတ္တံ ဂစ္ဆတိ။ဟူ၍မိန့်၏။

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ပရိဟီနဗျာနဿ၊ လျှောကျသော ဈာန်ရှိသောပုဂ္ဂိုလ်အား။ ဝိပ္ပဋိသာရဝသေန၊ စိတ်နှလုံး မချမ်းသာသည်၏ အစွမ်းဖြင့်။ သသမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားနှင့် တကွဖြစ်ကုန်သော။ တာဝေဒနာ၊ ထိုဝေဒနာတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။

ပဋိလဒ္ဓသာ၊ ရပြီးသော။ ဈာနုဒ္ဓာရမ္မဏာသာ၊ အလိုရှိအပ်သော ဈာန္ဒွာရုံ
၏။ ဝိပရိဏာမံ ဝါ၊ ဖောက်ပြန်ပျက်စီးသည်ကိုရင်း။ အပဋိလဒ္ဓသာ၊
မရအပ်သေးသော ဈာန္ဒွာရုံ၏။ အပ္ပဋိလာဘံ ဝါ၊ မရခြင်းကိုရင်း။ သမ
နုဿရတော ပိ၊ အဖန်တလဲလဲ အောက်မေ့သောပုဂ္ဂိုလ်အားလည်း။
ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။
ဒေါမနဿမဂ္ဂမေဝ၊ ဒေါမနဿ စိတ်မျှသည်သာလျှင်။ ဟောတိ၊
ဖြစ်၏။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ န ဟောတိ၊ မဖြစ်။
ဟိ၊ ထိုစကားမှန်၏။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနိ
ဋ္ဌာရမ္မဏေ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံ၌။ ပဋိဟညနဝသေန၊
ထိပါး ထိခိုက် သည်၏ အစွမ်းဖြင့်။ ဥပ္ပန္နော၊ ဖြစ်သော။ ထာမ
ဂတော၊ အားအစွမ်းသို့ရောက်သော။ ကိလေသော၊ ကိလေသာ
သည်။ ဟောတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤဒေါသစိတ်၌။ ဒေါမနဿေန၊ ဒေါမန
သနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဥပ္ပန္နောပိ၊ ဖြစ်သည်လည်း ဖြစ်သော။
ပဋိဃော၊ ပဋိဃသည်။ အတ္တနော၊ မိမိ၏။ ပဋိဃာကိစ္စံ၊ ပဋိဃာကိစ္စကို။
အကာရဏာဘာဝေနေဝ၊ မပြုသော အဖြစ်ကြောင့်သာလျှင်။ ပဋိဃာ
နုသယော၊ ပဋိဃာနုသယသည်။ န ဟောတိ၊ မဖြစ်။ အဗ္ဗောဟာရိ
ကတ္တံ၊ ပဋိဃာဟုမခေါ်ဝေါ်လောက်သောအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်
၏။ ဟိ၊ ထင်စွာ ပြဦးအံ့။ ပါဏာတိပါတ စေတနာယ၊ ပါဏာတိ
ပါတစေတနာနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဥပ္ပန္နောပိ၊ ဖြစ်သည်လည်း
ဖြစ်သော။ ဗျာပါဒေါ၊ ဗျာပါဒသည်။ မနောကမ္မံ နာမ၊ မနောကံ ကမ္မ
ပထ ဗျာပါဒမည်သည်။ န ဟောတိ၊ မဖြစ်။ အဗ္ဗောဟာရိကတ္တံ၊
ဗျာပါဒ မနောကံဟု မခေါ်ဝေါ်လောက်သောအဖြစ်သို့။ ဂစ္ဆတိ
ယထာ၊ ရောက်သကဲ့သို့။ ဧဝံ တထာ၊ ထိုဝဓကစေတနာနှင့် တကွ
ဖြစ်သောဗျာပါဒနှင့်တူစွာ။ ပဋိဃော၊ ဒေါမနဿနှင့် အတူတကွ ဖြစ်
သော ပဋိဃာသည်။ ပဋိဃာနုသယော၊ အားအစွမ်းသို့ ရောက်သော
ပဋိဃာနုသယသည်။ န ဟောတိ၊ မဖြစ်။ အဗ္ဗောဟာရိကတ္တံ၊ ပဋိဃာ
နုသယဟု ခေါ်ဝေါ် လောက်သောအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။
ရင်းပါဌ်အဓိပ္ပါယ်ကိုနောက်၌ ရေးခဲ့ပြီ။ ဤကဲ့သို့ အတ္တဒိဋ္ဌိ၏ အာရုံ,

သမုတိသစ္စာသညာဝိပလ္လာသ စသည်တို့၏အာရုံကို ကျမ်းဂန်လာတိုင်း မခွဲခြားမကြံစည်ဘဲ ရှိနေသမျှ ကာလပတ်လုံး ရှေး၌လည်း ရောထွေးရှုပ်ပွေရန်အများပင်ရှိသေး၏။ ထို့ကြောင့် ခွဲခြားရှင်းလင်းစွာယူကြပါကုန်။

ဤကား-အတ္တဒိဋ္ဌိ၏ အာရုံစသည်ကို ခွဲခြားယူရန်ပြခြင်းတည်း။

## အနတ္တသညာတဒ္ဓယူဆရပုံ

**ဘာမျှမရှိသုညတဟု**……အနတ္တ ဆိုသည်မှာ အတ္တ မဟုတ်ဟူသောအနက်ဖြစ်၏။ အနတ္တကို စီးဖြန်းသောယောဂီ ပုဂ္ဂိုလ်၏ဝိပဿနာကို သုညတာနုပဿနာဟုခေါ်၏။ သုညတဆိုသည်မှာ=ဤခန္ဓာ ၅-ပါး၌အတ္တ၏ တိတ္ထိတို့ကြံဆသော နိစ္စ ဓုဝ–သဿတ ကာရက ဝေဒက ဇာဿရ-သယံဝသီ သာမိ၊ သတ္တ တန်ခိုးမျိုးမရှိဘူးဟုဆိုလိုသည်။ ဤအဓိပ္ပါယ်ကိုမသိသောကြောင့် အနတ္တဟူသည် ဘာမျှမရှိသုညတဘဲဟုယူဆပြန်၏။ ဘာမျှမရှိသော အဘာဝ-ပညတ်ကို အတ္တဖြင့် ဝိပဿနာရှု၍ မဖြစ်နိုင်၊ ပရမတ္ထကိုသာ ဝိပဿနာရှုရ၏၊ နောက်၌လည်း သုညတ ၁၂ ပါးအဘွင့်ကိုပြခဲ့ပြီးပြီ။

**ဆိုလိုရင်း**……ယခုဆိုလိုသည်ကား ဝိပဿနာ ရှုသောအခါ ဘာမျှမရှိ ဟူ၍ မရှုရ၊ ခန္ဓာ ၅-ပါးရုပ်နာမ် ၂ ပါးတို့ကားရှိသည် မှန်၏။ တိတ္ထိတို့ ယူဆထားသော အတ္တ သဘောကဲ့သို့ ခန္ဓာ ၅ ပါးတို့သည်မြဲသည်မဟုတ်၊ မမြဲသောကြောင့်အနိစ္စ၊ တိတ္ထိတို့ကြံဆထားသော ဧကန္တသုခီအတ္တာဟောတိ ကဲ့သို့၊ ချမ်းသာသော အတ္တမျိုးမဟုတ်သောကြောင့် ဆင်းရဲသဖြင့်ဒုက္ခ၊ တိတ္ထိတို့ကြံဆထားသောအတ္တကဲ့သို့ ဤခန္ဓာ ၅–ပါးတို့၌ သယံဝသီ, သာမိ, ဇာဿရ, အလိုလိုက်ခြင်း ပိုင်ရှင်ရှိခြင်း အစိုးရခြင်း သဘောမရှိသောကြောင့် ဆိတ်သုဉ်းသောကြောင့် အနတ္တဟု ဆိုလိုသည်။ ထို့ကြောင့်……

**ပဋိသမ္ဘိဒါမဂ် ယုဂနဒ္ဓဝဂ် အဋ္ဌကထာ၌......**

သုညံ အတ္တေန ဝါ အတ္တနိယေန ဝါတိ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ လောကပရိကပ္ပိတေန အတ္တနာ စ အတ္တာဘာဝတောယေဝ အတ္တနော သန္တကေန ပရိက္ခာရေန စ သုညံ သဗ္ဗံ စက္ခာဒိလောကိယံ ဓမ္မဇာတံ တံယေဝ ပလုဇ္ဇနဋ္ဌေန လောကောနာမ။ယသ္မာ စ အတ္တာ စ ဧတ္ထ နတ္ထိ အတ္တနိယဉ္စ ဧတ္ထ နတ္ထိ တသ္မာ သုညော လောကောတိ ဝုစ္စတီတိ အတ္တာ လောကုတ္တရောပိ စ ဓမ္မော အတ္တ အတ္တနိယေဟိ သုညော ဧဝ ပုဗ္ဗာနုရူပေန ပန လောကိယောဝ ဓမ္မော ဝုတ္တော။သုညောတိ စ ဓမ္မော နတ္ထိတိ ဝုတ္တံ န •ဟောတိ တသ္မိံ ဓမ္မေ အတ္တ အတ္တနိယသာရဿ နတ္ထိဘာဝေါ ဝုတ္တော ဟောတိ။လောကော စ သုညံဃာရံ၊ သုညော ဃဋ္ဌောတိ ဝုတ္တေ ဃာရသာ ဃဋ္ဌသာ စ နတ္ထိဘာဝေါ ပုတ္တောန ဟောတိ တသ္မိံ ဃာရေ ဃဋ္ဌေ စ အညဿ နတ္ထိဘာဝေါ ဝုတ္တော ဟောတိ။

ဟူ၍မိန့်လေပြီ။

**အနက်ကား**......သုညံအတ္တေန ဝါ အတ္တနိယေန ဝါတိ၊ အတ္တမှရင်း၊ အတ္တပိုင်ပစ္စည်းမှရင်းဆိတ်၏ ဟူသော ဤပါဠိ၌၊ ကာရကော၊ ပြုလုပ်တတ်, ဘန်ဆင်းတတ်သောအတ္တ။ ဝေဒကော၊ ခံစားတတ်သောအတ္တ။ သယံဝသီ၊ မိမိအလိုသို့လိုက်စေသောအတ္တ။ ဣတိဧဝံ၊ဤသို့။ လောကပရိကပ္ပိတေန၊ လောက၌ကြံစည်အပ်သော။ အတ္တနာစ၊ အတ္တသဘောမှရင်း။ အတ္တာဘာဝတောယေဝ၊ အတ္တ၏ မရှိသောကြောင့် သာလျှင်။ အတ္တနော၊ အတ္တ၏။ သန္တကေန၊ဥစ္စာဖြစ်သော။ ပရိက္ခာရေန စ၊ ပရိက္ခရာမှရင်း။ သုညံ၊ ကင်းဆိတ်၏။ စက္ခာဒိလောကိယံ၊ စက္ခုစသော လောက၌ပါဝင်သော။ သဗ္ဗံ၊ အလုံးစုံသော။ ဓမ္မဇာတံ၊ တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ တံယေဝ၊ ထိုအလုံးစုံ စက္ခုစသော

တရားသည်သာလျှင်။ပလုဇ္ဇနဋ္ဌေန၊ အထူးထူးအထွေထွေပျက်စီးတတ်သော' အနက်ကြောင့်။ လောကောနာမ၊ လောကမည်၏။ ယသ္မာစ၊ အကြင့်ကြောင့်လည်း။ ဧတ္ထ၊ ဤစကားဖြစ်သော ပျက်စီးတတ်သောလောက၌။ အတ္တာစ၊ အတ္တသည်လည်း။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤပျက်စီးတတ်သောလောက၌။အတ္တနိယဥ္စ၊ အတ္တပိုင်သော ဥစ္စာသည်လည်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ထိုသို့အတ္တလည်းမရှိ၊ အတ္တပိုင် ပစ္စည်းလည်းမရှိ သောကြောင့်။ သုညော လောကောတိ၊ သုညောလောကော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပာယော၊ အနက်တည်း။

စ၊ ဆက်၍ဆိုဦးအံ့။ လောကုတ္တရေပိ၊ လောကုတ္တရာလည်းဖြစ်သော။ ဓမ္မေ၊ တရားသည်။ အတ္တ အတ္တနိယေဟိ၊ အတ္တနှင့် အတ္တပိုင်ပစ္စည်းတို့မှ။ သုညောဧဝ၊ ဆိတ်သုဉ်းသည် သာလျှင်တည်း။ ပနတထာပိ၊ ထိုသို့လောကုတ္တရာ တရားသည် အတ္တ, အတ္တနိယမှ ကင်းဆိတ်သော်လည်း။ ပုဗ္ဗာနုရူပေန၊ လောကအားဖြင့် မေးမြန်းသော ပုစ္ဆာအားလျော်စွာ။ လောကိယေစ၊ လောက၌ ပါဝင်သည်သာလျှင် ဖြစ်သော။ ဓမ္မေ၊ တရားကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။သုညောတိစ၊ သုညဟူသော စကားသည်လည်း။ ဓမ္မော၊ စကားဖြစ်သောဓမ္မသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုလိုသည်။ နဟောတိ၊မဖြစ်။ တသ္မိံဓမ္မေ၊ထိုစကားဖြစ်သော လောကဟုဆိုအပ်သောဓမ္မ၌။ အတ္တ အတ္တနိယာသာရသာ၊ အတ္တဟူသောအနှစ်သာရ, အတ္တ၏ပစ္စည်းဟူသော အနှစ်သာရ၏။ နတ္ထိဘာဝေါ၊ မရှိသော ကင်းဆိတ်သော သဘောကို။ ဝုတ္တော၊ ဟောတော်မူအပ်သည်။ဟောတိ၊ ဖြစ်၏။ လောကေစ၊လောက၌လည်း။ သုညံ့ဃရံ၊ ကင်းဆိတ်သောအိမ်။ သုညောဃဋော၊ ကင်းဆိတ်သောအိုး။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆိုအပ်သည်ရှိသော်။ ဃရေသစ၊ အိမ်၏ရင်း။ ဃဋေသစ၊ အိုး၏ရင်း။ နတ္ထိဘာဝေါ၊ မရှိသောအဖြစ်ကို။ ဝုတ္တော ဆိုအပ်သည်။ နဟောတိ၊ မဖြစ်။ တသ္မိံဃရေစ၊ ထိုအိမ်၌ရင်း။ တသ္မိံဃဋေစ၊ ထိုအိုး၌

ရင်း။ အညသသာ၊ အိမ်နှင့် အိုးမှတပါး တခြားဖြစ်သော လူ, ရေ၏။ နတ္ထိဘာဝေါ၊ မရှိသောအဖြစ်ကို။ ဝုတ္တော၊ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

**ဝိသုဒ္ဓိမဂ်၌လည်း......**

သာဓိ နိဝါသိ ကာရက ဝေဒက အဓိဋ္ဌာယက ဝိရဟိ တာယ သုညတော။

ဟူ၍မိန့်လေပြီ။

**အဓိပ္ပါယ်အကျဉ်းချုပ်ကား** ...... သုညတာနုပဿနာ ဖြင့် အနတ္တလက္ခဏာကို သုံး သပ်ပွါးများသူသည် ဘာမျှမရှိ၊ ကင်းဆိတ်သွားပြီဟု ပရမတ္ထ တရားရုပ်နာမ်များကိုရှုရသည်မဟုတ်။ ပရမတ္ထတရား, ရုပ်နာမ် များကားထင်ရှားရှိ၏။ ထိုပျက်စီးဆုတ်ယုတ် ချုပ်ပျက်တတ်သော သဘောရှိသော ရုပ်နာမ် ၂ ပါး၊ ခန္ဓာ ၅ ပါး၌ တိတ္ထိတို့ ကြံဆ အပ်သော ခိုင်မြဲသောချမ်းသာသောအလိုသို့လိုက်စေသော အတ္တ သည်ရင်း, အတ္တပိုင်ပစ္စည်းသည်ရင်း မရှိကင်းဆိတ်၏ဟုသာ ရှုရ မည်။

**ဥပမာ** .....လောက၌ဆိတ်သောအိမ်၊ ဆိတ်သောအိုးဟု ပြော ဆိုသောအခါ အိမ်ပါမရှိ၊ အိုးပါမရှိဟူ၍ အဓိပ္ပါယ် ကိုမယူဆရမူ၍ ဆိတ်သောအိမ်ဟူသည် လူမရှိသောအိမ်တည်း၊ ဆိတ်သောအိုးဟူသည်ရေမရှိသောအိုးတည်းဟု သိရသကဲ့သို့ လူ မရှိသော်လည်း အိမ်ကားရှိ၏။ ရေမရှိသော်လည်း အိုးကားရှိ၏ဟု သိရသကဲ့သို့ဆင်းရဲသောမမြဲသော အစိုးမရ– အလိုသို့ မလိုက် သောခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂ ပါးကား ရှိ၏။ ချမ်းသာသော မြဲသောအစိုးရသော အလိုသို့လိုက်စေနိုင်သော တိတ္ထိတို့ ကြံဆ သောအတ္တကားမရှိဟုံ သုညတာနုပဿနာဖြင့် ရှုရမည်ဆိုလို သည်၊ ဘာမျှမရှိဟုမရှုရဆိုလိုသည်။

ဤကား–အနတ္တသုညတဉ္စယူဆရပုံတည်း။

## ရုပ်၌သဏ္ဌာနဖြစ်ရှိပုံ

**မရှိသကဲ့သို့**……အချို့ အချို့ကလည်း ရုပ်ဟူသည် သဏ္ဌာန် ဖြစ်မရှိ၊ ထို့ကြောင့် သဘောမျှကို ရူပဟု ဟောကြပြန်၏၊ သဘောဟူသည်သဘာဝဓမ္မပင်တည်း။ သဘာဝ ဓမ္မဟူသည် အဘာဝပညတ်မဟုတ်၊ ထို့ကြောင့် သဘောမျှရှိ၏ ဆိုရာ၌ ရုပ်သဘာဝ နာမ်သဘာဝဟူ၍ ၂ မျိုးရှိ၏။ ရုပ်သဘာဝ ကား သဏ္ဌာန်ဖြစ်ရှိကောင်းသော်လည်း အလွန်သိမ်မွေ့သော ကလလရေကြည် တည်စအခိုက်အတန့်၌ မရှိသကဲ့သို့ထင်ရ၏။

**ဥပမာ**……အလွန်သစ်လွင်သော သင်တုံးထားကို ရေစွတ်၍ လေတိုက်ရာ အရပ်၌ ချထားက ပဌမရှေးဦးစွာ ကပ်လာသောမြူနှုံမြူမှုန်တို့ကို အလွန်သိမ်မွေ့သဖြင့် သဏ္ဌာန်ဖြစ် ဖြင့်မမြင်နိုင်၊ ဘာမျှမရှိသကဲ့သို့ထင်ရ၏။ နောက်နောင် စုဆောင်း ပေါင်းစပ်မိလာသောအခါ သံကြေးကပ်လာသောအခါ မြင်နိုင် တော့၏၊ ထို့အတူ ကလလရေကြည်မှစ၍ အမြုပ်သားတစ် စသည်ဖြင့် လူကောင်ကြီး ဖြစ်သည့်တိုင် ရုပ်သဏ္ဌာန် ပေါ်လာ တော့၏။

**သဏ္ဌာန်ရှိကောင်း၏**……မူလကပင် သဏ္ဌာန်ဖြစ်မရှိကောင်း သော နာမ်သဘာဝမျိုး ဖြစ်ပါမူ ကား မည်မျှလောက် ကပ်ကာလကြာအောင် စုဆောင်းပေါင်း ထားသော်လည်း သဏ္ဌာန် မပေါ်လာတော့လေ။ ထို့ကြောင့် ရုပ်သဘာဝကား သဏ္ဌာန် ဖြစ်ရှိကောင်း၏၊ နာမ်သဘာဝမျိုး ကားသဏ္ဌာန်ဖြစ်မရှိကောင်းဟုခွဲခြားမှတ်သားရာ၏။ ထို့ကြောင့် အနုတ္တရ,သမနုတ္တရပဒစည်း ၂ ခုကိုဘွင့်ဆိုရာဝယ်—

**တိကပဋ္ဌာန်းအဋ္ဌကထာ၌** ….

နတ္ထိ ဧတေသံ အတ္တရတ္တိတိ အနုတ္တရာ၊ သဏ္ဌာနာ ဘာဝတော သုဋ္ဌုအနုတ္တရာတိ သမနုတ္တရာ။

ဟူ၍လာ၏။

**ရင်းအဘွင့်မူလဋီကာ၌လည်း**.....

ရူပဓမ္မာနံ ဝိယ သညာနာဘာဝတော (ပ) သုဒ္ဓ  
အနန္တရဘာဝေန ဥပ္ပါဒနသမတ္ထတာ သမနန္တရပစ္စယ  
တာ။

ဟူ၍လာ၏။

**အနက်ကား**.....ဧတေသံ၊ ထိုစိတ်, စေတသိက် နာမ်တရား တို့အား။ အန္တရံ၊ အကြားသည်။ နတ္ထိ၊ မရှိ၊ ဣတိတသ္မာ၊ ထိုသို့အကြားမရှိသောကြောင့်။ အနန္တရာ၊အနန္တရ တို့မည်ကုန်၏။ သညာနာဘာဝတော၊သညာန်မရှိသောကြောင့်။ သုဒ္ဓ၊ ကောင်းစွာ။ အနန္တရာ၊ အကြားမရှိ သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သမနန္တရာ၊ သမနန္တရတို့မည်ကုန်၏။

ရူပဓမ္မာနံဝိယ၊ ရုပ်တရားတို့၏ကဲ့သို့။ သညာနာဘာဝတော၊ သညာန်မရှိသောကြောင့်။ (ပ)။ သုဒ္ဓ၊ကောင်းစွာ။ အနန္တရဘာဝေန၊ အကြားမရှိသောအဖြစ်ဖြင့်။ ဥပ္ပါဒနသမတ္ထတာ၊ ဖြစ်ခြင်း ငှါစွမ်းနိုင်သောအဖြစ်သည်။ သမနန္တရ ပစ္စယတာ၊ သမနန္တရ ပစ္စည်း၏အဖြစ်တည်း။

**ဤ၌လိုရင်းကား**...ရုပ်ကဲ့သို့နာမ်၌ သညာန်မရှိသောကြောင့် ဟု အကြောင်းပြသဖြင့် ရုပ်၌သညာန်ရှိ၏။သိမ်မွေ့လွန်းသောအခိုက်၌မမြင်မတွေ့ရ၍ မရှိဟုထင်ရသော်လည်း ပေါင်းစုမိက မဟာပထဝီ မြင့်မိုရ်တောင်တိုင် ဖြစ်နိုင်၏။ နာမ်ကား ဘယ်အခါကာလမျှသညာန် မရှိဆိုလို၏။ နောက်၌လည်း တိတ္ထိတို့၏ ကြံဆသော သညာနဒြပ် = အတ္တကိုယ် ထည်ကိုသာ မဂ်, ဖိုလ်, နိဗ္ဗာန်၏ အန္တရာယ်ဖြစ်၍ ကြောက်ရ ကြောင်းပြခဲ့ပြီ၊ဗုဒ္ဓဘာသာတို့၏ သဏ္ဌာန သံပိဏ္ဍမာနော ကာယော ဟူသော ထင်ရှားရှိသော ကာယ၏ သညာနဒြပ်ကို မကြောက်ရ၊ ဝိပဿနာ သုညတဖြင့် ရှုရသည်ဟုမှတ်၊သညာနဒြပ်ကိုကြောက်

လွန်းသဖြင့် ဇုဒ္ဓါနုသတိ၌လည်းပယ်ရှား၊ သုညတဝိပဿနာ၌လည်း အဘာဝပညတ်တိုင်အောင် ပယ်ရှားဖြစ်နေကြတော့၏။ ဤအလုံးစုံ ပြခဲ့သမျှတို့သည် အတ္တနှင့် အနတ္တကို ကျမ်းဂန်၌ ပြသည်အတိုင်း မခွဲခြားသောကြောင့် အလုံးစုံသော အရာတို့၌ ရှုပ်ထွေးရောနှောကုန်တော့၏။

ဤကား-ရုပ်၌ သညာ့ာနဖြုပ် ရှိပုံကို ပြခြင်းတည်း။

---

## လောကီကုသိုလ်တို့၏ စွမ်းအား

ထိုပြင်မှတပါး နောက်၌လည်း သာသနာတွင်း ပုထုဇန်တို့၏ သရဏဂုံနှင့်တကွ ပြုသော ဒါန, သီလ စသည်တို့သည် နိဗ္ဗာန်ရောက်မှီနိုင်သော ဥပနိဿယပစ္စည်းမျိုး ဖြစ်ကြောင်းပြခဲ့ပြီးပြီ။ ယခုမှုကား လောကီ ကုသိုလ်တို့သည် မိမိ၏ စွမ်းအားရှိသလောက် တဖြည်းဖြည်း အကုသိုလ် ကိလေသာကို ပယ်သတ်၊ ကုသိုလ်တရားကိုပယ်သတ်နိုင်ကြကုန်၏။ ပါရမီရင့်သန်လာသောအခါ မဂ်ကုသိုလ်ဖြစ်ပေါ်လာ၍ ထိုမဂ်ကုသိုလ်သည် ကုသိုလ်အကုသိုလ်တို့ကို အရင်းပြတ်ပယ်နိုင်ပုံကိုပြဦးအံ့။

**ကာမာဝစရ ကုသလစိတ္တုပ္ပါဒ ကဏ္ဍ၌……**

ကတမော တသ္မိံ သမယေ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ,
သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပေါ,သမ္မာဝါယာမော, သမ္မာသတိ,
သမ္မာသမာဓိ။

စသည်ဖြင့်လာ၏။

**ပဉ္စင်္ဂမဂ်ယှဉ်တွဲလျက်**……ဒါနပြု သီလ ဆောက်တည်သော ကမ္မဿကတဉာဏ်မှစ၍ ဝိပဿနာဉာဏ်တိုင် ဉာဏ်နှင့်ယှဉ်သော လောကီကုသိုလ်စိတ်ဖြစ်ပေါ်တိုင်း ပညာ,ဝိတက်,ဝီရိယ,သတိ,သမာဓိဟူသော အင်္ဂါ ၅ ပါးရှိသော ပဉ္စင်္ဂိကမဂ်သည် ယှဉ်တွဲလျက်ပါရှိနေ၏။ ထိုပဉ္စင်္ဂိက မဂ်သည်

(ကုသိုလ်၏ အကျိုး, အကုသိုလ်၏ အကျိုး အမျိုးမျိုးကို သံသရာ၌ ဖိဖိ မိမိတို့ပြုခဲ့သည့် ကံအားလျော်စွာ သတ္တဝါတို့အား အကျိုးပေး နေခွင့်မရမူ၍နိဗ္ဗာန်သို့အမြန်ရောက်ရန်ထိုသတ္တဝါတို့၏ကုသိုလ်ကံ အကုသိုလ်ကံ တို့ကို သတ်ဖြတ်၍ ကုန်ခန်းအောင် ပြုနိုင်သော မဂ္ဂင်ကံ, ဗောဇ္ဈင်ကံ, စေတသိက်ကံ) ဖြစ်လေသည်။ စေတနာ စေတသိက်ကိုစေတနာကံဟုခေါ်သည် ဟူ၍မှတ်၊ထို့ကြောင့်......

**အဋ္ဌသာလိနီ စိတ္တုပ္ပါဒကဏ္ဍ၌......**

ကတမဥ္စ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ အကဏှ အသုက္ကဝိပါကံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ဟူ၍၎င်း။

ကတမဥ္စ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ အကဏှ အသုက္ကဝိပါကံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ ယဒိဒံ သတ္တဗောဇ္ဈင်္ဂါ။

ဟူ၍၎င်းမိန့်ပြီ။

**သံသရာတိုစေရန်**......အရိယမဂ်ဗောဇ္ဈင်တို့ကို ကံကုန်အောင် ပြု တတ်သော မမဲညစ် မဖြူစင် သည်ဖြစ်၍ မမဲညစ် မဖြူစင်သော အကျိုးကို ပေးတတ်သော မဂ္ဂင်ကံ ဗောဇ္ဈင်ကံ ဟု ခေါ်ကြောင်း ဟောပြတော်မူ၏။လောကီ မဂ္ဂင်၌ကား ဝိရတိစေတသိက် ၃-ခုကို တပြိုင်နက်မယှဉ်ကောင်း သဖြင့်မပြမူ၍ ပဉ္စင်္ဂိက ကမဂ်ကိုသာပြတော်မူ၏။ထိုလောကီမဂ္ဂင်ကံ ဗောဇ္ဈင်ကံတို့သည် တဖြည်းဖြည်း ကျေးဇူးပြုလျက်လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေနိုင်ကုန်၏။ သံသရာ ရှည်နေမည်ကို သာသနာတွင်းအခါ ဒါန,သီလ,ဘာဝနာ စသည်တို့ကို ပြုခြင်းမှ ကြောက်ရန်မလို၊၎င်းပဉ္စင်္ဂိကမဂ်တို့၏ သတ္တိဖြင့် သံသရာကို တို စေလိမ့်မည်ဖြစ်ကြောင်းသိရာ၏။

**ကံလေးမျိုးကို ဤသို့မှတ်ရာ၏ .....**

၁။ ကဏှ ကဏှဝိပါက၊ မဲညစ်သည်ဖြစ်၍ မဲညစ်သောအကျိုးကိုပေးတတ်သော အကုသိုလ်စေတနာကံ။

၂။ သုက္က သုက္ကဝိပါက၊ ဖြူစင်သည်ဖြစ်၍ ဖြူစင်သောအကျိုးကိုပေးတတ်သော ကုသိုလ် စေတနာကံ။

၃။ ကဏှ သုက္က ကဏှသုက္ကဝိပါက၊ မဲညစ် ဖြူစင်ရောနှော၍ မဲညစ် ဖြူစင် ရောနှောသော အကျိုးကို ပေးတတ်သော စေတနာကံ။

၄။ အကဏှ အသုက္က အကဏှ အသုက္ကဝိပါက၊ မမဲညစ်မဖြူစင်သည်ဖြစ်၍ မမဲညစ် မဖြူစင်သော မဂ်ဖိုလ်နိဗ္ဗာန် အကျိုးကိုပေးတတ်သော စေတသိက်ကံ။

ဤ ၄ မျိုးတို့တွင် ၁၊ ၂၊ ၃၊ နံပါတ် စေတနာကံတို့သည် သံသရာ၌ ရှေးရှေး ကံဟောင်းနှင့် ယခုဘဝ ပြုသော ကံသစ်တို့ အဖြစ်ဖြင့် အကျိုးပေးခွင့်ရကြမည်။ ၄-နံပါတ် ကံမျိုးသည် (ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ)ဟု ဟောတော်မူသောကြောင့် ၁၊ ၂၊ ၃ နံပါတ်ပြ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတို့ကို သတ်ဖြတ်၍ ကံကုန်ရန် နိဗ္ဗာန်တည်းဟူသော မမဲညစ်မဖြူစင်သောအကျိုးကိုပေးရန် သတ္တိရှိ၏ ဟုဆိုလိုသည်။

ဤသည်လည်း သာသနာတွင် ပုထုဇန် အတ္တဒိဋ္ဌိ မခြံရံသော သူတို့၏ကုသိုလ်မျိုးဖြစ်၏။ သာသနာပအခွင့် ပုထုဇန်တို့၌ ဤမဂ္ဂင်ကံ၊ ဗောဇ္ဈင်ကံခေါ် စေတသိက်ကံမျိုး၊ နိဗ္ဗာန်၏ အခြေခံ ကံမျိုးကိုမရနိုင်ဟု သိအပ်၏။

## ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ကိုရလျက်မသုံးရပုံ

ယခုကာလ အချို့အချို့သူတို့သည် ဤသို့ယူဆ၏။ သောတာပန်၌လည်း ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘတဏှာစိတ်ရှိ၏၊ ကလျာဏ

ပုထုဇန်၌လည်း ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာစိတ်ရှိ၏၊ အနွပုထုဇန်၌ လည်း ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာစိတ်ရှိ၏။ ဤသို့ပင်ဝိပ္ပယုတ်စိတ်ကို ရချင်းတူကြသော်လည်း သောတာပန်စသော အရိယာတို့၌ကား ငါသား, ငါ့မယား စသည် ထင်မှတ်စွဲလမ်းသော အခါတိုင်း ဒိဋ္ဌိနှင့်မယှဉ်သော ကာမတဏှာဖြစ်၏၊ ပုထုဇန်တို့၌ကား ငါ့သား, ငါ့မယား, ငါ့ဥစ္စာ စသည်စွဲလမ်းသောအခါတိုင်း ဒိဋ္ဌိနှင့်ယှဉ်သော တဏှာရာဂသာဖြစ်၏ဟုယူဆဟောပြောကြ၏။ ထိုသူတို့၏စကား အရယူဆခဲ့သော် ပုထုဇန်တို့၏ ထိုဒိဋ္ဌိဂတ ဝိပ္ပယုတ် လောဘကို (အပိုစိတ်ရ)၌ ထည့်ထားရာရောက်၏။ စိတ်ကိုရသာရ၍ အသုံးမပြုရ၊ အသုံးပြုခဲ့သော် သမ္ပယုတ်စိတ်သာဖြစ်၏ဟု ဆိုရာသို့ကျရောက်နေတော့၏။ ထို့ကြောင့် နောက်၌ ပြအပ်ခဲ့ပြီးသော ကျမ်းဂန်အစောင်စောင်တို့ဖြင့် ညှိနှိုင်း၍ ယထာဘူတ ဖြစ်စေရန် ကြံစည်အားထုတ်ကုန်ရာ၏။ ကိုယ့်အထင်ဖြင့် မယူဆ မဟောပြရာ။

ဤကား-လောကီပုဂ္ဂိုလ်တို့၏ စွမ်းအားနှင့်စပ်၍ပြခြင်းတည်း။

---

## အပါယ်ကျ-မကျ

သက္ကာယဒိဋ္ဌိ၏ အပါယ်ကျ—မကျ အဆုံးအဖြတ်ကို ပြဆိုအံ့။ သက္ကာယဒိဋ္ဌိသည် နတ်ပြည်သို့ရောက်ရန် မတားမြစ်။ မဂ်ကိုမရရန်သာ တားမြစ်၏ ဟူရာ၌ နိယတ မိစ္ဆာဒိဋ္ဌိကြီးကဲ့သို့ (အပါယ် ငရဲသို့ မကျရောက်မူ၍ မနေရ၊ မုချသေသည်၏ အခြားမဲ့၌ ကျရောက်ရမည်၊ မည်သည့် ကုသိုလ်မျိုးကိုပင် ပြုသော် အားထုတ်သော်လည်း ငရဲမှမလွတ်) ဟူ၍ကား သက္ကာယဒိဋ္ဌိသည် မတားမြစ်။ မိမိပြုသော ကုသိုလ်ကို သေခါနီး၌ အာသန္နကံ အဖြစ်ဖြင့် အာရုံပြုနိုင်လျှင် နတ်ပြည်သို့ရောက်၏၊ သက္ကာယဒိဋ္ဌိသည် နတ်ရွာသို့မှီသည်မဟုတ်၊ ဒါန စသော ကောင်းမှု၏ အကျိုးပေးခြင်းကို မတားမြစ်ရုံ မျှသာဖြစ်၏၊ "သုန္ဒရာ မေ ဒိဋ္ဌိတိ" ငါ၏ သက္ကာယဒိဋ္ဌိ အယူသည် ကောင်းပေသည် မှန်ပေသည်ဟု သေခါနီး၌ အာရုံပြု၍သေလျှင်အပါယ်သို့ကျစေနိုင်၏။ ထို့ကြောင့်......

## အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ် ဧကဓမ္မပဋ္ဌမ ဝဂ်၌······

ဣဒံ ပန ဝိဓာနံ ပဋိက္ခိပိတွာ ဣမသ္မိံ သုတ္တေ မိဿကဒိဋ္ဌိယော ဘိက္ခဝေ သမန္နာဂတာတိ ဝစနတော (လ) အနုတ္တမသော ဝိသတိ ဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ၊ ကေနစိ နိရယသ္မိံယေဝ နိမ္မုဇ္ဇာပေတီတိ ဝုတ္တံ ယထာ ဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏာ သက္ခရာ ဥဒကေ ပတိတာ ဥပရိ ပလဝမာနာနာမ နတ္ထိ ကေနစိ ဟေဋ္ဌာဝ ပဝိသတိ ဧဝမေဝ အနုတ္တမသော သက္ကာယဒိဋ္ဌိပိ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ ကေနစိ အပါယေယေဝ နိမ္မုဇ္ဇာပေတီတိ။ ဟူ၍မိန့်ပြီ။

**အနက်ကား**······ဣဒံပနဝိဓာနံ၊ အချို့ဒိဋ္ဌိအပါယ်ကျ၍ အချို့မကျ၊ အချို့ဒိဋ္ဌိက နတ်ရွာကို တားမြစ်၍ မဂ်ကိုမတားမြစ်သော အစီရင်အဆုံးအဖြတ်ကို။ ပဋိက္ခိပိတွာ၊ ပယ်ရှား၍။ ဣမသ္မိံ သုတ္တေ၊ ဤပါဠိတော်၌။ မိဿကဒိဋ္ဌိယော ဘိက္ခဝေ သမန္နာဂတာတိ၊ မိဿကဒိဋ္ဌိယောဘိက္ခဝေ သမန္နာဂတာဟူ၍။ ဝစနတော၊ မြတ်စွာဘုရား ဟောတော်မူသောကြောင့်။(လ)။ အနုတ္တမသော၊ အညံ့ဆုံး အပိုင်းအခြား အားဖြင့်။ ဝိသတိဝတ္ထုကံ၊ သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း နှစ်ဆယ်ရှိသော။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဥပါဒါယ၊ အစပြု၍။ ဒိဋ္ဌိနာမ၊ ဒိဋ္ဌိမည်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဥပနေတုံ၊ ကပ်၍ ဆောင်ခြင်းငှါ။ သမတ္ထာနာမ၊ စွမ်းနိုင်သော ဒိဋ္ဌိမည်သည်။ နတ္ထိ၊ မရှိ။ ကေနစိ၊ စင်စစ်။ နိရယသ္မိံယေဝ၊ ငရဲ၌သာလျှင်။ နိမ္မုဇ္ဇာပေတိ၊ နစ်မြုပ်စေ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဟိ၊ ဥပမာဖြင့်ထင်စွာပြဦးအံ့။ မုဂ္ဂမာသပ္ပမာဏာပိ၊ ပဲနောက်ပဲကြီးမျှ ပမာဏလည်း ရှိကုန်သော။ ပါသာဏာ သက္ခရာ၊ ကျောက်ခဲ,ကျောက်စရစ်တို့သည်။ ဥဒကေ၊ ရေ၌။ ပတိတာ၊

ကျရောက်ကုန်သည်ရှိသော်။ ဥပရိ၊ ရေ၏အထက်၌။ ပလဝမာနာနာမ၊ ပေါ်နိုင်သည်မည်သည့်။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ ဟောဠာ၊ ရေအောက်သို့။ ပဝိသတိယထာ၊ ဝင်ရောက်ရသကဲ့သို့။ ဧဝမေဝ၊ ဤကျောက်ခဲရေသို့ကျသော ဥပမာ၏ အတူသာလျှင်။ အန္တမသော၊ အညံ့ဆုံး အပိုင်းအခြားအားဖြင့်။ သက္ကာယဒိဋ္ဌိပိ၊ သက္ကာယဒိဋ္ဌိသည်လည်း။ သဂ္ဂံ၊ နတ်ပြည်သို့။ ဥပနေတုံ၊ ကပ်၍ဆောင်ခြင်းငှါ။ သမတ္ထာနာမ၊ စွမ်းနိုင်သောဒိဋ္ဌိမည်သည်။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ အပါယေသုယေဝ၊ အပါယ်လေးပါးတို့၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်မြုပ်စေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။(ဤကား နောက်ဆုံး၌ယူအပ်သည်ကိုပြသောဝါဒတည်း။)

**ငါ ၂–မျိုးကွဲပြားချက်**……ဤအရာ၌အချို့ကားသက္ကာယဒိဋ္ဌိနှင့် ယှဉ်သော သမ္ပယုတ်လောဘကြောင့် ဘုရားလက်ထက်တော်၌ မြတ်စွာဘုရား၏ တပည့်သားရဟန်းငယ်တပါးသည် မိမိ၏သက်နှး၌ ကပ်ငြိ တပ်မက်သောစိတ်ဖြင့် သန်းကြီးမဖြစ်ရ၏ဟု ယူဆဟောပြောကြကုန်၏၊ မိစ္ဆာဒိဋ္ဌိ အယူရှိနေသူသည် သာမဏေပင် မဖြစ်ကြောင်း နောက်၌ဆိုခဲ့ပြီးပြီ၊ သက္ကာယဒိဋ္ဌိ ဟူသည်မှာလည်း မိစ္ဆာဒိဋ္ဌိပင်ဖြစ်၏၊ ထို့ကြောင့် ငါ့သက်နှးဟုတပ်မက်ရာ၌ (ငါ) ပါကာမျှဖြင့် သမ္ပယုတ်**လောဘ**, သက္ကာယ ဒိဋ္ဌိဟု မမှတ်အပ်၊ မြတ်စွာဘုရား၏ သားတော် ဣလျာဏ ပုထုဇန် မကြာမီပင် ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်အရှင်ရာဟုလာ သည်လည်း **အဟမ္ပိ–သော ဘာမိ–ဘဂဝါပိသောဘတိ** ငါလည်း တင့်တယ် လှပသည်၊ မြတ်စွာဘုရားလည်း တင့်တယ်လှပသည်ဟု ဆွမ်းခံသွားကြစဉ် မြတ်စွာဘုရားကိုနောက်မှကြည့်လျက် ဤသို့ကြံစည်၏၊ ငါလည်း လှသည်ဆိုသောကြောင့် အရှင်ရာဟုလာအား သက္ကာယ ဒိဋ္ဌိဖြစ်နေပြီဟုဆိုရတော့အံ့၊ ထို့ကြောင့် နောက်၌ ပြခဲ့ပြီးသည့် အတိုင်း သက္ကာယဒိဋ္ဌိ ငါနှင့် သမုတိသစ္စာ ငါ ၂–ဦးကွဲပြားခြားနားပုံကို မမေ့လေနှင့်၊ပြန်၍ဘတ်ပါလေ။

**ဒိဋ္ဌိဂတဝိပ္ပယုတ်စေတနာဖြင့်လည်း…ဤနောက်ဆုံးပြသော** အပါယ်သို့ ကျ နိုင်
သောသက္ကာယဒိဋ္ဌိသည် သမ္ပယုတ်လောဘမူစိတ်၌ယှဉ်၍ဖြစ်၏၊ အကုသိုလ်စိတ် ၁၂ ခုလုံး၌ရှိသော စေတနာကံတို့တွင် မောဟမူ ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ပါသော အကုသိုလ်စေတနာ တခုကိုချန်ထား၍ ကျန်စိတ် ၁၁ ခု၌ရှိသောစေတနာ ၁၁ ခုသည် အပါယ်သို့ကျစေနိုင်၏၊ မူလဋီကာ၌ ဒဿနတိက် အဘွင့်တွင် ဥဒ္ဓစ္စ စေတနာကို သောတာပတ္တိမဂ်ဖြင့် မပယ်ခြင်းသည် (အပါယဂမနီယ) အပါယ်သို့ကျရောက်စေတတ်သောစေတနာ မဟုတ်၍ မပယ်ကြောင်း၊ ကျန်သော လောဘမူစိတ် ဒိဋ္ဌိနှင့် မယှဉ်သော ဝိပ္ပယုတ်စိတ်၌လည်းအပါယ်သို့ ရောက်စေတတ်သော စေတနာ ရှိ၏၊ ထိုအပါယ်သို့ ရောက်စေတတ် သေးသော လောဘမူ ဝိပ္ပယုတ်စိတ်၌ရှိသော စေတနာကိုလည်း သောတာပတ္တိမဂ်ဖြင့် ပယ်ရ၏၊ ဒိဋ္ဌိသမ္ပယုတ်စိတ်ရှိစေတနာသာလျှင် အပါယ်သို့ရောက် စေတတ်သည်မဟုတ်၊ အခွင့်အခါကြုံလျှင်လောဘမူ ဝိပ္ပယုတ်စိတ် ရှိစေတနာသည်လည်းအပါယ်သို့ရောက်စေတတ်၏ဟု မှတ်ရာ၏၊ ထို့ကြောင့်ရဟန်းကလေးသန်းကြီးမဖြစ်ရခြင်းသည်ငါ၏သက်နှ်း ဟု ကာမရာဂဒိဋ္ဌိဝိပ္ပယုတ် စိတ်ရှိ စေတနာကြောင့်လည်းဖြစ်နိုင်၏။

**ဆိုရန်ရှိ၏**……နောင်တဘန် သန်းကြီးမ၏ ဘဝမှရဟန်းတို့ သည် (မတကသံဃိက)ဋင်းသေသူ၏သက်နှ်း ကို ဝေယူမည်ဟု ပြုကြသည့်အခါ ငါ၏သက်နှ်းကို မယူကြ၊ မဝေကြပါနှင့်ဟု မပြောတတ်သော်လည်း သက်နှ်းပေါ်၌တားမြစ်သော လက္ခဏာကို မြတ်စွာဘုရားသည် မြင်နေတော်မူ၍ ခေတ္တဆိုင်းထားကြရန်အမိန့်ရှိရ၏၊ ထို့နောက် မိမိ၏အလိုလို ရ တော၍ နတ်ပြည်သို့ ရောက်သွားပြန်တော့ကြောင်း၊ ဋင်းသန်းကြီး မ ဖြစ်သော အခိုက်အတန့်၌လည်း ငါ့သက်နှ်း ဟူသော စိတ်ရှိ၍ သက်နှ်းကို မဝေရန်တားမြစ်နေကြောင်း၊ မြတ်စွာဘုရား သိမြင် တော်မူ၏၊ သို့သော် သက္ကာယဒိဋ္ဌိငါမဟုတ်၊ ဘုရားသားတော်

ရဟန်းဖြစ်သဖြင့် ကာမရာဂ လောဘမူ ဝိပ္ပယုတ် ငါမျိုးသာဖြစ်နိုင်၏၊ မိစ္ဆာဒိဋ္ဌိသက္ကာယဒိဋ္ဌိ ငါကား မဖြစ်နိုင်လေ၊နောက်၌လည်း ပြခဲ့ပြီ၊ ရဟန်းဖြစ်စဥ်က ငါကြောင့် သန်းကြီးမ ဖြစ်ရလျှင် တိရစ္ဆာန်ဖြစ်စဥ်(ငါ) သည်အဘယ့်ကြောင့် နတ်ပြည် ရောက်ရပြန်သနည်းဟု ဆိုရန်ရှိနေ၏။

**သက္ကာယဒိဋ္ဌိစေတနာ၏အပါယ်ကျပုံ**

**အဋ္ဌသာလိနီအဋ္ဌကထာအကုသလပဒ၌လည်း.....**

> ဣမေဟိ ပန ဒွါဒသဟိပိ အကုသလစိတ္တေဟိ ကမ္မေ အာယူဟိတေ ထပေတွာ ဥဒ္ဓစ္စသဟဂတံ သေသာနိ ဧကာဒသဝ ပဋိသန္ဓိံ အာကဍ္ဍန္တိ (ပ) ဥဒ္ဓစ္စသဟဂတံ လဒ္ဓါဝိမောက္ခံ ဗလဝံ ကသ္မာ နာကဍ္ဍတိတိ၊ ဒဿနေန ပဟာတဗ္ဗာဘာဝတော (ပ) တသ္မာ ထပေတွာ တံ သေသာနိ ဧကာဒသအာကဍ္ဍန္တိ၊ တေသု ဟိ ယေန ကေနစိ ကမ္မေ အာယူဟိတေ တာယ စေတနာယ စတူသု အပါယေသု ပဋိသန္ဓိဟောတိ။

ဟူ၍လာ၏။

**အနက်ကား**.....ဒွါဒသဟိပိ၊ တဆယ့်နှစ်ပါးလည်း ဖြစ်ကုန်သော။ ဣမေဟိ အကုသလစိတ္တေဟိ၊ ဤအကုသိုလ်စိတ်တို့ဖြင့်။ ကမ္မေ၊ အကုသိုလ်ကံကို။ အာယူဟိတေ၊ အားထုတ်ခဲ့သော်။ ဥဒ္ဓစ္စသဟဂတံ၊ ဥဒ္ဓစ္စစိတ်နှင့်တကွ ဖြစ်သော စေတနာကံကို။ ထပေတွာ၊ ချန်ထား၍။ သေသာနိ၊ ဥဒ္ဓစ္စစေတနာ မှကြွင်းကုန်သော။ ဧကာဒသဝ၊ တဆယ့်တပါးသောအကုသိုလ် စေတနာတို့သည်သာလျှင်။ ပဋိသန္ဓိံ၊ အပါယ် ပဋိသန္ဓေသို့။ အာကဍ္ဍန္တိ၊ ဆွဲငင်ကုန်၏။ (ပ) လဒ္ဓါဝိမောက္ခံ၊ ရအပ်သော အဓိမောက္ခ စေတသိက်ရှိသော။ ဗလဝံ၊ အားကောင်းသော။ ဥဒ္ဓစ္စသဟဂတံ၊ ဥဒ္ဓစ္စနှင့်တကွ ဖြစ်သော စေတနာသည်။ ကသ္မာ၊ အဘယ့်ကြောင့်။ နာကဍ္ဍတိ၊ ပဋိသန္ဓေသို့ မဆွဲဆောင်သနည်း။ ဣတိစေ၊ ဤသို့စောဒနာပြားအံ့။ ဒဿနေန ပဟာတဗ္ဗာ ဘာဝ

တော၊ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည့်၏ အဖြစ်ကြောင့်။ နာကဖုတိ၊ မဆွဲဆောင်။ (ပ) တသ္မာ၊ ထိုသို့ ဥဒ္ဒစ္စစေတနာ၏ အပါယ်သို့မဆွဲငင်တတ်သောကြောင့်။ တံ၊ ထိုဥဒ္ဒစ္စစေတနာကို။ ထပေတွာ၊ ချန်ထား၍။ သေသာနိ၊ ဥဒ္ဒစ္စ စေတနာမှ ကြွင်းကုန်သော။ ဧကာဒသ၊ တဆဲ့တပါးသော အကုသိုလ် စေတနာတို့သည်။ အာကဖုန္တိ၊ အပါယ်ပဋိသန္ဓေသို့ ဆွဲဆောင်ကြကုန်၏။ ဟိ၊ ထိုစကားမှန်၏။ တေသု၊ ထိုကျန်စေတနာ တဆဲ့တခုတို့တွင်။ ယေန ကေနစိ၊အမှတ်မရှိ တခုခုဖြင့်။ ကမ္မေ၊ အကုသိုလ်ကံကို။ အာယူဟိတေ၊ အားထုတ်သည့် ရှိသော်။ တာယစေတနာယ၊ ထိုအားထုတ်သော စေတနာဖြင့်။ စတူသု၊ လေးပါးကုန်သော။ အပါယေသု၊ အပါယ်ဘုံတို့၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။

**အပါယ်ကျနိုင်၏**……ထိုပါဌ်တို့ဖြင့် သက္ကာယဒိဋ္ဌိ စေတနာသည် အပါယ်သို့ ဆောင်နိုင်၏ဟု သိရာ၏၊ နောက်၌လည်း အဋ္ဌကထါသည် ခန္ဓာအပြည့်အစုံဖြင့်သတ္တဝါ၏ကိစ္စ ပြည့်စုံအောင်ဆောင်ရွက်နိုင်သည်ကို စွဲ၍မခေါ်၊ ခန္ဓာအစိတ်အချို့အဝက်မျှကိုစွဲ၍ အတ္တဟုခေါ်ကြောင်း ပါဌ်အဋ္ဌကထာတို့ကိုပြခဲ့ပြီ၊ သမုတိသတ္တဝါကား ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို စွဲ၍ခေါ်ကြောင်းကိုလည်း ပြခဲ့ပြီ။

ဤကား သက္ကာယဒိဋ္ဌိစေတနာဖြင့် အပါယ်ကျ-မကျ အဆုံးအဖြတ်ကို ပြခြင်းတည်း။

## ဒိဋ္ဌိစွဲငါနှင့် သညာဝိပလ္လာသစသည်

**အဋ္ဌသာလိနီနိဂုံးပကရဏစသော အဋ္ဌကထာတို့၌လည်း-**

ယံ ရူပံ သော အဟံ ယောအဟံ တံ ရူပန္တိ ရူပဉ္စ အတ္တဉ္စ အဒွယံ သမနုပဿတိ– ဟူ၍ရင်း။ ယံ ပထဝီ

ကာသိကံ သော အဟံ ယော အဟံ တံ ပထဝီကသိဏန္တိ
ပထဝီကသိဏဉ္စ အတ္တဉ္စ အဒွယံ သမနုပဿတိဟူ၍ရင်း ဘွင့်ပြတော်မူ၏။

**ဒိဋ္ဌိစွဲ ငါ**.....ဤပါဠိတို့၌ မြန်မာသက်သက် အဓိပ္ပါယ်အား ဖြင့် ရုပ်သည်ပင် ငါ၊ ငါသည်ပင် ထိုရုပ်တည်း၊ ဤသို့ရုပ်နှင့်အတ္တကို နှစ်ခုမပြား တသားတထပ်ထည်း ရှု၏ဟု ဆိုလိုသည်၊ ဤစကားရပ်၌ ရုပ်သည်ပင် ငါ၊ ငါသည်ပင် ရုပ်ဟု ရှေ့ပါဠိ၌ တွဲထားသဖြင့် နောက်ပါဠိ၌လည်း ဤသို့ရုပ်နှင့် ငါကို နှစ်ခုမပြား တသားထည်းရှု၏ဟု ရေးရန်သင့်၏၊ သို့သော် ဤငါ သည် သမ္မုတိသစ္စာ ငါမဟုတ်၊ အတ္တ ငါဟု ပြလို၍ (ရူပဉ္စ အတ္တဉ္စ အဒွယံ သမနုပဿတိ) ရုပ်နှင့်ငါကို နှစ်ခုမပြား တသား ထည်းရှု၏ဟု မရေးဘွင့်ဘဲ (ရူပဉ္စ အတ္တဉ္စ အဒွယံ သမနုပဿ တိ)ဟု ရုပ်နှင့်အတ္တကို နှစ်ခုမပြား တသားထည်းရှု၏ဟု ဘွင့်ပြ ရ၏။

**သက္ကာယဒိဋ္ဌိ ငါဟူသည်**.....ထို့အတူ ပထဝီကသိုဏ်းတပ္ပ ဋိဘာဂနိမိတ်သည်ပင် ငါ၊ ငါ သည်ပင် ပထဝီကသိုဏ်း တပ္ပဋိဘာဂနိမိတ်၊ ဤသို့ ပထဝီ ကသိုဏ်း တပ္ပဋိဘာဂနိမိတ်နှင့် အတ္တကိုနှစ်ခုမပြား တသားထည်း ရှု၏ဟု နောက်ပါဠိ၌မဘွင့်၊ အတ္တနှင့်တွဲ၍ဘွင့်၏၊ ဤကသိုဏ်း နိမိတ်ဈာန်ဖြင့် ဗြဟ္မာ့ပြည်သို့ရောက်သည့်တိုင် (အတ္တ-ငါ၊ပထဝီ ကသိုဏ်းနိမိတ်သည်ပင်)တဘဝမှ တဘဝသို့ပြောင်းလာခဲ့သည် ဟု နိစ္စ,ဓုဝ,သဿတ, သဘော, လ, နေ, ပထဝီ,မြင့်မိုရ်တောင် ကဲ့သို့ မြဲသောသတ္တိရှိသော အတ္တသဘောဟု တိတ္ထိတို့ကြံဆပုံကို မူလသက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ စာမျက်နှာ ၁၇၊ နံပါတ် ၄-ပါဠိ၌ အဋ္ဌကထာအဘွင့်အတိုင်း ပြခဲ့ပြီးပြီ၊ သာမညယခုကာလ ဗုဒ္ဓဘာ သာတို့၏(မနေ့ကငါပင် ယခုငါ)(ငယ်ငယ်ကငါပင် ယခုငါ)ဟု တရားကိုမဆင်ခြင်ခိုက် အခိုက်အတန့်၌ သန္တတိဃန, ကိစ္စဃန,

အာရမ္မဏာဟူသော နိမိတ်တို့ကြောင့် သညာ စိတ္တဝိပလ္လာသတို့ဖြင့် ထင်မှတ်မှုငါမျိုးကို သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိငါ ခေါ်သည်မဟုတ်၊ အယူဝါဒတသီးတခြား ဖြစ်သောဒိဋ္ဌိငါကိုသာ သက္ကာယဒိဋ္ဌိငါဟု ခေါ်သည်၊ နောက်၌လည်း သညာဝိပလ္လာသ စိတ္တဝိပလ္လာသတို့၌ ဒိဋ္ဌိမယှဉ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်သညာတို့သာတည်းဟု အကိုးသာဓကပါဠိတို့ဖြင့်ပြခဲ့ပြီးပြီ၊ ထို့ကြောင့် ဒိဋ္ဌိဝိပ္ပယုတ်ပင်ဖြစ်စေ၊ အကုသိုလ်စိတ်ဟူသည်အနိစ္စဟူ၍သိတတ်သောစိတ်မျိုးမဟုတ်,သညာမျိုးမဟုတ်၊ ကုသိုလ်စိတ်တို့၌သာအနိစ္စသညာ,ဒုက္ခသညာ,အနတ္တသညာ,အသုဘသညာ စသည်တို့ဖြစ်နိုင်သည်၊ ဒိဋ္ဌိဝိပ္ပယုတ်စိတ်ဖြင့် နိစ္စ, သုခ ဖြစ်နိုင်၏၊ သက္ကာယဒိဋ္ဌိကား မဟုတ်လေ၊ ထို့ကြောင့်……

**စတုက္ကနိပါတ် ရောဟိတဝဂ်ပါဠိ၌–**

> အနိစ္စေ ဘိက္ခဝေ နိစ္စန္တိ သညာဝိပလ္လာသော, စိတ္တဝိပလ္လာသော, ဒိဋ္ဌိဝိပလ္လာသော။
>
> စသည်ဖြင့် ဟောတော်မူရ၏။

ငင်း အဋ္ဌကထာ၌ အနိစ္စေ ဘိက္ခဝေ နိစ္စန္တိ သညာ ဝိပလ္လာသောတိအနိစ္စေ ဝတ္ထုသ္မိံ နိစ္စံ ဣဒန္တိ ဧဝံ ဂဟေတွာ ဥပ္ပဇ္ဇနကသညာဟု ပြ၏။

**အနက်ကား**……အနိစ္စေ ဘိက္ခဝေ နိစ္စန္တိ သညာဝိပလ္လာသောတိ၊ အနိစ္စေ ဘိက္ခဝေ နိစ္စန္တိ သညာဝိပလ္လာသော ဟူသည်ကား။ အနိစ္စေ၊ မမြဲသော။ ဝတ္ထုသ္မိံ၊ ခန္ဓာစသောဝတ္ထု၌။ ဣဒံ၊ ဤဝတ္ထု သည်။ နိစ္စံ၊ မြဲ၏။ ဧဝံ၊ ဤသို့။ ဂဟေတွာ၊ အာရုံယူ၍။ ဥပ္ပဇ္ဇနကသညာ၊ ဖြစ်သောသညာသည်။ သညာဝိပလ္လာသော၊ ဖောက်ပြန်သော သညာမည်၏။

စိတ္တဝိပလ္လာသစသည်တို့၌လည်း ဤအတူလာ၏၊ ဤဝိပ္ပယုတ် သညာမျိုး စိတ်မျိုးသည် လ, နေ, သမုဒ္ဒရာ, မဟာပထဝီ, မြင့်မိုရ်

တောင် မြသကဲ့သို့ မြဲ၏ဟုယူသော သညာမျိုး စိတ်မျိုး မဟုတ်၊ မူလသက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ စာမျက်နှာ နံပါတ် ၅ဂ-လောကသမညာသပိ စသောပါဠိဖြင့် ပြခဲ့သော သန္တာနဃနကို စွဲ၍ဖြစ်သော သညာမျိုး စိတ်မျိုးမျှသာဖြစ်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ တိတ္ထိတို့ကြံဆအပ်သော အတ္တ၏ ဃနသညာကို ဘွင့်ပုံနှင့် သန္တတိ အစဉ်စပ်နေ၍ ဗုဒ္ဓဘာသာတို့၌လည်း မနေ့ကငါပင် ယခုငါ၊ ငယ်ငယ်က ငါပင် ယခုငါဘဲဟု နိစ္စသညာဖြစ်နေသည့် ဃနသညာကို အောက်ပါအတိုင်း ခွဲ၍ဘွင့်ထား၏။

> ပဉ္စန္နံ ခန္ဓာနံ အဘေဒတော ဧကော အတ္တာတိ ဂဟဏံ ဃနသညာ၊ ဃနသညန္တိ သန္တတိ သမူဟ ကိစ္စာရမ္မဏာနံ ဝသေန ဧကတ္တဂ္ဂဟဏံ၊ နောက်၌လည်း ပဋိစ္စသမုပ္ပါဒ်၏ ဃနသညာ၌ ဆိုခဲ့ပြီးပြီ။

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့တွင်။ အဘေဒတော၊ မပျက်စီး မကွဲပြိုသော အားဖြင့်။ ဧကော၊ တခုသော။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ ဂဟဏံ၊ ယူခြင်းသည်။ ဃနသညာ၊ ဃနသညာတည်း။ (ဤကား သက္ကာယဒိဋ္ဌိဃနတည်း။)

> ဃနသညန္တိ၊ ဃနသညံ ဟူသည်ကား။ သန္တတိ, သမူဟ, ကိစ္စာရမ္မဏာနံ၊ အစဉ်တခဲနက် အပေါင်းတခဲနက် ကိစ္စတခဲနက် အာရုံတခဲနက်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဧကတ္တဂ္ဂဟဏံ၊ တခုထည်းအဖြစ်ကိုယူခြင်းတည်း။ (ဤကား ဝိပဿနာယောဂီတို့ပင် မခွဲနိုင်သေးသော ဃနတည်း။)

**ရင်းမဟာဋီကာ၌ပင်—**

> သန္တတိယာ ဟိဿ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ (ပ) ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ။

ဟု မိန့်သေး၏။

**အနက်ကား**……ပါဠိသစ္စံ၊ ထိုစကားမှန်၏။ အဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ သန္တတိယာ၊ အစဉ်အဆက် နေခြင်းဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းထားသည်၏ အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ နဥပဋ္ဌာတိ၊ မထင်။ (ပ) ဃနေန၊ တခဲနက်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းထားသည်၏ အဖြစ် ကြောင့်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နဥပဋ္ဌာတိ၊ မထင်။

ဤသို့သန္တတိဃန တို့၏ ဖုံးလွှမ်းမှုသည် အနိစ္စ ဟူသော သုံးလုံးသောအသံတို့တွင် (အ) တချဉ်ပင် နားလည်သော အချိန် ကာလတိုင် ကုဋေ ၂ သိန်း, ၃ သိန်း, ဆက်နေ၏၊ ထို့အတူ (နိစ္စ)တို့၌လည်း သန္တတိ ဖုံးလွှမ်းလျက်ရှိသေး၏၊ (အနိစ္စ) ဟု ပေါင်း၍ နားလည်သောအခါ ဃန သန္တတိ ပေါင်းတို့ထက်များ ပြန်၏၊ ဤအတွင်းအစဉ်အဆက် တခဲနက်ဘဝင်ကိစ္စ, အာဝဇ္ဇန်း ကိစ္စ, သမ္ပဋိစ္ဆိုန်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စဟူသော ကိစ္စတခဲနက်များစွာဖြစ်နေပြန်၏၊ မိမိတို့၏ တကိုယ်လုံး၌လည်းရုပ်ကလာပ်ကလေးတို့သည် အနန္တ အသင်္ချေ ယျ, ပေါင်းရ၍ တခဲနက်ဖြစ်နေကုန်၏။

**လျှင်မြန်လွန်း၍**… အဘိဓမ္မာနည်းအရ စိတ်သည် ၂ ခုတပြိုင် နက် မဖြစ်ကောင်း၊ ဝီထိ အစဉ် အားဖြင့် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ ပစ္စည်းအားဖြင့် တချပြီးသည့် နောက်၌တချဖြစ်ရ၏၊ သို့ရာတွင် လျှင်မြန်လွန်း အားကြီးသဖြင့် အာရုံအများကိုတပြိုင်နက် သိမြင်နေသကဲ့သို့ အာရုံတခဲနက်ဖြစ် နေ၏။

**ဥပမာ**……..လူတဦးတယောက်သည် ရုပ်ရှင်ပွဲသို့သွား၍ကြည့် ခိုက် မိမိသည် မုန့်ကိုစား၍ ရေမွှေးစသည်ကို ဆွတ်ဖျန်း၍ ပန်ကာလေကိုဖွင့်လျက်နေ၏၊ ထိုအခိုက် မျက်စိဖြင့် လည်း ရုပ်ရှင်ကား ရုပ်များကိုမြင်လျက်ပင် တီးမှုတ်သံများကို လည်း ကြားရလျက်ပင် အမွှေးနံ့လည်းမွှေးလျက်ပင် မုန့်၏အရသာ

လည်းတွေ့လျက်ပင် ပန်ကာလေသည်လည်း တိုးဓွှ တိုက်ခတ် လျက်ပင် ထိလျက်ပင်ရှိ၏၊ ဤကား— အာရုံတခဲနက် ဖြစ်နေပုံ တည်း။

**ဆင်ခြင်ကြပါလေ**……အဆင်းမြင်ခိုက်, သိခိုက်၌ အသံကို မကြားနိုင်၊ တခု, တခုစီ, ဝီထိစိတ် ပေါင်းမရေတွက်နိုင်အောင် ဖြစ်ပေါ်, ပျက်ချုပ်နေသော်လည်း သည့်စိတ်တခုထည်းပင်ထင်နေရ၏၊ ဤမျှကို မသိမမြင်နိုင်သေး သဖြင့် ဝိပဿနာအားထုတ်နေသူ ကလျာဏပုထုဇန်ကို မနေ့ က— ငါပင် ယခုငါဘဲ ထင်မှုမျှကြောင့် သဿတဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဖြစ်နေသည်ဟု မစွပ်စွဲ မပြောပြောကောင်းပေ၊ ရဟန္တာ၏ အဖြစ်သို့ရောက်ခိုက်မှသာလျှင် ပျောက်ပယ် နိုင်သော သန္တတိ,ဃန, သညာ,စိတ္တ,ဝိပလ္လာသတို့ကို ပုထုဇန်,သောတာ ပန်စသည်တို့၌ အဘယ်သို့ပယ်ပျောက်နိုင်သေးအံ့နည်း၊ မပယ် ပျောက်နိုင်သေးခိုက်ကိုပင် မိစ္ဆာဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ရှိသူတို့၏ သဿတ, အမြင်နှင့် ရောထွေးပြောပြောနေကြ၏၊ ဆင်ခြင်ကြ ပါလေ၊ထို့ကြောင့်……

**သမ္မောအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်၌**…… သညာ ဝိပလ္လာ သ မကင်းသူတို့၏အိပ်မက်ပုံကိုပြ၏။

တတ္ထ ပနေတံ စတုဗ္ဗိဓံ သုပိနံ သေက္ခ ပုထုဇ္ဇနာဝ ပဿန္တိ၊အပ္ပဟီန ဝိပလ္လာသတ္တာ၊ အသေက္ခာ န ပဿန္တိ ပဟီန ဝိပလ္လာသတ္တာ။

ဟူ၍ဖွင့်ပြတော်မူ၏။

**အနက်ကား**…… စတုဗ္ဗိဓံ၊ ၄ ပါးအပြားရှိသော။ တတ္ထ ပနေတံ သုပိနံ၊ ထို အိပ် မက် ကို လည်း။ သေက္ခ ပုထုဇ္ဇနာဝ၊ သောတာပန် စသော သေက္ခနှင့် ပုထုဇန်ပုဂ္ဂိုလ်တို့ သည်သာလျှင်။ ပဿန္တိ၊ မြင်မက်ကြကုန်၏။ ကသ္မာ၊ အဘယ့် ကြောင့်အထူးထူးအထွေထွေသောအာရုံတွေကိုအိပ်မက်၌ပုထုဇန်

သေက္ခ အရိယာပုဂ္ဂိုလ် တို့သာလျှင် မြင်မက် ကြကုန်သနည်း ဟူမူကား။ အပ္ပဟီန ဝိပလ္လာ သတ္တာ၊ မပယ် အပ်သေး သော သညာ,စိတ္တဝိပလ္လာသရှိသည့်၏ အဖြစ်ကြောင့်တည်း။အသေက္ခာ၊ ရဟန္တာအသေက္ခပုဂ္ဂိုလ်တို့သည်။ နပဿန္တိ၊ မမြင်မက်ကြကုန်။ ကသ္မာ၊ အဘယ့်ကြောင့် သန္တတိဃနအာရုမ္မဏ ကိစ္စတခဲနက် ဆက်၍နေသော သညာဝိပလ္လာသ အိပ်မက်ကို ရဟန္တာပုဂ္ဂိုလ် တို့မမြင်မက်သနည်းဟူမူကား။ ပဟီနဝိပလ္လာသတ္တာ၊ ဝိပလ္လာသ အလုံးစုံကိုပယ်အပ်ပြီးသည့်၏အဖြစ်ကြောင့်တည်း။

**မစွပ်စွဲသင့်,အထင်မကြီးနှင့်**.. ဤအမျိုးမျိုးသော သက်သေ သာဓကပေါင်းတို့ကို ထောက် ထား၍ သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ် များပင် သညာ၏ဖောက်ပြန်မှုရှိသေးသဖြင့် ပုထုဇန်ပုဂ္ဂိုလ်တို့၌ဆိုဘွယ် ပင်မရှိ၊သို့ရာတွင် အယူဝါဒ တသီးတခြား ပြုလုပ်၍ ဥပါဒ် ဌီ, ဘင်,မရှိ၊ လ,နေ,သမုဒ္ဒရာ၊ မဟာပထဝီ မြင့်မိုရ်တောင်တို့ကဲ့သို့ မြဲသည့်အတ္တ၊ တခဲနက်အတ္တဟု မယူဆသောကြောင့် ငယ်ငယ် ကငါပင်–ယခုငါဘဲစသည်ဖြင့် ထင်မှတ်မှုလောက်ကို သဿတ ဒိဋ္ဌိ, အတ္တဒိဋ္ဌိ သွားတွေဟု နှုတ်လွန်, လျှာလွန်, မစွပ်စွဲသင့်၊ မိမိကိုယ်ကိုငါတို့ကတော့ ပရမတ်ဆတ်ဆတ်မြင်သော ဝိပဿနာ စခန်းသို့ ရောက်နေ၍ ထိုသူတို့နှင့်မတူ၊ အသိဉာဏ် သာသူ ဟူ၍ အတ္တုက္ကံသန၊ အယုတ်တရား, အဓိမာန အထင်ကြီးခြင်းတရားတို့ သို့မလာမကပ်ရအောင် သတိဆောင်၍ ဘတ်ရှုမှတ်သား ကျင့်ကြံ စေကုန်သတည်း၊ ထို့ကြောင့်......

**အဂ်ုတ္တိုရ်စတုက္ကနိပါတ်ဥရုဝေလဝဂ်၌**.....

နေဝတ္တာနုက္ကံ သေတိတိ အဓိမေ သင်္ဂဝသာနိ အနိစ္စံ ဒုက္ခံ, အနတ္တာတိ ဝိပဿနာကမ္မံ ကရောန္တသ ကော မလာ သဒိသော အပ္ပုဂ္ဂိတိ ဇဝံ အတ္တုက္ကံသနံ နကရောတိ၊ နောပရံဝမ္ဘေတိတိ အနိစ္စံ ဒုက္ခန္တိ ဝိပဿနာ မတ္တကံပိ

နတ္ထိ၊ ကိံ ဣမေ ဝိသဋ္ဌကမ္မဋ္ဌာနာ ဝိစရန္တီတိ ဇဝံ ပရ
ဝမ္ဘနံ နကရောတိ။

ဟူ၍မိန့်ပြီ။

**အနက်ကား**……နေဝတ္တာနုဂ္ဂံ သေတီတိ၊ မိမိကိုယ်ကို မချီး မြှင့်ဟူသည်ကား။ အနိစ္စံ, ဒုက္ခံ, အနတ္တာတိ၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍။ ဝိပဿနာကမ္မံ၊ ဝိပဿနာအမှုကို။ ကရောန္တဿ၊ ပွါးများခြင်းကို ပြုလုပ်၍ နေသော။ မေ၊ ငါအား။ အစ္ဆ၊ ယနေ့။သဋ္ဌိဝဿာနိ၊ အနှစ်ခြောက်ဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မယာ၊ ငါနှင့်။သဒိသော၊တူသော။ ကော၊ အဘယ် ဝိပဿနာယောဂီပုဂ္ဂိုလ်သည်။အတ္ထိ၊ ရှိသနည်း။ ဣတိဇဝံ၊ ဤသို့။ အတ္တုက္ကံသနံ၊ မိမိကိုယ်ကိုချီးမြှောက်ခြင်းကို။ နကရောတိ။ မပြု။

နောပရံဝမ္ဘေတီတိ၊သူတပါးကို အထင်သေး၍မရှုတ်ချ မကဲ့ရဲ့ ဟူသည်ကား။ အနိစ္စံ, ဒုက္ခန္တိ၊ အနိစ္စ, ဒုက္ခ ဟူ၍။ ဝိပဿနာ မတ္တကံပိ၊ ဝိပဿနာမျှသည်လည်း။ နတ္ထိ၊ မရှိ။ ဣမေ၊ ဤသူတို့ သည်။ ဝိသဋ္ဌကမ္မဋ္ဌာနာ၊ စွန့်လွှတ်၍ထားသော ကမ္မဋ္ဌာန်းရှိကြ ကုန်လျက်။ ဝိစရန္တိ၊ လှည့်လည်ကြကုန်၏။ ကိံ၊ အဘယ်အကျိုး ရှိကုန်အံ့နည်း။ ဣတိဇဝံ၊ ဤသို့။ ပရဝမ္ဘနံ၊ သူတပါးတို့အား အ ထင်သေး၍ ရှုတ်ချပြစ်တင်ခြင်းကို။ နကရောတိ၊ မပြု။

ဤသို့မပြုက သူတော်ကောင်းပေဘည်း၊ ကောင်းမှုကံမှီ၍ မကောင်းမှု ကပ်လာတတ်၏၊မာန အတ္တုက္ကံသန ဖြစ်လာတတ်၏၊ ဥပနိဿယပစ္စည်း သတ္တိ ဝင်လာတတ်၏ဟူလို။

ဤကား— ဒိဋ္ဌိစွဲငါနှင့် သညာဝိပလ္လာသ၏နိစ္စဒ္ဓ
အားသေးပုံစသည်ကိုပြခြင်းတည်း။

---

## ကိုယ်ဟူသော အနက်မဖြစ်ပုံ

မူလာဋီကာသာဋ္ဌိဝိနိမ္မုယစာချပ်ကို ဆက်ပေပြီးသည့်နောက် အချို့သော ပုဂ္ဂိုလ်တို့သည် ယခုနောက်ကရေးပြခဲ့သော များစွာ

သော ပါဠိအဋ္ဌကထာ ဋီကာပါဌ်တို့ကို စေ့စပ်သေချာစွာ မကြည့် ရှုနိုင်သဖြင့် တစိတ်တချို့ကိုယူ၍ ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာ—ဟူသောပါဌ်၏အနက်ကို ဤသို့ပြန်ဆိုထား၏။

**ပရိကပ္ပိတအနက်အစား**……ဧတံရုပံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဧသော၊ ဤရုပ်သည်။အဟံ၊ငါသည်။အသ္မိ၊ဖြစ်၏။ ဧသော၊ဤရုပ်သည်။မေ၊ ငါ၏။အတ္တာ၊ကိုယ်တည်း။ ဤသို့သက္ကာယဒိဋ္ဌိ အရာ၌ ပရိကပ္ပိတ အတ္တအနက် ပေးရမည့် အစား သမုတိသစ္စာအနက် ကိုယ်ဟူ သော အနက်ကို ပေးထား၏၊ အထက်၌ ပြခဲ့ပြီးသော အစိတ် အစိတ် ခန္ဓာကိုစွဲသော ပရိကပ္ပိတ—အတ္တနှင့် ကုဏ္ဍိတာနံ ကေသာ ဒိသမ္မူဟာနံ အာယောတိကာယော ဟူသောသမုတိသစ္စာ ကာယ နှင့် ရောထွေးနေပြန်၏၊ ထို့ကြောင့် ဤအရာ၌ စာကြည့်ရှုနိုင်သူတို့ ၏ အလို့ငှါ ခွဲခြားရေးသားလိုက်၏။

မူလသက္ကာယဒိဋ္ဌိ စာအုပ်မျက်နှာ(၁၅)နှင့်(၁၈)အကြား၌ ပြန် ၍ကြည့်ပါ။

အတ္တ၏အနက်သည် ၄—မျိုးရှိ၏။

(၁) အတ္တ—ကိုယ်—သက္ကာယဒိဋ္ဌိ အရာ၌ အလိုမရှိအပ်သော အနဓိပ္ပေတအတ္တ—အနက်။

(၂) အတ္တ—စိတ်—သက္ကာယဒိဋ္ဌိ အရာ၌ အလို မရှိအပ်သော အနဓိပ္ပေတအတ္တ—အနက်။

(၃) အတ္တ-သဘာဝ ပရမတ္ထတရား၊သက္ကာယဒိဋ္ဌိအရာ၌ အလို မရှိအပ်သော အနဓိပ္ပေတအတ္တ—အနက်။

(၄) အတ္တ—တိတ္ထိတို့ကြံဆသောအတ္တ—သက္ကာယဒိဋ္ဌိ အရာ၌ အလိုရှိအပ်သော (အဓိပ္ပေတအတ္တ)အနက်။

**ဥပမာ**……(၁) ရောဟိတ—စိုင်။ (၂) ရောဟိတ—ငါးကြင်း။ ထိုအနက် ၂—ခုတို့တွင် (ရောဟိတော ဝန္တရေ စရတိ)ဟု ရေးသောအခါ စိုင်သည် တောတွင်း၌ လှည့်လည်၏၊

(ရောဟိတော နဒိယံ စရတိ)ဟု ရေးသောအခါ ငါးကြင်းသည် မြစ်၌လှည့်လည်၏၊ဤသို့မှတ်ရမည်။

(မြစ်)(တော)ဟူသောပုဒ်တို့ကို မထောက်ထားမူ၍(ရောဟိတကိုသာ)အရင်းမူ၍ပေးလျှင် အလိုမရှိအပ်သော အနက်သို့ ရောက်နေတတ်၏၊ ငါးကြင်းသည် တောတွင်း၌ လှည့်လည်၏၊ စိုင်သည် မြစ်၌လှည့်လည်၏ဟု မဖြစ်ကောင်းပေ၊ ထို့အတူ သက္ကာယဒိဋ္ဌိ ဖြစ်ထိုက်သော နေရာ၌ ကိုယ်, စိတ်, ပရမတ္ထ အနက်ဟော အတ္တ တို့ကို မသုံးသင့်ကြောင်း သိအပ်၏၊ မူလပဏ္ဏာသ အဋ္ဌကထာ သလ္လေခသုတ် အဖွင့်၌လည်းလာ၏။

**ဝိသုဒ္ဓိမဂ်–ပညာဘူမိ နိဒ္ဒေသဋ္ဌကထာ၌......**

ရူပတဏှာ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မတဏှာတိ အာရမ္မဏတော နာမဝသေန ဝိဘင်္ဂေ ဆတဏှာ ဒီပိတာ၊ တာသု ပန တဏှာသု ဧကေကာ တဏှာ ပဝတ္တိ အာကာရတော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတိ ဧဝံ တိဝိဓာ မတာ၊ ရူပတဏှာယေဝ ဟိ ယဒါ စက္ခုဿ အာပါထ မာဂတံ ရူပါရမ္မဏံ ကာမဿာဒဝသေန အဿာဒ ယမာနာ ပဝတ္တတိ၊ တဒါ ကာမတဏှာနာမ ဟောတိ၊ ယဒါ တဒေဝါရမ္မဏံ ဓုဝံ သဿတန္တိ ပဝတ္တာယ သဿတ ဒိဋ္ဌိယာ သဒ္ဓိံ ပဝတ္တတိ၊ တဒါ ဘဝတဏှာနာမ ဟောတိ၊ သဿတဒိဋ္ဌိသဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ၊ ယဒါ ပန တဒေဝါရမ္မဏံ ဥစ္ဆိဇ္ဇတိ ဝိနဿတီတိ ပဝတ္တာယ ဥစ္ဆေဒဒိဋ္ဌိယာသဒ္ဓိံ ပဝတ္တတိ၊ တဒါ ဝိဘဝ တဏှာနာမ ဟောတိ၊ ဧသေဝ နယော သဒ္ဒတဏှာ ဒီသု ပီတိ ဧတာ အဋ္ဌာရသတဏှာ ဟောန္တိ၊ တာ အဇ္ဈတ္တ ရူပါဒီသု အဋ္ဌာရသ၊ ဗဟိဒ္ဓါ အဋ္ဌာရသာတိ ဆတ္တိံသ၊ ဣတိ အတီတာ ဆတ္တိံသ၊ အနာဂတာ ဆတ္တိံသ၊ ပစ္စုပ္ပန္နာ ဆတ္တိံ သာတိ အဋ္ဌသတ တဏှာ ဟောန္တိ......

ဟူ၍လာ၏။

အာရုံအားဖြင့် ရသောအမည်၏ အစွမ်းအားဖြင့်......

(၁) ရူပတဏှာ–မျက်စိ၌ ထင်လာသော ရူပါရုံကို ကာမ သာဒ သာယာနှစ်သက်သော အစွမ်းဖြင့်ဖြစ်လျှင် ကာမတဏှာ မည်၏။

(၂) သဒ္ဒတဏှာ-နား၌ကြားလာသောသဒ္ဒါရုံကို ကာမဿာဒ သာယာနှစ်သက်သော အစွမ်းဖြင့်ဖြစ်လျှင် ကာမတဏှာမည်၏။

(၃) ဂန္ဓတဏှာ–နှာခေါင်း၌ နံလာသော ဂန္ဓာရုံကို ကာမ သာဒ သာယာနှစ်သက်သော အစွမ်းဖြင့်ဖြစ်လျှင် ကာမတဏှာ မည်၏။

(၄) ရသတဏှာ-လျှာ၌ထိလာသော ရသာရုံကို ကာမဿာဒ သာယာနှစ်သက်သော အစွမ်းဖြင့်ဖြစ်လျှင် ကာမတဏှာမည်၏။

(၅) ဖောဋ္ဌဗ္ဗတဏှာ–ကိုယ်၌တွေ့ထိလာသော အတွေ့အာရုံ ကို ကာမဿာဒ သာယာနှစ်သက်သော အစွမ်းဖြင့် ဖြစ်လျှင် ကာမတဏှာမည်၏။

(၆) ဓမ္မတဏှာ-စိတ်၌ကြံသိလာသောဓမ္မာရုံကို ကာမဿာဒ သာယာနှစ်သက်သော အစွမ်းဖြင့်ဖြစ်လျှင် ကာမတဏှာမည်၏။

ထို့အတူ တခုခုသောအာရုံကိုပင်လျှင် အကြင်အခါ၌ ဓုဝ– သဿတ–မြဲ၏ခိုင်၏ဟုဖြစ်သော သဿတ ဒိဋ္ဌိနှင့်တကွ အာရုံ ယူ၍ လောဘစိတ်သည်ဖြစ်၏၊ ထိုအခါ လောဘ စေတသိက် သည် ဘဝတဏှာမည်၏။

သဿတ ဒိဋ္ဌိနှင့်တကွဖြစ်သော လောဘမူစိတ်၌ လောဘကို ဘဝတဏှာဟု ခေါ်သောကြောင့်ပင်တည်း၊ ထိုတခုတခုသော အာရုံကိုပင်လျှင် ပြတ်လတ္တံ့ ပျက်စီးလတ္တံ့ဟူ၍ ဖြစ်သော ဥစ္ဆေ ဒ ဒိဋ္ဌိနှင့်စိတ်သည် တကွဖြစ်၏၊ ထိုအခါ ထိုလောဘစိတ်၌ ယှဉ် သော လောဘစေတသိက်သည် ဝိဘဝ တဏှာမည်၏။

**တရား၃ရှစ်ဖြာ ဤတဏှာ**......ထို့ကြောင့် အာရုံ တခုလျှင်
ကာမ တဏှာ, ဘဝ တဏှာ

ဝိဘာဝတဏှာ ၃–ခုစီနှင့်မြှောက် ပွါးက (၆×၃=၁၈) တဏှာ ၁၈–မျိုးဖြစ်၏၊ထို၁၈–ပါးကိုပင် အဇ္ဈတ္တအာရုံ–၌(၁၈)ဗဟိဒ္ဓအာရုံ၌(၁၈)ဟူ၍မြှောက်ပွါးပြန်သော် ၁၈× ၂=၃၆ တဏှာ ၃၆–မျိုး ဖြစ်ပြန်၏၊ ထို၃၆–မျိုးကိုပင်လျှင် အတိတ်ကာလ၌ တဏှာ–၃၆၊ အနာဂတ် ကာလ၌ တဏှာ–၃၆၊ ပစ္စုပ္ပန်ကာလ၌ တဏှာ ၃၆ ဟူ၍(၃၆×၃=၁၀၈)မြှောက်ပွါး ပြန်သော် တဏှာ ၁၀၈–မျိုး ဖြစ်ကုန်၏။

**တဏှာပြားရကြောင်း**… ဤတဏှာ ၁၀၈–မျိုးတို့၌ လောဘ မူစိတ်ရှိ ဒိဋ္ဌိဂတသမ္ပယုတ် လောဘ နှင့် ဒိဋ္ဌိဂတ ဝိပ္ပယုတ် လောဘတို့ ပါဝင်လျက် ရှိကုန်၏၊ ဤသို့ ရောထွေးနေလျက် အဘယ့်ကြောင့် မြဲခြင်း ပြတ်ခြင်းတို့ကို ယူသော ဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာတို့ကို ကာမတဏှာဟူ၍ ပြထားသနည်းဟူမူ ကာမဿာဒ ကာမဂုဏ်၌ သာယာ နှစ်သက်သော ပဝတ္တိ အာကာရကိုစွဲ၍ ခေါ်ရ၏၊ (နောက်၌ ဝဓက စေတနာနှင့် ဒေါသကိုပြခဲ့ပြီ။) ထို့ကြောင့်……

**မူလဋီကာ၌**……

သဿတဒိဋ္ဌိ သဟဂတော ရာဂေါ ဘဝဒိဋ္ဌိသမ္ပယုတ္တတ္တာ ဘဝါသဝေါတိ အဋ္ဌကထာယံ ဝုတ္တော၊ ဘဝါသဝေါ ပန ဒိဋ္ဌိဝိပ္ပယုတ္တော ဧဝ ဥပ္ပဇ္ဇတီတိ ပါဠိယံ ဝုတ္တော၊ သောပိ ရာဂေါ ကာမာသဝေါ ဘဝိတုံ ယုတ္တော။

ဟူ၍ ဖွင့်ပြတော်မူရသည်။

**အနက်ကား**……သဿတဒိဋ္ဌိ သဟဂတော၊ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော။ ရာဂေါ၊ ရာဂကို။ ဘဝဒိဋ္ဌိ သမ္ပယုတ္တတ္တာ၊ ဘဝဒိဋ္ဌိနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ ဘဝါ သဝေါတိ၊ ဘဝါသဝ–ဟူ၍။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တော၊ ဆိုအပ်၏။ ပန တထာပိ၊ ထိုသို့ပင် ဘဝဒိဋ္ဌိနှင့် ယှဉ်သော ကြောင့် ဘဝါသဝ–ဟူ၍ ဖွင့်ဆိုသော်လည်း။ ဘဝါသဝေါ၊

ဘဝါသဝသည်၊ ဒိဋ္ဌိဝိပ္ပယုတ္တေ ဇဝ၊ ဒိဋ္ဌိဝိပ္ပယုတ် စိတ်၌သာ ဖြစ်၏။ ဉပ္ပန္နတိ၊ ဖြစ်၏။ ဠာတိ၊ ဤသို့။ ပါဋ္ဌိယံ၊ အဋ္ဌကထာ ကဏ္ဍပါဠိ၌။ ဝုတ္တော၊ ဆိုအပ်၏။ သောပိရာဂေါ၊ သဿတ ဒိဋ္ဌိနှင့်တကွ ဖြစ်သော ထိုရာဂသည်လည်း။ ကာမာသဝေါ၊ ကာမာသဝသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ယုတ္တော၊ သင့်၏။ (ကာမသဿဒခေါင်းဆောင်က သမ္ပယုတ်ရာဂလည်း ကာမရာဂဖြစ်နိုင်၏ ဟူသတည်း။)

**အနုဋီကာ၌လည်း**……

သဗ္ဗေပိ ဟိ တေဘူမကာ ဓမ္မာ ကမနီယဋ္ဌေန ကာမာ တိ။

ဟူ၍ ဘွင့်တော်မူ၏။

ထို့ကြောင့် ဘုံသုံးပါးအတွင်း ပါဝင်သော တရားအလုံးစုံတို့ကို ကာမဿဒအားဖြင့် နှစ်သက်နိုင်သဖြင့် ဒိဋ္ဌိဂတသမ္ပယုတ် ကာမတဏှာ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ကာမတဏှာဟူ၍ပင် မှတ်ရာ၏။

**ပဋိသမ္ဘိဒါမဂ်ပါဠိ မဟာဝဂ်ဒိဋ္ဌိကထာ၌**……

ကထံ အဘိနိဝေသ ပရာမာသော ဒိဋ္ဌိ၊ ရူပံ ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာတိ အဘိနိဝေ သော။

ဟူ၍ အဘိနိဝေသပုဒ် ပရာမာသပုဒ်တို့နှင့်တွဲဘက်လျက်လာသောကြောင့်၎င်း, ရုပ်တရထည်းကိုနောက်၌ပြခဲ့ပြီးသည့်အတိုင်း တန်ခိုးစုံအပ်နှင်း၍ အတ္တဟု စွဲသောကြောင့်၎င်း သက္ကာယဒိဋ္ဌိ သမ္ပယုတ်လောဘဟု သိအပ်၏၊ ထို့ကြောင့်……

**ရင်းအဋ္ဌကထာ၌**……

(၁) ဧတံ မမာတိ တဏှာမညနာ မူလိကာဒိဋ္ဌိ။ (၂) ဧသော ဟမသ္မိတိ မာနမညနာ မူလိကာဒိဋ္ဌိ။ (၃) ဧသော မေ အတ္တာတိ ဒိဋ္ဌိမညနာ ဇဝ။

ဟူ၍ ဘွင့်ပြ၏။

သီလက္ခန်အဋ္ဌကထာ၌လည်း သမ္ဘာဒိဋ္ဌိအရာ၌ သဒ္ဒါမူလိကာ စ သမ္ဘာဒိဋ္ဌိဟု ဘွင့်ပြ၏။ (၁) နံပါတ်၌ ဤရုပ်တရားသည် ငါ၏ ဥစ္စာဟူ၍ တဏှာတည်းဟူသော အမှတ်အထင်နှင့် စပ်လျက်ဖြစ်သောဒိဋ္ဌိ=အတ္တ-ငါမျိုးတည်း။ (၂) နံပါတ်၌ ဤရုပ်တရားသည် ငါသည် ဖြစ်၏ဟူ၍မာနတည်းဟူသောအမှတ်အထင်နှင့်စပ်လျက် ဖြစ်သော ဒိဋ္ဌိ=အတ္တ-ငါမျိုးတည်း။ (၃) နံပါတ်၌ ဤရုပ်တရားသည် ငါ၏အတ္တဟူ၍ ဒိဋ္ဌိတည်းဟူသော အမှတ်အထင်သာလျှင် ဖြစ်သော အတ္တ-ငါမျိုးတည်း။ ထို့ကြောင့်……

**ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌……**

စက္ခုံ အဟန္တိ အဘိနိဝေသော ပရာမာသောတိ မာန ပုဗ္ဗကော အဘိနိဝေသပရာမာသော၊ နဟိ ဒိဋ္ဌိမာန သမ္ပယုတ္တော ဟောတိ တေနေဝစ မာနပဋိနိဗဒ္ဓါတိ ဝုတ္တံ၊ မာနပဋိဗဒ္ဓါ မာနမူလကာတိ အတ္ထော၊ စက္ခုံမမန္တိ အဘိနိဝေသပရာမာသောတိ ဧတ္ထာပိ ဧသောဝနယော။

ဟူ၍ရင်း ဘွင့်ပြတော်မူ၏၊ ထိုမှတပါး အနိစ္စာဒိ အာကာရံ အတိက္ကမိတွာ နိစ္စန္တိ အာဒိဝသေန ဝတ္တမာနော ပရ တော အာမသတိ ဂဏှာတီတိ ပရာမာသော ဟူ၍ရင်း အနိစ္စာဒိကေ ဝတ္ထုသ္မိံ နိစ္စာဒိဝသေန အဘိနိဝိသတိ ပတိဋ္ဌဟတိ ဒဠှံ ဂဏှာတီတိ အဘိနိဝေသော။

ဟူ၍ရင်း ဘွင့်ပြတော်မူ၏။

**သောတာပန်မသိမ္ဘ……**မာနရှေ့သွားရှိသော များသော နှလုံးသွင်း များသော သုံးသပ်ခြင်း ဒိဋ္ဌိသည် ဧသော ဟမသိဒ္ဓိတည်း။ အဘယ့်ကြောင့်နည်းဟူမူ ဒိဋ္ဌိနှင့်မာန သမ္ပယုတ္တ အားဖြင့် မသင့်ဉ်သောကြောင့်တည်း။ ဧတံ မမ-၌လည်း သမ္ပယုတ် တဏှာဖြစ်မှု (မူလိကာ-အရ၊ သဟဇာတ တဏှာမည်နှာ မူလိ ကာ) (ဝိပ္ပယုတ်တဏှာဖြစ်မှု မူလိကာအရ ဥပနိဿယတဏှာ မည်နှာကို) မာန၌ကဲ့သို့ မှတ်အပ်၏။ ထို့ကြောင့်……

**မဟာဋီကာ၌**……

မာနေနာတိ ဒိဋ္ဌုပနိဿယော အပါယဂမနီယော
သော ဒိဋ္ဌိယာ ဝိက္ခမ္ဘိတာယ ဝိက္ခမ္ဘိတော ဧဝ
ဟောတိ။ ဒိဋ္ဌိယာ သမုစ္ဆိန္နာယ သမုစ္ဆိန္နောတိ
အာဟ၊ ဒိဋ္ဌိဥဂ္ဃါတိတာယ စိတ္တေန သဒ္ဓါရေ ပရိဂ္ဂဏှတော
မာနေဝ နပ္ပဝတ္တတီတိ။

ဟူ၍ ဖွင့်ပြ၏။

**ဒိဋ္ဌိ၏ဥပနိဿယမာန**……မာန ဟူသည် ဒိဋ္ဌိ၏ ဥပနိဿယ
အကြောင်းတည်း၊ အပါယ်သို့ကျ
စေတတ်သည်တည်း။ ဒိဋ္ဌိကိုခွါခဲ့သည်ရှိသော် ထိုအပါယဂမနီ
ယဖြစ်သောမာနကို ခွါအပ်ပြီးသည် သာလျှင် ဖြစ်၏။ အဘယ်
ကြောင့်နည်းဟူမူ သက္ကာယဒိဋ္ဌိကိုအရင်းပြတ် မင်ဖြင့်ပယ်သည်
ရှိသော် အပါယဂမနီယ ဖြစ်သော မာန၏လည်း အရင်းပြတ်
သောကြောင့်တည်း။ ထို့ကြောင့် ဒိဋ္ဌိဥဂ္ဃါဋိယ စိတ္တေန သဒ္ဓါ
ရေ ပရိဂ္ဂဏှတော မာနေဝ နပ္ပဝတ္တတိ-ဟူ၍ မိန့်တော်မူပြီ။ (ဝါ-
ဒိဋ္ဌိခွါသောစိတ်ဖြင့် သဒ္ဓါရတို့ကို သိမ်းဆည်းသောပုဂ္ဂိုလ်အား
မာနသည် မဖြစ်)ဟူ၍ အဋ္ဌကထာ၌မိန့်၏။

**ဝိပ္ပယုတ်ငါမရှိရာသို့**……ဤသို့ တဏှာ ဝိစရိတ ကာမဿာဒ
၌ ရောနှော နေသော သမ္ပယုတ်
တဏှာ ဝိပ္ပယုတ်တဏှာတို့ကို နောက်၌ပြအပ်ခဲ့ပြီးကုန်သော ဒေ
သနာအကိုး သာဓကပါဠိတို့ဖြင့်မှတ်မိရန် အထပ်ထပ် ဆင်ခြင်
က ပေါ်လွင် ထင်ရှား၍ လာနိုင်၏။ (ဝိပလ္လာသ ဒိဋ္ဌိသမ္ပယုတ်)
(ဝိပလ္လာသဒိဋ္ဌိဝိပ္ပယုတ်)တို့လည်း ထင်ရှား၍လာနိုင်၏။ ရှေးသို့
လျှောက်၍ ဘတ်သွားရုံမျှ ဘတ်သွားလျက် မမှတ်သားမကြံစည်
က နောက်နောက်၌ပြခဲ့သော အကိုးသာဓကပါဠိတို့ကို မမှတ်မိ
နားမလည်သဖြင့် တလည်လည် ရှုပ်ထွေးနေအံ့သတည်း။ ယခု
ကာလ အများအားဖြင့် ယူနေကြသည်ကား ဒိဋ္ဌိသမ္ပယုတ် ငါ

ချည်းသာဖြစ်နေ၏၊ ဝိပဿနာဉာဏ်ပင်မရှိရတော့မည်လောက် လွန်ကဲနေတော့၏။

ဤကား-တော် မမ သောဟာမသိမ့်တို့၏ အနက်အရနှင့် အတ္တ၏
သက္ကာယဒိဋ္ဌိအရာ၌ကိုယ်ဟူသောအနက်
မဖြစ်ပုံပြခြင်းတည်း။

---

## အတ္တနှင့် အနတ္တ စပေါ်ပုံ

**အိန္ဒိယနိုင်ငံမှ**·····မြတ်စွာဘုရားသည် မြန်မာနိုင်ငံ၌ ပွင့်တော်မူသည် မဟုတ်၊ အိန္ဒိယနိုင်ငံ၌ ပွင့်တော်မူ၏။ ရှေးဦးစွာဗုဒ္ဓဘာသာဟူ၍ ဘုရားတည်းဟူသော ရတနာ တဆူပေါ်လာ၏။ ထို့နောက် ဓမ္မစကြာတရားကိုဟောတော်မူရာ ပဉ္စဝဂ္ဂီငါးဦး တရားထူးကို အဆင့်ဆင့်ရကြ၍ ရဟန္တာငါးပါး ဗုဒ္ဓဘာသာများ ပေါ်လာကြပြန်၏။ ထိုအခါဗုဒ္ဓဘာသာ ရဟန္တာ ခြောက်ပါးမျှသာ လောက၌ရှိသေး၏၊ နာဋပုတ္တ နိဂဏ္ဌ မက္ခလိ ဂေါသာလ သစ္စကပရိဗိုဇ် စသည့် မိစ္ဆာအယူ အတ္တအယူ ရှိသူ တို့သာလွှမ်းမိုး၍ အမျိုးမျိုးအယူဝါဒတို့ကို ဟောပြနေကြ၏။ ထို နောက်မှ ပဉ္စဝဂ္ဂီငါးဦးတို့တွင် အဿဇိမထေရ်နှင့် သစ္စကပရိဗိုဇ် တို့ တွေ့ဆုံမေးမြန်းရာမှ မြတ်စွာဘုရားထံမှောက်သို့ ဝေသာလီ မင်းပရိသတ်တို့နှင့်တကွ တိုင်းသူပြည်သား သစ္စကပရိဗိုဇ် တို့ ပါ လာရောက်ဆွေးနွေး မေးမြန်း လျှောက်ထားကြ၏။ ထိုအခါ သစ္စကပရိဗိုဇ်တို့၏အယူဝါဒ အတ္တသည်မဟုတ်၊ ဂေါတမမြတ် စွာဘုရား၏ ဟောပြတော်မူရာ အနတ္တသာမှန်ကြောင်း သိကြသ ဖြင့် မိမိသာရမင်း ကောသလမင်း အနာထပိဏ်သူဌေး ဝိသာခါ သုဇာတစသော ဗုဒ္ဓဘာသာအသင်းအရုံတို့သည်တခြား၊ အတ္တ အယူကို မစွန့်ခဲ့မူ၍ကျန်ရှိနေသူ ယခုတိုင် ဟိန္ဒူ၊ သသ်ကရိန် ကျမ်းလာအတိုင်းယူဆနေသူ မိစ္ဆာဒိဋ္ဌိအယူဝါဒ အသင်း အရုံ တို့သည် တခြား ဖြစ်နေကြကုန်၏။

**အတ္တဟုကြားလိုက်လျှင်**......ထို အခိုက်အတန့်၌ အတ္တ-ဟူ
သောစကားကိုကြားလိုက်လျှင်
နောက်၌ပြထားခဲ့ပြီးသော အစိတ်အစိတ်ခန္ဓာကို အတ္တ-အတ္တနိယ
ယူဆပုံကိုရင်း လ, နေ, သမုဒ္ဒရာ, မဟာပထဝီ, မြင့်မိုရ်တောင်
ကဲ့သို့ အတ္တ၏ ဥပါဒ်, ဌီ, ဘင် မရှိ၊ မပြိုမကွဲ မြဲပုံ၊ ခန္ဓာ ငါးပါး
တန်ခိုးသတ္တိ ဝိညာဏ်၆-ပါး တန်ခိုးသတ္တိ ရှိရှိသမျှအစုစုကို အတ္တ
တခုတည်းရုပ်ကဖြစ်စေ အချုပ်အဝက်ခန္ဓာကဖြစ်စေ ဆောင်ရွက်
နိုင်ပုံကိုရင်း ကာရက ဝေဒက သယံဝသိ ဇ္ဇာသရ သာမိ ခေါ်ပုံ
တို့ကိုရင်း အလုံးစုံသိကြ၏။ အဘယ့်ကြောင့် နည်းဟူမူ ထိုအတ္တ
နှင့် အနတ္တစကားကို အမြဲပြောကြား ငြင်းခုံနေခိုက် ဖြစ်သော
ကြောင့်တည်း။

**သင်္ဂါယနာ**......ထိုမှနောက်၌ အချိန် ကာလတို့သည် လွန်ခဲ့
ကုန်သော် ပဌမ သင်္ဂါယနာ ဒုတိယ သင်္ဂါယ
နာ တတိယသင်္ဂါယနာစသည်ဖြင့် မြတ်စွာ ဘုရား၏ စကားတော်
တရားတော် တို့ကို စုပေါင်း ရွတ်ပြန်တော် မူကြလျက် အဆက်
ဆက်ဆောင်ယူပြီးခါ ပေထက် အက္ခရာ ကျောက်ထက်အက္ခရာ
ရေးတင်ခြင်းသို့ရောက်လာကြကုန်၏။

**မသိသေး**......ဇမ္ဗူဒီပ နိုင်ငံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး
သည့်နောက် အနှစ် ၂၀၀ ကျော်လောက်မှ စ၍
အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ တပည့် အရှင်မဟာမဟိန္ဒ
မထေရ်အကြီးအမှူးပြုခါ သာသနာတော်ကို သီဟိုဠ်မြန်မာ ယိုးဒ
ယား တရုပ်စသော နိုင်ငံတို့သို့စေလွှတ် ဟောပြောသည် ရှိစေ၏၊
ထိုအခါမှစ၍ အတ္တဒိဋ္ဌိ အယူရှိသူတို့သည် ဇမ္ဗူဒီပနိုင်ငံ၌သာအများ
အပြားကျန်ရှိကြကုန်၏။ သီဟိုဠ် မြန်မာ နိုင်ငံစသည် တို့၌ကား
ဤအတ္တအယူကို သိပင်မသိသေးလေ။

**အနှစ်နှစ်ထောင်ကျော်သော်**......ရောက်ရှိလာသော သာ
သနာ စကားတော် များကို

သင်ကြားပို့ချလေ့လာ၍နေကြကုန်သော ပုဂ္ဂိုလ်တို့၌လည်း အတ္တနှင့်အနတ္တကို စာ၌ တွေ့ကြရ၍ လက်ရှိယူဆနေသော ပုဂ္ဂိုလ်နှင့် သသ်ကရိန် ဟိန္ဒူကျမ်းကိုလေ့လာနေသော သင်ကြား နေသော ပုဂ္ဂိုလ်တို့ကဲ့သို့ အတ္တ၏ အယူအဆကို ကျနစွာ မသိနိုင် ကြကုန်။ ယခုအနှစ် ၂၀၀၀ ကျော်တိုင် ရောက်ရှိ လာသော အခါ၌ကား မြန်မာပြည်၌ ပိဋကတ်တော်ကို လိုက်စား၍ သင်ကြား တတ်မြောက် အတော်အတန်ပေါက်ရောက်လာသူ အချို့အချို့တို့သည် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဆိုသောအရာသည် ဤမျက်မြင် ကိုယ်ခန္ဓာ ဖြစ်သောကိုယ်ကြီးကို ဆိုသည်မဟုတ်ဟု သိကြ၏၊ သည်ကိုယ်ကြီးကိုငါ့ကိုယ်မခေါ်လျှင် ဘယ်အရာကို ငါ့ကိုယ်ခေါ်မည်နည်းဟု ကြံဆလျက် အချို့သည်လည်း (ယ–သတ်) (ကိုယ်) ဆိုသည် မဟုတ်။(ဝ–သတ်)(ကိုဝ်)ကို ယူသော်သာ သက္ကာယဒိဋ္ဌိဖြစ်၏ဟု ဆုံးဖြတ်ရေးသားကြ၏။

**ဝိမုတ္တိရသ ကျမ်းဆရာသည်လည်း**……ဤကိုယ်ကြီးကိုစွဲလမ်း နေ၍ သက္ကာယဒိဋ္ဌိဖြစ်၏ဟုဆိုသည်မဟုတ်ဟုကား သိ၏။အတ္တ-အကြောင်းကို ပေါ်လွင်ထင်ရှား အောင် မရေးသားခဲ့လေ။ အချို့ ပုဂ္ဂိုလ်တို့ သည်လည်း ငါကောင်းတခုပြုလုပ်၍ ယူသောကြောင့်ဟု အယူရှိကြ၏။လယ်တီပဏ္ဍိတသည်လည်း ရင်းထုတ်သော ပါဠိအဘိဓာန်၌-(အတ္တ (ပ) ၁–ကိုယ်–ငါ ဤကိုယ်သည် ကာယသဒ္ဒါ၏ အနက်ဖြစ်သော ကိုယ်မဟုတ်၊ သက္ကာယဒိဋ္ဌိ,အတ္တဝါဒုပါဒါန်တို့၏ အာရုံဖြစ်သော ကိုယ်တည်း )ဟု ဤမျှသာရေးခဲ့၏။

**သက္ကာယဒိဋ္ဌိဝိနိစ္ဆယ**……ထို့နောက်မှ **မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဆရာတော်**သည် အနောက်နိုင်ငံ ဗာရာဏသီစသည်တို့၌ သသ်ကရိန်ကျမ်းတို့ကို သွားရောက် လေ့လာပြီးလျှင် မြန်မာပြည်သို့ပြန်ရောက်သောအခါ၌ ပါဠိအဘိဓာန် နိဿယသစ်ကို ရေးသားစီရင်သောအခါ

၌အဘ္ဘ၏ယူဆပုံအကြောင်းကို ထည့်သွင်း ရေးသားတော်မူ၏။ ထိုအခါသို့ရောက်သော် ၌မြန်မာ ဗုဒ္ဓသာသနာတော်မှ ပယ်ချထားသော အဋ္ဌကထာ ဋီကာစကားတို့၏ အဘ္ဘ ပကတိ ပုရိသစသည်နှင့် ဂုဏ်တိတ္ထိတို့ယူဆသော အဘ္ဘ ပကတိပုရိသတို့၏တူမျှ၍ နေသောအကြောင်းကိုကောင်းစွာတွေ့မြင်ရသဖြင့် **၁၂၉၇-ခုနှစ်** ၌ **သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ** ကျမ်းကို ရေးသား၍ ၁၀၀၀၀-ကျော်မျှ ကုသိုလ်ဖြစ် ဝေဌခဲ့ရလေသတည်း။

## ဆရာတော်ကြီးများထံတင်ပြခြင်း

**အဘယာရာမဆရာတော်**……ထိုမူလ သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယကို ပုံနှိပ်ထုတ်ဝေခြင်း မပြုမီ နိဒါန်းပါ ဆရာတော်ဘုရားကြီးများ ထံသို့ သွားရောက်ပြသရာ အဘယာရာမ ဆရာတော်ကြီးသည်လည်း အဘ္ဘ၏ အကြောင်းကို ကောင်းကောင်းမသိလျှင် အနတ္တကို မည်သို့အနက်မှန် ပေးနိုင်မည်နည်းဟု မိန့်တော်မူ၏။ လိပ်ပြာကောင်, အသက်ကောင်ဟု ယူဆသည်၌လည်း ယောင်ယောင်ဝါးဝါး ဆင်တူလောက်သာ ယူ၍ ပြောရ၏။အဘ္ဘအယူရှိသူတို့ကဲ့သို့ သရဏဂုံပျက် မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်သည့်တိုင် ယူဆသည် မဟုတ်သေး သဖြင့် သညာ စိတ္တဝိပလ္လာသ ဝိစိကိစ္ဆာ သတ္တသမ္မောဟ လောက်ဖြစ်မည်ကို ပြန်၍လျှောက်ထားခဲ့သဖြင့် သဘောကျတော်မူ၏။

**ပခုက္ကူဆရာတော်**……ပခုက္ကူဆရာတော်ဘုရားကြီး ဦးပညာသည်လည်း ငါတို့လည်း ယယ်စဉ်က ကြားဘူးခဲ့သည်မှာ မင်းတုန်းဘုရင်ကြီးသည် သုဓမ္မာဆရာတော်ကြီးများကိုပင့်၍ ဆွမ်းကပ်လှူဒါန်းပြီးနောက် လျှောက်ထားသည်မှာဘုရားတပည့်တော်သည်သာသနာတော်မြတ်ကို အလွန်ကြည်ညို၍ အမျိုးမျိုးချီးမြှောက်လှူဒါန်းခဲ့ပါပြီ၊သို့ရာတွင် ငါ့ထီး,ငါ့နန်း, ငါ့မိဖုရားစသည်တို့ကို မပယ်ဖျောက်နိုင်သေးသော သက္ကာယ

ဒိဋ္ဌိကြောင့် မြဲသောသုဂတိ မရှိမည်ကို စိုးရိမ်နေပါ သေးသည့် ဘုရားဟု လျှောက်၏။ ထိုအခါ ဆရာတော်ဘုရားကြီးတပါးသည် သည်ဟာ သက္ကာယဒိဋ္ဌိမှမဟုတ်ဘဲဟု ပြောသည်ဟု ငါတို့ တဆင့်စကား ကြားဘူး၏။ ယခုအခါ၌ကား နိကာယ် အရပ်ရပ် သုတ္တန်ဒေသနာစသည်တို့ကို ချပို့ဖန် များသဖြင့် သက္ကာယဒိဋ္ဌိ သည် ဤကိုယ်ကြီးကိုစွဲလမ်းချစ်ခင်နေသည်ကို မဆိုကြောင်း သိ ရ၏။ အဆုံးအဖြတ်ပြုလုပ် မထုတ်ဝေ မဟောကြားအားလို့သာ နေရတော့၏ဟု မိန့်တော်မူလေသည်။

**ပုဒ်မနှင့်အမှုသွား သတိထား**······အမှု တခုကို ဆုံးဖြတ် တော့မည်ကြံလျှင် သူ၏ ကျူးလွန်မှုနှင့် ဥပဒေကိုက်ညီ၍ ငြင်းချက်မရနိုင်မှ သာလျှင် လူသတ်မှု, လုယက်မှု, သူ့ပုန်မှု, လိမ်လည်မှု စသည်ဖြင့် ဆုံးဖြတ် ရသကဲ့သို့······

ကျမ်းဂန်တို့၌လည်း ဝိနည်းတော် သိက္ခာပုဒ်တို့၌ အင်္ဂါ ပယောဂ သန္နိဋ္ဌာန်စိတ်ထားစသည်တို့နှင့်ကျူးလွန်သော ကာယ ကံ, ဝစီကံမှုကိုကြည့်ရှု၍ ဒုက္ကဋ်, ပါစိတ်, သံဃာဒိသိသ်, ပါရာဇိက ဟု ဖြစ်ထိုက်သမျှဆုံးဖြတ်ရသကဲ့သို့ရင်း ပါဏာတိပါတ, အဒိန္နာ ဒါန်စသည်တို့၌လည်း အင်္ဂါ, ပယောဂ စသည်ကို ကြည့်၍ ဆုံး ဖြတ်ရသကဲ့သို့ရင်း သက္ကာယဒိဋ္ဌိ ဖြစ်သင့် မဖြစ်သင့်ကိုလည်း ဤ နည်းတူ ကြည့်ရှုဆုံးဖြတ် ဟောပြောသင့်၏။

ဤမျှလောက်သောစကားအစဉ်တို့ဖြင့်ရင်း ပဌမမူလသက္ကာယ ဒိဋ္ဌိဝိနိစ္ဆယနှင့် နောက်ထပ်ရေးသားသော ပါဠိအဋ္ဌကထာဋီကာ စကားတို့ဖြင့်ရင်းနှိုင်းချိန်၍ မြန်မာပြည်သူပြည်သား ရဟန်းတော် လူ, သာမဏေ, ကလျာဏပုထုဇန်, အန္ဓပုထုဇန်တို့ အပေါ်၌ မိစ္ဆာဒိဋ္ဌိအယူရှိသူ သရဏဂုံမရှိသူတို့၏ အဇ္ဈတ္တဝါဒပုဒ်မဖြင့် စွပ် စွဲသင့် မစွပ်စွဲသင့်ကိုရင်း စွပ်စွဲပြန်သော် သညာဝိပလ္လာသ ဝိပိ ကိစ္စာလောက်သာ ဖြစ်တန်သလော၊ တထပ်ထည်းသက္ကာယဒိဋ္ဌိ

အစစ် အတ္တဒိဋ္ဌိအစစ်ပင်ဖြစ်၏ဟု ဆုံးဖြတ်စီရင်သင့်သလောဟူ ၍ဖြင်း အတန်တန်ဆင်ခြင်နိုင်ရာ၏။

**အကြောင်းကား**……အဘယ်ကြောင့် နည်းဟူမူ မမှန်မညီ သောပုဒ်မဖြင့် အစွပ်စွဲအဆုံးဖြတ် ခံရ လျှင် တရား၌အလွန်နစ်နာခြင်း၊မိမိ၌လည်းအပြစ်ဝန်လေးခြင်းတို့ သည်……မျက်မှောက်ဘဝ၌ဖြင်း၊ နောင်သံသရာဘဝတို့၌ဖြင်း ဖြစ် တတ် ကြုံတတ်သောကြောင့်တည်း။မြတ်စွာဘုရား၏ အလိုတော် ကျမဟုတ်သော ပုဒ်မဖြင့် မစွပ်စွဲ မဆုံးဖြတ်မိရန် အတန်တန် ဘတ်ရှု ဆင်ခြင်သင့်ကြောင်းကို သိရာ၏။ထို့ကြောင့်……

**ဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌**—

ဒွေမေ ဘိက္ခဝေ အတ္တဝသေ,သမ္ပဿမာနာ ကိံ ပုရိသာ မာနုသံ ဝါစံ နဘာသန္တိ။ကတမေ ဒွေ မာစ မုသာဘဏိ မှာ မာစ ပရံ အဘူတေန အဗ္ဘာစိက္ခိမှာတိ ဣမေ ခေါ ဘိက္ခဝေ၊ဒွေ အတ္တဝသေ သမ္ပဿမာနာ ကိံ ပုရိသာ မာနု သံ ဝါစံ န ဘာသန္တိ။

ဟူ၍ ဘုရားဟောတော်မူ၏။

**အနက်ကား**……ဘိက္ခဝေ၊ရဟန်းတို့။ ကိံ ပုရိသာ၊ ကိန္နရာတို့ သည်။ဒွေ၊နှစ်ပါးကုန်သော။ ဣမေအတ္တဝသေ၊ ဤအကျိုးထူးတို့ကို။ သမ္ပဿမာနာ၊ကောင်းစွာ မြင်ကြကုန်သည် ဖြစ်၍။ မာနုသံဝါစံ၊လူ၌ ဖြစ်သောစကားကို။နဘာသန္တိ၊ မပြောဆို ကြကုန်။ကတမေဒွေ၊ အဘယ်အကျိုးထူး ၂ ပါးတို့နည်းဟူမူကား။ မုသာ၊ မဟုတ်မမှန်သောစကားကို။ မာစဘဏိမှာ၊ ပြောလည်း မပြောမိပါစေကုန်သတည်း။ပရံ၊သူတပါးကို။အဘူတေန၊ မဟုတ် မမှန်သောအားဖြင့်။မာစ အဗ္ဘာစိက္ခိမှာ၊ စွပ်လည်း မစွပ်စွဲမိပါစေ သတည်း။ ဣတိ၊ဤသို့နှလုံးသွင်း၍။နဘာသန္တိ၊မပြောဆိုကြကုန်။

ဘိက္ခဝေ၊ရဟန်းတို့။ခေါ၊စင်စစ်။ကိံ ပုရိသာ၊ ကိန္နရာတို့သည်။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေ အတ္တဝသေ၊ ဤအကျိုးထူးတို့ကို။

သမ္ပသော မာနာ၊ ကောင်းစွာ မြင်ကြကုန်သည်ဖြစ်၍။ မာနူသံဝါစံ၊ လူ၌ဖြစ်သောစကားကို။နှ ဘာသန္တိ၊မပြောဆိုကြကုန်။

**မုသား နှင့် သူများကိုစွပ်စွဲဘို့ကြောက်၍**……ဤသို့ ကိန္နရာတို့သည်လူတို့၏ စကားကို ပြောတတ်သော်လည်း မပြောဘဲ နေသည်ကပင် ကောင်းသည်ဟု ကြံ၍နေကြကုန်၏။အခါတပါး ကိန္နရာလင်မယားကို ဘမ်းမိလာရာ ဘုရင်မင်းမြတ်သည် စကားအပြောခိုင်းသော်လည်းမပြောဘဲ နေသောကြောင့် ၎င်းတို့လင်မယားကို သတ်၍ပွဲတော်စာချက်ဟုအမိန့်ပေးသောအခါ တဂါထာစီလောက်သာ ပြောပြ၏။ နောက်ထပ်၍ မပြောတော့ကြောင်း ငါးရာငါးဆယ် ဇာတ်၌လည်းလာ၏။ အမှားအားဖြင့် စွပ်စွဲ ပြောဆို မိမည်ကို ကြောက်သောကြောင့်တည်း။

**မပြောဘဲသော်လည်းနေ**…… သို့ကြောင့် ဖြစ်ထိုက် ဖြစ်တန်သမျှ အပြစ်လောက်မျှဖြင့်သာ ဆိုဆုံးဖြတ်သင့်ကြောင်း။ သို့မဟုတ်လျှင် ဟုတ်မလျှားစွပ်စွဲခြင်းသို့ ကျရောက်နေမည်ကို ကြောက်သင့်ကြောင်း ဖြင့် ဆင်ခြင်ရန်တည်း၊သို့မဟုတ် မူလကလည်း မပြောဟောဘဲနေရန်ပင်တည်း။

ဤကား အတ္တ,အနတ္တတို့သည် အိန္ဒိယမှစပေါ်ပုံကိုပြခြင်းတည်း။

## ဝိဝိကိစ္စာ ဖြစ်ပုံ

မြတ်စွာဘုရား လက်ထက်တော်၌ အချို့အချို့ရဟန်းတော်တို့သည် အတ္တဒိဋ္ဌိ အယူစကားတို့ကို အိန္ဒိယနိုင်ငံ၌ တဘာက်ဝါဒအားဖြင့် ကြားဘူးနေကုန်သဖြင့် ဝိစိကိစ္ဆာ သံသယအနည်းငယ်ဖြစ်ကြကုန်သေး၏။မဂ္ဂါဝရဏတိုင်ကား မရောက်ပေ။ယခုကာလ၌ အတ္တအကြောင်းကြားဘူးသူ အလွန်နည်းနေ၍ သံသယပင်ဖြစ်သူနည်းလေသေး၏။

**မဟာပုဏ္ဏမ-သုတ် ဒေဝဒဟဝဂ် အဋ္ဌကထာ၌……**

သံဃာ့မထေရ် တပါးသည် တရားကို အထူးအားထုတ်သူ ဖိမိ၏တပည့်၆ဝ-တို့အားမေးစစ်၍ကြည့်ရာ၌ မဂ်, ဖိုလ်, ဉာဏ် မရရှိသေးသဖြင့် ၎င်းတို့အလွန်အားထုတ်သော်လည်း မဂ်ဖိုလ်ကို မရကြကုန်။ အလိုအဇ္ဈာသယကို မြတ်စွာဘုရားမှပင် သိမြင်တော်မူမည်ဟု ကြံစည်လျက် မြတ်စွာဘုရားထံသို့ ခေါ်လာခဲ့၏၊ ရှေ့တော်မှောက်သို့ရောက်သောအခါ ဆရာဖြစ်သူ သံဃာ့ထေရ်သည် မြတ်စွာဘုရားထံ၌ လျှောက်ထားရန် အခွင့်တောင်း၍ ခွင့်ပြုတော်မူသောအခါ ၎င်းတပည့်တို့၏ရှေ့၌ပင် ခန္ဓာငါးပါးတို့၏အကြောင်းမူလတို့ကို မေးလျှောက်၏၊ ထိုသို့မလျှောက်ထားမီလည်း တပည့်တို့အား ရှေးအခါက မဟာဘုတ် ဥပါဒါရုပ်တို့ကိုသိမ်းဆည်းပုံနှင့် နာမ်ရုပ်တို့၏ အကြောင်း လက္ခဏာတို့ကို သိမ်းဆည်းပုံတို့ကို ဟောပြထားဘူး၏။

ကထံ ဘန္တေ ဇာနတော ကထံ ပဿတော ဣမသ္မိံစ
သဝိညာဏကေ ကာယေ ဗဟိဒ္ဓါစ သဗ္ဗနိမိတ္တေသု အဟံ
ကာရ မမံကာရ မာနာနုသယာ နဟောန္တီတိ။

ဟူ၍ မေးလျှောက်၏။

**အဓိပ္ပါယ်ကား**……မြတ်စွာဘုရား……အဘယ်သို့ ရှုကြည့် ပွါး
များသောသူအား အဟံကာရ, မမံကာရ,
မာနာနုသယတို့သည် မဖြစ်ပါကုန်သနည်းဟု မေးလျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် အနတ္တသုတ်၌ဟောတော်မူသည့် အတိုင်း အလုံးစုံသော ရုပ်စသော ခန္ဓာငါးပါး အဇ္ဈတ္တ, ဗဟိဒ္ဓ, အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ၌ ဖြစ်သောတရားတို့ကို နောက်ပြခဲ့ပြီးသည့်အတိုင်း(နေတံ မမ နေသောဟမသ္မိ နမေသော အတ္တာ) ဟူ၍ အတ္တ အတ္တနိယ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မရှုမူ၍ အနိစ္စ,ဒုက္ခ, အနတ္တ—ဟု ရှုရမည်ဟူ၍ ဟောတော်မူ၏။

**ရဟန်းတပါး၏သံသယ**.....ယို၉၀—သော တရားနာ နေကြကုန်သောပုဂ္ဂိုလ်တို့တွင် ရဟန်းတပါးသည် ဤသို့အကြံဖြစ်၏၊ မြတ်စွာ ဘုရားသည် (အနတ္တ) (အတ္တမဟုတ်ဟု) ရှုရမည်ဟု ဟော၏၊ ထိုသို့ရှုခဲ့သော် အတ္တမဟုတ်သည်၌ တည်၍ ပြုသောကံတို့သည် အဘယ်မည်သော အတ္တပေါ်၌တည်၍ အကျိုးပေးကုန်အံ့နည်းဟု သစ္စကပရိဗိုဇ်တို့ လျှောက်သော စကားမျိုးဖြင့် ကြံစည်လိုက်၏၊ သံသယ ဖြစ်လိုက်၏။

**ရဟန္တာ၆၀**......ထိုအခါ မြတ်စွာ ဘုရားသည် ထိုရဟန်း၏ စိတ်ကိုသိတော်မူ၍ ချစ်သားတို့ အချို့အချို့သော ပုဂ္ဂိုလ်တို့သည် တဏှာ အားကြီးသော စိတ်ဖြင့် မြတ်စွာဘုရား အဆုံးအမကိုလွန်၍မှတ်ထင် ကြကုန်၏၊ (ဣဓေ ကစ္စေ မောဃပုရိသော အဝိဇ္ဇာ ဂတေ ဝါ တဏှာဓိပတေယျေန စေတသာ သတ္ထုသာသနံ အတိဓာဝိတဗ္ဗံ မညေယျ)ဟု ဆိုတော်မူ၍ အနိစ္စ,ဒုက္ခ,အနတ္တ တရားကို ဟောကြားတော် မူပြန်သဖြင့် ဤထိုင်နေသောအရပ်၌ပင် ရဟန္တာ၆၀—ဖြစ်ကြကုန်၏၊ ဤကား ကြားဘူး၍ အတ္တအကြောင်းသိဘူး၍ တဏှာအကြံ အမှုးဖြင့် ဖြစ်ပေါ်သော ဝိစိကိစ္ဆာသံသယကို ပယ်ချ ဟောပြောတော် မူရကြောင်း သိအပ်၏။

**ဤနည်းအတူ မူလပဏ္ဏာသ ပါဠိတော်၌လည်း......**

သာတိ ရဟန်းသည် ဤဝိညာဏ်သည်ပင် သံသရာ၌ ကျင်လည်နေ၏ဟုအယူရှိ၍ဟောချက်တော်မူရ၏။ ဣဒမေဝသစ္စံ မောဃမည့်တိုင် ဒိဋ္ဌိဖောအဆုံးသို့ မရောက်သဖြင့် မဟာတဏှာဇာလသင်္ခယ ပဋိမုတ္တံဟူ၍ ဟောတော်မူ၏။ ယခုကာလ လိပ်ပြာကောင် ဝိညာဏ်ကောင် တို့သည်လည်း ဇော်သဂ္ဂါဟ တဘက်သတ်မယူသေး၍ ဒိဋ္ဌိဖောမကျစေဘဲ သညာ, စိတ္တ, ဝိပ္ပယုတ်, တဏှာ, ဝိပလ္လာသတို့သာ ဖြစ်သင့်ကြောင်း ကြံဆသင့်၏။

ဝိသုဒ္ဓိမဂ်၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၌လည်း ဤသို့ (အတ္တ၊ အဟံ,ငါ)တို့ကို ကြားဘူး မှတ်ဘူးနေသူသည် သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းဖြစ်ပြီး တရားကို အားထုတ်နိုင်သည် တိုင်အောင် ထိုအတ္တ အယူဝါဒသည် မကြွမ်းတန်းသေးလည်း စိတ်၌ ဖြစ်ပေါ်လာတတ်၊ အထက်နိပါတ်ပြ ရဟန်းကဲ့သို့ သံသယဖြစ်တတ်သေးသောကြောင့် ၎င်းကိုရည်၍—

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော ဟိ ဒိဋ္ဌိသမုဂ္ဃါတ္ခနံနာမ န ဟောတိ သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီတိ ဂဏှတော ပန ဒိဋ္ဌိသမုဂ္ဃါတ္ခနံနာမ ဟောတိ။

ဟူ၍ဘွင့်တော်မူ၏။

**၎င်းအဘွင့်မဟာဋီကာ၌လည်း……**

မမ ဝိပဿနာတိ ဣမဿာပိ အတ္တနိယသညိတာယ ဝိပဿနာယ သာမိဘူမိတော အတ္တာ– ပရာမသိယတီတိ ဒိဋ္ဌိဂါဟတာတိ တထာဂဏှတော ဒိဋ္ဌိသမုဂ္ဃါ ဋနံ န ဟောတီတိ ဝုတ္တံ၊ ကာမဉ္စာယံ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိသမဓိဂမေန ဝိသုဒ္ဓိဒိဋ္ဌိကော, မဂ္ဂေန ပန အသမုဂ္ဃါဋိတတ္တာ အနေသဗ္ဗာရိကာယ စ ဒိဋ္ဌိယာဝသေ နေဝံ ဝုတ္တံ။

ဟူ၍ခိန့်တော်မူ၏။

**အနက်ကား**……အဟံ၊ ငါသည်။ ဝိပဿာမိ၊ ဝိပဿနာရှု၏။ မမ၊ငါ၏။ဝိပဿနာ၊ရှုသောဝိပဿနာတည်း။

ဣတိ၊ ဤသို့။ ဂဏှတော၊ ယူဆသောသူအား။ ဒိဋ္ဌိသမုဂ္ဃါတ္ခနံနာမ၊ ဒိဋ္ဌိကိုခွါသည် မည်သည်။ နဟောတိ၊ မဖြစ်။ သင်္ခါရာဝ၊ သတိ, ပညာစသော သင်္ခါရတို့သည်သာလျှင်။ သင်္ခါရေ၊ ရုပ်, နာမ် စသောသင်္ခါရတို့ကို။ ဝိပဿန္တိ၊ ရှုမြင်ကုန်၏။ သမ္မသန္တိ၊

သုံးသပ်ကုန်၏။ ဝဝတ္ထုပေက္ခိ၊ ပိုင်းခြားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ထက်ဝန်းကျင်မှ ပိုင်းခြားကုန်၏။ဣတိ၊ ဤသို့။ ဂဏှတော၊ ယူဆသောပုဂ္ဂိုလ်အား။ဒိဋ္ဌိသမုဂ္ဃါဋနံနာမ၊ ဒိဋ္ဌိကိုကောင်းစွာခွါသည်မည်သည်။ ဟောတိ၊ ဖြစ်၏။(ဤ၌လည်း အတ္တ–အယူကိုကြားဘူး၍ သာမညမကြမ်းတန်းသော ဒိဋ္ဌိဖြစ်ပုံ)

မမ ဝိပဿနာတိ ဇာမဿာပိ၊ မမ ဝိပဿနာဟူသော ဤပါဠိ၏လည်း။ အတ္တနိယ သညိတာယ၊ အတ္တနိယဟု အမှတ်ရှိသော။ ဝိပဿနာယ၊ဝိပဿနာ၏။ သာမိဘူတော၊ ပိုင်ရှင်ဖြစ်၍ဖြစ်သော။ အတ္တာ၊အတ္တကို။ ပရာမသိယတိ၊ ငါ၏ကိုယ်ဟူ၍ သုံးသပ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဒိဋ္ဌိဂါဟတော၊ဒိဋ္ဌိဂါဟအဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ဣတိ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း။ တထာ၊ထိုသို့ဝိပဿနာစိတ်မှတပါးသော သဝိဂ္ဂါရကို (ပိုင်ရှင်အတ္တ) (မမ–ငါ၏) ဟူ၍ရင်း၊ ဝိပဿနာစိတ်ကို (အတ္တပိုင်ပစ္စည်း–အတ္တနိယ)ဟူ၍ရင်း ယူသော အခြင်းအရာအားဖြင့်။ ဂဏှတော၊ ယူဆသောပုဂ္ဂိုလ်အား။ ဒိဋ္ဌိသမုဂ္ဃါဋနံ၊ ဒိဋ္ဌိကိုခွါခြင်းသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ (ဤကား-ဋီကာအနက်တည်း။)

ဤသို့တိတ္ထိတို့၏တရားအယူဝါဒကို ကြားဘူး,သိဘူး၍ စိတ်၌အခိုက်အတန့်ဖြစ်ပေါ်လာသည့်အတိုင်း ဒိဋ္ဌိဝိပ္ပယုတ်,သညာ,စိတ္တတို့ဖြင့်မှတ်များ၍ ဝိစိကိစ္ဆာအားဖြင့်မဆုံးဖြတ် နိုင်သည့်အတိုင်း ဗုဒ္ဓ မြတ်စွာ၏သာသနာတွင်းသို့ ရောက်နေ၍ များစွာ ကျေးဇူးများလျက်ရဟန္တာဖြစ်သွားရသေး၏။ သမုတိသစ္စာ ငါလောက်ကိုကား ဆိုဘွယ်မရှိတော့ပြီဟုသိပါလေ၊ အထက်မူလ သဏ္ဍာယ ဒိဋ္ဌိဝိနိစ္ဆယ စာမျက်နှာနံပါတ် ၅၉ ၌လည်း ဝိသုဒ္ဓိမဂ်ဋီကာစကားကို အကိုးထား၍ပြခဲ့ပြီးပြီ။

**ဋီကာအနက်အဆက်ကား**……အယံ၊ ဤငါ ဝိပဿနာ ရှု၏၊ ငါ၏ဝိပဿနာဟုအတ္တငါဖြင့်

ရှုမှတ်သူသည်၊ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသမဂ်ဂမေန၊ ဒိဋ္ဌိ၏ စင်ကြယ်ခြင်းယုံမှားခြင်းကို လွန်မြောက်သော စင်ကြယ်ခြင်း

ကိုရသဖြင့်။ ဝိသုဒ္ဓိဒိဋ္ဌိကော၊စင်ကြယ်သော ဒိဋ္ဌိအယူရှိသူသည်။ ကာမေသု ဟောတိ၊အကယ်၍ကား ဖြစ်၏။ ပန တထာပိ၊ ထိုသို့ပင် ဝိသုဒ္ဓိ နှစ်ပါးကိုကျော်လွန်လျက် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ပင်ရောက်နေသော်လည်း။ မဂ္ဂေန၊ မဂ်ဖြင့်။ အသမုဂ္ဃါဋိတတ္တာ၊ အရင်းပြတ် မပယ်သေးသည်၏ အဖြစ်ကြောင့်။ အနောဠာရိကာယ၊ မကြမ်းတန်းမရုန့်ရင်းသော။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိ၏။ ဝသေန၊ အစွမ်းဖြင့်။ ဇေ၀ံ၊ဤသို့။ဝုတ္တံ၊ ဘွင့်ဆိုအပ်၏။

**အဋ္ဌသာလိနီ ဒဿနတိက်၌လည်း .....**

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ တဒင်္ဂပ္ပဟာနံ နာမ။

ဟူ၍ မိန့်အပ်ပြီ။

ယခုအခါ ဝိပဿနာရှုသူကို ဘွင့်ဆိုသော အခဏ်းကဏ္ဍသည် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမဂ် ဟုတ်သည် မဟုတ်သည်ကို ဉာဏ်အမြင်စင်ကြယ်ခြင်းသို့ရောက်သော အခဏ်းကဏ္ဍ ဖြစ်၏။ ထိုအခဏ်းကဏ္ဍသို့မရောက်မီ ဒိဋ္ဌိဝိသုဒ္ဓိ အခဏ်းကဏ္ဍ, ကင်္ခါဝိတရဏဝိသုဒ္ဓိအခဏ်းကဏ္ဍတို့၌ ရှာနေစဉ်၌ပင်လျှင် သက္ကာယဒိဋ္ဌိကိုခွါခဲ့ပြီ၊ သို့ရာတွင်မဂ်ဖြင့် အရင်းပြတ် မပယ်သေး၍ အတ္တ-ငါဟု ရုံခါ ရုံခါမကြမ်းတန်းဘဲ ဒိဋ္ဌိဝိနိစ္ဆယဖြင့် မဆုံးဖြတ် သေးဘဲ ပေါ်လာတတ်သေး၏ ဟူသို။ အတ္တ-ငါကား ဤနေရာ၌ အာရုံ၊ အတ္တ-ငါကိုအာရုံယူ၍ဖြစ်သော နိစ္စဟုစွဲနိုင်သော ဝိပ္ပယုတ်လောဘစိတ်ကား စိတ္တဝိပလ္လာသဖြစ်နိုင်၏။

တဏှာနိစ္ဆယ, ဒိဋ္ဌိနိစ္ဆယ,သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, သတ္တသမ္မောဟ, ဝိစိကိစ္ဆာအခဏ်းတွေ အများကြီးရှိနေသေး၏။

ဗုဒ္ဓဘာသာတို့၌လည်း မြတ်စွာဘုရား၊ ထိုနောက် အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာ ထို့အောက် တဖြည်းဖြည်း ပညာသေး၍ အားငယ်၍လာကုန်သောယခုခေတ်တိုင် သာသနာအတွင်းရှိပုဂ္ဂိုလ်

ရဟန်းရှင်လူ တို့သည် အဘယ်သို့လျှင် အဘိဓမ္မာ ပဋ္ဌာန်း ပဋိစ္စသမုပ္ပါဒ်ဒေသနာ စသည်တို့ကို မလွဲမချော် တချမကျန် မှန်မှန်သိမြင်နိုင်ပါအံ့နည်း၊ မသိမမြင်နိုင်၍ ဉာဏ်မှီသလောက် ကြံစည်ရာမပေါက်မြောက်ဘဲ သံသယ ဖြစ်နေသော်လည်း ဒိဋ္ဌိ အယူသို့မသက်ဝင်သေးလေ၊ ဒိဋ္ဌိနိဿယဖြင့်ဆုံးဖြတ်၍ မြဲမြံစွာ ဣဒမေဝသစ္စံ မောဃမညန္တိ၊ ဣဒံ အမှာကမေဝ ဝစနံ သစ္စံ အညေသံဝစနံ မောဃံ တုစ္ဆံ နိရတ္ထကန္တိ ဟူ၍ တဘက်သတ်မိစ္ဆာဂါဟသို့ရောက်သောသာ မိစ္ဆာဒိဋ္ဌိဖြစ်၏၊ နောက်၌လည်း သီလက္ခန်အဋ္ဌကထာစသည်တို့ကို ဒိဋ္ဌိနိဿယနှင့်စပ်၍ ကိုးပြခဲ့ပြီ ပြီ။

ဤကား သုတ်မဟာဝါ အဋ္ဌကထာ သက္ကပဥှသုတ် အဘွင့်စကားတည်း။

ဣဒ မေဝ သစ္စံ မောဃမညန္တိ။ ဣဒမေဝသစ္စံ မောဃမညံဟူသော ဒိဋ္ဌိနိဿယသည်ကား။ အမှာက မေဝ၊ ငါတို့၏သာလျှင်။ ဣဒံဝစနံ၊ ဤယခုပြောဆို ပောာပြသေးစကားသည်။ သစ္စံ၊ မှန်ကန်သည်တည်း။ အညေသံ၊ ငါတို့မှတပါးကုန်သော သူတို့၏။ ဝစနံ၊ ပောာပြ ပြောဆိုသောစကားသည်။ မောဃံတုစ္ဆံ၊ အချည်းနှီးတည်း။ နိရတ္ထကံ၊ အကျိုးမရှိ။ ဣတိ၊ ဤသို့။ ဝတွာ–ဝတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ထို့ကြောင့် သမုတိသစ္စာ ငါမှုကိုဒိဋ္ဌိနိဿယဘဲဟု မစွပ်စွဲသင့်လေ။

နောက်၌လည်း ဆင်၏ဥပမာစသည်ဖြင့် အထပ်ထပ် ပြခဲ့ပြီ။ တိတ္ထိတို့၏အတွင်း၌ အချို့တို့သည် ရုပ်သက်သက်ပင် နာမ်မပါမူ၍ အလုံးစုံ ဆောင်ရွက်နိုင်သော အတ္တဟု ယူဆကြ၏။ အချို့ကမူဝေဒနာအတ္တတော သမနုပဿတိ စသည်ဖြင့် ရုပ်မပါသော်လည်း နာမ်သက်သက်တန်ခိုးသတ္တိရှိ၏ဟု ယူဆ၏။ အချို့ကမူနာမ်အချို့အဝက်နှင့် ရုပ်အချို့အဝက် အတ္တကို အလုံးစုံ ကိစ္စကိုဆောင်ရွက်နိုင်၏ဟု ယူဆ၏။

ဤသို့ ပဋ္ဌဝေါကာရဘုံ၌ ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါးမပြည့်စုံဘဲ ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ

တို့၏အမှုကိစ္စကို ကောင်းကျိုး မကောင်းကျိုးကို မည်သို့မျှမပြုနိုင်ဘဲလျက် မပြည့်စုံသောခန္ဓာကိုအတ္တဟုသမုတ်၍ အတ္တဌ် တန်ခိုးသတ္တိစုံအပ်နှင်း၍ ကြံစည်ခြင်း နိစ္စ ဓုဝ သဿတဟု ကြံစည်ခြင်းတို့ကြောင့် ၎င်းတို့၏ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ်ပြဟ္မာသတ္တဝါဟု သမုတ်အပ်သော အတ္တသည် သက္ကာယဒိဋ္ဌိ ဖြစ်၏။ ကုသိုလ်ပြုသော်လည်း နိဗ္ဗာန်တိုင်အကျိုးမပေးနိုင် ဖြစ်တော့၏။

အဘိညာဏ်ကိုသမာဓိ၏အစွမ်းဖြင့် ရသည့်တိုင် နာမ်ရုပ် နှစ်ပါးကိုပိုင်းခြားသောအကျိုးနှင့် အကန်းဥပမာကဲ့သို့ ကောင်းစွာသိမြင်သော နာမရူပပရိစ္ဆေဒဉာဏ် မရှိသည်၏အဖြစ်ကြောင့် ကပ္ပါလေးဆယ်မျှသာ မြင်နိုင်ကြောင်း ညှံ့ဖျင်းကြောင်းကို……

**ပါရာဇိကကဏ်အဋ္ဌကထာ ဝေရဥ္စကဏ္ဍာ၌……**

> တိတ္ထိယာ ဟိ စတ္တာလီသံယေဝ ကပ္ပေ သရန္တိ န တတော ပရံ၊ ကသ္မာ ဒုဗ္ဗလပညတ္တာ၊ တေသဉှိ နာမရူပပရိစ္ဆေဒဝိရဟိတော ဒုဗ္ဗလာ ပညာ ဟောတိ၊ သာဝကေသု ပန အသီတိ မဟာသာဝကာ၊ ကပ္ပသတသဟဿံ သရန္တိ၊ ဒွေ အဂ္ဂသာဝကာ ဧကမသင်္ချေယျံ သတသဟဿဉ္စ၊ ပစ္စေကဗုဒ္ဓါ ဒွေ အသင်္ချေယျာနိ၊ သတသဟဿဉ္စ၊ ဧတ္တကော ဟိ တေသံ အဘိနီဟာရော၊ ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နတ္ထိ။

ဟူ၍ ဘွင့်ပြတော်မူ၏။

ဟိသစ္စံ၊ ထိုစကားမှန်၏။ တိတ္ထိယာ၊ သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည်။ စတ္တာလီသံယေဝ၊ လေးဆယ်သာလျှင်ဖြစ်ကုန်သော။ ကပ္ပေ၊ ကပ္ပါတို့ကို။ သရန္တိ၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် အောက်မေ့မှတ်မိနိုင်ကုန်၏။ တတော၊ ထိုကပ္ပါလေးဆယ်ထက်။ ပရံ၊ အလွန်။ နသရန္တိ၊ ရှေးရှေး၌ ဖြစ်ခဲ့ဘူးသောဘဝတို့ကို မအောက်မေ့မမှတ်မိနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့် ကပ္ပါလေးဆယ်သာလျှင် သိမြင် မှတ်မိနိုင်သနည်း ဟူမူကား။ ဒုဗ္ဗလပညတ္တာ၊ ပညာအားငယ်သည်၏အဖြစ်ကြောင့်တည်း။

ဟိ၊ ထိုစကားမှန်၏။ တေသံ၊ ထိုသာသနာပ အဘိညာဏ်ရ ပုဂ္ဂိုလ်တို့၏။ ပညာ၊ ပညာသည်။ နာမရူပ ပရိစ္ဆေဒ ဝိရဟာတော၊ နာမ်ရုပ်နှစ်ပါးကို အပြည့်အစုံ ပိုင်းခြားသော ဉာဏ်မှကင်းသော ကြောင့်။ ဒုဗ္ဗလာ၊ အားငယ်သည်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ပညာ အားငယ် သောကြောင့်။ စတ္တာလီသံယေဝကပ္ပေ၊ ကပ္ပါလေးဆယ်တို့ကိုသာလျှင်။ သရန္တိ၊ သိမြင် မှတ်သား မိကုန်၏။ ပန၊ သာသနာတွင်းကို ဆိုဦးအံ့။ သာဝကေသု၊ မြတ်စွာဘုရား၏တပည့်သားတော်တို့တွင်။ အသီတိ မဟာသာဝကာ၊ ရှစ်ဆယ်ကုန်သော မဟာသာဝကတို့သည်။ ကပ္ပ သတသဟဿံ၊ ကပ္ပါတသိန်းတိုင်။ သရန္တိ၊ မြင်သိ မှတ်မိ နိုင်ကုန်၏။ ဒွေ၊ ၂–ပါးကုန်သော။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကတို့သည်။ ဧကံ၊ တခုသော။ အသင်္ချေယျဉ္စ၊ အသင်္ချေကိုရင်း။ သတသဟ ဿဉ္စ၊ ကပ္ပါ တသိန်းကိုရင်း။ သရန္တိ၊ မြင်သိ မှတ်မိ နိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်။ ဒွေ အသင်္ချေယျာနိ စ၊ နှစ်သင်္ချေတို့ကိုရင်း။ သတသဟဿဉ္စ၊ ကပ္ပါတသိန်းကိုရင်း။ သရန္တိ၊ မြင်သိ မှတ်မိ နိုင်ကုန်၏။ ဟိ၊ ထိုစကားမှန်၏။ ဧတ္တကော၊ ဤမျှသော ကပ်ကာလ အပိုင်းအခြားသည်။ တေသံ၊ ထိုသာဝက ပစ္စေက ဗုဒ္ဓါဘုရားတို့၏။ အဘိနီဟာရော၊ ဆုတောင်း ဆုပန် ဗျာဒိတ် ခံခြင်းတည်း။ ပန၊ သမ္မာသမ္ဗုဒ္ဓဘုရားကိုဆိုဦးအံ့။ ဗုဒ္ဓါနံ၊ သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓဘုရားတို့အား။ ပရိစ္ဆေဒေါ၊ သိမြင် မှတ်သားနိုင်သော ကပ်ကာလအပိုင်းအခြားသည်။ နတ္ထိ၊ မရှိ(သိလိုတိုင်းသိနိုင်၏ဟူလို)ဤသို့သာသနာတွင်းသာသနာပ ပုထုဇန် ၂ဦးတို့၏ ဒါနသီလ ဘာဝနာ ကာမာဝစရမှစ၍ မဟဂ္ဂုတ်မဂ်ဖိုလ်တိုင် မယှဉ်နိုင်အောင်တဦးနှင့်တဦး ကွာခြားသဖြင့် နောက်၌ ပြအပ်ခဲ့ပြီးသည့် အတိုင်း တထပ်ထည်းထား၍ ငါ သံချင်းတူခါမှဖြင့် သက္ကာယဒိဋ္ဌိသွားတွေ့ဟု မစွပ်စွဲလိုက်ကြောင်း ဆင်ခြင်ပါလေ။

ဤကား–အတ္တအယူကြွားဘူးသူတို့ ဝိစိကိစ္ဆာဖြစ်ပုံတို့ကိုပြခြင်းတည်း။

## အရိယာ၌ ဒိဋ္ဌိဝိပ္ပယုတ်တဏှာဖြစ်ပုံ

**မိန်းမယောကျ်ားအမှတ်ဖြင့်**......သက္ကာယ ဒိဋ္ဌိကို အရင်းပြတ်မဂ်ဖြင့် ပယ်ပြီးသော ဝိသာခါ၊ အနာထပိဏ် စသည့်သောတာပန် အရိယာတို့ပင် လောဘမူ ဝိပ္ပယုတ်တဏှာဖြင့် မေထုနကိစ္စကိုပြုလျက် သားသမီး ပွါးစီးမှုရှိနေသေးသောကြောင့် ကလျာဏအန္ဓ ပုထုဇန်တို့၏ ကာမဂုဏ်ကိစ္စကိုလည်း အဘယ့်ကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘဖြင့် မဆောင်ရွက်နိုင်ဘဲရှိရမည်နည်း၊ အကယ်၍ မိန်းမ ယောကျ်ား ငါ သူတပါးဟု အာရုံမပြုဘဲ ရုပ်နာမ်ကိုသာ အာရုံပြုနေလျှင် ထိုသောတာပန် အရိယာတို့အဘယ်သို့မေထုန ကိစ္စကိုပြုနိုင်တော့အံ့နည်း၊ ရုပ်နာမ်ကို အာရုံပြုသောစိတ်သည် လောဘ တဏှာစိတ် မဟုတ်၊ ကုသိုလ်စိတ်ဖြစ်၏၊ ထိုနာမ ရူပ ပရိစ္ဆေဒ–ကုသိုလ်စိတ်ဖြင့် အဘယ်သို့ မေထုန ကာမ ကိစ္စကို ပြုနိုင်သနည်း၊ သက္ကာယ ဒိဋ္ဌိ၏– အာရုံမဟုတ်သောကြောင့်သာ သောတာပန်စသော အရိယာတို့သည် မိန်းမ ယောကျ်ား သားသမီးအမှတ်အထင်ဖြင့် နေနိုင်သည် မဟုတ်လောဟု အချို့သောပုဂ္ဂိုလ်တို့ကိုမေးမြန်းသောအခါ......

**ဖေါဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ဟု**......ဝင်းစကားကို လက်မခံလိုသော ထိုပုဂ္ဂိုလ်တို့သည် သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် မေထုနကိစ္စကို ပြုသော်လည်း ပုထုဇန်တို့ကဲ့သို့ မိန်းမယောကျ်ား သဏ္ဍာန ပညတ်ကိုအာရုံမပြု ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြု၍မေထုန ကိစ္စကို ဆောင်ရွက်၏ဟု ရှောင်သွေ ဖြေကြားခြင်းကိုပြုကြ၏၊ ထိုဖြေကြားသော စကားအရ ဤသို့ဆင်ခြင်ရာ၏။

**ဤသို့ဆင်ခြင်**......ဦးခေါင်း,ကိုယ်အင်္ဂါ, မျက်နှာ,လက် ခြေ, စသောမိန်းမ၏ပုံသဏ္ဍာန် ယောကျ်ား၏ပုံ သဏ္ဍာန်ကို အာရုံမပြုမူ၍ အတွေ့,ဖေါဋ္ဌဗ္ဗာရုံ သက်သက်ကိုသာ အာရုံပြု၍ မေထုနကိစ္စ-ကို ဆောင်ရွက်အောင်မြင် ထမြောက်နိုင်

လျှင် ကျင်ကြီးသည်အတွေ့ဖေါဋ္ဌဗ္ဗ, နူးညံ့, ပျော့ပြောင်းသဖြင့် ၎င်းအတွေ့မျှကိုအာရုံပြု၍ မေထုနရာဂ–ဖြင့်မြည်းသွားရန်စိမ်ဆောင် ရွက်နိုင်ပါမည်လောဟုဆင်ခြင်သင့်၏၊ ထို့ကြောင့် ကာမသုခကို အရိယာအချို့သာယာပုံကို အောက်ပါ ကျမ်းလာ အတိုင်းသာ မှတ်သားရာ၏။

**ဗဟုဓာတုကသုတ္တန်၌……**

အဋ္ဌာနံ မေတံ အနဝကာသော၊ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိသင်္ခါရံ သုခတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

ဟူ၍လာ၏။

**၎င်းအဋ္ဌကထာနှင့်သမ္မောဟအဋ္ဌကထာတို့၌……**

ဇာမိနာနယေန ကိဉ္စိသင်္ခါရံ သုခတောတိ အာဒိသုပိ အတ္ထော ဝေဒိတဗ္ဗော၊ သုခတော ဥပဂစ္ဆေယျာတိ ဧကန္တသုခီအတ္တာ ဟောတိ အရောဂေါ ပရမ္မရဏာတိ ဧဝံ အတ္တဒိဋ္ဌိဝသေန သုခတော ဂါဟံ သန္ဓာယေတံ ဝုတ္တံ၊ ဒိဋ္ဌိဝိပ္ပယုတ္တေန ပန အရိယသာဝကော ပရိဠာဟာဘိဘူ တော ပရိဠာဟ ဝူပသမတ္ထံ, မတ္တဟတ္ထိ-ပရိတ္တာသိတော ဝိယ သုစိကာမော ဗြာဟ္မဏော ဂူထံ ဝိယ ကိဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆတိ။

ဟူ၍လာ၏။

**ပါဠိ၏အနက်**……အဋ္ဌာနမေတံ၊ ရဟန်းတို့။ ဒိဋ္ဌိသမ္ပန္နော၊ မဂ် တည်းဟူသော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ အရိယာပုဂ္ဂိုလ်သည်။ ကိဉ္စိသင်္ခါရံ၊ တစုံတခုသော သင်္ခါရကို။ ယံယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ သုခတော၊ သုခအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ ဝါ၊ ယူဆရာ၏။ ဧတံ၊ ဤသို့ အရိယာဖြစ်သော ပုဂ္ဂိုလ်၏ တစုံတခု

သဒ္ဒါရကို သုခဟုယူဆခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အခွင့်မဟုတ်။

**အဋ္ဌကထာ၏အနက်**····· ကိဉ္စိသင်္ခါရံ သုခတော ဥပဂစ္ဆေယျာတိ ဣဒံ သုပိ၊ ကိဉ္စိသင်္ခါရံသုခတော ဤသို့ စသောပါဌ်တို့၌လည်း။ အတ္ထော၊ အနက်ကို။ ဇာနိတဗ္ဗော၊ သိအပ်၏။ သုခတော ဥပဂစ္ဆေယျာတိ ဇတော်၊ သုခတောဥပဂစ္ဆေယျ ဟူသောဤစကားတော်ကို။ ဧကန္တသုခီအတ္တာဟောတိ အရောဂေါ ပရမ္မရဏာတိ၊ ဧကန္တသုခီအတ္တာဟောတိအရောဂေါပရမ္မရဏာဟူ၍။ဧဝံ၊ ဤသို့။ အတ္တဒိဋ္ဌိဝသေန၊ အတ္တဒိဋ္ဌိ၏ အစွမ်းဖြင့်။ သုခတော၊ သုခအားဖြင့်။ ဂါဟံ၊ ယူဆခြင်းကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပနတထာပိ၊ ထိုသို့ပင်အရိယာသောတာပန်စသောပုဂ္ဂိုလ်တို့၏ အတ္တ သုခကို မယူဆ မကပ်ရောက်ငြားသော်လည်း။ မဒ္ဒဟတ္ထိ ပရိတ္တာသိဟော ဝိယ၊ အမှန်ယစ်သော ဆင်ကို တားမြစ်သော ခြင်္သေ့ကဲ့သို့ရင်း။ စောက္ခ ပြာဟ္မဏော၊ စင်ကြယ် သန့်ရှင်းသော ပုဏ္ဏားသည်။ သုစိကာမော၊ စင်ကြယ်ခြင်းကိုအလိုရှိသည်ဖြစ်၍။ ဂူထံ၊ ကျင်ကြီးစွန့်ရာသို့။ ဥပဂစ္ဆေယျဝိယ၊ ကပ်ရောက်ရသကဲ့သို့ရင်း။ ပရိဠာဟာဘိဘူတော၊ ကာမဂုဏ် တည်းဟူသော ပူအိုက်ခြင်းဖြင့် နှိပ်စက်သော။ အရိယ သာဝကော၊ အရိယာသာဝကသည်။ ပရိဠာဟ ဝူပသမတ္ထံ၊ ကာမဂုဏ်ပူအိုက်ခြင်းမှ ငြိမ်းစေခြင်းငှါ။ကိဉ္စိ၊ တစုံတခုသော။ သင်္ခါရံ၊ သင်္ခါရကို။ သုခတော၊ သုခအားဖြင့်။ ဥပဂစ္ဆတိ၊ ကပ်ရောက်ယူဆ၏။

**အဓိပ္ပါယ်ကား**·····သောတာပန် စသော အရိယာ မဂ်ပညာ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့သည် တစုံတခုသော သင်္ခါရ တရားကို သုခအားဖြင့် မကပ်ရောက် မယူဆကြတော့ပြီဟု ဟောတော်မူရာ ပါဠိတော် ရပ်၌

**လောဘမူဝိပ္ပယုတ် သောမနဿ သုခဝေဒနာမျိုး** သို့လည်း မကပ်ရောက်တော့ပြီဟု မမှတ်ထင်လေနှင့်၊ ဤသုခတောဟူသော စကားတော်သည် အတ္တဒိဋ္ဌိအယူရှိသောသူတို့သည် ငါတို့၏အတ္တ သည် ဧကန္တသုခပင်တည်းဟု ယူဆကြသော **အတ္တ သုခကို ရည်၍** ဟောတော်မူ၏။ ထိုဧကန္တ သုခီ အတ္တာ ဟောတိ ဟူသော အယူအဆမျိုးသို့ နိဗ္ဗာန်သို့ရောက်သည့်တိုင် အရိယာသော တာပန်စသည်တို့သည် မယူဆ မကပ်ရောက်ကြတော့ပြီဟု ဆိုလိုသည်။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဖြင့်ကား သောတာပန်စသောအရိယာသည် ကာမဂုဏ် ပူဒိုက်ခြင်းမှ ငြိမ်းစေခြင်း၌ သုခဟူ၍ပင်ယူဆလျက် မေထုနကိစ္စ အခြားကာမဂုဏ် ကိစ္စကို ပြုလုပ်ရှက်ဆောင်သေး၏။

**ဥပမာသော်ကား**·····ဆင်သားကို မစားသော ခြင်္သေ့သည် ဘေးရန်ကိုစောင့်ရှောက်တားမြစ်ခြင်း၌ ဆင်သို့ကပ်ရောက်သေးသကဲ့သို့ရှင်း၊ စင်ကြယ်သောပုဏ္ဏား သည် စင်ကြယ်ခြင်းကိုအလိုရှိသည်ဖြစ်၍ ကျင်ကြီးဒွန့်ရာသို့ ကပ် ရောက်သေးသကဲ့သို့ရှင်း၊ အရိယာ သောတာပန်စသော ပုဂ္ဂိုလ် သည် ကာမပူဒိုက်ခြင်းမှငြိမ်းရေန် တစုံတခု ကာမဝတ္ထု သဒ္ဒါရ သို့ သုခအားဖြင့် ကပ်ရောက်ယူဆသေး၏ဟူလို။

**ယောကျ်ားဟုစွဲလန်းပုံ**·····ထို့ကြောင့် သောတာပန် ဖြစ်ပြီး သော သူဌေးကြီး၏သွီး ကလေးသည် အမဲသားရောင်းရန် မြို့သို့လာရောက်သူ မုဆိုး၏ နောက်သို့ အမိအဘမသိစေမူ၍လိုက်ပြေးပြီးလျှင် သာ ၇-ယောက် ချွေးမ ၇-ယောက်ရသည့်တိုင် ပေါင်းသင်းနေထိုင်၏၊ ထိုနောက် မှ လင်မုဆိုး, သား, ချွေးမတို့အား မြတ်စွာဘုရားကြွသွား၍ တရား ဟောရ၏၊ ထိုအခါ၌ ထိုသူတို့သည် တရားထူး ရကြ၏၊ ယခုကာလ သာမညချမ်းသာသော စက်သူဌေး၏သွီး မြေပိုင်ရှင်၏သွီး ပုထု

ဇနပ်ဟိုပင် အမဲသားရောင်းသူမုဆိုး၏နောက်သို့မိမိ၏ဂုဏ် မိဘတို့၏ဂုဏ်ကိုဖျက်၍ လိုက်ကြရန်ခဲယဉ်း၏၊ အရိယာမ သောတာပန်မကလေးကား လွယ်လွယ်ကူကူဖြင့် ယောကျ်ားထင်မှတ်၍ လိုက်ပြေးသေး၏၊ အရိယာ၌ သက္ကာယဒိဋ္ဌိလည်းမရှိ၊ ယောကျ်ား, မိန်းမ, ငါထင်မှုလည်း မကင်းသေးသဖြင့် အရိယာတို့၌ သမုတိသစ္စာ ငါ, သူတပါး, ယောကျ်ား, မိန်းမ,သညာဝိပလ္လာသဖြစ်သေး၏ဟု သိရာ၏။

ဤကား–အရိယာ၌ ဒိဋ္ဌိဝိပ္ပယုတ်တဏှာဖြစ်ပုံကိုပြခြင်းတည်း။

## သမုတိသစ္စာဝါနှင့် အတ္တသစ္စာဝါ

နောက်၌လည်း **ဝိသုဒ္ဓိမဂ်မဟာဋီကာ မဏိမဉ္ဇူသာ အဋ္ဌကထာ** စသည်တို့ကို အကိုးသာကေပြု၍ ဤသမုတိသစ္စာ ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည်တို့နှင့် သမုတိသစ္စာပညတ်ကိုမှု ပညတ်ခြင်းငှါမထိုက်၍ မုသာဝါဒ ဒိဋ္ဌိဝိပလ္လာသဖြစ်သောအတ္တတည်းဟူသော ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည်တို့၏ ကွာခြားပုံကို အထပ်ထပ်ပြခဲ့ပြီ၊ ဤနေရာ၌ကား မူလဋီကာနှင့် အနုဋီကာ ဆရာနှစ်ပါးတို့ကိုယ်တိုင်ပင် တနေရာထည်း၌ သမုတိပညတ်နှင့် အတ္တပညတ်ကို ယှဉ်လျက် ဘွင့်ထားသည်ကို အဋ္ဌကထာဋီကာတို့၌ လေ့လာကျွမ်းကျင်သူတို့ကြည့်ရှုရန်အလို့ငှါရေးသား တော်ပြရပြန်သတည်း။

**မူလဋီကာ နိဂ္ဂဟကဏ္ဍ**……

ယထာယံ ခန္ဓသမူဟံ သန္တာနံ ဧကတ္တေန ဂဟိတံ ဥပါဒါယ ကလျာဏမိတ္တော ပါပမိတ္တော ပုဂ္ဂလောတိ ဂဟာဏပညတ္တိစ ပဝတ္တတိ၊ တံ တဒုပါဒါန ဘူတံ ပုဂ္ဂလ သညာယ သေဝမာနဿ ကုသလာ ကုသလာနံ ဥပ္ပတ္တိ ဟောတီတိ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယောတိ ဝုတ္တံ။

ယသ္မာ ပန ပုဂ္ဂလော နာမ ကောစိ ဘာဝေါ နတ္ထိ၊ တသ္မာ ယထာ အာပေါဓာတု အာဒီနိ ဝိဇ္ဇေန ဝိဝေစေတွာ ပထဝီဓာတု ဥပလဗ္ဘတိ၊ န ဧဝံ ရူပါဒယော ခန္ဓေ ဝိဝေစေတွာ ပုဂ္ဂလော ဥပလဗ္ဘတိ၊ ပဋိသေဓိတာစ ပုဂ္ဂလကထာယ ပုဂ္ဂလဒိဋ္ဌိ၊ ဝဇီရာယစ ဘိက္ခုနိယာ ဝုတ္တံ။

ကိံနု သတ္တောတိ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံ နုတေ။
သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ၊ နယိဓသတ္တုပလဗ္ဘတီတိ။
သတ္တောတိ ပန ဝေနသ ပညတ္တိယာ ပဝတ္တံ ဒေသေတုံ
သာ ဧဝမာဟ။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထောဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမုတီတိ။

**ဤစကားရပ်၌ အသိလွယ်စေခြင်းငှါ** … ကထာဝတ္ထု ပုဂ္ဂလကထာ အဋ္ဌကထာ စကားကို ကြားညှပ် ရေးသွင်းလိုက်၏။

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ အယံ သကဝါဒီပုစ္ဆာ၊ ပုဂ္ဂလောတိ အတ္တာ သတ္တော ဇီဝေါ၊ အာမန္တာတိ အယံ ပဋိညာနနာ ပရဝါဒိဿ။

**မူလဋီကာအဆက်** …..

ယဒိ ပုဂ္ဂလော န ဝိဇ္ဇတိ၊ ကထံ ပုဂ္ဂလဂ္ဂဟဏဿ သာရမ္မဏတာ သိယာတိ အဝိဇ္ဇမာနဿာပိ အာရမ္မဏဿ ဂဟဏတော အဝိဇ္ဇမာနမ္ပိ ဟိ ပရိကပ္ပိတံ လောကသညာတံ ဝါ ဝိဇ္ဇမာနံ ဝါ သဘာဝ ဘူတံ အာရမ္မဏံ ဂဟေတွာဝ ဥပ္ပဇ္ဇနတော သာရမ္မဏတာ ဝုတ္တာ။ သာရမ္မဏာတိ ဟိ ဝစနံ ဝိတ္တစေတသိကာနံ အာရမ္မဏေန ဝိနာ အပ္ပဝတ္တိဒဿနတောတိ၊ နတေဟိ ဂဟိတဿ အာရမ္မဏဿ ဝိဇ္ဇမာနတံ ဝါတိ။

**အနုဋ္ဌိကာအဘွင့်အရ**……သတ္တဝါပုဂ္ဂိုလ် ပညတ်ကို ပရိတ္တ စသည်၏အဖြစ်ဖြင့် အကယ်၍ မဆို အပ်သည်ဖြစ်အံ့၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယောဟူ၍ အဘယ့်ကြောင့် ထင်ရှားမရှိသော သတ္တဝါစသည်၏ပစ္စည်းအဖြစ်ကို ဟောတော်မူအပ်သနည်း၊ ဤသို့စောဒနာဘွယ်ရှိ၍ ခန္ဓသမူဟသန္တာနံ၊ ဤသို့ စသည်ကို ဋီကာဆရာ မိန့်တော်မူ၏။

**အနက်ကား**……ဧကစ္စေနု၊ တချို့သည်း အဖြစ်ဖြင့်။ ဂဟိတံ၊ အာရုံယူအပ်သော။ ယံခန္ဓသမူဟသန္တာနံ၊ အကြင်ခန္ဓာ အပေါင်းအစု အစဉ် အဆက်ကို။ ဥပါဒါယ၊ စွဲ၍။ ကလျာဏမိတ္တော၊ ကောင်းသောပညာရှိ အဆွေခင်ပွန်းဖြစ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်တည်း။ ပါပမိတ္တော၊ ယုတ်မာသော ဗာလ အဆွေခင်ပွန်းဖြစ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်တည်း။ ဣတိ၊ ဤသို့။ ဂဟာဏပညတ္တိ၊ ယူဆသောပညတ်သည်လည်း။ ပဝတ္တတိယထာ၊ ဖြစ်သကဲ့သို့။ တဒုပါဒါနဘူတံ၊ ထိုထိုပုဂ္ဂိုလ်ဟူ၍ ယူဆအပ်သော ပညတ်၏ အကြောင်းဖြစ်၍ဖြစ်သော။ တံ၊ ထိုခန္ဓာ၏ အပေါင်း အစု အစဉ်အဆက်ကို။ ပုဂ္ဂလသညာယ၊ ပုဂ္ဂိုလ်ဟူသော အမှတ် သညာဖြင့်။ သေဝမာနဿ၊ မှီဝဲဆည်းကပ်သော ပုဂ္ဂိုလ်အား။ ကုသလာ ကုသလာနံ၊ ကုသိုလ်အကုသိုလ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ပညာရှိကိုမှီဝဲဆည်း ကပ်သူအား ကုသိုလ်ဖြစ်ခြင်း လူမိုက်ကို မှီဝဲဆည်းကပ်သူအား အကုသိုလ်ဖြစ်ခြင်းကြောင့်။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စ ယောတိ၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေနပစ္စယောဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဇေတံဝစနံ၊ ဤစကားတော်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အနုဋ္ဌိကာစကား**……ပုဂ္ဂိုလ်ဟူသော အမှတ် သညာဖြင့် သူ တော်ကောင်း သူယုတ်မာ တို့ကို မှီဝဲ

ဆည်းကပ်သောပုဂ္ဂိုလ်အား ကုသိုလ်-အကုသိုလ် ဖြစ်ခြင်းသည် အကယ်၍ဖြစ်ငြားအံ့၊ ပုဂ္ဂိုလ်ဟု ရှုမြင်ခြင်းကို မိစ္ဆာအမြင်ဟူ၍ အဘယ်ကြောင့် တားမြစ်တော်မူသနည်းဟု စောဒနာဘွယ်ရှိပြန်၍ ယသ္မာပနစသောပါဠ်ကို မူလဋီကာဆရာမိန့်တော်မူ၏။

**အနက်ကား**…ယသ္မာပန၊ အကြင့်ကြောင့်ကား။ ပုဂ္ဂလောနာမ၊ ပုဂ္ဂိုလ်မည်သည်။ ကောစိ၊ တစုံတခုသော။ ဘာ၀ေါ၊ သဘာ၀ဓမ္မသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ပုဂ္ဂိုလ်မည်သည် တစုံတခုသော သဘာ၀ဓမ္မ မရှိသောကြောင့်။ အာပေါဓာတုအာဒိနိ၊ အာပေါဓာတ်အစရှိသည်တို့ကို။ ဝိဇ္ဇေတွာ၊ စိတ်ဖြင့်။ ဝိဝေစေတွာ၊ စိစစ်ခွဲထုတ်၍။ ပထဝီဓာတုံ၊ ကျန်သောပထဝီဓာတ်ကို။ ဥပလဗ္ဘတိယထာ၊ ရအပ်သကဲ့သို့။ ဧ၀ံ၊ ထို့အတူ။ ရူပါဒယော၊ ရုပ်အစရှိကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ဝိဇ္ဇေတွာ၊ စိတ်ဖြင့်။ ဝိဝေစေတွာ၊ စိစစ်ခွဲထုတ်၍။ ပုဂ္ဂလော၊ အတ္တပုဂ္ဂိုလ်ကို။ နဥပလဗ္ဘတိ၊ မရအပ်။ (ခန္ဓာ ၅-ပါး ပြည့်စုံသော်သာ သမုတိ သစ္စာပညတ်ကိုရ၏ဟူလို။)

**အနုဋီကာစကား**…ဤနေရာ၌-ဤဆိုလတ္တံ့သည်ကား အနု မာန တည်း၊ ထိုရူပက္ခန္ဓာ အစရှိသော ခန္ဓာအလုံးစုံတို့ကို မယူခဲ့သော် ပေါင်းဘော်မှီ၍ ဆည်းကပ်ခြင်း စသည်တို့ကဲ့သို့ ထိုသို့သဘောရှိသော ပညာရှိ ပုဂ္ဂိုလ် လူမိုက် ပုဂ္ဂိုလ်ဟူသော အသိဉာဏ်၏ မဖြစ်ခြင်းကြောင့် နရူပါဒယော ဝိဝေစေတွာ ပုဂ္ဂလော ဥပလဗ္ဘတိ ဟူ၍ ပုဂ္ဂိုလ်၏ မရှိရာ၌ ဆန့်ကျင်ဘက် အစွမ်းအားဖြင့် နည်းနယကို ညွှန်ပြတော်မူ၏။ (အတ္တပုဂ္ဂိုလ်ကိုဆိုလိုသည်)

မြတ်သော အနက် မှန်ကန်သော အနက် အာ ဖြင့် ဖြစ်သော ခြောက်ပါးသော ဝိညာဏ်တို့ဖြင့် သိအပ်သော အကြင်ပုဂ္ဂိုလ်ကို ရအပ်၏၊ ထိုပုဂ္ဂိုလ်သည် ကျင်လည်ကျင်လည်၏၊ လွတ်လည်း လွတ်မြောက်၏၊ ဤသို့ဒိဋ္ဌိဖြင့်ကြံအပ်သော ပုဂ္ဂိုလ်ကို သာလျှင်

တားမြစ်အပ်၏။ ဝေါဟာရသမုတိသစ္စာခန္ဓာအပြည့်အစုံ၌ သမုတ်အပ်သောပုဂ္ဂိုလ်ကို မတားမြစ်အပ်ဟူ၍ ပြတော်မူလိုသော မူလဋီကာဆရာတော်သည် ပဋိသေဓိတာစ ပုဂ္ဂလ ကထာယ စသည်ကို မိန့်တော်မူ၏။

စ၊ဆက်၍ဆိုဦးအံ့၊ပုဂ္ဂလကထာယ၊ကထာဝတ္ထု ပုဂ္ဂလကထာ၌။ ပုဂ္ဂလဒိဋ္ဌိ၊ ခန္ဓာမပြည့်စုံသော အတ္တပုဂ္ဂိုလ်ဟုယူဆသောဒိဋ္ဌိကို။ ပဋိသေဓိတာ၊ တားမြစ်တော် မူအပ်၏။ ဝဇီရာယ၊ ဝဇီရ အမည်ရှိသော။ ဘိက္ခုနိယာစ၊ ဘိက္ခုနီ ရဟန်းမသည်လည်း။…

ကိံနုသတ္တောတိ ပစ္စေသိ၊မာရဒိဋ္ဌိဂတံနုတေ၊
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓသတ္တုပ လဗ္ဘတိတိ။
ကိံနုသတ္တောတိ (ပ) နယိဓ သတ္တုပလဗ္ဘတိ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ အနုအနက်ယောဇနာ။

မာရ၊ ဟဲ့-မာရ်ယုတ်။ ရူပံ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏန္တိ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသော။ ပဉ္စသု၊ ငါးပါးကုန်သော။ ဧတေသု ခန္ဓေသု၊ ထိုခန္ဓာ တို့တွင်။ ကိံနာမဓမ္မံ၊ အဘယ်မည်သော အစိတ်စိတ်ခန္ဓာတရားကို။ သတ္တောတိ၊ အတ္တဇီဝ သတ္တဝါဟူ၍။ ပစ္စေသိ ဇာနာသိနု၊ သင်ယုံကြည် မှတ်ထင်သနည်း။ ဧတေသု၊ ထိုခန္ဓာငါးပါးတို့တွင်။ ဧကမ္ပိ၊ တခုသောခန္ဓာကိုယ်လည်း။ သတ္တောတိ အတ္တ, ဇီဝ, သတ္တဝါ ဟူ၍။ ဂဏှိတုံ၊ ယူဆခြင်းငှါ။ နာဟရတိ၊ မထိုက်။ ဧတေဟိ၊ ထိုခန္ဓာ အပေါင်းတို့မှ။ အညော၊ တခြားတပါးသော။ ဧကော၊ တခုသော။ သတ္တော၊ အတ္တဇီဝသတ္တဝါသည်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ အထပစ္စေသိ၊ အကယ်၍ သင်ယုံကြည် သိမြင်ငြားအံ့။ ဧဝမ္ပိ၊ ဤသို့ ကြံဆ သိမြင်ခြင်းသည်လည်း။ တေ၊ သင်မာရ်နတ်အား။ •ဒိဋ္ဌိဂတံနု၊ ဒိဋ္ဌိဂတံ ဧဝ၊ ဒိဋ္ဌိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့် ဒိဋ္ဌိသာလျှင် ဖြစ်သနည်းဟူမူကား။ အယံ၊ ဤအပြည့်အစုံ မဟုတ် အစိတ်အစိတ်ခန္ဓာသည်။ သုဒ္ဓသင်္ခါရ ပုဉ္ဇော၊ သတ္တဝါ

ပညတ်မျှကိုမျှ မရသော သက်သက်သော သဒ္ဒါရအစုအပုံသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ သင်မာရ်နတ်အား။ ဒိဋ္ဌိဂတံနူ၊ ဒိဋ္ဌိအယူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤအစိတ်စိတ်ခန္ဓာ၌။ သတ္တော၊ သတ္တဇီဝသတ္တဝါကို။ နုပလဗ္ဘတိ၊ သမုတိ ပရမတ္ထသစ္စာနှင်ပါးလုံးဖြင့် မရအပ်။

**အနုဋီကာစကား**……အကယ်၍ သတ္တဝါမရှိခဲ့လျှင် အဘယ့်ကြောင့် သံသရာပတ်လုံး သတ္တဝါသည် ပျက်စီးခြင်းသို့ ရောက်၏၊ ဤသို့စသည်ကို မှတ်အပ်သနည်းဟု စောဒနာဘွယ်ရှိ၍ အကြင့်ကြောင့် သတ္တသဒ္ဒါသည် ခန္ဓာအပေါင်းအစု သန္တာနအစဉ်အဆက်၌ ဖြစ်၏၊ ဝေါဟာရသတ္တဝါကိုကား အလိုရှိအပ်၏ဟု ဒုတိယဂါထာနှင့်စပ်သော သမုတိသစ္စာ သတ္တဝါ ပညတ်ကိုပြတော်မူလိုသောမူလဋီကာဆရာတော်သည် သတ္တော တိ ပန ဝစနသာ စသည်ကိုမိန့်တော်မူ၏။

ပန၊ သမုတိ ပညတ်အားဖြင့် ရထိုက်သည်ကို ဆိုဦးအံ့။ သတ္တောတိ ဝစနသာ၊ သတ္တ ဟူသော သဒ္ဒါစကား၏။ ပညတ္တိယာ၊ သမုတိသစ္စာ ပညတ်၌။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ ဒသေတုံ၊ ပြခြင်းငှါ။ သာ၊ ထိုဝဇိရာဘိက္ခုနီမသည်။……

ယထာဟိ အင်္ဂသမ္ဘာရာ၊ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမုတိတိ။
ယထာပိ(ပ)သတ္တောတိသမုတိဟူ၍။ ဧဝံ၊ ဤသို့။ အာဟ၊ ဆိုပြီ။

အင်္ဂသမ္ဘာရာ အင်္ဂသမ္ဘာရတော၊ ဝင်ရိုးစက် ဖွည်းဘီး ဝင်ကွယ် အစရှိသော အင်္ဂါအဆောက်အဦကို အစွဲပြုသောအား.ဖြင့်။ ရထောဣတိ၊ ရထား ဟူ၍။ သဒ္ဒေါ၊ အခေါ်အဝေါ် သဒ္ဒါသည်။ ဟောတိယထာပိ၊ ဖြစ်လာသကဲ့သို့လည်း။ ဧဝံထထာ၊ ထို့အတူ၊ ခန္ဓေသု၊ အပေါင်းအစုခန္ဓာတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်သော်။ သတ္တောတိသမုတိ၊ သတ္တဝါဟူ၍ သမုတ်ခေါ်ပေါ်သော ဝေါဟာရသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ ဤသို့။အာဟ၊ဆိုပြီ။

ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယဒိနုဝိဇ္ဇတိ၊ အကယ်၍ မရှိငြားအံ့။ ပုဂ္ဂလဂ္ဂဟာဏာသ၊ ပုဂ္ဂိုလ်ဟူ၍ အာရုံယူသောစိတ်၏။ သာရမ္မဏာ တာ၊ သာရမ္မဏအဖြစ်သည်။ ဝါ၊ အာရုံနှင့်တကွ ဖြစ်သော အဖြစ် သည်။ ကထံသိယာ၊ အဘယ်သို့ဖြစ်ရာသနည်း။ ဇာတိစေ၊ ဤသို့ စောဒနာငြားအံ့။ အဝိဇ္ဇမာနဿ၊ စင်စစ်ထင်ရှားမရှိသော ယုံချို စသည်ဖြစ်သော။ အာရမ္မဏဿာပိ၊ အာရုံကိုလည်း။ ဂဟာဏ တော၊ ယူသောကြောင့်။ သာရမ္မဏတာ၊ သာရမ္မဏ၏ အဖြစ် သည်။ ဟောတိ၊ ဖြစ်၏။

**အနုဋီကာစကား–ကား**……အကယ်၍ စင်စစ် ထင်ရှား မရှိ ငြားအံ့၊ ထိုစင်စစ် ထင်ရှား မရှိ သော အာရုံကို အဘယ်သို့ယူသနည်းဟု စောဒနာ ဘွယ်ရှိ၍ ပရိကပ္ပိတံ ဟူသောပါဌ်ကိုမိန့်၏။

ဟိ၊ ထိုစကားမှန်၏။ အဝိဇ္ဇမာနမ္ပိ၊ စင်စစ် ထင်ရှား မရှိသည် လည်းဖြစ်သော။ ပရိကပ္ပိတံ–ဝါ၊ တိတ္ထိတို့ ကြံဆသော အတ္တ ပုဂ္ဂိုလ်ကိုရင်း။ လောကသညာတံဝါ၊ သမုတိသစ္စာဖြင့် ခေါ်ဝေါ် အပ်သောအိုးစသော ပညတ်ကိုရင်း။ သဘာဝဘူတံ၊ သဘော အားဖြင့် ဟုတ်မှန်သော။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ အာရမ္မဏံ ဝါ၊ ခန္ဓာစသောအာရုံကိုရင်း။ ဂဟေတွာဝ၊ အာရုံယူ၍ သာလျှင်။ ဥပ္ပဇ္ဇနတော၊ ဖြစ်သောကြောင့်။ သာရမ္မဏတာ၊ သာရမ္မဏအ ဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ သာရမ္မဏာတိဝစနံ၊ သာ ရမ္မဏာဟူသော စကားသည်။ စိတ္တ စေတသိကာနံ၊ စိတ်, စေတ သိက်တို့၏။ အာရမ္မဏေန၊ အာရုံနှင့်။ဝိနာ၊ကင်း၍။အပ္ပဝတ္တိဉ္စေဝ၊ မဖြစ်သည်ကိုသာလျှင်။ ဒီပေတိ၊ ပြ၏။ တေဟိ၊ ထိုစိတ်စေတ သိက်တို့သည်။ဂဟိတဿ၊ယူအပ်သော။ အာရမ္မဏဿ၊အာရုံ၏။ ဝိဇ္ဇမာနတံဝါ၊ ထင်ရှားရှိသောအဖြစ်ကိုရင်း။ အဝိဇ္ဇမာနတံဝါ၊ ထင်ရှားမရှိသော အဖြစ်ကိုရင်း။ ဟိယသ္မာ၊ အကြင့် ကြောင့်။ နဒီပေတိ၊ မပြ။ တသ္မာ၊ ထို့ကြောင့်။ အာရမ္မဏေန၊ အာရုံနှင့်။

ဝိနာ၊ ကင်း၍။ အပ္ပဝတ္တိညေဉ၀၊ မဖြစ်သည်ကို သာလျှင်။ ဒိပေတိ၊ ပြ၏။

**အဝိဇ္ဇမာနပညတ်ချင်းမတူပုံ**......နောက်၌ လည်း ဤအဓိပ္ပါယ်မျိုးကို အကိုးသာဓကပါဌ်တို့ဖြင့်ပြခဲ့ပြီ။

**ဤပါဌ်၌လည်း**......

(၁) အဝိဇ္ဇမာနမ္ပိ ပရိကပ္ပိတံ အာရမ္မဏံ ဝါ ဟူသော အဝိဇ္ဇမာနပညတ်တမျိုး။ (၂) အဝိဇ္ဇမာနမ္ပိ လောကသညာတံ အာရမ္မဏံ ဝါ ဟူသော အဝိဇ္ဇမာန ပညတ်တမျိုး။ (၃) သဘာဝဘူတံ ဝိဇ္ဇမာနံ အာရမ္မဏံဝါ ဟူသော ဝိဇ္ဇမာနပညတ်တမျိုး။

ဟူ၍ဘွင့်ပြလေပြီ။

**နိဗ္ဗာန်၏ဥပနိဿယဖြစ်, မဖြစ်** ...ဤသို့သမုတိသစ္စာ အဝိဇ္ဇမာန ပညတ်မျိုးနှင့် သမုတိသစ္စာမှုမဖြစ် ရသာဝါဒ သမ္ဗုဒ္ဓလာပ သင်္ကေတာယဒိဋ္ဌ ဖြစ်သော အဝိဇ္ဇမာန ပညတ်မျိုးတို့ကိုလည်း ကျမ်းဂန်တို့၌ လာရှိသည့် အတိုင်း မှတ်သားရာ၏၊ သမုတိသစ္စာ အဝိဇ္ဇမာန ပညတ်မျိုးကား နိဗ္ဗာန်သို့ရောက်စေတတ်သော ဥပနိဿယဖြစ်နိုင်၏၊ အတ္တပညတ် အဝိဇ္ဇမာနပညတ်မျိုးကား မည်သည့်အခါမျှ နိဗ္ဗာန်၏ ဥပနိဿယမျိုးမဖြစ်ဟု ခွဲခြားမှတ်သားရာ၏

**ခန္ဓာတခုစီကိုအတ္တတခုစီ**......အတ္တဟုစွဲလျှင် အတ္တ ဟူသည် အ ဘယ် နည်း ဟု သိရမည်၊ နောက်၌လည်းအထပ်ထပ်ပြခဲ့ပြီ၊ ခန္ဓာကို အပြည့်အစုံ မယူဆဘဲ သက္ကာဝါကိစ္စကိုဆောင်ရွက်နိုင်သောသတ္တိရှိသော အတ္တ,နိစ္စ,ဇီဝ, သဿတ, သယံဝသီ,သာမိ,ကာရက,ဝေဒက,ဗြဟ္မဿရ,အဓိပ္ပါယ် လာရသည်၊ ထို့ကြောင့် သစ္စက ပရိဗိုဇ်သည် သမုတိ သစ္စာ,

ကဲ့သို့ခန္ဓာ ၅–ပါးပေါင်းစုမိမှသာ တန်ခိုးသတ္တိရှိသည့် သတ္တဝါ စသည်ဖြစ်ရသည် မဟုတ်။ တခုတခုသော ခန္ဓာ၌လည်း အတ္တ သတ္တဝါ၏သတ္တိရှိကြောင်းယူဆပုံကို……

အယံပိ ဘောဂေါတမ ဧဝံဝဒါမိ……

(၁) ရူပံမေအတ္တာ ရုပ်၌လည်းအတ္တသတ္တိရှိ၏။
(၂) ဝေဒနာမေအတ္တာ ဝေဒနာ၌လည်းအတ္တသတ္တိရှိ၏။
(၃) သညာမေအတ္တာ သညာ၌လည်းအတ္တသတ္တိရှိ၏။
(၄) သင်္ခါရာမေအတ္တာ သင်္ခါရတို့၌လည်း အတ္တသတ္တိရှိ၏။
(၅) ဝိညာဏံမေအတ္တာတိ ဝိညာဏ်၌လည်း အတ္တသတ္တိရှိ၏။

ဟူ၍ မြတ်စွာဘုရားအား လျှောက်ထား၏၊ ထို့ကြောင့် သမုတိ သစ္စာသတ္တဝါနှင့်များစွာကွာခြားနေသည်ကို မဆင်ခြင် မသိ,မမြင် လေ၊ များစွာဆင်ခြင်,သိမြင်နိုင်ရန်လို၏။

ဤကား–သမုတိသတ္တဝါနှင့် အတ္တသတ္တဝါ ကွာခြားပုံကိုပြခြင်းတည်း။

---

## အနုသယကိလေသာကိုမဂ်ဖြင့်သာ ပယ်ပုံ

**ရက်ချန်ဖျားနှင့်တူပုံ**……အနုသယကိလေသာကို ဝိပဿနာ ဖြင့် အရင်းပြတ် မပယ်နိုင်၊မဂ်ဖြင့် သာ ပယ်နိုင်ကြောင်းကိုလည်း……

**ပဋ္ဌမကြိုက်အဋ္ဌကထာ၌**……

သာနုသယဝါရေ ပန ယော ကာမရာဂေါ နုသယေန
သာနုသယော ဟောတိ ယထာ ဧကန္တရိက ဇရော ဒိရော
ဂေန အာဗါဓိကော ယာဝ တမှာ ရောဂါ နမုစ္စတိ
တာဝ တဿ ရောဂဿ အနုပ္ပတ္တိကာလေပိ သ ရောဂေါ
ယေဝ နာမ ဟောတိ၊ ဧဝံ သကိလေသဿ ဝဋ္ဋဂါမိ
သတ္တဿ ယာဝ အရိယမဂ္ဂေန အနုသယာသမုဂ္ဃါတံ

နဂ္ဂဟိတ္တံ၊တာဝ တေသံ အနုသယာနံ အနုပ္ပတ္တိက္ခဏေပိ
သာနုသယောနာမ ဟောတိ။

ဟူ၍ဘွင့်ပြ၏။

**အနက်ကား**…သာနုသယဝါရေ ပန၊ သာနုသယဝါရ၌ကား။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာမရာဂါနု သယေန၊ ကာမရာဂ အနုသယဖြင့်။ သာနုသယော၊ သာနုသယ သည်။ ဟောတိ၊ ဖြစ်၏။ ကေနစိ ရောဂေန၊ ရက်ချိန်များ စသောရောဂါဖြင့်။အာဗာဓိကော၊ အနာရောဂါရှိသူသည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ တမှာ ရောဂါ၊ ထိုရောဂါမှ။ နမုစ္စတိ၊ မလွတ်မြောက်သေး။တာဝ၊ထိုမလွတ်မြောက် မပျောက် မငြိမ်းသေးသမျှကာလပတ်လုံး။တဿ၊ထိုပုဂ္ဂိုလ်အား။ ရောဂဿ၊ အများရောဂါ၏။ အနုပ္ပတ္တိက္ခဏေပိ၊ မဖြစ်ပေါ်လာသေးသော အခါ၌လည်း။ သရောဂေါယေဝနာမ၊ ရောဂါရှိသူ မည်သည်သာ လျှင်။ဟောတိယထာ၊ဖြစ်သကဲ့သို့။ဧဝံ တထာ၊ထိုရက်ချိန်များရှိသူ ၏အတူ။ သကိလေသဿ၊ကိလေသာရှိသော။ဝဋ္ဋဂါမိသတ္တဿ၊ ဝဋ်ဆင်းရဲ၌ ကျင်လည်သောသတ္တဝါ၏။ အနုသယာ၊ အနုသယ ကိလေသာတို့သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ အရိယမဂ္ဂေန၊အရိယမဂ်ဖြင့်။သမုဂ္ဃါတံ၊ အရင်းပြတ်ပယ်ခြင်းသို့။ နဂစ္ဆန္တိ၊မရောက်ကုန်သေး။ တာဝ၊ ထိုမဂ်ဖြင့်အရင်းပြတ်မပယ် သေးသမျှ ကာလပတ်လုံး။ တေသံ အနုသယာနံ၊ ထိုအနုသယ ကိလေသာတို့၏။အနုပ္ပတ္တိက္ခဏေပိ၊ မဖြစ်ပေါ်သေးသော ခဏ အခိုက်၌လည်း။သာနုသယောနာမ၊အနုသယကိလေသာရှိသူသည် သာလျှင်မည်သည်။ဟောတိ၊ဖြစ်၏။

**အနုသယကိလေသာ**……အနုသယ ကိလေသာဟူသည် ငုပ် နေ,ဝပ်နေရုံမျှကိလေသာကိုဆိုသည် မဟုတ်၊ မဂ်ဖြင့်မပယ်သေး၍ အားအစွမ်းသို့ ရောက်တတ်သော စိတ်နှင့် သမ္ပယုတ်ဖြစ်, မဖြစ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလသုံးပါးလုံး၌ ဖြစ်သော အကြောင်းပစ္စည်းတို့ဖြင့် ပြီးသော

ကိလေသာတို့ကို အနုသယတို့ဟု ခေါ်ကုန်၏၊ စိတ်၌ သမ္ပယုတ္တ အားဖြင့် ယှဉ်၍ဖြစ်ခိုက် ကိလေသာဖြင့် စိတ်ကိုထိုးကျင်သော ကြောင့် ပရိယုဋ္ဌာန၊ထကြွသောင်းကြမ်းသော ကိလေသာလည်း ခေါ်နိုင်သည်၊အနုသယမခေါ်နိုင်ဟုမဆိုလို၊အဘယ့်ကြောင့်နည်း ဟူမူ မင်ဖြင့်မပယ်သေးသော အားအစွမ်းသို့ရောက်သော ကိလေ သာပင်ဖြစ်သောကြောင့်တည်း။

**ထို့ကြောင့် အနုသယ ယမိုက်အဋ္ဌကထာ၌......**

ယမ္ပိ စိတ္တ သမ္ပယုတ္တော သာရမ္မဏော တိအာဒိ ဝုတ္တံ၊ တမ္ပိ သုဝုတ္တမေဝ၊ အနုသယောတိ နာမေသ ပရိနိပ္ဖန္နော စိတ္တ သမ္ပယုတ္တော အကုသလဓမ္မောတိ နိဋ္ဌမေတ္ထဂန္တဗ္ဗံ

ဟူ၍ရှင်း။

အနုသယောတိ ပန အပ္ပဟီနဋ္ဌေန ထာမဂတ ကိလေ သော ဝုစ္စတိ၊သော စိတ္တသမ္ပယုတ္တော သာရမ္မဏော သပစ္စ ယဋ္ဌေန သဟေတုကော ဧကန္တ အကုသလော အတီတောပိ ဟောတိ အနာဂတောပိ ပစ္စုပ္ပန္နောပိ၊ တသ္မာ ဥပ္ပဇ္ဇတီတိ ဝတ္တုံ ယုဇ္ဇတိ။

ဟူ၍ရှင်း ဘွင့်ပြတော်မူပြီ။

**အနက်ကား......**စိတ္တသမ္ပယုတ္တော သာရမ္မဏောတိ အာဒိ၊

စိတ္တသမ္ပယုတ္တောသာရမ္မဏော ဤသို့စသော။

ယမ္ပိဝစနံ၊အကြင်စကားကိုလည်း။ဝုတ္တံ၊ဆိုအပ်၏။တမ္ပိ၊ ထိုစကား ကိုလည်း။သုဝုတ္တမေဝ၊ကောင်းစွာဆိုအပ်သည်သာလျှင်တည်း။

အနုသယောတိ၊ အနုသယဟူသော။ ဧသဧသော အကုသလ ဓမ္မောနာမ၊ဤအကုသိုလ်တရားမည်သည်။ ပရိနိပ္ဖန္နော၊အကြောင်း ပစ္စည်းတို့ဖြင့်ပြီးသော။စိတ္တသမ္ပယုတ္တော၊စိတ်နှင့်သမ္ပယုတ်အားဖြင့် ယှဉ်သော။ အကုသလဓမ္မော၊ အကုသိုလ်ဓမ္မတည်း။ ဣတိ၊ ဤသို့။ ဧတ္ထ၊ဤအနုသယ၌။နိဋ္ဌံ၊ဆုံးဖြတ်ခြင်းသို့။ဂန္တဗ္ဗံ၊ရောက်အပ်၏။

ပန၊ဆက်၍ဆိုဦးအံ့။ အနုသယောတိ၊ အနုသယဟူသည်ကား။ အပ္ပဟီနဋ္ဌေန၊ မပယ်အပ်သေးသော အနက်အားဖြင့်။ ထာမဂတ

ကိလေသော၊ အားအစွမ်းသို့ ရောက်သောကိလေသာကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သော၊ ထိုထာမဂတအနုသယကိလေသာသည်။ စိတ္တသမ္ပယုတ္တော၊ စိတ်နှင့်ဇေကျပ္ပါဒ စသည်ဖြင့် ယှဉ်သည်တည်း။ သာရမ္မဏော၊ အာရုံနှင့်တကွဖြစ်သော တရားတည်း။ သပစ္စယဋ္ဌေန၊ သပစ္စယ ဟူသောအနက်အားဖြင့်။သဟေတုကော၊အကြောင်းနှင့် တကွ ဖြစ်သော။ အတီတောပိ၊ အတိတ်လည်းဖြစ်သော။ အနာဂတောပိ၊ အနာဂတ်လည်း ဖြစ်သော။ ပစ္စုပ္ပန္နောပိ၊ ပစ္စုပ္ပန်လည်းဖြစ်သော။ ဇေကန္တအကုသလော ၊စင်စစ်အကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။

**အဓိပ္ပါယ်ကား**·····ရက်ချန်ဖျား ရောဂါရှိသူ တဦးတယောက်၌ တရံတခုသောရက်အတွင်း၌ အဖျားမတက်၊ မလာမကပ်သေးသော်လည်း အဖျားရှိသူဟုပင်ခေါ်ရ၏၊ အဖျားတက်ဆဲ၌လည်း အဖျားရောဂါပင်ခေါ်ရ၏၊ နောင် ၂ ရက် ၃ ရက် ကြာသောအခါ ရောက်လာတက်လာမည့် အဖျားကိုလည်း ရက်ချန်ဖျားဟူ၍ပင်ခေါ်ရ၏၊ထို့အတူ မဂ်ဖြင့်မပယ်ရသေးသော အားအစွမ်းသို့ရောက်တတ်သောကိလေသာရှိသူတို့၌ ရှေးရှေး၌ဖြစ်ခဲ့ပြီးသော ကိလေသာတို့ကိုလည်း အနုသယကိလေသာပင်ခေါ်ရ၏။ယခုစိတ်၌ယှဉ်၍ ဖြစ်ပေါ်ဆဲ ကိလေသာတို့ကိုလည်း အနုသယ ကိလေသာပင်ခေါ်ရ၏။နောင်ဖြစ်လတ္တံ့ သောကိလေသာတို့ကိုလည်း အနုသယကိလေသာပင်ခေါ်ရ၏။ စိတ်၌ ဖြစ်ပေါ်နေဆဲ ကိလေသာကို ပရိယုဋ္ဌာနကိလေသာ ဟူ၍သာခေါ်ရမည်၊ အနုသယကိလေသာဟု မခေါ်ရဟုမဆိုလို။ သာရမ္မဏာစိတ္တသမ္ပယုတ္တ သပစ္စယဋ္ဌ ပုဒ်တို့ကို ထောက်၍လည်း ပစ္စုပ္ပန်ကိလေသာကိုလည်း အနုသယခေါ်ကြောင်း သိအပ်၏။

အနုသယကိလေသာဟူသည် ဖြစ်ခွင့် ဖြစ်သင့်သောအကြောင်းကိုရခဲ့သော် မဂ်ဖြင့်မပယ်အပ်သေးသောကြောင့် အားအစွမ်းသို့

ရောက်လျက် ဖြစ်သော ကိလေသာကိုဆို၏။ ကျိန်း—ဝပ်—ငုပ်နေ ရုံမျှကို အနုသယကိလေသာ ခေါ်သည်မဟုတ်ဟူလို။

ဤကား- အနုသယကိလေသာနှင့် ၎င်းအနုသယကိလေသာကို မဂ်ဖြင့်သာပယ်ပုံကိုပြခြင်းတည်း။

---

## နာမရူပပရိစ္ဆေဒဉာဏ်အမြွက်

ဤမျှဖြင့် သက္ကာယဒိဋ္ဌိဆိုင်ရာကို မိုင်နိုင်စွာ သိသာလောက်ပြီ၊ ဤမှနောက်၌ ဉာဏ်စဉ်ဆက်ကို ဝိသုဒ္ဓိမဂ်မှထုတ်နုတ်၍ အမြွက်မျှ ပြလိုက်ပါဦးအံ့။

**ရုပ္ပနတော ရူပံ-ဖောက်ပြန်တတ်သောကြောင့်ရုပ်မည်၏။**

**ရုပ္ပနလက္ခဏံရူပံ**……ရူပံ၊ ရုပ်တရားသည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်တတ်သောသဘောရှိ၏။

**နမနလက္ခဏံနာမံ**……နာမံ၊ နာမ်တရားသည်။နမနလက္ခဏံ၊ အာရုံသို့ ရှေးရှု ညွတ်ခြင်း လက္ခဏာ ရှိ၏။

၁။ **ပထဝီဓာတ်သည်**……ထဒ္ဓ လက္ခဏံ၊ ကြမ်းတမ်းခြင်း လက္ခဏာ။

၂။ **အာပေါဓာတ်သည်**……အာဗန္ဓန လက္ခဏံ၊ ဖွဲ့စည်း ပေါင်းစပ်ခြင်းလက္ခဏာ။

၃။ **တေဇောဓာတ်သည်**……ပရိပါစနလက္ခဏံ၊ရင့်ကျက် ခြင်းလက္ခဏာ။

၄။ **ဝါယောဓာတ်သည်**……ဝိတ္ထမ္ဘလက္ခဏံ၊ ထောက်ပံ့ ခိုင်ခံ့ခြင်းလက္ခဏာ။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် ပင်စည် အကိုင်း အခက်, အလက်, အရွက် စသည်တို့ပေါင်းစပ်ထားသော သစ်ပင်နှင့် တူ၏၊ ဤသစ်ပင်၌မူလအစိတ်, အစိတ်အပင်,အကိုင်းစသောအမည် ပျောက်၍ သစ်ပင်ဟူသော အမည်ရောက်သကဲ့သို့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူ

သော အစိတ်, အစိတ်အမည်တို့ပျောက်၍ ပုဂ္ဂိုလ်သတ္တဝါ–ငါ–သူတပါးယောကျ်ား,မိန်းမ,လူ,နတ်,ဗြဟ္မာ ဟူသော အခေါ်အဝေါ်သည်ရောက်၏၊ နာမ်ရုပ်နှစ်ပါးခန္ဓာငါးပါးကို ဖယ်လှတ်၍ တိတ္ထိတို့ကြံဆသော အတ္တဇီဝကဲ့သို့ရှိနိုင်မြဲသောမပျက်စီးသော အစိုးရသော အလိုသို့လိုက်တတ်သော ခန္ဓာအိမ်ရှင်ဖြစ်သော ပြုတတ်,လုပ်တတ်,ဘန်ဆင်းတတ်သောမြင်တတ်,ကြားတတ်, နံတတ်, စားတတ်,တွေ့တတ်, သိတတ်သောသဘောမရှိ။

လှည်းစက်, ရထားချိုင့်,ဝင်္ကပ်, ဝင်ရိုးစသည်တို့ပေါင်းစပ်မိသောအခါ ရထားခေါ်သော သမုတိသစ္စာ ဖြစ်သကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ် ၂ ပါး, ပေါင်းစပ်မိသောအခါ အချင်းချင်းရင်းတဦးသည် တဦးအားရင်း ကျေးဇူးပြု၍ ငါသူတပါး-ယောကျ်ား,မိန်းမ, အခေါ် အဝေါ် သမုတိသစ္စာ လူနတ်ဗြဟ္မာ သတ္တဝါဟုသမုတ်ပြောဆိုကြ၏၊ အတ္တ,သတ္တဝါမျိုးကား သမုတိသစ္စာမျှမဖြစ်လေ။

**ဥပမာကား**······စက်ယန္တရားဖြင့် တပ်ဆင်ထားသော သစ်သားရုပ်သည် ငါသည်သွားအံ့, ထိုင်အံ့, ရပ်အံ့ ဟူသော ဣဟာဗျာပါရမှ ကင်းဆိတ်၏–မရှိ၊ ယန္တရား စက်ဖြင့် တပ်ဆင်ထားသောကြောင့်သာ သွားလည်းသွား၏၊ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊ ရုပ်ရှင်စက်နှင့်အရုပ်ကားထဲသို့လူအမျိုးတို့က နှလုံးသွားဣဟာဗျာပါရနှင့်ဣအရုပ်တွေ သွားလာထကြွနေသကဲ့သို့ထင်ကြကုန်၏။

**ဤအတူ**······လူ,နတ်, ဗြဟ္မာ ပုဂ္ဂိုလ်ဟူသမျှတို့၌ ခန္ဓာ ရုပ်နာမ်တို့သာလျှင် ထင်ရှားကုန်၏၊ ရုပ်က နာမ်ကိုကျေးဇူးပြုခြင်း, နာမ်က ရုပ်ကိုကျေးဇူးပြုခြင်း, နာမ် နာမ်ချင်းကျေးဇူးပြုခြင်း, ရုပ်ကိုရုပ်ချင်းကျေးဇူးပြုခြင်း, ရုပ်နာမ်နှစ်ပါးကရုပ်နာမ်နှစ်ပါးကိုကျေးဇူးပြုခြင်းသတ္တိဖြင့်လူ,နတ်,ဗြဟ္မာ,သတ္တဝါမိန်းမ, ယောကျ်ားတို့သွားလာ စားသောက်,နေထိုင်ကြကုန်၏ဟုထင်မှတ်ခါမျှသာဖြစ်၏။

**အကန်းနှင့်အကျိုးသို**……ရုပ်သည် အကန်း နှင့် တူ၏၊ နာမ် သည်အကျိုးနှင့်တူ၏၊အကန်းချည်း သက်သက်လည်း တစုံတခုကို ပြုမှုဆောင်ရွက်ခြင်းမပြုနိုင်၊ အကျိုး သက်သက်လည်း တစုံတခုကို ပြုမှုဆောင်ရွက်ခြင်း မပြုနိုင်၊ အကန်းကအောက်ထမ်း၍ အကျိုးကပခုံးမှနေ၍ လမ်းပြပေးတိုင်း သာ သွားလာနေထိုင်ခြင်း စသည်ကို ပြုနိုင်သကဲ့သို့ ထို့အတူ တိတ္ထိတို့ကြံဆသောအတ္တ- ဇီဝကဲ့သို့ ခန္ဓာမပြည့်စုံဘဲ, ရုပ်နာမ် နှစ်ပါးမပြည့်စုံဘဲ အတ္တ၏တန်ခိုးသတ္တိကြောင့် သွားလာနေထိုင် စားသောက် နိုင်သည် ဟူသော ဒိဋ္ဌိအယူမျိုး မဟုတ်၊ ရုပ်,နာမ် နှစ်ပါး ခန္ဓာငါးပါးပေါင်းဆုံသဖြင့် သတ္တဝါပုဂ္ဂိုလ်တို့၏ ကိစ္စအရပ် ရပ်ကို ရွက်ဆောင် ပြုလုပ်သဖြင့် ပုဂ္ဂိုလ် သတ္တဝါဟု သမုတ် ခေါ်ဝေါ်ကာမျှဖြစ်၏ဟု ရုပ်နာမ် နှစ်ပါးကို ပိုင်းခြား ဆင်ခြင်နိုင် က သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကွာ လာတော့၏။

ထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့သည် တိတ္ထိတို့ ကြံဆသော ပရမ အတ္တကဲ့သို့ တစုံတခု တဦးတယောက်က ဘန်ဆင်း ဖြစ် ပေါ်နေကြသည်မဟုတ်၊ အကြောင်းအကျိုး ဆက်စပ်လျက် ဖြစ် နေကြ၏ဟု ဆင်ခြင်ရာ၏။

ဤကား—နာမရူပပရိစ္ဆေဒဉာဏ်အမြွက်တည်း။

---

## နာမရူပပစ္စယပရိဂ္ဂဟဉာဏ်အမြွက်

| ခန္ဓာအမည်- | နှင့်- | ဖြစ်ကြောင်းတို့၏အမည်များ |
|---|---|---|
| ၁။ ရူပက္ခန္ဓာ | အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ | ကဗဠီကာရအာဟာရ |
| ၂။ ဝေဒနာက္ခန္ဓာ | အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ | ဖဿအာဟာရ |
| ၃။ သညာက္ခန္ဓာ | အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ | ဖဿအာဟာရ |
| ၄။ သင်္ခါရက္ခန္ဓာ | အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ | ဖဿအာဟာရ |
| ၅။ ဝိညာဏက္ခန္ဓာ | အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ | ရုပ်နာမ် အာဟာရ |

**အကြောင်းချုပ်က** ...... အကြောင်းဖြစ်သော အဝိဇ္ဇာချုပ်လျှင် ရုပ်ချုပ်၏၊ အကြောင်းဖြစ်သောတဏှာချုပ်လျှင် ရုပ်ချုပ်၏၊ အကြောင်းဖြစ်သော ဥပါဒါန်ချုပ်လျှင် ရုပ်ချုပ်၏၊ အကြောင်းဖြစ်သောကံချုပ်လျှင် ရုပ်ချုပ်၏၊ အကြောင်းဖြစ်သော ကဗဠီကာရအာဟာရ ချုပ်လျှင် ရုပ်ချုပ်၏၊ ထို့အတူ ဝေဒနာက္ခန္ဓာ တို့၌လည်း ဖြစ်ခြင်းအကြောင်း ငါးပါးစီပင် တွေးဆင်ခြင်အပ်၏၊ ဤသို့ ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းခြင်း နာမရူပပစ္စယပရိဂ္ဂဟဉာဏ်ကိုလည်း သိအပ်၏။

ဤကား-နာမရူပပစ္စယပရိဂ္ဂဟဉာဏ်အမြွက်တည်း။

---

## သမ္မသနဉာဏ်အမြွက်

ထို့နောက် အလုံးစုံသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ ရုပ်ဟူသမျှသည် ကုန်ပျောက်ပျက်စီးတတ်သောကြောင့် အနိစ္စ၊ကြောက်မက်ဘွယ်ဘေးရန်ဟူသောအနက်ကြောင့် ဒုက္ခ၊ နိစ္စ, သုခ, သဿတဟူသော အနှစ်သာရမရှိသောကြောင့် တိတ္ထိတို့ကြံဆသော အတ္တမျိုးမဟုတ် အနတ္တဟု စီးဖြန်းရာ၏။

အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ဝေဒနာဟူသမျှသည်ရင်း၊
အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော သညာ ဟူသမျှသည်ရင်း၊
အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်သော သင်္ခါရဟူသမျှသည်ရင်း၊
အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်သော ဝိညာဏ်ဟူသမျှသည်ရင်း၊
ကုန်ပျောက် ပျက်စီးတတ်သောကြောင့် အနိစ္စစသည်ဖြင့် စီးဖြန်းလေ။

အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်သော ရုပ်ဟူသမျှသည် မမြဲသော တရားတည်း၊ ကံ, စိတ်, ဥတု, အာဟာရတို့ဖြင့် ပြုပြင်အပ်သောတရားတည်း၊ ပေါင်းဆုံ ညီညွတ်သော အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားတည်း၊ ကုန်ပျောက်တတ်သောတရားတည်း၊ ပျက်စီး ဆုတ်ယုတ်တတ်သော တရားတည်း၊ တပ်နှစ်သက်ဘွယ် မရှိသော တရားတည်း၊ ထိုစကားအတိုင်းပင် အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဝေဒနာဟူသမျှသည် မမြဲသောတရားတည်းစသည်ဖြင့် စီးဖြန်းအပ်၏၊ သညာ သင်္ခါရ ဝိညာဏ် တို့၌လည်း ဤနည်းအတူပင်တည်း။

အဋ္ဌကလာပ်ရုပ် ၅စ်ခု၊ ဇီဝိတရုပ် တခု၊ ကာယပသာဒတခု ပေါင်း ဆယ်ခု၊

အဋ္ဌကလာပ်ရုပ် ၅စ်ခု၊ ဇီဝိတရုပ် တခု၊ ဘာဝရုပ် တခု၊ ပေါင်း ဆယ်ခု။

အဋ္ဌကလာပ်ရုပ် ၅စ်ခု၊ ဇီဝိတရုပ် တခု၊ ဟဒယဝတ္ထု တခု။ ပေါင်း ဆယ်ခု။

ကလာပ်အားဖြင့် ဒသကကလာပ် သုံးစီး၊ ရုပ် အရေအတွက်အားဖြင့် ပေါင်း ၃၀- ပဋိသန္ဓေ ဝိညာဏ်စိတ်နှင့်အတူ ဖြစ်ပေါ်လာကြကုန်၏။

သင်တုံးထားအသစ်ကို ရေဆွတ်၍ လေတိုက်ခံထားကာစ၌ဝင်ရောက်ကပ်ပါသော သံချေးတက်ရန်အမှုန်ကလေးတွေကို မမြင်နိုင်သေးသကဲ့သို့၊ ထိုရုပ်နာမ် ကလေးတွေကို မမြင်နိုင်ကြသေး၊ တဖြည်းဖြည်း ဖြစ်ခါ ပျက်ခါ သန္တတိ အစဉ်ဆက်လာက ကလလရေကြည်အဖြစ်တိုင်အောင် ပေါ်၍လာနိုင်လျက် ယခုတိုင်ဖြစ်ပျက် ချုပ်ပျောက် လာကြကုန်၏။

ရုပ်မှုန်ကလာပ်ကလေးတခု မပျက်သေးမီ အချိန်အတွင်း နာမ်သည် ၁၆-ကြိမ်တိုင် ဖြစ်ပျက်ပြီး၍ ၁၇-ချက် မြောက်၌ ရုပ်နှင့်အတူ နာမ်လည်းချုပ်ပျက်၏။ ယခုလည်း ဤနည်းအတိုင်း ခြေ

လှမ်းကဲ့သောဆင်ကြီး၏ ခြေတလှမ်းစာ အတွင်း၌ ခြေလှမ်းကျဉ်းသောယုန်ကလေး၏ ခြေလှမ်း တဆယ့်ခြောက် လှမ်းစာ နာမ် သက်ချုပ်ပျောက် ဖြစ်ပေါ်နေရ၏၊သန္တတိ ဆက်နေရ၏၊ရုပ်နာမ်နှစ်ပါး ကုန်ပျောက် ပျက်စီးတတ်သောကြောင့် အနိစ္စတည်း။ ကြောက်မက်ဘွယ် ဘေးရန်ဟူသောအနက်ကြောင့် ဒုက္ခတည်း။ နိစ္စ, သုခ, သဿတ သဘောအနှစ်သာရမရှိသောကြောင့် တိတ္ထိတို့ကြံဆသောအတ္တမျိုးမဟုတ် အနတ္တတည်းဟု စီးဖြန်းရာ၏။

**အကြိမ်ကြိမ်ပွါးများ**......မိမိတို့အိမ် အိမ်နားနီးချင်း မိမိတို့ရပ်ရွာ မိမိတို့တိုင်းပြည် ရှေးရှေးက ရှိခဲ့ဘူးသော လူ, တိရစ္ဆာန်, အိမ်, တိုက်, အဆောက်အဦ, သစ်ပင်, တော,တောင် ဟူသမျှ သင်္ခါရတရားတို့သည် ချုပ်ပျောက် ပျက်စီး ဆွေးမြည့်၍ ကုန်ကြလေပြီ၊ ယခုတွေ့မြင်၍ နေရသော မိမိတို့အိမ်, တိရစ္ဆာန်, လူ စသည်တို့သည် နောက်ထပ်၍ တည်ဆောက်မွေးဖွား ပေါ်ပေါက်လာသည့် သင်္ခါရတရားတို့တည်း။ ဤသန္တတိအစဉ်ဆက်၍တည်ရှိနေသမျှ အိမ်,ရပ်ရွာ,လူ,တိရစ္ဆာန် သစ်ပင် စသည်တို့သည်လည်း အလုံးစုံပျောက်ကွယ် ကြကုန်လတ္တံ့၊ အလုံးစုံသောသင်္ခါရတရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့သာတည်းဟု အကြိမ်ကြိမ်ပွါးများရာ၏။

ဤကား—သမ္မသနဉာဏ်အမြွက်တည်း။

---

## ဥဒယဗ္ဗယဉာဏ်အမြွက်

ဤနာမ်ရုပ်နှစ်ပါးတို့သည် မဖြစ်လာသေးမီရှေ့အဘို့၌ ဖြစ်ရန် အစုအပုံ သိုမှီးထားခြင်းလည်း မရှိ၊ ဖြစ်ဆဲ၌လည်း အစုအပုံသိုမှီးထားတိုင်း ရောက်လာ ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ ဖြစ်ပြီး၍ ချုပ်သွားသော ရုပ်နာမ်နှစ်ပါးတို့သည်လည်း ထိုထိုဤဤ အရပ်မျက်နှာတို့သို့ ရွှေ့ပြောင်းသွားသည်လည်းမရှိ၊ ချုပ်ပြီးသော ရုပ်

နာမ်နှစ်ပါးတို့၏ ရုပုံသိမ်း တည်ရှိနေသည်လည်းမရှိ၊ စောင်းကို တီးခတ်လိုက်သည်ရှိသော် ဖြစ်ပေါ် ထွက်မြည်၍လာသော အသံ၏ အသံမဖြစ်မီစုဝေးနေခြင်းလည်းမရှိသကဲ့သို့ ဖြစ်ဆဲသောအသံ သည်လည်း စောင့်ဆိုင်း သိမ်းနေရာမှ ပေါ်လာခြင်းမရှိသကဲ့သို့၊ ချုပ်ပျောက်သွားသောအသံ၏ ထိုထို၌၍အရပ်မျက်နှာသို့ပြောင်း ရွှေ့သွားလာခြင်း မရှိသကဲ့သို့ ချုပ်ပျောက်ပြီးသောအသံ၏ တစုံ တခုသောအရပ်၌ စုဝေးသိမ်းနေခြင်း မရှိသကဲ့သို့၊ စင်စစ်သော် ကား စောင်းကြိုး စောင်းအိမ် တီးခတ်သောယောကျ်ား၏လုံ့လ ကိုစွဲ၍မရှိရာမှ အသံဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီး၍ ကင်းပျောက် ၏၊ ထို့အတူ အလုံးစုံသောရုပ်နာမ် တရားတို့သည် အကြောင်း မညီညွတ်မီ မရှိမူ၍ အကြောင်းညီညွတ်က ဖြစ်ပေါ်၍ လာကုန်၏၊ ဖြစ်ပြီး၍ ကွယ်ပျောက်ကုန်၏၊ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ဤ ရုပ် နာမ်တရားတို့သည် ရှေး၌မဖြစ်ဘူးသေးကုန်ဘဲ ဖြစ်ပေါ် လာကြ ကုန်၏၊ ဖြစ်ပြီးသောတရားတို့သည် ချုပ်ပျောက်ကုန်၏၊ နေထွက် သောအခါ မြက်ဖျားစသည်တို့၌တည်သော ဆီးနှင်းပေါက်ကဲ့သို့ ၎င်း၊ ရေပြင်၌ပေါ်လာသော ရေပွက် ရေစီပေါင်းကဲ့သို့၎င်း၊ ရေ၌ရေးခြစ်သော အရေးအကြောင်းကဲ့သို့၎င်း၊ ပွတ်စင်ရှိ ဆောက် ဖျား၌ မုန်ညင်းစေ့ပမာ ပွတ်မှုန့်စာကဲ့သို့၎င်း၊ ကောင်းကင်၌ တိမ် လွှာနှစ်ထပ် ခွပ်ခတ်ကြရာ လျှပ်စစ်ရောင် ပေါ်လာသကဲ့သို့၎င်း၊ အကြောင်းအကျိုး ၂-ဖြာတွဲယှက်လျက် ခဏခြင်း ခဏခြင်း ကွယ် ပျက်သော ရုပ်နာမ် နှစ်ပါးတို့သာတည်းဟူ၍၎င်း၊ မျက်လှည့်သည် တံလျှပ် အိပ်မက် မီးကွင်းစက် ဂှက်ပျောတုံးတို့ကဲ့သို့ အသုံး မကျ အနှစ်သာရမရှိ ကြာရှည်စွာတည်နိုင်သည့် သတ္တိမရှိကြောင်း ကို အကြိမ်ကြိမ်တွေးတော ပွါးများရာ၏။

ဤသို့ အားငယ်နုံသေးသော ဥဒယဗ္ဗယ ဉာဏ်ကို ရရှိအား ထုတ်သော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာညစ်ညူး ပျက်စီးကြောင်း တရားဆယ်ပါးဖြစ်ပေါ်လာတတ်၏။

ဝိပဿနာပျက်စီးကြောင်း ၁၀-ပါး

၁။ **ဩဘာသ**—အလင်းရောင်ပေါ် လာခြင်း။ မဂ်ဖိုလ်ဘဲဟု အထင်လွဲတတ်သည်။

၂။ **ပီတိ**—အာရုံ၌နှစ်သက်သောပီတိငါးမျိုးပေါ် လာ တတ်၏။ ထိုပီတိကို မဂ်ဖိုလ်ဟုအထင်လွဲတတ်သည်။

၃။ **ပဿဒ္ဓိ**—စိတ်စေတသိက်တို့၏ အေးငြိမ်းချမ်းသာခြင်း ပေါ်လာတတ်၏။ ထိုပဿဒ္ဓိကို နတ်၏မွေ့လျော်ခြင်းနှင့်တူ၍ မဂ်ဖိုလ်ဟု အထင်လွဲတတ်သည်။

၄။ **အဓိမောက္ခ**—အလူးယုံကြည်သော သဒ္ဓါတရားဖြစ်လာ၏။ ထိုသဒ္ဓါကို မဂ်ဖြင့်ရသော သဒ္ဓါဟု အထင်လွဲတတ်သည်။

၅။ **ပဂ္ဂဟ**—ကမ္မဋ္ဌာန်း၌ မပျင်းမရိ လုလ္လ ရှိခြင်း ဖြစ်လာ၏။ ထိုဝီရိယကို သမ္မာဝါယာမ မဂ္ဂင်ဟုအထင်လွဲတတ်သည်။

၆။ **သုခ**—ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပေါ်လာ၏။ ထိုသုခကို မဂ်ဖိုလ်ချမ်းသာဟု အထင်လွဲတတ်သည်။

၇။ **ဉာဏ**—အလွန် ထင်မြင်သော ဝိပဿနာဉာဏ် ဖြစ်လာ၏။ ထိုဉာဏ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟုအထင်လွဲတတ်သည်။

၈။ **ဥပဋ္ဌာန**—ထင်မြင် မှတ်မိသော သတိ ဖြစ်ပေါ်လာ၏။ ထိုသတိကို အရိယာမဂ်၌ရှိသော သမ္မာသတိဟု အထင်မှားတတ်သည်။

၉။ **ဥပေက္ခာ**—လျစ်လျူ ရှုနိုင်သော ဥပေက္ခာ ဖြစ်လာ၏။ ထိုဥပေက္ခာ ကိုပင်လျှင် မဂ်ဖြင့်ရရှိသော ဥပေက္ခာဟု အထင်မှားတတ်သည်။

၁၀။ **နိကန္တိ**—ရှေး ၉ ပါးလုံးကိုတပ်မက်တွယ်တာ၍နေသော တဏှာဟူ၍ပင်မသိနိုင်လောက်အောင်သိမ်မွေ့သောဘာဝနာဖြင့် မွေ့လျော်နှစ်သက် ကပ်ငြိနေသည်ဟု ထင်ရသော လောဘ ဖြစ်ပေါ်နေတော့၏။ ထိုတဏှာကိုတဏှာဟုမဖမ်းမိဘဲ ဘာဝနာ ရတိဟုအထင်လွဲတတ်သည်။

ရှေး၉-ပါးကား အကုသိုလ်မဟုတ်၊ဝိပဿနာ ညစ်ညူးကြောင်း သာ ဖြစ်ကြကုန်၏၊နောက်ဆုံး ၁၀-နံပါတ် နိကန္တိ တဏှာကား ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသ လည်း ဟုတ်၏၊ အကု သိုလ်လည်းဟုတ်၏။ ဤတရားဆယ်ပါးတို့သည် မဂ်မဟုတ် သည် ကို မဂ်,ဖိုလ်မဟုတ်သည်ကို ဖိုလ်,နိဗ္ဗာန် မဟုတ်သည်ကို နိဗ္ဗာန် အထင်ကြီးတတ် လွဲတတ် သောကြောင့် အဓိမာန တရား တို့ဟု ခေါ်၏။

**ဖြစ်,မဖြစ်**..... ဤတရားတို့သည် အားကောင်းသော ဗလဝ ဝိပဿနာဖြစ်သောအခါပေါ်လာသော အခါ၌ မဖြစ်ကြကုန်၊အရိယာအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်အားလည်း မဖြစ်ကုန်၊အကျင့်သီလ ပျက်စီးနေသော ပုဂ္ဂိုလ်အားလည်း မဖြစ် ကုန်၊သီလနှင့် ပြည့်စုံသော်လည်း ပျင်းရိ၍ ကမ္မဋ္ဌာန်း ဝိပဿနာ အားမထုတ်သောပုဂ္ဂိုလ်အားလည်း မဖြစ်ကုန်၊ သီလစင်ကြယ်၍ အားထုတ်သောဝိပဿနာ နုငယ်သေးသော အခါ၌ ဖြစ်ပေါ်လာ တတ်ကုန်၏။ထိုတရားတို့ကို သာမညဝိပဿနာဖြင့်မပယ်နိုင်။

အချို့မထေရ်ကြီးများ အနှစ်ခြောက်ဆယ်တိုင်အဓိမာနဖြစ်နေ၏၊ ဤအထင်ကြီးတရားဆယ်ပါးတို့တွင် ပါဝင်နေသော ဝိပဿနာ ဉာဏ်သည်လည်း သာမညဝိပဿနာဉာဏ်မဟုတ်၊ထို့ကြောင့်—

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌**......

ဉာဏန္တိ ဝိပဿနာဉာဏံ တဿကိရ ရူပါ ရူပဓမ္မေ တုလယန္တဿ တီရေန္တဿ ဝိဿဋ္ဌ ဣန္ဒဝဇိရမိဝ အဝိဟ တဝေဝံ တိခိဏံ သူရံ အတိဝိသဒံ ဉာဏန္တိဉာဏံ ဥပ္ပဇ္ဇ တီတိ။

ဟုဖွင့်ပြတော်မူ၏။

**အနက်ကား**.....ဉာဏန္တိ၊ဉာဏံ ဟူသည်။ဝိပဿနာဉာဏံ၊ဥဒ ယဗ္ဗယ ဝိပဿနာ ဉာဏ်တည်း။တဿ၊ ထို ယောဂီ ပုဂ္ဂိုလ်အား။ရူပါရူပဓမ္မေ၊ရုပ် နာမ် တရားတို့ကို။ တုလ

ယန္တသ၊ ဤသို့သော အကြောင်းကြောင့် ဖြစ်၏,ဤသို့သော အကြောင်းကြောင့်ပျက်၏ဟု နှိုင်းချိန်စဉ်။တိရေန္တသ၊ ရှုစမ်းစဉ်။ ဝိသဒ္ဒ ဇာန္တဝဇိရံ၊ သိကြားမင်းသည်ပစ်လွှတ်အပ်သော ဝဇိရစိန်လက်နက်သည်။အဝိဟာတ ဝေလံ၊ အပိတ်အပင် အတားအဆီးမရှိသောအဟုန်ရှိသည်။တိခိဏံ၊ထက်မြက်သည်။သူရံ၊တန်ခိုးသတ္တိရှိသည်။အတိဝိသဒံ၊ လွန်စွာထက်မြက်ရှုးရှသည်။ဟောတိဉာဝ၊ဖြစ်သကဲ့သို့။ဉာဏံ၊ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိကိရ၊ဖြစ်သတတ်။

ဥဒယဗ္ဗယ အဖြစ်အပျက်ကိုရှုစဉ် သန္တတိဃန, အာရမ္မဏဃန, ကိစ္စဃန, သမူဟဃန တို့ကို ထိုးဖောက် ဖျက်ဆီးနိုင်သဖြင့် ထက်မြက်ရှုးရှသိမ်မွေ့လှသော ဥဒယဗ္ဗယ ဉာဏ်ဖြစ်၏။ထို့ကြောင့်မဂ်ဉာဏ်ကဲ့သို့ အထင်မှားတတ်သည်ဟုလို။

ထိုနောက်မှ တတ်သိလိမ္မာသော ယောဂါဝစရပုဂ္ဂိုလ်သည် ဤအလင်းရောင် ဉာဏ်,ပီတိ,ပဿဒ္ဓိ,သုခစသောတရားတို့သည် ဖယ်ရှားရန် မလွယ်ကူ၊ ထို့ကြောင့် တစုံတခုသောအလင်းရောင် ဉာဏ်,ပီတိ စသည်၌ တပ်မက် ရွှင်ပျ,သာယာ၍ နေခြင်းမဖြစ်ရအောင် နောက်၌ပြခဲ့ပြီးသော ဥပမာတို့ဖြင့်ရင်း၊ ဤဥပက္ကိလေသ တရားဆယ်ပါးတို့သည် အနိစ္စ,သဘောတို့တည်း၊ သင်္ခတ, သဘောတို့တည်း။ ပဋိစ္စသမုပ္ပန္န အကြောင်းကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားတို့တည်း။ ကုန်ပျောက်တတ်သော သဘောတို့တည်း။ ပျက်စီး ဆုတ်ယုတ် တတ်သော သဘော တို့တည်း။ တပ်နှစ်သက်ဘွယ်မရှိသောသဘောတို့တည်း။ ချုပ်ပျောက်တတ်သောသဘောတို့တည်း။ ဤသို့ပညာဖြင့်ပိုင်းခြားအပ်၏၊ ရှုစမ်းဆင်ခြင်အပ်၏။

**အနုမာနဉာဏ်ဖြင့်**……ပညာရှိသောယောကျ်ားသည် ကမ်းစပ်၌ရပ်တည်၍ ပင်လယ် သမုဒ္ဒရာ၏ မျက်စိတမြင် တစိတ် တချို့ကိုမြင်ရက ဤယခုမြင်ရသော သမုဒ္ဒရာထက်အဆပေါင်းများစွာကျယ်ဝန်းသော ရေပြင်ကြီးဖြစ်ပေလိမ့်မည်ဟု အနုမာနဉာဏ်ဖြင့်သိနိုင်သကဲ့သို့၊ ရေပွက်,ရေစီ

ပေါင်းတံလျှပ်မီးကွင်းရုပ်ရှင်စက် ဥပမာဖြင့် ရုပ်နာမ်နှစ်ဖြာတို့၏ ဖြစ်ပျက်မှု တစိတ်ကိုမြင်သိရက မျက်တောင်တခတ် လက်ဖျစ်တတွက်၌ ကုဋေပေါင်းများစွာ ဖြစ်ပျက်နိုင်ကြောင်းကို မှန်းဆပွါးများနိုင်၏။

ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဖြစ်ပြီးလျှင် မရှိသော အနက်ကြောင့် အနိစ္စ တည်း။

ဥပ္ပါဒဝယ ပဋိပီဠနဋ္ဌေန ဒုက္ခာ၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် အဘန်တလဲလဲ နှိပ်စက်တတ်သော အနက် သဘောကြောင့် ဒုက္ခတည်း။

အဝသဝတ္တနဋ္ဌေန အနတ္တာ၊ အလိုသို့ မလိုက်တတ်သောအနက် သဘောကြောင့်တိတ္ထိကိုကြံဆသော သယံဝသီ အတ္တမျိုးမဟုတ်၊ အနတ္တတည်းဟုပွါးများရာ၏။

ဤကား-ဥဒယဗ္ဗယဉာဏ်အမြွက်တည်း။

---

## ဘင်္ဂဉာဏ်အမြွက်

၁။ **ဘဝဒိဋ္ဌိပ္ပဟာနံ**……မပြတ်မစဲ, တသဲသဲ, တဖွဲဖွဲ, ရုပ်နာမ် ကလာပ်မှုန့်တို့၏ ပျက်စီးမှုကို ဉာဏ်ဖြင့်မြင်သောကြောင့် သဿတဒိဋ္ဌိကိုပယ်နိုင်၏။

၂။ **ဇီဝိတနိကန္တိပရိစ္စာဂေါ**……တသဲသဲ, တဖွဲဖွဲ, ရုပ်နာမ် ကလာပ် မှုန့်တို့၏ပျက်စီးမှုကိုဉာဏ်ဖြင့်မြင်သောကြောင့်သာလျှင် အသက်၌ ငဲ့ကွက် တွယ်တာနေသောတဏှာအာလယကိုစွန့်လွှတ်နိုင်၏။

၃။ **သဒါယုတ္တပယုတ္တတာ**……နေ့ညဉ့်မပြတ် အခါခပ်သိမ်း ကမ္မဋ္ဌာန်း ဝိပဿနာကိုအားထုတ်နိုင်၏။

၄။ **ဝိသုဒ္ဓဇီဝိတာ**……အလိုရမ္မက် အကျင့်ပျက်တို့နှင့် ဝေးကွာသည်၏ အဖြစ်ကြောင့် အသက်မွေးဝမ်းကြောင်းစင်ကြယ်၏။

**၅။ ဥဿုက္ကပ္ပဟာနံ**……ထက်မြက် သော သံဝေဂ ဉာဏ်ရှိ သည့်၏အဖြစ်ကြောင့် လောကီကိစ္စ ကြီးငယ်တို့၌ ကြောင့်ကြဗျာပါရမစိုက်ဖြစ်ပေါ် ၍လာ၏။

**၆။ ဝိသုဒ္ဓဂတဘာယတာ**……မိမိ၏ ကိုယ်၌ တွယ် တာခြင်း တ ဏှာ မရှိ သော ကြောင့် ကြောက်ရွံခြင်းကင်းဖြစ်ပေါ်လာ၏။

**၇။ ခန္တိသောရစ္စပဋိလာဘော**……အနိစ္စအဖြစ်ကိုကောင်း စွာ မြင်သည့်၏ အဖြစ် ကြောင့် သည်းခံခြင်း၌ရဲရင့်ခြင်းဖြစ်လာ၏။

**၈။ အရတိရတိသမာနတာ**……တောကျောင်း တောရပ်တို့ ၌ရင်း, ကုသိုလ် ကောင်းမှု တို့၌ရင်း,မမွေ့မလျော်ခြင်းကြောင့်ရင်း, ကာမဂုဏ်တရားတို့၌ မွေ့ လျော်ခြင်းကြောင့်ရင်း လွှမ်းမိုးအောင်မြင်နိုင်၏။

ဤအကျိုးရှစ်ပါးတို့ကို ရေပွက် ရေစီပေါင်း တံလျှပ်လောက်မျှ ခိုင်မြဲသောသဘောမရှိ၊တိုတောင်းသည့်ရုပ်နာမ်ခန္ဓာတို့၏ ပျက်စီး မှုကို အကြိမ်ကြိမ် ပွါးများ၍ အားကောင်းသော ဘင်ဉာဏ်သို့ ရောက်ခြင်းကြောင့် မပြတ်ထင်သောအခါ၌ရ၏။

**အလေ့ရအောင်ပွါး**……ဤဘင်ဉာဏ် သည်ကား ဥပက္ကိ လေသဝတ္တုတို့၌ သာယာတပ်မက် နေသည်မှ လွတ်မြောက်သည့်ထက် သန့်ရှင်းစွာ လွတ်မြောက် ရန် ဝိပဿနာဉာဏ် ထက်သည့်ထက် ထက်မြက်ရန် မြင်တိုင်း မြင်တိုင်း ကြားတိုင်းကြားတိုင်း နံတိုင်း နံတိုင်း စားတိုင်း စား တိုင်း တွေ့ထိတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်း ကြံစည်တိုင်း လျှပ် စီးပြက်လိုက်သကဲ့သို့ ရုပ်နာမ်နှစ်ဖြာတို့လျင်မြန်စွာပျက်၍ ပျောက် ၍သွားပုံကို ထင်မြင်စွဲလမ်းနေရန် အလေ့အကျင့်လုပ်၍ အားထုတ် ရမည်၊ သွားလာတိုင်း ရပ်တိုင်း ထိုင်တိုင်းလည်း ဤနည်းတူ ရေ

စိပွက်ပမာ လျှပ်ပြက်ရောင်ပမာကဲ့သို့ လျင်မြန်စွာ လျင်မြန်စွာ ဖြစ်ချုပ် ပျောက်ကွယ်လျက် ဆက်ကာ ဆက်ကာ သန္တတိအစဉ်ဖြစ်ပေါ်နေသည်ကို ထင်မြင်နေအောင် အားထုတ်ရပါမည်၊ မြင်သောအခါ မြင်အပ်သော ရူပါရုံအဆင်းကလေးတွေ များစွာပျက်သွားကြောင်း၊ ကြားသောအခါ အသံကလေးတွေ များစွာပျက်သွားကြောင်း၊ နံသောအခါ အနံ့ကလေးတွေများစွာပျက်သွားကြောင်း၊ စားသောအခါ အရသာရုပ်ကလေးတွေ များစွာပျက်စီး သွားကြောင်း၊ တွေ့ထိသောအခါ မြေ, လေ, မီး အပေါင်းအစု ရုပ်ကလေးတွေ များစွာပျက်သွားကြောင်း တွေးတော ကြံစည်သောအခါ ဓမ္မာရုံခေါ် နူးညံ့သောရုပ်သေးနှင့် စိတ်, စေတသိက် ကလေးတွေပျက်သွားကြောင်း အလေ့ရအောင် ပွါးများရာ၏။

**ရရန်အားထုတ်**……ထို့နောက် ပျက်သည် ပျက်သည်ဟု ရှေးရှေး စီးဖြန်းသော စိတ်တွေ ကိုသည်း နောက်နောက်ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်စိတ်က ပျက်ပြန်ပြီ ပျက်ပြန်ပြီဟု ထပ်၍ ထပ်၍ ရှေးစိတ်ကို နောက်စိတ်က ထပ်၍ထပ်၍ ဝိပဿနာရှုပြန်ရာ၏။ ထွက်သက် ဝင်သက် အချိန်တခုအတွင်း မျက်တောင်တခတ်အတွင်း၌ပင် များစွာချုပ်ပျောက်ပျက်စီးကုန်ကြောင်းကိုဂုဏ်း၊ အပျက်သဘောတွေကိုသာလျှင် ၃၁-ဘုံအတွင်း၌ မရဏာမီးလောင်နေပုံအတိုင်း မြင်ရန်ထင်ရန် ဆိပွတ်သောယောက်ျားကဲ့သို့ အထပ်ထပ် အဖန်ဖန် နူးညံ့သိမ်မွေ့သော ဝိပဿနာဉာဏ်ရရန် အားထုတ်ရမည်။

ဤကား-ဘင်္ဂဉာဏ်အမြွက်တည်း။

---

## ဘယဉာဏ်အမြွက်

ဤကဲ့သို့ အဆက်ဆက် ထက်သည်ထက် ထက်အောင် ပွါး၍ ဘင်္ဂဉာဏ် ထက်သန်လာသောအခါ လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတို့၌

သန္တတိအစဉ်အားဖြင့် တည်ရှိနေသော သင်္ခါရတရားတို့ကို မိမိ ဉာဏ်၌ အောက်ပါအတိုင်း ထင်မြင်လာအောင် ရှုရမည်။

**တောအုပ်ကြီးသို့**……ဤသင်္ခါရတရားတို့သည် ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ ၉၆-ပါး ရောဂါဘေး၊ ၃၂-ပါးသော မင်းများစီရင် သတ်ပုတ်သည့် ကမ္မကရဏာနှင့် ၂၅-ပါးသောဘေး၊ ၁၆-ပါးသော ဥပဒ္ဒဝ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟုဆိုအပ်သော အပါယ်တို့၌မရေမတွက်နိုင်သော အကြိမ်ပေါင်းများစွာ ဘဝပေါင်းအနန္တ တွေ့ကြုံခံစားခဲ့ရဘူးသောဘေး၊ သေခြင်းဘေး၊ သောက ပရိဒေဝ ဥပါယာသ စသည်တို့ဖြင့် ရောပြွမ်းနေသောကြောင့် ခြင်္သေ့အပေါင်း သစ်အပေါင်း ကျားအပေါင်း ဝံအပေါင်း ဘီလူးအပေါင်း ရက္ခိုသ်အပေါင်း နွားကြမ်း ခွေးကြမ်း အပေါင်း ထူးခြားအော်ဟစ် အမုန်ယစ်သော ဆင်ကြမ်းအပေါင်း ကြမ်းကြုတ်သော အဆိပ်ရှိသော မြွေအပေါင်းတို့၏ တည်နေရာ တောအုပ်ကြီးနှင့် တူလေစွတကား။

မိုးယံကြီးစက်ကျရောက်သောနေရာ သုသာန်စစ်မြေပြင်တို့နှင့် တူလေစွတကား၊ အလျှံပြောင်ပြောင် တောက်လောင်သော မီးကျီးတွင်း စသည်တို့နှင့် တူလေစွတကား၊ ဘေးအပေါင်း ရန်အပေါင်း ဒုက္ခအပေါင်းတို့ ဝန်းရံလျက်ရှိနေချေ၏တကားဟု များပြားသောဘေးရန်တို့ကို အဖန်ဖန်ရှုကြည့် ထင်မြင်အောင် တွေးတောပွါးများရာ၏၊ ၎င်းသတ္တဝါတွေ ဘေးတွေ၏ အကြားထဲသို့ ရောက်ရှိနေသော ယောဂါ၏စိတ်နှင့် တထပ်ထည်းတူနေအောင် ကြံဆောင်တွေးတော ပွါးများရမည်ဟုလို။

**ဘေးတွေမြင်**….. ထိုနောက်မှ ရှေးရှေး စကြာနံ့ နာရီ ရက် လ နှစ်တို့၌ ဖြစ်ခဲ့ကုန်ပြီးသော သင်္ခါရတရား ရုပ်နာမ်နှစ်ပါးတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်ရုပ်နာမ်နှစ်ပါး သင်္ခါရ တရားတို့သည်လည်း ချုပ်ဆဲဖြစ်ကြကုန်၏၊ နောင်ဖြစ်လတ္တံ့သော

သင်္ခါရတရား ရုပ်နာမ်နှစ်ပါးတို့သည်လည်း ဤပစ္စုပ္ပန်၏အတူ ချုပ်ကြကုန်လတ္တံ့ဟု ဘေးတွေ့မြင်လာတော့၏။

**ဥပမာအားဖြင့်**……သားသုံးယောက်ရှိသောမိန်းမသည် မင်းပြစ် မင်းဒဏ် ကျရောက်သည်ဖြစ်၍ ၎င်းသားတို့၏ဦးခေါင်းကို ဖြတ်၍သတ်ရန် မင်းက အမိန့်ချမှတ်လိုက်လေ၏။ ထိုမိန်းမသည်ငိုကြွေးပူဆွေးလျက် သုသာန်သို့ခေါ်ဆောင်သွားသော သားတို့နှင့်အတူ လိုက်ပါလာ၏။ ရှေးဦးစွာ ထိုမိန်းမ၏ရှေ့၌ပင် သားကြီး၏လည်ပင်းကို ခုတ်ဖြတ်လိုက်လေ၏၊ ထိုအခါ ထိုမိန်းမသည် ဆတ်ဆတ်တုန်မျှ လှိုက်ခုန်လူးလဲ ဆင်းရဲပင်ပန်းစွာငိုကြွေး၏၊ ငိုကြွေးစဉ်ပင် သားလတ်၏ ဦးခေါင်းကို ခုတ်ဖြတ်ရန် အားထုတ်ကြကုန်ပြန်၏၊ သားကြီး၏ဖြတ်ပြီးသော ဦးခေါင်းကို၎င်း သားလတ်၏ဖြတ်ဆဲသော ဦးခေါင်းကို၎င်း တွေ့မြင်ရသဖြင့် ကျန်သော သားငယ်ကလေး၏ အပေါ်၌ ဤသူငယ်လည်း သားကြီး သားလတ်တို့အတူ ဦးခေါင်းပြတ်တော့မှာဘဲဟု တခါထည်း အာလယကိုဖြတ်လိုက်သကဲ့သို့……

**ရှုဆင်ခြင်**……ထို့အတူ ဤဘယဉာဏ်ကို အားထုတ်သော ပုဂ္ဂိုလ်သည် အတိတ် သင်္ခါရ ရုပ်နာမ်နှစ်ဝတို့၏ ချုပ်ပြီးကုန်သည်ကို၎င်း၊ ပစ္စုပ္ပန် သင်္ခါရ ရုပ်နာမ်နှစ်ဝတို့၏ ချုပ်ဆဲကို၎င်း မြင်သောကြောင့် အနာဂတ်ရုပ် နာမ်သင်္ခါရတို့လည်း ဤနည်းအတိုင်းဘဲ ချုပ်ပျောက်လတ္တံ့ဟု ကြောက်လန့်တုန်လှုပ် ချစ်ခင်ခြင်းအာလယ ကိလေသာတို့ကို စွန့်ခွါပယ်ရှား၍ ဓမ္မသဘာဝအားဖြင့် ရှုဆင်ခြင်အပ်၏။

ဤကား-ဘယဉာဏ်အမြွက်တည်း။

---

## အာဒီနဝဉာဏ်အမြွက်

**အပြစ်ကြီးတခုကဲ့သို့**……ဘေးအပေါင်းတို့ကို ရှုကြည့်ပွါးများသောဉာဏ်ကို အဖန်ဖန် အားထုတ်

သော ယောဂီပုဂ္ဂိုလ်အား ဤသို့ထင်လာ၏၊ အလုံးစုံသော ကာမဘဝ ရူပဘဝ အရူပဘဝ ယောနိဂတိသတ္တဝါတို့၏ ဖြစ်ရာဘုံတို့၌ ပုန်းအောင်းရန် သွားရောက်မှီခိုကာကွယ်ရန် နေရာမရှိဟု မြင်၏၊ ထို့ကြောင့် အလုံးစုံသော ဘုံဘဝ ယောနိဂတိ စသည်တို့တွင် တခုကိုမျှ တောင့်တလိုချင်ခြင်း မှားသောအားဖြင့် မြဲသည် စသည်ဖြင့် သုံးသပ်ခြင်းမရှိဘဲ ဘဝသုံးပါးတို့ကို မီးကျီးတွင်းမီးကျီးရဲ၌ တဝင်းဝင်းလောင်တောက် နေသကဲ့သို့ရှင်း၊ မြေ, ရေ, လေ, မီး, ဓာတ်ကြီးလေးပါး မိမိခန္ဓာ၌ရှိနေကြသည့် တရားတို့ကို ကြီးမားကြမ်းကြုတ်သော အဆိပ်ရှိသော မြွေကြီးလေးကောင်တို့ကဲ့သို့ရှင်း၊ ခန္ဓာငါးပါးတို့ကို သန်လျက်ဓက်ပေါ်၌ မိုးကာ လိုက်ပါလာသော သူသတ်ယောက်ျားတို့ ကဲ့သို့ရှင်း၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဟူသော အဇ္ဈတ္တိကာ ယတန ၆-ပါးတို့ကို လူဆိတ်သောရွာကဲ့သို့ရှင်း၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူသော ဗာဟိရာယတန ၆-ပါးတို့ကို ရွာကို ဝင်ဖျက် လုယက်တတ် သတ်ဖြတ်တတ်သော သူခိုး ဓားပြ သူပုန်တို့ကဲ့သို့ရှင်း၊အလုံးစုံဝိညာဏ်ရှိသမျှဘုံဘဝတို့ကိုဇာတိ,ဇရာ,မရဏစသောတဆယ့်တပါးသောမီးတို့ဖြင့်တညီးညီးလောင်နေသည်၏အဖြစ်ကြောင့် အလျှံအရောင်နှင့် တောက်လောင်နေသော မီးပုံကြီးကဲ့သို့ရှင်း၊ အလုံးစုံသော သင်္ခါရ တရားတို့ကို အိုင်းအမာရောဂါအမျိုးမျိုး ဆိုးဝါးလှသော ပြောင့်ဆူး အထူးထူးသော အကုသိုလ်ဖြစ်ရာ အနာရောဂါမျိုးတို့ကဲ့သို့ရှင်း ထင်မြင်လာတော့၏၊ အနှစ်သုခဘာမျှမရှိတပ်နှစ်သက်ဘွယ်ကင်းဘိလျက် ကြီးမားသည့် အပြစ်အစုကြီးကဲ့သို့ရှင်းထင်မြင်၍လာကုန်၏။

**အာဒီနဝဉာဏ်ရလာပြီဟု**… ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ဤသို့တွေးတော ဆင်ခြင်သိရှိ၏၊ ဤလူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတို့သည်ပျော်မွေ့ဘွယ် အခြင်းအရာအားဖြင့်တည်ရှိကုန်သော်လည်း သားရဲအပေါင်း တို့နှင့် ပြည့်

လျှံနေသောတောအုပ်ကြီးနှင့်တူ၏၊ သစ်ကျားများ အောင်းဝပ်နေသောဂူနှင့်တူ၏၊ ဘမ်းစားလတ္တံ့သော ရက္ခိုသ်ရှိသောရေနှင့်တူ၏၊သန်လျက်ဖြင့် မြှောက်ချီ ခုတ်ဖြတ်လတ္တံ့သော ရန်သူရှိရာ အရပ်နှင့်တူ၏၊ အဆိပ်ရှိသောဘောဇဉ်နှင့်တူ၏၊ သူခိုး ဓါးပြရှိသောခရီးနှင့်တူ၏၊ ရဲရဲညီသော မီးကျီးအစုနှင့် တူ၏၊ စစ်ဆင်တိုက်ခိုက်နေသောစစ်မြေပြင်နှင့်တူ၏၊ ဤကဲ့သို့ ထိုယောဂီပုဂ္ဂိုလ်သည်သားရဲအပေါင်းတို့နှင့်ပြည့်သော တောအုပ်နှင့် တူကြောင်း ဥပမာတို့ကိုအစွဲပြု၍ထောက်ထား၍ ကြောက်လန့်သော အားဖြင့် မွေးညှင်းများထကြွလျက်ထိတ်လန့်လှသောစိတ်ဖြင့် ၃၁ ဘုံထက်ဝန်းကျင်၌အဖြစ်တို့ကိုသာမြင်တော့၏၊ထိုသို့မြင်က အာဒီနဝဉာဏ် ရလာပြီဟုခေါ်ဆိုရသည်။

ထို့နောက်မှ ရှေးကံကြောင့်ထပ်ကာ-ထပ်ကာဖြစ်ရခြင်းသည် ဘေးတည်း၊အလုံးစုံသော သင်္ခါရနိမိတ်ကိုရှုမြင်ခြင်းသည် ဘေးတည်း၊ နောက်ဘဝအလို့ငှါ အားထုတ် ရသော ကံသည် ဘေးတည်း၊ နောင်ပဋိသန္ဓေနေရခြင်းသည် ဘေးတည်း၊ ပဋိသန္ဓေသို့ အကြင်ဂတိဖြင့် လားရောက်ရခြင်းသည် ဘေးတည်း၊ ခန္ဓာတို့၏ ဖြစ်ပေါ်နေရခြင်းသည်ဘေးတည်း၊ အကျိုးဝိပါက်သို့ကပ်ရောက်ရခြင်းသည်ဘေးတည်း၊ ဇရာ,စသည်တို့၏ အကြောင်းဖြစ်သော ဘဝကြောင့် ဖြစ်သော ဇာတိသည်ဘေးတည်း၊ ဇရာ,ဗျာဓိ,မရဏ,သောက,ပရိဒေဝ,ဥပါယာသတို့သည် ဘေးတည်းဟု ဘေးအပေါင်းတို့ကို ထင်မြင်ရာ၌ ဖြစ်ပေါ်လာသော ပညာသည်လည်း အာဒီနဝဉာဏ်မည်၏။

အကြိမ်ကြိမ်ပွါး ....ထိုဇာတိ,ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ–စသည်တို့၏ရင်း၊ သင်္ခါရနိမိတ်စသည်တို့၏ရင်း၊ မဖြစ်ရာချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ခေမသန္တိသုခ အစစ်တည်းဟုဉာဏ်ဖြင့်ပေါ်လာတော့၏၊ဤကဲ့သို့ အကြိမ်ကြိမ်ပွါးများရာ၏။

**ထပ်မံပွါး**......ဘယဉာဏ်အားဖြင့် ပြီးသော်လည်း အာဒီနဝ အပြစ်ကို မြင်သော ဉာဏ်၏ အာနိသံသကိုပြ ခြင်း၌ ဘေးကင်းရာအပြစ်မရှိရာ နိဗ္ဗာန်ချမ်းသာ ရှိသောကြောင့် သက်သာရာ ရစေရန် ထပ်မံ၍ပွါးများရာ၏။

ဤကား—အာဒီနဝ ဉာဏ်အဖြွက်တည်း။

## နိဗ္ဗိဒါနုပဿနာဉာဏ်အဖြွက်

ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ယောဂီပုဂ္ဂိုလ်သည် မိမိ၏ခန္ဓာ ကိုယ်၌ရင်း သူတပါးတို့၏ခန္ဓာကိုယ်၌ရင်း ၃၁-ဘုံ၌ရင်း အပြစ် ဘေးတို့ကို မြင်သည်ရှိသော် မမွေ့လျော် မပျော် မရွှင် ငြီးငွေ့ ဘွယ် ထင်တော့၏။

**ဥပမာကား**......စိတ္တကူ ကုန့်တောင်ခြေ၌ ပျော်ပါး မွေ့လျော် နေသော ရွှေဟင်္သာမင်းသည် စဏ္ဍာလရွာဝ၌ တူးထားသော လူသေကောင်ပုပ်ချသော မစင်ကြယ်သော တစီး တွင်း၌ မမွေ့လျော်နိုင်သကဲ့သို့ရင်း သုံးပါး ကုန်သော သန့်ရှင်း ကုန် သော ရေအိုင်ကြီးတို့၌သာ ပျော်မွေ့သကဲ့သို့ရင်း ထို့အတူယော ဂီပုဂ္ဂိုလ်တည်းဟူသော ရွှေဟင်္သာမင်းသည် ခန္ဓာအာယတနဓာတ် အစုအဝေးဖြစ်၍ ဘုံသုံးပါးတို့၌ မမွေ့လျော် ဘာဝနာ တည်းဟူသော မွေ့လျော်နှစ်သက်ခြင်းနှင့်သာပြည့်စုံသည်၏အဖြစ်ကြောင့်၇—ပါး ကုန်သောဝိပဿနာတရားတို့၌သာ မွေ့လျော်တော့၏။

သားဟူသမျှတို့၏ အရှင် ခြင်္သေ့မင်းသည် ရွှေချိုင့်၌ လှောင် ထားပါသော်လည်းမမွေ့လျော်၊ယူဇနာ ၃၀၀၀၀၌ ကျယ်ပြန့်သော ဟိမဝန္တာတောတောင်၌သာလျှင် မွေ့လျော်သကဲ့သို့ ထို့အတူ ဤယောဂီပုဂ္ဂိုလ်တည်းဟူသော ခြင်္သေ့မင်းသည် ဘုံသုံးပါးအ လား ဂတိတို့၌ မမွေ့လျော်မပျော်ပိုက်—၃-ပါးကုန်သောဝိပဿနာ တို့၌သာ မွေ့လျော်တော့၏။

**အားထုတ်ရမည်ဟူလို**……ကိုယ်လုံး ဖြူသော လက်ခြေအမြီး စိပေါင်းအိမ် သိုဒ်အိမ် ၇-ပါး တို့ဖြင့် မြေ၌ တည်ပြားသော ကမ္ဗဝိပါကဇိဒ္ဓိ တန်ခိုးဖြင့် ပျံသန်း သွားလာနိုင်သော ဆဒ္ဒန်ဆင်မင်းသည် မြို့တော်အလယ်၌ မပျော်မွေ့ ဟိမဝန္တာ ဆဒ္ဒန် ရေအိုင်၌ သာလျှင် မွေ့လျော် သကဲ့သို့ ထို့အတူ ယောဂီ ပုဂ္ဂိုလ်တည်းဟူသော ဆဒ္ဒန်ဆင်မင်းသည် အလုံးစုံသော သင်္ခါရတရားတို့၌ မမွေ့လျော် မပျော်မွေ့ ဖြစ်ပေါ်ခြင်း မရှိသော အရပ်သည် ငြိမ်း၏၊ ဤသို့စသောနည်းဖြင့် သန္တိသုခ နိဗ္ဗာနဓာတ်၌သာလျှင် မွေ့လျော်၏။ ကိုင်းရှိုင်းညွတ်ခသောစိတ်ရှိတော့၏ ဟူလို၊ ဤဥပမာတို့၏ အတူမိမိ၏ဉာဏ်၌ ထင်လာစေရန် အားထုတ်ရမည်ဟူလို……။

**ဥဂ္ဂတပရိညာ**……ရုပ်သည် ရုပ္ပနလက္ခဏာ ဖောက်ပြန်တတ်သော လက္ခဏာရှိ၏၊ ဝေဒယိတ လက္ခဏာ ဝေဒနာ၊ ဝေဒနာသည် ခံစားတတ်သော လက္ခဏာရှိ၏၊ သဉ္ဇာနန လက္ခဏာသညာ၊ သညာသည် အမှတ်ပြုခြင်းလက္ခဏာရှိ၏၊ အဘိသင်္ခရဏလက္ခဏာသင်္ခါရာ၊ သင်္ခါရတို့သည် ပြုပြင်စီရင်ခြင်း လက္ခဏာရှိကုန်၏၊ ဝိဇာနနလက္ခဏံ ဝိညာဏံ၊ စိတ်သည် သညာ ထက်ထူးသော သိခြင်းလက္ခဏာရှိ၏ ဤသို့စသည်ဖြင့် ခန္ဓာငါးပါးတို့၏ အသီးသီးသောလက္ခဏာကို ကောင်းစွာမှတ်သားသည်၏ အစွမ်းအားဖြင့် ဖြစ်သောပညာသည် ဉာတ ပရိညာမည်၏။

**တီရဏပရိညာ**……ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုသောဝိပဿနာနှင့် ယှဉ်သောပညာသည် တီရဏ ပရိညာမည်၏။

**ပဟာနပရိညာ**……ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ နိစ္စသညာ သုခသညာ အတ္တသညာ သုဘသညာ တို့ကိုပယ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော လက္ခဏာရေး သုံးပါးလျှင် အာရုံရှိသော ဝိပဿနာ ပညာသည် ပဟာနပရိညာမည်၏။

၁။ အနိစ္စဟူ၍ ဝိပဿနာရှုသူသည် ··နိစ္စသညာကိုပယ်၏။
၂။ ဒုက္ခဟူ၍ ဝိပဿနာရှုသူသည် သုခ သညာကိုပယ်၏။
၃။ အနတ္တဟူ၍ ဝိပဿနာရှုသူသည် အတ္တသညာကိုပယ်၏။
၄။ နိဗ္ဗိဒါဉာဏ်ဖြင့် ရှုသောသူသည်·····နှစ်သက်ခြင်း တဏှာ ' ကိုပယ်၏။

၅။ တပ်မက်ဘွယ်မရှိဟု ရှုသော သူသည် ···· ရာဂကို ပယ်နိုင်၏။

၆။ ချုပ်ခြင်းကို ရှုဆင်ခြင်သော ယောဂီ ပုဂ္ဂိုလ်သည် သမုဒယကိုပယ်နိုင်၏။

၇။ အဘန်တလဲလဲ ခန္ဓာကိုယ်ကိုပင် စွန့်လွှတ်ရန် ပွါးများသောသူသည် ခံယူနှစ်သက်ခြင်းကိုပယ်နိုင်၏။

ဤသို့ဝိပဿနာ ၇ –ပါးတို့၌ပျော်ပါးမွေ့လျော်၍နေတော့၏ ဟု နောက်၌ ပြခဲ့ပြီးသော အိုင်ကြီး ၇ အိုင်တို့၏ ဥပမာ ဖြစ်သော ဝိပဿနာကိုလည်းမှတ်သားရာ၏။

ဤကား–နိဗ္ဗိဒါဉာဏ်အမြွက်တည်း။

## မုဉ္စိတုကမျတာဉာဏ်အမြွက်

**အနက်သဘောတူ**·····ဤပြအပ်ခဲ့ပြီးသော ဉာဏ်တို့တွင် ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့ကို ကြောက်မက်ဘွယ်ဘေးအားဖြင့် ဘယဉာဏ် ခေါ်၏၊ ငြီးငွေ့သော အားဖြင့်ရှုလျှင် နိဗ္ဗိဒါဉာဏ်ခေါ်၏၊ သဒ္ဒါအခေါ်အဝေါ်သာလျှင် ကွဲပြား၍အနက်သဘောအားဖြင့်တူမျှကုန်၏။

**လွှတ်မြောက်လိုသောဆန္ဒ**·····ဤသို့ နိဗ္ဗိဒါဉာဏ်ဖြင့် ပျင်းပုံငြီး ငွေ့ မပျော်မွေ့သော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ဘဝ ယောနိ, ဂတိ, ဝိညာဏ်, တည်ရှိသည့် သတ္တဝါသ အမျိုးအပြား အစားစားတို့တွင် တပါးတပါးသော ဘုံဘဝစသည်တို့၌လည်း မကပ်မငြိ, တပ်မက်ခြင်း

ကင်းမဲ့စွာ အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်မြောက်လို သော ဆန္ဒသာဖြစ်ပေါ်လာရတော့၏။

အဘယ်သို့သောဥပမာဖြင့် လွတ်မြောက်လိုသောဆန္ဒဖြစ်ပေါ် လာရသနည်းဟူမူ ပိုက်ကွန်တွင်း၌မိနေသော ငါး၏လွတ်မြောက် လိုသောဆန္ဒကဲ့သို့ရင်း၊ မြွေခံတွင်းမှ လွတ်မြောက်လိုသောဖား ကဲ့သို့ရင်း၊ လှောင်ချိုင့်အတွင်းမိနေသော တောကြက်, တောငှက် ကဲ့သို့ရင်း၊ ပြင်းထန်နိုင်မြဲသော ကျော့ကွင်း၌ မိနေသော သမင် ကဲ့သို့ရင်း၊ အလမ္ပါယ်၏ လက်တွင်းသို့ ရောက်နေသော မြွေကဲ့သို့ ရင်း၊ ကြီးစွာသော ညွန်ပျောင်း၌ ကျွံနစ်နေသော ဆင်ပြောင် ကဲ့သို့ရင်း၊ ဂဠုန်၏ခံတွင်းမှ လွတ်လိုသော နဂါးကဲ့သို့ရင်း၊ ရာဟု အသုရိန်၏ ခံတွင်းသို့ရောက်နေသော လနတ်သား, နေနတ်သား ကဲ့သို့ရင်း၊ သတ်ဖြတ်မည့် ရန်သူအပေါင်း ဝိုင်းရန် ဘမ်းမိထား သောယောကျ်ား၏လွတ်မြောက်လိုသော ဆန္ဒမပြတ် ဖြစ်ပေါ်နေ သကဲ့သို့ရင်း၊ အလုံးစုံသော ဘေးအပေါင်း, ရန်အပေါင်း ဒဏ် အပေါင်းတို့၏ တည်ရာ, သင်္ခါရ တရားတို့မှ ထွက်သွားလွတ် မြောက်လိုသောဆန္ဒနှင့် တကွ သိမြင်လှသော မုဉ္စိတုကမျတာ ဉာဏ်သည်ဖြစ်ပေါ်လာပြန်တော့၏။ ။ဤဥပမာနှင့် တူစွာမိမိ၏ ဉာဏ်၌ဖြစ်ပေါ်လာစေရန် ပွါးများဆင်ခြင်ရမည်ဟူလို။

ဤကား-မုဉ္စိတုကမျတာဉာဏ်အမြွက်တည်း။

---

## ပဋိသင်္ခါဉာဏ်အမြွက်

ထိုယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော ဘဝ ယောနိ, ဂတိဌိတိသတ္တာဝါသတို့သို့ ရောက်ကုန်သော ထူးထွေများပြားကုန် သော သင်္ခါရတရားတို့မှ လွတ်လိုသည်ဖြစ်၍ လွတ်စေခြင်းငှါ ထို သင်္ခါရတရားတို့ကိုလက္ခဏာရေးသုံးပါးသို့တင်၍သိမ်းဆည်း၏။

အလုံးစုံသောသင်္ခါရတရားတို့သည်အစ,အဆုံးရှိသောကြောင့် အနိစ္စ မည်ကုန်၏၊ ခဏိကမရဏဖြင့် နှိပ်စက်နေသော ကြောင့်

အခိုက်အတန့်ဌါးရမ်းရသောဥစ္စာနှင့် တူကုန်၏၊ဖြစ်ခြင်း ပျက်ခြင်းဖြင့် အဖန်တလဲလဲနှိပ်စက်နေသောကြောင့်ရင်း၊ ဒုက္ခဖြစ်ကြောင်း၏အဖြစ်ကြောင့်ရင်း၊ သည်းခံနိုင်ခဲကုန်၏၊ ဆင်းရဲကုန်၏။

အကြောင်းပစ္စည်းတို့နှင့် မျှတရသည်၏ အဖြစ်ကြောင့် ရောဂါတို့၏မူလရင်းဖြစ်သော ရောဂါဆိုးတို့မည်ကုန်၏၊ ဒုက္ခ၏ အဖြစ်တည်းဟူသော တံကျင်ဖြင့်စပ်ယှဉ်သည်၏ အဖြစ်ကြောင့် မစင်ကြယ်သောကိလေသာတို့ဖြင့် ယိုစီးနေသည်၏ အဖြစ် ကြောင့်ရင်း၊ ဥပါဒ်, ဌီ, ဘင် တက်ကြွဖူးရောင်, ရင့်ကျက်, ကွဲပျက်တတ်သည်၏အဖြစ်ကြောင့်ရင်း အိုင်းအမာတို့မည်ကုန်၏၊ မပြတ်နှိပ်စက်ခြင်းကို ဖြစ်စေတတ်သော ကြောင့်ရင်း၊ အတွင်း၌ ထိုးကျင်တတ်သည်၏အဖြစ်ကြောင့်ရင်း၊ နုတ်ယူရန် အရိယာ မဂ်တည်းဟူသောညှပ်မှတပါး ခက်ခဲ ငြားသည်၏အဖြစ်ကြောင့်ရင်း ငြောင့်နှင့်တူကုန်၏၊ ကဲ့ရဲ့ခြင်းဌါထိုက်သည်၏ အဖြစ်ကြောင့်ရင်း၊ မကြီးပွါးခြင်းကိုရွက်ဆောင်တတ်သည်၏အဖြစ်ကြောင့်ရင်း၊အကုသိုလ်တို့၏ အကြောင်းဝတ္ထုဖြစ်သောကြောင့်ရင်း အကုသိုလ် အသုတ်တရားတို့မည်ကုန်၏။

မိမိအလိုအတိုင်း မဖြစ်စေတတ် သောကြောင့်ရင်း၊ ကျင်နာနှိပ်စက်ခြင်း၏ နီးစွာသော အကြောင်းဖြစ်သောကြောင့်ရင်း အနာရောဂါတို့မည်ကုန်၏၊ မိမိအလိုသို့ မလိုက်တတ်သော ကြောင့်ရင်း၊ မစီရင်မပြုပြင်နိုင်သောအဖြစ်ကြောင့်ရင်း သူတပါးတို့မည်ကုန်၏၊ အိုခြင်း,နာခြင်း,သေခြင်းတို့ဖြင့် အထူးထူး အပြားပြားပျက်သွားတတ်သောကြောင့် ယူငင်စရာမရ ပျက်ကျတတ်သောတရားတို့မည်ကုန်၏။

တပါးမက များလှစွာသော ပျက်စီးခြင်းတို့ကို ရွက်ဆောင်တတ်သည်၏အဖြစ်ကြောင့်ရင်း၊ ပျက်စီးတတ်သော ကြောင့်ရင်း၊ အာဂန္တုအကုသိုလ် အစုအသင်းတို့မည်ကုန်၏၊ မသိနိုင်ကုန်သော ပြဲနှံ့ပြောများ ပြ၊ ကုန်သော ကျိုးစီးပွါးမဲ့ကိုကို ရွက်ဆောင်တတ်သောကြောင့်မင်းဘေး, မင်းဒဏ်တို့ မည်ကုန်၏၊ ဥပဒ္ဒဝတို့မည်

ကုန်၏၊ အလုံးစုံသောဘေးဟူသမျှတို့၏တည်ရာ၏ အဖြစ်ကြောင့်ငင်း၊ ဒုက္ခ၏ ငြိမ်းအေးအလွန်သက်သာရာရသော နိဗ္ဗာန်၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်ငင်း ဘေးရန်တို့မည်ကုန်၏။

များစွာသော အကျိုးစီးပွါးမဲ့တို့ဖြင့် အစဉ်လိုက်၍ နေသောကြောင့်ငင်း၊ ဗဟိဒ္ဓသွေးမျိုးစသည်တို့၏ ပျက်စီးခြင်း, အဖြူတွန့်ရောဂအစရှိကုန်သော အကျိုးမဲ့ခြင်းတို့ဖြင့် အာရုံပြုသော အားဖြင့်ငင်း သမ္ပယုတ် အားဖြင့်ငင်း ကပ်ငြိတတ် သော ကြောင့်ငင်း၊ နတ်တို့သည် ဘမ်းစား အပ်သော ရောဂါသည် သည်းခံခြင်းငှါ မထိုက်သည်၏အဖြစ်ကြောင့်ငင်း ဥပသဂ္ဂတို့မည်ကုန်၏။

အိုခြင်း, နာခြင်း, သေခြင်းတို့ဖြင့်ငင်း လာဘ်ရခြင်း မရခြင်း အစရှိသော လောကဓံတရားတို့ဖြင့် တုန်လှုပ်တတ်သည်၏အဖြစ်ကြောင့်ငင်း စလ တို့မည်ကုန်၏၊သူတပါးတို့လုံ့လကြောင့်ငင်း၊မိမိ၏ ကိစ္စသဘောအားဖြင့်ငင်း၊ အကျိုးမဲ့ပျက်စီးတတ်သောကြောင့်ပဘင်္ဂုတို့မည်ကုန်၏။ သစ်ပင်၌ အကင်းဝမ်းပြင်း အမှည့်စသည်အသီးတို့အချိန်မရှိ ကြွေကျတတ်သကဲ့သို့ အချိန်အပိုင်းအခြား မရှိလဲကျတတ်သောကြောင့်ငင်း၊ မြဲမြံခိုင်ခန့်ခြင်းမရှိ သောကြောင့်ငင်း အဒ္ဓုဝတို့မည်ကုန်၏။ မကာကွယ် မစောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်ငင်း၊ ဘေးကင်းရာကို မရအပ်သည်၏အဖြစ်ကြောင့်ငင်း၊ အစောင့်အရှောက် မရှိသော သဘောတရားတို့မည်ကုန်၏။

ဒုက္ခနှင့်မတွေ့ရန် ပုန်းအောင်းခြင်းငှါ မထိုက် သည်၏ အဖြစ်ကြောင့်ငင်း၊ ပုန်းအောင်းသော သူတို့၏လည်း ဒုက္ခနှင့် မတွေ့ရန်မပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်ငင်း မပုန်းအောင်းမှီခိုရာတို့မည်ကုန်၏၊ မှီခိုအားထားကုန်သောသူတို့၏ ဓာတ်အစရှိသောဘေးတို့ကို ညှဉ်းဆဲဖျောက်ဖျက်၍ မဖြစ်တတ်သော ကြောင့်ကိုးကွယ်အားထားရာတို့မမည်ကုန်၊ တိတ္ထိတို့ ကြံစည်ယူဆသောမြဲခိုင်တင့်တယ် ချမ်းသာသော အတ္တသဘောတို့မှ ဆိတ်သုဉ်းသည်၏အဖြစ်ကြောင့် ရိတ္တ တို့မည်ကုန်၏။

မိမိတည်းဟူသော ခန္ဓာငါးပါး သဒ္ဒါရ တရားသည်လည်း စိုးပိုင်သူအရှင်မဟုတ်သော သဘော စသည့်၏ အဖြစ်ကြောင့် အနတ္တတို့မည်ကုန်၏(ဝါ) တိတ္တိတို့ကြီဆသော အတ္တမျိုး မဟုတ်၊ အဝွင်း၌နိစ္စ,သုခ,စသောအနှစ်သာရမရှိ ဆိတ်သုဉ်းသောကြောင့် တုစ္ဆတို့မည်ကုန်၏၊ ခန္ဓာအိမ်ရှင်– ခန္ဓာအိမ်၌ အမြဲနေသူပြုလုပ်တတ် ဘန်ဆင်းတတ်သူ ခံစားတတ်သူ၊ ခန္ဓာအိမ်၏ အကြီးအကဲသဘောတို့မှ ကင်းသည့်၏ အဖြစ်ကြောင့် သုညတို့မည်ကုန်၏၊ ခန္ဓာတို့၏ အနိစ္စစသည့်၏အစွမ်းဖြင့် ဖြစ်ပေါ်လာရခြင်း ဒုက္ခ၏ အကြောင်းကြောင့်ရင်း၊ ဒုက္ခတို့၏အပြစ်ဒေါသ၏ အဖြစ်ကြောင့်ရင်း အပြစ်မျိုးတို့မည်ကုန်၏။ တနည်း၊ခန္ဓာတို့မည်သည် ခိုကိုးရာနဲ့ မျက်နှာမွဲနှင့် တူကုန်သည့်၏ အဖြစ်ကြောင့် အာဒီနဝတို့မည်ကုန်၏။

အိုခြင်းဖြင့်ရင်း သေခြင်းဖြင့်ရင်း နှစ်ပါးအားဖြင့် ဖေါက်ပြန်ပျက်ပြားတတ်သည့်၏အဖြစ်ကြောင့်ဝိပရိဏာမဓမ္မတို့မည်ကုန်၏၊ အနှစ်မပါ အကာကဲ့သို့ အားသေးသည့်၏အဖြစ်ကြောင့်ရင်း ချမ်းသာခြင်းကို ချိုးဖဲ့ဖျက်ဆီးတတ်သောကြောင့်ရင်း အနှစ်သာရ မရှိသော အသာရကတရားတို့ မည်ကုန်၏၊ မိတ်ဆွေ၏ မျက်နှာရှိသော ရန်သူကဲ့သို့ ချစ်ကြွမ်းဝင်သောသူကို သတ်တတ်သည့်၏ အဖြစ်ကြောင့် ခန္ဓာငါးပါးတို့သည် သူသတ်ယောကျ်ားတို့ မည်ကုန်၏၊ ကြီးပွါးခြင်း ကင်းမဲ့သည့်၏ အဖြစ်ကြောင့်ရင်း,ဘဝသည် အကြောင်းတရား မပြတ်ဘဲ ပြတ်နိုင်၏ဟူသောအယူ၌ တပ်မက်သောဝိဘဝတဏှာ ဝိဘဝဒိဋ္ဌိတို့ကို ကောင်းစွာ ဖြစ်စေတတ်သည့်၏အဖြစ်ကြောင့်ရင်း ဝိဘဝတို့မည်ကုန်၏။

ကာမာသဝ စသော အာသဝေါ တရားတို့၏ နီးစွာသော အကြောင်းရင်းဖြစ်သောကြောင့် သာသဝတို့မည်ကုန်၏၊ အကြောင်းပစ္စည်းတို့ဖြင့် အလွန်စည်ပင် ပြုပြင်အပ်သည့်၏ အဖြစ်ကြောင့် သင်္ခတတရားတို့မည်ကုန်၏၊ မစ္စုမာရ် ကိလေသမာရ်တို့၏ ဟောင်း

လျှာသဘွယ်ဖြစ်သောကြောင့် မာရာမိသတ္တိ မည်ကုန်၏၊ ပကတိအားဖြင့် ဇာတိသဘော, ဇရာသဘော, ဗျာဓိသဘော မရဏသဘောရှိသည့်၏အဖြစ်ကြောင့် ဇာတိ,ဇရာ,ဗျာဓိ,မရဏတို့မည်ကုန်၏။

သောက, ပရိဒေဝ, ဥပါယာသတို့၏ အကြောင်း၏ အဖြစ်ကြောင့် သောက,ပရိဒေဝ, ဥပါယာသဓမ္မတို့ မည်ကုန်၏။ ဝါ၊ ပူပန်လိုက်လှဲ ဆင်းရဲပင်ပန်းခြင်းတို့မည်ကုန်၏၊ တဏှာ, ဒိဋ္ဌိ, ဒုစရိုက်စသော ညစ်နွမ်းသော ကိလေသာတရားတို့၏ အာရုံ၏အဖြစ်ကြောင့် သံကိလေသဓမ္မတို့မည်ကုန်၏။ ဝါ၊ ပူပန်စေတတ်နှိပ်စက်တတ်သောတရားတို့မည်ကုန်၏။

ဤပြခဲ့ပြီးသည့်အတိုင်း အပြန်အလှန် အားထုတ်ခြင်းသည် လွတ်မြောက်ခွင့်ရကြောင်း၏ ပြည့်စုံလုံလောက်စေခြင်း အကျိုး၄ါ ဖြစ်တော့၏။

**ဥပမာကား**·····တယောက်သော ယောက်ျားသည် ငါးကိုဘမ်းအံ့ဟု ကြံစည်လျက် ထိုထို ဤဤသော ရေအရပ်၌ ပိုက်ကွန်စသော ကောက်ကျစ်စဉ်းလဲသော ငါးဘမ်းတန်ဆာတို့ကို ပစ်ချ၍၊ နောင်သောအခါ ပိုက်ကွန် မြှုံးပေါက်ဝဖြင့် လက်သွင်း၍ ရေအတွင်း၌မိနေသော မြွေ၏လည်ပင်းကို ကိုင်လျက် ငါးမိပြီဟူသော အမှတ်သညာဖြင့် ကြီးစွာသောငါးကို ရမိပြီတကားဟု လက်ဖြင့်ဆုပ်၍ ပေါ်ကြည့်လတ်သော် အဆိပ် ၃-တန်နှင့်မြွေကိုမြင်၍ကြောက်လန့်ပြီး အပြစ်ဘေးရန်ကိုမြင်သဖြင့် ဘမ်းယူခြင်း၌ငြီးငွေ့လျက် မြွေဘေးမှလွတ်လိုသောဆန္ဒကြောင့် လွတ်မြောက်ကြောင်း ဥပါယ်တမည်ကိုပြုလျက် အမြီးမှစ၍ မြွေရစ်ပတ်ထားသော လက်ကိုဖြေ၍ လက်ရုံးလက်မောင်းကိုမြှောက်ပြီးလျှင် ခေါင်းပေါ်၌ နှစ်ကြိမ် သုံးကြိမ်လှည့်ရမ်း၍ မြွေကို အားငယ်အောင်ပြုလျက် မြွေခိုး မြွေဘုတ်သွားလေတော့ဟု လွှတ်ပစ်လိုက်ပြီးလျှင် အလျှင်အမြန် ကန်ဘောင်ရိုးပေါ်သို့တက်၍ ငါသည်

ကြီးစွာသောမြွေကြီး၏ ခံတွင်းမှလွတ်မြောက်ရပေပြီဟု လာသော လမ်းကိုကြည့်လျက် ရပ်နေတော့၏။

**ဤဥပမာ၌**……မြွေဘမ်းသော ယောက်ျား၏ ရေအတွင်း၌ မြွေ၏လည်ပင်းကို ကိုင်ဆုပ်ဘမ်းမိသော အခါ ငါးဟုမှတ်ထင် ပျော်ရွှင်နှစ်သက်သော အခါကဲ့သို့ ဤယောဂီ ပုဂ္ဂိုလ်သည်လည်း တရားကိုအားမထုတ်မီ ငါးလီသောခန္ဓာ အတ္တ ဘောကိုရ၍ ချစ်ခင် နှစ်သက်နေသော အခိုက်နှင့် တူ၏၊ ထို ယောက်ျားသည် ပိုက်ကွန်မြှုံးဝမှ မြွေ၏ဦးခေါင်းကို ထုတ်သော ခဏ အဆိပ် ၃ တန့်ကို မြင်ရသောအခါကဲ့သို့ ဤယောဂီပုဂ္ဂိုလ်၏ အပေါင်းတခဲနက် အစဥ်တခဲနက် ကိစ္စတခဲနက် အာရုံတခဲနက်တို့ ကို ခွါဖျက်လျက် သင်္ခါရတရားတို့၌ လက္ခဏာရေး သုံးပါးကိုမြင် သောအခါကို မှတ်အပ်၏။

ထိုမြွေဘမ်းသမား၏မြွေကိုမြင်လျှင် ကြောက်လန့်ခြင်းဖြစ်လေ သကဲ့သို့ ဤယောဂီပုဂ္ဂိုလ်၏လည်း ဘယဉာဏ်ဖြစ်သောအခါကို မှတ်အပ်၏၊ ထိုနောက် မြွေ၏အပြစ်ဘေးဒဏ် အဆိပ် ထန်သည် တို့ကိုမြင်သောအခါကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ အာဒီနဝဉာဏ် ဖြစ် သောအခါကို မှတ်အပ်၏၊ မြွေကိုဘမ်းယူပြီးလျှင် ငြီးငွေ့စိတ်ပျက် သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ခန္ဓာငါးပါး အတ္တဘော၌ နိဗ္ဗိဒါဉာဏ် ဖြစ်သောအခါကို မှတ်အပ်၏၊ မြွေကိုလွှတ်ပစ်လိုသောစိတ် ဖြစ် သောအခါကဲ့သို့ ခန္ဓာငါးပါးတို့မှ လွတ်လို စွန့်ပစ်လိုသော မုဉ္စိတု ကမျတာဉာဏ် ဖြစ်လာသောအခါကို မှတ်အပ်၏။ မြွေဘေးမှ လွတ်မြောက်ကြောင်းကို အဘန်တလဲလဲ ပြုသကဲ့သို့ ပဋိသင်္ခါနု ပဿနာဉာဏ်ဖြင့် ထပ်မံ၍သင်္ခါရ တရားတို့ကို လက္ခဏာရေး သုံးပါးသို့ တင်ရှုသောအခါကို မှတ်အပ်၏၊ ထိုမြွေဘမ်းသော ယောက်ျားသည် မြွေအားငယ်၍ အဆစ်အကြော ပြုတ်စေရန် ခေါင်းပေါ်၌ ချာချာလည် ဝှေ့ရမ်းသကဲ့သို့ ဤအတူ ယောဂီ ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးသို့ တင် လျက် ကိလေသာတို့အား ပယ်ရန် ပြုသည်ကိုမှတ်အပ်၏။

**လွတ်မြောက်စေခြင်း**......ပြန်၍ မကိုက်နိုင်ရန် ပြုလုပ်သဖြင့် မြွေဘေးမှ ကောင်းစွာ လွတ်သကဲ့သို့ နောက်တဖန် အနိစ္စဟူ၍ရင်း, သုခဟူ၍ရင်း, အတ္တဟူ၍ရင်း, သုဘဟူ၍ရင်း ထင်မှတ် စွဲလမ်းခြင်းသို့ မရောက်စေမူ၍ ကောင်းစွာလွတ်မြောက်စေတော့၏။

ဤကား မုဥ္စိတုကမျတာဉာဏ် အမြွက်တည်း။

## သင်္ခါရုပေက္ခာဉာဏ်အမြွက်

**ဤသို့သုံးသပ်**......အလုံးစုံသော သင်္ခါရတရားတို့သည် တိတ္တိတ္တိ ကြိဆသော အတ္တသဘောမှရင်း၊ အတ္တပိုင် ပစ္စည်းအဖြစ်မှရင်း ဆိတ်သုဥ်း၏၊ ကြက်ဆူပင် သဖန်းပင် ရေမြှုပ်ရိုင် ရေစီပေါင်း ရေပွက် တံလျှပ် ငှက်ပျောပင် မျက်လှည့် သည်တို့၏ပမာ ဤသင်္ခါရတရားတို့သည် အနှစ်သာရ ကင်းကွာကြကုန်သဖြင့် နိစ္စဟူသောအနှစ် သုခဟူသောအနှစ် အတ္တဟူသော အနှစ် သုဘဟူသော အနှစ်မရှိကုန်၊ ထို့နောက် ပြခဲ့သော ပဒိုသင်္ခါဉာဏ် အစ အဆုံး ရှိသောကြောင့် အနိစ္စတို့ မည်ကုန်၏ စသည်ဖြင့် ထပ်၍ ညက်ညက် သုံးသပ်အပ်၏။

**ဤသို့ဆင်ခြင်**......ထို့နောင် ခန္ဓာငါးပါး တို့ကိုရင်း၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန တို့ကိုရင်း၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်တို့ကိုရင်း စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿတို့ကိုရင်း ဤနည်းအတိုင်း နိစ္စ, သုခ, အတ္တ, သုဘ, ဟူသော အနှစ်သာရမရှိ၊ ပကတိသော ပျက်ပြား ကုန်ဆုံးခြင်း သဘောတို့ကို များစွာဆင်ခြင်ရာ၏။

**ဥပမာကား**......ယောကျ်ားတယောက်၏ ခင်ပွန်းမသည် နှစ်သက်မြတ်နိုးဘွယ်ရှိနေသဖြင့် ရင်းယောကျ်ား

သည့် ဇင်းမိန်းမနှင့်ခွဲခွါ၍ မနေနိုင် အလွန်မြတ်နိုး၏၊ နောင်သောအခါ အခြားသောယောက်ျားနှင့် အတူတကွ ပြောဆိုရယ်ရွှင်ချစ်ခင်နေထိုင်သည်တို့ကို တွေ့မြင်ရသောကြောင့် ထိုလူယောက်ျားအား အမျက်ထွက်ကာ စိတ်နှလုံးမသာယာဘဲလွန်ကဲသောစိတ်၏မချမ်းသာခြင်းကို တွေ့ကြုံခံစားရ၏၊ ထိုယောက်ျားသည် အခါတပါး၌ ကြူးလွန်ဘောက်ပြန်သော ထိုမိန်းမ၏အပြစ်ကိုမြင်သောကြောင့် စွန့်လွှတ်လိုသောစိတ် ပြင်းထန်သဖြင့် ငါ၏ခင်ပွန်းမဟု အမှတ်မထားတော့ဘဲ စွန့်လွှတ်လိုက်ရတော့၏၊ ထိုသို့စိတ်ကိုဖြတ်၍ စွန့်လွှတ်လိုက်သောအခါမှစ၍ ဇင်းမိန်းမ၏ တစုံတယောက်သောယောက်ျားနှင့် ပျော်ပါးမြူးတူးနေသည်ကို မြင်လေသော်လည်း အမျက်မထွက် ဒေါမနဿမဖြစ်တော့လေ။

**စင်စစ်သော်ကား**……မရုန်း မချစ် အလယ်, အလတ် ဖြစ်၍ လစ်လျူ ရှုတော့ သကဲ့သို့ ဤအတူ ဤယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောကြောင့် ပဋိသင်္ခါ နုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို သိမ်းဆည်းသည်ရှိသော် အဟံမမ ဟူ၍စွဲယူနှစ်သက်အပ်သောသင်္ခါရ ကိုမမြင်၊ချစ်ခြင်း,ရုန်းခြင်း,တို့ကိုပယ်၍ အလုံးစုံသောသင်္ခါရတရားတို့၌မရုန်းမချစ်, အလယ်,အလတ်,အာရုံ၌ဖြစ်စေ၍တည်နေတော့၏၊ ကြာဘက်ပေါ်ရေမတင်သကဲ့သို့ ၃၁ ဘွင်သင်္ခါရတို့ကို တစုံတခုမျှမငြိကပ်, ကြက်တောင် အကျောတုံးတို့ကိုမီး၌ထည့်သည်ရှိသော် တွန့်လိမ်ကောက်ကွေး၍ မပြန့်မစန့်သကဲ့သို့ ၃၁ ဘုံသင်္ခါရကို စိတ်၌ဖြန့်ဖြူးကျွမ်းဝင်ချစ်ခင် နှစ်သက်ခြင်းမရှိ တွန့်တိုဆုပ်နစ်တော့၏။

**အကယ်၍**…… ထိုအခါ သင်္ခါ ရုပေက္ခာဉာဏ် ဖြစ်ပေါ်လာတော့၏၊ အကယ်၍ ထိုအခါ သင်္ခါရုပေက္ခာဉာဏ်သည်ငြိမ်သက်ငြိမ်းကြောင်းဖြစ်သောနိဗ္ဗာန်ကို ငြိမ်သက်ငြိမ်းသော သဘောအားဖြင့် အာရုံပြုတွေ့မြင်ခဲ့အံ့၊ အလုံးစုံသော

သင်္ခါရတရားကိုလွှတ်၍ နိဗ္ဗာန်သို့သာလျှင် အာရုံပြု၍ ပြေးဝင်တော့၏၊ နိဗ္ဗာန်ကိုငြိမ်သက်ငြိမ်းသော သဘောအားဖြင့် မတွေ့မမြင်သေးသည်ဖြစ်အံ့၊ အဖန်တလဲလဲသင်္ခါရတို့ကိုသာလျှင် စွန့်လွှတ်လိုသောအားဖြင့် လစ်လျူရှုသော အာရုံသည် သာလျှင်ဖြစ်ပြန်၏။

**ဥပမာကား**......သမုဒ္ဒရာသို့ ကျက်စား သွားလာသော ကုန်သည်တို့သည် ဖောင်သို့တက်ရောက်ကြသော အခါ ဒိသာကာက မည်သော အရပ်မျက်နှာကြည့်ကျီးကို ဆောင်ယူကုန်၏၊ အကြင်အခါ၌ ၎င်းတို့သည် လှေကိုရွက်ဖွင့်၍ အလိုရှိရာ အရပ်သို့ လေဖြင့်လွှင့်တိုက်ကြကုန်၏၊ ထိုအခါကမ်းကို မမြင်သဖြင့် ဒိသာကာက ကျီးကို လွှတ်ကြကုန်၏၊ ထိုကျီးသည် လင်းယဉ်တိုင်ထိပ်မှကောင်းကင်သို့ပျံတက်၍ အလုံးစုံသောအရပ်မျက်နှာတို့သို့ လှည့်လည်ပျံဝဲလျက်ကြည့်ရှု၏၊ အကယ်၍ ကမ်းကို တွေ့မြင်အံ့၊ ထိုကမ်းရှိရာဘက်သို့မျက်နှာမူ၍ပျံသွား၏၊ အကယ်၍ မတွေ့မြင်သေးအံ့၊ တဖန်ပြန်လာ၍ လင်းယဉ်တိုင်ထိပ်၌နားပြန်၏။

ဤဥပမာ အတူသာလျှင် သင်္ခါရုပေက္ခာ ဉာဏ်သည် ငြိမ်းဧကြောင်းဖြစ်သောနိဗ္ဗာန်ကို ငြိမ်သက်ချမ်းသော အားဖြင့်မြင်အံ့၊ သင်္ခါရတို့၏ဖြစ်ခြင်းကိုစွန့်လွှတ်၍ နိဗ္ဗာန်တည်းဟူသော အာရုံသို့ သာလျှင်ပြေးဝင်၏၊ အကယ်၍အာရုံမပြုနိုင်သေး မမြင်သေးသည် ဖြစ်အံ့၊အဖန်တလဲလဲ သင်္ခါရတို့ကိုသာလျှင် သုံးသပ်ဆင်ခြင်အာရုံပြုလျက်ပင်ဖြစ်၏၊ အနိစ္စ အားဖြင့်နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရတရားတို့သည်ကုန်ဆုံးသောအားဖြင့် ထင်ကုန်၏။

ဒုက္ခအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကိုဘေးအားဖြင့်မြင်ကုန်၏၊ အနတ္တဟုနှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်သင်္ခါရတရားတို့ကို အတ္တဘောမှ ဆိတ်သုဉ်းသော အားဖြင့်ထင်ကုန်၏။

ဝိပဿနာနှင့် ယှဉ်သောပီတိသည်။ ဇာယတိ၊ ဖြစ်၏။ သာ ပီတိ၊ ထိုပီတိသည်။ သန္တံ၊ စိတ်နှလုံး၏ ငြိမ်သက်ရာဖြစ်သော။ အန္တိမံ၊ ရုပ်နာမ်နှစ်ပါးတို့၏ မပြတ်ဖြစ်ရာ သံသရာ၏ အဆုံးစွန်ဖြစ်သော။ နိဗ္ဗာနံ၊ သဉပါဒိသေသ နိဗ္ဗာန်သို့။ ပါပေတိ ဝေ၊ ရောက်စေနိုင်သည် သာတည်း။

ဤစကားရပ်တို့သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌ လာကုန်၏။

ပီတိကို ဆင်ခြင်သော ဘာဝနာကာရ စီးဖြန်းနည်း ပြီး၏။

---

### အဆက်ဆက်သော အကျိုးပြ ပါဠိ-အနက်

ဝိနယော သံဝရတ္ထာယ ဟောတိ။ သံဝရော အဝိပ္ပဋိသာရတ္ထာယ ဟောတိ။ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ ဟောတိ။ ပါမောဇ္ဇံ ပီတတ္ထာယ ဟောတိ။ ပီတိ ပဿဒ္ဓတ္ထာယ ဟောတိ။ ပဿဒ္ဓိ သုခတ္ထာယ ဟောတိ။ သုခံ သမာဓတ္ထာယ ဟောတိ။ သမာဓိ ယထာဘူတဉာဏဒဿနတ္ထာယ ဟောတိ။ ယထာဘူတဉာဏဒဿနံ နိဗ္ဗိန္ဒတ္ထာယ ဟောတိ။ နိဗ္ဗိန္ဒာ ဝိရာဂတ္ထာယ ဟောတိ။ ဝိရာဂေါ ဝိမုတ္တတ္ထာယ ဟောတိ။ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ ဟောတိ။ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ ဟောတိ။

ဝိနယော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ် ရမည်ဟု မိမိကိုယ်ကို မိမိဆုံးမခြင်းသည်။ သံဝရတ္ထာယ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ အမြဲအောက်မေ့ခြင်း-သတိသံဝရ အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ သံဝရော၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ အမြဲ အောက်မေ့

မဂ်ဟုဆိုအပ်သော ထမြောက်ခြင်း။ ဝါ၊ တနည်းကား။ မဂ္ဂေန၊ မဂ်ဖြင့်။ ဝုဋ္ဌာနံ၊ သင်္ခါရမှထမြောက်ခြင်းတည်း။ မဂ္ဂဝုဋ္ဌာနံ၊ မဂ်ဖြင့်ထမြောက်ခြင်း။

**မဟာဋီကာ**……

ဝုဋ္ဌဟန္တ နေသံ အာရမ္မဏာ ကာရဏံ အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဉ္စ။

**အနက်ကား**……ဝုဋ္ဌဟန္တ၊ ထမြောက် ခြင်း ဟူသည် လည်း။ နေသံ၊ ထိုနာမ်ခန္ဓာ ကိလေသာ အဘိသင်္ခါရ, ဗဟိဒ္ဓတို့ကို။ အာရမ္မဏာကာရဏံ၊ အာရုံမပြုခြင်းသည်ငှင်း။ အာယတိံ၊နောင်အခါ၌။အနုပ္ပတ္တိ ဓမ္မတာပါဒနဉ္စ၊ မဖြစ်ပေါ်သော သဘော၏အဖြစ်သို့ ရောက်စေခြင်းသည်ငှင်း။ ဟောတိ၊ဖြစ်၏။

ဤကား—ရုပ်သက်သက်ကိုသာ ဝိပဿနာရှု၍မဂ်ဉာဏ်ရမရသိနိုင်ရန်ပါဠိတို့တည်း။

**ဝိသုဒ္ဓိမဂ်**

ဇကောအာဒိတော၀ အနိစ္စတောသင်္ခါရေ သမ္မသတိ၊ ယသ္မာပန နအနိစ္စတော သမ္မသန မတ္တေနေဝ၊ ဝုဋ္ဌာနံ ဟောတိ၊ ဒုက္ခတောပိ အနတ္တတောပိ သမ္မသိတဗ္ဗမေဝ။

**အနက်ကား**……ဇကော၊ တဦးသော ယောဂီပုဂ္ဂိုလ် သည်။ အာဒိတော၀၊ အစကသာလျှင်။ အနိစ္စတော၊ အနိစ္စအားဖြင့်။ သင်္ခါရေ၊ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို။ သမ္မသတိ၊ သုံးသပ်၏။ ယသ္မာပန၊ အကြင့်ကြောင့်ကား။ အနိစ္စတော၊ အနိစ္စ အားဖြင့်။ သမ္မသနမတ္တေနေဝ၊ သုံးသပ်ကာမျှဖြင့်သာလျှင်။ ဝုဋ္ဌာနံ၊ ဝုဋ္ဌာန ဟူသောမဂ်သည်။ နဟောတိ၊ မဖြစ်။ ဒုက္ခတောပိ၊ ဒုက္ခအားဖြင့် ငှင်း။ အနတ္တတောပိ၊အနတ္တအားဖြင့်ငှင်း။သမ္မသိတဗ္ဗမေဝ၊ သုံးသပ် အပ်သည်သာလျှင်တည်း။

ဤကား – ဒုက္ခနှင့်အနတ္တကို မသုံးသပ်မပွါးများဘူးသေးသော အစဦးစွာ ကမ္မဋ္ဌာန်းပွါးသူကိုရည်၍ ဆိုအပ်၏၊ ပွါးများပြီးဖြစ်မူကား အနိစ္စ,ဒုက္ခ,အနတ္တ သုံးပါးတို့တွင် တပါးပါးဖြင့် မဂ်ကို ရောက်နိုင်သည်ဟူလို။

ယခုအခါ ရှေ့နောက် ဖြစ်ကုန်သော ဝိပဿနာ ဉာဏ် တို့နှင့် ဤဝဋ္ဋာနုဂါမိနိဝိပဿနာကို ထင်စွာပြခြင်းငှါ ဤဥပမာတို့ကို ဘယဉာဏ်မှစ၍တစုံတခုသောဉာဏ်၌ မဆိုမူ၍ ဆောင်ယူသိရှိအပ်ကုန်၏။

**လင်းနို့ဥပမာ**……တကောင်သော လင်းနို့သည် ချိုမြိန်သော အရသာ တို့ကိုဆောင်သော ဤသစ်မည် စည်ပင်၌ အပွင့်ကိုရင်း, အသီးကိုရင်း ရလိမ့်မည်ဟု ထင်မှတ်အောက်မေ့၍ အကိုင်းငါးကိုင်း ရှိသော ဤသစ်မည်စည်ပင်၌ နား၍ တခုသောအကိုင်းကို သုံးသပ်ရှာဖွေသော် ပဌမ အကိုင်း၌ တစုံတခုစားသောက်လောက်သော အသီး အပွင့်ကို မတွေ့မြင်၊ ထိုပဌမအကိုင်း၏ အတူ ဒုတိယ အကိုင်း, တတိယ အကိုင်း, စတုတ္ထအကိုင်း, ပဉ္စမ အကိုင်းတို့၌လည်း စားသောက်လောက်သော အပွင့်အသီးကို မတွေ့မြင်၊ ထိုအခါ လင်းနို့သည် ဤသစ်ပင်ကား အသီးအပွင့်မရှိခဲ့တကား ဟူ၍ ထိုသစ်ပင်၌တွယ်တာနေသော အာလယကိုစွန့်၍ ဖြောင့်သော အကိုင်းများသို့တက်၍ အကိုင်းအကြားဖြင့် ဦးခေါင်းကို ထုတ်၍ အထက်သို့မျှော်ကြည့်၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် တပါးသောသစ်ပင်၌ နား၏။

**ထိုဥပမာ၌**……လင်းနို့ ကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏။ အကိုင်းငါးကိုင်းရှိသောသစ်မည်စည်ပင်ကဲ့သို့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို မှတ်အပ်၏။ ထိုသစ်ပင်၌ အပွင့်အသီး ရှိမည်ထင်၍ လင်းနို့နားခိုက်ကဲ့သို့ ကမ္မဋ္ဌာန်းအားမထုတ်မီ ယောဂီပုဂ္ဂိုလ်၏ခန္ဓာငါးပါးအပေါင်း၌ ကောင်းမြတ်၏ဟု နှလုံးသွင်းမှား

ခိုက်ကို မှတ်အပ်၏။ ထိုလင်းနို့၏ တကိုင်းစီ တကိုင်းစီ ရှာဖွေသုံးသပ်၍ စားသောက်လောက်သော အသီးအပွင့်ကို မတွေ့မြင်သောကြောင့် ကြွင်းသောကြွင်းသောအကိုင်းတို့၌ သုံးသပ်ရှာဖွေသောအခိုက်ကဲ့သို့ ယောဂီပုဂ္ဂိုလ်၏လည်း ရူပက္ခန္ဓာကို နောက်၌ပြခဲ့ပြီးသောဉာဏ်တို့ဖြင့် သုံးသပ်ဆင်ခြင်၍ တစုံတခုသော နိစ္စ, သုခ, အတ္တ, သုဘ ဟူသော အနှစ်သားရကို မတွေ့မြင်သော အခိုက်ကို မှတ်အပ်၏။ ထိုလင်းနို့သည် ဤသစ်ပင်ကား အသီးအပွင့်မရှိလေတကားဟု အာလယကို စွန့်လွှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ် သည်လည်း ခန္ဓာငါးပါးတို့၌ အနိစ္စလက္ခဏာ စသည်ကို မြင်သည်၏ အစွမ်းအားဖြင့်ငြီးငွေ့စဉ် ။ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် သုံးပါးတို့ ဖြစ်ခြင်းကို မှတ်အပ်၏။ထိုလင်းနို့၏ ဖြောင့်သောအကိုင်းတို့၏ အထက်သို့ တက်ခြင်းကဲ့သို့ယောဂီပုဂ္ဂိုလ်၏ သစ္စာနုလောမိကဉာဏ်ကို မှတ်အပ်၏။

ထိုလင်းနို့၏ဦးခေါင်းကို အကိုင်းကြားမှထုတ်၍ ကောင်းကင်သို့မျှော်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကိုမှတ်အပ်၏၊ ကောင်းကင်သို့ထွက်မြောက်ပျံတက်ခြင်းကဲ့သို့ နိဗ္ဗာန်ကိုအာရုံပြု၍ ထွက်မြောက်သော မဂ်ဉာဏ်၏ ဖြစ်ခြင်းကိုမှတ်အပ်၏။ အခြားသောအသီးရှိသော သစ်ပင်၌ နားသကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။ မြွေ၏ဥပမာကို နောက်နောက် ပဋိသင်္ခါဉာဏ်၌ ပြခဲ့ပြီ။

**ထိုမြွေဥပမာ၌**·····မြွေကိုအားငယ်အောင် ခေါင်းပေါ်၌ မွှေ့ရမ်းပြီးလွှတ်ပစ်သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လွှတ်ပြီး၍ လာသောလမ်းကိုကြည့်ပြီး ရပ်နေစဉ်ကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏၊ ထိုနေရာမှတဖန်သွား၍ ဘေးကင်းရာအရပ်၌ တည်နေသကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်သောအခိုက်ကို မှတ်အပ်၏။

**အိမ်ရှင်ယောကျ်ားဥပမာကား**···အိမ်ရှင် ယောကျ်ားသည် ညနေထမင်းစားပြီး၍ အိပ်

ရာသို့တက်၍ အိပ်ပျော်ခြင်းသို့သက်ရောက်ခဲ့သော် အိမ်ကိုမီး တပြောင်ပြောင်တောက်လောင်၏၊ ထိုအခိုက် အိပ်ရာမှနိုး၍ မီး ကိုမြင်သဖြင့်ကြောက်လန့်လျက် ဤမီးငါ့ကိုမလောင်မီ ထွက်ပြေး ရမူ ကောင်းလေစွဟု ကြံစည်၍ ထွက်ပေါက်ကို ကြည့်၍ ထွက် လမ်းကိုမြင်သဖြင့် ထွက်ပြေးရာ လျင်မြန်စွာဘေးကင်းရာဌာနသို့ ရောက်သဖြင့်ရပ်နေ၏။

**ဤဥပမာ၌**……အိမ်ရှင် ယောကျ်ားသည် ညစာစားသောက် ပြီး၍ အိပ်ရာသို့ တက်၍ အိပ်ပျော်ခြင်းသို့ ရောက်နေသကဲ့သို့မလိမ်မာ မသိမြင်သောပုထုဇန်၏ ခန္ဓာငါးပါး၌ ငါ-ငါ့ဥစ္စာဟူ၍ အတ္တစွဲ သညာစွဲ စွဲခိုက်နှင့်တူ၏။

အိပ်ရာမှနိုး၍ မီးကိုမြင်သဖြင့် ထွက်ပြေးသော အခိုက်ကဲ့သို့ ကောင်းမြတ်သော ဝိပဿနာလမ်းအကျင့်ကို အားထုတ်၍ လက္ခဏာရေးစသည်တို့ကိုမြင်သောကြောင့် ဘယဉာဏ်ဖြစ်ခိုက်နှင့်တူ ၏။ ထွက်ပြေးရန်လမ်းပေါက်ကို ကြည့်သကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ် ဖြစ်ခိုက်ကိုမှတ်အပ်၏။လမ်းခရီး ထွက်ပေါက်ကို မြင်သကဲ့ သို့ အနုလောမဉာဏ်ဖြစ်ခိုက်နှင့်တူ၏။ ထွက်ပြေး၍သွားသကဲ့သို့ ဂေါတြဘူဉာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ အလျင်အမြန် သွားသကဲ့ သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးကင်းရာဌာနသို့ ရောက်သကဲ့ သို့ ဖိုလ်ဉာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။

**နွားတို့၏ဥပမာကား**……ညဉ့်အချိန်အိပ်ပျော်ခြင်းသို့ရောက် ခိုက် တဦးသောလယ်သမား၏ နွား တို့သည် ခြံကိုဖောက်ဖျက်၍ ထွက်ပြေးကြကုန်၏၊ ထိုလယ်သမား သည် မိုးလင်းသောက်၍ထပြီးလျှင် နွားခြံသို့သွား၍ နွားများကိုကြည့် ရှုသည်ရှိသော် နွားတို့ထွက်ပြေးကြကုန်သော အဖြစ်ကိုသိ၍ ခြေ ရာခံလျက်လိုက်ရာ ဘုရင်မင်းမြတ်၏နွားအုပ်ကို တွေ့မြင်လေ၏။ ထိုနွားတို့ကို ကောင်းစွာ မိုးလင်းမလင်းမီ ငါ၏နွားတို့တည်း ဟု ထင်မှတ်သဖြင့် ဖမ်းယူလာခဲ့သော် အလင်းရောင်ရသော အခါ၌

ဤနွားအုပ်ရှိ နွားတို့ကား ငါပိုင်နွားတို့ မဟုတ်ကုန်၊ ဘုရင်မင်းမြတ်၏နွားတို့တည်းဟုသိ၍ ငါ့ကိုမင်းချင်းယောကျ်ားတို့သည် သိမြင်သဖြင့် နွားသူခိုးဟု ဖမ်းပြီးလျှင် အကျိုးမဲ့သတ်ဖြတ်ခြင်းကို မပြုသေးမီ ထွက်ပြေးတော့အံ့ဟုကြံ၍ ကြောက်ရွံ့ သောကြောင့် နွားတို့ကိုထားခဲ့၍ လျင်မြန်စွာသောအဟုန်ဖြင့် ထွက်ပြေး၍ ဘေးရန်ကင်းရာ၌သာနေ၍ ရပ်တန့်၍နေတော့၏။

**ဤဥပမာ၌**……ဘုရင်၏ နွားတို့ကို ငါ၏နွားတို့တည်းဟု အထင်မှား၍ ဖမ်းယူသောကာလကဲ့သို့ မသိမလိမ္မာသော ပုထုဇန်၏ခန္ဓာငါးပါးတို့ကို ငါ-ငါ့ဥစ္စာဟူ၍ သညာစိတ္တ ဒိဋ္ဌိ ဝိပလ္လာသတို့ဖြင့် စွဲယူနေခိုက်ကို မှတ်အပ်၏။ အလင်းရောင်ရလာခဲ့သော် ဘုရင်၏နွားတို့တည်းဟုသိသောအခိုက်ကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ခန္ဓာငါးပါးတို့ကို လက္ခဏာရေးသုံးပါးတို့၏ အစွမ်းအားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ သိသောအခိုက်ကို မှတ်အပ်၏။ ကြောက်လန့်ခြင်းဖြစ်သော အခါကဲ့သို့ ဘယဉာဏ်ဖြစ်သောအခိုက်ကို မှတ်အပ်၏။ နွားအုပ်ကိုလွှတ်၍ ထွက်ပြေးလိုသောအခိုက်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ လွှတ်ထားခဲ့သောအခိုက်အတန့်ကဲ့သို့ ဂေါတြဘူဉာဏ်ဖြစ်သောအခိုက်ကို မှတ်အပ်၏။ ထွက်ပြေးသောအခိုက်ကဲ့သို့ မဂ်ဉာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ ထွက်ပြေး၍ ဘေးကင်းရာ အရပ်၌ ရပ်တည်သကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။

**ဘီလူးမ၏ ဥပမာကား**……တဦးသော ယောကျ်ားသည် လူယောင်ဆောင်ထားသော ဘီလူးမနှင့် ပေါင်းသင်း နေထိုင်ခဲ့၏၊ ညဉ့်အချိန်၌ ဤယောကျ်ားသည် အိပ်ပျော်၍နေလေပြီဟု ဘီလူးမကသိသဖြင့် သုသာန်၌ ပစ်ထားသော လူသေကောင်၏အသားကိုစားနေ၏၊ ထိုယောကျ်ားသည် အိပ်ရာမှနိုး၍ ဤမိန်းမဘယ်သွားသနည်းဟု ခြေရာခံ၍ လိုက်ခဲ့ရာ လူသားကို စားသောက်နေသည်ကိုမြင်၍ ဤမိန်းမ၏ ဘီလူးမ

ဖြစ်ကြောင်းကိုသိ၍ ငါ့ကိုမစားမီ ထွက်ပြေးမှ တော်မည်ဟု ကြံစည်ကြောက်လန့်လျက် လျှင်မြန်စွာထွက်ပြေး၍ ဘေးကင်းရာ ဌာနဌ် နေလေတော့၏။

**ဤဥပမာ၌**······ဘီလူးမကို လူမိန်းမဟု ထင်မှတ်၍ ချစ်ခင် ပေါင်းသင်းနေသောအခိုက်ကဲ့သို့ အထက်က အတိုင်းခန္ဓာငါးပါးတို့ကို ငါ-ငါ့ဥစ္စာဟု စွဲယူထင်မှတ်နေခိုက်နှင့်တူ ၏၊ သူသာန်၌လူသားစားနေစဉ် မြင်လိုက်ရသကဲ့သို့ ခန္ဓာငါးပါးတို့ ကို လက္ခဏာရေးသုံးပါးသို့တင်၍ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု သိမြင်ခိုက်နှင့်တူ၏။ ဘီလူးမတည်းဟုသိ၍ ကြောက်လန့်သောအ ခိုက်အတန့်ကဲ့သို့ ဘယညာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ ထွက်ပြေးလို သောအခိုက်ကဲ့သို့ မုဉ္စိတုကမျတာညာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ သုသာန်အရပ်ကိုစွန့်လွှတ်လိုက်သကဲ့သို့ ဂေါတြဘုညာဏ်ကို မှတ် အပ်၏။ လျှင်မြန်စွာထွက်ပြေးသကဲ့သို့ မဂ်ညာဏ်ကို မှတ်အပ်၏။ ဘေးကင်းရာဌာန၌ ရပ်တည်သကဲ့သို့ ဖိုလ်ညာဏ်ဖြစ်ခိုက်ကိုမှတ် အပ်၏။

**သားဥပမာကား**······သား ငယ်ကလေး၏အပေါ်၌ အလွန်ချစ် ခင်စွဲလမ်း နေသော တယောက်သော မိခင်သည် တိုက်အိမ်အထက်ထပ်၌ထိုင်နေစဉ် လမ်းပေါ်၌ကလေး အော်သံကိုကြား၍ တစုံတယောက်သောသူသည် ငါ၏ကလေးကို ရိုက်ပုတ်သလောဟု ပြေးဆင်းသွားပြီးလျှင် မိမိ၏သား ဟူသော အမှတ်သညာဖြင့် သူတပါး၏သားငယ်ကိုပွေ့ချီယူ၏၊ ထို့နောက် သူတပါး၏သားကလေးဟုသိ၍ ရှက်သဖြင့် ထိုထိုအရပ်ကိုကြည့် ပြီးလျှင် ငါ့အား ကလေးသူခိုးမ–ဟု သူတပါးတို့ မစွပ်စွဲ မပြောဆိုမီ ချထားခဲ့ရပါမှကား ကောင်းလေစွဟု ထိုအရပ်၌ ကလေးကို ချ ထားခဲ့၍ လျှင်မြန်စွာတိုက်ပေါ်သို့ ပြေးတက်နေတော့၏။

**ဤဥပမာ၌**······သူတပါးတို့၏သားကို မိမိသား ဟူသော အ မှတ်ဖြင့် ကောက်ယူပွေ့ပိုက်ထားသောအခါ

ကဲ့သို့ မလိပ်မာသောပုထုဇန်အခိုက်၌ ခန္ဓာငါးပါး တို့ကို ငါ-ငါ့ ဥစ္စာဟု သညာ စိတ္တ ဒိဋ္ဌိဝိပလ္လာသတို့ဖြင့် စွဲယူနေခိုက်ကို မှတ်ယူအပ်၏။ သူတပါးတို့၏ သားပါတကားဟူ၍ သိသောအခိုက်ကဲ့သို့ လက္ခဏာရေးသုံးပါးတို့၏အစွမ်းအားဖြင့်ငါမဟုတ်ငါ့ ဥစ္စာမဟုတ်ဟူ၍ ခန္ဓာငါးပါးတို့ကိုသိသောအခိုက်ကိုမှတ်အပ်၏။ သားမှား၍ ချီသဖြင့် ရှက်ကြောက်သောအခိုက်ကဲ့သို့ ဘယညာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏၊ ထိုထို၌၌ အရပ်မျက်နှာတို့သို့ ကြည့်ရှုနေခိုက်ကဲ့သို့ မုဉ္စိတုကမျတာညာဏ်ဖြစ်နေခိုက်ကို မှတ်ယူအပ်၏။

ထိုအရပ်၌ပင် သူတပါး၏ကလေးကို ချထားတော့ သကဲ့သို့ အနုလောမညာဏ်ဖြစ်ခိုက်ကို မှတ်အပ်၏။ တိုက်အထက်ထပ်သို့ တက်သကဲ့သို့ မဂ်ညာဏ်ကိုမှတ်အပ်၏၊တက်ပြီး၍တိုက်ပေါ်၌နေတော့သကဲ့သို့ ဖိုလ်ညာဏ် ဖြစ်ခိုက်ကိုမှတ်အပ်၏။

ဆင်းရဲပင်ပန်းခြင်းဖြင့်နှိပ်စက်၍ ကောင်းစွာဆာလောင် မွတ်သိပ်သောယောကျ်ားသည် ကောင်းသောအရသာရှိသောဘောဇဉ် ကိုတောင့်တသကဲ့သို့ ဤဉပမာအတူ .....

ယောဂါဝစရပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲတည်းဟူသော ဆာလောင်မွတ်သိပ်ခြင်းဖြင့် တွေ့ထိ နှိပ်စက်သည်ဖြစ်၍ အမြိုက် အရသာနှင့်တူသော ကာယဂတာသတိဘောဇဉ်ကို တောင့်တ၏။ ထက်ဝန်းကျင်ခြောက်သွေ့သော လည်ချောင်းခံတွင်းရှိသော မွတ်သိပ်သောယောကျ်ားသည် သကြား, ပျားရေစသော များစွာသောအဆောက်အဦတို့ဖြင့် စိမ့်ထားသောအဖျော်ရေကို တောင့်တသကဲ့သို့ ဤအတူ သံသရာဝဋ်ဒုက္ခ တည်းဟူသော မွတ်သိပ်ခြင်းဖြင့်တွေ့ထိသော ယောဂီပုဂ္ဂိုလ်သည် အဋ္ဌင်္ဂိကမဂ်တည်းဟူသောအဖျော်ကို တောင့်တ၏။

အအေးဖြင့် တွေ့ထိနှိပ်စက်ခြင်းကို ခံနေရသောယောကျ်ားသည် အပူကိုတောင့်တသကဲ့သို့ ဤအတူ ယောဂီပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲ၌ချစ်နှစ်သက်သောတဏှာတည်းဟူသောသိတမိး

ဖြင့် နှိပ်စက်သည်ဖြစ်၍ တဏှာတည်းဟူသောကိလေသာကို ပူပန်စေတတ်သော မဂ်တည်းဟူသော တန်ခိုးသတ္တိကိုတောင့်တ၏။

အပူဖြင့် တွေ့ထိနှိပ်စက်ခြင်းကို ခံနေရသောယောကျ်ားသည် အအေးကိုတောင့်တသကဲ့သို့ ဤဥပမာနှင့်တူစွာ ယောဂီ ပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲ၌ တဆယ့်တပါးသော မီးပူတို့၏ငြိမ်းအေးရာနိဗ္ဗာန်ကို တောင့်တတော့၏။

အမိုက်မှောင်ဖြင့်ဖုံးလွှမ်းနှိပ်စက်ခြင်းကိုခံနေရသောယောကျ်ားသည် အလင်းရောင်ကို တောင့်တသကဲ့သို့ ဤအတူ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ဖြင့် မြွေးရှက်ဖုံးလွှမ်းခြင်းကို ခံနေရသော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်တည်းဟူသော အလင်းရောင်မဂ္ဂဘာဝနာကိုတောင့်တ၏။ အဆိပ်ဖြင့် တွေ့ထိ နှိပ်စက်ခြင်းကို ခံနေရသော ယောကျ်ားသည် အဆိပ်ကို သတ်ဖြတ်နိုင်သောဆေးကို တောင့်တသကဲ့သို့ ဤအတူ ကိလေသာတည်းဟူသော အဆိပ်ဖြင့် တွေ့ထိနှိပ်စက်ခြင်းကို ခံနေရသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာတည်းဟူသော အဆိပ်၏ မရစ်မှုးရာ အမြိုက်ဆေးတည်းဟူသော နိဗ္ဗာန်ကိုတောင့်တ၏။

**ကောင်းစွာတည်၏**..... ထို့ကြောင့် ဤယောဂီပုဂ္ဂိုလ်သည် ၃၁-ဘုံသတ္တဝါသူတို့၌ ပိန်းကြာဖက်တွင်ရေမတင်သကဲ့သို့၊ မပြန့်ပြူးမကပ်ငြိ၊ တွန့်တို ဆုတ်နစ်တော့၏၊ ဥပေက္ခာ၌သာလျှင် ကောင်းစွာတည်တော့၏ဟူသို။

ဤကား—သင်္ခါရုပေက္ခာဉာဏ်အမြွက်တည်း။

---

## အနုလောမဉာဏ်အမြွက်

အဘယ်သို့လျှော်သောကြောင့် အနုလောမဉာဏ် မည်သနည်းဟူမူကား နောက်၌ပြခဲ့ပြီးသော (၁) ဥဒယဗ္ဗယဉာဏ်။ (၂) ဘင်ဉာဏ်။ (၃) ဘယဉာဏ်။ (၄) အာဒီနဝဉာဏ်။ (၅) နိဗ္ဗိဒါ

ဉာဏ်။ (၆) မဂ္ဂါမဂ္ဂကမျှတာဉာဏ်။ (၇) ပဋိသင်္ခါဉာဏ်။ (၈) သင်္ခါရုပေက္ခာဉာဏ် တည်းဟူသော ရှစ်ပါးကုန်သော ဉာဏ်တို့၏ အထောက်ရလတ္တံ့သောသတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဗောဓိပက္ခိယ တရား ၃၇-ပါး တို့ကို ထိုအကျင့်မှန်ဖြင့် ရောက်အပ်သည့်၏ အဖြစ်ကြောင့်ဟုတ်မှန်တိုင်းသောကိစ္စ၏အဖြစ်ဖြင့်လျော်၏။

**ဥပမာကား**……တရားစောင့်သောမင်းသည် တရားဆုံးဖြတ်ကုန်သောအမတ်ကြီးတို့၏ ဆုံးဖြတ်ရာဌာန၌ ထိုင်နေသည်ရှိသော် ထိုအမတ်ကြီးတို့၏ အဆုံးအဖြတ်ကို ကြားရ၍အဂတိလေးပါးသို့မလိုက်စားမူ၍ အလယ်,အလတ် တည့်မတ်မှန်ကန်သည်ဖြစ်သောကြောင့် ဤအတိုင်းဖြစ်ပါစေဟု ချီးမွမ်းထောမနာ အနုမောဒနာပြုခဲ့သော် ထိုအမတ်ကြီးတို့၏ အဆုံးအဖြတ်အားလည်းလျော်စွာ ရှေး၌ဖြစ်သော ရာဇဓမ္မနှင့် မဆန့်ကျင်၍ အလျော်သာဖြစ်ကော့၏။

**ဤဥပမာ၌**……မင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ရှစ်ယောက်ကုန်သော ဝိနိစ္ဆယအမတ်ကြီးတို့ကဲ့သို့ဥဒယဗ္ဗယဉာဏ်အစရှိသော ဉာဏ်ရှစ်ပါးကို မှတ်အပ်၏။

ရှေး၌ဖြစ်သောရာဇဓမ္မကဲ့သို့ ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ကိုမှတ်အပ်ကုန်၏၊ မင်းကြီးသည် တရားသူကြီးတို့၏ အဆုံးအဖြတ်အတိုင်း ဖြစ်စေသတည်းဟူ၍ ပြောဆိုသည်ရှိသော် တရားသူကြီးတို့၏အဆုံးအဖြတ်အားရင်း, ရှေး၌ဖြစ်သော ရာဇဓမ္မ အားရင်း လျော်သကဲ့သို့ ထို့အတူ အနုလောမဉာဏ်သည် အနိစ္စ စသည်၏အစွမ်းအားဖြင့်သင်္ခါရတရားတို့ကိုအာရုံပြု၍ ဖြစ်သည်ရှိသော် ရှစ်ပါးသော ဉာဏ်တို့အား ဟုတ်မှန်သောကိစ္စအဖြစ်ဖြင့် လျော်၏။

အထက်၌ ၃၇-ပါးကုန်သောဗောဓိပက္ခိယတရားတို့အားလည်း ဟုတ်မှန်သောကိစ္စအားဖြင့်လျော်၏၊ ထို့အတူ နှစ်ဦးသော အဘို့

နှင့်လျော်သဖြင့် အနုလောမဉာဏ်ခေါ်၏၊ သင်္ခါရုပေက္ခာဉာဏ် ကိုအားထုတ်သောယောဂီပုဂ္ဂိုလ်အား အကြိမ်များစွာ များပြား သောယောဂီပုဂ္ဂိုလ်အား အမှီမပြောက္ခသဒ္ဓါသည် သာလွန်ကြီးမား စွာဖြစ်၏၊ ကောင်းစွာချီးမြှောက်အပ်သော ဝီရိယသည် ဖြစ်၏။ ကောင်းစွာ မမေ့မလျော့ အောက်မေ့အပ်သောသတိသည် ဖြစ်၏၊ ကောင်းစွာ တည်ကြည်သော သမာဓိနှင့်ယှဉ်သော စိတ်သည်ဖြစ် ၏၊ သာ၍လွန် ထက်မြက်သော သင်္ခါရုပေက္ခာဉာဏ်သည်ဖြစ်၏။

**ဘဝင်သို့**.....ထိုယောဂီပုဂ္ဂိုလ်အား ယခုအခါ၌ မဂ်သည် ဖြစ် တော့လတ္တံ့ဟူ၍ သင်္ခါရုပေက္ခာ ဉာဏ်သည် သင်္ခါရတရားတို့ကို အနိစ္စဟူ၍၎င်း, ဒုက္ခဟူ၍၎င်း, အနတ္တ ဟူ၍ ၎င်း သုံးသပ်၍ ဘဝင်သို့သက်၏။

ဘဝင်၏အခြားမဲ့၌ သင်္ခါရုပေက္ခာဉာဏ်သည် ပြုသောနည်း ဖြင့်သာလျှင် သင်္ခါရတရားတို့ကို အနိစ္စတို့ဟူ၍၎င်း, ဒုက္ခတို့ဟူ၍ ၎င်း,အနတ္တတို့ဟူ၍၎င်း အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းသည်ဖြစ် ၏။ ထို့နောက် ဘဝင်ကိုလည်းစေ၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း ကြိယာစိတ်၏အခြားမဲ့၌ အကြားမရှိသောစိတ်အစဉ်သို့ အစဉ်မ ပြတ်လိုက်လျက် ထို့အတူ သင်္ခါရတရားတို့ကို အနိစ္စစသည်တို့ ဖြင့် အာရုံပြုလျက် ပဌမဇောစိတ်သည် ဖြစ်၏၊ အကြင်ဇောစိတ် ကို ပရိကမ္မဟု ခေါ်ဆိုအပ်၏။ ထိုပရိကမ္မ၏အခြားမဲ့၌ ထိုအတူ သင်္ခါရတရားတို့ကို အာရုံပြုသုံးသပ်၍ ဒုတိယဇောစိတ်သည်ဖြစ် ၏၊ အကြင်ဇောစိတ်ကို **ဥပစာ**ဟု ခေါ်ဆိုအပ်၏။ ထိုဥပစာ၏ အခြားမဲ့၌လည်း ထို့အတူသင်္ခါရတရားတို့ကို အာရုံပြုသုံးသပ်၍ တတိယဇောစိတ်သည် ဖြစ်၏၊ အကြင်စိတ်ကို အနုလောမဟူ၍ ခေါ်ဆိုအပ်၏၊ ထိုနောင်မှ ဂေါတြဘူဉာဏ်သည် ဖြစ်၏။

**ဝိပဿနာဟူသောရေတွက်ခြင်းသို့**..... ထိုဂေါတြဘူဉာဏ် သည်မဂ်၏အာဝဇ္ဇန်း အရာ၌တည်သည်၏ အဖြစ်ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့

ရင်း ဉာဏဒဿနဝိသုဒ္ဓိသို့ရင်း မကပ်ရောက်၊ အကြားဖွဲ့ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော အဇ္ဈာဟာရကာလသာလျှင်ဖြစ်၏၊ ဝိပဿနာအားသုဉ္ဉ် ကျရောက်သည်၏ အဖြစ်ကြောင့် ဝိပဿနာဟူသော ရေတွက်ခြင်းသို့ရောက်၏။

**ဥပမာကား**..... ယောက်ျား တဦးသည် မြောင်းကြီးကို ခုန်ကျော်၍ တဘက်ကမ်း၌ တည်လိုသည် ဖြစ်၍ ပြေးသွားလျက် မြောင်း၏ ဤမှာဘက်ကမ်း သစ်ပင်၏အကိုင်း၌ ကြိုးကိုဖွဲ့ချည်လျက် ကြိုးကိုကိုင်ဆွဲခုန်ကျော်၍ တဘက်ကမ်း၌ ကိုင်းညွတ် ယိမ်းယိုင်သောကိုယ်သည် ရှိသည်ဖြစ်၍ တဘက်ကမ်း၏အထက်သို့ရောက်ခဲ့သော် ထိုကြိုးကိုလွှတ်၍ တုန်လှုပ်လျက် တဘက်ကမ်းပေါ်၌ ကျပြီးလျှင်ဖြည်းဖြည်း ရပ်တည်နေတော့၏။

**ဤဥပမာအတူ**.....ဤယောဂီပုဂ္ဂိုလ်သည် ဘဝ,ယောနိ,ဂတိ, ဌိတိ,နိဝါသတို့၏ ကမ်းတဘက်ဖြစ်သော နိဗ္ဗာန်၌ တည်လိုသည် ဖြစ်၍ ဥဒယဗ္ဗယာနုပဿနာ ဉာဏ်ဖြင့် လျင်မြန်စွာသွား၍ အတ္တဘောသည် ဟူသော သစ်ပင်၏အကိုင်း၌ ရပ်တည်ဟူသောကြိုးကိုဖွဲ့ချည်ထားလျက် ဝေဒနာစသောနာမ်ခန္ဓာလေးပါးတို့တွင် တခုခုသော တုတ်လှံကန်ကိုရင်း အနိစ္စဟူ၍ ရင်း, ဒုက္ခဟူ၍ရင်း, အနတ္တဟူ၍ရင်း အနုလောမ တည်းဟူသော အာဝဇ္ဇန်းဖြင့်ယူ၍ ထိုအာရုံကိုမလွှတ်မူ၍ သာလျှင် ပဌမအနုလောမစိတ်ဖြင့်ခုန်ကျော်၍ ဒုတိယအနုလောမ စိတ်ဖြင့် ကမ်းတဘက် နိဗ္ဗာန်သို့ ကိုင်းညွတ် ယိမ်းယိုင်သောစိတ်သည်ဖြစ်၍ တတိယအနုလောမစိတ်ဖြင့် ကမ်းတဘက်၏ အထက်သို့ ရောက်သကဲ့သို့ ယခုအခါရောက်အပ်သော နိဗ္ဗာန်၏အနီးဖြစ်၍ ထိုစိတ်၏ ချုပ်ပြန်သဖြင့် သင်္ခါရလျှင် အာရုံရှိသော ထိုစိတ်ကိုလွှတ်၍ ဂေါတြဘူဖြင့် သင်္ခါရတို့၏ကင်းချုပ်ရာ ကမ်းတဘက်ဖြစ်၍ဖြစ်သော နိဗ္ဗာန်၌ ကျရောက်တော့၏။

**ကမ်းတဘက်၌တည်ခြင်း**…တဦးတည်းသောအာရုံ၌ အာသေဝနပစ္စည်းကို မရအပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သောယောကျ်ားကဲ့သို့ ရှေးဦးစွာကောင်းစွာမရပ်တည်၊ ထို့နောက်မှ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်၌ တည်တော့၏။

**န, ဒ, မ, ပ, ဥ, အ, ဂေါတြဘူ, မဂ်, ဖိုလ်, နိဗ္ဗာန်**

**နိဗ္ဗာန်အာရုံမပြုနိုင်**….. ဤမဂ္ဂဝိထိ၌ အနုလောမ တည်းဟူသောစိတ်သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော ကိလေသာတည်းဟူသောအမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါ မစွမ်းနိုင်။ ဂေါတြဘူသည် နိဗ္ဗာန်ကိုသာလျှင် အာရုံပြုခြင်းငှါ စွမ်းနိုင်၏။ သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော ကိလေသာ တည်းဟူသော အမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်။

**ဤအရာ၌ ဥပမာကား**……တယောက်သော မျက်စိမြင်သော ယောကျ်ားသည် ညဉ့်အခါမှ နက္ခတ်အယှဉ်တို့ကိုသိရန် နက္ခတ်ကိုထွက်၍ကြည့်ရန် ကောင်းကင်သို့မျှော်ကြည့်၏။ တိမ်တိုက်တို့ဖြင့် ဖုံးလွှမ်းထားသောကြောင့် ဤသူ၏မျက်စိ၌ လသည်မထင်မမြင်၊ ထိုအခိုက်၌ တခုသော လေသည် ထူထပ်သောတိမ်တိုက်တို့ကို ဖျက်ဆီးတိုက်ခတ်လိုက်၏။ နောက်တခုသောလေသည် အလယ်အလတ် တိမ်တိုက်တို့ကိုဖျက်ဆီးတိုက်ခတ်လိုက်၏။ နောက်တခုသောလေသည် နူးညံ့သော တိမ်တိုက်တို့ကို တိုက်ခတ် ဖျက်ဆီး လိုက်၏၊ ထိုနောက်မှ ထိုယောကျ်ားသည် မိုစင်းသားတိမ်တိုက်ကင်းသောကောင်းကင်ပြင်၌ လကိုမြင်၍ နက္ခတ်အယှဉ်ကိုသိ၏။

လေသုံးပါးတို့ကဲ့သို့ အနုလောမဉာဏ်သုံးမျိုးတို့ကို မှတ်အပ်၏။ မျက်စိမြင်သောယောကျ်ားကဲ့သို့ ဂေါတြဘူစိတ်ကို မှတ်အပ်၏။

လကဲ့သို့ နိဗ္ဗာန်ကိုမှတ်အပ်၏။ တခုတခုသော လေ၏အစဉ်အားဖြင့် ရိယ်းသားတိမ်တိုက်တို့ကို ဖျက်ဆီးသကဲ့သို့ တခုတခုသော အနုလောမစိတ်၏ သစ္စာလေးပါးတို့ကို ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကိလေသာတို့ကိုဖျက်ဆီးခြင်းကိုမှတ်အပ်၏၊ ရိယ်းသားတိမ်တိုက် ကင်းစင်သောကောင်းကင်၌ ယောကျ်ား၏ အထူးသဖြင့် စင်ကြယ်သောလကိုမြင်သကဲ့သို့ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အမိုက်မှောင်သည် ကင်းစင်သည်ရှိသော် ဂေါတြဘုဉာဏ်၏ အထူးသဖြင့်စင်ကြယ်သောနိဗ္ဗာန်ကို မြင်ရခြင်းကိုသိအပ်၏။

သုံးမျိုးသော လေတို့သည် လကိုဖုံးလွှမ်းတတ်သော တိမ်တိုက်တို့ကိုသာလျှင် ဖျက်ဆီး တိုက်ခတ်ခြင်းငှါသာ စွမ်းနိုင်သကဲ့သို့ လကိုမြင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့၊ ထို့အတူ အနုလောမစိတ်တို့သည် သစ္စာလေးပါးတို့ကို ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကိလေသာတို့ကိုသာလျှင် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ နိဗ္ဗာန်ကိုမြင်ခြင်းငှါ မစွမ်းနိုင်။

ယောကျ်ားသည် လကိုသာ မြင်ခြင်းငှါသာ စွမ်းနိုင်သကဲ့သို့ ရိယ်းတိမ်တိုက်တို့ကိုဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သကဲ့သို့၊ ဤအတူ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုသာလျှင် မြင်ခြင်းငှါ စွမ်းနိုင်၏၊ ကိလေသာအမိုက်တိုက်တို့ကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်။

ဤအတူ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုသာလျှင် ထိုဂေါတြဘုစိတ်သည် အာဝဇ္ဇန်းမဟုတ်ဘဲလျက် အာဝဇ္ဇန်းအရာ၌တည်၍ ဤကဲ့သို့ဖြစ်သလောဟူ၍ မဂ်အားအမှတ်သညာကို ပေးပြီးသကဲ့သို့ ချုပ်သွား၏။

မဂ်သည်လည်း ထိုဂေါတြဘုပေးသော အမှတ်သညာကို မလွှတ်မူ၍သာလျှင် အကြားမရှိသောအစွမ်းအားဖြင့် ထိုဂေါတြဘုဉာဏ်သို့အစဉ်လိုက်သောသဘောရှိသည်ဖြစ်၍ မထိုးဖောက်မခွဲထွက်ဘူးသေးသော လောဘအစု ဒေါသအစု မောဟအစုကို ထိုးဖောက်သော သဘောရှိသည်ဖြစ်၍သာလျှင် ခွဲထွက်သော သဘောရှိသည်ဖြစ်၍သာလျှင် ဖြစ်၏။

**ဤစကားရပ်၌ ဥပမာကား**……တယောက်သော လေးသမား
သည် ရှစ်ဥသဘာ အတောင်
၁၁၂၀-ဝေးကွာသောအရပ်၌ ပျဉ်ချပ်ပြားတရာတို့ကို ထပ်ထား
စေ၍ မိမိ၏မျက်နှာသို့ အဝတ်ဖြင့် ဖုံးလွှမ်းရစ်ပတ်စေ၍ လေးနှင့်
မြားကို စွဲကိုင်ဖွဲ့ရက်လျက် လှည့်လည်နိုင်သော စက်ယန္တရား
၏အထက်၌ ရပ်၏၊ အခြားသော ယောကျ်ား တဦးသည် စက်
ယန္တရားကိုလှည့်လည်စေ၍ အကြင်အခါ၌ လေးသမား၏ပျဉ်ချပ်
တရာထားသောဘက်သို့ မျက်နှာမူခြင်းသို့ရောက်၏၊ ထိုအခါ ထို
ပျဉ်ချပ်တရာထားသောဘက်မှ တုတ် လှံကန်ဖြင့်အသံအမှတ်ပြု၍
ခေါက်ရိုက်လိုက်၏။လေးသမားသည် တုတ် လှံကန်ဖြင့် တီးခေါက်
သံအမှတ်သညာကို မလွှတ်မူ၍ သာလျှင် မြားဖြင့် ပျဉ်ချပ်တရာ
ကို ဖောက်ထွင်းစေ၏။

**ဤဥပမာ၌**……တုတ်လှံကန်ဖြင့်ခေါက်နှက်အမှတ်သညာပေး
သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။
လေးသမားကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏၊ လေးသမား၏ တုတ်လှံကန်
အမှတ်သညာကို မလွှတ်မူ၍သာလျှင်ပျဉ်ချပ်တရာကိုထွက်ဖောက်
စေသကဲ့သို့ မဂ်ဉာဏ်၏ဂေါတြဘူ ဉာဏ်သည် အမှတ်သညာကို
မလွှတ်မူ၍သာလျှင် နိဗ္ဗာန်ကိုအာရုံပြု၍ မထိုးဖောက်ဘူးသေးကုန်
သော မခွဲထွက်ဘူးသေးကုန်သော လောဘ, ဒေါသ, မောဟအစု
တို့ကို ဖောက်ခွဲထွက်ခြင်းကို မှတ်အပ်၏။

ဤမဂ်ဉာဏ်သည် သက်သက်သော လောဘစသော ကိလေ
သာစုတို့ကို ထိုးဖောက်ခြင်းကိုသာလျှင် ပြုသည် မဟုတ်သေး၊
စင်စစ်သော်ကား အစမထင်သော သံသရာဝဋ်ဒုက္ခ တည်းဟူ
သော သမုဒ္ဒရာကို ခန်းခြောက်စေ၏။

**သူတော်ဥစ္စာ ၇-ဖြာသို့**……အလုံးစုံသော အပါယ် လေးပါး
တံခါးတို့ကို ပိတ်တတ်၏၊ သဒ္ဓါ,
သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်း
တို့၏ဥစ္စာ ၇-ဖြာတို့ကို မျက်မှောက်ပြု၏။

**သောတာပတ္တိမဂ်ဉာဏ်**……မိစ္ဆာ မဂ်လမ်း ခရီးတို့ကို စွန့်ပယ်၍၊ အလုံးစုံသော ဘေးရန်ဟူသမျှတို့ ငြိမ်း၍၊ မြတ်စွာဘုရား၏ ဩရသပုတ္တအဖြစ်သို့ဆောင်၍၊ တပါးလည်းမည်ကုန်သော အရာမကများစွာကုန်သောအာနိသင်တို့ကိုရခြင်း၌ ဖြစ်၍၊ ဤသို့တပါးမက များလှစွာသော အာနိသံသတို့ကိုပေးတတ်သော သောတာပတ္တိမဂ်နှင့်ယှဉ်သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်၏။

ပဌမမဂ်ဉာဏ်ပြီး၏။

---

## သောတာပတ္တိမဂ်ပယ်ပုံ

ဝိသုဒ္ဓိမဂ်၌လာသော သောတာပန်ပုဂ္ဂိုလ်တို့၏
ပယ်အပ်ပြီးသောကိလေသာတို့သည် အောက်ပါအတိုင်း ဖြစ်ကြကုန်၏။

သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,နွားတို့၏အလေ့အကျင့်သီလလောက်ဖြင့် နိဗ္ဗာန်သို့ရောက်နိုင်၏ဟု သုံးသပ်ယူဆထားသော သီလဗ္ဗတပရာမာသ မိစ္ဆာဒိဋ္ဌိ နှစ်ပါးလုံးကို ပယ်၏။

**အဂတိလေးပါးကား ဤသို့တည်း**

၁။ **ဆန္ဒာဂတိ** ချစ်သဖြင့် မျက်နှာလိုက်၍ပြောဆို ချီးမြှောက် ဆုံးဖြတ်ပေးကမ်းခြင်းတည်း။

၂။ **ဒေါသာဂတိ** မုန်းသဖြင့် ဖိနှိပ်ပြောဆို နှိမ့်ချ ဆုံးဖြတ်ပေးကမ်းခြင်းတည်း။

၃။ **မောဟာဂတိ** တွေဝေသဖြင့်အမှန်ကိုမသိဘဲ ထင်တိုင်း ပြောဆိုနှိမ့်ချ ဆုံးဖြတ် ပေးကမ်းခြင်းတည်း။

၄။ **ဘယာဂတိ** ကြောက်သဖြင့် အခွင့်ပေး၍ ပြောဆို ချီးမြှောက် ဆုံးဖြတ် ပေးကမ်းခြင်းတည်း။

ဤဂတိလေးပါးတို့ကိုလည်း ပယ်၏၊ ရဟန်းတို့ကား သံဃာပစ္စည်းကိုဝေယူရာ ဝိနည်းအရ ဆုံးဖြတ်ရာတို့၌ ဤတရားတို့ ဖြစ်တတ်သည်။

၁။ ပါဏာတိပါတ ကို ဖြစ်စေတတ်သော ကိလေသာ။
၂။ အဒိန္နာဒါန ကို ဖြစ်စေတတ်သော ကိလေသာ။
၃။ ကာမေသုမိစ္ဆာစာရကို ဖြစ်စေတတ်သောကိလေသာ။
၄။ မုသာဝါဒ ကို ဖြစ်စေတတ်သော ကိလေသာ။
၅။ သုရာမေရယ ကို ဖြစ်စေတတ်သော ကိလေသာ တို့ကို ပယ်၏။

ဤ သုရာမေရယအရာ၌ ယောနိသိဒ္ဓ,ဓမ္မတာသိဒ္ဓဟူ၍ နှစ်ပါး အပြားရှိ၏၊ ကြို့ကြာငှက်တို့အား နွားနို့နှင့်ရေကို ရောတိုက်လျှင် ရေ၏ဓာတ်သဘာဝသည်ကွယ်ပျောက်၍နွားနို့၏ဓာတ်သဘာ ဝသို့ဝင်ရခြင်းတည်းဟူသော ယောနိ သိဒ္ဓ အမျိုးဇာတ် သဘာဝ တို့ဖြင့် ပြီးလေသကဲ့သို့ရင်း, မြတ်စွာဘုရား ပွားတော်မူရာ မြတ်စွာ ဘုရား ပွင့်တော်မူရာ အစရှိသည်တို့၌ မဖြစ်ဘူးမြဲ ထူးကဲစွာအံ့ ဘွယ်နိမိတ်တို့၏ဓမ္မတာသိဒ္ဓ သဘာဝဓမ္မနိယာမအားဖြင့်ပြီးသကဲ့ သို့ရင်းထို့အတူဘောက်ပြန်သောပုဂ္ဂိုလ်တို့၏ခံတွင်းသို့အရက်နှင့် နွားနို့ကိုရော၍တိုက်လျှင် အရက်၏သတ္တိပျောက်ပျက်၍ နွားနို့၏ အနေနှင့် ဝင်ရသည်ဟူလို။ **သိလက္ခန်အဋ္ဌကထာကုဒန္တသုတ်** အဖွင့်၌ဆို၏။ ဤကား သောတာပန်ပုဂ္ဂိုလ်တို့၏ **ဓမ္မတာသိဒ္ဓ** တည်း။

အပါယ်သို့ လားစေတတ်သော ဖရုသဝါစာ, ပိသုဏဝါစာ, သမ္ဖပ္ပလာပဝါစာ,မောဟ,မာန,ထိန,မိဒ္ဓ,အဟိရိက, အနောတ္တပ္ပ တို့ကိုလည်းပယ်၏။

၁။ ကုလမစ္ဆရိယ
၂။ ဝဏ္ဏမစ္ဆရိယ
၃။ လာဘမစ္ဆရိယ
၄။ အာဝါသမစ္ဆရိယ
၅။ ဓမ္မမစ္ဆရိယ

} ဤမစ္ဆရိယငါးပါးတို့ကိုပယ်၏။

**အပါယ်ရေသို့လားစေတတ်သော** ···· ၁-ကာမရာဂ၊ ၂-ပဋိဃ၊ ၃-မိစ္ဆာသက်ပ္ပ၊ ၄-မိစ္ဆာဝါယာမ၊ ၅-ဇာဒိသစ္စာဘိနိဝေသကာယဂန္ထ၊ ၆-မိစ္ဆာသတိ၊ ၇-မိစ္ဆာသမာဓိ၊ ၈-ကာမာသဝ၊ ၉-ဘဝါသဝ၊ ၁၀-အဝိဇ္ဇာသဝ၊ ၁၁-ကာမောဃ၊ ၁၂-ဘဝေါဃ၊ ၁၃-အဝိဇ္ဇောဃ၊ ၁၄-အဘိဇ္ဈာ၊ ၁၅-ဗျာပါဒ၊ ၁၆-ကာမရာဂါနုသယ၊ ၁၇-ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊မာနာနုသယ၊အဝိဇ္ဇာနုသယ၊ မက္ခ,ပလာသ, မာယာ,သာဌေယျ,ပမာဒ, ထမ္ဘ,သာရမ္ဘ, အနိစ္စ၌ နိစ္စဟူသော သညာဝိပလ္လာသ စိတ္တဝိပလ္လာသ အနတ္တ၌ အတ္တဟူသော ဒိဋ္ဌိဝိပလ္လာသတို့ကိုပယ်၏။

ဒုက္ခ၌သုခဟူ၍၎င်း, အသုဘ၌သုဘဟူ၍၎င်း ဖြစ်သောဒိဋ္ဌိဝိပလ္လာသကိုလည်းပယ်၏။ ဒုက္ခ၌သုခဟူ၍၎င်း အသုဘ၌သုဘဟူ၍၎င်း ဖြစ်သောအပါယဂမနီယဖြစ်သော သညာဝိပလ္လာသ စိတ္တဝိပလ္လာသ တို့ကိုလည်းပယ်၏။

**ဖရုသဝါစာ**·····ကြမ်းတန်းသောစကားကိုပြောဆိုခြင်း။

**ပိသုဏဝါစာ**·····မိမိကိုယ်ကို ချစ်စေလို၍ ‑ဂုံးတိုက်သော စကားကိုပြောဆိုခြင်း။

**သမ္ဖပ္ပလာပဝါစာ**·····ယုန်ချို၊ လိပ်မွေး၊ ပုဇွန်သွေး၊ ဖြုတ်ကလေး တင်ပါး ၁၅-ကျပ်သား မိန်းမမြို့မ သားလေပန်း,အတ္တဇိဝစသည် သိတာရာမ ဟာနုမဇာတ် အစရှိသော အနှစ်အဆန်ကင်းသောစကား။

**မောဟ**····တွေဝေမိန်းမော ကောင်းသောအာရုံကို ဖုံးလွှမ်းတတ်သောသဘော။

**မာန**·····မာန်မူတက်ကြွထောင်လွှားစိတ်မြင့်လှသောသဘော။

**ထိန**····စိတ်မခိုင်ခံ့တွန့်တိုဆုတ်နစ်ခြင်းသဘော။

**မိဒ္ဓ**····စေတသိက် မခိုင်ခံ့တွန့်တိုဆုတ်နစ်ခြင်းသဘော။

**အဟိရိက**·····အကုသိုလ်ပြုရန် မရှက်သောသဘော။

**အနောတ္တပ္ပ**……အကုသိုလ်ပြုရန် မလန့်ခြင်းသဘော။

**ကုလမစ္ဆရိယ**……လူ၌ မိမိ၏သားသွီးအစေခံအဆွေအရံတို့ကို သူတပါးတို့နှင့်မဆက်ဆံစေလိုခြင်း၊ရဟန်း၌ မိမိအားကြည်ညိုနေသူဒါယကာ ဒါယိကာမတို့ကို တခြားသော ရဟန်းတော်နှင့် မဆက်ဆန်စေလိုခြင်း။

**ဝဏ္ဏမစ္ဆရိယ**……မိမိလှသကဲ့သို့ သူတပါးတို့မလှစေလိုခြင်း။

**လာဘမစ္ဆရိယ**……မိမိရသောလာဘ်မျိုးကို သူတပါးတို့ မရစေလိုခြင်း။

**အာဝါသမစ္ဆရိယ**…… မိမိ နေထိုင်သော အာဝါသ မျိုးကို သူတပါး မရစေလိုခြင်း။

**ဓမ္မမစ္ဆရိယ**……မိမိတတ်သော ပရိယတ္တိတရားကို သူတပါး မတတ်မသိစေလိုခြင်း။

**ကာမရာဂ**……ကာမဂုဏ် အာရုံ ဟူသမျှ၌ တပ်မက်သော လောဘ။

**ပဋိဃ**……ကြမ်းတန်းထိပါးတတ်သော ဒေါသ။

**မိစ္ဆာသင်္ကပ္ပ**……မှားသော အယူဝါဒ စသည်၌ ကြံစည်ခြင်း ဝိတက်။

**မိစ္ဆာဝါယာမ** …… မှားသော အယူဝါဒ ကြံစည်မှု စသည်၌ အားထုတ်ခြင်းဝိရိယ။

**ရူပံသင္ခာဘိနိဝေသ-ကာယဂန္ထ**……မှားသော အယူ ဝါဒကို အယူမှန်၏ဟု နှလုံးသွင်းသောစိတ်စေတသိက် စသော နာမကာယ, ရူပကာယ အထုံးအဖွဲ့တရား။

**မိစ္ဆာသတိ**……အကုသိုလ် စေတသိက်၌ မှတ်သားမိမှု။

**မိစ္ဆာသမာဓိ**……မှားသော အယူ—အမှု စသည်တို့၌ တည်ကြည်သော ဧကဂ္ဂတာ။

**ကာမာသဝ**……ကာမဂုဏ်၌ ယစ်မူးခြင်း။

**ဘဝါသဝ**……ဘဝသည်မြဲ၏၊ ဘဝသည် ပြတ်၏– ဟူသော သဿတအယူဖြင့်ယစ်မူးခြင်း။

**အဝိဇ္ဇာသဝ**……မောဟ-ထို့အတူ ကာမောဃ, ဘဝေါဃ, အဝိဇ္ဇောဃ-ဟူသော သြဃတရား၊ အပါယ်သို့ကျရောက်တတ်သော တရားတို့ကိုပယ်၏၊ အဘိဇ္ဈာ ဗျာပါဒ ဟူသော အပါယ်ကျကြောင်း တရားတို့ကိုလည်းပယ်၏။

ထို့နောက် အပါယ်ကျကြောင်း အနုသယ ကိလေသာတို့ကို လည်း ပယ်၏၊ အနုသယကိလေသာ ဟူသည် မဂ်ဖြင့် မပယ်အပ် သေးသော အားအစွမ်းသို့ရောက်တတ်သော ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ-ဟူသော ပြင်းပြီးသော ကိလေ သာတို့ပင်တည်း။

**မက္ခ**……သီလသမာဓိရှိသော ပုဂ္ဂိုလ်တို့၏ဂုဏ်ကို ချေဖျက် ပြောဆိုခြင်း။

**ပဠာသ**……သီလစသော ဂုဏ်ရှိသောပုဂ္ဂိုလ်တို့နှင့် ဂုဏ်ပြိုင် ပြုလုပ်ခြင်း။

**မာယာ**……မိမိပြုသော မကောင်းမှုကို ဖုံးလွှမ်းခြင်း။

**သာဌေယျ**……ကောက်ကျစ်စဉ်းလဲခြင်း။

**ထမ္ဘ**……မိမိထက် သီလစသော ဂုဏ်ရှိသူ ပုဂ္ဂိုလ် တို့ကို မညွတ်မခ တောင့်တင်း ခိုင်လှစွာသော အနေအထိုင် ရှိခြင်း။

**သာရမ္ဘ**……ချုပ်ချယ် ထိပါးတတ်ခြင်း စသော အပါယ်သို့ ကျရောက်ကြောင်း တရားတို့ကိုလည်း ပယ်၏။

ဤကား–သောတာပတ္တိ မဂ်ဉာဏ်ရသည်အထိ ဉာဏ်စဉ်ဆက်ကို အမြွက်မျှ ပြခြင်းတည်း။

## နိဂမနံ

ဧတ္တာဝတာ မူလ သင်္ဂါယဒိဋ္ဌ ဝိနိစ္ဆယေန သဒ္ဓိံ အနုဝိနိစ္ဆယော နိဋ္ဌိတော။

ဧတ္ထစ သာမညဝသေန ဝေါဟာရဋ္ဌေသု သတ္တ ပုထုဇ္ဇန သဏ္ဌာန အဟံ မမာတိ အာဒိသု ဝစနေသု ဧဒိသေ ဌာနေ ဧဒိသော သတ္တာဒိ ဝေါဟာရော အဓိပ္ပေတော နတဒ္ဒေသောတိ အာဒိနာ ယော- ယော ဝိနိစ္ဆယော သဘာဝါဂမယုတ္တိတော ဝုတ္တော၊ တတော ရူပေသု ဝိနိစ္ဆယေသု သုဋ္ဌု ဝိစာရေတွာ တဒါဂမ သဘာဝယုတ္တိံ သလ္လက္ခေတွာ ယံ– ယံ- တေန– တေန သံသန္ဒတိ သမေတိ၊ တမေဝ ဂဟေတဗ္ဗံ၊ ဣတရံ ဆဍ္ဍေ တဗ္ဗံ၊ ဣတရထာ တုဏှိဘူတေန ဘဝိတဗ္ဗံ၊ ဝိပရီတဂ္ဂါ ဟေန နဘဝိတဗ္ဗမေဝ၊ ကသ္မာ၊ အနတ္ထကရတ္တာန ဟေတုတ္တာ၊ ဝုတ္တံဟိ ဘဂဝတာ အတ္ထနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ အတ္တာနဉ္စ ခနတိ ဗဟုဉ္စ အပုညံ ပသဝတီတိ။

## နိဂုံး

ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ မူလ သင်္ဂါယဒိဋ္ဌဝိနိစ္ဆယေန၊ ရှေးဦးစွာ စီရင်ရေးသား သော မူလ သင်္ဂါယဒိဋ္ဌဝိနိစ္ဆယနှင့်။ သဒ္ဓိံ၊ အတူတကွ။ အနုဝိနိစ္ဆယော၊ နောက်ဆက်ရေးဘွင့်သော အနုဝိနိစ္ဆယသည်။ နိဋ္ဌိတော၊ ပြီးပြီ။

စ—ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤဝိနိစ္ဆယတို့၌။ သာမညဝသေန၊ သာသနာတွင်း သာသနာပနှစ်ဦးနှင့် ဆက်ဆံသော သာမည၏ အစွမ်းအားဖြင့်။ ဝေါဟာရဋ္ဌေသု၊ ခေါ်ဝေါ် ပြောဆို နေကြကုန် သော။ သတ္တ, ပုထုဇ္ဇန, သဏ္ဌာန, အဟံ, မမာတိ, အာဒိသု၊ သတ္တဝါ ပုထုဇဉ်, သဏ္ဌာနပညတ် (ငါ) (ငါ၏) ဤသို့ အစရှိကုန်သော။ ဝစနေသု၊ စကားတို့တွင်။ ဧဒိသေ၊ ဤသို့ဒါန, သီလ, ဘာဝနာ,

စသောကထာသဘောရှိသော။ ဌာနေ၊ နိဗ္ဗာန် ရောက် ကြောင်း အရာ၌။ ဤဒိသော၊ ဤသို့ခန္ဓာ ၅ ပါး အပြည့်အစုံကို စွဲ၍ ခေါ်သောသဘောရှိသော။ သတ္တာဒိဝေါဟာရေဝ၊ သမုတိသစ္စာဖြင့် ခေါ်ဝေါ်သော သတ္တဝါအစရှိသော ဝေါဟာရကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တဒညော၊ ထိုသမုတိသစ္စာမှတပါးသော (အတ္တ–သတ္တဝါ) (သာသနာပ ပုထုဇန်) (အတ္တဇီဝ၏ သဏ္ဍာနပညတ်) (အတ္တ,အဟံ,မမ)ဟူသောသမုတိသစ္စာမျှ မဖြစ်ထိုက်သော အနရိယဝေါဟာရကို။ နအဓိပ္ပေတော၊ အလိုမရှိအပ်။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ယောယော ဝိနိစ္ဆယော၊ အကြင် အကြင်ဝိနိစ္ဆယကို။ သဘာဝါဂမယုတ္တိတော၊ သဘာဝယုတ္တိ, အာဂမယုတ္တိအားဖြင့်။ ဝုတ္တော၊ ဆိုခဲ့ပြီ။

တထာရူပေသု၊ ထိုသို့အရာဌာန အားလျော်စွာ အလိုရှိအပ် အလိုမရှိအပ်သော သတ္တဝါ ပုထုဇန် စသည်တို့ကိုခွဲခြား၍ ပြသသော သဘောရှိကုန်သော။ ဝိနိစ္ဆယေသု၊ အဆုံးအဖြတ်တို့၌။ သုဋ္ဌု၊ ကောင်းစွာ။ဝိစာရေတွာ၊စုံစမ်းစိစစ်၍။တဒါဂမ သဘာဝယုတ္တိ၊ ထိုထိုအာဂမ, သဘာဝယုတ္တိကို။ သလ္လက္ခေတွာ၊ မမေ့မလျော့ကောင်းစွာမှတ်သား၍။ ယံ–ယံ၊ အကြင်–အကြင် ပြောဆိုသောစကားသည်။ တေန–တေန၊ ထိုထိုသဘာဝ, အာဂမယုတ္တိစကားနှင့်။ သံသန္ဒတိ၊ နှီးနှောတိုက်ဆိုင်၏။ သမေတိ၊ ညီညွတ်၏။ တဒေဝ၊ ထိုညီညွတ်နှီးနှောတိုက်ဆိုင်သော စကားကိုသာလျှင်။ ဂဟေတဗ္ဗံ၊ ယူဆအပ်၏။ ဣတရံ၊ ဤညီညွတ်သော စကားမှတပါး မညီညွတ်သော စကားကို။ ဆဍ္ဍေတဗ္ဗံ၊ စွန့်ပစ်အပ်၏။ ဣတရထာ၊ ဤမှတပါး ကောင်းစွာ မှတ်သားစုံစမ်းတိုက်ဆိုင်ခြင်းကိုမပြုနိုင်သောအားဖြင့်။ တုဏှီဘူတေန၊ဆိတ်ဆိတ်နေခြင်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဝိပရိတဂ္ဂါဟေန၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာ အဖွင့်စကားတို့မှတခြား မကောင်းသဖြင့် ဖောက်ပြန်မှားယွင်း၍ယူခြင်းသည်။ နဘဝိတဗ္ဗမေဝ၊ မဖြစ်ရာသည်သာလျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အတ္ထကုသလာန

ဟောတုဿာ၊ စွပ်စွဲပြောဆိုကြောင်း၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ထိုစကားမှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ အတ္တာနဉ္စ ခနတိ ဗဟုဉ္စ အပုညံ ပသဝတီတိ၊ အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ အတ္တာနဉ္စ ခနတိ ဗဟုဉ္စ အပုညံ ပသဝတိ ဟူ၍၊ ဟိ–ယသ္မာ၊ အကြင့်ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဝိပရိတဂ္ဂါဟေန၊ ဘောက်ပြန်မှားယွင်း၍ယူခြင်းသည်။ နဘာဝိတဗ္ဗမေဝ၊ မဖြစ်ရာသည်သာလျှင်တည်း။ အတ္တနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ မကောင်းသဖြင့်ယူဆအပ်သော။ ဓမ္မေန၊ တရားသဘောဖြင့်။ ဝါ၊ တနည်းကား။ အတ္တနာ–အတ္တနော၊ မိမိ၏။ ဒုဂ္ဂဟိတေန–ဒုဂ္ဂဟာဏေန ဝိပရိတဂ္ဂါဟေန၊ မကောင်းသဖြင့်ဘောက်ပြန်၍ယူခြင်းကြောင့်။ အမှေစေဝ–အမှာကဉ္စ၊ ငါဘုရား တို့ကိုလည်း။ အဗ္ဘာစိက္ခတိ–အဗ္ဘာစိက္ခနံ ကရောတိ၊ စွပ်စွဲကဲ့ရဲ့ခြင်းကိုပြု၏။ အတ္တာနဉ္စ၊ မိမိကိုယ်ကိုလည်း။ ခနတိ၊ တူးဖြို၏။ ဝါ–အတ္တနော၊ မိမိ၏။ ကုသလမူလာနိ၊ ကုသိုလ်မူလတို့ကို။ ခနတိ၊ တူးဖြိုဖျက်ဆီး၏။ ဗဟုဉ္စ၊ များစွာလည်း။ အပုညံ၊ မကောင်းမှုသည်။ ပသဝတိ၊ ပွါးများ၏။

ဤတွင်ရွှေ့ကား–မူလသက္ကာယဒိဋ္ဌိဝိနိစ္ဆယ၏
နောက်ဆက်တွဲဖြစ်သော
အနုဝိနိစ္ဆယကျမ်းသည်ပြီးပြည့်စုံပြီ။